www.burmeseclassic.com

ဝိုင်း

# လောကခေါ်ပြူတင်းများ အပါအဝင် ဝတ္ထုတိုများ



2011

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူထုတ်ပြန်ခွင့်အမှတ် - ၅၀၀၈၈၉၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၈၉၀၈၁၁

**ပုံနှိပ်ခြင်း**

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊

အုပ်ရေ-၅၀၀

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**ကွန်ပျူတာ**

ခန့်ခန့်ဆင့်

**အတွင်းဖလင်**

ကိုပေါက် ■ Image Art Work.

**စာအုပ်ချုပ်**

သန်းဌေး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးကျော်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်) (မြ-၀၅၄၁၇)၊

အမှတ် ၂၂၅၊ ၃၂လမ်း(ထက်)၊ ပန်းဘဲတန်း၊

ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ၂၀၀၀ ကျပ်**

| |
|---|
| ဗျူး ၈၉၅ ・ ၈၃ |
| လောကဧပြတင်းများ အပါအဝင် ဝတ္ထုတိုများ / ဗျူး ။ - ရန်ကုန်။ |
| ဗျူးစာပေ ၊ ၂၀၁၁ ။ |
| ၂၅၉ - စာ ၊ ၁၃ X ၂၀ စင်တီ။ |
| (၁) လောကဧပြတင်းများ အပါအဝင် ဝတ္ထုတိုများ |

# အမှာ

၁၉၉၅ ဝန်းကျင်လောက်က ကျွန်တော် ရုပ်ပြဇာတ်လမ်းတိုလေးများ ရေးဖြစ်ခဲ့သည်။ ထိုဇာတ်လမ်းတိုလေးများမှာ ဟာသတချို့ **Satire** တချို့နှင့် အများအားဖြင့်တော့ ရသက များပါသည်။ ရုပ်ပြ ဇာတ်လမ်း အတွက် ရေးသည် ဆိုသော်ငြား တကယ်တမ်းက ရသဝတ္ထုတို များသာ ဖြစ်၏။

ရုပ်ပြဖြစ်စေရန် လိုအပ်သလောက် စကားလုံးသုံးပြီး ဇာတ်ညွှန်း ခွဲရေးခဲ့ရ၍ တစ်ပုဒ်ရေးပြီးတိုင်း ကျွန်တော့်ရင်ထဲတွင် စကားလုံးအချို့ ကျန်နေသလို ဇာတ်ကွက်အချို့လည်း ထုတ်နုတ်သိမ်းဆည်းထားရသဲ ဖြစ်သည်။ တစ်ချိန်ချိန်မှာတော့ ထိုစကားလုံးစုကို ဖွင့်အံထုတ်ပြီး ဝတ္ထုတိုများ ရေးဦး မည်ဟု အားခဲမျှော်လင့်ရင်း ကိုယ့်ကိုကိုယ် ဖြေသိမ့်ခဲ့ရသည်။

ယခုတော့ ဝတ္ထုတိုရေးဖို့ လမ်းစက ပေါ်လာပြီ။ ကျွန်တော့်ကို အင်တာဗျူးခဲ့သော မဂ္ဂဇင်းများတွင် အင်တာဗျူးနှင့် တွဲလျက်ထည့်ဖို့ အယ်ဒီတာများက ဝတ္ထုတိုများ တောင်းဆိုသောအခါ မဖြစ်မနေ ကျွန်တော် ဝတ္ထုတိုနှစ်ပုဒ် ရေးဖြစ်ခဲ့သည်။ ရေးစမရှိခဲ့တော့ ကျွန်တော့် ဝတ္ထုတိုက အခြားသူများ၏ ဝတ္ထုတိုများနှင့်မတူဘဲ နည်းနည်းတော့ လမ်းကွဲထွက်နေမည် ထင်သည်။

ဆိုပါစို့ အများအားဖြင့် ဝတ္ထုတိုများတွင် စကားပြောချည်း သက်သက် ရေးသားကြပြီး **Dialogue** ကို မဖြစ်မနေ တစ်ကြောင်းစ နှစ်ကြောင်းစသာ ထည့်တတ်သည်မှာ ဝတ္ထုတိုပုံစံလို ဖြစ်နေသည်။ အကယ်၍ **Dialogue** ကိုထည့်လျှင်လည်း စကားပြေထဲ ညှပ်ထည့်ပြီး ရေးတတ်ကြသည်မှာထည်း နည်းစနစ် တစ်ခုလို အမြစ်တွယ်နေခဲ့ပြီ။

ကျွန်တော်ကတော့ ထိုသို့မဟုတ် ကိုယ့်စိတ်ခံစားမှုတွင် ပေါ်သည့်အ





www.burmeseclassic.com

www.burmeseclassic.com

သည့် Dialogue ကို ထည့်ချင်တိုင်း ထည့်ရေးသည်။ အများနည်းတူ ဝတ္ထုတိုမျိုး ရေးသားဖို့ မကြိုးစားဘဲ ဗျူးမှ ဗျူးဟန်အတိုင်း ပြန်ဖတ်ရတာကို ကျွန်တော် ကိုယ်တိုင် အရသာ တွေ့နေသည်။ သဘာဝဇာတ်တွင်လည်း မော်ဒန်စကားစု ရေးဖွဲ့ပုံမျိုး ထည့်ချင်လည်း ထည့်သည်။ ရုပ်ပြဇာတ်လမ်းတွေ ထွက်စဉ်ကတော့ ဝိုင်းသတ်က သောင်းသောင်းဖျဖျ အားပေးခဲ့ဖူး၏။

ထိုလက်ချပ်သံလေးများကို ကျွန်တော် ဘယ်တော့မှ မေ့မရ။ ထို့အတွက် ကျွန်တော်၏ ဝတ္ထုတိုများ စုပေါင်းပြီး ထွက်ဖို့ ကြိုးစားတော့ စာစောက ကျွန်တော် ပြောသလိုပင် ကျွန်တော့်ဟန်အတိုင်း လွတ်လွတ်လပ်လပ် ရေးခဲ့သည်။ ယခင်ရုပ်ပြဇာတ်လမ်းတိုများကို ဆွဲဆန့်၍ ဝတ္ထုတိုများအဖြစ် ပြောင်းလဲရေးဖွဲ့ခြင်းလည်း ဖြစ်၏။

စာဖတ်ပရိသတ်ကြိုက်သည် မကြိုက်သည်က စာဖတ်သူ၏ ဆုံးဖြတ်ချက် ဖြစ်သော်လည်း ကျွန်တော့်အတွက်တော့ စာရေးဆရာ မြင့်သန်း၏ လေအတိုင်း ပြောရလျှင် ဗျူးရေး၍ ဗျူးကြိုက်သော ဝတ္ထုများဟုသာ ဆိုချင်သည်။

ဗျူး



■ လောက၏ပြတင်းများ ... ၉
■ အိမ်ဖော်ဆော့(ဖ်)ဝဲ ... ၃၁
■ ပါစပက်တစ်လွဲသွားသော ပန်းချီကားတစ်ချပ် ... ၅၃
■ ချစ်သော ဗွန်ဂို ... ၇၃
■ ကြယ်တွေအထွေးလိုက်ကြွေတဲ့ည ... ၁၁၉
■ ကူတ္တိတန်ခိုး ... ၁၃၉
■ အမွေ ... ၁၆၅
■ ကြာပွတ်တစ်ချောင်းရဲ့ကျမ်းစာ ... ၁၉၁
■ တစ်ပွေ့စာ ... ၂၁၇
■ လူနှင့်အိမ်ရာ ... ၂၄၃



www.burmeseclassic.com

www.burmeseclassic.com

# ပျား

## လောက၏ပြတင်းများ



www.burmeseclassic.com

www.burmeseclassic.com

## လောကကြီးပြတင်းများ

မွေးနေ့မသိ၊ ဇာတာမရှိ၊ မဟာဘုတ်တိုင် မထူတတ်သော်လည်း ဆောင်းချမ်းည၏ နေ့စွဲတစ်ခုဟု ကျွန်တော် အတတ်သိနေခဲ့ပါသည်။ ကျွန်တော်တို့၏ အမေဖြစ်သူသည် ကျွန်တော် ခွေးလား မမြောက်ခင်ကပင် အက်တိုးပစ် အပျိုစင် ပြန်ဖြစ်သွားခဲ့၏။

လောက၏ အလယ်တွင် ရရာစား၊ ကြုံသလိုအိပ်၊ ကိုယ့်အန္တရာယ်ကိုယ် ကြည့်ရှောင်ရနှင့် အရွယ်နှင့်မမျှသော ဝန်ထုပ်ဝန်ပိုးများဖြင့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်စု ရှင်ကွဲ ကွဲခဲ့ကြသည်။

အမေဆိုတာကလည်း ဘယ်ကို လက်ညှိုးထိုးပြရမှန်းမသိ၊ ဟိုခွေးမှာက်နှာကြည့်ရ၊ သည်ခွေးမျက်နှာကြည့်ရနှင့် ကိုယ့်ထက် စီနီယာကျသော ခွေးကြီးများရှိလျှင် လမ်းဘေး အမှိုက်ပုံကိုပင် ဝင်စားဖို့ အားလုံးကို ကြောက်နေရခြင်း ကြာတော့ ကမ္ဘာလောကတွင် ခွေးဖြစ်ရသည့်ဘဝကို ကျွန်တော် ကြေကွဲဝမ်းနည်းလာမိသည်။

ပိုပြီး ကြေကွဲစရာကောင်းသည်မှာ လူတို့၏ သတ်မှတ်မှုကြောင့်ဖြစ်သည်။ ဘာကြောင့်မှန်းမသိ ခွေးချင်းအတူတူ နိုင်ငံခြားမှလာသော ခွေး

www.burmeseclassic.com



များကို တယုတယ ပိုက်ထွေး မွေးမြူတတ်ကြ၏။ စားကောင်းသောက်ဖွယ် ကွေသုကျွေး တန်ဖိုးကြီးကားပေါ် တင်သူတင်၊ ကားပြတင်းတွင် ခေါင်းထုတ်၍ စီးသွားသော အမွေးဖွားခွေးများကို မြင်တိုင်း ကျွန်တော် ရင်နာရ သည်။

ခက်တော့လည်း ခက်သည်။ လူတော်တော်များများက နိုင်ငံခြားမှလာသော အရာများကိုမှ အထင်ကြီးကြသည်၊ သဘောတွေ့ကြသည်။ ကျွန်တော် ပေးချင်ပါသည်။ နိုင်ငံခြားမှစ၍ ပျံ့နှံ့လာသော AIDS ရောဂါ၊ $H_1N_1$ လူတုပ်ကွေးရောဂါ အစရှိသဖြင့်။

ရောဂါအကြောင်း ပြောမိတော့မှ ကျွန်တော်တို့၏ ခွေးဘဝကို ကြံဖန်ကျေးဇူးတင်ရတော့၏။ တော်သေးရဲ့ AIDS တို့၊ $H_1N_1$ တို့လို ရောဂါမျိုးတွေ ခွေးတွေမှာ မရှိလို့ဟု တွေးမိ၏။ သို့သော် အမှီအခိုမရှိဘဲ ကြီးပြင်းလာရသည့် ခွေးတစ်ကောင်၏ ဘဝက သန်းခေါင်စာရင်း မရှိသော လူတစ်ယောက်လို ယောက်ယက်ခတ်လှသည်။

မိုးရာသီရက်စွဲများက ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်သော်လည်း ကျွန်တော်တို့ ခွေးများအတွက် အစာခက်ခဲ၍ ခြောက်သွေ့ပူလောင်သလို ခံစားရသည်။ နေ့ရက်တော်တော်များများ အစာမစားခဲ့ရ၍ ကျွန်တော့် ခြေလှမ်းတွေ ယိမ်းယိုင်ချင်လာသည်။ လမ်းဘေး အမှိုက်ပုံကြီးတစ်ခုကို ကျွန်တော်တွေ့တော့ အရိပ်အခြေကို ကြည့်သည်။ ကိုယ့်ထက် စီနီယာကျသော ခွေးကြီးများ တစ်ကောင်တလေမှ မရှိ။ အစာရလိုရငြား ဝင်ရှာမိ၏။ စုတ်စုတ်နုပ်နုပ်နှင့် လူတစ်ယောက် တောင်းတစ်လုံးထမ်းကာ တုတ်တစ်ချောင်းဖြင့် ဟိုထိုးဒီထိုး လုပ်ရင်း ကျွန်တော့်အနား ရောက်လာသည်။

"ဟာ ဒီခွေး ရှုပ်လိုက်တာ သွားစမ်း ကဲ"

"ဂိန် ဂိန်"

ရုတ်တရက် ပါလာသော တုတ်နှင့် ကျွန်တော့်ခေါင်းကို လှမ်းရိုက်၍ ကျွန်တော် နာကျင်ကာ ကြောက်လန့်တကြား ထွက်ပြေးခဲ့ရသည်။ အမှိုက်ပုံတောင် ခွေးနေရာ မဟုတ်တော့ပါလားဟု တွေးရင်း ဝမ်းနည်းမိပြန်သည်။ ဆာလောင်ခြင်းနှင့် နာကျင်စွာ ခံစားရခြင်းတို့ကြောင့် ကျွန်တော့်ရင်တွင် ကြေကွဲဆို့နင့်လာသည်။ အစာမစားခဲ့ရသော ရက်တော်တော်များများအတွက် ဝမ်းတွင်းပူလောင်ကာ ကျွန်တော့်တစ်ကိုယ်လုံး တုန်ယင်နေ၏။





မတတ်သာသည့်အဆုံး ဈေးအတွင်းဘက်ရှိ အမဲသားဆိုင်နောက်ဘက်သို့ ကျွန်တော် အရဲစွန့် ဝင်ကြည့်သည်။ အမဲရိုးတစ်ချောင်းကို ကျုံ့ကျုံ့ကိုက်လျက်ရှိသော ခွေးကြီးတစ်ကောင် အနားသို့သွားပြီး ကျွန်တော် အသနားခံသလို ခပ်ရှိန့်ရှိန့် ပြုံးပြနှုတ်ဆက်လိုက်သည်။

ထိုခွေးကြီးက ကျွန်တော့်အပြုံးကို အသိအမှတ်မပြုသည့်အပြင် ကျွန်တော့်ကို မကျေနပ်သလို တစ်ချက်ကြည့်ကာ အသံတစ်ချက်ပေးလိုက်သော အနီးအနားရှိခွေးများ ဝိုင်းရံလာပြီး ကျွန်တော့်ကို အစိမ်းလိုက် ဝါးစားတော့မလို စူးစူးရဲရဲ ကြည့်ကြသည်။ ကျွန်တော် အတတ်နိုင်ဆုံး အမြီးကုတ်ခေါင်းငုံ့ပြီး တောင်းပန်ခယသော်လည်း အားလုံးက အုပ်စုလိုက် ကျွန်တော့် ကို ဝိုင်းတွယ်ကြသည်။ ဂုတ်ခဲသူ၊ ပေါင်ကို ဝင်ကိုက်သူနှင့် ကျွန်တော် အတော်ပင် အထိနာခဲ့သည်။

နာနေသည့်ကြားထဲကပင် ဆာလောင်မှုကြောင့် ဝမ်းက ပူလောင်လှနေပြီ။ လူအများနေသည့် အိမ်ကြိုအိမ်ကြား အရဲစွန့် ရှာဖွေပြန်တော့ ခြေနှင့်ပက်သူကပက်၊ ခဲနှင့်ပေါက်သူကပေါက်ဖြင့် အနာတရ ဖြစ်ရုံမှလွဲ၍ ကျွန်တော့်အတွက် ဘာတစ်ခုမှ မထူးခြား။

မဖြစ်တော့ပါ။ ကျွန်တော့်အတွက် အမှီအခို တစ်ခုရှိဖို့လိုပြီ။ ကျွန်တော် ဘယ်ကိုသွားရမလဲဟု စဉ်းစားစဉ် ကျွန်တော့်အနီးမှ အရက်နံ့ တစ်ထောင်းထောင်း ထနေသော လူတစ်ယောက် ယိုင်နဲ့နဲ့နှင့် ဖြတ်သွား၏။ ကြိုးချင်းလေး တကြော်ကြော်ဖြင့် ခုန်ပေါက်မြူးတူးနေသော ထိုသူ့ဆီမှ သော့တွဲလေးတစ်ခု ပြုတ်ကျ ကျန်ရစ်သည်။ ကျွန်တော် သော့တွဲလေးကို ကိုက်ချီပြီး တအိအိ အော်ကာ ထိုသူ့နောက်သို့ အပြေးကလေး လိုက်သည်။

ကျွန်တော့်ဆီမှ တချွမ်ချွမ်မြည်နေသော သော့တွဲအသံကြောင့် ထိုသူ လှည့်ကြည့်သည်။ ပြီးတော့ အံ့သြသလို နှုတ်မှရေရွတ်ရင်း ကျွန်တော့်ပါးစပ်က သော့တွဲကို ယူသည်။

"ကြည့်စမ်း လိမ္မာလိုက်တဲ့ ခွေးလေး"

ကျွန်တော့်ခေါင်းကို ယုယုယယ တစ်ချက်ပွတ်သပ်ပြီး သူ ဆက်သွားသည်။ ဘာကြောင့်မှန်းမသိ အားကိုးတကြီး သူ့နောက်ကို ကျွန်တော် ထပ်လိုက်နေမိ၏။ သူ စိတ်မချသလို တစ်ချက်လှည့်ကြည့်တော့ ကျွန်တော် ခါ



www.burmeseclassic.com

www.burmeseclassic.com

လာမှန်း သူ သိသွားသည်။

"ဟောဗျာ ကျေးဇူးရှင်လေးက ပါလာသကိုး"

သူ ကျေနပ်သလို ပြုံးရင်း ကျွန်တော့်အနားပြန်ထိုင်တော့ သူ နားလည်နိုင်မည့် ဟန်အမူအရာတချို့နှင့် ကျွန်တော် အမြီးကလေး တနန့် နန့် လှုပ်ပြလိုက်သည်။

"အဟော ဘာလဲကွ၊ မင်း ငါနဲ့ လိုက်ချင်တယ်ဆိုတဲ့ သဘောလား"

ကျွန်တော့်ကို ခေါင်းလေး ပုတ်လိုက် သီချင်းတွေဆိုလိုက်ဖြင့် တစ်လမ်းလုံး ပျော်ရွှင်ကြည်နူးလာသော သူက လူကုံထံများ နေထိုင်ရာ ရပ်ကွက်ကို ဝင်တော့ ကျွန်တော့်မှာ ကျောပင်ချမ်းမိ၏။ ဒီလူပုံနှင့် ဒီရပ်ကွက်က နည်းနည်းမှ စပ်ဟပ်လို့မရ။

သို့သော် မကြာခင် အချိန်အတွင်း၌ပင် ကျွန်တော့်အတွေးတွေ ရှင်းသွား၏။ ဟီးနေအောင် ရှိသော တိုက်ကြီးများ၏ ကြားတွင် ခြံနွယ်ပိတ်ပေါင်းများစွာနှင့် ခြံစည်းရိုးပင် မရှိသော ခြံတစ်ခြံကို တွေ့ရ၏။ ထိုခြံအတွင်းရှိ တဲအိမ်လေးရှေ့ ရောက်တော့ သူ ကိုယ်ရှိန်သတ်ပြီး အိမ်အတွင်းသို့ကြည့်ကာ လှမ်းအော်သည်။

"မိန်းမရေ ငါ့နောက်က ခွေးကလေးတစ်ကောင် လိုက်လာတယ်ကွ"

သူ့အသံကြောင့် တဲအိမ်အပေါက်ဝတွင် မိန်းမတစ်ယောက် ရင်လျား နှင့် ခါးထောက်ပြီး ထွက်ရပ်သည်။

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲကွ၊ ဒီကောင့်ကို အမွေစား အမွေခံ မွေးစားဖို့ ငါ ခေါ်လာတာ"

အရက်ပုလင်းတစ်ဖက်နှင့် ကျွန်တော့်ကို ငုံ့ကြည့်ရင်းပြောသော သူ့ကို သူ့မိန်းမက တူးတူးခါးခါး ပြန်စွာ၏။

"အလိုတော် ကိုယ်စားဖို့တောင် အနိုင်နိုင်ဟာကို မပြောလိုက်ချင်ဘူး ဟွန်း"

ကျွန်တော် မျှော်လင့်အားထားခဲ့သမျှ ထိုမိန်းမ၏ ရူးရဲသော မျက်လုံးများကြားတွင် အရည်ပျော်ကျသွားသည်။ ဝမ်းနည်းမှုနှင့် ခေါင်းငိုက်စိုက်ချ ကာ ပြန်ထွက်မည်အပြု ကျွန်တော့်ကို ခေါ်လာသော လူကြီးက ဟန့်တား ဟန့်ပြသည်။





"မိန်းမရယ် ဒီခွေးလေးက သနားပါတယ်၊ ပြီးတော့ ငါ့ရဲ့ကျေးဇူး ရှင်ကွ၊ ငါ ကျကျန်ခဲ့တဲ့ သော့တွဲကို ဒီခွေးလေးက သတိပေးလို့ ပြန်ရတာ တောင်းပန်ပါတယ်ကွာ ငါ စားမယ့်ပန်းကန်ထဲက တစ်ဝက်ခွဲကျွေးပြီး ငါ မွေးပါ့မယ်"

"ဟွန်း ရှင်ကတော့လေ မပြောချင်တော့ဘူး သိလား၊ ကဲပါ ရှင့် သဘော ရှင့်သဘော"

မှတ်ပုံတင်အသစ် ပြန်ရသွားသော လူတစ်ယောက်၏ ဝမ်းသာမှု ထက် သာလွန်လိမ့်မည် ထင်ပါသည်။ ကျွန်တော့်မျက်ရည်များ ရစ်ဝဲဆို့တက်လာ သည်အထိ ရင်ထဲ လှိုက်ဖိုသွား၏။ သူက ဆောင့်ကြောင့်ထိုင်ပြီး မျက်နှာ ချင်းဆိုင်ကာ ကျွန်တော့် ပါးနှစ်ဖက်ကို လက်ချောင်းကလေးများနှင့် ထိုးသွင်း ဆုပ်နယ်သည်။

"ကဲ ဟေ့ကောင် သော့တွဲလေးနဲ့ပတ်သက်ပြီး မင်းနဲ့ငါ ဆုံရတဲ့ အတွက် မင်းကို 'ဂျက်ကီး'လို့ နာမည်ပေးမယ်၊ ငါ့နာမည်လည်း မှတ်ထားဦး 'ဖိုးခွား' တဲ့"

ကျွန်တော် 'ဖိုးခွား'ဆိုသော လူကြီး၏ရင်ခွင်သို့ တိုးဝင်လိုက်သည့် အခါ ဖိုးခွားက ကျွန်တော့်ကို ဖက်၍ ပွတ်သပ်သည်။ ဖိုးခွား၏ပါးစပ်မှ တထောင်းထောင်း ထနေသော အရက်နံ့ကို ထိုခဏ၌ ပန်းပွင့်ပေါင်းများစွာ နှင့် ကျွန်တော် မလဲနိုင်မှန်း သေချာလွန်းလှလေသည်။

အရက်သမား၏ မွေးစားခြင်းကို ခံလိုက်ရသော်လည်း ကျွန်တော် ဝမ်းမနည်းပါ။ ကျွန်တော်တို့အိမ်၏ တစ်ဖက်ခြံရှိ တိုက်ကြီးအတွင်းမှ မတူသလို မတန်သလို ကျွန်တော့်ကို ခွေးလေခွေးလွင့် တစ်ကောင်လို ကြည့်သော မျက်လုံး များထက်စာလျှင် 'ဖိုးခွား'၏ ထမင်းကြမ်းခဲက ပို၍ ချိုမြိန်ပါသည်။

"ဟေ့ကောင် ဂျက်ကီး စားလေကွာ၊ ဒီနေ့လည်း ပဲဟင်းနဲ့ပဲကွ တဲ တဲ"

အရက်ပုလင်း ခါးကြားထိုးပြီး ကျွန်တော့်ရှေ့သို့ ပန်းကန်ထိုးပေးသော 'ဖိုးခွား'ကို ကျွန်တော် ကျေးဇူးတင်သလို မော့ကြည့်ဖြစ်သည်။ ဘာပဲ ပြောပြော တစ်နေ့ တစ်နပ် မှန်မှန်စားနေရတာပင်လျှင် ကျေးဇူးတင်ဖို့ ကောင်း၏။ ကျွန်တော့် သခင် ဖိုးခွား၏ စီးပွားရေးက ယိုင်နဲ့နဲ့ တဲအိမ်လေးကို ကြည့်သည်နှင့် ရိပ်မိ လောက်၏။



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩစရာတော့ ကောင်းသည်။ ထိုရပ်ကွက်တွင် ကျွန်တော်တို့ခြံဝင်းမှအပ ကျန်ခြံဝင်းတိုင်းတွင် ကြီးမားခန့်ထည်သော ခေတ်မီတိုက်ကြီးများဖြင့် နေထိုင်ကြသည်။ ကျွန်တော် နေထိုင်ရာ လက်ယာဘက်ရှိ နှစ်ထပ် တိုက်ကြီးတွင် တစ်နေ့က အမွေးရှည်ရှည်နှင့် ကိုယ်ကာယ တင့်တယ်လှပသော ခွေးဖြူမလေး တစ်ကောင်ကို ကျွန်တော် တွေ့လိုက်ရသည်။

ကျွန်တော် ခွေးဖြူမလေး၏ ခြံဘက်သို့ နီးသထက်နီးအောင် သွားပြီး ကပ်ကြည့်မိသည်။ ရင်ခွင်တစ်ခုလုံး ရှန်းရင်းဆန်ခတ် ဖြစ်မှုကို ထိုခွေးဖြူမလေး၏ အမွေးအမျှင်ကြားမှ ပန်းနုရောင်ထနေသော ဝမ်းဗိုက်သားကလေးက အစပြုခဲ့သည်ဟု ထင်သည်။ ကျွန်တော်တို့အချင်းချင်း နားလည်နိုင်သည့် ခွေးဘာသာစကားနှင့် သူ့ကို စကားစကြည့်သည်။

"ဟိတ် ရှတ် ရှတ် သူက ဒီအိမ်မှာ နေတာလား ဟင်"

"အို သိလည်းမသိဘဲနဲ့ ဘာတွေလာပြောနေတာလဲ"

မေးစင်းသော မျက်ဝန်းတို့ကို မျက်လွှာချကာ ခွေးမလေး တစ်ဖက်သို့ လှည့်သွား၏။ ညနေခင်းသည် သူမကြောင့် ပိုမိုလှပနေသည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော် သူ့ခြံနားသို့ ရသမျှ တိုးကပ်ကာ ဆက်ပြောမိ၏။

"ကျွန်တော်လေ ကျွန်တော်က ကျွန်တော့်ရဲ့ လူပျိုစင်ဘဝကို မှတ်မှတ်ရရ ဘယ်သူ့ကို လက်ဆောင်ပေးရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

"သွားပါ"

သွားပါသာဆိုသည် သူမ၏ ခြေလှမ်းတွေက တုံ့တုံ့ဆိုင်းဆိုင်း။ ကျွန်တော်ရသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ သိလိုသမျှ အလျင်စလို မေးမိ၏။

"မင်းနာမည်ကို ကိုယ် မသိမချင်း မင်းခြံနားက မသွားဘူး"

"ဒုက္ခပါပဲ အိမ်ကလူတွေ သိရင် ပြဿနာတက်မှာ"

သူ စိုးရွံ့သလို သူ့အိမ်ဘက်ကို လှည့်ကြည့်စဉ် သူ့အိမ်ဘက်မှ သူ့ကို ခေါ်သံကြားရသည်။

"ဆွိတီရေ့ လာ လာ ဟော့ဆွိတီ ဘယ်ရောက်နေလဲ"

"ဟော ပြောရင်းဆိုရင်း အိမ်က လှမ်းခေါ်နေပြီ သွားမယ်နော်"

ရင်ကလေး တလှပ်လှပ်နှင့် ဆတ်ခနဲ လှည့်ထွက်သွားတော့ သူမကို





ကျွန်တော် မေ့မရတော့။ နေ့နေ့ညည ကျွန်တော် ခံစားနေရသည်။ တကယ်သည် 'ဆာလောင်ခြင်း' ဤကမ္ဘာလောက၏ ဆာလောင်မှုအမျိုးမျိုးတွင် အစာရေစာ ဆာလောင်ခြင်း၊ အနုပညာ ဆာလောင်ခြင်း၊ အရက်ဆာလောင်ခြင်း၊ ငွေ အသပြာဆာလောင်ခြင်း၊ ပစ္စည်းဥစ္စာ ဆာလောင်ခြင်း၊ မူးယစ်ဆေးဝါး ဆာလောင်ခြင်း၊ ရမ္မက်ဖြင့် ဆာလောင်ခြင်း အို ပြောရလျှင်တော့ ကုန်နိုင်မည်မထင်။ ထိုဆာလောင်မှုအားလုံးတွင် အချစ်ကို ဆာလောင်ခြင်းက အဆိုးဆုံးဟု ကျွန်တော် ထင်ယောင်လာမိသည်။

"ဟော့ကောင် ဂျက်ကီး မင်း ခုတလော မစားနိုင် မသောက်နိုင် ဘာဖြစ်နေတာလဲ"

ကျွန်တော့်ရှေ့ ထမင်းပန်းကန် ချပေးကာ ကျွန်တော် မှုမမှန်ပုံကို ရိပ်မိသော 'ဖိုးခွား'က အားမလိုအားမရ မေးသည်။ ကျွန်တော် တအီအီ ညည်းရင်း တစ်ဖက်ခြံသို့ မျက်လုံးဝေ့ကြည့်တော့ 'ဖိုးခွား'က နားလည်သဘောကျ စွာ ရယ်သည်။

"ဟား ဟား ဟား ငါ သိပြီ၊ ငါ သိပြီ ဟိုဘက်ခြံမှာ ခွေးဖြူမလေး ရှိတာကိုး၊ မင်း သဘောကျမယ်ဆိုလည်း ကျလောက်ပါတယ်၊ ခွေးဖြူမလေး လှသကိုးကွ ဟား ဟား ဟား"

ကျွန်တော် ရှက်သလို ခေါင်းငုံ့သွားတော့ 'ဖိုးခွား'က ကျွန်တော့် မေးစေ့ကို လက်နှင့်ပင့်တင်ပြီး ဆက်မြှောက်၏။

"ဟော့ကောင် မင်းတို့ခွေးတွေအတွက် စည်းတွေဘောင်တွေ မရှိဘူး မြန်မြန်သာလုပ် ကြားလား"

ဘာတွေပြောနေမှန်း မသိသော်လည်း ကျွန်တော့်ကို မြှောက်ပေးနေတာတော့ သေချာသည်။ ဂုဏ်ပကာသန ငွေတံတိုင်း ဘာတစ်ခုမျှ မကာဆီးမှ မရှိ၍ ကျွန်တော်တို့ ခွေးများ၏ ချစ်ခြင်းက သစ္စာမှန်ပါသည်။ သို့သော် ကျွန်တော် လက်ကောဇက်ကော မရဲဘဲ၊ နေ့ရက်ဆက် ဆွိတီကို မျှော်မိသည်။ အိမ်တွင်းပုန်းမလေးက တစ်ပတ်ကျော်မှ သူ့သခင်မနှင့်အတူ ပြန်ပေါ်လာ[illegible]

ကျွန်တော် ရင်တွေ တလှပ်လှပ် ခုန်လာသည်။ ခြံတွင်းရှိ [illegible] ၌ သူ့သခင်မနှင့်အတူ ရေကူးရင်း ကောင်းကင်ပြာပြာကြီးကို [illegible] မော့နေသော 'ဆွိတီ'မျက်နှာလေးတွင် ကျွန်တော် မျှော်ဝင်နေသည်။ သူ့သခင်



www.burmeseclassic.com

www.burmeseclassic.com



မ ရှိနေ၍ ကျွန်တော် ဆွိတီကို အသံမပေးရဲသေး။

သူ့သခင်မ ကျွန်တော့်ကို မြင်သွားမှာလည်း စိုးသည်။ တစ်ခါ ဆွိတီတလည်း ကျွန်တော့်ကို မြင်စေချင်ပြန်သည်။ သံတိုင်တွင် ပုဏ္ဏရိပ်ပင်များ ကျဲသောနေရာတွင် ဆွိတီမြင်စေရန် ကျွန်တော့်မျက်နှာကို ထိုးထည့်လိုက်၏။

တစ်ဖက်သို့ ကူးခပ်ပြီး ပြန်လှည့်လာသော ဆွိတီ ရုတ်တရက် ကျွန်တော့်ကို မြင်သွား၏။

သူ မသိဟန်ဆောင်ရင်း တစ်ဖက်သို့ ပြန်ကူးသွားပြန်ပါသည်။ သူ့သခင်မ မရှိမှ အတွေ့ခံမည်ဆိုသည့် သဘော။ ကျွန်တော် ရင်မောသွားသည်။ ဘယ်၍ ဘယ်မျှအထိ သူ့သခင်မက နေစာလှုံနေဦးမည် မသိ။ ကျွန်တော် အခြေအနေကို စောင့်ကြည့်နေစဉ် ပေါက်ပြားတစ်လက်နှင့် 'ဖိုးခွား' ရောက်လာသည်။ ခြံတွင်းရှိ ချုံနွယ်မြက်ရိုင်းများကို ရှင်းရင်း တစ်ဖက်ခြံရှိ နေစာလှုံနေသော ဆွိတီ၏ သခင်မကို ကျွန်တော့်ဆရာ ဖိုးခွား တွေ့သွားသည်။

ရေကူးဝတ်စုံနှင့် အမို့အမောက် အရှိုက်အငင်ဖြင့် ရွှေအဆင်းအတိ ပြီးသော သခင်မ၏ အလှတရားတွင် ဖိုးခွား ဝပ်ဆင်းသွားဟန်တူ၏။ အလုပ်က တခြား၊ မျက်လုံးက တစ်နေရာ လာစိုက်နေသော ဖိုးခွားကို သခင်မ ရိပ်မိသွားသည်။ ကိုယ်ပေါ်တွင် တဘက်ပတ်၍ နေစာလှုံနေရာမှ ဒရင်းဘတ်ကို ခေါက်သိမ်းပြီး သခင်မ အိမ်တွင်းသို့ ခြေဆောင့်ဝင်သွားသည်။ 'ဖိုးခွား' လည်း မြက်ပေါက်ခြင်းမှ ရပ်နား၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆရာ 'ဖိုးခွား'ကို ကျေးဇူးတင်သည်။ ကျွန်တော် စောင့်မျှော်နေသော အခွင့်အရေးက အခုမှရ၏။ ခြံထဲတွင် ဘယ်သူ မှ မရှိတော့ ကျွန်တော် ပုဏ္ဏရိပ်ပင်ကျဲသော ခြံတိုင်များကြားမှ တစ်ဖက်ခြံ ရှိ ဆွိတီ ရှိရာသို့ တိုးဝင်သည်။

ကမ္ဘာလောကသည် Chivas Regal သောက်ပြီး ဆတ်သားခြောက် မီးဖုတ်လေး တမြေ့မြေ့စားရသလို ငြိမ့်ညောင်းသာယာစွာ စီးဆင်းလျက်ရှိ၏။ မွေးဖွားလေးများကြားတွင် ရေစိုနေသော ဆွိတီ၏ အလှတရားက ကျွန်တော့် အတွက် တွန်းအားတစ်ခု ဖြစ်ပေါ်စေခဲ့သည်။

မြူဝေဆိုင်းသော မျက်ဝန်းများနှင့် ကျွန်တော့်နားသို့ ဆွိတီ အသာ အယာ တိုးကပ်လာခဲ့သည်။ ရေစိုနေသော ဆွိတီ၏ ဆံနွယ်များကို ကျွန်တော်





နှာနှင့် ယုယုယယ ပွတ်သပ်ပေးလိုက်သည်။

"အို နေပါစေ ရပါတယ်၊ ကိုယ့်ဘာသာကိုယ် သုတ်ပါ့မယ်"

အပျိုစင်တစ်ယောက်၏ ရှက်သွေးပါသော စကားဟု ကျွန်တော် ကြည်ပါသည်။ ရွှန်းလက်ပြာဝေသော မျက်ဝန်းတံခါးတို့ သိမ်မွေ့နူးညံ့စွာ စိတ်၍ ခေါင်းငုံ့နေသော ဆွိတီ၏ဟန်မှာ ကျွန်တော့်ကို လွန်ဆန်နိုင်မှု မရှိ ကြောင်း အားလုံး ကောင်းကောင်း နားလည်နိုင်ပါသည်။

ခွေးတို့တွင်လည်း ရင်ဘတ်ရှိ၍ ကျွန်တော် ရင်ခုန်ပါသည်။ မဖုံ့ရဲ သလို ဖျတ်ခနဲ အကဲခတ်ကြည့်သော ဆွိတီ၏ မျက်ဝန်းများမှာ တိမ်တိုက် စခုလို နူးညံ့မွတ်သိပ်နေသည်။ ဆွိတီ၏ ဆံဖျားမှ လည်တိုင်၊ ပြီးတော့ ရွှေသွားသည့် ရင်အုံ၊ ပြီးတော့ရဲ့နောက် ခါး၊ ပြီးတော့ရဲ့နောက်တော့

"ဟယ် ကြည့်စမ်း ခွေးစုတ်ခွေးနာက မတန်မရာ ကဲ ဟယ်"

ဒေါသတကြီး ပြေးထွက်လာသော ဆွိတီသခင်မက ခြံတွင်းရှိ တံမြက်စရစ်ခဲကြီးနှင့် ကျွန်တော့်ကို ပေါက်သည်။ ကျွန်တော် ရှောင်တိမ်းချိန် မရလိုက်။ 'အချစ်ကြီးလေမှ သစ်သီးကြွေကျတာမျိုး'ဟု ဆိုသော သီချင်း စာသားကို ဘယ်အဆိုတော် ဆိုခဲ့သည်လည်း ကျွန်တော် မသိပါ။ အူတုန် အသည်းတုန်နှင့် ကြောက်လန့်တကြား ပြေးထွက်တော့ ဆွိတီ ကျန်ရစ်သည်။

အပျက်အပျက်နှင့် နာခေါင်းသွေးထွက်ခဲ့သည်ဟု ဆိုရမည်။ ထိုနေ့ မှစ၍ ဆွိတီကို ကျွန်တော် မမြင်ရတော့။ ဆွိတီကို အိမ်ထဲမှာပဲ ပိတ်လှောင် ထားသလား၊ ဒါမှမဟုတ် သူတို့သဘောတူတဲ့ ခွေးနဲ့ ပေးစားလိုက်ပြီလားဟု အတွေးပေါင်းများစွာနှင့် ကျွန်တော် တွေးရင်း ကြေကွဲရသည်။ ကျွန်တော်၏ ကြေကွဲမှုကို နက်နက်ရှိုင်းရှိုင်း နားလည်သူမှာ 'သခင်ဖိုးခွား'တစ်ယောက်သာ ရှိခဲ့သည်။ အိမ်ဘေး ကွပ်ပျစ်လေးမှာ သူ အရက်ထိုင်သောက်ရင်း ကျွန်တော့် ကို နှစ်သိမ့်ခဲ့၏။

"ဂျက်ကီးရယ် လောကမှာ ခွေးမတွေ အများကြီးပါ၊ ဘာဝမ်းနည်း စရာ ရှိလို့လဲ၊ တကယ်တမ်း တွေးကြည့်တော့ ဆွိတီက နိုင်ငံခြားခွေး တွန်း ငြိစားကြည့်ရင် အမျိုးတောင် ပျက်သေးတယ်"

သားသမီးလို ယုယသော 'ဖိုးခွား'ကို ကျွန်တော် ကျေးဇူးတင်၍ မဆုံး ရှိခဲ့သည်။ တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ ဘာပဲဖြစ်ဖြစ် 'ဖိုးခွား'နှင့်



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်လာလျှင် အန္တရာယ်ကို အသက်ပေးကာကွယ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်တော့်ဆုံးဖြတ်ချက်အတိုင်း တစ်နေ့တော့ ကျေးဇူးဆပ်ရန် အခွင့်အလမ်း ကြုံလာသည်။

"ဟဲ့ ဖိုးခွားတို့ လင်မယား၊ ဒီနေ့တော့ နင်တို့ ငါ့ကို ရှောင်နေလို့ မရတော့ဘူး"

အသက်ခြောက်ဆယ်အရွယ်လောက် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦးက အိမ်ဝမှ ဒေါနှင့်မောနှင့် လာအော်နေသည်။ ကျိန်းသေသည်။ ကောင်းသောလာခြင်းတော့ မဟုတ်တန်ရာ၊ ထဘီနှစ်ဖက်မ၍ အဆက်မပြတ် အော်ဟစ်ရန်တွေ့နေသော ထိုမိန်းမကြီး၏ ခြေသလုံးသားကို သခင့်ကိုယ်စား ကျွန်တော်အားပါးတရ တိုက်ခိုက် ကိုက်ဖြတ်လိုက်၏။

ထဘီပင် မနိုင်ဘဲ ပြူးပြူးပျာပျာ ငယ်သံပါအောင် အော်ပြီး ခြေကုန်သုတ်သွားသော မိန်းမကြီးကို ကြည့်၍ ကျွန်တော် ကြည်နူးကျေနပ်သွားသည်။ ရှင်းသည်။ ကျွန်တော့်သခင်ကို ထိလို့ကတော့ အနည်းဆုံး လေးငါးချက် ချုပ်ရမှာသေချာသည်။

"ဖျန်း"

ရုတ်တရက် 'ဖုန်း'ခနဲ ပေါ်ထွက်လာသော အသံနှင့်အတူ ကျွန်တော့်တစ်ကိုယ်လုံး ပူလောင် ကျိန်းစပ်သွား၏။

"ဟင် ကောင်းကြသေးရဲ့လား ခွေးစုတ်ရဲ့ အိမ်လခ လာတောင်းတဲ့ အိမ်ရှင်ကိုမှ ကိုက်လွှတ်ရတယ်လို့၊ အခု ငါတို့အိမ်ပေါ်က ဆင်းရတော့မယ်၊ အဲဒါ နင့်ကြောင့်ဟဲ့ နင့်ကြောင့် ကဲဟယ် ကဲဟယ်"

"ဖုန်း"

"ဖုန်း"

"ဟော့ ဟော့ မိန်းမ တော်ပါတော့ကွာ"

ပုဆိုးပင် မဝတ်နိုင်တော့ဘဲ ပုဆိုးစ လက်တစ်ဖက်နှင့်ဆွဲကာ အပြေးရောက်လာသော 'ဖိုးခွား'က ဇနီးသည်ကို တားသည်။

"မတော်နိုင်ဘူးတော့၊ မတော်နိုင်ဘူး၊ ခု ကျုပ်တို့ အိမ်ပေါ်က ဆင်းပေးရတော့မယ်၊ အဲဒါ ရှင်သိတယ် မဟုတ်လား"

"ဘယ်တတ်နိုင်ပါ့မလဲကွာ ဂျက်ကီးကလည်း တို့ကို ရန်မူတယ်ထင်





လို့ ကိုက်လွှတ်လိုက်တဲ့ဥစ္စာ"

"ဘာ ရှင် အဲဒီလောက်အထိ ဒီခွေးအပေါ် သံယောဇဉ် ဖြစ်နေရင်လည်း ရှင် နေခဲ့၊ ကျုပ်တော့ အမေ့ကို အကျိုးအကြောင်းပြောပြပြီး သွားနေတော့မယ်"

တစ်အိမ်လုံးရှိ ပစ္စည်းများအား ဇနီးဖြစ်သူက လိုက်လံသိမ်းဆည်းထုပ်ပိုးနေချိန်တွင် 'ဖိုးခွား'သည် မှောင်နေသော အခန်းငယ်လေး၏ အိမ်ပေါက်တွင် ငုတ်တုတ်ထိုင်ကာ အိမ်အောက်ရှိ ကျွန်တော့်ကို ငေးမောကြည့်ရှုနေသည်။

"ကဲ ကိုဖိုးခွား ရှင်ဘာဖြစ်လို့ ထိုင်ပြီး ငိုင်နေတာလဲ သွားလေ၊ ပစ္စည်းတွေ ထုပ်ပြီးပြီ၊ ကားသွားငှားတော့ ဈေးလည်း ဆစ်ဦးနော်"

ကျွန်တော့်ကို တစ်ချက်ကြည့်၍ ခေါင်းငိုက်စိုက်ချကာ ထွက်သွားသော ဖိုးခွား၏ ခြေလှမ်းတိုင်းသည် သနားကရုဏာ စေးကပ်မှုများဖြင့် လေးကန်နှေးကွေးလွန်းလေသည်။ သူတို့ ကျွန်တော့်ကို ထားခဲ့တော့မယ်ဟု တွေးရင်း ရင်ထဲနင့်နေအောင် ခံစားနေရသည်။

ခဏကြာတော့ ဟိုင်းလက်ကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်သို့ ပစ္စည်းများ ဝိုင်းတင်ပြီးချိန်မှာတော့ ဖိုးခွား ကျွန်တော့်အနား ရောက်လာ၏။ သူ ကျွန်တော့်ကို ဘာတစ်ခွန်းမှ ထပ်မပြောနိုင်တော့သလို ကျွန်တော့်ရှေ့မှာ ထိုင်ကာ မျက်ရည်များ စီးကျလာသည်။

"အေး ရှင့်ဟာရှင် အလွမ်းသယ်ချင်သလောက်သယ်၊ ဒါပေမဲ့ ဒီခွေးကိုတော့ ကျုပ်အမေအိမ် ခေါ်လာဖို့တော့ မစဉ်းစားနဲ့ ဒါပဲ"

ကားနောက်ခုံပေါ် တက်ထိုင်ရင်း ဆေးလိပ်ဖွာကာ တစ်ဖက်လှည့်သွားသော သူ့ဇနီးကိုလည်း သူ မကြည့်နိုင်။ သူ့မျက်ရည်စက်များကို ကမန်းကတန်း သုတ်ပစ်လိုက်ပြီး ကျွန်တော့်ကိုဖက်၍ ပွတ်သပ်ချိန်တွင်တော့ သူ့လက်တို့ တဆတ်ဆတ် တုန်ယင်နေသည်။

အသံတို့ တိတ်ဆိတ်နေသော်လည်း ဖိုးခွား၏ ရင်ထဲမှ စကားသံများကို ကျွန်တော် ကြေကွဲဆို့နစ်စွာ ကြားယောင်နေသည်။ သူ့ကို ခွင့်လွှတ်ဖို့ ကျွန်တော့်ကို အထပ်ထပ် တောင်းပန်နေသလိုလို။

ခွဲခွာခြင်း၏ အသိမ်မွေ့ အနူးညံ့ဆုံး နှုတ်ဆက်ခြင်းအဖြစ် 'ဖိုးခွား'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို တစ်ချက်နမ်းတော့ ကျွန်တော့်တစ်ဘဝလုံး ကျေနပ်လန်းဆန်းသွားသလို မျက်ရည်များက သောင်းသောင်းဖျဖျ ဝေ့ဝဲကျလာသည်။

``တဲ ကဲ လာတော့လေ ဒီမှာ ကားထွက်တော့မယ်''

ဖနီးက ထပ်ခေါ်၍ ဖိုးခွား ရုတ်တရက် ထပြီး ကားပေါ်တက်သွားသည်။ ကားဘီးစလိမ့်တော့ ကျွန်တော့်မျက်နှာကို မကြည့်ရက်တော့သလို ဒူးပေါ်လက်ထောင်လျက် ခေါင်းငိုက်စိုက်ချကာ မျက်နှာအား လက်ဖဝါးနှင့် အုပ်၍ ပါသွားသည်။

သခင်၏ စိတ်ထိခိုက်မှုကို ပိုမို ဖိစီးလာစေရန် ကျွန်တော် အသံမပြုရက်တော့။ ရင်၌ မြဲလျက်ရှိသည့် သံယောဇဉ်၏တွန်းအားကြောင့် ကားနောက်သို့ ကျွန်တော် အပြေးအလွှား လိုက်မိသည်။ ကားသည် ကျွန်တော်နှင့် တစ်စထက်တစ်စ ဝေးကွာလျက်။

■ ■ ■

ဦးတည်ရာမဲ့ အနာဂတ် တစ်ခုကို ကျွန်တော် မျှော်လင့်မထားဘဲ ထပ်မံမွေးဖွားခဲ့ပြန်သည်။ ဤအိမ် ဤခြံအနားပင် ကျွန်တော် ကပ်ခွင့် မရတော့။ အရင်နေ့များက ဆွိတ်အပေါ် လွမ်းဆွတ်မှုလည်း 'သခင့်'မျက်နှာပေါ်တွင် အရည်ပျော်သွားခဲ့သည်။

သခင်ရှိနိုင်မည်ထင်သည့် နေရာကို ကျွန်တော် စဉ်းစားသည်။ လူအချို့သည် လွမ်းဆွတ်ကြေကွဲမှုကို အစားထိုး ဖြေသိမ့်သည့်အခါတိုင်း အရက်သောက်တတ်ကြသည်။ ကျွန်တော့်သခင်ဖြစ်သူလည်း အရက်ကို ကြိုက်နှစ်သက်ပါသည်။ အရက်ဆိုင်များမှာ သခင့်ကို ရှာဖို့ ဆုံးဖြတ်ခဲ့၏။

သို့သော် ရှာရင်း ရှာရင်းမှ ကျွန်တော် နောင်တ ရချင်လာ၏။ ရန်ကုန်ည၏ ပေါ်များလှစွာသော ဘီယာဆိုင်များက ကျွန်တော် သက်တမ်း ကုန်အထိ ရှာရင်တောင်မှ ဆုံးနိုင်ဦးမည် မထင်ပါ။ မိုနိုရာမဲ့ ခွေးတစ်ကောင်၏ဘဝကို ကျွန်တော် ထပ်ပြီး ရင်ဆိုင်ရမှာ စိုးရွံ့ထိတ်လန့်လာသည်။ ကျွန်တော် အခါခါ စဉ်းစားသည်။ အကယ်၍ သခင့်ကို တစ်လပြည့်၍မျှ မတွေ့လျှင် မိမိကိုယ်မိမိ ကားဘီးအောက်တိုးဝင်ကာ အသေခံပစ်မည်ဟု ဆုံးဖြတ်လိုက်၏။

ဘုရားစာ မရသော်လည်း ကျွန်တော် အထပ်ထပ် ဆုတောင်းမိသည်။ ဖြစ်လေရာ ဘဝတိုင်း လူဖြစ်ရပါလို၏ အရှင်ဘုရား။





ကမ္ဘာပေါ်ရှိ သတ္တဝါတိုင်းတွင် လူသည် အမြင့်မြတ်ဆုံး သတ္တဝါဟု ကျွန်တော် ကြားဖူးပါသည်။ ရှေးဘဝမှ ကောင်းမှုကုသိုလ်ကံထူးမှ လူဖြစ်ခွင့်ရသည်။

"ကုသိုလ်ကံများ ထူးသလား မမေးနဲ့ သိန်းရွှေကြည့်ရ၊ ငါ့ မဒီလေး တစ်ပါးနဲ့ ချိတ်ထားတယ်၊ အဲဒါ ဒီညသောက်ပြီးရင် တပျော်တပါးကြီး နွှဲကြရအောင် မင်းလည်း အိမ်မပြန်နဲ့တော့"

စာရေးဆရာယောင်ယောင် ဘာယောင်ယောင် လူတစ်ယောက်က အရက်သောက်ရင်း ပြောသော အသံကို ကျွန်တော် ကြားနေရသည်။

"ဟ မဖြစ်ဘူး ထင်တယ် အောင်စိုးရ၊ အိမ်ပြန်မအိပ်ရင် ငါ့မိန်းမ နိုင်မိသွားမှာ"

"ဟာ ငတုံးရဲ့ တစ်ခုခု လွဲပြီးပြောလိုက်ရင် ပြီးတဲ့ဟာကို မပြောနိုင်နေ့ တော်ကြာ လွတ်တဲ့ငါးမှ ကြီးသတဲ့လား ဆိုသလို ဖြစ်နေဦးမယ်၊ ဘတ်ဆတ်လိုက်တာမှ အမလေး ပါးဟက်လေးကို ရဲလို့ ရှလွတ်"

အမြည်းစားရင်း ထိုလူနှစ်ဦးမှ ဆတ်ခနဲ ပစ်လိုက်သော နံရိုးများ ကျွန်တော့်ဆီ ကျလာသည်။ ဆာဆာနှင့်မို့ သေချာအောင်ပင် မဝါးနိုင်ဘဲ ကျွန်တော် အငမ်းမရ စားလိုက်သည်။ တကယ့်နတ်သုဒ္ဓါ။

ကျွန်တော် စားနေမှန်းသိတော့ သူတို့ ကိုက်မရသည့် အရိုးအရင်းများကို တစ်ခုပြီးတစ်ခု ချကျွေးသည်။ ရေချိန်ကိုက်လိုက်ပြီထင်မှ ငွေရှင်းကာ ဆိုင်ထိပ်ဆိုင်တိုင် လျှောက်သွားသော လူနှစ်ယောက်နောက်သို့ ကျွန်တော်လည်း ထပ်လိုက်သွားမိသည်။

လမ်းသွားရင်း ရွှန်းရွှန်းဝေအောင် ပြောနေသည့် အာသဝေါများ ပို့တက်နေသော စကားများကြောင့် ကျွန်တော်ပါလာသည်ကို သူတို့ သတိထားမိပုံမပေါ်။

"လာ ဟော့ကောင် ဟိုရှေ့က ဂိုဒေါင်လို အခန်းကြီးပဲ၊ အဲဒါ ဒို့သူငယ်ချင်း စိန်လင်းကြီးရဲ့ စတိုခန်းပဲ"

စတိုခန်းတံခါးကြီး ပွင့်သွားသည်အထိ ကျွန်တော် ပါလာသည်ကို သူတို့မသိကြ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို မဆူမငေါက်သော သူတို့နှင့်အတူ အခင်အသစ်လည်း ဖြစ်နိုင်ပါလေသည်။ ကျွန်တော် စောင့်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလို အရွယ်ထက် ပိုပြီး နုပျိုချင်ယောင် ဆောင်ထားသော အမျိုးသမီး၏ လက်ကမ်းကြိုဆိုမှုတွင် ဝင်သက်ထွက်သက်တိုင်း အသပြာနံ့ တဆောင်ဆောင် ထနေ၏။ နားနှင့်မနာ ဖဝါးနှင့် နာစေချင်ပါသည်။ ထိုအမျိုးသမီးသည် ကိလေသာ ဆောင်ခန်းတွင် ထိုသူများအားလုံးနှင့် တပင်တိုင် စံမြန်းခဲ့လေသည်။

မိုးလင်းသည်အထိ သူတို့ မအိပ်ခဲ့ကြသလို ကျွန်တော်လည်း တစ်ရေးမှ မေးစက်၍ မရခဲ့။ ထိုသူများနှင့်နေဖို့ရာ မဖြစ်နိုင်မှန်းတော့ ကျွန်တော် တွေးယူ၍ ရသည်။ ထိုသူတို့ အိမ်အပြန် တံခါးဖွင့်ဖွင့်ခြင်း ကျွန်တော် တချိုးတည်း လစ်ထွက်ခဲ့သည်။

အကြင်နာရိပ် မေတ္တာရိပ် တရားရိပ်ရှိသော နေရာကို ကျွန်တော် ရွေးချယ်လိုက်၏။ ကံများ ကောင်းချင်တော့ ထိုနေ့က ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် အလှူကြီးတစ်ပွဲနှင့် ကျွန်တော် တည့်တည့်တိုး၏။ ဖိတ်ခေါ်သူ၊ ကြိုဆိုသူ ဧည့်ဝတ်ပြုသူများနှင့် စည်ကားလှ၏။

"ဟော 'ဘကြီး ဝင်းမြင့်အောင်' ပါလား၊ ကြွပါ ကြွပါ ဘကြီးကတော့လေ ဘုရားတရားနဲ့ အေးချမ်းနေလို့လား မသိဘူး၊ နုပျိုလန်းဆန်းနေလိုက် တာ"

လူကြီးလူကောင်းမို့ ထင်သည်။ ခေါင်းရင်းဘက်တွင် 'ဘကြီး ဝင်းမြင့်အောင်'ဆိုသူကို ပျာပျာသလဲ ဧည့်ခံကြ၏။ လက်ကောက်သံ တချွင်ချွင်ဖြင့် ကိုယ့်မိသားစုကိုယ် အမွှန်းတင်နေကြသော အမျိုးသမီးများ၏ အသံကဆူညံလွန်းလှသည်။

တစ်နာရီလောက် ကြာတော့ ဘကြီးဝင်းမြင့်အောင် ခါးပုံစပိုက်ရင်း ကိုင်းကိုင်းကိုင်းကိုင်းနှင့် ပြန်ထွက်လာသည်။ ဘုရားတရားနှင့် အေးချမ်းသူ ဟု ပြောကြ၍ ကျွန်တော် အသာအယာ သူ့နောက်မှ ကပ်လိုက်သွား၏။ ကျောင်းဝင်းအဝမှ ဖိနပ်အား ဘကြီးဝင်းမြင့်အောင် ကုန်းပြီး ကောက်လိုက် မှ ကျွန်တော် အံ့သြထိတ်လန့်သွားသည်။ သူ၏ ခါးပုံစ ဖြေကာ အချိုပွဲမှ ကိတ်မုန့်တုံးများ ခုန်ထွက်လာကြသည်။

သူ မလုံသလို ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်တော့ ကျွန်တော့်ကို တွေ့သွား၏။





"ဟဲ့ခွေး ဟဲ့ခွေး ခြေဘ် ဒီခွေးနှယ်"

ကျွန်တော် မလုဘဲ ကျွန်တော့်ကို မာန်မဲနေ၍ ခပ်ခွာခွာ ပြန်ဆုတ်နေလိုက်ရ၏။ ပြန့်ကြဲသွားသော မုန့်များအား လူမမြင်စေရန် ကပျာကယာ ဖြန့်ထည့်နေသော ထိုလူကြီးကို ကျွန်တော် ရွံရှာစွာ ကျောခိုင်းဖြစ်ခဲ့လေသည်။

■ ■ ■

အရက်ဆိုင်ပေါင်းလည်း အတော်စုံခဲ့ပြီ။ အခုထိ ကျွန်တော့် သခင်မျက်နှာကို ဖူးမြော်ခွင့် မရသေး။ လွမ်းလိုက်တာ သခင်ရယ်၊ လေးလံသော ခြေလှမ်းများနှင့် ကျွန်တော် လှည့်ပတ်သွားရင်း ခြံဝတစ်ခုသို့ အရောက်တွင် အသက် (၅၀)ခန့် အမျိုးသမီးကြီး တစ်ဦးက ကြွပ်ကြွပ်အိတ်နှင့် ထုပ်ထားသော ထမင်းကျန် ဟင်းကျန်များကို ကြည်ဖြူစွာ ကျွန်တော့်ကို ချကျွေးသည်။ ကျွန်တော် မဝ့ံမရဲ စားရင်း ထိုအမျိုးသမီးကြီး မျက်နှာကို အကဲခတ်တော့ ကြည်လင်ရွှင်ပျမှုကို ကျွန်တော် မြင်နေရသည်။ သနားကရုဏာပိုသော သူ၏လုပ်ရှားမှုကြောင့် စားသောက်အပြီး ကျွန်တော် အမြီးကလေးနှံ့ကာ ထိုအမျိုးသမီးကြီးနောက်မှ လိုက်သွားမိပြန်သည်။

"ဟဲ့ ဟဲ့ အို ဒီခွေးက ငါ့ကို သံယောဇဉ်ဖြစ်အောင် လုပ်နေပြန်ပြီ။ အေးပါပဲ၊ ကဲ ခြံထဲမှာ နေချင်လည်း နေလေ"

ခွင့်ပြုခြင်းဟု ကျွန်တော် နားလည်ရပါသည်။ ထိုအိမ်ခြံဝင်းတွင် သုံးရက်မြောက်ခဲ့သည်အထိ ကျွန်တော့်အတွက် ဘာပြဿနာမှ မရှိ။ အိမ်ဖော်မလေးက နေ့စဉ်နှင့်အမျှ ထမင်းဟင်းကျန်တို့ကို ဝတ္တရားမပျက် ကျွေး၍ ကျွန်တော် အင်းသာပျော်ရွှင်နေရသည်။ နေ့စဉ် ထိတွေ့ ဆက်ဆံနေရ၍ အိမ်ဖော်မလေးကို ကျွန်တော် သံယောဇဉ် ဖြစ်ခဲ့သည်။

"မအေးမြရေ ခွေးကို ကျွေးပြီးရင် ဒီမှာ ပန်းကန်တွေ လာဆေးလှည့်ဦး"

"ဟုတ်ကဲ့ လာပါပြီ မာမီကြီး"

အိမ်ထဲမှ လှမ်းခေါ်၍ အိမ်ဖော်မလေး ပျာပျာသလဲ ကျွန်တော့် နားမှ ထွက်သွား၏။ စားသောက်အပြီး ကျွန်တော် ထမင်းလုံး မစီရသေးခင် အိမ်ထဲမှ ကျွံသံတစ်ခုနှင့်အတူ ဆူညံသော အသံများ ထွက်ပေါ်လာ သည်။

"ဟင် ကြည့်စမ်း ငါ့ပန်းကန်တွေတော့ ကုန်ပါပြီတော်၊ ဒေါသစောင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မရဲ့ ဒီပန်းကန်တစ်ချပ်ဟာ နင့်တစ်ကိုယ်စာထက် အများကြီး တန်ဖိုးရှိတယ် ဟဲ့၊ သိရဲ့လား ကဲဟယ် ကဲဟယ်''

အိမ်ရှင် မိန်းမကြီး၏ ဒေါသသံနှင့်အတူ ဂုံးဂုံးဂွမ်းဂွမ်း ရိုက်သံပါ တွဲလျက် အိမ်ဖော်မလေး၏ ကြောက်လန့်တကြား အော်ဟစ်ငိုသံပါ ကျွန်တော် ကြားရသည်။ တစ်စနှင့်တစ်စ ထုသံ ရိုက်သံများ ကျွန်တော့်နားနှင့်မဆံ့အောင် လျှံတက်လာသည်။

ကျွန်တော် နေ၍ မရတော့ တလုပ်လုပ်ဖြစ်နေသော ရင်နှင့် ပြတင်းတံခါးတစ်ခုကို ကျွန်တော် လက်ထောက်တင်ပြီး ချောင်းကြည့်ချိန်တွင် ကျွန်တော့် အသွေးအသားများပါ တဆတ်ဆတ် နာကျင်နေခဲ့သည်။ ရစရာမရှိ အောင် နေရာအနှံ့ရှိခဲ့သော ဒဏ်ရာများနှင့် ကိုယ်ပေါ်တွင် အကာအကွယ်မဲ့ နေသည့် အိမ်ဖော်မလေးကိုကြည့်ရင်း ကျွန်တော် ထိတ်လန့်ကြောက်ရွံ့လာသည်။ ဘာကိုမှ စဉ်းစားမနေတော့ဘဲ ထိုအိမ်က ကျွန်တော် ပြေးထွက်ခဲ့သည်။ ပြေးထွက်ခဲ့သော လမ်းတစ်လျှောက် အိမ်ရှင်မိန်းမကြီး၏ မျက်နှာက ကျွန်တော့်အတွေးတွင် မီးဝင်းဝင်းတောက်လျက်။

အသက်ကြီးပြီး အချိန်မစီးသူတွေဟု သတ်မှတ်ရပေတော့မည်။ ဒါဆို အသက်ငယ်ပြီး အချိန်စီးသူများရော ရှိနိုင်ပါသေးလားဟု ကျွန်တော် စဉ်းစားမိ၏။ လူတို့၏ အကျင့်စရိုက်သည် ရုပ်ဆင်းအင်္ဂါပေါ်၌လည်း မူတည်သည်ဟု အဆိုရှိပါသည်။

ရုပ်ဆင်းအင်္ဂါ အရရော ကိုယ်ကာယ အချိုးအစားပါ မွတ်နေအောင် လှသည့် ကောင်မလေးများကို ကျွန်တော် ရှာကြည့်သည်။ ညနေခင်း၏ အလှတရားကို ဗိုလ်ချုပ်ဈေးတွင် ဝယ်ယူလို့ ရသည်ဟု ကျွန်တော် ကြားဖူးပါသည်။ ကျွန်တော် ဗိုလ်ချုပ်ဈေးဘက် ရောက်ခဲ့၏။

ခွာတံမျှင်မျှင်လေးနှင့် ဒေါက်ဖိနပ်အမြင့်ပေါ်တွင် ကြွကြွရွရွ လျှောက်သွားသော ကောင်မလေး၏ပေါင်တံအလှသည် နေခြည်နှံ့သင်းလျက် လူယောကျ်ားသားများ မပြောနှင့် ကျွန်တော်ခွေးပင် အသည်းတလှပ်လှပ် ရင်တဖိုဖိုရှိလှသည်။ တစ်ဖက်မှာ ပျံ့လွင့်လာသော ဝက်သားတုတ်ထိုးနံ့ကြောင့် ကျွန်တော်၏ အတွေးအာရုံများ ထိုနေရာသို့ စုပြုံတိုးဝင်သွားသည်။

တုတ်ထိုးကို အားပါးတရ စားသောက်နေသည့် မိန်းမလှတစ်ဦး၏





ဘားခုံပေါ်မှ ပိုက်ဆံအိတ်ကို အလစ်သမားတစ်ဦး ဆွဲယူထွက်ပြေးသွား၏ ...တရားမှုဆိုလျှင် ကျွန်တော်လည်း လက်ပိုက်ကြည့်မနေနိုင်။ လူ၏ပြေးနှုန်း ...လောက်က ကျွန်တော်တို့ ခွေးများအတွက်တော့ အေးဆေး၊ ငတိ၏ ခြေသလုံး ကို တစ်ချက်ပဲ ဟပ်လိုက်ရသည်။ အနီးအနားရှိ လူများကြောင့် အလစ်သမားကို လွယ်လွယ်ပင် ဖမ်းမိသွား၏။

ကျေးဇူးတင်သည်ဆိုသော အပြုံးကို မိန်းမလှလေး၏ မျက်နှာတွင် တွေ့ရသည်။ တစ်ထောင်တန် တစ်ရွက်ထုတ်၍ တုတ်ထိုးကို ကျွန်တော့် အတွက် ကျေကျေနပ်နပ် ဝယ်ကျွေးသည်။

''စား စား မင်းက ငါ့ရဲ့ကျေးဇူးရှင် မင်းလို ခွေးမျိုးက အိမ်လုံမှာ သချာတယ်၊ မင်းကို ငါ မွေးစားမယ်''

ကျွန်တော့်ခေါင်းကို ပွတ်ရင်း သူ၏ချိုသာသော စကားများအောက်တွင် ကျွန်တော် ပျော်ရွှင်စွာ စီးဆင်းနေမိသည်။

သတင်းစာထဲ ကြော်ငြာစရာမလိုဘဲ ကျွန်တော် နာမည်အမျိုးမျိုး ပြောင်းဖြစ်သည်။ မိန်းမလှလေးဆီ ရောက်တော့ ကျွန်တော့်နာမည် 'ဗွန်ဂို' ဟု အမည်သစ် တွင်ခဲ့သည်။ စားကောင်းသောက်ဖွယ် အဆီအဆိမ့် အလျှံပယ် တွေ့လွန်း၍ ကြာတော့ ကျွန်တော့်တစ်ကိုယ်လုံး ထေပတ်စော် နံလာသည်။

''ဗွန်ဂို စန္ဒီ အပြင်သွားဦးမယ်၊ အိမ်မှာ ဘယ်သူမှမရှိတုန်း အိမ်ကို ...စောင့်ရှောက်နေ ကြားလား၊ စန္ဒီ ဒီညပြန်ချင်မှ ပြန်လာမှာ''

စန္ဒီဆိုသော မိန်းမလှလေးက အပြင်သွားစရာရှိတိုင်း ကျွန်တော့်ကို မှာတတ်သည်။ စန္ဒီ ပြန်မရောက်မချင်း ကျွန်တော့်မှာ လည်တဆန့်ဆန့် မျှော်ရသည်။ သူက ကျွန်တော့်ရဲ့ ကျေးဇူးရှင်လေ အိမ်ဖော်မလေးကတော့ ...စောစီးစီး အိပ်ရာဝင်နှင့်ပြီ။ သဘော်သားတစ်ဦး၏ ဖနီးပီပီ ငွေစလေး ...ရွှင်ရွှင်နှင့် ခိုးခိုးခစ်ခစ် ရယ်သံလေးများဖြင့် စန္ဒီ အိမ်ပြန်ရောက်မှ ကျွန်တော့် ...ထဲက အလုံးကြီး ကျသည်။

''ကြည့်စမ်း ဗွန်ဂိုက သိပ်လိမ္မာတာပဲ၊ စန္ဒီကို မအိပ်ဘဲ စောင့်နေ ...တယ်ပေါ့ ဟုတ်လား၊ ရော့ မင်းအတွက် အသားညှပ် ဟမ်ဘာဂါ''

ရိုးအီနေပြီဖြစ်သော ထိုအစာအတွက် ကျွန်တော် ...

...ငြင်းဆန့်လိုက်တော့ စန္ဒီ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ သဘော ဗွန်ကို မစားချင်လည်း မစားနဲ့တော့''

ကျွန်တော့်ကို ပြောပြီး နိုင်ငံခြားတေးသွား တစ်ပုဒ်ကို ဆိုညည်းရင်း စလင်းဘက်လေးအား လက်ညှိုးလေးနှင့် ဝှေ့ဝိုက်ရမ်းကာ အိမ်ထဲဝင်သွား သော စန္ဒီ၏နောက်သို့ ကျွန်တော် လိုက်သွားမိသည်။ သဘောမနော ကောင်း လွန်းသည့် စန္ဒီက ဤအိမ်တွင် ကျွန်တော် ဘယ်အခန်းဝင်ဝင် ငြိုငြင်သည် မရှိ။

''ဟောတော့ ဗွန်ကို မအိပ်ချင်သေးဘူးလား။ ဒါဆိုလည်း စန္ဒီကို ခဏစောင့် စန္ဒီ ရေချိုးဦးမယ် ဟုတ်ပြီလား''

ရေချိုးခန်းမှ ထွက်လာသော စန္ဒီက သူ၏ဆံနွယ်များကို **Dryer** နှင့်မှုတ်သည်။ နွေးထွေးစ ပြုတော့ ကိုယ်ပေါ်က ခြုံလွှာကို ခွာပြီး မှန်ရှေ့ တွင် ရပ်သည်။ ကျွန်တော်၏ရှေ့မို့ စန္ဒီ၏ လွတ်လပ်မှုကို အားလုံး နားလည် နိုင်ကြလိမ့်မည် ထင်သည်။

''အင်း ဘာလိုလိုနဲ့ ကိုကို နိုင်ငံခြားက ပြန်လာမယ့်ရက် နီးပြီပဲ၊ ကိုကို ပြန်ရောက်ရင် စန္ဒီ့အလှကို အငမ်းမရ ဖြစ်ဦးမှာပါ ဟင်း ဟင်း''

တစ်ယောက်တည်း တီးတိုးပြောရင်း ကိုယ်လုံးပေါ် မှန်ရှေ့တွင် ဝင်းဝါစိုပြည်နေသော ကိုယ်ကာယအလှအား စန္ဒီ ကျေနပ်သလို လှည့်ပတ် ကြည့်နေစဉ် ဖုန်းသံမြည်လာ၏။

''ဟဲလို စန္ဒီပါ၊ ဩော် 'ရောဘတ်ကျော်ဝင်း'လား ဟို လာမယ့် **Saturday** မှ ကိုကို ပြန်ရောက်မှာလေ''

စန္ဒီ၏ ဟန်းဖုန်းမှ **Loud Speaker** ဖွင့်ထား၍ တစ်ဖက်မှ ပြန်ပြော သံကိုလည်း ကျွန်တော် အတိုင်းသား ကြားနေရသည်။

''ဒါဆို ခုပဲ ကိုယ်လာခဲ့မယ်နော်၊ စန္ဒီရဲ့ လှပမှုကို အခုလို သာယာ တဲ့ညမှာ ကိုယ် ဂုဏ်ပြုညှော်ခံချင်လို့ ဟုတ်ပြီလား''

''အို ဘာမှန်းလဲ မသိဘူး သွား''

ကျွန်တော် တစ်သျှိုက်လုံး လေးစားခဲ့သော စန္ဒီ၏ အလှတရားကို ထိုညက ဆုပ်ယူစားသုံးသွားခဲ့သည်။ သို့သော် ကျွန်တော့်အပေါ် ကောင်းလွန်းသော စန္ဒီကို ကျွန်တော် ဘယ်တော့မှ မုန်း၍ရမည် မထင်။ ငယ်ရွယ်နုပျိုသူ တစ်ဦး၏ သဘာဝအလျောက် ဖြစ်ပေါ်သော စိတ်လှုပ်ရှားမှုဟုလည်း ကျွန်တော် သဘော မတူနိုင်ပါ။ ကမ္ဘာလောကကြီးရေ ဖြစ်နိုင်ရင် ကျွန်တော့်ဘဝအတွက် တိုက်ဆိုင်မှု





တွေကို ဆေးရောင်လှလှ ခြယ်ပေးပါဦး။

ကျွန်တော် ကြေကွဲဝမ်းနည်းစွာ စန္ဒီကို ကျောခိုင်းထွက်ခဲ့သည်။ ရင်ထဲတွင် အမျိုးအမည် ဖော်ပြ၍ မရနိုင်သော ခံစားမှုက တစ်ခုခု ဆုံးရှုံးသွား သလို ဆို့နစ်နာကျင်နေသည်။ ဘဝအတွက် မှတ်မှတ်ရရ နေ့များစွာထဲမှ တစ်နေ့ အပါအဝင်ဟုပင် ကျွန်တော် ရင်နာစွာ သတ်မှတ်လိုက်မိသည်။

ဘယ်သူ့ကို စိတ်နာရမှန်းလည်း မသိ။ သေချာတာ တစ်ခုကတော့ ကမ္ဘာလောကတွင် သတ္တဝါတစ်ကောင်အဖြစ် အသက်ရှင်ခွင့် ရနေခြင်းကို ကျွန်တော် ရွံမုန်းလာသည်။ ကြည့်စမ်း သခင်ကို ရှာပုံတော်ဖွင့်ခဲ့တာလည်း တစ်လတင်းတင်း ပြည့်ခဲ့ပြီ။ ကျွန်တော် စဉ်းစား ဆုံးဖြတ်ခဲ့သည့်အတိုင်း ကျွန်တော့် ဘဝကို ချုပ်ငြိမ်းစေရမည်။

■ ■ ■

သခင်ကို နောက်ဆုံး တမ်းတခြင်းအဖြစ် ကျွန်တော် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ည၏လှပဝိုင်းစက်သော လဝန်းတွင် သခင့်မျက်နှာ အရာထင်သည်။ အဝေးမှ တက်လာသော မီးအလင်းတန်း တစ်ခုကို သတိ ထားလိုက်မိသည်။ ကျွန်တော် ကတ္တရာလမ်းပေါ် ဦးတည်လိုက်သည်။ ''နောင် ဘဝမှာ သခင်နှင့် တွေ့ရပါစေလို၏ ဘုရား''ဟု ကျွန်တော် တမ်းတမ်းမွတ် မွတ် ဆုတောင်းပြီး သက်မတစ်ခု မှုတ်ထုတ်ရင်း မျက်စိစုံမှိတ်ကာ တဖြည်း ဖြည်း နီး၍လာသော ကားမီးအလင်းတန်းနောက်သို့ ကျွန်တော် တဖွတ်ထိုး ပြေးပြီးဝင်လိုက်သည်။

ကျွီခနဲ မြည်သံနှင့်အတူ ကျွန်တော့်မျက်လုံးများ ပြာဝေသွား၏။ ကတ္တရာလမ်းနှင့် ခြေဖဝါးတို့၏ ထိတွေ့မှုကို ခံစားနေရ၍ ကျွန်တော် အသက် ရှင်နေသေးကြောင်း သိသည်။

''ဟာ ဂျက်ကီး ဂျက်ကီး ငါ့သားကြီး''

မျှော်လင့်မထားသော ခေါ်သံကြောင့် ကျွန်တော် ရင်တလှပ်လှပ် နှင့်ကာ မော့ကြည့်ဖြစ်သည်။ ''ဂျက်ကီး''ဟု အမည်ခေါ်တတ်သူမှာ ကျွန်တော့် သခင် ဖိုးခွားမှလွဲပြီး အခြားမရှိ။ တားဆီး၍မရနိုင်သော ပျော်ရွှင်မှုကြောင့် ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သည်။

''ဂျက်ကီး သား မင်း ငါ့ကို မမှတ်မိဘူးလား။ ငါ ဖိုးခွားလေကွာ''



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်၍ လက်ကမ်းနေသော "ဖိုးခွား"၏ ရင်ခွင်သို့ ကျွန်တော် တိုးဝင်လိုက်သည်။ သခင်သည် အရင်ကလို အရက်ကြောင့် တိမ်ဝင်နေသော အသံမျိုးမဟုတ်၊ အသံ ဘယ်လိုပြောင်းပြောင်း သခင်၏ မပြောင်းလဲသည့် ရင်ခုန်သံတို့တော့ ကျွန်တော် ရင်းနှီးကျွမ်းဝင်စွာ နားလည်နေပါသည်။

"မင်းနဲ့ခွဲတဲ့နေ့ကစပြီး ငါ အရက်ဖြတ်လိုက်တာကွ၊ အခု တက္ကစီ မောင်းပြီး ငါ့ဝင်ငွေနဲ့ငါ ရပ်တည်နိုင်ပြီ၊ မင်း အားငယ်စရာ မလိုတော့ဘူး၊ မင်း ငါနဲ့လိုက်ခဲ့ရမယ် သိလား"

ရှည်လျားထွေပြားလှသော သခင်၏စကားတို့ကို ကျွန်တော် ရေရာ တိကျစွာ မသိခဲ့။ ကျွန်တော် သိနေသည်မှာ ကျွန်တော့်ဘဝ ဖြတ်သန်းမှု အတွက် ကမ္ဘာလောကသည် ဆေးသားညီညီ လိမ်းခြယ်ပေးလိုက်ပြီ ထင် သည်။

ပျူး

{မြင်ကွင်းမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၀ ခုနှစ်}

# ပျူး

အိမ်ဖေါ်သော့(ဗ်)ဝဲ(လ်)



www.burmeseclassic.com

www.burmeseclassic.com

## အိမ်ဖော်သော့(စ်)ဝဲ

ဝတ္ထုတွေ ရုပ်ရှင်တွေမှာ ကျွန်မတို့ မကြာခဏ ဖတ်ခဲ့ ကြည့်ခဲ့ရဖူးသည့် အိမ်ဖော်မလေးများ အကြောင်းကတော့ သနား ကရုဏာသက်စဖွယ်ကောင်းလှသည်။

တလောက ဓနမဂ္ဂဇင်း တစ်စောင်ကို ကျွန်မ ဖတ်ဖြစ်သည်။ မဂ္ဂဇင်းထဲပါသော နိုင်ငံရပ်ခြား ဆောင်းပါးတစ်ပုဒ်တွင် အင်ဒိုနီးရှား နိုင်ငံမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ အလုပ်သွားလုပ်သော အိမ်ဖော်အမျိုးသမီးအား အိမ်ရှင်မဖြစ်သူက လူမဆန်စွာ မတရား ညှဉ်းပန်းနှိပ်စက်၍ မျက်စိကွယ်လုဖြစ်ရပုံ၊ အလှမျှောပါး ခံစားရပုံတို့ ပါဝင်သည်။

'ဪ မိန်းမသားချင်း ဘာဖြစ်လို့ ဒီလောက်တောင် ကိုယ်ချင်းစာနာ ရက်စက်ကြပါလိမ့်' ဟု ကျွန်မ တွေးရင်း ကြက်သီးပင် ထမိသည်။ တစ်ဝန်းချင်းသတင်းဂျာနယ်များတွင် ပါရှိဖူးသည့် အကြိမ်ကြိမ် နှိပ်စက်ခံရ၍ အိမ်ဖော်အသုံးခဲ့ရပုံများ၊ ရက်စက်ညှင်းပန်း လွန်းသောကြောင့် မကြံအပ် မတည့်ရာ အထပ်တိုက်ပေါ်မှ လွတ်ရာလွတ်ကြောင်း ခုန်ချမိသည့်အတွက် အသက်ဆုံးရှုံးရပုံများအား ဖတ်မိပြီး အကယ်၍ ကျွန်မသာ အိမ်ဖော်ဖြစ်ခဲ့လျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ချင်းစာနာစွာ ဆက်ဆံဖြစ်မည်ဟု ကျွန်မ တွေးတောမိဖူးလေသည်။

တကယ်တမ်းတော့ ကျွန်မ အတွေးသာလျှင် ရှိခဲ့ဖူးခြင်းဖြစ်၏။ အိမ်တွင် လူငိုလူလျှံတစ်ယောက် ထားရမည်ကို ကျွန်မစိတ်က လိပ်ပြာမသန့် ချင်။ ထို့အတွက် အိမ်မှုကိစ္စအဝဝကို ကျွန်မ အတတ်နိုင်ဆုံးပြေလည်အောင် စွမ်းဆောင်ခဲ့သည့်ခြင်းပင် ဖြစ်၏။

ကျွန်မတို့၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်စုအတွက် တတိယမြောက်သားလေးကို မွေးသောအခါ၌ ထိုကလေးအတွက် 'မောင်'က အကြံပြုလာပါသည်။

"ဖြူ ကလေးကိစ္စ၊ ချက်ရေးပြုတ်ရေးကိစ္စ၊ သန့်ရှင်းရေးကိစ္စတွေ အတွက် ဖြူတစ်ယောက်တည်း မဖြစ်နိုင်တော့ဘူးထင်တယ်"

ညဆယ်နာရီထိုးပြီးသည်အထိ ညစာပင် မစားနိုင်သေးဘဲ ကလေး တစ်ယောက်နှင့် အလုပ်ရှုပ်နေသည့် ကျွန်မကို မောင်က ကရုဏာသက်သလို ကြည့်ရင်း ပြော၏။

"မောင်က ဘာလုပ်စေချင်လို့လဲဟင်"

ကျွန်မ မောင့်ကို မော့ကြည့်ရင်းမေးတော့ မောင် ခေါင်းယမ်းကာ သက်ပြင်းတစ်ချက် ချ၏။

"ဘာလုပ်ရမလဲ ဖြူရယ်၊ မောင်က အလုပ်တစ်ဖက်နဲ့ ဖြူ့ကို ဝိုင်းမကူနိုင်တော့ မောင်တို့အတွက် အိမ်အကူတစ်ယောက်လောက်တော့ ရှိသင့်တာပေါ့"

ဘယ်ကရောက်လာမှန်းမသိသည့် စိုးရိမ်စိတ်နှင့်အတူ ကျွန်မ မောင့်ကို ဖျတ်ခနဲ ပြန်ကြည့်မိသည်။

"ဖြစ်ပါ့မလား မောင်ရယ်၊ အိမ်မှာ သူစိမ်းတစ်ယောက်ကို လက်ခံတယ်ဆိုတာ"

ကျွန်မစကား မဆုံးခင် မောင်က အနီးတိုး၍ လက်ကာပြရင်း

"ဒီလိုလည်း မဟုတ်ဘူးလေ၊ ကိုယ်ဘက်က အစစအရာရာ မေတ္တာ ကရုဏာနဲ့ဆက်ဆံရင် သူတို့လည်း ကိုယ့်အပေါ် ကောင်းကြမှာပါ၊ တစ်ခုတော့ ရှိတယ် ဖြူရဲ့၊ ခေတ်သစ် အိမ်ထောင်စုတွေမှာ အိမ်အကူ တစ်ယောက်ဟာ အင်မတန်မှ အထောက်အကူဖြစ်စေတာ အမှန်ပဲ"





မောင်က ကျွန်မ၏ နဖူးမှ ချွေးစတို့ကို လက်ဖြင့် တယုတယ သုတ်ပေးရင်းပြောတော့ ပင်ပန်းမှုကြားမှ ကျွန်မ မောင့်ကို ပြုံးကြည့်ဖြစ်သည်။

"အင်းလေ မောင် ကောင်းမယ်ထင်ရင်လည်း စီစဉ်ကြည့်ပေါ့"

■ ■ ■

တကယ်တမ်း စီစဉ်ကြတော့လည်း အိမ်အကူတစ်ယောက် ရဖို့ရန် မလွယ်ကူလှပါ။ ပွဲစားဆိုသူ ခေါ်ဆောင်လာသော သူများအား အရွယ်အစား အလိုက် ဈေးအမျိုးမျိုး တွေ့ရသည်။ ခြောက်လစာတောင်းသူ၊ တစ်နှစ်စာ တောင်းသူနှင့် စုံလင်လှ၏။

ကိုယ့်အိမ်မှာ ထားမည့်သူဆိုတော့လည်း ရုပ်ရည်လေးသန့်သန့် ပြန့်ပြန့် ဖြစ်စေချင်တာ အမှန်ပင်ဖြစ်၏။ နည်းနည်းကလေး ကြည့်ကောင်း မည့်သူကို တွေ့မိတော့ မဆီမဆိုင် တီဗီ၊ ဒီဗီဒီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော် စက် ရှိသလားဟု ဆသဖြင့် မေးမြန်းတတ်သေးသည်။

"နေပါဦး သမီးရဲ့၊ သမီးက အိမ်မှာ အလုပ်လုပ်ဖို့ လာတာ မဟုတ်ဘူးလား"

ကျွန်မက မေးတော့ ကြမ်းခင်းတွင် ထိုင်နေသည့် အိမ်ဖော်ဆိုသူ ကောင်မလေးက မပြောခင် ပွဲစားဖြစ်သူ အမျိုးသမီးကြီးက ဝင်ရောက်ပြော နေသည်။

"မဟုတ်ဘူးလေ၊ သူတို့က နယ်မှာဆို ညတိုင်း ဗီဒီယိုရုံ ရောက် နေကျဆိုတော့"

"ဩော် ဒါလား ကိစ္စမရှိပါဘူး၊ ဒီမှာတော့ ရုံသွားစရာ မလိုတော့ ဘူးပေါ့၊ အိမ်မှာ စက်ပစ္စည်းအစုံ ရှိနေတဲ့ဥစ္စာ"

ကျွန်မ မပြောခင် နံဘေးမှ တွဲလျက် ထိုင်နေသည့် မောင်က ရုတ်တရက် ဝင်ပြောလိုက်၍ ကျွန်မ မျက်စောင်းဆတ်ခနဲ ထိုးတော့ မောင် ဇက်ပုပြီး ငြိမ်ပိတ်သွားသည်။

"ကဲပါလေ ဒါဆိုလည်း ကျွန်မတို့ဘက်က သူ့အတွက် ငွေရေးကြေး ချိတ်ပါမယ်၊ ဩော် ဒါနဲ့ အဝတ်အစားထုပ်ရော မပါဘူးလား"

ကျွန်မ မေးတော့ ကောင်မလေးက ပွဲစားအမျိုးသမီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်၏။ အမျိုးသမီးကြီး၏မျက်နှာက ချက်ချင်းဆိုသလို ညှိုးရော်ကျကာ

"အင်း ဒီကလေးက မိတက္ကဲ ဖတက္ကဲဆိုတော့လေ အင်မတန်မှ ချို့တဲ့ပြီး သနားစရာကောင်းပါတယ်"

"ဟင် ဟုတ်လား၊ သနားစရာများ လိမ်လိမ်မာမာနဲ့ အလုပ်သာ ကြိုးစားလုပ် ကြားလား သမီး၊ အိမ်မှာက ဖြူ မဝတ်တော့တဲ့ အဝတ်အစား ကောင်းတွေ အများကြီး ရှိနေတာ"

ကြည့်စမ်း ဝင်ပါပြန်ပြီဟု တွေးရင်း ကျွန်မ မောင့်ကို မျက်စောင်း ထိုးရုံတင်မကဘဲ ဘေးနားကပ်လျက် မောင့်ဗိုက်ကိုပါ ကျိတ်၍ လိမ်ဆွဲလိုက်သည်။ မောင် မျက်နှာကြီးနီမြန်းသွား၏။

ပွဲစားခ တစ်လစာနှင့် တစ်နှစ်စာ လခပေးချေလိုက်မှ အမျိုးသမီး ကြီးက ကျေနပ်စွာပြုံးရင်း ထပြန်သည်။

"ဟဲ့ စိုးစိုး လိမ်လိမ်မာမာ နေခဲ့နော် ကြားလား၊ အလုပ်ကို ကြိုး စားလုပ်"

ပွဲစားအမျိုးသမီးကြီး ပြန်ပြန်ချင်း မောင့်ကို နားရွက်ဆွဲပြီး ကျွန်မ အခန်းထဲ သွင်းရသည်။

"အား နာတယ် နာတယ် ဖြူရဲ့ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မောင်ရဲ့ ဒီကိစ္စ မောင်တို့ယောကျ်ားတွေ နားမလည် ပါဘူး၊ နေရာတကာ မောင်က ဝင်ပါတော့ ဖြူက သဘောထားသေးသိမ်တဲ့ မိန်းမလို ဖြစ်မနေဘူးလား"

ခုတင်မှာထိုင်ရင်း ဇဝေဇဝါ ကျွန်မကို ပြန်ကြည့်နေသော မောင့် ကို ကျွန်မ ရှင်းပြလိုက်မှ မောင် သဘောပေါက်သွားပုံရ၏။

"အေးပါကွာ နောက်မပြောတော့ပါဘူး"

■ ■ ■

လူတစ်ဦး တစ်ယောက်အတွက် အိမ်မှုအသုံးအဆောင်ပစ္စည်းဆို တာကလည်း အများသား၊ အဝတ်အစား မွေ့ရာခြင်ထောင်မှအစ ထီး၊ ဖိနပ်အထိ ကျွန်မတို့ စီစဉ်ပေးရသည်။ ယုတ်စွအဆုံး အမျိုးသမီး ကျန်းမာရေး လစဉ်သုံး ပစ္စည်း အထိ သိုသိုသိပ်သိပ် စီစဉ်ခဲ့ရသည်။



"အန်တီ သမီးအတွက် သွားတိုက်စရာနဲ့ မျက်နှာသုတ်ပဝါ ဆို သေးတယ်"

"ဪ အေးအေး ညနေဈေးသွားရင်းနဲ့ တစ်ခါတည်း ဝယ်ခဲ့မယ်"

ဘယ်လောက်ပဲ ရုပ်ရည်သင့်တယ် ထားဦးတော့ ကိုယ့်မိသားစု ပစ္စည်း နှင့်တော့ ရောနှော အသုံးမခံချင်တာ အမှန်ပင်ဖြစ်၏။

သည့်တော့ ပစ္စည်းအမျိုးအမည်က ပိုမိုကျယ်ပြန့်လာသည်။ သူတို့ သိမ်းဖို့ သနပ်ခါးကျောက်ပျဉ်၊ ခေါင်းလိမ်းဆီကအစ လက်သည်းညှပ်အပြင် ဆိုလိမှတ်စအထိ ဝယ်ပေးရသည်။ သည်ကြားထဲ သားတို့သုံးသည့်တန်ဖိုး ကြီး ဆပ်ပြာရည်တွေ ခိုးများသုံးသလားဆိုပြီး သူတို့ ရေချိုးခန်းဝင်ပြီးသည့် အခါတိုင်း အနံ့ခံကြည့်ရသေးသည်။

ရေအိမ်ဝင်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ဆေးဖို့၊ အမျိုးသမီးသုံး ကျန်းမာ ရေးပစ္စည်းတွေကို စနစ်တကျ ထုပ်ပိုးပြီးမှ စွန့်ပစ်ဖို့၊ ခြေသည်းလက်သည်းတွေ သန့်စင်ဖို့၊ အစားအသောက်တွေ ကိုင်တိုင်း သန့်ရှင်းဖို့နှင့် ကျွန်မမှာ သင်လိုက်ရတာ တကယ်ပင် ဖတ်ဖတ်မော၏။

အဝတ်လျှော်စက် မကိုင်တတ်လို့၊ မီးပူမတိုက်တတ်လို့၊ အသီးအနှံ တွေ အနုအရင့် မရွေးတတ်လို့ဟု ဆို၍ ကျွန်မကိုယ်တိုင် ဈေးသွားပြ၊ အဝတ်လျှော်ပြ၊ မီးပူတိုက်ပြနှင့် အိမ်အကူ ခေါ်ထားသည်ဟုပင် မထင်ချင် တော့။

ရောက်ပြီး တစ်ပတ်ကျော်လာသည်အထိ ကျွန်မ စိတ်တိုင်းမကျခဲ့။ သားသမီးသုံးယောက်နှင့် လုံးလည်လိုက်နေ၍သာ ကျွန်မ သည်းခံနေရသည်။ အကြီးနှစ်ယောက် ကျောင်းကိစ္စ၊ လူမမယ်လေး ပြုစုရသည့်ကိစ္စနှင့် မလွဲသာ ရှောင်သာ မီးဖိုချောင်ကို ကျွန်မ လက်လွှတ်ထားရသည်။

"စိုးစိုးရေ ညှော်စော်နံတယ်ဟေ့၊ နောက်ဖေးက ဟင်းအိုး ကပ်နေ ပြီထင်တယ်"

"ဪ ဟုတ်ကဲ့၊ ဒီမှာ အဝတ်လှန်းနေတာနဲ့"

အသက်လေး (၁၆)နှစ်အရွယ်နှင့် မေ့တတ်လိုက်တာလည်း လွန်ပါ ရော။ အဝတ်လျှော်ရာ၌လည်း မောင့်အဝတ်အစားများနှင့် ထဘီများ ထပ်ရော ညည်း ရောစိမ်၍ ကျွန်မ ပြောခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''စိုးစိုးရေ ထဘီတွေ အတွင်းခံတွေကို ဒီဇလုံထဲ ထည့်၊ ယောကျ်ား လေးအဝတ်အထည်တွေကို ဒီဇလုံထဲ သီးသန့်ထည့် ကြားလား''

''ဟုတ်ကဲ့ အန်တီ''

အမျိုးသား အင်္ကျီနှင့် အမျိုးသမီးအဝတ်အစား သီးသန့်ခွဲပြီး စိမ် ခဲ့သော်လည်း အရောင်ရှိသော ယောကျ်ားအင်္ကျီ အဝတ်များနှင့် ရောလျှော် ၍ မောင့်အင်္ကျီ အဖြူကော်လံထောင့်တွင် အနီရောင်များ စွန်းထင်းသွားသည်။

''ဩော် ငါ ကိုယ်တိုင်ကလည်း အရောင်နဲ့အင်္ကျီတွေကို ခွဲပြီးလျှော် ဖို့ မမှာခဲ့မိဘဲကိုး''

ကျွန်မ အမျိုးမျိုး စိတ်ဖြေကြည့်သည်။ ညနေဘက် သားတို့ကျောင်း မှအပြန် စားစရာစီစဉ်ပေးသည့် အခါမှ ကျွန်မ စိတ်တိုသွားသည်။ ကျွန်မ စီစဉ်ထားသော အိုးတွင် ပုစွန်တုပ် ငါးကောင်လျော့နေ၏။ ကျွန်မ ဒေါသ ထွက်ခဲ့သော်လည်း မောင် အလုပ်မှအပြန် ပြောဖြစ်ခဲ့သည်မှလွဲ၍ တခြား ဘာမှမလုပ်ဖြစ်ခဲ့ပါ။ သားသမီးအတွက် မောင့်အတွက် ငဲ့ကွက်လိုက်သည့် အခါ ထိုညစာအတွက် ကျွန်မ အရံအသီးအရွက်ကြော်နှင့် ပြီးလိုက်ရသည်။

ညအိပ်ရာဝင်ခါနီး ကျွန်မ မနေနိုင်မထိုင်နိုင် ညည်းတွားတော့ မောင်က ကျွန်မကို ဖျောင်းဖျပြန်သည်။

''မောင် စဉ်းစားကြည့် ဒီလောက်ထိ ဖြူတို့ ကောင်းကောင်းထားတာ သူမို့ လုပ်ရက်တယ်''

''ဖြူကလည်းကွာ ကျိန်းသေရဲ့လား၊ တော်ကြာ မရှိခိုးနိုး ဖြစ်နေပါ ဦးမယ်''

''သိပ်ကျိန်းသေတာပေါ့ မောင်ရဲ့၊ အိမ်ထောင်ရှင် မိန်းမတစ်ယောက် ဆိုတာ မိသားစု လောက်ငအောင် ခွဲခြမ်းစိတ်ဖြာဖို့ ဘယ်နှကောင်မှလောက် မလဲဆိုတာ ရေတွက်ပြီး ဝယ်ထားတာ''

''အေးကွာ မသိချင်ယောင် ဆောင်နေလိုက်ပါ၊ လူဆိုတာကလည်း မစားဘူးတော့ စားချင်ရှာမှာပေါ့၊ မောင်တို့ဘက်ကသာ သူ စားစရာတွေ ရှိးသွားအောင် ခဏ ခဏကျွေးဖို့လိုတယ်''

မောင်၏ စိတ်သဘောထား မြင့်မြတ်မှုကို ကျွန်မ လေးစားမြတ်နိုး ရပါသည်။ သို့သော် သိလျက်နှင့် မသိချင်ယောင်ဆောင်နေရသော စိတ်ဒုက္ခ





အတွက် ကျွန်မ ဗျူဟာတစ်မျိုး သုံးရသည်။

''စိုးစိုးရေ အဲဒီမှာ ကြက်သား အတုံးနှစ်ဆယ် တုံးထားပြီးပြီ၊ ချောင်အောင်ဆေးပြီး ဆီပြန်ဟင်း ချက်လိုက်တော့''

ကျွန်မ၏ တိကျသေချာမှုကို စိုးစိုး နားလည်သွားပုံရပါသည်။ တစ်လ ကြာတော့ အိမ်ကိုလွမ်း၍ ခဏပြန်ချင်သည်ဟု ဆိုလာသည်။

''မောင် စိုးစိုးက အိမ်ခဏ ပြန်ချင်လို့တဲ့''

စာကြည့်စားပွဲတွင်ထိုင်၍ အလုပ်လုပ်နေသော မောင်ကတော့ သူ့ အလုပ်မှလွဲပြီး အခြား ဘယ်အလုပ်ကိုမှ အာရုံစိုက်မိသည့်ပုံ မပေါ်ပါ။

''အေးလေ သူပြန်ချင်တယ်ဆိုရင်လည်း သူစိတ်ချမ်းသာအောင် ခုလေးရက် ပြန်လွှတ်လိုက်ပေါ့''

''ပြန်မလာရင် ဘယ့်နှယ်လုပ်မလဲ မောင်ရဲ့၊ ဖြူက တစ်နှစ်စာ လုံးသိန်းခြောက်သောင်းတောင် ပေးထားရတာ၊ ဒါတောင် ပွဲစားခ မပါဘူး၊ အသုံးအဆောင်ပစ္စည်းဖိုး မပါဘူး''

''အဲသလိုတော့ လုပ်မယ် မထင်ပါဘူး ဖြူရယ်၊ သူ ခဏပြန်ချင်တဲ့ အခါ မလွှတ်ပြန်ရင်လည်း ဘယ်ကောင်းပါ့မလဲ''

မောင့်သဘောကို လိုက်လျောမိ၍ ကျွန်မ စိုးစိုးအား အိမ်ခဏပြန် ခွင့်ပြုလိုက်သည်။

''စိုးစိုး သိပ်ကြာလို့တော့ မဖြစ်ဘူးနော်၊ ဒီမှာက ကလေးသုံးယောက် နဲ့ အန်တီ တစ်ယောက်တည်း အဝတ်အစားတွေ အကုန်ယူမသွားနဲ့''

ကလေးကို ချီရင်း တစ်ဖက်နှင့် စိုးစိုး အဝတ်အစားများ ထည့်နေရာ အနီးသို့သွားပြီး ကျွန်မ ပူပင်စွာ စိုးစိုးကို တတွတ်တွတ် မှာရသည်။

''သမီးက ရွာက အလှူကို သွားမှာ၊ အန်တီတို့ ဘယ်လောက်အထိ ထားကောင်းပြီး သမီးကို ဆင်တယ်ဆိုတာ ဝတ်ပြပြီး ကြွားချင်တာ''

အမယ် ဒါမျိုးကျတော့ စိုးစိုးတို့က အလည်သား၊ မယုံချင်သော် လည်း မတတ်သာသည့်အဆုံး၌ အဝတ်အစားများပါ ထည့်ပေးလိုက်ရသည်။ ပြန်ရထားစရိတ်ပါ အဆစ်ပါသေး၏။

''အန်တီ ငါးဖယ်ချဉ် ကြိုက်လား ဟင်''

''ဟဲ့ ဘာလုပ်မလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရှာအပြန် လက်ဆောင် ဝယ်လာမလို့ပါ"

"အပိုတွေ လုပ်မလာပါနဲ့ စိုးစိုးရယ်၊ သမီး ပိုက်ဆံကုန်ပါတယ်"

ထင်ထားသည့်အတိုင်း ထိုရက်မှအစပြု၍ စိုးစိုးအပေါ် မလာတော့ပါ။ သာနိုး လာနိုးနှင့် တစ်ပတ်ကျော်လာသည့်အခါ ကျွန်မ စိတ်တုံးတုံးချလိုက်သည်။

"ဖြူ ပြောသားပဲ မောင့်ကို"

"အေးကွာ ရိုးရိုးအအ ဆိုတော့လည်း ဒီလိုလုပ်လိမ်မယ် မောင်က မထင်ဘူးလေ"

"ဩော် ဘာကိုကြည့်ပြီး ရိုးတယ်ပြောတာလဲ"

"မသိဘူးလေကွာ၊ ပညာကလည်း မတတ်၊ ဗဟုသုတကလည်း မရှိ၊ နုံနုံအအဆိုတော့ မောင်က ဒီလို မလုပ်ရဲဘူး ထင်နေတာ"

ကွန်ပျူတာရှေ့မှာ ထိုင်ကာ ပေါ့ဆဆ မောင် ခေါင်းကုတ်ရင်း ပြောတော့ ကျွန်မ မောင့်ကိုပါ အလိုမကျသလို ခပ်စူးစူး ကြည့်ပြီး ပြောဖြစ်သည်။

"တော်ပါပြီ မောင်ရယ်၊ ဖြူတော့ တကယ်စိတ်ကုန်တယ် သိလား"

စိတ်ကုန်တယ်သာ ညည်းမိသည်။ တစ်ရက် နှစ်ရက်အတွင်း သားသမီးသုံးယောက်နှင့် ကျွန်မ မနိုင်မနင်း ဖြစ်ကုန်သည်။ သုံးရက်လောက်နေတော့ ပင်ပန်းမှုနှင့် မလှုပ်နိုင်လောက်အောင် အဖျားဝင်လာသည်။

"ကဲပါကွာ ဖြူ ဒီလောက်ဖျားနေတာ အိပ်ရာပေါ်မှာပဲ နားနားနေနေ နေစမ်းပါ၊ ဒီနေ့ မောင် အလုပ်မသွားတော့ဘူး၊ မောင့် တာဝန်ထား"

မောင်က ကျွန်မကို ဆေးနှင့်ရေခွက်လှမ်းပေးရင်း ပြောတော့ ကျွန်မ မောင့်မျက်နှာကိုကြည့်ပြီး ဝမ်းနည်းမိသလို ခံစားရပြန်သည်။

"မောင် မပြောဘူးလား၊ ကြာရင် ဖြူတစ်ယောက်တည်း အိပ်ရာထဲ လဲလိမ့်မယ်လို့၊ မဖြစ်ပါဘူးကွာ၊ မောင် ဒီနေ့ပဲ လူထပ်ခေါ်ဖို့ စီစဉ်မယ်"

စိတ်တိုင်းမကျသော်လည်း အခြေအနေအရ ခေါင်းညိတ်လိုက်ရပြန်သည်။ မောင် ဖုန်းဆက်ခေါ်သည့်အတွက် ကံကောင်းထောက်မစွာ ညနေဘက်တွင် အသက် ၂၀ကျော်ဝန်းကျင်အရွယ် 'နွေးနွေး' ဆိုသော ကောင်မလေး တစ်ယောက် ထပ်ရောက်လာသည်။





ပိန်ပိန်လိုလို မည်းမည်းခြောက်ခြောက်နှင့် ရုပ်ရည်အဆင့်အတန်း ရှိဟန်လွန်းသောကြောင့် ကျွန်မ ဘဝင်မကျမိတာ အမှန်၊ ရှေ့ကတစ်ယောက် နှင့်လည်း ခံခဲ့ရပြီးပြီမို့ ပွဲစားဆိုသူအမျိုးသမီးကြီးကို တစ်လလောက် အရင် စမ်းသုံးကြည့်ချင်သည်ဟု ပြောမိ၏။

"ရပါတယ် ညီမရဲ့၊ သူက လိမ္မာပြီးသားပါ၊ သူ့ကို စမ်းသုံးပြီး ညီမတို့ သဘောကျသွားကြပါလိမ့်မယ်"

မယုံချင်ပေမယ့် ဆုံးလည်း တစ်လစာပဲလေဟု ဆုံးဖြတ်ရင်း လက်ခံ ထားလိုက်သည်။ အံ့ဩရပါသည်။ သုံးလေးရက်အတွင်း ကျွန်မ သင်သမျှ မှတ်နေသော 'နွေးနွေး' ကြောင့် သူတို့ လက်လွှတ်ခံရမှာ စိုးရိမ်လာသည်။ အနှစ်ချုပ်ဆိုသော်လည်း အစားအသောက်၊ အနေအထိုင်၊ အလုပ်အကိုင်မှအစ အရာတစ်ခုမှ ပြောစရာမရှိအောင် ကျွန်မ စိတ်တိုင်းကျခဲ့သည်။

လစာများများနှင့် ခေါ်ထားမည်ဟု ကျွန်မ စိတ်ကူးယဉ်၍မဆုံးခင် ပြဿနာတစ်ခု စလာပြန်၏။ နွေးနွေးက ကလေးနှစ်ယောက် အမေတဲ့လေ။ အငယ်တစ်ယောက်ဆို တကယ့် လူမမည်အရွယ် နို့စို့ဟု သိရသည်။

"နွေးနွေးရယ် အစကတည်းက အန်တီတို့ကို ရိုးရိုးသားသား ပြောဖို့ ကောင်းတယ်၊ အခု နို့စို့အရွယ် ကလေးရှိမှန်းသိရက်နဲ့ အန်တီတို့က သမီးကို ပြန်မလွှတ်ရင် ဘယ်တရားရာ ကျပါ့မလဲ"

အခြေအနေမှန်ကို သုံးသပ်ပြီး စရိတ်ပေးကာ နွေးနွေးကို ရှာပြန် လွှတ်လိုက်ရပြန်သည်။ အသုံးတည့်သော်လည်း အခြေအနေက မပေးပြန်။

တစ်ရက် တစ်မနက်ပင် အိမ်အလုပ်နှင့် တစ်ယောက်တည်း စခန်း သွားရမှာ စိုးရိမ်ကြောက်ရွံ့လာသော ကျွန်မအတွက် ပွဲစားအမျိုးသမီးကြီး အား ဆက်သွယ်ကာ အိမ်ကို ပင့်ရပြန်၏။ ညနေစောင်းတော့ အထုပ်ကလေး သေးသေးပိုက်လျက် အသက် ၁၈ နှစ်အရွယ် မိပိုင်းဆိုသည့် ကောင်မလေး တစ်ပါတည်း ပါလာ၏။

"မိပိုင်းက ဘယ်နှတန်းအထိ ပညာသင်ဖူးသလဲ"

ကျွန်မ 'မိပိုင်း' ကို မေးရင်း ကျွန်မနှင့် ကပ်လျက်ထိုင်နေသော မောင့်အား မပြောပါနဲ့နော်ဟူသည့် အကြည့်မျိုးဖြင့် တစ်ချက်ဝေ့ကြည့်ဖြစ် သည်။

"သမီးက လေးတန်းအထိ ကျောင်းနေဖူးပါတယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေတောင် ရှုံးတာ၊ ဒါပေမဲ့ မိသားစုများတော့ သမီးလည်း ကျောင်းဆက်မတက်ဖြစ်တော့ဘူး။ အဖေကလည်း ကျန်းမာရေးမကောင်းတော့ တစ်ဖက်တစ်လမ်းက ကူညီတဲ့သဘောပေါ့''

ရှုန်းရှုန်းဝေအောင် ပြောပြနေသည့် မိဝိုင်းကတော့ သွက်လက်ချက်ချာလွန်းလှသည်။ အပျိုအရွယ်တစ်ယောက်၏ အလုံးအထည်နှင့် ပြည့်စုံနေသော မိဝိုင်း၏ လက်ကလေးများ၊ ရှုပ်ယှက်ခတ်နေအောင် ပြောဆိုပုံကို ကြည့်ရင်း ကျွန်မ စိတ်ထဲ စနိုးစနောင့်တော့ ဖြစ်မိ၏။ ကျွန်မ စိတ်တိုင်းမကျ ဆုံးမှာ မိဝိုင်း၏ ဝေ့ကစားလွန်းသော မျက်လုံးအစုံပင် ဖြစ်သည်။

ပွဲစားမိန်းမကြီး ပြန်ပြန်ချင်း ကျွန်မ 'မိဝိုင်း'ကို လက်တို့ ခေါ်ရသည်။

''ကဲ 'ဝိုင်း'လာဦး၊ အန်တီနဲ့ နောက်ဖေးခန်းကို လိုက်ခဲ့၊ အန်တီ သမီးကို သင်ပြစရာတွေ ရှိတယ်''

နောက်ဖေးခန်းရောက်မှ ကျွန်မ ပြောစရာရှိတာတွေ မိဝိုင်းအား တိုးတိုးတိတ်တိတ်နှင့် သွန်သင်ဆုံးမရ၏။

''သမီးကို အန်တီ ပြောမယ်၊ သမီးအရွယ်က အပျိုအရွယ်ဖြစ်နေပြီဆိုတော့ နေရာတကာ ဖုံးဖုံးဖိဖိ နေရမယ်၊ ကြားလား၊ ကျန်းမာရေးအတွက် အမျိုးသမီးကိစ္စရှိရင် အန်တီ့ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်''

''စိတ်ချ အန်တီ၊ သမီးက လိမ်လိမ်မာမာ နေမှာပါ''

အပြောနှင့်အလုပ်တော့ ညီသည်ဟု ဆိုနိုင်သည်။ ကျွန်မ အိပ်ရာမထခင်မှာပင် မိဝိုင်း ဟင်းထမင်း ချက်ပြီးနေ၏။ အိမ်ရှိသမျှ အဝတ်တွေ မပြောမဆို ယူလျှော်သည်။ ကြမ်းခင်းနှင့် ပြတင်းတံခါးများကိုလည်း လက်နေအောင် တိုက်၏

ထို့အပြင် သားတို့သမီးတို့၏ ကျောင်းပို့ ကျောင်းပြန် ထီး၊ ဖိနပ်က အစ အလိုက်သင့် ချပေး၊ သိမ်းပေး၍ မောင်ကိုယ်တိုင် ပါးစပ်က ဖွင့်ပြောချီးကျူးသည်အထိ မိဝိုင်းက တာဝန်ကျေလေသည်။

''အေးကွာ ဝိုင်း ရောက်လာမှ မောင်တို့အိမ်မှုကိစ္စတွေ အတော်လေး အဆင်ပြေသွားတယ်၊ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလဲ''

မောင့်စကားကြောင့် ကျွန်မ ဟိုဒီ မျက်လုံးဝေ့ကြည့်ရင်း မောင့်ကို တိုးတိုးလေး သတိပေးရသည်။

''မောင် သူ့ရှေ့မှာ သွားမပြောလိုက်နဲ့ဦးနော်''





တစ်လကျော်လာတော့ မောင်နှင့်ကလေးများက တစ်'ဝိုင်း'တည်း 'ဝိုင်း'လာကြသည်။ ပါးရည်နပ်ရည်ရှိလှသော ဝိုင်းက ကျွန်မထက်သာအောင် မောင့်ကိစ္စအဝဝကို ဆောင်ရွက်နိုင်သူ ဖြစ်သည်။ မောင် အလုပ်သွားတိုင်း ဘုတ်အကျီုထုတ်ပေးတာမျိုး၊ မောင် အလုပ်ပြန်တိုင်း အမောပြေ သံပုရာရည် ဖျော်တိုက်တာမျိုး၊ အစွမ်းထက်လွန်းလှသည်။

''ဦး သံပုရာရည်သောက်၊ ခဏနားပြီးရင် လန်းသွားအောင် တစ်ခါတည်း ရေချိုးလိုက်ပါလား၊ ဝိုင်း မျက်နှာသုတ်ပဝါ အသင့်ပြင်ထားလိုက်မယ်လေ''

မောင့်ကို သံပုရာရည်ခွက် လှမ်းပေးရင်း တစ်ဖက်က ပဝါပါကိုင်ထားသော ဝိုင်း၏ ပြုမူဟန်ကို ကလေးနို့တိုက်ရင်း ကျွန်မ တစ်ချက်လှမ်းကြည့်ဖြစ်၏။ အမလေးနော် ဟတ်လိုက်တာ၊ ကျွန်မ မောင့်အတွက် ဘာတစ်ခုမှ ဖြည့်စွမ်းနိုင်ခွင့် မရအောင် ဝိုင်းက ကျွမ်းကျင်နေသည်။

''ဦးကိုကြည့်ရတာ ဓလန်းသလိုဘဲ''

''အေးကွာ မျက်စိနည်းနည်း ဝေပြီး ဇက်ကြောတက်နေလို့''

မောင်က သူ့ဂုတ်ပိုးသူကိုင်ပြီး ညည်းသလိုပြောတော့ ချက်ချင်းဆိုသလို 'ဝိုင်း'က မောင့်အနား တိုးကပ်သွားသည်။

''သမီး နှိပ်ပေးမယ်လေ''

''ဝိုင်း''

ဒီအထိတော့ ကျွန်မ သည်းမခံနိုင်ပါ။ လိုတာထက်ပို၍ ကျယ်သွားသော ကျွန်မအသံကြောင့် ဝိုင်း အံ့သြသလို ကျွန်မရှိရာ လှည့်ကြည့်သည်။

''သွား ရေချိုးခန်းမှာ ကလေးအဝတ်တွေ ပုံထားတယ်၊ အခုညပဲ လျှော်လိုက်၊ တော်ကြာ မနက်ကျ မခြောက်ဘဲနေမယ်''

''ရပါတယ် အန်တီရဲ့၊ သမီး လျှော်ရင် ခဏလေးပြီးသွားမှာ၊ ခုပဲ ဓာတီက ကိုရီးယားဇာတ်လမ်းတွဲ ဇာတ်သိမ်းလာတော့မှာလေ၊ သမီး ကြည့်ချင်လို့''

''ဟုတ်သားပဲ ဖြူရယ်၊ လျှော်စက်ထဲထည့်ပြီး ညှစ်လိုက်ရင် ခဏလေးနဲ့ ပြီးသွားမယ့်ဥစ္စာ ကြည့်ပါစေ''

ဘုမသိ ဘမသိ မောင်က ဝိုင်းဘက်မှ ဖေးမ၍ ဝင်ပြောသော ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အသည်းအူ ဘလောက်လ်နေအောင် ယားလာသည်။ မောင်ကတော့ တကယ့်ကို ဘာအောင်းသည် မောင်အလုပ်က ပြန်လာတိုင်း မိသားစု စားဖို့ သောက်ဖို့အပြင် ဝိုင်း အတွက် တစ်ခုခု ပါလာတတ်သည်။

“မောင် ဖြူ တစ်ခုပြောမယ်၊ ဝိုင်းကို သိပ်မလိုမလိုက်နဲ့နော်”

“အလိုလိုက်တာ မဟုတ်ပါဘူး ဖြူရယ်၊ သူက စေတနာပါတော့ မောင်လည်း မိသားစုလို သဘောထားတာပါ”

တကယ်တမ်းလည်း မောင့်သဘောထား မြင့်မြတ်မှုကို ကျွန်မ ယုံကြည်ပါသည်။ တစ်ညု မောင် အပေါ့အပါးသွားရာမှအပြန် ကျွန်မကိုနှိုးပြီး ပြောသည်။

“ဖြူ ဖြူ မောင် ပြောစရာရှိလို့”

“အလန့်တကြား ညကြီးမင်းကြီး ဘာများလဲ မောင်ရဲ့”

“ဟိုလေ ဝိုင်း အိပ်မောကျနေတာ ခြေပစ်လက်ပစ်နဲ့ အမြင်မတော်ဘူး၊ သွားဖုံးပေးလိုက်ပါ ဖြူရယ်”

ရေအိမ်သို့သွားရာတွင် ဖြတ်ရသော အခန်းဖြစ်၍ ညမီးအလင်းငယ်များဖြင့် ဝိုင်း အခန်းက မြင်သာသည်။ ရိုးသားလွန်းသော မောင်က နောက်နေ့ အလုပ်မှအပြန်တွင် ခန်းစီးလိုက်ကာကြီးတစ်ခု ဝိုင်းအတွက် စီစဉ်ပေးခဲ့၏။

“ဒါဆိုပြီးပြီ၊ အခန်းကို လိုက်ကာနဲ့ ကာလိုက်ရုံပဲ၊ ဒီလိုပေါ့ကွာ၊ တစ်နေကုန် ပင်ပန်းတော့လည်း ခြေပစ်လက်ပစ် အိပ်မိမှာပေါ့”

မောင်ကိုယ်တိုင် ဝယ်လာ၊ မောင်ကိုယ်တိုင် ကာပေးရင်း ကျွန်မကို ပြောတော့ ကျွန်မ ပြုံးရင်း ခေါင်းညိတ်မိ၏။

“အင်းလေ ကာလိုက်တာပဲ ကောင်းပါတယ်၊ ဝိုင်းကတော့လေ”

တစ်ရက် မောင်တို့ ကုမ္ပဏီပိုင်ရှင်၏ သမီးဖြစ်သူ မင်္ဂလာဆောင် အတွက် မောင်နှင့်ကျွန်မ လက်ဖွဲ့စီစဉ်ကြသည်။

“တော်ရုံတန်ရုံနဲ့တော့ မကောင်းဘူး ဖြူရဲ့၊ မောင်တော့ ရွှေဆွဲကြိုး လေး တစ်ကုံး ဝယ်ထားလိုက်တယ်”

“အင်းလေ မောင်ပေးသင့် ပေးထိုက်တယ်ထင်လို့ ပေးတာပဲ၊ ဖြူက ဘာသဘောမတူစရာရှိလဲ”

ကျွန်မတို့ နှစ်ယောက် လက်ဖွဲ့ထုပ်ပိုးမှုကိုမြင်တော့ ‘ဝိုင်း’ အံ့ဩ



သလို အနားလာရပ်သည်။

“အန်တီတို့ ဦးတို့က အရမ်းချမ်းသာတာပဲနော်၊ သမီးဘဝမှာ အဲလို လက်ဆောင်မျိုး ဘယ်သူကမှ ပေးမှာမဟုတ်ဘူး”

သိမ်ငယ်ဝမ်းနည်းမှုစွက်သော ဝိုင်း၏အသံ တိုးညင်းညင်းကြောင့် ကျွန်မ စာနာသနားမိပြန်သည်။

“ဒီလိုလည်း ဘယ်ဟုတ်မလဲ ဝိုင်းရယ်၊ သမီးသာ အလုပ်ကြိုးစား သုပ်၊ တစ်ချိန်ချိန် အန်တီ ဝယ်ပေးမယ် ဟုတ်ပြီလား”

ထိုကဲ့သို့ ပစ္စည်းပစ္စယများနှင့် တိုက်ဆိုင်မှုရှိသည့်အခါတိုင်း ဝိုင်း ညှာခဲ့ပေါင်းများပြီ။ အင်မတန်မှ အားနာတတ်သော မောင်က ‘ဝိုင်း’အတွက် မွေးနေ့လက်ဆောင်အဖြစ် နာရီတစ်လုံး ဝယ်ပေးခဲ့သည်။

“ဟယ် နာရီလေးက လှလိုက်တာ၊ ဦးကို သိပ်ကျေးဇူးတင်တာပဲ သိလား”

ဝိုင်းက ရွှင်မြူးသွားသလို နာရီကိုကြည့်ရင်း သွက်သွက်လေး ပြောတော့ မောင်က ကျေနပ်စွာပြုံးပြီး ပြန်ပြော၏။

“အေး ထားတော့၊ အခု အဲဒီနာရီက တစ်သောင်းကျော်တောင် ပေးရတာ၊ ရှိရှိသေသေပတ် ကြားလား”

“ဟုတ်ကဲ့ အမြဲတမ်း ဦးရဲ့လက်ဆောင်ကို သမီး အမြတ်တနိုး သိမ်းထားမှာပါ”

နာရီကို ရင်တွင်အပ်လျက် ဝိုင်းဆီမှ တိုးလျစွာ ထွက်ပေါ်လာသော စကားကို ကျွန်မ အခန်းကွယ် ထောင့်မှ ကြားဖြစ်အောင် ကြားလိုက်ရသေး ၏။ ထိုညက ကျွန်မ အိပ်မပျော်ပါ။ လိုတာထက် ပိုနေသော စကားများအတွက် ကျွန်မ တစ်ညလုံး စိုးရိမ်သောကနှင့် စိတ်ထဲတွင် တင်းကျပ်နေခဲ့သည်။ မောင်တစ်နေရေးနိုးတော့ အံ့ဩသလို ကျွန်မကို ဖျတ်ခနဲ ကြည့်ရင်းမေး၏။

“ဟင် ဖြူ ခုထိ မအိပ်သေးဘူးလား”

“မအိပ်တာ မဟုတ်ဘူး မောင်၊ ဖြူ အိပ်လို့မရတာ”

ကျွန်မ နဖူးစမှ ဆံပင်များကို မောင်လက်နှင့်ယုယုယယ သပ်တင် ပေးတော့ ကျွန်မ နူးညံ့စွာ မောင့်ရင်ခွင်သို့ ခိုဝင်မိပါသည်။

“ဘာပြဿနာများ ရှိနေလို့လဲ ဖြူရယ်”



www.burmeseclassic.com

www.burmeseclassic.com

''လတ်တလော ပြဿနာရယ်လို့တော့ မဟုတ်ဘူးပေါ့၊ ပြဿနာဖြစ်လာမှာကို ဖြူ စိုးရိမ်တာ''

''ဘာကိစ္စများလဲ ဖြူရယ်၊ သားတို့ သမီးတို့ကိစ္စလား''

''မဟုတ်ဘူး မောင်၊ ကြာရင် ဝိုင်းအနေအထိုင်အတွက်''

ကျွန်မ စကားမဆုံးခင် မောင်က ကျွန်မ နှုတ်ခမ်းကို လက်ညှိုးကလေးနှင့်ဖိကာ ကျွန်မ နဖူးကို ခပ်ဖွဖွတစ်ချက်နမ်းပြီး ပြော၏။

''မောင့်မိန်းမနှယ် ရှာကြံပြီး စိုးရိမ်တတ်ရန်ကော၊ တစ်ခုပဲ မောင်ပြောမယ်၊ မောင့်သိက္ခာ၊ ကိုယ်ကျင့်တရားကို ဖြူ ယုံတယ် မဟုတ်လား''

ကျွန်မ ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည့်အခါ မောင်က ကျွန်မ မေးစေ့လေးကို လက်ဖြင့်ပင့်တင်ကာ စေ့စေ့ကြည့်ပြီး ပြုံးသည်။

''ဖြူရယ် မောင့်ဘဝအတွက် သိက္ခာမဲ့ချင်ရင် မောင့်ကုမ္ပဏီမှာ အချောအလှတွေ တစ်ပုံကြီးပါ၊ ဖြူ သိတယ် မဟုတ်လား။ တစ်ခါက မောင် နိုင်ငံခြားသွားတုန်း ကြုံဆုံခဲ့ရပုံတွေကို ဖြူ့ကို မောင် အသေးစိတ် ပြောပြဖူးတယ်လေ၊ စိတ်ချပါ ဖြူရယ်၊ ဘာမဟုတ်တဲ့ တစ်ခဏ သာယာမှုကို မောင့်ဂုဏ်သိက္ခာ၊ တစ်ဘဝစာနဲ့ မလဲနိုင်ပါဘူး''

■ ■ ■

ဆောင်း၏ပွင့်ဦးမှတစ်ဆင့် ညသည် ညင်ညင်သာသာ တိုးဝင်လာသော်လည်း မောင်က ခုချိန်ထိ အလုပ်မှပြန်မရောက်သေးပါ။ အရက်ကို မုန်းတီးပေမယ့် ကုမ္ပဏီ အခမ်းအနား ညစာစားပွဲများနှင့် မလွဲမသွေ ဆုံစည်းခွင့်ရသော မောင့်ကိုတော့ ကျွန်မ စာနာ နားလည်နိုင်ခဲ့သည်။

လုပ်ငန်းနှင့်ပတ်သက်၍ အရက်ကို စည်းနှင့်ကမ်းနှင့် သောက်တတ်သော မောင်က ထိုညမှာတော့ လိုတာထက် ပိုသွားခဲ့ပြီ ထင်သည်။ အဖော်နှစ်ဦးနှင့် တွဲဝင်လာရသည့်အထိ မောင် မူးယစ်ရီဝေနေခဲ့၏။

''ဖြူရေ ဟေးဖြူ ဆောရီးကွာ မောင် နည်းနည်းများသွားတယ်၊ မောင့်ကို ခွင့်လွှတ်''

''ဟယ်တော့ ဒုက္ခပါပဲ၊ ဦး မူးလာတယ် လာ လာ''

သားငယ်လေးနှင့် အလုပ်ရှုပ်နေသော ကျွန်မထက်အရင် ဝိုင်းက







စိုးရိမ်တကြီး မောင့်ကို ပြေးတွဲသည်။

ကျွန်မ ရုတ်တရက် မျက်စိများပြာဝေသွားကာ လာရောက်ပို့ဆောင်သောသူနှစ်ဦးကိုပင် ကျေးဇူးတင်စကား မပြောနိုင်။

''အစ်မရယ် ဟိုလေ ညစာသည့်တွေကများတော့ ဆရာ့ဆီ တစ်ခွက်ပြီးတစ်ခွက် ငှဲ့ထည့်တာ၊ အဲဒါနဲ့ ဆရာ နည်းနည်းများသွားတာပါ၊ စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး''

လာပို့သူနှစ်ဦးက ကျွန်မထက်အရင် မောင့်ကို ပြေးတွဲသော ဝိုင်း ကို အိမ်ရှင်မအထင်နှင့် တောင်းပန်စကားဆိုကာ ပြန်ထွက်သွားကြသည်။ ကျွန်မ၏ သည်းခံနိုင်မှု စွမ်းအားကုန်ဆုံးသွားပြီ ထင်သည်။ စောစောက ခံစားချက်များဖြင့် ပေါင်းလျက် မောင့်အနီး တိုးကပ်ကာ ဝိုင်းလက်ကို ရှိသမျှအားနှင့် ဖြုတ်ချပစ်လိုက်သည်။

''ဖယ်စမ်း ဝိုင်း၊ ဒါ နင့်အလုပ်မဟုတ်ဘူး၊ ဒူးနေရာဒူး တော်နေရာတော်ပဲ ကောင်းတယ်''

''အို သမီးက စေတနာနဲ့ တွဲပေးတဲ့ဥစ္စာ''

ဝိုင်းက အံ့သြသလို အမူအရာနှင့် ကျွန်မကို ခပ်စူးစူး တစ်ချက်ကြည့်ပြီး ပြောသည့်အတွက် ကျွန်မ ဒေါသဆောင့်တက်သွား၏။

''မလိုဘူး မိန်းမပျိုတစ်ယောက်ရဲ့ အနေအထိုင်ကို နင် နားလည်မယ်''

''ဒါကတော့ အန်တီ့စိတ်နဲ့နှိုင်းရင် ရှိုင်းချင်ရှိုင်းနေမှာပေ့ါ''

ကြည့်စမ်း ကျွန်မ အသားတဆတ်ဆတ် တုန်သွားသည်။ ကျွန်မ ထိန်းသိမ်း၍မရနိုင်တော့သည့် ဒေါသနှင့် ဝိုင်းအား တစ်ချက်လက်ဖြင့် ရိုက်ရန် အရွယ်တွင် မောင်က ကြားမှ ကျွန်မလက်ကို ဖမ်းယူဆုပ်ကိုင်လိုက်ပြီး ဝိုင်းဘက်ကြည့်ကာ ပြော၏။

''တော်စမ်း ဝိုင်း၊ နင့်ကို ကောင်းစေချင်လို့ နင့်အန်တီက ဆုံးမတာ ဘာဖြစ်လို့ ပြန်ပြောနေရသလဲ''

မောင့်စကားမဆုံးခင် ဝိုင်း အလန့်တကြား အော်ငိုရင်း မျက်နှာ ကိုလက်နှစ်ဖက်ဖြင့်အုပ်ကာ အခန်းတွင်းသို့ ပြေးဝင်သွားသည်။

''မောင် ဖြူ မလွန်ပါဘူးနော်''





www.burmeseclassic.com

www.burmeseclassic.com



မောင် ခေါင်းတဆတ်ဆတ် ညိတ်လျက် ဖြည်းညင်းစွာ ပွေ့ဖက်သည့်အခါ ဘာကြောင့်မှန်းမသိ ဝေ့ဝဲလျက်ရှိသော ကျွန်မ၏ မျက်ရည်စများ မောင့်ရင်ခွင် ကြွေလွင့်သွားလေသည်။

■ ■ ■

စွန်းထင်းသွားသော အဖုအထစ်အတွက် ကျွန်မ အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးတော့ နံနက် (၇)နာရီ ထိုးခဲ့ပြီ။ ထုံးစံအတိုင်း မောင်က အလုပ်သွားရန် ရေချိုးခန်းသို့ ဝင်သည်။

"ဝိုင်း ကော်ဖီဖျော်ဖို့ ရေနွေးအိုး တည်ဦးလေ"

ကျွန်မပြောတော့ ဝိုင်းက မနေ့က လျှော်ထားသော အဝတ်များကို ခေါက်သိမ်းနေရာမှ ဆတ်ခနဲထကာ မီးဖိုခန်းသို့ ဝင်သွားသည်။ နေ့စဉ် နေ့တိုင်း မောင် ကော်ဖီသောက်ရန် ဝိုင်း ရေနွေးတည်ပြီးသား ဖြစ်နေတတ် သည်။ ယခုတော့ ရေနွေးမတည်ဘဲ အဝတ်ခေါက်နေသည်။ ဘာလဲ မောင့် ကိစ္စမှန်သမျှ မလုပ်တူးဆိုတဲ့ သဘောလား။ ကျွန်မ ဒေါသကို မျိုသိပ်ခဲ့သော် လည်း စိတ်ထဲမှာ ခိုးလို့ခုလု ဖြစ်နေသည်။ ကျွန်မ နေ့လယ်စာစားချိန်တွင် 'ဝိုင်း' ကျွန်မအနီး လာရပ်သည်။

"အန်တီ သမီး အမိုက်သွားပစ်လိုက်ဦးမယ၊ အမှိုက်ကား ရောက် နေပြီ"

"အေး အေး တစ်ခါတည်း စာကြည့်ခန်းက အမှိုက်တောင်းပါ ယူသွား"

နာရီဝက်ကျော်သည်အထိ ဝိုင်း ပြန်မလာတော့ပါ။ တကယ်ဆိုလျှင် အသွားအပြန် ၁၀ မိနစ်လောက်သာ ရှိသောနေရာ၊ ကျွန်မ သေချာအောင် အခန်းတိုင်း လိုက်ကြည့်သည်။ မတွေ့သည့်အဆုံးမှ သူ့အဝတ်အစားများ ထားရာနေရာသို့ သွားကြည့်၏။ ဘာတစ်ခုမျှ မရှိတော့။ စိုးရွံ့ထိတ်လန့်မှုနှင့် အတူ မောင့်ကို ဖုန်းဆက်အကြောင်းကြားရသည်။

"မောင် ဝိုင်း မရှိတော့ဘူး"

"ဟာ သေချာရဲ့လား ဖြူရယ်၊ တစ်နေရာရာများ မပြောမဆို သွားသလား"

"သေချာပါတယ် မောင်၊ သူ့ပစ္စည်းတွေပါ ဘာတစ်ခုမှ မရှိတော့



PUBLISHED BY VIEW



ဘူး"

ညနေ မောင်အလုပ်မှ ပြန်ပြန်ချင်း ကျွန်မနှင့်မောင် သက်ဆိုင်ရာသို့ လူပျောက်သွားတိုင်သည်။ မျှော်လင့်မထားဘဲ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေကြီး မောင် အထိန်းသိမ်းခံလိုက်ရသည်။ ကျွန်မတို့ထက်ဦးအောင် ဝိုင်းက သူ့အား မောင်သည် မတရားပြုကျင့်သည်ဟု တိုင်ချက်ဖွင့်ထား၍ ဖြစ်သည်။

ကျွန်မ ရုတ်တရက်မို့ ဘာတစ်ခုမှ မပြောနိုင်အောင် ချောက်ချားရင်းကြက်သေ သေသွားမိသည်။ မောင့်အရှက်နှင့်သိက္ခာတရားအတွက် နေရာတွင်ပင် ဗုန်းဗုန်းလဲ သေသွားမတတ် ကျွန်မ ခံစားလိုက်ရသည်။

"ဟုတ်ကဲ့ မိန်းမသားဘက်က တိုင်ချက် ဖွင့်ထားတဲ့အတွက် ကျွန်တော်တို့ တာဝန်အရ စုံစမ်းစစ်ဆေးမှုပြုဖို့ နားလည်ပေးပါ"

အရာရှိဖြစ်သူ၏ စကားကို ကျွန်မ မကြားဝံ့တော့သလို ကျွန်မ မောင့်နားကို တိုးကပ်ခိုတွယ်လိုက်မိသည်။ ကျွန်မ၏ ညာလက်ကို အားပေး သလို ဖျစ်ညှစ်ဆုပ်ကိုင်လာသော မောင့်လက်ဖျား တရစပ်တုန်ခါမှုနှင့်အတူ မောင် ခေါင်းငိုက်စိုက် ကျသွားသည်။ မောင့်မျက်လုံးများသည် ပတ်ဝန်းကျင်အား ရင်မဆိုင်ဝံ့တော့သလို မျက်လွှာချသွား၏။

မောင့်ကိုယ်စား မဟုတ်ပါ။ မောင်နှင့်အတူ ထပ်တူထပ်မျှ မချိမဆံ့ ခံစားရသော နာကျင်မှုနှင့် ကျွန်မ မျက်ရည်ကျမိသည်။ မောင့်ကို သနားလိုက်တာ မောင်ရယ်။

လူမှုရေးကို သိမ်မွေ့စွာ နားလည်သော ဝန်ထမ်းများက မောင့်ကို ယဉ်ကျေးစွာ ဆက်ဆံကြပါသည်။ သို့သော် ဥပဒေအရ မောင် ရမန်နှင့် ခုနစ်ရက် အချုပ်ခံလိုက်ရသည်။

"ပြန်တော့လေ ဖြူ။ အိမ်မှာကလေးတွေချည်းပဲ"

ကျွန်မ စီးဆင်းကျနေသည့် မျက်ရည်များနှင့် မောင့်ကို ဝေဝါးစွာ ကြည့်တော့ မောင် အံကြိတ်လျက် မျက်ရည်ဝဲနေသည်။

"မငိုနဲ့တော့ ဖြူ။ မောင် မရှိတဲ့ ခဏအချိန်မှာ မိသားစုအတွက် အားမားမတ်မတ် ရင်ဆိုင်ဖို့ ဖြူ အင်အားတွေ မွေးရမယ်၊ ဖြူ့ရင်သွေးအတွက် ဖြူဟာ အမြဲတမ်း ထက်မြက်နေရမယ်၊ ရှေ့က ဦးဆောင်မယ့် ဖြူက ဝမ်းနည်းနဲ့ စိတ်ဓာတ်ကျနေရင် နောက်ကလိုက်မယ့် ဖြူ့ရင်သွေးတွေ အားငယ်သွား



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com



နိုင်သလဲဆိုတာ ဖြူ တွေးတတ်ရမယ်၊ မောင်ပြောတာ နားလည်ပါတယ်နော် ဖြူ''

ကျွန်မ ဘာတစ်ခုမျှ တုံ့ပြန်ပြန်ပြောဆိုရန် အင်အားမရှိလောက် အောင် ရင်တွင်းမှာ တင်းကျပ်ဆို့နစ်နေသည်။ စီးကျလျက်ရှိသည့် မျက်ရည်များကို ခေါင်းငုံ့ကာ လက်နှင့်တစ်ချက်သပ်ရင်း သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော မောင့်လက်ချောင်းလေးများအား တစ်ချက် နမ်းရှိုက်လိုက်သည်။ မောင့်မျက်နှာကိုပင် တစ်ချက်ပြန်မကြည့်ရက်တော့။ ဖျတ်ခနဲ လှည့်ထွက်ခဲ့သော ခြေလှမ်းတိုင်းသည် လေတွင် ဝေ့ဝဲလွင့်မျောစွာ။

■ ■ ■

သေလုအောင် ရက်၍ ဖုံးဖိခဲ့သည်ပဲထား၊ ထိုကိစ္စမျိုးမှာ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ပျံ့နှံ့မှုမှာ မြန်ဆန်လွန်းလှသည်။ ထိပ်တိုက် တွေ့ဆုံမေးမြန်းခြင်း မရှိသော်လည်း ကျွန်မ နောက်ကွယ်တွင် တကြိတ်ကြိတ် ဖြစ်နေမှာ သေချာသည်။

သူစိမ်းတစ်ရံဆံအပထား အင်မတန်မှ စင်စုတတ်သည့် ကျွန်မ၏ ဆွေမျိုးနီးစပ်များကပင် နောက်ကွယ်၌ အပြန်အလှန် ပြောဆိုမှုများကို ကျွန်မ ပြန်ကြားခဲ့ရသည်။

နယ်ပြန်သွားသည့် ဝိုင်း ပေါ်မလာ၍ တရားရုံး၌ ကြားနာစစ်ဆေးမှုကို ရက်ထပ်ရွှေ့သည်။ နားလည်စာနာမှု ပြည့်ဝသော မောင့်ရုံးရှိ အထက်အရာရှိများနှင့် ကျွန်မ၏ ကြိုးပမ်းမှုကြောင့် နောက်ဆုံးတွင် တရားရုံးမှ အာမခံရရှိခဲ့၏။

နားလည်မှုရှိသော မောင့်ကုမ္ပဏီ အထက်လူကြီးများကြောင့် ယခင်လစာအတိုင်း မောင် အလုပ်ဝင်ခွင့် ပြန်ရခဲ့သည်။ ဝင်ငွေ ထွက်ငွေ ပိုလျှံလာသော်လည်း ကျွန်မ မပျော်နိုင်သေးပါ။ နဝရတ် ကိုးသွယ် စီခြယ်ထားသော နောက်ဆုံးပေါ် ဗိမ်ခံကားတစ်စီးကိုလည်း ကျွန်မလိုချင် မက်မောမှု မရှိပါ။ အဓိက မောင့်ဘဝအတွက် အုပ်မိုးနေသော အရိပ်မည်းပပျောက်ရန်သာ ကျွန်မ တမ်းတတော်မွတ်စွာ မျှော်လင့်နေမိသည်။

''ဖြူရာ အလုပ်သွား အလုပ်ပြန်အတွက် လမ်းထွက်ရင်တောင် လူတွေက မောင့်ကို 'ဩော် ဒီလူကြီးကိုး'ဆိုတဲ့ အကြည့်နဲ့ ကြည့်နေကြတာ





မောင် ဝမ်းလည်းနည်း၊ ရှက်လည်း ရှက်မိတယ်''

ခုတင်ပေါ် ထိုင်ရင်း ပေါင်နှစ်လုံးကြား လက်နှစ်ဖက်လျှိုကာ ထည့်၍ တိုးလျလျ ပြောနေသော မောင့်ကို ကြည့်ရင်း ကျွန်မ မငိုမိအောင် မနည်းထိန်းသိမ်းနေရသည်။

''ဖြူ နားလည်ပါတယ် မောင်ရယ်၊ အခုအချိန်မှာ မောင့်ရဲ့အမည်းစက်ကြီးပျောက်ကင်းသွားမယ်ဆိုရင် ဖြူတို့ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို ပုံပေးဖို့ ဖြူ နှမြောတွန့်တိုနေမှာ မဟုတ်ဘူး''

''ဟုတ်တယ် ဖြူ၊ လူသေရတာထက် နာမည် သေသွားမှာကို မောင် ပိုခံစားရတယ်၊ ထားပါ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ခံနိုင်ရည်ရှိအောင် မောင် ကြိုးစားနေပါတယ်၊ ဒါပေမဲ့ကွာ အဆိုးဆုံးက''

မောင့်အသံမှာ သိမ်ငယ်ဝမ်းနည်းမှုဖြင့် တိုးတိတ်တိမ်ဝင်သွားသည်။ ကျွန်မ မောင့်နားသယ်စပ်မှ ဆံပင်တို့ကို အသာအယာ ပွတ်သပ်နှစ်သိမ့်လျက် မောင် ဆက်ပြောမည့် စကားကို နားစွင့်နေမိသည်။

''အဆိုးဆုံးက ဘာကိုပြောချင်တာလဲ မောင်၊ ဖြူ ကူညီနိုင်သမျှ ကူညီမယ်လေ''

''အေးကွာ အဆိုးဆုံးက နောင်နှစ် နောင်နှစ်တွေမှာ မောင့်သားသမီးတွေ အရွယ်ရောက်လာရင် တစ်ခါတုန်းက မတရားကျင့်မှုနဲ့ စွဲချက်တင်ခံရတာ ခင်တို့အဖေ မဟုတ်လားလို့ လူတွေ အနိုင်ယူလက်ညှိုးထိုးသွားမှာကို မောင် စိုးအနာဆုံးပဲ ဖြူရယ်''

ထိုစကားသည် ကျွန်မ၏ ရင်ကို အရှိန်ပြင်းပြင်းဖြင့် ဖြတ်ရိုက်ခံလိုက်ရသလို ကျွန်မ၏ ပခုံးပေါ် တင်ထားသော မောင်၏လက်တစ်ဖက် ပြုတ်ကျကာ ဆို့ဆို့နင့်နင့် အသံထွက်အောင် မောင် ငိုလေသည်။ ယောကျ်ားချင်းကြီးတစ်ယောက် ရှိုက်ကြီးတငင် ငိုသည်ကို ကျွန်မ မြင်တော့ ပြောမပြတတ်အောင် ဝမ်းနည်းလွန်းသော ခံစားမှုနှင့် ကျွန်မ မောင့်ကို တင်းကျပ်စွာ ဖက်လိုက်သည်။ ကျွန်မ ငိုသည်။ ဘယ်တော့မှ အားမရလောက်အောင် ကျွန်မ ငိုပါမည်။

■ ■ ■

ပထမဦးဆုံးသော ကြားနာစစ်ဆေးမှုတွင် မှုခင်းဆိုင်ရာ ဆရာဝန် ဘတ်မှ



www.burmeseclassic.com

www.burmeseclassic.com

မိတိုင်း အပျိုရည်မပျက်ကြောင်း ထွက်ဆိုသွားခဲ့၏။ လူပုံအလယ်တွင် ကျွန်မ ထခုန်မိမတတ် ဝမ်းသာသွားသည်ကို မနည်းကြီးဆယ်လိုက်ရသည်။ မောင်ကတော့ သူ၏ ဖော်မပြနိုင်သော ဝမ်းသာမှုကို အသိပေးသလို ကျွန်မ၏ သက်မောင်းတစ်ဖက်ကို အားနှင့်တစ်ချက် ဖျစ်ညှစ်သည်။

ပြီးသွားပြီ၊ ကမ္ဘာလောကတွင် ရှိရှိသမျှ အရာအားလုံးထက် မနှိုင်းသာအောင် ကျွန်မတို့၏ အလိုချင်ဆုံးသောအရာကို ကျွန်မနှင့်မောင် လှမ်းမြင်နေရသည်။ မောင်၏ဂုဏ်သိက္ခာ (သို့မဟုတ်) ကျွန်မနှင့် သားသမီးတို့၏ ဂုဏ်သိက္ခာ။

''ဒါဟာ မောင်တို့မိသားစုဘဝအတွက် အရေးအကြီးဆုံး အရာနော် မြ''

ကြားရသည်ဆိုရုံလေး ကျွန်မနားသို့ တိုးကပ်ကာ တိုးတိတ်စွာ ရေရွတ်လိုက်သော မောင့်အသံကြောင့် ကျွန်မ ဝမ်းနည်းဝမ်းသာ ပြုံးလိုက်မိသည်။

''ဟုတ်တာပေါ့ မောင်ရယ်၊ ဒီမျှော်လင့်ချက်ကလေးတစ်ခုအတွက် မြ သေမသွားအောင် အသက်ဆက်ခဲ့ရတဲ့ နေ့တွေ အများကြီးပဲ''

လမ်းပေါ်တွင် ဖြတ်သွားဖြတ်လာ လူအများကြားမှာ ကျွန်မ မောင့်ပါးလေးကို ဖြူစင်စွာ တစ်ချက်နမ်းပါသည်။ သိက္ခာမဲ့သည်ဟု ကျွန်မကိုယ် ကျွန်မ တွေးမထင်မိတော့ပါ။

မှတ်ချက်။ ။ (၂၀၀၀)ပြည့်နှစ်ဝန်းကျင်က ကျွန်တော် ဖတ်မိခဲ့ဖူး၍ စွဲငြိခဲ့ဖူးသည့် ဘာသာပြန်လား၊ ဆောင်းပါးလား၊ မမှတ်မိတော့သော ထိုအရာလေး၏ အငွေ့ကိုယူကာ ရုပ်ပြဇာတ်လမ်းအဖြစ် ရေးခဲ့ဖူးပါသည်၊ ယခုအခါ ထိုရုပ်ပြဇာတ်လမ်းအား ဝတ္ထုတိုအသွင်သစ်ဖြင့် ပြန်လည် ဖွဲ့စည်းပါသည်။


မျှား

{ရတီ စာပေ၊အနုပညာ မဂ္ဂဇင်း
စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်}


PUBLISHED BY VIEW

# မျှား

## ပါစပက်တစ်လွဲသွားသော ပန်းချီကားတစ်ချပ်



DESIGN THEIN SHWE KYI
www.burmeseclassic.com

www.burmeseclassic.com

## ပါစပက်တစ်လွဲသွားသော ပန်းချီကားတစ်ချပ်

If you don't risk anything you risk even more.

သင်ဟာ ဘာကိုမှ မစွန့်စားနိုင်လျှင် ပိုပြီး စွန့်လွှတ်ရလိမ့်မည်။

လေထဲတွင် ကောက်ကြောင်းများ လွင့်ပျံနေသည်။ ထိုကောက်ကြောင်းများထဲတွင် ကျွန်တော် အကြိုက်ဆုံးမှာ အရက်ကြော်ငြာများ ဖြစ်သည်။ မသောက်ခင်ကတည်းက သွေးဆူလွယ်အောင် ပုံဖော်ထားသော မင်းသမီးများ၏ မော်ဒယ်မလေးများကို ကျွန်တော် အတော်လေး သဘောကျ၏။

ဒီထက်တိကျသော အနာဂတ်မျိုးနှင့် တစ်ကိုယ်လုံး အချိန်ယူ၍ ပန်းချီများဆွဲရလျှင် ဘယ်ထိအောင်များ ကောင်းလိုက်လေမလဲဟု တွေးရင်း ကျွန်တော်၏ ပန်းချီဆရာဘဝကို မျှော်တွေးကြည်နူးနေခဲ့ဖူးသည်။

သို့သော် တကယ်တမ်း၌ စက္ကူပေါ်တွင်သာ ရေးခွင့်ရသေးသည့် ဇာတ်လမ်းသရုပ်ဖော် ပန်းချီဆရာဘဝမှာ ကျောက်ချနေရသူ ဖြစ်၏။ ကျွန်တော်က ကင်းဗတ်စပေါ်တွင် ဆီဆေး၊ အခရိုင်းလစ်တို့နှင့် ရေးဆွဲခွင့်ကို မျှော်လင့်နေခြင်းဖြစ်သည်။ ကင်းဗတ်စ ပေါ်တွင် ရေးဆွဲဖို့ဆိုတာက အရင်းအနှီး ကြီးမွန်း


PUBLISHED BY VIEW
www.burmeseclassic.com

www.burmeseclassic.com

လှ၏။ ပေါပေါလောလော အဆောင်တွင် ငှားနေပြီး ထမင်းနပ်မှန်အောင် ရှာဖွေကြိုးစားနေရသော ဘဝတွင် ဆီဆေးကား ရေးဖို့ဆိုတာ ရွှေပြည်တော် သွားဖို့တိုင်းအဆိုသလို ဖြစ်နေသည်။

တစ်နေ့က ဗိုလ်ချုပ်ဈေး အရှေ့ဘက်ရှိ ပန်းချီပြခန်း တစ်ခုသို့ ကျွန်တော် ရောက်ခဲ့သည်။

Acrylic သုံး၍ မြန်မာ့ရိုးရာဟန်နှင့် ရေးဆွဲထားသော ဆရာနွယ်၏ ဆင်စီးချင်းတိုက်ပွဲ ပန်းချီကားက သက်ဝင်လှုပ်ရှား ကြွရွနေ၏။ ရေးနည်းနှင့် တင်ပြပုံက ကျွန်တော့်အကြိုက် မဟုတ်သော်လည်း မြန်မာ့ပန်းချီ လောက အတွက် လက်ရာကောင်းတစ်ခု အဖြစ် ဂုဏ်ယူဝင့်ကြွားမိသည်။

မြတ်ဟန်၏ My dream နှင့် ဝင်းမြင့်မိုး၏ U Shwe Yoe ကားများ ကတော့ ကျွန်တော့်အကြိုက် မော်ဒန်နှင့် ကျူဗစ်ဇင် လက်ရာများ ဖြစ်၏။ မောင်ကျော်ခေါင်၏ ရှုခင်းအမည်ရှိ ကားကတော့ ရဲရင့်သော စုတ်ချက်နှင့် စူးရှသော အရောင်များကို ခပ်လွင်လွင်လေး သုံးထား၏။ ထိုပြပွဲတွင် ကျွန်တော် အကြိုက်ဆုံးကားက နီပိုဦး၏ Melody of Heart ဟု အမည်ပေး ထားသော ပန်းချီကားပင် ဖြစ်သည်။ မြန်မာ့ဆိုင်းဝိုင်းရှေ့တွင် နှစ်ပါးသွား ကနေသော မင်းသား မင်းသမီး စုံတွဲကို ဆန်းပြားသွက်လက်သော စုတ်ချက် များနှင့် အရောင်တဖိတ်ဖိတ် လက်အောင် ရေးဆွဲထားခြင်း ဖြစ်၏။ ထိုပန်းချီ ကားရှေ့မှ တော်တော်နှင့် ထွက်ခွာလို့မရနိုင်အောင်ပင် ဆွဲဆောင်မှု ရှိလှသည်။

ကေ–ကျော်၏ ရေချိုးဆိပ်ကလည်း သစ်လွင်သော စုတ်ချက်များနှင့် နှစ်လိုဖွယ် ရသကို ပေး၏။ ကျန် ပန်းချီကားများ ဖြစ်သော 'The day of Pao's Market' 'The Colourful Lives' နှင့် 'Urban Life' တို့ကလည်း ကျွန်တော်၏ အခရိုင်းလစ် ရောဂါကို ကျွမ်းသွားအောင် တွန်းအားပေးလျက် ရှိသည်။

နောက်ဆုံးတော့ မလာမိသော် ကောင်းလေစွ ဟုသာ နောင်တရမိပြီး မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာဘဝကို အကြီးအကျယ် စိတ်ကုန်သွားမိ၏။

"ဘယ်လိုလဲ မြင့်မိုးမောင်"

"အဟင်း ကောင်းတယ်ဗျာ၊ အားကျတယ် ကျွန်တော်လည်း ကား ကြီးတွေ ဆွဲချင်တယ်ဗျာ၊ စာရွက်ပေါ်မှာ ရေးရတာ ဘောင်ကျဉ်းပြီး အား မရတော့ဘူး"





"လုပ်ပေါ့ဗျာ ငါတို့လည်း ရှိနေတာပဲဟာ အိမ်လာခဲ့"

"ဟုတ်ကဲ့ ကဲ မဂ္ဂဇင်းတိုက်တွေ ပတ်မွှေရဦးမှာမို့ သွားတော့မယ်"

"ကောင်းပြီ အားပေးတာ ကျေးဇူးတင်တယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ပန်းချီပြခန်းထဲမှ ထွက်လာတော့ ကျွန်တော့်စိတ်ဓာတ်တွေ ဖိနပ် အောက်သို့ တိုးဝင်သွားသလို ခံစားရ၏။ ဘောင်ကျက်ထားသော ကင်းဗတ်စ ပေါ်တွင် Acrylic ဆေးနှင့် ဘယ်တော့များမှ ရေးခွင့်ရပါ့မလဲဟု တွေးရင်း အိပ်မက်မက်ယ်ခြင်းများနှင့် အငွေ့ပျံမတတ် စိတ်ကျဉ်းကျပ်နေမိ၏။ လောလောဆယ် Acrylic ဆေးဘူးတစ်စုံ ဝယ်ဖို့မပြောနှင့် ကင်းဗတ်စ ဝယ်ဖို့ပင် ပိုက်ဆံအပိုမရှိ။ တစ်ရက် နှစ်ရက်စာ ထမင်းဝဖို့အရေး ခြေတိုအောင် လျှောက်ရပေဦးမည်။

အနုပညာရပ်ဝန်းမှ စာနယ်ဇင်း အစိတ်အပိုင်းတွင် ဖိနပ်နောက်ဖြီး ပေါက်အောင် ခြေလျှောက် ဝိရိယ လုပ်ခဲ့ပြီးနောက် မဂ္ဂဇင်းများမှ အလုပ်သစ် များ ရရှိခဲ့ပြီး ထွက်ပြီးသော မဂ္ဂဇင်းများမှ ပန်းချီ သရုပ်ဖော်ခနှင့် မဂ္ဂဇင်း လက်ဆောင်ကို ထုတ်ယူလာနိုင်ခဲ့၏။ လေထန်ကုန်း အဖြတ်တွင် ကဗျာဆရာ တစ်ယောက်နှင့် ပန်းချီဆရာ ပီကာမျိုးတို့ ကပ်လိုက်လာကြသည်။ ပီကာမျိုးက

"ဘယ်လိုလဲ လွယ်အိတ်လည်း ဖောင်း၊ ပခုံးလည်းစောင်းနေပါပေါ့ လား"

"ပီကာမျိုး မင်း အိပ်ကပ်လည်း ဖောင်းနေတာပါပဲကွာ"

"ဒီဆို အလုပ်ရဲ့ ဆွေးနွေးပွဲလေး ကျင်းပလိုက်ရအောင်"

ပြားချပ်ချပ် လွယ်အိတ်နှင့် ကဗျာဆရာက သွေးတောင်းစကား ပြောလာသဖြင့် အလေလိုက်ချင်သော စိတ်ကို ထွက်ပေါက်ပေးရန် သမ္မတ ဆိုင်ရှေ့ဘေးလမ်းမှ အရက်ဆိုင်သို့ ချီတက်လာခဲ့၏။ ထုံးစံအတိုင်း ဖေတစ်လုံး ဆောင်ပံသုပ်၊ ပဲကြွမ်းသုပ်တို့နှင့် ဝိုင်းစလိုက်ကြသည်။ ပီကာဆိုနှင့် အမျိုး ဆော်ချင်လှသဖြင့် ပီကာမျိုးဟု သူ့ကိုယ်သူ နာမည်ပေးထားသော အောင်မျိုး ကလည်း သူ့လို မဂ္ဂဇင်းလိုင်း ပန်းချီဆရာသာ ဖြစ်၏။ ဝင်ငွေပုံမှန် မရှိကြ သော ပန်းချီဆရာနှင့် ကဗျာဆရာတွေတော့ ပေါင်းမိခဲ့ပြီ။ ခုနေ အသေး ဆောင်တူသည့် စာရေးဆရာ တစ်ယောက်လောက်သာ ရောက်လာမည်ဆိုလျှင် ဖိုင်နိုင် ဇောက်ထိုးဖြစ်သွားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဆိုင် ဖောက်ထိုးခြစ်သွားပေတော့မည်။

ဒါဒရေးရာများ ကဗျာရွတ်သံများ၊ ဖန်တီးချင်သော အနုပညာများ အကြောင်းအာ ဆိုက်ကလုန်းမုန်တိုင်းကဲ့သို့ အားကောင်းစွာ ဖြစ်တည်လာနေခဲ့ပြီ။ ကဗျာဆရာက ရေစပ်ပြီးသား ပထမတစ်ခွက်အား အသက်ကယ်ဆေး သဖွယ် သဘောထားပြီး တဂွပ်ဂွပ်နှင့် မနားတမ်း မှိုချ၏။ ပဲကြမ်းသုပ်ကို အာမှုလျှာမှု သက်သာအောင် အဆောတလျင် ဝါးလိုက်သေးသည်။ ပြီးမှ ချွတ်ချွင်းဆိုသလို မူးသွားဟန်နှင့် ဗလုံးဗထွေး စကားစသည်။

"ကိုယ့်ဘော်ဒါ ပန်းချီကျော်တွေ ဒကာခံမယ့် ဒီအရက်ဝိုင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ကဗျာတစ်ပုဒ် ရွတ်ပြမယ်"

တားလျှင်လည်း ထူးမည်မဟုတ်သဖြင့် ကဗျာဆရာ မော်ဒန်ဦးကို လွှတ်ပေးထားလိုက်ကြ၏။

"ဒုန်း ဒုန်း ဒက် ဒက်

တုံးလုံး ပက်လက်" တဲ့၊ ကဗျာနာမည်က 'စစ်' ကဲ မပြည့်စုံဘူးလား၊ မကောင်းဘူးလား၊ နှစ်ကြောင်းပဲရှိတဲ့ ကဗျာ"

"ဟာ ကောင်းလိုက်တာကွာ ဘာတဲ့ ဒုန်ဒုန်း ဒက်ဒက် တုံးလုံး ပက်လက် တဲ့ ဟုတ်လား၊ စစ်ပွဲတစ်ပွဲကို မျက်လုံးထဲ မြင်လာတဲ့အထိကို ပြည့်စုံလိုက်တာကွာ"

မော်ဒန်ဦး ရွတ်ပြလိုက်သော ကဗျာကြောင့် အားလုံး ပါးစပ်ပိတ်ပြီး အရက်ကိုသာ လိုမ့်သောက်သည်။ ထိုအခါမှ ပီကာမျိုးနှင့်ကျွန်တော် ပန်းချီ အကြောင်း အေးအေးဆေးဆေး ဆွေးနွေးခွင့်ရခဲ့၏။

"ကိုတမ်ပိုရီ ကို ဘယ်လိုသဘောရလဲ မြင့်မိုးမောင်"

"ကောင်းပါတယ် ငါ သဘောကျတယ်၊ ခေတ်ပြိုင် ပန်းချီအနုပညာ တစ်ရပ်အနေနဲ့ ထိုးဖောက်လာပြီး တက္ကနစ်လည်းပါတယ်၊ အတွေးအခေါ် လည်း ပါတယ်၊ ခံစားမှု တစ်ခုခုကိုလည်း ပေးစွမ်းနိုင်ရမယ်ဆိုတော့ ကောင်း တာပေါ့"

"တစ်ခုပြီး တစ်ခု တိုးတက်ပြောင်းလဲလာမှလည်း အနုပညာ ဖြစ် တော့မှာလေ"

"ဟုတ်တယ် အစဉ်အလာကို ထိုးဖောက်တဲ့နေရာမှာ ဝေဖန်မှုက တော့ ခံရမှာပဲလေ၊ ဒါဒါ ခေတ်က မိုက်ကယ်ဒူးချန့် ကိုပဲကြည့်"





"ဘာလဲ အိမ်သာကမုတ်ကို ဖြုတ်ယူလာပြီး သူ့ရဲ့အနုပညာလက်ရာ ပါလို့ ပြပွဲတင်ခဲ့တဲ့လူလား"

"အေးလေကွာ တော်တော် အရွဲ့တိုက်တဲ့ပုဂ္ဂိုလ်ပဲ"

ကျွန်တော်တို့ဘဝက ဒါပဲဖြစ်သည်။ ရီယယ်လစ်ဇင်၊ ကျူဗစ်ဇင်၊ မော်ဒန်၊ အင်ပရက်ရှင်၊ အိပ်စပရက်ရှင်၊ အက်စထရက်၊ တမ်ပရာ၊ ကိုတမ်ပိုရီ စသော အလုံးကြီးများနှင့် လေကိုသုံးပြီး နန်းတော် ဆောက်ကြ၏။ သူ့နန်း တော် ကိုယ့်နန်းတော် ကြီးကျယ်ခမ်းနားမှုခြင်း ပြိုင်ကြသည်။ နောက်ဆုံးတော့ ရခဲ့သမျှ အနုပညာကြေးထဲမှ ရာခိုင်နှုန်းအတော်များများအား သေရည်ဖိုး အဖြစ် ပေးချေပြီး သိုင်းကွက်နင်း၍ ပြန်ကြရစမြဲ။

အဆောင်ရှိရာ ရပ်ကွက်ထဲ ပြန်ရောက်တော့ စားနေကျ ကားဂိတ် အနီး ထမင်းဆိုင်လေးတွင် ဝက်သားတစ်တုံး၊ ပဲသီးကြော်တစ်ရာဖိုးနှင့် ပြီး အောင် စားပစ်လိုက်သည်။ ကျွန်တော့်အတွက် လိုအပ်သော စည်းစိမ်များ အားလုံး ပိုင်ဆိုင်ပြီးသောအခါ အင့်နေသော ဗိုက်ကို စောင့်ရှောက်ရင်း ရီဝေဝေ နှင့်ပြန်လာခဲ့သည်။

လေးငါးလှမ်းခန့် လျှောက်ပြီးသောအခါ မြတ်နိုးနှင့် ထိပ်တိုက်ဆုံ၏။ မြတ်နိုးက ကျွန်တော်နေသော အဆောင်ပိုင်ရှင်၏ သမီးဖြစ်သလို ကျွန်တော့် ချစ်သူလည်း ဖြစ်သည်။ ဗီဒီယို အငှားပြီး ပြန်လာသော မြတ်နိုးက မူး ပြီး ပြန်လာသော ကျွန်တော့်ကို ချစ်သူတို့ထုံးစံအတိုင်း ပူညံ ပူညံ လုပ်၏။ ကျွန်တော်က တစ်ခါတလေလေးပါဟု ထုံးစံအတိုင်း ပြန်ချော့ရသည်။ မြတ်နိုး ကို ရုပ်ရှင်ပြမည် ကြေးအိုးဝယ်တိုက်မည်ဟု အပေးအယူ လုပ်ရ၏၊ ထိုအခါမှ စိတ်ကောက်ပြေပြီး မနက်ဖြန်အတွက် အချိန်အတိအကျ ချိန်းဆိုကာ လူကြီး များ မရိပ်မိစေရန် မြတ်နိုး ရှေ့ကကြို၍ ပြန်သွားနှင့်သည်။

အလေ့ကျဘဝနှင့် ရှင်သန်နေရသည့် ကျွန်တော့်ကိုမှ မြတ်နိုးက ချည်ခြေမြစ်မြစ် နှစ်နှစ်ကာကာ တွယ်တာရပါသတဲ့။ တကယ်ဆိုလျှင် မြတ်နိုးက သရောင်၏ အနမ်းကို တမ်းတစွာ မျှော်နေသည့် ပန်းတစ်ပွင့်လို လှပါသည်။ ကျွန်တော်က လမင်းမဟုတ်ပါ၊ ပီကာဆိုအား ကိုယ်ဝန်ဆောင်နိုင်းကာ ဇနီး ဘာများစွာကို မွေးဖွားချင်သူ တစ်ယောက်။ မြတ်နိုး ကျွန်တော့်တို့ချစ် သူ့ဘဝ လှပမှာမဟုတ်မှန်း ကျွန်တော် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြတ်နိုးကို လက်ထပ်ယူမည်ဟု ဘယ်တုန်းကမှ မစဉ်းစားခဲ့သူသာ အမှန်ပင် ဖြစ်သည်။ မြတ်နိုးကို မချစ်၍မဟုတ်၊ ချစ်လွန်းသဖြင့် သူ့ဘဝ ကောင်းစေချင်သော စေတနာနှင့်သာ ဖြစ်ပါသည်။ သို့သော် အလှအပကို ခံစားတတ်ရုံသာတတ်သည့် ပန်းချီဆရာ တစ်ယောက်အနေနှင့် မြတ်နိုး၏ အချစ်ကို ထေမဲ့မြင်ပြုရန်လည်း မစွမ်းသာသည့် အခြေအနေတွင် ကျွန်တော် မလုံးသာ ထွေးသာ ဖြစ်နေရသည်။

မြတ်နိုးက အချစ်ကို ကိုးကွယ်လိုသူတစ်ယောက်မို့ ဆင်းရဲမှာကို မကြောက်၊ ကိုကိုနှင့် ခွဲရမှာကိုသာ သေမလောက်ကြောက်သည်ဟု တဖွဖွ ပြောလေ့ရှိသည်။ ကျွန်တော့်လုပ်စာနှင့် ဘဝမလှနိုင်ကြောင်း အသိပေးတိုင်းလည်း သူ့မတွင် ခေါင်းမာတတ်သည့် အနာဂတ်ရှိကြောင်း ကျိန်တွယ်ပြောဆိုတတ်၏။

ထို့အတွက် ကင်းဗတ်စပေါ် အခရိုင်းလစ်ဆေးနှင့် ပန်းချီမရေး နိုင်ခင်မှာပင် ရီရယ်လစ်ဇင် စစ်စစ် သရုပ်ဖော် ပန်းချီတစ်ကားကို စုတ်ချက် ကြမ်းကြမ်းနှင့် ခပ်ရမ်းရမ်း ရေးလိုက်ရသည့် နေ့တစ်နေ့အား ကျွန်တော် လျှင်မြန်စွာ ရင်ဆိုင်ခဲ့ရ၏။ ကျွန်တော့် ကတိအတိုင်း မြတ်နိုးကို ရှပ်ရှင်လိုက်ပြ၍ သမီး ရည်းစားဘဝ ဝမ်းစာပြည့်အောင် ဖြည့်ဆည်းခဲ့ပြီးနောက် ပါရမီမှ ယုန်လေး ကြေးအိုးဆိုင်တွင် တစ်ယောက် နားဖြစ်ခဲ့ကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြေးအိုးထဲမှ အသည်း ဖတ်ရွေးစားရင်း အသည်းစကားပြောနေဆိုက် ချော်တွင်းကုန်းပွိုင့်တွင် မီးနီမိ နေသည့် ကားတန်းကြီးတွင် မြတ်နိုးအဖေ၏ ကားပါနေသည်ကို ကျွန်တော် သတိမပြုမိ။ မြတ်နိုးက သူ့အဖေကို အရင်မြင်ပြီး ကျွန်တော့်ကို အထိတ်တလန့် ပြ၏။ မျက်ထောင့်နီကြီးနှင့် ဒေါသအိုးကွဲနေသော ဦးမြတ်သစ် အကြည့်များ ကြောင့် ကျွန်တော် ရင်တုန်သွား၏။ ကားတန်းကြီးကြားထဲ ညှပ်ပူးညှပ်ပိတ် မိနေ၍သာ ကျွန်တော် ကံကောင်းသွားခြင်း ဖြစ်သည်။

ဦးမြတ်သစ် ဘာမှလှုပ်ရှား၍ မရနိုင်သေးခင် မြတ်နိုးက ကျွန်တော့်ကိုလက်ဆွဲပြီး ပြေးသည်။ ကြို့ရာလိုင်းကားပေါ် ပြေးတက်ကာ မျက်ခြေပြတ်ရင်း လိုက်တမ်းပြေးတမ်း ကစားခဲ့ကြသည်။ ဘေးကင်းရာရောက်မှ သက်ပြင်းချမိကြသည်။ အမောမပြေခင် မြတ်နိုးပြောသော စကားကြောင့် ကျွန်တော်





အသက်ရှူမှားသွားရပြန်သည်။

"ကိုကို မြတ်နိုးနဲ့ကိုကို့အကြောင်း ဖေဖေ သိသွားပြီဆိုတော့ မြတ်နိုး အိမ်မပြန်ရဲတော့ဘူး"

"ဟင်"

"ဟုတ်တယ် ကိုကို ဖေဖေက သိပ်ဒေါသကြီးတာ၊ မြတ်နိုး ပြန်သွားရင် အသေရိုက်မှာ မြတ်နိုး ကြောက်တယ် ကိုကို"

ကျွန်တော် ဘာလုပ်ရမှန်း မသိလောက်အောင် အထိတ်တလန့် ဖြစ်သွားခဲ့သည်။

မြတ်နိုး မျက်နှာကြည့်လိုက်တော့လည်း မိုက်ရူးရဲဆန်စွာ ရှေ့တိုးတော့မည့် ဆုံးဖြတ်ချက်မျိုးနှင့် မျက်ဝန်းများ တောက်ပနေတာ တွေ့ရသည်။

"မြတ်နိုး အိမ်မပြန်ရဲဘူးဆိုပေမယ့် ကိုကို့မှာ မြတ်နိုးကို လက်ထပ်ဖို့ အဆင်သင့် မဖြစ်သေးဘူးလေ"

"ကိုကို မြတ်နိုးကို မချစ်ဘူးလား"

"ချစ်လွန်းလို့ မြတ်နိုးဘဝလေး နွမ်းမှာစိုးလို့ ပြောနေတာ"

"ဒါဆို မြတ်နိုး ပြန်မယ်၊ ဒါပေမဲ့ အိမ်ကို မဟုတ်ဘူး"

စိတ်ထက်ပြီး ဆုံးဖြတ်ချက်ရဲသော မြတ်နိုး အိမ်မပြန်ဘဲ ထင်ရာ လျှောက်သွားရင်း ဘဝပျက်မှာကိုတော့ ကျွန်တော် စိုးရိမ်သည်။ မြတ်နိုးဆီမှ အတွေးများ ကျွန်တော့်ထံ ကူးစက်စီးဝင်လာခဲ့၏။ ထို့နောက်မှာတော့ ခူးဆွတ်ခွင့်ရသေးသည့် အနာဂတ်အတွက် တနင်္လာနှင့်အင်္ဂါ စပ်ယှက်သော ထိုည လူပင် မြတ်နိုးကို ကျွန်တော် ခိုးခဲ့သည်။

အစီအစဉ်မရှိဘဲ ရုတ်တရက် ရင်ဆိုင်ဖြေရှင်းခဲ့ရသဖြင့် ကျွန်တော်တို့ မိတ်ဆွေမျိုး၏ အိမ်တွင် ခေတ္တနားခိုခဲ့ကြ၏။ နောက်နေ့တွင်မှ ရုံးတက်၍ လက်ထပ်ကြသည်။ လက်ထဲတွင် ပိုက်ဆံငါးထောင်လောက်သာ ရှိသော သတို့သား လောင်းတစ်ယောက်၏ ခံစားမှုမှာ ကသိကအောက် နိုင်လွန်းလှ၏။

ထုံးစံအတိုင်း မြတ်နိုး မိဘများက သဘောမတူသဖြင့် စောင့်ရှောက်မှု ယန္တရားကိုရပ်ကာ အမွေပြတ် ကြေညာသည်။ ထို့အတွက် မြတ်နိုးအား ဆောင်တာမရကြောင်း ပြုံး၍ပြောရှာသည်။ ကျွန်တော် ပိုင်ဆိုင်သမျှ ပစ္စည်းများ ထဲမှာ ဦးနှောက်တစ်လုံးနှင့် လက်နှစ်ဖက်သာဖြစ်ကြောင်း မြတ်နိုး သိသော



www.burmeseclassic.com

www.burmeseclassic.com



ချာချာပင် သိသည်။

ထို့အတွက် မြတ်နိုးက ရင်သပ်ရှုမော ကပြရမည့် ဝမ်းစာရှာဖွေရေး တကြိုးများကို သူ ကျွမ်းကျင်ကြောင်း ပြော၏။ ဦးစွာ နေရေးကိစ္စကို ဖြေရှင်းကြရသည်။ ကျွန်တော့်ကို ခေါင်းမာစွာ ချစ်မိခြင်းအတွက် မြတ်နိုး ဦးစွာ ပေးဆပ်လိုက်ရသည်မှာ မိဘများ ဆင်ပေးထားသည့် ဆွဲကြိုးနှင့်လက်ကောက်များသာ ဖြစ်သည်။ ပီကာမျိုးတို့ရပ်ကွက်ထဲမှာပင် အိမ်ငှား၍ ကျွန်တော်တို့၏ တုန့်နှစ်ကိုယ်တိုင်းပြည်ကို တည်ထောင်ခဲ့သည်။

ကျွန်တော်တို့ ငှားရမ်းနေထိုင်သော အိမ်ကလေးမှာ အတော်ကလေး နုံချာသည်။ သည်ကြားထဲ အိမ်ရှင်က အပေါ်ထပ် အပြင် ခြေရင်းခန်းကိုပါ ယူထားသေးသည်။ ကျွန်တော်တို့ ဗိမာန်က အောက်ထပ်ညှော်ခန်းကျဉ်းကျဉ်း လေးသာ၊ နွေဆို ဖုတ်ထူ၊ မိုးဆို ရေဝပ်၊ ဆောင်းဆို လေတိုက် ပူအိုက်လျှင် ခြင်ကိုက်တတ်သည့် မြို့သစ်ကလေးမှ ကျွန်တော်နှင့်မြတ်နိုး၏ ဘဝအစသည် ဘာပဲဖြစ်ဖြစ် ရွှေရောင်အိပ်မက်များနှင့်သာ အတိပြီးခဲ့သည်။

သို့သော် တစ်ပတ်လောက် ကြာတော့ စားဝတ်နေရေး တဆွေက နေ့စဉ်ရက်ဆက်ဆိုသလို ခြောက်လှန့်လာ၏။ ပန်းချီဆွဲဖို့မှလွဲ၍ ဘာမှမလုပ်ချင်သော မလုပ်တတ်သော ကျွန်တော့်ကို မြတ်နိုး တိုင်ပင်ပါသည်။ နှစ်ဦးသားရင်ချင်းအပ် ဆွေးနွေးပွဲများတွင် ချစ်ခြင်းထက် ပရိယေသန အသံက ပိုမို ကျယ်လောင်လာသည်။ ဘာကိုမှ ဦးဆောင်မှုမပေးသော ကျွန်တော့်ကို မြတ်နိုးက အပြစ်မတင်ဘဲ သူကိုယ်တိုင် ဈေးနားတွင် မုန့်ဟင်းခါးနှင့်အသုပ်စုံ ထွက်ရောင်းရန် ပြင်ဆင်ခဲ့သည်။ မြတ်နိုး၏ ပင်ပန်းမှုကို စာနာမိသော်လည်း ကျွန်တော်က ပီကာဆိုကဲ့သို့ မော်ဒန်ပန်းချီများရေးရင်း ပီကာ ဝါးနေရလျှင် ပြီးပြည့်စုံပြီဟု အထင်ရောက်နေသူသာ ဖြစ်၏။

ကျွန်တော်က ဗင်းဆင့်ဗန်ဂိုးကို ကြည်ညိုသည်၊ ပီကာဆိုကို လေးစားသည်၊ ဒါလီကို အထင်ကြီးသည်၊ ကျွန်တော်က မြတ်နိုးကို ရှာကျွေးဖို့ ထက် ဗန်ဂိုး၏ လမ်းစဉ်အတိုင်း ကိုယ့်နားရွက်ကိုယ်ဖြတ်၍ ချစ်သူကို လက်ဆောင်ပေးချင်သူ ဖြစ်သည်။ တကယ်တော့ ခေတ်ဦးပိုင်း ပန်းချီဆရာ တော်တော်များများမှာ ဆင်းရဲနုံချာစွာနှင့် လောကကြီးထဲက ထွက်ခွာသွားကြသူက များသည်။ သူတို့တွေ ကွယ်လွန်ပြီး နှစ်ပေါင်းများစွာကြာမှ နာမည်တွေကြီး





လာကာ သူတို့လက်ရာတွေ ဈေးကောင်းရလာခဲ့သည်မှာ ရင်နာစရာကောင်းလှသည်။

၁၈၉၀ တွင် ကွယ်လွန်ခဲ့သည့် ဗင်းဆင့်ဗင်ဂိုး၏ လက်ရာ 'အိုင်းရစ်(စ်)များ' အမည်ရှိ ပန်းချီကားကို ၁၉၈၇ ကျမှ ဒေါ်လာ ၄၉ သန်းနှင့်အပြိုင် ဝယ်ယူခဲ့ကြသည်မှာ အံ့ဩစရာကောင်း၏။ ဗင်ဂိုးက Keep your love of nature, for that is the true way to understand art more and more . (သဘာဝကို ချစ်တဲ့စိတ်အား ထိန်းထားပါ၊ ဘာကြောင့်လဲဆိုတော့ အဲဒီနည်းဟာ အနုပညာကို ဆထက်ထမ်းပိုး ပိုပြီးနားလည်လာစေတဲ့ နည်း လမ်းအမှန် ဖြစ်လို့ပါပဲ) ဟု ပြောခဲ့၏။ ထိုစကားကို ကျွန်တော် သဘော ကျသည်။ ထို့ကြောင့် သဘာဝကို အာရုံစိုက်ရင်း မြတ်နိုးကို မေ့ထားသလို ဖြစ်ခဲ့သည်။

မြတ်နိုးက သူကိုယ်တိုင် ရွေးချယ်ခဲ့သော လမ်းကိုလျှောက်ဖို့ ကျွန်တော့်ကို အနှောင့်အယှက်မပေးဘဲ တစ်ယောက်ထဲ ရင်ဆိုင်ရုန်းကန်ရှာသည်။ နက် ခြောက်နာရီလောက် ဈေးစရောင်းနိုင်ရန်အတွက် နံနက် လေးနာရီလောက်ကတည်းက ထ၍ ချက်ပြုတ်ပြင်ဆင်ရ၏။ ည နှစ်နာရီ သုံးနာရီလောက်ထိ ပန်းချီထိုင်ရေးနေခဲ့သော ကျွန်တော်က အိပ်လို့ကောင်းနေဆဲပင် ဖြစ်သည်။

ကျွန်တော့်အတွက် နံနက်စာစာကို ပြင်ဆင်အုပ်ဆိုင်းပေးခဲ့ပြီး ခေါင်းအုံးအောက်တွင် တစ်ထောင်တန်တစ်ရွက် ထားခဲ့ကာ ဖောက်သည် ဆိုက်ကားဆရာ အတူအညီနှင့် မြတ်နိုး ဆိုင်ထွက်ရသည်။ မြတ်နိုးက ကျွန်တော့် နဖူးကို ခပ်ဖွဖွ နမ်းခဲ့သဖြင့် အခန်းတွင်း ဝေ့ဝဲကျန်ရစ်သော သနပ်ခါး နံ့သင်းသင်းဖြင့် နေဖင်ထိုးအောင် ဆက်အိပ်ဖြစ်ခဲ့သည်။

ကျွန်တော် နိုးတော့ ပြင်ဆင်ထားတာ စားသောက်ပြီး ငွေတစ်ထောင်ကို လမ်းစရိတ်လုပ်၍ တစ်ညလုံး ဆွဲထားသည့် သရုပ်ဖော်ပုံများနှင့် မဂ္ဂဇင်းတိုက်များရှိရာ မြို့ထဲသို့ ထွက်၏။

မသေချာ မရေရာမှုများနှင့် ပြွန်းတီးနေသော ကျွန်တော်တို့လောကတွင် စောင့်ဆိုင်းရမှုနှင့် စိတ်ရှည်သည်းခံရမှုမှာ အပိုပေးရသည့် ဝန်ဆောင်မှုဖြစ်၏။ သည်တော့ ၃၃ လမ်းမှ လေထန်ကုန်းသည် စုရပ်ဖြစ်လာသည်။

ထိုအရပ်တွင် နာမည်နှင့်လိုက်အောင်ပင် လေလတ်နက်ထိုင်း ထန်သတ်ကြသော တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေလေ့ရှိသည့် မျှော်ဆင်

www.burmeseclassic.com



ပေးလော့ အစပြုခဲ့သော ( ABSTRACT EXPRESSIONISM ) အက်(ဘ်)စထရက်၊ အိပ်စပရက်ရှင်အစ်ဇင်း အကြောင်း၊ အင်ဒရူးဝိုင်းယက်၏ တမ်ပရာ ပေး ဆီဆွာ စာချိစ်ရေးနည်း အကြောင်း၊ ဆာရီရယ်လစ်ဇင်၊ ဒါလီ၏ ပျော့တွဲနာရီပန်းချီကားများ အကြောင်းကအစ ဦးဘညွှန့်၊ ဦးဘကြည်၊ ဦးလွန်းကြွယ်မှသည် ဇော်ဝင်းဖေ တို့အထိ အကြောင်းအရာများက ပြောမကုန်အောင် တောင်ပုံရာပုံရှိနေ၏။

မိုက်ကယ်အိန်ဂျလိုက မိန်းမလျှာတစ်ယောက် ဖြစ်ပြီး ဂေါ်ဂင်က ကာလသားရောဂါနှင့် သေကာ ဗန်ဂိုးက စိတ္တဇဝေဒနာ ခံစားရင်း သူ့ကိုယ်သူ သေနတ်နှင့် ပစ်ခတ် အဆုံးစီရင်သွားကြောင်းတွေကလည်း ဘယ်တော့ ပြောပြော မရိုးနိုင်။

ထွန်းဖောင်ဒေးရှင်း ပန်းချီပြိုင်ပွဲ ပထမဆုကို သိန်းသုံးဆယ် ချီးမြှင့်သည်မှာ မုဒိတာ ပွားရသလို ပီကာဆို၏ ဆေးတံကိုင်ထားသော ကောင်လေး ပန်းချီကားအား ဒေါ်လာ ၁၀၄ ⃝ ၁ သန်းဖြင့် လေလံတင် ရောင်းချခဲ့ကြောင်း ပြောကာ အားကျခဲ့ကြသည်။ လက်တွေ့ဘဝမှာတော့ ငွေကျပ် နှစ်ထောင်မှ ငါးထောင်အထိ အဆင့်အလိုက် အမျိုးမျိုး ကွဲပြားသော သရုပ်ဖော် ပန်းချီခငွေလေးများကို ဆုပ်ကိုင်ကာ လောကကို အရှုံ့တိုက်ဖို့ အဆင်သင့် ဖြစ်နေတတ်ကြသည်။

ရလာသော အနုပညာကြေးက တိုက်အိမ်တွေ စိန်ရွှေတွေ ဝယ်ဖို့မပြောနှင့် ဘောလုပ်တန်းမှ အဝတ်အစားဝယ်ဖို့တောင် မလောက်ချင်တော့ အရက်ဝယ်သောက်ပြီး မူးပစ်လိုက်ကြတာက များလာခဲ့သည်။ အနုပညာ မာနနှင့် ပစ္စည်းမဲ့ ဒေါသ ပေါင်းဖက်၍ ယမကာဝိုင်းတွင် စကားဆက်ကြ ၏။ ဒီနေ့အဖို့တော့ ကျွန်တော်တို့ စကားဝိုင်းတွင် ဗင်းဆင့်ဗန်ဂိုးက ဇာတ်လိုက် ဖြစ်နေသည်။

ပရိုတက်စတင့် ဓမ္မဆရာ သီအိုဒိုးရပ်(စ်) ဗန်ဂိုး၏ မွေးချင်း ခြောက်ယောက်ထဲမှ သားကြီး ဩရသ ဖြစ်သော ဗင်းဆင့်ဗန်ဂိုးက နယ်သာလန်နိုင်ငံသား ဒပ်ချ်လူမျိုး ဖြစ်သည်။ ရီရယ်လစ်ဇင်နှင့် ပန်းချီစရေးခဲ့ပြီး ၁၈၈၅ အကျော်လောက်တွင် အင်ပရက်ရှင်းနစ် ဂိုဏ်းသားများနှင့် အကျွမ်းတဝင် ဖြစ်ကာ လိုင်းပြောင်းခဲ့၏။ သူ၏ ပန်းချီကားများထဲမှ နေကြာပန်း၊ အာလူးစားသူများ၊ အိုင်းရစ်စ်များနှင့် နားရွက်တစ်ဖက် ပတ်တီးစည်းထားသော ကိုယ်တိုင် ရေး





ပုံတူပန်းချီများက ကမ္ဘာကျော်ခဲ့သည်။ အနုပညာ ပစ္စည်းရောင်းချသူ မွေးစားရှင်း ပန်းချီဆရာအဖြစ် အသက်မွေးခဲ့၏။ နောက်ဆုံးတော့ စိတ်ဖောက်ပြန်ကာ နားရွက်ဖြတ်၍ ချစ်သူကို လက်ဆောင်ပေးခဲ့သည်အထိ အရူးရင့်ခဲ့ပြီး ကိုယ့်ကိုကိုယ် သတ်သေခြင်းဖြင့် ဘဝကို အဆုံးသတ်ခဲ့သည်။

ဗန်ဂိုးကမှ ချစ်သူကို နားရွက်ဖြတ်၍ လက်ဆောင်ပေးနိုင်ခဲ့သေး၏။ ကျွန်တော်က မြတ်နိုးကို ဘာဆို ဘာမှမပေးနိုင်သေး။ အပေါင်းအသင်းများ၏ ခင်မင်မှုအပေါ် အားနာစိတ်၊ အရင်းခံ ဖရိုဖရဲ နေလိုစိတ်တို့နှင့် ကြုံလျှင် ကြုံသလို သောက်စား၍သာ နေဖြစ်ခဲ့သည်။

ပန်းချီအကြောင်းတွေ နားမလည်ဘဲ နားထောင်ကာ လူရာမဝင် သလို ဖြစ်နေသော မဂ္ဂဇင်း ဓာတ်ပုံဆရာ ကျော်ဝင်းမောင်က သူ့ကို အာရုံ စိုက်လာစေရန် သူ ရိုက်ထားသော မော်ဒယ်လ် အမျိုးသမီးများ၏ ဓာတ်ပုံ များကို ထုတ်ပြလာခဲ့၏။ ထိုအခါ ဗန်ဂိုးနှင့်ပီကာဆိုတို့ မြောင်းထဲခုန်ချ သွားခဲ့ကြသည်။

ပန်းချီဆရာများ ဒိုင်လုပ်၍ မော်ဒယ်လ်များကို အကဲဖြတ်ကြ၏။ တပ်မက်မှု serious မြင့်မားပြီး ရာဂ ရေဆူမှတ်တွင် စတည်းချနေသော မိန်းမသူလေးများ၏ ဓာတ်ပုံများက ပန်းချီဆရာတို့အား သွေးပူလေ့ကျင့်ခန်း ဆင်းနိုင်းနေသလိုလို။ ထိုင်ခုံတွင် ခြေတစ်ဖက် ချိတ်ထိုင်လျက် ပေါင်လယ်ထိ ဟပြနေသော ဓာတ်အကွဲကြားမှ အသားစိုင်တို့က ယောကျ်ားများအတွက် စိတ်ရိုင်းဝင်ချင်စရာ ဖြစ်နေသည်။ အချို့က ကြိုးနှစ်ချောင်းတပ်၊ အချို့က ကြိုးပျောက်၊ အချို့က ဘောင်းဘီတိုတို ပေါင်တံဖွေးဖွေးနှင့်ဆိုတော့ ရဟန္တာ မဟုတ်သည့် ကျွန်တော်တို့၏ ဘီလေသာကို ယပ်ခပ်ပေးနေသလို ရှိ၏။ ကိုယ်နှင့် မသက်ဆိုင်သော မိန်းမများ၏ အလှတရားကို ခံစား၍ ရမ္မက်တွေ အလျှံတညီးညီး တောက်လောင်လာသည့် အခါမှာတော့ ကိုယ်နှင့်သက်ဆိုင်သော မိန်းမများထံ ပြန်ဖို့ ကျွန်တော်တို့ စိတ်အား ထက်သန်ခဲ့ကြပါသည်။

လနှင့်ကြယ်ကို မွှေနှောက်၍ ညဖြင့် ဖျော်သောက်၍ ရလောက်သော အချိန်တွင် ကျွန်တော် အိမ်ပြန်ရောက်၏။ ထမင်းစားစောင့်နေသော မြတ်နိုးက စိတ်ကောက်သော အမူအရာ မပြဘဲ ကိုကို့လုပ်စာသာ ထိုင်စားနေရ... ...ခြောက်ပြီး သေမှာဟုသာ ရယ်ရွှန်းပတ်ရွှန်းနှင့် ပြောသည်။ ထြော် မြတ်နိုး ... ဟု ဝမ်းနည်းသံနှင့် ကျွန်တော် တိုးတိုးလေး ညည်းတော့ မြတ်နိုး စိတ်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဖြစ်သွားပုံ ရ၏။ ရုတ်တရက် သူ့ရင်ခွင်ထဲ ကျွန်တော့်ခေါင်းကို ဆွဲသွင်းရင်း ဆံပင်များကို လက်နှင့်တယုတယ သပ်ပေးပြန်သည်။

"ကိုကို ဝမ်းနည်းသွားလား မြတ်နိုးက အလကား စတာပါ ကိုကို ရယ်။ မြတ်နိုးလေ ဘယ်လိုပဲ ရှုန်းရ ရှုန်းရ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း ကိုကိုသာ အနားမှာ ရှိနေရင် ကျေနပ်တယ် သိလား"

ထိခိုက်မှုစွက်သော မြတ်နိုး၏ တိုးယဲ့ယဲ့ နှစ်သိမ့်ခြင်းတွင် မျက်ရည်များ ဝေ့ဝဲနေလေသည်။ နှလုံးသားနှင့် နှလုံးသားခြင်း ထိမ်းမြားခဲ့သူ မြတ်နိုး အတွက် သူ့ပါးပြင်တစ်ဖက်စီကို ကျွန်တော် တရှိုက်မက်မက် နမ်းလိုက်သည်။ တကယ်တော့ မြတ်နိုး အပျိုစင်ဘဝက ချစ်သူတွေ ဝိုင်းဝိုင်းလည်အောင် ဝန်းပွင့်ခဲ့ဖူး၏။

မြတ်နိုး၏ အလှကို ပိုင်ဆိုင်ခွင့်ရဖို့အရေး ယှဉ်ပြိုင်လေးတင်ခဲ့သူ များထဲ ကျွန်တော်လည်း ပါခဲ့သည်။ ထိုအထဲမှ ကျွန်တော့်ကို ပန်းကုံးစွပ်ကာ မေတ္တာကို အပ်နှင်းခဲ့ခြင်းအတွက် မြတ်နိုး အရမ်းနစ်နာသည်ဟု ကျွန်တော် ထင်နေသည်။ ထိုသို့ အားတုံ့အားနာ ပြောမိတိုင်း မြတ်နိုးက ရှုးတယ်လို့ ဆိုချင်ဆို ကိုကိုနဲ့သာအတူနေရရင် ဆင်းရဲတာကို နတ်သုဒ္ဓါလို မြိန်မြိန်ယှက်ယှက် စားသုံး ချင်ပါတယ်ဟု ချစ်စဖွယ် ပြောတတ်၏။ ကျွန်တော် နည်းနည်း ရှက်သွား သည်။ အနုပညာသည်ဟု ကြွေးကျော်ရင်း နားရွက်ဖြတ် လက်ဆောင်ပေးသည့် ဗန်ဂိုးကို အားကျနေသော ကျွန်တော်တို့ထက် မြတ်နိုး၏ မေတ္တာတရားက ပို၍ လေးနက်သည်။ စွန့်လွှတ်အနစ်နာခံခြင်း ဖြည့်ဆည်းပေးလိုခြင်းတို့နှင့် မွန်းထုံ နေသည်။

ထို့နောက်ပိုင်း ကာလများတွင် မြတ်နိုးကို အားနာခြင်းများနှင့် ကျွန်တော် ကူညီခဲ့သည်။ ပြုတ်ပြီးသား ငါးများကို အရိုးအသား ခွဲခြားနွှင် ပေးခဲ့သလို ကြက်သွန်များလည်း ကူနွှာပေးခဲ့သည်။ မီးသွေး ပြေးဝယ်ပေးရမှာ မရှက်တော့ သလို ဟင်းရည်အရသာကိုလည်း မြည်းတတ်အောင် အလေ့အကျင့် လုပ်ခဲ့၏။ ဘယ်လောက်ပဲ အိပ်ရေးပျက်ပျက် မြတ်နိုးနှင့်အတူ ထ၍ ဆိုင်ကူခင်းပြီးမှပဲ တစ်ရေးပြန်အိပ်ဖြစ်သည်။ ဗန်ဂိုးက သူစားမည့် ပေါင်မုန့် ကိုယ်တိုင် ဖုတ်မဖုတ် အတိအကျ မသိသော်လည်း ကျွန်တော် ထမင်းချက်နည်း သင်တန်း တက်ခဲ့ သည်။





မြို့ထဲတွင် အချိန်ဖြုန်းတာကို လျှော့ပြီး အလုပ်ကို ပိုကြိုးစားခဲ့၏။ အိမ်တွင် အနေများလာသောအခါ ကျွန်တော့်တွင် မိတ်ဆွေများ တိုးလာသည်။ ရပ်ကွက်ထဲမှာ အိမ်ရှင်လင်မယား၏ သားသမီးများ ဖြစ်ကြသော ဘုံဘုံနှင့်သုံ့သုံ့ တို့ ဖြစ်သည်။ နေ့လယ် နေ့ခင်းတွင် ကျွန်တော့်အခန်းသို့ ဆင်းလာပြီး စပ်စုသည်၊ မေးမြန်းသည်၊ ဆော့သည်။ ကလေးအတွေးထဲမှ ဆန်းပြားသော ကောက် ကြောင်း တချို့ပင် ရခဲ့သေးသည်။ ကြာတော့ ကျွန်တော် ကလေး ချစ်တတ်မှန်း သိလိုက်ရသဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြမိရသေး၏။

ကျွန်တော့် သူငယ်ချင်းများတွင် အိမ်ထောင်ရှိသလို မိသားစုလည်း ရှိကြသည်။ ကျွန်တော့်တွင် မိသားစု မရှိသေး သူများတကာ၏ ကလေးများ ကိုတောင် သည်းခံနိုင် ချစ်နိုင် အလိုလိုက်နိုင်စွမ်း ရှိမှန်း သိလာသောအခါ ကိုယ်ပိုင် ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ကြည့်ချင်စိတ်တို့ တဖွားဖွား ပေါ်လာ၏။ ကျွန်တော်၏ ပုံတူမျိုးပွား သန္ဓေသားကို ချစ်ရသော မြတ်နိုးက သာ မွေးဖွားပေးခဲ့မည်ဆိုလျှင် ကျွန်တော့်လောက် ကံကောင်းမည့်သူ မရှိနိုင် ဟု တွေးဖြစ်လာသည်။

သို့နှင့် မူးယစ်ရီဝေမှုများ ထမ်းပိုးပြီး ပြန်လာခဲ့သော တစ်ညတွင် မြတ်နိုးကို ရင်ခွင်ထဲထည့် သီချင်းအပုဒ်ပေါင်းများစွာကို ပါးစပ်သရမ်းပြီး လက်တန်း သီဆိုခဲ့၏။ ကျွန်တော်၏ ရွှင်ရွှင်မြူးမြူး အမူအရာနှင့် ထူးထူး ဆန်းဆန်း အပြုအမူကြောင့် မြတ်နိုးပင် အံ့သြကြည်နူးနေခဲ့သည်။

"ကိုကို အရက် ထပ်သောက်ချင်သေးလား"

"ဟင့်အင်း မသောက်ချင်ပါဘူး"

"ကိုကို ဘာလို့ ဒီညကျမှ သီချင်းတွေ တအားဆိုနေရတာလဲ"

"လေ့ကျင့်နေတာ"

"ဂီတ တံခါး အစီအစဉ်မှာ ဝင်ပြိုင်မလို့လား"

"ဟင့်အင်း ကလေးသိပ်ဖို့ ကြိုတင်လေ့ကျင့်နေတာ"

"ဟင် ဘယ်ကလေးကို သိပ်ဖို့လဲ"

"ဟုတ်တယ် မြတ်နိုး ကိုကို့ရင်ထဲမှာ အရမ်းမျှော်လင့် တမ်းတနေ တာ တစ်ခုပဲရှိတယ်"

"ဘာများလဲ ကိုကိုရယ် ဖြစ်နိုင်တာဆို မြတ်နိုး ဖြည့်ဆည်းပေးမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့"

"ကိုကိုတို့နှစ်ယောက်ရဲ့ မေတ္တာနဲ့ ဖြစ်လာမယ့် သားသ... ဖြစ်ဖြစ်ပေါ့"

"ညော် ကိုကိုရယ် မြတ်နိုး မွေးပေးချင်တာပေါ့၊ ဒါပေမဲ့ မီးနေစရိ... နဲ့ တလေးရဲ့ ကရိကထတွေက"

အရာရာကို လက်တွေ့ကျကျ ဆောင်ရွက်တတ်သော မြတ်နိုး... တွက်ချက်ပြမှုအောက်တွင် ကျွန်တော်၏ သားသမီးယူရေး အဆိုပြုချက်... တဖြည်းဖြည်း ဝေဝါးသွား၏။ အိမ်ထောင်ဦးစီး မပီသသော ကျွန်တော်... တောင်းဆိုမှုက မသိသားဆိုးဝါးနေပြီလား မပြောတတ်၊ မြားလေးများ ပြထား... သော ရွှေအိုရောင် ဆေးကဒ်လေးက ကျွန်တော့်ကို လှောင်ပြုံးပြုံးပြခဲ့သည်။

ထိုသောအခါ မပိုင်ဝက်မွေးဘဝနှင့် ဘုံဘုံတို့ သုံသုံတို့အပေါ်သ... ကျွန်တော့်အချစ်တွေ ပုံပေးခဲ့ရသည်။ အငယ်မ သုံသုံက စကားတတ်လွ... ၏။ သူတို့လေးတွေနှင့် စကားပြောနေရသည်က စိတ်ချမ်းသာစရာ ကောင်း... သည်။ သူတို့လေးတွေကလည်း မအားလပ်သော မိဘများထံမှ မရနိုင်သည့် ဂရုစိုက်မှုမျိုးကို ကျွန်တော့်ထံမှရသဖြင့် ကျွန်တော့်ကို ခင်မင်လှ၏။ ဘုံဘုံနှင့် သုံသုံမှာ ကျွန်တော့်အတွက် အာသာပြေ သားသမီးများ ဖြစ်လာခဲ့သည်။ အလုပ်ကို ကြိုးစား၊ အချိန်ပေးနိုင်သရွေ့ မြတ်နိုးအားကူ၊ ဘုံဘုံတို့ သုံသုံ တို့နှင့် ဆော့ကစားရင်း ရက်များ လများ ခရီးသွားခဲ့ကြပြီ။

■ ■ ■

မနေ့က မိုးသည်းထန်စွာ ရွာခဲ့၏။ တာလပတ်စလေး မလုံ့တလုံ မိုးထားသော မြတ်နိုး၏ ဆိုင်ကလေးက မိုးရေထဲတွင် ငုပ်တုပ်မေ့နေသလို မြတ်နိုးလည်း မိုးမိခဲ့သည်။ ညဘက်တွင် နောက်နေ့အတွက် ချက်ပြုတ်နေ... သည့် မြတ်နိုး မျက်နှာလေး နွမ်းနေတာ သတိပြုမိ၍ စိုးရိမ်တကြီး စမ်းကြည့် မိရာ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေမှန်း သိလိုက်ရသည်။

"ဟင် မြတ်နိုး ဖျားနေတာပဲ၊ မနက် ဈေးရောင်းမထွက်နဲ့တော့"

"မထွက်လို့ ဘယ်ဖြစ်မလဲ ကိုကိုရဲ့၊ မနက်အတွက် ရင်းနှီးထား တာတွေ အလကား ဖြစ်ကုန်မှာပေါ့"

"ဟာကွာ မြတ်နိုးမှ နေမကောင်းတဲ့ဟာကို ကျန်းမာရေးက ပိုအရေး





...တယ် မြတ်နိုးရယ်"

"အဖျားက ဒီလောက် မဟုတ်ပါဘူး ကိုကိုရဲ့၊ ဆေးတစ်ခွက်လောက် ...လိုက်ရင် ပျောက်သွားမှာပါ။ နေလို့ထိုင်လို့ မကောင်းတာက ကိုကို့ ...တွက် စုနေလို့"

"ကိုကို့အတွက် ဘာတွေစုနေလို့လဲ မြတ်နိုးရဲ့"

"ကိုကိုပဲ သားသမီး လိုချင်တယ်ဆို အဲဒါ စုနေတာ"

"ဟာ တကယ်"

"တကယ်ပေါ့ ကိုကိုရဲ့၊ မြတ်နိုးမှာလေ ကိုကို့အတွက်"

နှလုံးသား အပြင်းအထန် လှုပ်ရှားမှုကို အသည်းအသန် ခံစားလိုက် ...သော ကျွန်တော် စေးစေးပိုင်ပိုင် ပျော်ရွှင်မှုများနှင့် မြတ်နိုး တစ်ကိုယ်လုံးကို ...ကြိုး ပွေ့ဖက်လိုက်သည်။ မြတ်နိုးက ကျွန်တော့် ဆံပင်များကို ထိုးဖွကာ ...ပ်ချေနေသည်။ ကျွန်တော် မျှော်လင့်တောင့်တနေသော အရာကို ဖြည့်စွမ်း ...သည့် ချစ်ဇနီး မြတ်နိုးအား ကျေးဇူးတင်လွန်းသဖြင့် သူ့ဗိုက်စူစူလေးကို ...စ်လိုက်၏။

"အထိမ်းအမှတ်တစ်ခုအဖြစ် မနက်ဖြန် မြတ်နိုး ဆိုင်မထွက်နဲ့တော့ ...ဘေးက လူတွေကို အားလုံး ဝေလိုက်၊ အလှူသဘောပေါ့ကွာ၊ ကိုကိုတို့ရဲ့ ...က်သစ်လေးအတွက်ပေါ့"

"ကိုကို့သဘော"

ထိုညသည် လပြည့်ည မဟုတ်သော်လည်း တကယ်ပင် သာယာ ...ခဲ့ပါသည်။ နူးညံ့ဝေရီသော မျက်နှာနှင့်မြတ်နိုးက စိမ်းလန်းမှိုင်းဝေသည့် ...တော့် ရင်အုံတွင် မှေးမှိန်ရင်း မနားတမ်း သာနေသည့် လခြမ်းကွေးအား ...တွက ငေးမောကြသည်။ ဘဝ၏ ပင်ပန်းဆင်းရဲမှုကို အရင်းနှီး စိုက်ထုတ် ...လို့ဘဲ ကြည်နူးချမ်းမြေ့စွာ အပန်းဖြေလိုက်သည့် စွတ်စိုသော နှုတ်ခမ်း ...တွင် ပြင်းထန်သော အမောများ ရိုက်ခတ်တုန်ယင်လျက် ညဏ်လသည် ...တော်တို့နှစ်ယောက်အား ပိုမိုစေးကပ်စေခဲ့သည်။

နောက်နေ့တွင် ကျွန်တော်တို့နှစ်ယောက် အတူချက်ထားသော ...ကို ဈေးထွက်ရောင်း မနေတော့ဘဲ အိမ်နီးချင်းများကို ဝေပစ်လိုက်သည်။ ...တော်နှင့်မြတ်နိုးတို့ဘဝအတွက် ပထမဆုံး အလှူပင် ဖြစ်... အားလုံး



www.burmeseclassic.com

www.burmeseclassic.com



လှူပြီးတော့ ကျွန်တော်လည်း မြို့ထဲမထွက်တော့ဘဲ မြတ်နိုးကို ဆေးခန်းပြ၍ ကောင်းကောင်း အနားယူနိုင်ခဲ့သည်။ နောက်တစ်နေ့တွင်မတော့ အစဉ်အလာ မပျက် လုပ်ငန်းခွင်များသို့ ခရီးဆက်ကြရမြဲ ဖြစ်သည်။

ကျွန်တော် မြို့ထဲမှ ပြန်အလာတွင်တော့ ဝေဒနာများကို တစ်ထမ်း တစ်ပိုး သယ်ဆောင်လာခဲ့ရ၏။ သူငယ်ချင်း တစ်ယောက်၏ ကောင်းမှုနှင့် အင်အာနှိုင်းယက်၏ "ခရစ္စတီးနား၏ကမ္ဘာ" အမည်ရှိ ပန်းချီကားကို ဓာတ်ပုံ အနေနှင့် ကျွန်တော် မြင်လိုက်ရကတည်းက နေထိုင်မကောင်းချင်တော့ ပုံဆွဲစက္ကူပေါ်တွင်သာ ရေဆေးဖြင့် ရေးဆွဲခွင့်ရသည့် ပန်းချီဆရာဘဝကို ကြေကွဲချင်လာသည်။ သန့်ရှင်းသပ်ရပ်၍ အစွန်းအထင်းတို့ ကင်းနေသော ကျွန်တော့် အလုပ်စားပွဲကို ကျွန်တော် အထင်သေးနေမိ၏။ ဒါဟာ ပန်းချီ ဆရာတစ်ယောက်ရဲ့ အခန်းဟု အနိမ့်ဆုံး ခန့်မှန်း၍ရအောင် ဆေးစက်များ နှင့် ပေကျံပြီး စုတ်တံများနှင့် ရှုပ်ပွနေစေချင်သည်။

ကျွန်တော်၏ ဝေဒနာကို ဖြေသာအောင် ကူညီသူက ပီကာမျိုး ဖြစ်၏။ သူက သူ၏မိတ်ဆွေ ရောင်းတန်းဝင် ပန်းချီဆရာတစ်ယောက် ဖြစ် သော မျိုးမြန်မာ၏ အိမ်သို့ခေါ်သွားပြီး မိတ်ဆက်ပေးခဲ့သည်။

အရောင်းသွက် ပန်းချီဆရာတစ်ယောက် ပီသစွာပင် သူ့အဆင့် အတန်းက မြင့်မားနေသည်။ သူ့အလုပ်ခန်းကလည်း ကျွန်တော် စိတ်ကူးယဉ် နေသော အလုပ်ခန်း အတန်းအစားမျိုးပင် ဖြစ်နေသည်။ မျိုးမြန်မာက ပွင့် လင်းဖော်ရွေပြီး ခင်မင်နှစ်လိုဖွယ် ကောင်း၏။ ဘဝတူ ပန်းချီဆရာများအပေါ် နားလည်မှုရှိသည်။ သူ၏နည်းပညာများကိုလည်း မကွယ်မဝှက် ထုတ်ပြသည်။ ကမ္ဘာကျော် ပန်းချီကားများ စုစည်းသိုမှီထားသည့် CD ဖြင့် အကြောင်းအရာ အမျိုးအစား စုံလင်လှစွာသော ပန်းချီကားများကို လေ့လာဖြစ်ကြသည်။

မျိုးမြန်မာက ကျွန်တော်တို့နှစ်ယောက်ကို ထမင်းကျွေးပြီး သူ၏ လျှို့ဝှက်နည်းပညာများဖြင့် ပန်းချီရေးဆွဲပုံကို လက်တွေ့ပြသခဲ့၏။ အနယ် နယ် အရပ်ရပ်သို့ ခရီးထွက်ကာ ရိုက်ယူစုဆောင်းထားသော ဓာတ်ပုံများထဲ မှ တစ်ပုံကို ရွေးချယ်လိုက်သည်။ ထိုရွေးချယ်မှုကို မျိုးမြန်မာက ကွန်ပျူတာဖြင့် ပြုလုပ်နေခြင်း ဖြစ်သည်။ ထိုဓာတ်ပုံကိုပင် **Photoshot software** နှင့် ပန်းချီရေးချက်များ ဖြစ်အောင် ပြောင်းပစ်လိုက်သည်။ ထိုပုံကို CD ထုတ်ပြီး ပရိုဂျက်တာ





ထောက်ထဲထည့်လိုက်ပြန်၏။ ပြီးမှ ဘောင်ကျက်ထားသော ကင်းဗတ်စ ပေါ်သို့ ပရိုဂျက်တာနှင့် ထိုးလိုက်သည်။ အခန်းကို အမှောင်ချလိုက်သည့် အခါ ရုပ်ရှင်ကြည့်နေသလို မြင်ကွင်းဖြစ်သွား၏။ ကင်းဗတ်စ ပေါ်တွင် ကွက်တိပေါ် နေသော ပုံရိပ်အတိုင်း **out line** ကောက်ယူသည်။ ထိုအခါ ပြီးပြည့်စုံပြီး ချောမွေ့စွာ သပ်ရပ်သော စကေ်ချ် ပုံကြမ်းတစ်ပုံ ရရှိခဲ့လေသည်။

ပြီးတော့ သုံးစွဲမည့် ပန်းချီဆေးပစ္စည်းများနှင့် စုတ်တံများကိုလည်း ထုတ်ပြခဲ့သေးသည်။ တကယ်တော့ အခရိုင်းလစ် ဆိုသည်မှာ အခြောက် မြန်သော ဆီဆေးတစ်မျိုးသာ ဖြစ်၏။ ရေ့ကရေး နောက်က ခြောက်လိုက် သည့် ဆေးတစ်မျိုးပင် ဖြစ်သည်။ မျိုးမြန်မာ ထုတ်ပြသော **acrylic (DALER -ROWNEY )** ဆေးဘူးက အရောင်ဆယ်ရောင်ပါပြီး ဒေါ်လာ သုံးရာ ပေးရသည်ဟု ရှင်းပြတော့ ကျွန်တော် မောသွား၏။ **WINSOR & NEWTON** စုတ်တံဆယ်ချောင်းကဒ် တစ်ကဒ်ကလည်း ဒေါ်လာ တစ်ရာ့ငါးဆယ် ပေးရ သည်။ ထို့ပြင် ကင်းဗတ်စ ကိုရီးယားမိတ် ခြောက်ပေအနံက တစ်ကိုက် ဘောင်တစ်ထောင် နီးပါး ရှိပြီး တရုတ်ဖြစ် ငါးပေနံက တစ်ကိုက် ခြောက်ထောင်ခန့် ပေးရသည်။

ကျွန်တော်နှင့်ပီကာမျိုးတို့ နတ်ကရာ ကြည့်မောမိသူများလို ချောက် ချားမှုကို ရင်ဝယ်ပိုက်၍ ပြန်လာခဲ့ကြသည်။ ကျွန်တော်၏ အခရိုင်းလစ် ရောဂါက မနာနှင့်ဆေး အလှမ်းဝေးခဲ့ရပြန်ပြီ။ ကျွန်တော့် စိတ်ဓာတ်များ ချွတ်ချုံကျပြီး နှင်းစွဲ အလုပ်ကိုတောင် မလုပ်နိုင်လောက်အောင် ထိခိုက် သွားခဲ့သည်။ ကျွန်တော်လိုလူစား ထိခိုက်တော့ အသောက်တက်သို့ ပိုရောက်သွား၏။ မိန်းမကလို့ အခန်တွေပင် ပျက်ကွက်ခဲ့သည်။ ကျွန်တော့် ခေါင်းထဲမှာ မြင့်မိုးမောင် အမည်ကို ထိုးထားသော ဆီဆေးကားများ ပြခန်းတင်နိုင်ရေး အိပ်မက် စိုက်ခင်းကြီးသာ ဖြစ်ထနေသည်။

တစ်ညတွင် အရက်ပူပျံပြီး ကျွန်တော် အိပ်နေရာမှ လန့်နိုးလာ၏။ နှစ်ခွက်လောက် ဆင့်သောက်ပြီး ငုတ်တုပ်ထိုင်ကာ ဆေးလိပ်ဖွာ နေမိသည်၊ ရေသောက်သွားဖို့ တစ်ရေးနိုးလာသော မြတ်နိုး ကျွန်တော် မူးပျက်နေသည်ကို သတိပြု သွား၏။

"ကိုကို ဘာဖြစ်နေတာလဲ ခုတလော ငိုင်တိုင်တိုင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဘွန့်တော် မပြောရက်ပါ။ ကျွန်တော် ဘာလုပ်လုပ် မဖြစ်မနေ ရှာဖွေကာ ခွင့်သွတ်အနှစ်နာခံ ရှာကြံဖြည့်ဆည်း ကျွေးမွေးနေသော ဇနီးသည်အား သေအနာအလှတွေ မမျှဝေရက်တော့ပါ။

"ကိုကို ပြောမထွက်ပါဘူး မြတ်နိုးရာ၊ တစ်ဘဝလုံးလည်း မြတ်နိုးအပေါ် ဘာတာဝန်မှ ကိုကို မကျေခဲ့ဘူး မဟုတ်လား"

"ကိုကို ဘာတွေပြောနေတာလဲ၊ မလိုဘူး ကိုကို မြတ်နိုးနဲ့ ကိုကို ကြားမှာ အချစ်ကလွဲရင် တခြားဘာမှမရှိဘူး၊ ကိုကို ဘာလုပ်ချင်သလဲပြော၊ ကိုကို လုပ်ချင်တဲ့ဆန္ဒမှန်သမျှ ဖြည့်ဆည်းနိုင်မှ မြတ်နိုးက ပါရမီဖြည့်ဘက် ဖြစ်မှာ၊ စိတ်မညစ်နဲ့ကွာ ကိုကို စိတ်ညစ်တာ မြင်ရင် မြတ်နိုး ငိုချင်တယ်"

မျက်နှာငယ်လေးနှင့် မပြောမချင်း မေးနေသည့် မြတ်နိုးကို အားနာလာ၍ ကျွန်တော် မဖြစ်မနေ ပြောပြလိုက်မိသည်။

"ဟိုလေ ကိုကိုက လောကနတ် ပန်းချီခန်းမမှာ ဆီဆေးကားတွေ တင်ချင်တာ၊ အဲဒါ ဆေးဖိုး ကင်းဗတ်ဖိုး ပန်းချီကားဘောင်ဖိုးတွေအတွက် ခေါင်းကိုက်နေလို့"

ရှင်သန်မှုနည်းပါးစွာ တောက်ပနေသော ကျွန်တော်၏ မျက်ဝန်း အစုံကို ကျွမ်းကျင်စွာ ဖတ်တတ် နားလည်တတ်သူမှာ မြတ်နိုးပင် ဖြစ်သည်။

"ကိုကို ဒီကိစ္စ ကိုကို ဘာမှမပူနဲ့ သိလား၊ အဲဒီလောက်တော့ မြတ်နိုးမှာ ပိုက်ဆံရှိပါတယ်၊ ပန်းချီကား အများကြီးအတွက်တော့ မဟုတ်ဘူးပေါ့"

"ဟင် ဟုတ်လား မြတ်နိုး ဘယ်တုန်းက စုထားတာလဲ"

"ကိုကို သိပ်လိုချင်ပါတယ်ဆိုတဲ့ သားသမီးအတွက်လေ မီးနေစရိတ် ပေါ့"

မြတ်နိုး အပြောကြောင့် ကျွန်တော် အော်ဟစ် ငိုကြွေးချင်လောက် အောင်ပင် စိတ်ထိခိုက် ကြေကွဲကာ ရင်ထဲမှာ စို့တက်လာ၏။

"မြတ်နိုးရယ် ကိုကို အဲဒီပိုက်ဆံကို ဘယ်လိုလုပ် သုံးရက်ပါ့မလဲ"

"ကိုကို စိတ်မကောင်း ဖြစ်သွားလား၊ ဒါဖြုန်းပစ်တာမှ မဟုတ်တဲ့ ကိုကိုရယ် မီးနေစရိတ်အတွက်က မနက်ဖြန်တွေ အများကြီး ရှိပါသေးတယ်"

ဘာမှအဖြစ်မရှိသော ကျွန်တော်က မြတ်နိုး၏ အားပေးစကား အတွက်





တက်သွားခဲ့၏။ အပျော်စိတ်များနှင့် မြတ်နိုး ရင်ခွင် ခေါင်းတိုးဝင်ပြီး တစ်ရေးအိပ်ဖြစ်သည်။

မနက်လင်းတော့ မြတ်နိုး ဆိုင်ခင်းပြီးသည်အထိ ကူညီလုပ်ကိုင်ပေး၍ မြတ်နိုး ထုတ်ပေးသည့် ငွေများနှင့် ကျွန်တော် မြို့ထဲသို့ ချီတက်ခဲ့၏။ အစ်မတ်နှင့် ငါးကြင်းခေါင်းတက်ကိုင်လို့ မဖြစ်မှန်း သိထား၍ တရား ထုတ်ပြီး တရုတ်အားထားဖို့ပဲ ဆုံးဖြတ်လိုက်၏။ မိတ်အင်ချိုင်းနား ကင်းဗတ်စ တစ်ကိုက်နှင့် တရုတ်ဖြစ် အခရိုင်းလစ်ဆေး၊ အရောင်လေးမျိုး ဝယ်ပြီးသောအခါ အိတ်ထဲတွင် ငွေတစ်သောင်းလောက်သာ ကျန်သည်။ ထိုငွေနှင့် စုတ်တံ ဆီနည်းငယ်ဝယ်ပြီး သစ်သားဘောင်အတွက် ပိုက်ဆံချန် ထားရဦးမည် ဖြစ်သည်။

လက်နက်အပြည့်အစုံနှင့် ရန်သူကို ရင်ဆိုင်ခွင့်ရတော့မည့် စစ်သူကြီးတစ်ယောက်လို ဝံ့ကြွားစွာ ကျွန်တော် ပြန်လာခဲ့သည်။ သူငယ်ချင်း အိမ်ချောကြည်ဆီ သွား၍ ကျွန်တော့်တွင် မရှိသော အရောင်အကြွင်းအကျန် အထပ်အသပ်လေးများ တောင်းယူလာခဲ့ပြီးသောအခါ ကျွန်တော် မျှော်လင့်စောင့်တခဲ့ရသော အခရိုင်းလစ် ဆီဆေးကား စရေးရန် အဆင်သင့် ဖြစ်နေပြီ။ စိတ်ကူးထဲတွင် အကြိမ်ကြိမ် ရေးဆွဲခဲ့ပြီးသော အကြောင်းအရာများကို ကျွန်တော် ကင်းဗတ်စပေါ် သွန်ချလိုက်သည်။ ထမင်းမေ့ ဟင်းမေ့ မြတ်နိုးကိုပါ မေ့ပြီး ပီကာဆို၏ ဝိဉာဉ်ပူးကပ်နေသလိုမျိုး ကျွန်တော် ပန်းချီကားများ ဖန်တီးရေးဆွဲနေမိ၏။

နှီးရည်တင်းစ ပြုနေပြီဖြစ်သော မြတ်နိုးအတွက် ဘာအားဆေးမှ မဝယ်ဖြစ်တော့သလို ကျွန်တော် ကိုယ်တိုင်လည်း အခရိုင်းလစ်ဆေးနှင့် နေခြင်းမျိုး မဟုတ်ဘဲ အိုဘီမင်၊ ဖောလစ်အက်ဆစ်၊ ဖဲရစ်ဆာလဖိတ် အစရှိသော ကိုယ်ဝန်ဆောင် အားတိုးဆေးများကို အရည်ဖျော်၍ ကင်းဗတ်စ ပေါ်တွင် သုတ်လိမ်းနေရသလို ခံစားနေရသည်။ ခူးဆွတ်ခွင့်မရသေးသည့် အနာဂတ်ကို မှုန်ပုဖောင်းတစ်လုံးတွင် ကြိုးချည်၍ ကျွန်တော် လွှတ်တင်ဖြစ်ခဲ့လေသည်။

ကင်းဗတ်စ တစ်ကိုက်နှင့် ကျွန်တော်လိုချင်သော အရွယ်အစား အတိုင်း ပန်းချီကား သုံးကားစာ ဘောင်ကျက်ပြီး ရင်နှင့်မဆံ့အောင် သိမ်း ဆည်းထားခဲ့သော ရင်တွင်းရတနာများကို အားပါးတရ ပုံဖော်ခြယ်သနေခဲ့ သည်။ နေ့ရောညပါ ထဲ၍ လများပင် ရင့်ရော်လာခဲ့ပြီ။ ကျွန်တော့် မျက်နှာတွင်လည်း မုတ်ဆိတ်မွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော မှတ်ဆိတ်ပါးမြိုင်းမွေးများနှင့် အိုကြီးအိုမပုံ ပေါက်နေ၏။

ကျွန်တော် အရာရာကို မေ့ထားပြီး အခရိုင်းလစ်နှင့် ပျော်ပါးနေခိုက် အိမ်ရှေ့မှသူ ကျော်မင်း ရောက်လာသည်။

"ဘယ်လိုလဲ မြင့်မိုးမောင် မင်းမလဲ နေ့နေ့ညည မနားတမ်းကို ပန်းချီ ဆွဲနေတော့တာပါပဲလား"

"အေးဗျာ ကျွန်တော့်ရဲ့ အကြီးကျယ်ဆုံး ရည်မှန်းချက်အတွက် မှုသွပ်နေတာလေ၊ ပြီးတော့ မြတ်နိုးရဲ့ မွေးဖွားစရိတ်အမီပေါ့ ဟင်း ဟင်း"

"အေး မင်းကသာ ပန်းချီထဲ အာရုံနှစ်နေလို့ သတိမထားမိတာ မင်း မြတ်နိုးကိုလည်း ဂရုစိုက်ဦး"

"မြတ်နိုး ဘာဖြစ်လို့လဲ ကိုကျော်မင်း"

"ဟ ကိုယ့်မိန်းမ ဘာဖြစ်နေတယ် ဆိုတာတောင် မင်း သတိမထားမိဘူးလား"

"အေးဗျာ မနက်စျေးထွက် ညနေအိမ်ပြန်ရောက်၊ အိပ်ဆိုတော့ အပြစ်ပြောလည်း ခံရမှာပဲ၊ ကျွန်တော် အလုပ်ဖောက်ပြီး မြတ်နိုးကို သတိမထားဖြစ်ခဲ့ဘူးဗျာ"

"အေးလေ မင်းတို့ အနုပညာသမားတွေကို နားမလည်သလို အပြစ်လည်း မပြောချင်ပါဘူး၊ ဒါပေမဲ့ မြတ်နိုးကိုလည်း ပစ်မထားနဲ့ဦး"

ဘုံဘုံတို့အပေ ကိုကျော်မင်း စကားကြောင့် ကျွန်တော် ရင်တုန်စွာ စိုးရိမ်သွား၏။

"ကိုကျော်မင်း ဘာတွေ သတိထားမိလို့လဲ မြတ်နိုး ဘာတွေဖြစ်နေလဲဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါဗျာ"

"ဘာဖြစ်ရမလဲ စျေးသာ ထွက်နေရတာ၊ မြတ်နိုး ကြည့်ရတာ အားမရဘူး၊ တရှောင်ရှောင်နဲ့"

"ကိုယ်ဝန်လွယ်ထားတော့ အော့လိုက် အန်လိုက်နဲ့ မစားနိုင် မသောက်နိုင် ဖြစ်ပြီး မြတ်နိုး ပိန်ကျသွားတာတော့ ကျွန်တော် သိတယ်"

"ငါတော့ အဲလို မထင်ဘူး၊ ကိုယ်ဝန်ဆောင်ထားရတဲ့ မိန်းမသား ဆိုတာ သချိုင်းကို တစ်နေ့ သုံးခါ မျက်စောင်းထိုးနေတတ်တာနော်၊ ဆေးခန်း လေးဘာလေး ပြကြည့်ပါဦး"





ကိုကျော်မင်း၏ သတိပေးစကားကြောင့် ကျွန်တော် မြတ်နိုးအတွက် စိတ်ပူသွားမိသည်။ ရှစ်ပေ ဆယ်ပေ အခန်းကျဉ်းလေးအတွင်း ကျွန်တော် မသိသော ကိစ္စတွေ အများကြီး ရှိနေမှန်း သတိပြုလိုက်မိ၏။ ဆန်ဆီဆား နှင့်တကွ မြတ်နိုးကိုပါ ကျွန်တော် မေ့ထားမိခဲ့သည်။ ကျွန်တော် တတိယမြောက် အခရိုင်းလစ် ဆီဆေးကားကို အဆုံးသတ် စုတ်ချက်တို့ပြီး မြတ်နိုး ဆိုင်သို့ လိုက်သွားဖို့ စဉ်းစားလိုက်၏။ သို့သော် တကယ်တမ်း ချာန်ဝင်သွား သောအခါ ကျွန်တော် အားလုံးကို မေ့သွားပြန်သည်။

ဆိုက်ကား မာစတာ ကိုနီတွတ်၏ ဘဲလ်သံကြားမှ သတိပြန်ဝင်လာပြီး အိမ်ရှေ့ပြေးထွက်၍ မြတ်နိုးကို ဆီးကြိုဖြစ်သည်။ မြတ်နိုးကို ဂရုတစိုက် ကြည့်မိမှ ကျွန်တော် တစ်ကိုယ်လုံး စိုးရိမ်စိတ်တို့နှင့် လောင်ကျွမ်းသွားခဲ့၏။ မြတ်နိုးကို တွဲခေါ်၍ အိပ်ရာထက်တွင် နားခိုင်းသည်။ ကိုကျော်မင်း ပြောတာ ဟုတ်သည်။ အိပ်ရာထက်တွင် အဝတ်ဖြူတစ်စလို ပါးလှပ်စွာ ပုံကျနေသည့် မြတ်နိုးကို ကြည့်ရသည်မှာ ကျွန်တော် အားမရချင်။

မြတ်နိုးအား တယုတယ စမ်းသပ်၍ အကြင်နာငွေ့ပေးပြီး ရင်အုံ အရပ်မှ ထွက်ပေါ်လာသော စကားစစ်စစ်နှင့် ကျွန်တော် ပြောလိုက်သည်။

"မြတ်နိုး နေမကောင်းဘူးလား ဆေးခန်းသွားပြီး ဆရာဝန်နဲ့ ပြကြည့်မယ်လေ၊ ဗိုက်လည်း အပ်ရဦးမှာ မဟုတ်လား၊ ခုပဲ ခုနစ်လလောက် ရှိတော့မယ်"

"နေမကောင်းတာတော့ ဟုတ်တယ် ကိုကို၊ ဒါပေမဲ့ အဖျားကတက်လိုက် ကျလိုက်ပါ၊ ဒီလောက်လည်း မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဆေးခန်းသွားမယ်လေ"

"ကိုကို့အတွက် ပန်းချီပစ္စည်းတွေ ဝယ်လိုက်လို့ ပိုက်ဆံမှ မရှိတော့ဘာ"

ကြည့်စမ်း ကျွန်တော် ဘယ်လောက်များ တစ်ကိုယ်ကောင်း ဆန်လိုက်ပါသလဲ။ မိန်းမရှိလျှင် ငွေရှိမည်ဟု ဘာကြောင့်များ ကျွန်တော် တွေးနေမိပါသလဲ။ အခရိုင်းလစ် တစ္ဆေခြောက်လန့်နေမှုကြောင့် ပိုက်ဆံ အနည်းအကျဉ်း ဆာတ်သည့် မဂ္ဂဇင်း သရုပ်ဖော်ပုံ ရေးဆွဲမှုကိုပင် ပစ်ထားခဲ့တာ ကြောင့် ကျွန်တော့်ကို ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်လောင် နေသည့် မြင်ကွင်းအား



www.burmeseclassic.com

www.burmeseclassic.com



အဘောခံကြည့်ရင်း တယောထိုးနေနိုင်သည့် နီရိုး ဘုရင်များ ဝင်စားနေသလား။ ခေါင်းအများ နောက်မကျပါစေနှင့် ဆုတောင်း ရင်း အောင်ဘာလေထီ ထိုးထားသူ ဘစ်ဘောက်လို မရေမရာ ကတိများပေးဖို့ ကျွန်တော် ကြိုးစားမိသည်။

"ကိုကို ကြိုးစားရေးထားတဲ့ ဆီဆေးကားတွေ ပြီးသွားပါပြီ၊ ပြခန်း တင်လို့ရောင်းထွက်ခဲ့ရင် ကိုကိုတို့ဘဝ အဆင်ပြေသွားမှာပါ မြတ်နိုးရယ်"

"ရပါတယ် ကိုကိုရယ် မြတ်နိုး ဘာမှမဖြစ်ဘူး သိလား၊ အားနည်း တာလောက်ပဲ နေမှာပါ၊ တော်ကြာဆို ကောင်းသွားမှာ"

လောကကြီးက တစ်ခါတစ်ရံတွင် ကျွန်တော် သိထားသည်ထက် ပိုမို မှုန်ကြုပ်လွန်းမှန်း မျက်ဝါးထင်ထင် မြင်လိုက်ရသည်။ ကျွန်တော် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်ချင်တော့။ ပိုးချည်လို နူးညံ့ခြောက်သွေ့လျက်ရှိသော မြတ်နိုး၏ ဆံနွယ်များကို ကျွန်တော် နမ်းရှိုက် နှစ်သိမ့်ရုံမှအပ ဘာဆိုဘာမှ မတတ်နိုင်ခဲ့ပါ။

ကျွန်တော်နှင့်မြတ်နိုးအတွက် မြတ်နိုး၏ ဝမ်းကြာတိုက်မှ သားသမီး ရတနာ မမွေးဖွားခင်မှာပင် ကျွန်တော့် ဦးနှောက်ထဲတွင် ဗိုက်ကြီးခဲ့သည့် အခရိုင်းလစ် ဆီဆေးပန်းချီကား သုံးကား ဦးစွာမွေးဖွားနိုင်ခဲ့ခြင်းကိုသာ အမြတ်ဟု ယူဆရတော့မလား။ ထိုပန်းချီကား သမီးသားများကို ကျောင်းအပ် သလို ကျွန်တော် လောကနတ် ခန်းမတွင် ပြခန်းတင်နိုင်ခဲ့၏။ ထိုကိစ္စအတွက် မိုးမြင့်မာနှင့် သိန်းရွှေကြည်တို့က များစွာ ကူညီစောင်မပေးခဲ့ကြသည်။ တစ်ခါတစ်ရံ အားနာပြုံး ပြုံးပြတတ်သည့် ကံကြမ္မာကြောင့် ကျွန်တော့် ပန်းချီကားများကို အတော်များ များက သဘောကျ နှစ်မြို့က်စွာဖြင့် ကြိုဆို အားပေးမှုကို ရရှိခဲ့သည်။ ကျွန်တော့် ပန်းချီဆရာဘဝ လူလားမြောက်သလို အတိုင်းမသိ ကြည်နူးပီတိများကို ကျွန်တော် စားသုံးခွင့် ရခဲ့၏။ ထိုရက်များ အတွင်း မြတ်နိုး ထည့်ပေးထားတတ်သည့် ခေါင်းအုံးအောက်မှ လက်ဖက်ရည်ဖိုးနှင့် ပြခန်းတွင် ကျွန်တော် တစ်နေကုန် အောင် ကြည်နူးငေးမောနေတတ် သည်။

မေတ္တာတရား၊ စာနာစိတ်၊ ခွင့်လွှတ်ခြင်း၊ ကူညီဖေးမမှုများနှင့် မြတ်နိုး ထုံလွှမ်းပေးသော ထိုပန်းချီကားများ၏ အရင်းအနှီးကို ကျွန်တော် တန်ဖိုးမဖြတ်နိုင်၊ မြတ်နိုး လွယ်ထားရသည့် သန္ဓေသားကို တစိမ့်စိမ့်ကြည့်မြင် ပီတိဖြစ်ရသလိုမျိုး ကျွန်တော် လိုက်မောနေမိသည်။ ထိုသို့ အနုပညာလောကတွင် မှတ်တိုင်သစ် စိုက်ထူနိုင်မှုအပေါ် ပန်းချီပြပွဲ၌ မေ့မူးကြည်နူးနေခိုက် ဝိကာမျိုးနှင့် ကိုကျော်မင်းတို့





ဆေးကြီးသုတ်ပျာ ရောက်လာခဲ့ကြသည်။

"ဟေ့ကောင် မြင့်မိုးမောင် ငါတို့နဲ့အခုလိုက်ခဲ့ အရေးကြီးတယ်"

"ဟ ဘာဖြစ်တာလဲ ဝိကာမျိုးရ အလန့်တကြားနဲ့"

"မြတ်နိုး အဘောရှင်း ဖြစ်လို့ ဆေးရုံပို့ပေးလိုက်ရတယ် မြင့်မိုးမောင်"

"ဗျာ"

၂၀၁၂ ခုနှစ် မတိုင်ခင် ကမ္ဘာပျက်တော်လဲသံကို ကျွန်တော် ကြား လိုက်ရသည်။ ဝရုန်းသုန်းကား ခြေလှမ်းများနှင့် ဆေးရုံဆီသို့ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ အရေးပေါ်ခန်းထဲမှ မြတ်နိုးကို အောက်ဆီဂျင်ပိုက်၊ အစုံပိုက်များ တန်းလန်းနှင့် ကျွန်တော် တွေ့လိုက်ရတော့ မူးမိုက်ပြာဝေသွားခဲ့၏။

အဖျားက ၁၀၄ ဒီဂရီ ဖာရင်ဟိုက် ရေခာတ်ခမ်းပြီး နှုတ်ခမ်းများ ခြောက်သွေ့နေသော မြတ်နိုးက သတိရတစ်ချက် မရတစ်ချက်။ ဆရာဝန်က သွေးသွင်းဖို့ လိုအပ်နေကြောင်း ပြောလာသည်။ အိတ်ကပ်ထဲမှာရှိသော ငါးရာမပြည့်တပြည့် ငွေက ကျွန်တော့်ကို သရော်ပြုံး လှောင်ပြုံးနှင့် ကြည့်နေ သည်။

"မြင့်မိုးမောင် ဘာမှပူမနေနဲ့ လုပ်စရာရှိတာ အကုန်လုပ် လောလော ဆယ် ငါ စိုက်ထားလိုက်မယ်၊ လိုတဲ့ သွေးသာ သွားရှာ"

မြတ်နိုးအတွက် လတ်တလော လိုအပ်သည်များ ကျွန်တော်တို့ အပြေးအလွှား လုပ်ပေးခဲ့ကြသည်။ အခဆောတလျင် သွေးသွင်းပြီး အထူး ဂရုစိုက် ကုသနေသည့်ကြားမှ မြတ်နိုး၏အခြေအနေက သိသာစွာ ကောင်း မလာခဲ့။ မြတ်နိုးထံမှ သွေးနံ့ရောသည့် အနံ့အသက်တစ်ခုကို ကျွန်တော် သတိထား လိုက်မိသည်။ ဝမ်းဗိုက်တစ်ခုလုံး တင်းမာနေပြီး မျက်နှာမှာ သွေး ဆုတ်ဖြူရော် နေသည်။ ဝေဒနာ ခံစားနေရသော မြတ်နိုးကို မချိတင်ကဲ ကြည့်ရင်း ရင်တွင်းမှ အံမရပ်နိုင်အောင် အောင့်တက်လာ၏။ ဆရာဝန်တွေ ပြောပုံအရ ကိုယ်ခံအား နည်းပြီး အာဟာရ မပြည့်ဝသည့် မြတ်နိုးအတွက် မျှော်လင့်ချက်က မရှိချင်တော့။ ကျွန်တော် မငိုနိုင်သေးပါ။

သည်အချိန်မှာ အရေးအကြီးဆုံးက မြတ်နိုးကို ကျွန်တော် အရမ်း ချစ်ကြောင်း အကြိမ်ကြိမ် ပြောဖို့သာ ဆန္ဒစောနေသည်။

"မြတ်နိုး မြတ်နိုးအနားမှာ ကိုကို ရှိတယ်နော်၊ ကိုကို့ရဲ့ မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ကို အရင်းနှစ်တယ် သိလား''

အသံထပ်ပြောရင်း ကျွန်တော်၏ပူနွေးသော မျက်ရည်တစ်စက် မြတ်နိုး၏ဖြူစင်သော ပါးသို့ ပေါက်ခနဲ ကြွေကျသွားသည်။ မြတ်နိုး တစ်ချက် အားယူလူး လွန့်လျက် နှုတ်ခမ်းတို့ ပွင့်ဟလာ၏။ ကျွန်တော်က အားပေးနှုတ်သိမ့်သလို မြတ်နိုး၏လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။ မြတ်နိုး၏ မျက်ဝန်းများ မှေးစင်းစွာ ဖွင့်လာသည်။ ထိုမျက်ဝန်းသည် မိမိ၏ ရင်သွေးကို ဆုံးရှုံးရတော့မည် ဟူသော မိခင်တစ်ယောက်၏ ခံစားမှုထက် လေးနက်ခြင်းကို ဆောင်နေသည်ဟု ကျွန်တော် ထင်မိသည်။

''မြတ်နိုး ကိုကို့ကို မခွဲနိုင်ဘူး''

ထိုစကားသံ အဆုံးတွင် မျက်ဝန်းတို့ မှေးမှိတ်၊ နှုတ်ခမ်းအစုံ တွန့်ကွေးကာ မြတ်နိုး ခေါင်းလေး စောင်းငဲ့ပြုတ်ကျသွားသည်။ ဆေးရုံတစ်ခုလုံး တုန်ခါသွားသလို ခံစားလိုက်ရသည်။ မြတ်နိုး ကျွန်တော့်ကို ထားရစ်ခဲ့ချေပြီ။

အိမ်ထောင်သက် နှစ်နှစ်ကျော် သုံးနှစ်အတွင်း တာဝန်ယူ ရှာဖွေမကျေးခင်မှာပင် မြတ်နိုး ကျွန်တော့်အနားမှ ထွက်ခွာသွား၏။ ခင်ပွန်းကောင်း မပီသခဲ့သော ကျွန်တော်၏ တာဝန်မဲ့မှုနှင့် ရှက်စိတ်ကို စားမြိန်စာထဲ ထည့်ထုပ်၍ မြတ်နိုး အခေါင်းပေါ်တင်ပြီး နောက်ဆုံးခရီးကို ပို့ခဲ့ရသည်။

မြတ်နိုး မရှိတော့သော အခန်းကျဉ်းလေးသည် ကျွန်တော့်အတွက် ငရဲတမျှပင် ဖြစ်၏။ သေခါနီး တိုးယဲ့ယဲ့ ပြောသွားသော မြတ်နိုး၏ စကားတစ်ခွန်းက ကျွန်တော့်အနီးအပါးဝယ် အခါမလပ် ပဲ့တင်ထပ်မျှ ပြန်ကြားနေရသည်။ မြတ်နိုး ကိုကို့ကို မခွဲနိုင်ဘူး တဲ့။ ထိုအသံသည် ကျွန်တော် အလုပ်မမီနိုင်သောအရပ်မှ နှင်းပွင့်များနှင့်အတူ တိုးဝင်လာသော အသံဖြစ်သည်။ ရွေ့လျား နေသော တိမ်တိုက်များကို မော့ကြည့်လျှင် ထိုအသံကို ကြားရသည်။

ပန်းချီဆေးဘူးများနှင့် စုတ်တံများကြားတွင်လည်း ထိုအသံရှိသည်။ လိပ်ပြာ၏ တောင်ပံပေါ်တွင် ထိုအသံ ရှိသည်။ မိုးဟောကို၏ ထူထဲသိပ်သည်းသော မျက်ခုံးထဲတွင် ထိုအသံရှိသည်။ သွေးဖိအားတိုင်း ကိရိယာ၊ ရေအိမ်ခေါင်းအုံး၊ ခပ်နွမ်းနွမ်းပါတိတ်တစ်ထည်၊ ပိုးဟပ်၏အင်တင်နာ၊ နာရေး ကြော်ငြာ ဆေးပေါ့လိပ်မှ မီးခိုးငွေ့တန်း၊ ဝတ်မှုံရွှေရည်၏ လျှာဖျားလေးပေါ်တွင် ထိုအသံရှိသည်။ ထိုအသံကို မကြားနိုင်ရန် နားပိတ်ထားသော်လည်း မရ၊ ကြားတော့





ထိုအသံမရှိလျှင် မနေတတ်တော့သည်အထိ ကျွန်တော် ဖြစ်ခဲ့ရသည်။

ထိုရက်များတွင် လောကနတ် ပြခန်းတင် ပန်းချီသုံးကားမှ ပန်းသီးသည်သူများ ပန်းချီကားကို မြန်မာငွေ ဆယ်သိန်းနှင့် ဝယ်ယူသွားခဲ့သည်။ မြတ်နိုး အမောပြေစေမည့် ထိုငွေများ ရလာသောအခါမှ မြတ်နိုးက မရှိတော့။ ဒီလောက် ငွေများများကို တစ်ခါမှ မရဘူးသော ကျွန်တော် တစ်သိန်းထုပ် ဆယ်ထုပ်ပိုက်ရင်း နှိုက်ကြီးတင် ငိုကြွေးနေခဲ့မိသည်။ ဒီငွေတွေကို ဘယ်လို သုံးမည်ဟု စီမံခန့်ခွဲပေးမည့် မြတ်နိုးက မရှိတော့။ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးနှင့် ခြေသည်း လက်သည်းအစ ယုယစွာ လှီးချုတ်ရိတ်သင် ပေးတတ်သည့် မြတ်နိုး မရှိ။ ဆောင်းလက်ကြမ်းများ ကုတ်ခြစ်လာလျှင် စောင်ခြုံပေးမည့် မြတ်နိုး မရှိ။ တစ်ရေးနိုး ကျွန်တော် နှမ်းနေကျ ပါးဖွေးဖွေးတစ်စုံကို ပိုင်ဆိုင်သော မြတ်နိုး မရှိ။ လောက၏ အကျည်းတန်မှုများအား ကျွန်တော် အရက်နှင့် ချေဖျက်သည်။ ရသမျှငွေကို ဆေးရုံစရိတ် အသုဘ စရိတ်များ ဆပ်လိုက်၏။ လက်ကျန်ငွေလေးနှင့် မသေမချင်း ကျွန်တော် သောက်မည်ဟု ဆုံးဖြတ်ပြီး အရက်ပုလင်းထဲ တစ်ကိုယ်လုံး ဝင်အောင် တိုးဝှေ့နေမိသည်။

''မီး မထွန်းသေးဘူးလား မြင့်မိုးမောင်၊ ခြင်တွေလည်း အုံခဲနေတာပါပဲလား''

မှောင်ရိပ်ပျိုးသည်အထိ မီးထွန်းမထားသော ကျွန်တော့်အခန်းထဲ ကိုတျော်မင်း ဝင်လာကာ အပြစ်တင်သလို ပြောသည်။

''ထားလိုက်ပါဗျာ ခြင်တွေက ကျွန်တော့် ဝိညာဉ်ကို တစ်စစီ ပဲ့ကြွေ အောင် လုပ်နိုင်တာမှ မဟုတ်တာ''

''ဟာ ဒီကောင်တော့ ဒုက္ခပါပဲ ထမင်းမစား ဟင်းမစားနဲ့ အရက်ပဲ သောက်နေရင် မင်း သေသွားမှာပေါ့''

''ကျွန်တော်က သေချင်နေတာ၊ သေမှ ကျွန်တော် မြတ်နိုးနဲ့ တွေ့ မှာလေ ကျွန်တော် မြတ်နိုးကို သိပ်ချစ်တာဗျ''

''အေး မြတ်နိုးကို တကယ်ချစ်ရင် မင်း အခုလုပ်ရမှာက မြတ်နိုး ရှိရာသုဂတိ ရောက်အောင် လလည်ဆွမ်းသွပ်ပြီး အမျှအတန်း ပေးဝေ

''ဗျာ''



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်မင်း၏ ထိုစကားတစ်ခွန်းကတော့ မိုးချုန်းတော်လဲသံလို မြည်ဟည်းသွားတာ ကျွန်တော့် ရင်ဘတ်တည့်တည့်သို့ ဝင်ဆောင့်သည်။ ရင်နာထိုက်သော မြတ်နိုးရယ်။

ကျွန်တော်၏ မသိတတ်မှုများအား နောင်တနှင့် ထိန်းချုပ်ရင်း ကျွန်တော် လုယောင်ဆောင်ဖြစ်ခဲ့သည်။ ပြခန်းနှင့် ဆက်သွယ်သည်။ ပန်းချီခိတ်ဆွေများနှင့် ဆက်သွယ်သည်။ ထိုအခါမှ ကျွန်တော့် ပန်းချီကားကို ဝယ်သွားသော ဟိုတယ်ကြီးမှ မန်နေဂျာက ဟိုတယ်တွင် ချိတ်ဆွဲရန် ပန်းချီကား တစ်ချပ်အပ်ထားတာ သိလိုက်ရ၏။ သက်ရှိထင်ရှား ရှိစဉ်က တာဝန်မကျေခဲ့မှုများကို သင်ပုန်းချေရန် မြတ်နိုး၏တမလွန်ဘဝ ကောင်းရာသုဂတိလားဖို့အတွက်တော့ ကျွန်တော် တာဝန်ကျေရပါလိမ့်မည်။

ကျွန်တော် အသောက်လျှော့၍ ဝီရိယ စိုက်ကာ နောက်ထပ် အနုပညာ သန္ဓေသားကို အောင်မြင်စွာ မွေးဖွားနိုင်ရန် ကြိုးစားသည်။ ယူမည့်သူရှိပြီးသားမို့ မြတ်နိုး လလည်အမီ ပြီးစီးရန် ကျွန်တော် အားစိုက်ဖန်တီးသည်။ အပ်ထည် ပန်းချီကားကို အချောသပ်ပြီးသောအခါ မြတ်နိုး ကျွန်တော့်ကို ခွဲခွာသည်မှာ တစ်လပြည့်ဖို့ သုံးရက်သာ လိုတော့၏။ မန်နေဂျာထံ ဖုန်းဆက်အကြောင်းကြားလိုက်သည်။ သူတို့ ဟိုတယ်သို့ လာပို့ပေးရန် ဖိတ် ကြား၏။ ဟိုတယ်သို့ ပန်းချီကားသွားပို့ရန် လူနှင့်ခပ်ဆင်ဆင် တူအောင် ကိုကျော်မင်းထံမှ အကျီနှင့် ပုဆိုးတစ်စုံ ငှားဝတ်ခဲ့ရသည်။ ဟုတ်တာ မဟုတ်တာ အပထား ကျွန်တော့်ကို ကြီးမြတ်သော ဧည့်ကောင်းဆောင်ကောင်း ဟိုတယ် လာတည်းသလိုမျိုး ကြိုဆို၍ မာန်ဝင့်မိသေး၏။ တစ်ခွက် နှစ်ထောင့် ငါးရာခန့် ရှိမည်ဟု ခန့်မှန်းရသော ကက်ပချီနို ကော်ဖီအစစ်နှင့် ဧည့်ခံပြီး အနုပညာကြေး ဆယ်သိန်းကို ပက်ကင်စက္ကူလုလုနှင့်ပတ်၍ တခမ်းတနား ချီးမြှင့်သည်။ ကျွန်တော်နှင့် သဟဇာတ သိပ်မဖြစ်လှသော ထိုဝန်းကျင်တွင် ကော်ဖီတစ်ခွက်ကုန်အောင် မနေဘဲ ကျွန်တော် ပြန်ပြေးလာခဲ့၏။

အေးစိမ့်စိမ့် ဟိုတယ်ထဲမှ အထွက် ပူပူနွေးနွေး ပြင်ပလေနှင့် ထိတွေ့လိုက်သည့်အခိုက်မှာပင် မြတ်နိုးကို လွမ်းဆွတ်ခြင်းများနှင့် မျက်ရည် ဝေ့လာသည်။ မြတ်နိုး ကျွန်တော့်ကို အသက်ပေးချစ်ပြသွားသည့်အတွက် သူ ရရှိသွားသည်မှာ ပင်ပန်းဆင်းရဲမှုများသာ ဖြစ်၍ လုံးဝ ပြေမပြေနိုင်အောင် ဖြစ်ရသည်။ မြတ်နိုး





အတွက် ရင်နာနာနှင့် ပရိဒေဝ မီးတောက်လောင်တိုင်း တိုးတိုးသက်သက်ညှိစိမ့် ထွက်လာတတ်သည့် မျက်ရည်များကြောင့်တော့ မြတ်နိုးကို မကျွတ်တမ်းတွေတ်တမ်း မလောင်ကျွမ်းစေချင်ပါ။

မြတ်နိုးသည် ကျွန်တော်၏ စောင့်ရှောက်မှုကို မခံယူလိုက်လောက်အောင်ပင် ကျိန်စာ သင့်ခဲ့သည်လား မပြောတတ်။ ဗီတာမင် ချို့တဲ့ခြင်း၊ အာဟာရ မပြည့်ဝခြင်းတို့ကို ခါးစည်းခံစားရင်း နောက်ဆက်တွဲ အကျိုးဆက် အဖြစ် ကိုယ်ခံအား မပြည့်ဝမှုက ထပ်ဆင့်နှိပ်စက်သောအခါ သန္ဓေသား လွယ်ထားရသည့် မြတ်နိုး ဘယ်လိုမှ တောင့်မခံနိုင်တော့ဘဲ လောကကြီးကို အရှုံးပေးသွားရခြင်းသာ ဖြစ်သည်။

မြတ်နိုး ဆုံးပါးသွားပြီးမှ ပန်းချီကားနှစ်ကား ရောင်းခဲ့ရပြီး သိန်းနှစ်ဆယ်ရလာခဲ့၏။ ပထမတစ်ကား ရောင်းရငွေက မြတ်နိုး၏ ဆေးရုံစရိတ်နှင့် အသုဘစရိတ် ဖြစ်သွားခဲ့ပြီး ယခု ဒုတိယကား ရောင်းရငွေကတော့ ကောင်းရာ သုဂတိလားနိုင်ရေး ကုသိုလ်ငွေ ဖြစ်နေခဲ့ပြီ။

ကျွန်တော့် အောင်မြင်မှုများ တစ်လလောက် စောခဲ့သော် ကောင်းလေစွဟုသာ မချင့်မရဲနှင့် တောင့်တမိ၏။ သို့သော် ကျွန်တော် မမက်မောပါ။ ဆော်ဒါနား၏ အတွင်းခံကို ဒေါ်လာ သန်းချီပေး၍ လေလံဆွဲ ဝယ်ယူသွားသူများကိုလည်း ကျွန်တော် အထင်မကြီးပါ။ လတ်တလော ကျွန်တော် အလိုလားဆုံးအရာမှာ မြတ်နိုး၏ ဓာတ်ပုံကို မမှိတ်မသုံ ကြည့်ရင်း အရက်ပုလင်းလိုက် မော့ပစ်ရန်သာ ဖြစ်သည်။

ကိုကျော်မင်းတို့ဇနီးမောင်နှင့် ဗိကာမျိုးတို့ လက်သို့ ငွေတစ်သိန်းအပ်ပြီး လိုအပ်သည်များ ပြင်ဆင်စေခဲ့၏။ မြတ်နိုးအတွက် အကောင်းဆုံး လလည်ဆွမ်းသွပ်တရားနာပွဲကို ကျွန်တော် မျက်ရည် တခမ်းတနားနှင့် ကျင်းပခဲ့ပါသည်။ သခြင်းတရားကို ရင်ဆိုင်ရန် ပြင်ဆင်ခွင့် မရလိုက်ဘဲ ဘာမှ အဆင်သင့်မဖြစ်ခင် တမလွန်သို့ အဓောတလျင် ထွက်ခွာသွားခဲ့ရသော မြတ်နိုးအတွက် သံဃာငါးပါး၏ တရားနာအပြီးတွင် ကျွန်တော် လှိုက်လှိုက် လှဲလှဲနှင့် အမျှဝေခဲ့သည်။

သံဃာတော်များ ပြန်ကြွသွားသည်နှင့် ကျွန်တော် ပန်းချီခွဲသို့ ပြင်ဆင်လိုက်သည်။ ဧည့်သည်များကို အားနာမနေတော့ ကျွန်တော့် ......

www.burmeseclassic.com



ထဲတွင် ငွေထည်နေသည့် ပုံရိပ်များကို ကင်းဗတ်စ ပေါ်တွင် ပုံသွင်းလိုက်၏။ ဝိုင်အနာသေရ ဆေးများကို မျက်ရည်နှင့် ဖျော်စပ်၍ မရပ်မနား ကျွန်တော် ဆေးခြယ်နေခဲ့သည်။ အချိန်ကို နာရီနှင့်မတိုင်းတာဘဲ အရက်ပုလင်းများနှင့် တိုင်းတာခဲ့၏။ အရက် သုံးလုံးကုန်သွားသောအခါ နံနက် လေးနာရီထိုးနေပြီ ဆိုတာ အံ့သြစွာ သိလိုက်ရသည်။ ကျွန်တော့် နှလုံးသားပုံရိပ်မှာ ကင်းဗတ်စ ပေါ်တွင် မိတ္တူကူးထားသလို ထင်ဟပ်ပေါ်လွင်နေပြီ။ ထိုပန်းချီကားထဲတွင် ကျွန်တော်နှင့်မြတ်နိုး၏ သားသမီးလို ဖြစ်ခဲ့ဖူးသော ဘုံဘုံနှင့်သုံသုံကို မြတ်နိုးနှင့်ကျွန်တော်က လက်တစ်ဖက်စီ ချိတ်လျက် လွင်ပြင်တစ်ခုတွင် ပြေးလွှားနေသောပုံ ဖြစ်သည်။

ထိုပန်းချီကားကို ကျွန်တော် လုံးဝရောင်းမည် မဟုတ်ပါ။ ပန်းချီကားထဲမှ မြတ်နိုးသည် ကျွန်တော် အလွတ်ရနေသော ကျွန်တော့် ဇနီးသည်၏ ပုံတူအစစ် ဖြစ်နေသည်။ ကျွန်တော် မြတ်နိုးနှင့်လက်တွဲခွင့်ရခဲ့စဉ် ကာလတစ်လျှောက်လုံး ဘာကိုမှ မစွန့်စားဖြစ်ခဲ့သော ကျွန်တော်၊ ယခုတော့ အဆုံးစွန်အထိ စွန့်လွှတ်ခဲ့ရပြီ။ အခရိုင်းလစ် ဆေးသားကြောင့် ရုပ်လုံးကြွနေသော ပန်းချီကားထဲမှ မြတ်နိုးကို မျက်နှာအပ်၍ ကျွန်တော် သည်းလှိုက်အူလှိုက် ငိုလိုက်မိ၏။ ပြီးတော့ နှလုံးသားထဲမှ ထွက်ပေါ်လာသော ဆန္ဒစစ်စစ်ဖြင့် ဆုတောင်းလိုက်သည်။

"ဖြစ်လေရာ ဘဝတိုင်းမှာ မြတ်နိုးတစ်ယောက် မအောင်မြင်သေးတဲ့ ပန်းချီဆရာရဲ့ ဇနီး မဖြစ်ပါစေနဲ့ လို့"


လူမှုမှုး နှလုံးသားရှုးရှုးနှင့် ကျွန်တော့် ဆုတောင်းကို မြတ်နိုးကြားလေမည်လား မသိ။ ကျွန်တော့်အတွက်တော့ ဘာတစ်ခုမှ ဆုမတောင်းဖြစ်တော့ပါ။ ခုအချိန်မှာ ကျွန်တော့်အတွက် အလိုအပ်ဆုံးအရာက ဗန်ဂိုး၏ ဇိဝိန်ကို ခွဲခဲ့သော သေနတ်တစ်လက်သာ ဖြစ်ပါသည်။

**If you don't risk anything you risk even more.**

ဗျူး



PUBLISHED BY VIEW



www.burmeseclassic.com

# ချစ်သော ဖွန်ဂို

လှိုင်ရတနာ ခန်းမရှေ့ရှိ ကားရပ်လိုက်သည်နှင့် အသွေးအရောင် င်လှသော ခွေးများကို တွေ့လိုက်ရသည်။ ဖွန်ဂိုလည်း ပျော်မြူးရှာသည် း မြင်မြင်သမျှ ခွေးများကို ကြည့်ကာ နှုတ်ဆက်သလိုမျိုး တဝုတ်ဝုတ် တောင်နေသည်။ ကျွန်တော် ဖွန်ဂို့ကို လည်ပတ်တပ်လိုက်ပြီး ကားပေါ်မှ သည်။ ကားခရှင်းပေးသောအခါ ကားဆရာက ပိုက်ဆံကို ဆောင့်ကြီး ာင့်ကြီး ဆွဲယူပြီး ဖွန်ဂို ထိုင်ခဲ့သော သူ့ကားကို အဝတ်စုတ်နှင့် ပွတ်တိုက် သန့်ရှင်းရေးလုပ်နေသည်။

ကျွန်တော် ပခုံးကိုသာ တွန့်လိုက်ပြီး ဖွန်ဂို့လည်ပတ်ကြိုးကို ဆွဲကာ ဆီသို့ လျှောက်လာခဲ့သည်။ ယနေ့ ဤလှိုင်ရတနာ ခန်းမတွင် ခွေးပေါင်း ာ ရောက်ရှိနေကြသည်မှာ ပြိုင်ပွဲရှိ၍ ဖြစ်သည်။ အလှအပနှင့် အလိမ္မာ ဆိုင်ရမည့် ခွေးပြိုင်ပွဲပင် ဖြစ်သည်။ ခွေးများကို ဖယ်သာဝိတ်၊ ဟဲဗီးဝိတ် သော ခွဲခြားမထားပါ။ တစ်နှစ်အောက်နှင့် တစ်နှစ်အထက် ဟူသာ အသေး ခန်း ခွဲထား၏။ ဒီနှစ်ထဲ ဒီပြိုင်ပွဲက ဒုတိယအကြိမ်မြောက် ဖြစ်သည်။

www.burmeseclassic.com

ထွန်းခဲ့သော ငါးသောက်က ငါးလုပ်ငန်းဦးစီးဌာန ဝင်းကြီးအတွင်း တစ်ကြိမ် ပြုလုပ်ခဲ့ပြီး ယခုပြိုင်ပွဲ၏ ထူးခြားချက်မှာ စက်ဘုနှင့် ဟောင်ကောင်မှ ခွေးပြိုင်ပွဲ ကြီးကြပ်နိုင်သူ တစ်ယောက် လာရောက် အကဲဖြတ်ပြီး အမှတ်ပေးဖို့ ဖိတ်ခေါ်ထား ခြင်းပင် ဖြစ်၏။

သို့ဖြစ်၍ ပေးမည့် ဆုများကလည်း ထူးခြားသည်။ ဆုတံဆိပ်များ ဆုဖလားများ၊ ငွေသားများနှင့် နိုင်ငံတကာ ပြိုင်ပွဲများသို့ တက်လှမ်းနိုင်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ၏ အကဲဖြတ် ထောက်ခံချက် လက်မှတ် များကို ချီးမြှင့်မည်မို့ ကျွန်တော် အပါအဝင် ခွေးချစ်သူ ညော့်ပရိသတ်အပေါင်း မျှော်လင့်ချက် ကိုယ်စီနှင့် ရောက်ရှိနေကြခြင်း ဖြစ်သည်။ ခန်းမကြီးရှေ့ ကွက်လပ်တွင် ခွေးများ လူများနှင့် စည်ကားကာ ခွေးစကား လူစကားသံများ နှင့် ပွက်လောရိုက် ဆူညံနေကြ၏။

ဒီတစ်ကြိမ်မှာတော့ ဖွန်ဂိုကို ပြိုင်ပွဲ နှစ်ရပ်လုံး ဝင်ပြိုင်ရန် ကျွန်တော် စာရင်းသွင်းထားသည်။ ဖွန်ဂိုသည် ချစ်စရာကောင်းသော ခွေးတစ်ကောင် ဖြစ်၏။ သူ့အသက်က တစ်နှစ်နှင့်သုံးလ၊ အင်းခွေး အမျိုးအစား၊ အုန်းခွံရောင် အသွေးနှင့် စိုလဲ့ပြီး အရပ်အမောင်းကလည်း မြင့်မြင့်မားမားနှင့် ခန့်ညား၏။ ဒီပွဲအတွက် ရည်ရွယ်ပြီး ဖွန်ဂိုကို သုံးလလောက် အပြင်းအထန် လေ့ကျင့်ပေးခဲ့သည်။ ထိုစဉ် ဖြတ်သွားသော အယ်ဖေးရှင်း တစ်ကောင်က သူ့ကို ဘုကြည့်ကြည့် သွားသဖြင့် ဖွန်ဂို ဒေါပွပြီး တဂီးဂီး တဂဲဂဲနှင့် ရန်စောင်သံ ပေးနေ၏။ ကျွန်တော် ဖွန်ဂို ဘေးတွင် ဒူးထောက်ထိုင်ရင်း ပွတ်သပ် ချော့မြူရသည်။ တစ်လက်စတည်း ဝက်မှင်ဘီးဖြင့် ဖွန်ဂိုတစ်ကိုယ်လုံးကို ပြောင်လက် သန့်ရှင်းသွားအောင် တိုက်ချွတ် ဖြီးသင်ပေးနေလိုက်၏။ ဝန်းကျင်ကို အကဲခတ် ကြည့်တော့ အကွက်မြင်သော စီးပွားရေးသမားများ၏ ဆိုင်ပေါင်းစုံကို တွေ့ရသည်။ ခွေးစာမျိုးစုံ၊ ခွေးလည်ပတ်မျိုးစုံ ခွေးအကျီမျိုးစုံ၊ ခွေးအားတိုး ဆေး၊ သန်းသတ်ဆေးကအစ ခွေးအသုံးအဆောင် ပစ္စည်း အရောင်းဆိုင်များအပြင် ခွေးစားခွက် မျိုးစုံနှင့် ခွေးအိမ်မျိုးစုံကိုပါ ယာယီရွက် ဖျင်တဲများနှင့် တည်ခင်း ရောင်းချနေတာ တွေ့ရ၏။

ခွေးဈေးတန်းတွင် တခမ်းတနား လမ်းလျှောက်ရင်း ဖွန်ဂို့အတွက် အမဲရိုးပုံစံ ရယ်ဒီမိတ် ခွေးစာတစ်ထုပ်ဝယ်ကာ ဖောက်ကျွေးလိုက်သည်။ ဖွန်ဂို သိပ်ကြိုက်ပုံမရရှာ၊ စားလိုက်တာများ ပြုံက်ခနဲ၊ အထုပ်တစ်ဝက်ကိုးတော့မည်







"ဖွန်ဂို သားကြီး တော်တော့ကွာ၊ ဗိုက်လေးပြီး ပြိုင်ပွဲမဝင်နိုင်ဘဲ နေဦးမယ်"

ကျွန်တော် ဖွန်ဂိုကို ချော့မော့ပြီး ဆွဲခေါ်လာခဲ့၏။ အင်တုံလှလှ တော်ခွက်လှလှများနှင့် ကုသိုလ်ပြုထားသော ခွေးရေသောက်ခွက်များတွင် ဖွန်ဂို့ကို ရေတိုက်သည်။ ပြီးတော့ သဲခင်းပေးထားသည့် သီးသန့်နေရာတွင် ကျင်ကြီးတည်ရသေး၏။ ကိစ္စ ဝိစ္စအားလုံးပြီးမှ ခန်းမအပေါ်ထပ်သို့ တက်ခဲ့ကြ သည်။ ပြိုင်ပွဲကော်မတီတွင် စာရင်းသွင်းထားသော ပုံစံစာရွက်ပြပြီး ရောက် ရှိကြောင်း သတင်းပို့တော့ နံပါတ်ပြားတစ်ခုရ၏။ ဖွန်ဂို လည်ပတ်တွင် ချိတ်ဆွဲပေးလိုက်သော ဂဏန်းမှာ နံပါတ် သုံး ဖြစ်သည်။ ခန်းမအတွင်း နေရာယူကာ ကျင်းပမည့်အချိန်ကို စောင့်ရသည်။ ကျွန်တော့်ဘေးက အဒေါ် ကြီးတစ်ယောက်အနီးတွင် ဒိုဗာမင် ခွေးပျိုမ တစ်ကောင် ရှိနေသည်။ ဖွန်ဂိုက ဒိုဗာမင်မ နားကပ်ပြီး အနံ့ခံကာ လျှာနှင့်လျက်၍ အမြီးနန့်ပြီး မိတ်ဆက်နေ သေး၏။

အခြေကြီးပုံရသော အဒေါ်ကြီးက သူ့ခွေးကို ခေါ်ပြီး တစ်ဖက်ခုံသို့ ပြောင်းထိုင်လိုက်သည်။ အဖြစ်သည်းသော အဒေါ်ကြီးကိုကြည့်ကာ အမြင်ကပ် သွားသဖြင့် ကျွန်တော် ဖွန်ဂို့ကို ဆုံးမသလိုလိုနှင့် စောင်းမြောင်း ပြောလိုက် သည်။

"ဖွန်ဂို မင်းကလည်း မလွန်လွန်းဘူးလားကွာ၊ အိမ်မှာလည်း မိန်းမ တစ်ယောက်တောင် ကျန်ခဲ့တာကိုများ"

ဟုတ်တာ မဟုတ်တာ အပထား ကျွန်တော့် စကားကြောင့် အဒေါ် ကြီး မခံချိမခံသာ ဖြစ်သွားကာ နှုတ်ခမ်းစူ မေးငေါ့ မျက်စောင်းထိုးပြီး တစ်ဖက်သို့ လှည့်သွား၏။ လက်စားချေမှု ထိရောက်သွားတာ သိလိုက်ရ၍ ကျွန်တော် ကျေနပ်စွာ ပြုံးမိသည်။ သို့နှင့် ပြိုင်ပွဲစဖို့ အချိန်ကျရောက်လာ၏။ ဦးစွာ ပထမ လအောက် ခွေးလေးများ ပြိုင်ပွဲကို စသည်။ ပထမဦးဆုံးအနေနှင့် အလှပြိုင်ပွဲ ဖွင့်သည်။ တယ်ရီယာနှင့် မွေးပွ ခွေးပေါက်လေးများ ဝင်ပြိုင်ကြသည်။ ခွေးပေါက်စအမျိုးမျိုးနှင့် ကိုယ့်ခွေးကိုယ် အလှပြင် အလှဆင်ထား ကြသည်မှာ ကြည့်ရာ လည်းကောင်း၊ ကြည်နူးစရာလည်း ကောင်း၏။ အလှပြိုင်ပွဲပြီးတော့ ညီညွတ်မှုပြိုင်ပွဲ ဆက်၏။ တစ်နှစ်အောက် ပြိုင်ပွဲမျိုးစုံပြီးသွားသည့်အခါ တစ်နှစ်





www.burmeseclassic.com

www.burmeseclassic.com



အထက် ခွေးလေးများ ပြိုင်ပွဲဆက်ကျင်းပသည်။ သူတို့လေးတွေ အားလုံးပြီးမှ ကျွန်တော်တို့ ဖွန်ဂို အလှည့်ရောက်၏။ ဖွန်ဂိုတို့တန်းတွင် အယ်ဖေးရှင်း၊ ဒိုဗာမင် နိုင်ဂြာကျူး သိုးထိန်းခွေးများ ပါဝင် ယှဉ်ပြိုင်ကြသည်။ မြန်မာပြည်ပေါက် ခွေးက ဖွန်ဂို တစ်ကောင်ပဲ ရှိမည်ထင် သည်။

ပထမဆုံး ခွေးပိုင်ရှင်များနှင့်တွဲ၍ ကွက်လပ် တစ်ပတ် လျှောက်ပြ ရသည်။ ပြီးတော့ ခွေးကို စင်မြင့်ပေါ် တစ်လှည့်စီတင်ကာ လေးဖက်လေးတန် မှ ပရိသတ်အား မြင်သာအောင် အလှပြရ၏။ ဒီပွဲက အရည်အချင်းနှင့် မဆိုင်သော သဘာဝအလှကိုသာ အမှတ်ပေးသော ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ နောက်တစ်ဆင့် က အလိမ္မာပြိုင်ပွဲဖြစ်သည်။ အလိမ္မာပွဲတွင်လည်း ကြိုးထိန်းနှင့် ကြိုးလွတ်ဟု နှစ်မျိုး ရှိသေးသည်။ ကြိုးလွတ်နှင့် ခိုင်းသမျှ လုပ်နိုင်သော ခွေးက အမှတ်ပို သည်။ အချိန်ယူ လေ့ကျင့်ထားသည့်အတိုင်း ကျွန်တော်နှင့် ဖွန်ဂို ပြိုင်ပွဲဝင်ရို လည်ပတ်မှ ကြိုးကို ဖြုတ်သိမ်းလိုက်၏။ ကျွန်တော် ဖွန်ဂို့အစွမ်းကို ယုံကြည်မိ သည်။

ဖွန်ဂိုနှင့်ကျွန်တော် ပြိုင်ပွဲ ကွက်လပ် အစွန်းတစ်ဖက်စီတွင် မျက်နှာ ချင်းဆိုင် ရှိနေကြသည်။ ဖွန်ဂိုက ဆောင့်ကြောင့်ထိုင်နေ၏။ ခွေးတို့၏ အသ ဉာဏ်နှင့် နာခံနိုင်စွမ်းကို အကဲဖြတ်ခြင်းပင် ဖြစ်သည်။ ကျွန်တော် ဖွန်ဂိုကို လှမ်းခေါ်လိုက်၏။

"ဖွန်ဂို လာ လာ"

ကျွန်တော့်အသံ ကြားသည်နှင့် ဖွန်ဂို ထိုင်နေရာမှ တစ်ဟုန်ထိုး ပြေးလာသည်။ ကျွန်တော့် ကိုယ်ပေါ်သို့ ပတပ်ရပ် လက်နှစ်ချောင်းနှင့်ထောက် နှုတ်ဆက်ပြီး ကျွန်တော့်ဘေးတွင် ငုပ်တုပ်ထိုင်လိုက်သည်။ ပရိသတ်ထံမှ လက်ခုပ်သံများ ထွက်လာ၏။ ကျွန်တော်က ဖွန်ဂို့ကို တီးတိုးပြောဆိုပြီး ဝပ်နိုင်း လိုက်သည်။ ထိုသို့ ဝပ်လျက် အနေအထားနှင့်ပင် တစ်ဖက်ထိပ်သို့ အရောက် တွားသွားပြရမှာပဲ ဖြစ်၏။ ဒါကိုလည်း ဖွန်ဂို ကောင်းစွာ လုပ်ပြနိုင်ခဲ့သည်။ ဝမ်းပိုက်နှင့်ကြမ်းပြင် ထိလျက်အနေအထားတွင် အမြီးထောင်ပြီး ဖင်လေး ရမ်းတမ်း ရမ်းတမ်းနှင့် ဖွန်ဂို ကြိုးစားနေပုံက ချစ်စရာပင် ကောင်းသေးတော့သည်။

နောက်တစ်မျိုးက လက်နှစ်ဖက်မြှောက် ပတပ်ရပ်ပြီး ခြေနှစ်ချောင်း နှင့် လမ်းလျှောက်ပြရခြင်း ဖြစ်၏။ ဒါကိုလည်း ဖွန်ဂို ကောင်းစွာ လုပ်နိုင်





သည်။ သူ့စတိုင်က ကျောင်းစာကျေညက်နေသော ကျောင်းသားတစ်ယောက် အမေးပွဲ ဖြေနေသလိုမျိုး။ တစ်ခု အောင်မြင်သွားတော့ နောက်တစ်မျိုးက ခုန်ခုန်ပြရခြင်း ဖြစ်၏။ နှစ်ပေအမြင့်မှ တဖြည်းဖြည်း မြှင့်တင်သွားခဲ့ရာ ငါးပေအမြင့်ထိ ဖွန်ဂို လွတ်လွတ်ကျွတ်ကျွတ် ခုန်နိုင်ခဲ့သည်။ လက်ခုပ်သံများ ကလည်း သောင်းသောင်းဖြဖြ။

နောက်စွမ်းရည်တစ်မျိုးက နည်းနည်း အန္တရာယ်များ၏။ ဆယ်ပေစီ ခြားထားသော မီးကွင်း သုံးကွင်းထဲ ခုန်ဝင်ဖြတ်သန်းပြရခြင်း ဖြစ်သည်။ အိမ်မှာတော့ မီးကွင်းတစ်ကွင်းနှင့်သာ ကျင့်နိုင်ခဲ့၏။ မီးကွင်းများ ပြင်ဆင်နေ စဉ် ကျွန်တော်က ဖွန်ဂို့အား ပွတ်သပ် နှိပ်နယ် အညောင်းဖြေပေးရင်း dog food နည်းနည်းကျွေးထားလိုက်သည်။

"သားကြီး ကြိုးစားလိုက်စမ်း၊ ဒါကိုသာ ကျော်နိုင်ရင် ကျန်တာတွေ အေးအေးပဲ သိလား"

ဖွန်ဂိုက ကျွန်တော် ပြောတာကို နားလည်သလိုနှင့် တအီအီ အသံ ပြုရင်း အမြီးနန့်ပြ၏။ ကျွန်တော်တို့ ရင်ခုန်ရသော အချိန်ရောက်လာခဲ့ပြီး ကျွန်တော်လည်း ဘုရားတနေရသလို ပရိသတ်ကြီးလည်း ငြိမ်သက်နေသည်။ ဖွန်ဂိုက အသင့်အနေအထား။ ကျွန်တော် ဖွန်ဂို ကျောကို သပ်လိုက်၏။ ဖွန်ဂို ဘုတ်ခနဲ ထပြေးသည်။ ကြိုးဝိုင်းထားသော ပြိုင်ပွဲ ကွက်လပ်တစ်လျှောက် ဝဲပြေးနေသဖြင့် ပရိသတ်ထံမှ ရယ်သံများ ထွက်လာသည်။ ကျွန်တော် လည်း စိုးရိမ်သွား၏။ ဖွန်ဂို မီးကွင်းဖြတ်ဖို့ ကြောက်နေပြီလား။ ကျွန်တော်တို့ အားလုံး ဖွန်ဂိုကို အထင်သေးမိခြင်းသာ ဖြစ်သည်။ ဖွန်ဂိုက ကွက်လပ် တစ်ပတ် ပြည့်အောင် ပြေး၍ အရှိန်ယူပြီးသည်နှင့် မီးကွင်းသုံးကွင်းစလုံးကို လှပစွာ ဖြတ်သန်း၍ ခုန်ဝင်ပြသွားခဲ့၏။ ဟာခနဲ အော်သံနှင့်အတူ ပရိသတ် ဆီမှ လက်ခုပ်လက်ဝါးတီးသံများ သောင်းသောင်းဖြဖြ ပေါ်ထွက်လာသည်။ ကျွန်တော် လည်း ဝမ်းသာလွန်းသဖြင့် ထခုန်လိုက်မိသည်။ အနားသို့ ပြန် ရောက်လာသော ဖွန်ဂိုအား ကျွန်တော် ဖက်ထားလိုက်၏။ ဖွန်ဂိုလည်း နှလုံးခုန်သံ မြန်နေခဲ့သည်။

ပြိုင်ပွဲက မပြီးသေး၊ လက်တစ်ဝါးခန့်သာ ကျယ်ပြီး ဆယ်ပေခန့် ရှည်သော တန်းကို လျှောက်ရဦးမည်။ ဆပ်ကပ်ထဲက လူတွေ ကြိုးပေါ် လျှောက်သလိုမျိုး ဖြစ်၏။ ဖွန်ဂိုက ဣန္ဒြေရနေသည်။ သစ်သားတန်း ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်၍ နေရာယူထားသည်။ ကျွန်တော်က သစ်သားတန်း အဆုံးတစ်ဖက်မှ ရပ်စောင့်၏။ အချက်ပေးလိုက်သည်နှင့် ဗွန်ဂို သစ်သားတန်းပေါ် ဖြတ်လျှောက်သွားသည်။ လူမော်ဒယ်တွေ ကန့်ကလျ CAT WALK လျှောက်လာသလိုမျိုးဟန်အေး ဖြစ်၏။ ဒါကိုလည်း ဗွန်ဂို လွယ်လွယ်ကူကူပင် ကျော်ဖြတ်နိုင်ခဲ့သည်။ ကျွန်တော် ပျော်ရွှင်စွာနှင့် ဗွန်ဂိုကို ထွေးပွေ့ထားလိုက်၏။ စွမ်းရည်ပြသမှု နောက်ဆုံးတစ်ခုပဲ ကျန်သည်။ လေးပေခန့်အကျယ်နှင့် ရှစ်ပေအမြင့်ရှိသော သစ်သားနံရံကို ကျော်တက်ပြရမည့် ပြကွက်ပဲ ဖြစ်သည်။

ထိုသစ်သားနံရံကို မတ်မတ်ထောင်ထားခြင်း မဟုတ်ဘဲ ခုနစ်ဆယ့်ငါး ဒီဂရီလောက် စောင်းထားခြင်း ဖြစ်၏။ နံရံအလယ်လောက်တွင် တစ်ချက်ထောက်ပြီး အရောက်ကျော်တက်ရမည်ဆိုတော့ သိပ်မလွယ်လှ။ ဗွန်ဂိုအား ချော့မော့ ပွတ်သပ်ပြီး ရေတိုက်ရင်း သစ်သားနံရံကို ညွှန်ပြကာ တီးတိုး သင်ကြားပေးရသေး၏။

အချက်ပေးလိုက်သောအခါ ဗွန်ဂိုက နံရံကို တစ်ချက်မော့ကြည့်ရင်း တွက်ချက်နေဟန်နှင့် အကဲခတ်လိုက်သေး၏။ ပြီးမှ စောစောကအတိုင်း တစ်ပတ်အရှိန်ယူ ပြေးကာ လွှားခနဲ ခုန်တက်သည်။ ပြီးတော့ နောက်ခြေထောက်ကန်အားကို သုံးကာ နံရံအစွန်းကို လှမ်းခိုလိုက်သည်။ ရှေ့လက်များနှင့် မိမိရရ တွယ်ချိတ်မိသွားသောအခါ နောက်ခြေများနှင့် ကုတ်ခြစ်တွယ်တက်ရင်း တစ်ကိုယ်လုံး သစ်သားနံရံပေါ် ရောက်သွား၏။ အောက်ကို တစ်ချက် ငုံ့ကြည့်ပြီး မြေပြင်အခင်းပေါ် ခုန်ချလိုက်သည်။ ခန်းမ ပွင့်ထွက်မတတ် အားပေး သံများ ကြားလိုက်ရ၏။ ဗွန်ဂို့နား ကျွန်တော် ရောက်သွားတော့ ဒီကောင်ကြီး တွယ်ဖက်တက်၍ ကျွန်တော့်မျက်နှာကို လျှာဖြင့် လျက်သည်။ ကျွန်တော်လည်း နောက်မှ မျက်နှာ သစ်တော့မည် ဆုံးဖြတ်ကာ ငြိမ်ခံနေလိုက်၏။ ဗွန်ဂိုကတော့ဖြင့် တာဝန်ကျေခဲ့ပြီ။

ပြိုင်ပွဲ ခဏနားစဉ် ကျွန်တော် နေ့လယ်စာ စားရသလို ဗွန်ဂိုလည်း dog food အဝကျွေးရသည်။ အေးအေးဆေးဆေး နားနေပြီး ဆုဖော်ကြေညာတာကို စောင့်ကြသည်။ မျှော်မှန်းထားသည့်အတိုင်း အလိမ္မာပြိုင်ပွဲတွင် ခွေးပိုင်ရှင် ကိုကျော်စွာ ပြိုင်ပွဲဝင် အမှတ်စဉ်သုံး အင်းခွေး အမျိုးအစား ဗွန်ဂိုက ပထမ ရသည်ဟု ကြေညာခဲ့၏။ ကျွန်တော် ထခုန်တော့ ဗွန်ဂိုလည်း ဘာမှန်း ညာမှန်းမသိ ကျွန်တော့်ကို ပတပ်ရပ် တွယ်တက်ပြီး ရွှင်ရွှင်မြူးမြူး





နှင့် ထအူလိုက်သေးသည်။

ဗွန်ဂို့အတွက် တံခွန်စိုက်ဆုနှင့် ငွေသား ကျပ်တစ်သိန်း လက်ခံရရှိသည်။ ကျွန်တော်နှင့်ဗွန်ဂို အပင်ပန်းခံရကျိုး နပ်ခဲ့ပြီ။ ပြိုင်ပွဲတာဝန်ရှိ ပုဂ္ဂိုလ်များ အကဲဖြတ်ဒိုင်များနှင့်တွဲကာ ကျွန်တော်နှင့်ဗွန်ဂို ဓာတ်ပုံအရိုက်ခံကြသည်။ ဗွန်ဂိုတော့ မသိ ကျွန်တော် အပျော်များနှင့် မာန်ဝင့်နေမိသည်။ ဘာဆုမှ မရသော ဒိုဗာမင်မ ပိုင်ရှင် အဒေါ်ကြီးကိုပင် ကျွန်တော် လှောင်ပြုံး ပြုံးပြလိုက်သေးသည်။ အဒေါ်ကြီးက သူ့ဝသီအတိုင်း မျက်စောင်းထိုး၏။ ကျွန်တော်နှင့် ဗွန်ဂို၏ အိမ်ပြန်ခရီးက အောင်မြင်မှုများနှင့် အပြုံးပန်းဝေခဲ့ပြီ။

■ ■ ■

ဝေ့ဝေ့ဝဲဝဲ တိုက်ခတ် ဆော့ကစားနေသော လေပြည်ထဲတွင် သူဖြတ်သန်းလာရာ လမ်းတစ်လျှောက်မှ ပန်းတို့၏ ရနံ့ပေါင်းစုံပါဝင်လာသဖြင့် လေပြည်လေညင်းမှာ ပန်းပေါင်းစုံ ရနံ့သင်း၍ မွှေးကြိုင်နေသည်။

ပန်းခြံများကြားမှ ထိုင်ခုံတွင် ထိုင်ရင်း ချစ်သူ တွယ်တာတိုး ကို ကျွန်တော် တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့်နေမိ၏။ ဒါကို တွယ်တာက ရှက်နိုးသလို ဟန်မူပို၍ မျက်စောင်းထိုးကာ နှုတ်ခမ်းစူပြသည်။ ထိုနှုတ်ခမ်းစူစူလေးကို ကျွန်တော် ဒဏ်ပေးလိုက်၏။ တွယ်တာ စိတ်မကောက်ရဲတော့။

"ကဲ တွယ်တာ မောင့်အိမ်ကို ဘယ်နေ့ လာမှာလဲ"

"တစ်နေ့နေ့ပေါ့ မောင်ရယ်"

"အဲလို မသေမချာနဲ့တော့ ဘယ်ဖြစ်မှာလဲ၊ မောင်လည်း တွယ်တာ့မိဘတွေနဲ့တွေ့ပြီးလို့ အင်တာဗျူးတောင် အောင်ခဲ့ပြီ၊ တွယ်တာလည်း မေမေနဲ့တွေ့ဖို့ လိုက်ခဲ့ရမှာပေါ့၊ မေမေကလည်း မေးလှပြီ"

ကျွန်တော်နှင့်တွယ်တာက နှစ်ဖက်မိဘ ခွင့်ပြုထားသော ချစ်သူများဖြစ်၏။ ကျွန်တော်က တွယ်တာ့မိဘများထံ ဦးတိုက်ပြီးပြီမို့ ကျွန်တော့်မိခင်နှင့် သိုက်တွေ့ရန် တွယ်တာ့အား လောဆော် တိုက်တွန်းနေခြင်း ဖြစ်သည်၊ တွယ်တာက ရှက်သည်ဟု အကြောင်းပြကာ နေ့ရွှေ့ညရွှေ့ ရွှေ့နေသဖြင့် စိတ်ရှည်နိုင်လောက်အောင် ဖြစ်နေရသည်။

"တွယ်တာ မောင့်ကို အပျော်ကြံနေတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

"အမယ် ဒါ တွယ်တာ ပြောရမယ့် စကားပါနော်"

"ဒါဆို အမေနဲ့ လိုက်တွေ့ဖို့ ရက်ရွှေ့နေတာ ဘာသဘောလဲ"

"ဟဲဟဲ မောင်ရယ် လာမယ့် တနင်္ဂနွေ တွယ်တာ လာခဲ့မယ် ဟုတ်ပြီလား"

"ဟာ တကယ်နော် အိုကေ မေမေ့ကို ဟင်းကောင်းကောင်း ချက်ခိုင်းထားလိုက်မယ်၊ ကိုးနာရီလောက် အရောက်လာခဲ့၊ မောင် ကားဂိတ်က လာစောင့်နေမယ် သိလား တွယ်တာ"

ကျွန်တော် တွယ်တာရပါသော တွယ်တာ့ထံမှ ကတိရခဲ့သဖြင့် ပိုမိုပိုပြင်လာတော့မည့် အနာဂတ်ကို မျှော်တွေးရင်း ကျွန်တော် ပျော်နေသည်။ ပန်းခြံထဲမှာပင် အချိန်ဖြုန်းရင်း အဆာပြေ စားသောက်ပြီးတော့ တွယ်တာ့ ကို ကျွန်တော် ပြန်ပို့ပေးခဲ့သည်။ အိမ်အပြန် လမ်းတွင် ခြေလှမ်းတို့ သွက်နေ၏။ ကျွန်တော့်မှာ အမေ့ကို ပြောပြစရာ စကားတွေ အများကြီး ပါလာခဲ့သည် မဟုတ်လား။ ရပ်ကွက်ထဲ ဝင်သည်နှင့် လမ်းဘေးမြောင်းစပ်တွင် ခွေးသေ တစ်ကောင်ကို တွေ့၏။ အမှုမဲ့ အမှတ်မဲ့ ကျော်ဖြတ်လာရင်း နောက်ထပ် ဓာတ်တိုင်တစ်တိုင် အကွာလောက်တွင် ခွေးပေါက်တစ်ကောင်နှင့် ခွေးကြီး တစ်ကောင် လဲကျသေဆုံးနေတာ တွေ့ရပြန်သည်။

"ဟာ တစ်လမ်းလုံး ခွေးသေတွေချည်းပါပဲလား၊ ဘယ်လိုဖြစ်တာလဲ"

"နေ့ခင်းက အမဲတုံး လာပစ်သွားတာ"

"ဗျာ"

ဖြတ်သွားသော ဆိုက်ကားဆရာကြီးက ကျွန်တော့် အံ့အားသင့်မှုကို အဖြေပေးသွား၍ ဖွန်ဂိုအတွက် ရင်ပူပြီး အိမ်သို့ အပြေးပြန်လာခဲ့သည်။ ခြံထဲရောက်သည်အထိ ဖွန်ဂိုကို အရိပ်အယောင် မတွေ့ရသဖြင့် ကျွန်တော် အကြီးအကျယ် စိတ်ပူပြီး အော်ခေါ်မိသည်။

"ဖွန်ဂို ဖွန်ဂို ဖွန်ဂိုရေ အို့ အို့ အို့"

ကျွန်တော့် အော်ခေါ်သံကြောင့် အိမ်ထဲမှ ဝရန်းသုန်းကား ပြေးထွက်လာသော ဖွန်ဂိုကို တွေ့မှ စိတ်အေးသွားပြီး ဖွန်ဂို့ခေါင်းကို အသာအယာ ပွတ်ပေးလိုက်၏။ ဖွန်ဂိုက ကျွန်တော့်လက်ကို လျှာနှင့်ပြန်လျက်ပေးသည်။





ကျွန်တော် အိမ်ထဲဝင်လာတော့ ဖွန်ဂိုလည်း ထပ်ချပ်မကွာ လိုက်လာ၏။ ဘုရားပန်းလဲနေသော အမေ့ကို အဆင်သင့်တွေ့၍ ကျွန်တော် စပြောမိသော စကားက တွယ်တာ အိမ်ကို လာမည့်သတင်း မဟုတ်တော့။

"အမေ အမဲတုံးပစ်လို့တဲ့ လမ်းမှာ ခွေးတွေသေနေတာ အများကြီးပဲ၊ သား ဖွန်ဂို့အတွက် စိတ်ပူပြီး အပြေးအလွှား ပြန်လာခဲ့ရတာ"

"အမလေး မင့်ကောင် စားပိုးနင့်ပြီး အိပ်ပျော်နေတာပါတော်၊ အမေ အခဲမိုးတွေ ဈေးထဲက တောင်းလာပြီး ဆန်နဲ့ပြုတ်ကျွေးထားလို့လေ"

"တော်ပါသေးရဲ့ အမေရယ် ဟူး"

ကျွန်တော် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့ ဖွန်ဂိုက ကျွန်တော့် ခေါင်ပေါ် ခေါင်းထိုးမေးတင်ရင်း တအီအီ လုပ်နေသည်။ ကျွန်တော် ဖွန်ဂိုကို ကြည့်၍ အမွေးများကြားမှ သန်းများကို ရှာပေးနေမိ၏။ သန်းတွေက တစ်ပြုံတ ခေါင်းကြီး ဖြစ်နေပြန်ပြီ။

"ဟာ ဖွန်ဂို မဖြစ်ဘူး သန်းတွေကို ပွနေတာပဲ၊ လာ လာ ရေချိုးမယ်"

ကျွန်တော် ဖွန်ဂို့ကို ဆွဲခေါ်သွားပြီး ခြံထဲတွင် စိမ်ပြေနပြေ ရေချိုးတာ သန့်ရှင်းရေး လုပ်ပေးနေမိ၏။ ဖွန်ဂိုက ရေလည်း ကြိုက်သည်။ ကျွန်တော် ခေါ်တော်မချင်း ဘယ်တော့မှ ထွက်မသွား။ တစ်ကိုယ်လုံး ဆပ်ပြာတိုက် ကျကျနန သန့်စင်အောင် လုပ်ပြီးမှ ဖွန်ဂို့ကို ရေခါခိုင်းရသည်၊ ပြီးတော့ အိမ်ထဲခေါ်ပြီး ပုဆိုးစုတ်နှင့် သုတ်ပေး၏။ သန်းသတ်သည့် ခွေးသုံး ပေါင်ဒါမှုန့် ဖြူးပြီး တစ်ကိုယ်လုံး နှံ့အောင် ပွတ်သပ်သုတ်လိမ်းပေးရသည်။ မေမေက ကျွန်တော် အုပ်သမျှ ငေးနေရင်း မဆီမဆိုင် မေး၏။

"သား တွယ်တာနဲ့ တွေ့သေးလား"

"ဗျာ ဟာ တွေ့တယ် မေမေ တွေ့တယ်၊ ဖွန်ဂို ဝင်ရှုပ်နေတာနဲ့ အား မေ့သွားတာ၊ လာမယ့် တနင်္ဂနွေနေ့ သူ လာလိမ့်မယ် မေမေ"

မေမေ့မျက်နှာတွင် အပြုံးပန်း ဝေသွား၏။ ဒီလောက် အရေးကြီးသည့်ကိစ္စကို မေ့ဖြစ်စေသော ဖွန်ဂို့ကို ကြည့်ရင်း ကျွန်တော် သက်ပြင်းချ ပြုံးမိလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ အမေနှင့် တွေ့ဖို့အတွက် တွယ်တာ ကျွန်တော့်အိမ်သို့ လာမည်။ နောက်စောစောထပြီး ကျွန်တော် သန့်ရှင်းရေး လုပ်နေ၏။ ဖွန်ဂိုက ကျွန်တော့်နောက်မှ တကောက်ကောက်။ တစ်အိမ်လုံး စိတ်ကြိုက်ရှင်းလင်းပြီး၍ ကျွန်တော် အမောဖြေ ခဏထိုင်တော့ ဖွန်ဂိုက ကျွန်တော့် ဘေးမှာ ဝင်ထိုင်သည်။ ကျွန်တော် ဖွန်ဂို့မျက်နှာကို ဆွဲယူမော့လိုက်ရင်း

"ဟော့ကောင် ဖွန်ဂို မင်း သေသေချာချာ မှာထားတယ်နော်၊ တွယ်တာ ရောက်လာရင် ကောင်းကောင်းမွန်မွန် ဆီးကြိုရမယ်၊ ပြီးတော့ တွယ်တာတာ ဒီခုံမှာထိုင်ရင် မင်းက သူ့ပေါင်ပေါ်တက်ပြီး ယုယုယယ ပွတ်သပ် ကျီစယ်ရမယ် ကြားလား"

ကျွန်တော့်စကားကို ဖွန်ဂို နားလည်မှာ မဟုတ်သော်လည်း ကျွန်တော် ဖြစ်စေချင်တာကိုတော့ ဖွန်ဂို သဘောပေါက်ပုံ ရသည်။ ဘာပဲဖြစ်ဖြစ် တွယ်တာနှင့် ဖွန်ဂိုတို့ သင့်မြတ်ဖို့ မဖြစ်မနေ လိုအပ်သည် မဟုတ်လား။ ကျွန်တော် တွယ်တာ့ကို ချစ်သလို ဖွန်ဂိုကိုလည်း သံယောဇဉ် မပြတ်နိုင်မှန်း ကျွန်တော် သိနေသည်။

"တွယ်တာ ဟာ မင်းရဲ့သခင်မပဲ၊ ငါပြောတာ သဘောပေါက်တယ်နော် ဖွန်ဂို"

ဖွန်ဂို ကျွန်တော့်ကို မျက်လုံးပေကလပ် ပေကလပ် လုပ်၍ ကြည့်နေရာမှ သူ့လက်တစ်ဖက်အား ကမ်းပေးရင်း တအီအီညည်းနေရှာ၏။ သူ သဘောပေါက် နားလည်ပါသည်ဆိုသည့် သဘော။ ဖွန်ဂို့အတွက် စိတ်ချသွားပြီမို့ ချွေးမလောင်းအတွက် ချက်ပြုတ်နေသော အမေ့ကို နှုတ်ဆက်ပြီး အပြင် ထွက်လာခဲ့သည်။

လိုင်းကားစီးပြီး ကိုးနာရီတွင် အရောက်လာမည့် တွယ်တာကို ကြိုဆိုရန် ကျွန်တော် ကားမှတ်တိုင်သို့ ရောက်နေခဲ့ပြီ။ ကားတစ်စီး ထိုးဆိုက် လာတိုင်း တွယ်တာ ပါလာလေမလားဟု ပြူးပြူးပြာပြာ ရှာကြည့်ရတာက အမော မျှော်လင့်ချက်မဲ့စေသော ဘတ်(စ်)ကားများ အကြိမ်ကြိမ် ဆိုက်ရောက် ထွက်ခွာသွားပြီး ကျွန်တော့် ခြေသလုံး ကြွက်သားများ တောင့်တင်းလာခါမှ လှုပ်လီလှုပ်လဲ့ ကားအိုတစ်စီးတွင် တွယ်တာ ပါလာတာ မြင်ရသည်။

ကားပေါ်မှ ဆွဲမချရုံတမယ် တွယ်တာ့လက်ကို ကျွန်တော် အငမ်းမရ





ဆုပ်ကိုင်ဆွဲခေါ်တော့ ဝန်းကျင်မှ လူများက ကျွန်တော့်ကို မျက်စောင်းခဲ့သည်။ ကျွန်တော် သူတို့ကို ဂရုမစိုက်အားပါ။

"မောင်ရယ် ဘယ်လိုဖြစ်နေတာလဲ၊ တွယ်တာ ရောက်လာပြီပဲဥစ္စာ"

"မောင် စောင့်နေတာ ကြာပြီ တွယ်တာရဲ့၊ နောက်ကျလို့ စိတ်ပူနေတာ"

ဘယ်သူတွေ ဘယ်လိုထင်ထင် ကျွန်တော် မမှုပါ။ ချစ်သူလက်ကို ဆွဲပြီး အရပ်ထဲ ဖြတ်လျှောက်ခွင့်ရတာကိုက ကျွန်တော့်အတွက် အရသာထူးခဲလွန်းသည်။

"မေမေက သူ့ချွေးမလောင်းကို အရမ်းတွေ့ချင်နေတာ၊ ခုလည်း နောက်အစောကြီး ကတည်းက တွယ်တာ စားဖို့ ချက်ပြုတ်နေတာလေ"

တွယ်တာ့ လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ရင်း ကျွန်တော် တတွတ်တွတ် ပြောလာတော့ တွယ်တာက ပြုံးရင်း သူ့လက်ဆွဲအိတ်ကလေးကို ဈေ့ ခုန်၏။ ထိုအပြုအမူက တွယ်တာ စိတ်ကြည်နူး ပြုံးပျော်လျှင် လုပ်နေကျ အမူအရာမှန်း ကျွန်တော် သိထားခဲ့သည်။ ကြည်နူးစွာ တွဲလျှောက်လာကြရင်း ကျွန်တော့် အိမ်ရှေ့သို့ ရောက်လာခဲ့ကြ၏။

"ဒီအိမ်ပဲ တွယ်တာ"

"ဟယ် ခြံလေး ဝင်းလေးနဲ့ဆိုတော့ နေချင်စရာလေးပါလား မောင်ရဲ့"

"လာ တွယ်တာ အိမ်ထဲဝင်ရအောင်"

ဧည့်ခန်းတွင် နေရာပေးတော့ တွယ်တာက အိမ်အနေအထားကို လည့်ပတ်လှမ်းကြည့် အကဲခတ်သည်။

"သပ်ရပ်သန့်ရှင်းနေတာပဲ အထဲမှာလည်း ကျယ်ကျယ်ဝန်းဝန်း ရှိသားပဲ မောင်ရဲ့"

ကျွန်တော့် အိမ်လေးကို တွယ်တာ သဘောကျနေသဖြင့် ကျွန်တော် စိတ်ချမ်းသာသွား၏။ အရာရာ တွယ်တာ စိတ်တိုင်းကျ ဖြစ်စေချင်တာ ကျွန်တော် တွယ်တာအပေါ်ထားသော မေတ္တာတရားပင် ဖြစ်သည်။

"ကဲ တွယ်တာ ဒီမှာ ခဏထိုင်ဦးနော်၊ မေမေ့ကို သွားခေါ်လိုက် ဦးမယ်၊ အမောပြေသောက်ဖို့ အအေးလည်း ဖျော်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက လှလှပပလေး ခေါင်းညိတ်ပြတော့ ကျွန်တော် အိမ်နောက်ဘေးပေါက် ပြေးဝင်ခဲ့၏။ မီးဖိုချောင်တွင် အလုပ်ရှုပ်နေသော အမေ့အား တွယ်တာ ရောက်လာပြီဖြစ်ကြောင်း ဝမ်းသာအားရ အသိပေးရသည်။

"အမေ တွယ်တာ ရောက်လာပြီလေ၊ အမေ့ချွေးမ ဘယ်လောက်လှတယ်ဆိုတာ သိရအောင် ထွက်တွေ့လိုက်ပါဦး"

"သားရယ် ချော့ဖို့လုပ်ဖို့ထက် လိမ္မာရေးခြားရှိဖို့က ပိုပြီး အရေးကြီးပါတယ်ကွယ်၊ ကဲ ကဲ အဒေါ်လေး ဘာလေးနဲ့ ညှိခံလိုက်ဦး၊ အမေက ဒီမှာ ဟင်းအိုးတန်းလန်းကြီးရယ် ပြီးတာနဲ့ ထွက်လာခဲ့မယ်"

"ဟုတ်ကဲ့ အမေ"

ကျွန်တော် အဒေါ်ဗန်းကိုင်ပြီး ထွက်လာတော့ မျှော်လင့်မထား သည့် မြင်ကွင်းက ဆီးကြိုနေသည်။ တွယ်တာ အခန်းထောင့်နံရံကို ကပ်လျက် ဖောခွေးလေးများစို့ကာ တစ်ကိုယ်လုံး တုန်နေရှာသည်။

"ဟင် တွယ်တာ ဘာဖြစ်လို့လဲ"

"ဟို ဟို ခွေးစုတ်"

"ဂီး ဝုတ် ဝုတ်"

တွယ်တာက ဗီရိုအကွယ်သို့ထိုးပြရင်း ဟိုခွေးစုတ်ဟု ပြောလိုက်မှ ဖွန်ဂိုက တဝေါင်းဝေါင်းနှင့် ထိုးဟောင်တော့၏။

"ဟော့ကောင် တိတ်စမ်း"

"ဝုတ် ဝုတ် ဝေါင်း"

"ဖွန်ဂို တိတ်ဆို တိတ်နော် ငါလုပ်လိုက်မယ်"

ကျွန်တော် အသံမာမာနှင့် ဟိန်းဟောက်လိုက်သဖြင့် ဖွန်ဂိုက ထောင်နေသော အမြီးကို ကုပ်၍ ကျွန်တော့်အား မကြည်မသာနှင့်ကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ တွယ်တာ၊ ကိုက်ရော ကိုက်သေးလား"

အကြောက်လွန်နေသော တွယ်တာ မျက်ရည်များဝဲလျက် တုန်တုန်ယင်ယင်နှင့် ပြောသည်။

"တွယ်တာ ထိုင်ပြီး နံရံက ဓာတ်ပုံတွေ ကြည့်နေတုန်း အဲဒီခွေးကြီး ရောက်လာပြီး တွယ်တာ့ ပေါင်ပေါ် ခုန်တက်တာ၊ တွယ်တာ လန့်ပြီး သူ့ကို တွန်းချတော့ သူက ရန်လုပ်ပြီး ထိုးဟောင်တော့တာပဲ၊ တွယ်တာ ကြောက်လိုက်တာ မောင်ရယ်၊ အဲဒီ ခွေးကြီး မောင်းထုတ်လိုက်ပါ"

"ဟား ဒုက္ခပါပဲ ဟော့ကောင် ဖွန်ဂို သွား သွားစမ်း ခြံထဲကို သွားနေ ပြန်ဝင်မလာခဲ့နဲ့"

ကျွန်တော် အမိန့်ပေးတော့ ဖွန်ဂိုက ကုပ်ချောင်းချောင်းနှင့် ခြံထဲသို့ဆင်းချင် ဆင်းချင် ခြေလှမ်းမျိုးနှင့် ဆင်းသွား၏။ သူ့အပေါ် အမြဲတမ်း ဂုဏ်သီးပွတ်သပ်နှင့် ယုယခဲ့သော ကျွန်တော်က သည်မိန်းကလေး ရောက်လာမှ ရက်စက်စွာ စိမ်းကားသည်ဟု ဖွန်ဂို ထင်သွားပုံလည်း ရသည်။

ကျွန်တော်က တွယ်တာ့ကို အဒေါ်တိုက်၍ အကြောက်ပြေအောင် နှစ်သိမ့်ရင်း ဖွန်ဂို လိမ္မာပုံ၊ ပြောစကား နားထောင်ပုံ၊ သစ္စာရှိပုံ ချစ်စရာကောင်းပုံများ ပြောပြတော့ တွယ်တာ ပိုပြီး စိတ်ဆိုးသွား၏။

"လိမ္မာတယ် ဟုတ်လား၊ သူ့ကို တွန်းချတော့ တွယ်တာ့ကို ကိုက်ဆို့ အတင်းလိုက်ဆွဲတော့တာလေ"

"တွယ်တာက သူ့ကို တွန်းချလိုက်တာကိုး"

"တွန်းမချလို့ဖြစ်မလား၊ တွယ်တာက ခွေးဆို သိပ်ကြောက် သိပ်မုန်းတာ၊ တကယ်ဆို မောင့်အိမ်မှာ ခွေးတစ်ကောင် ရှိတယ်ဆိုတာ အစောကြီးကတည်းက တွယ်တာ့ကို သတိပေးခဲ့ဖို့ ကောင်းတယ်"

ကျွန်တော်က ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး ဖြစ်အောင် ခွေးလေးတစ်ကောင်မို့ ဘာမှမပြောဖြစ်ခဲ့တာ ဖြစ်ကြောင်း ကျားတို့ ခြင်္သေ့တို့ မွေးထားရင်တော့ အသိပေးမှာဖြစ်ကြောင်း ဟာသဖောက်၍ ရှင်းပြသော်လည်း တွယ်တာ၏ ခွေးကြောက်စိတ်ကို ဖော့ပေး၍ မရနိုင်အောင် ဖြစ်နေရသည်။

"ဘာပဲဖြစ်ဖြစ် ခွေးဆို တွယ်တာ ကြောက်တယ်၊ ပြီးတော့ မောင့်ခွေးက လမ်းဘေးက ချေးစားခွေးကြီး၊ ရှုံ့ဖို့လည်း ကောင်းတယ်"

ထိုစကားကြောင့် ဖွန်ဂိုဘက်မှ ကျွန်တော် နာပြီး ရုတ်တရက် ခြေရှင်းချက် ပေးမိသည်။ လမ်းဘေးခွေးဟု ပြောတာကပင် လွန်လှပြီ။ ချေးစားခွေးဟု ထပ်ဆင့် စွပ်စွဲတာကိုတော့ လုံးဝ မခံနိုင်။ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။

"ဘယ်ကလာ ချေးစားခွေးရမှာလဲ တွယ်တာရဲ့၊ ပြီးတော့ လမ်းဘေးခွေးလည်း မဟုတ်ဘူး၊ အင်းခွေး သူ့ကို ငယ်ငယ်လေးကတည်းက မောင်



PUBLISHED BY VIEW

www.burmeseclassic.com



ခွေးသာတာ ဦးသော့ နှယ်နှယ်ရရ ခွေးမဟုတ်ဘူး၊ ပြိုင်ပွဲမှာ ပထမဆုရထားတဲ့ ခွေး တွယ်တာ မယုံရင် ဟိုမှာကြည့်လိုက်''

ကျွန်တော်က ဆုများနှင့်အတူ ပြိုင်ပွဲတွင် ရိုက်ကူးခဲ့သည့် ဗွန်ဂိုနှင့် ကျွန်တော့်ဓာတ်ပုံများကို ညွှန်ပြ၍ သက်သေထူ၏။ ဘယ်လိုပဲ ရှင်းပြ ရှင်းပြ တွယ်တာက လက်မခံသဖြင့် ကျွန်တော် စိတ်ညစ်သွားသည်။

''ကဲပါ တွယ်တာရယ် မောင်တို့ ထမင်းစားဖို့ မေမေ့ကို ခဏသွားခေါ်လိုက်ဦးမယ်၊ တွယ်တာ ဒီမှာပဲ နားနားနေနေ နေလိုက်''

''ဟာ မလုပ်နဲ့ မနေရဲဘူး မဖြစ်ဘူး တော်ကြာ ဟိုခွေး ပြန်တက်လာရင် ဘယ့်နှယ်လုပ်မလဲ၊ သူ့ကို ကြိုးနဲ့ချည်ထားပြီးမှ မောင် သွား''

''ဟာ ဘာလို့ ဒီလောက် သူရဲဘောကြောင်ရတာလဲ တွယ်တာ''

''အို သူရဲဘောကြောင်တယ်ပဲ ထင်ထင် ခွေးဆိုရင်တော့ ကြောက်တယ်၊ တကယ်လို့ ဒီခွေးကို မောင် ကြိုးမချည်ဘူးဆိုရင် တွယ်တာ ခုပဲ ပြန်တော့မယ်''

ဒေါသသံတစ်ဝက်နှင့် နီမြန်းလျက်ပင် ရှိသေးသော တွယ်တာ၏ မျက်နှာလေးကို ကြည့်ပြီး ကျွန်တော် ဆုံးဖြတ်ချက် ချသည်။ ပထမဦးဆုံး အကြိမ် ကျွန်တော့်ထံသို့ ရောက်လာသော တွယ်တာ့အတွက် အဆင်မပြေမှု များနှင့် အဆုံးသတ်သွားမှာကိုတော့ ကျွန်တော် အဖြစ်မခံနိုင်ပါ။

''ကဲ ကဲ ဗွန်ဂိုကို မောင် ကြိုးသွားချည်ထားလိုက်မယ် ဟုတ်ပြီလား''

ကျွန်တော် သက်ပြင်းချရင်း အိမ်ပြင်ထွက်ခဲ့၏။ ဗွန်ဂိုက ကျွန်တော့်ကိုမြင်သည်နှင့် တအီအီ လုပ်၏။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ဖွက်ယူလာသော ကြိုးနှင့် သံတံခါးတွင် တွဲချည်ထားလိုက်သည်။

''ဆောရီးပဲ ဗွန်ဂို တွယ်တာ ပြန်မှပဲ မင်းကို လွှတ်ပေးလို့ ရမှာ''

ကျွန်တော် အိမ်ထဲ ပြန်ဝင်လာတော့ မေမေနှင့်တွယ်တာ အဖွဲ့ကျနေတာ တွေ့ရ၍ ရင်အေးသွား၏။ မေမေနှင့်တွယ်တာ သူတစ်ပြန် ကိုယ်တစ်ပြန် လွတ်လပ်စွာ ပြောဆိုနေပုံကိုကြည့်၍ ဗွန်ဂိုနှင့် ဖြစ်ပျက်ခဲ့သမျှကို မေ့သွားခဲ့သည်။

ခဏနေတော့ တွယ်တာနှင့် ထမင်းလက်ဆုံ စားလိုက်ကြ၏။ မေမေ



နှင့်တွယ်တာက ဟင်းချက်ပုံ ချက်နည်းများ အပြန်အလှန် ဆွေးနွေးရင်း စကားဖောင်းနေကြသည်။ ယောက္ခမလောင်းနှင့် ချွေးမလောင်း အဆင်ပြေနေတာ တွေ့တော့ ကျွန်တော် ကြည်နူးရသည်။ သို့သော် ထိုကြည်နူးမှုက ကြာကြာ မခံလိုက်။ ကြိုးချည်ခံထားရသည့် ဗွန်ဂိုက ခြံထဲမှ ဆန္ဒပြသလို တဝုတ်ဝုတ် ဟောင်နေ၏။

''အဲဒီခွေး ဟောင်သံကြီးကို ရပ်ပစ်လို့ မရဘူးလားရှင်''

''ဟာ တွယ်တာကလည်း သူ့ကို ရပ်ထားရအောင် စက်ရုပ်မှ မဟုတ်တာ၊ မကြားချင်ယောင် ဆောင်နေလိုက်ပါ တွယ်တာရယ်၊ ကိုယ် တောင်းပန်ပါတယ်''

မရခင်ကတည်းက အောက်ကျို့နေရပြီလား ဆိုသည့် သဘောနှင့် မေမေက ကျွန်တော့်ကို စွေခနဲ ကြည့်တော့ ကျွန်တော် မသိမသာ ခေါင်းငုံ့လိုက်ရသည်။ တွယ်တာက ခွေးဟောင်သံ နားမခံနိုင်တော့သလိုမျိုးနှင့် ပြန်ရန် ဟန်ပြင်သည်။ အမေ့ကို ရှိသေခင်မင်စွာ နှုတ်ဆက်ခဲ့၍ တော်တော့၏။ တွယ်တာကို ပြန်လိုက်ပို့ရန် အိမ်ထဲမှ အတူထွက်ခဲ့ကြသည်။

''တွယ်တာ အမေနဲ့ အဆင်ပြေပြေ စကားပြောခဲ့လို့ ကျေးဇူးပဲနော်၊ ဒါပဲဖြစ်ဖြစ် ကိုယ်တို့ အနာဂတ်အတွက် ဝမ်းသာစရာပဲပေါ့၊ တွယ်တာကော စိတ်ချမ်းသာရဲ့လားဟင်''

''အင်း စိတ်ချမ်းသာပါတယ် မောင်ရယ်''

ပြောပြောဆိုဆိုပင် တွယ်တာက စိတ်ချမ်းသာ ပျော်ရွှင်တိုင်း လုပ်လေ့ရှိသလို လက်ပွေ့အိတ်လေးကို ဝှေ့ယမ်းကာ ထွက်လာသည်။ ထိုအပြုအမူကြောင့် ဗွန်ဂို မျက်စိနောက်ပြီး ဒေါသတကြီး ဟောင်လိုက်သဖြင့် တွယ်တာ တစ်ကိုယ်လုံး တုန်တက်သွား၏။

''ဗွန်ဂို တိတ်စမ်း သေချင်လို့လား''

ကျွန်တော်က တွယ်တာ့ကို အကာအကွယ်ပေးပြီး ဗွန်ဂိုကို မာန်မဲလိုက်တော့ ဗွန်ဂိုက မကျေနပ်သလို ထပ်ဆင့် ဟောင်လိုက်ပြန်သည်။ တွယ်တာက ကျွန်တော့်ကို အကာအကွယ်ယူရင်း ခြံပြင်သို့ အလျင်အမြန် ထွက်သဖြင့် ကျွန်တော်လည်း တရွတ်တိုက် ပါသွားခဲ့၏။

''ဗွန်ဂိုကို ကြိုးနဲ့ချည်ထားတာပါ တွယ်တာရယ်''



www.burmeseclassic.com

www.burmeseclassic.com



"အို ချည်ချည် မချည်ချည် တော်ပြီ လုံးဝပဲ၊ နောက်ဆို မောင့်အိမ် ... လုံးဝ မလာတော့ဘူး သိလား"

"ဗွယ်တာရယ်"

"တကယ်ပြောတာ ဗွယ်တာနဲ့မောင် လက်ထပ်ဖြစ်ရင်တော့ မောင့်အိမ်မှာ လိုက်မနေဘူး၊ အဲဒီခွေး ရှိနေသရွေ့ ဆိုပါတော့"

ဗွန်ဂိုနှင့်ပတ်သက်ပြီး ညှိနှိုင်း၍ မရလောက်အောင် သဘောထား ကွဲလွဲစွာဖြင့် ဗွယ်တာ ပြန်သွားခဲ့သည်။ ထမင်းအတူ စားခဲ့စဉ်က အမေတစ်ယောက် သားတစ်ခုမို့ လက်ထပ်ပြီးပါက ဒီမှာပဲ လာနေရန် အမေ့တောင်းဆိုမှုကို ဗွယ်တာ လက်ခံခဲ့သော်လည်း အခုတော့ ဗွန်ဂိုနှင့်ပတ်သက်ပြီး ချက်ချင်း ဆိုသလို သဘောထား ပြောင်းကာ ရာဇသံများပေးသွားခဲ့၏။

ထိုကိစ္စပြီးသွားကတည်းက ဗွယ်တာ တစ်ယောက် သူ ပြောခဲ့သည့်အတိုင်း ကျွန်တော့်အိမ်ကို လုံးဝ မလာတော့။ အိမ်အလည်ခေါ်၍လည်း မရတော့။ ထိုမျှမက ဗွယ်တာနှင့်ကျွန်တော် လက်ထပ်မည့်ကိစ္စလည်း ဗွန်ဂိုကြောင့် အလှမ်းဝေးခဲ့ရသည်။ ကျွန်တော် အိမ်တွင် ထိုင်ရင်း ဗွယ်တာ အကြောင်း တွေးကာ ဆွေးနေစဉ် ကျွန်တော့်ထံ ဗွန်ဂို ရောက်လာပြီး ပွတ်သီးပွတ်သပ် လုပ်သည်။

"ဗွန်ဂိုရာ မင်းကြောင့် ငါ စိတ်ညစ်တယ်"

ဗွန်ဂိုက သူ့ကို ခွဲမသွားရန် တောင်းပန်သည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်သည်။ အိပ်လည်းအတူ စားလည်းအတူ အမြဲမခွဲ နေခဲ့ကြသည့် ဗွန်ဂိုက ကျွန်တော့်စိတ်ကို သိနေသလို ပိုပြီး ကပ်လာသည်။ ကျွန်တော် ... ကို မျက်စိအောက်ကပင် အပျောက်မခံ။ ကျွန်တော် ဗွန်ဂို့ကို သနားသလို ဗွယ်တာကိုလည်း အဆုံးရှုံးမခံနိုင်ပါ။ တစ်ခုကို လိုချင်ရင် တစ်ခုကို စွန့်လွှတ် တော့မည်မှန်း ကျွန်တော် သိနေ၏။

ထိုအခိုက် ခြံပြင်မှ ခွေးချင်းကိုက်သံများ ကြားလိုက်ရသည်။ ဗွန်ဂို လည်း ခွေးပီသစွာ ဟောင်သံပေးရင်း အသံကြားရာသို့ ပြေးထွက်သွား... ကျွန်တော် လှမ်းခေါ်တာကိုပင် ဂရုမစိုက်တော့။ ကျွန်တော်လည်း ထမင်း... ချင်တော့သဖြင့် အသာလွှတ်ထားပေးလိုက်၏။ အမေ၊ ကျွန်တော် ၊ ဗွယ်တာ နှင့် ဗွန်ဂိုကြားမှ ကွဲလွဲမှုများကို ဘာနှင့်ရင်ကြားစေ့ပေးရမှန်း မသိတော့။ ကျွန်... တွေးထဲ ဘယ်လောက်ကြာအောင် နစ်မျောသွားမိသည်မသိ တအီအီနှင့် ... ညည်းသံကြားမှ လှည့်ကြည့်မိတော့ ဒဏ်ရာ ဗလပွနှင့် ဗွန်ဂိုကို တွေ့လိုက်ရ ... ဖြင့် အကြီးအကျယ် အံ့သြ ထိတ်လန့်သွားမိ၏။

"ဟာ ဗွန်ဂို ဘယ်လိုဖြစ်လာတာလဲကွာ၊ စုတ်ပြတ်သတ်နေတာပဲ ... ယ်နဲ့မဆိုင်ဘဲ ဝင်ပါချင်တာကိုး ဒုက္ခပါပဲ"

ဗွန်ဂိုမှာ ဒဏ်ရာကြောင့် နာလွန်းလှသဖြင့် တစ်ကိုယ်လုံး တဆတ် ဆတ်တုန်ကာ တအီအီ ညည်းနေရှာသည်။ ကျွန်တော် ကြည့်မနေနိုင်တော့ ... ဖြင့် ခြံရှေ့ထွက်၍ ဆိုက်ကားငှားပြီး ဗွန်ဂိုအား တိရစ္ဆာန် ဆေးခန်းသို့ ပို့ကာ ... ကုသရသေးသည်။ ဗွယ်တာနှင့် တော့တော့ဆိုင်ဆိုင် ညှိနှိုင်းဖို့ကြိုးစည်းထားကာမှ ... ဂိုက အရေးပေါ်ပြဿနာရှာလာ၍ သူ့ဒဏ်ရာတွေ ပျောက်အောင် သုံးရက် ... နှိပ်ပေးပြီး ပြုစုနေရ၏။ ထို့အတွက် ဗွယ်တာထံ ဖုန်းဆက်၍သာ ညှိနှိုင်းခဲ့ရ ... သည်။ ဗွယ်တာက လုံးဝ မလျှော့။ ဗွန်ဂို မရှိမှ နောက်ကိစ္စတွေ ဆက်စဉ်းစား ... မည်တု ယတိပြတ် ဆိုလာခဲ့သည်။ မတတ်သာတော့သည့်အဆုံး ကျွန်တော် ... ဂိုကို စွန့်ပစ်ဖို့သာ နည်းလမ်းရှာရတော့ပါမည်။

ဗွယ်တာ၏ ရာဇသံကြောင့် ဗွန်ဂိုကို ခွဲထားရန် နှစ်ရက်လုံးလုံး ... မ်းရသည်။ အခြားရပ်ကွက်မှ ကျွန်တော့် သူငယ်ချင်း မင်းမောင်ထံ သွား၍ ... အကြောင်း ပြောပြ အကူအညီတောင်းကြည့်သည်။

မင်းမောင်ကလည်း ခွေးချစ်တတ်သူမို့ တာဝန်ယူပေးမည်ဟု ကတိ ... ကျွန်တော်လည်း ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဗွန်ဂို စားစရိတ်အတွက် ... တာဝန်ယူမည့်အကြောင်း အပြန်အလှန် သဘောတူခဲ့ကြ၏။ မနက်ဖြန် ... ည်ဟု ချိန်းဆိုပြီးသောအခါ ကျွန်တော် မျက်ရည်ကျမိသည်အထိ ခံစား ... ည်။

■ ■ ■

သည်ကနေ့ည ဗွန်ဂိုနှင့်ကျွန်တော် နောက်ဆုံးအတူ နေရမည့် ည ... ည်။ အိပ်ရာပေါ်တက်၍ ကျွန်တော့်ရင်ခွင်ထဲ ခေါင်းတိုးဝင်နေသော ဗွန်ဂိုကို ... ပွတ်သပ်ရင်း ကျွန်တော် ကြေကွဲနေမိသည်။ ဗွန်ဂိုကတော့ ဘာမှမသိရှာ ... ကျွန်တော့်ဆီရောက်လာပုံကို ရုပ်ရှင် အနေးပြကွက်လို ကျွန်တော် ... နေခဲ့၏။ ဗွန်ဂို နို့မခွဲမီအရွယ်ကပင် သူ့မိခင်နှင့် ဘယ်လို ကွဲလာခဲ့သည်...





www.burmeseclassic.com

www.burmeseclassic.com

ချစ်ခဲ့သော ဖွင့်ထားသည့် ဗီဒီယိုနှင့်စာအုပ် အငှားဆိုင် ခုံအောက်သို့ တအိအိနှင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ငယ်စဉ်ကပင် ချစ်စရာကောင်းသော ထိုခွေးလေးကို သနားလွန်း သဖြင့် အိမ်ခေါ်လာခဲ့ကာ နို့ဘူးတိုက်၍ ကျွေးမွေးစောင့်ရှောက်ဖြစ်ခဲ့၏။ သူ့ကို ဗွန်ကိုဟု ကျွန်တော်ကိုယ်တိုင် နာမည်ပေးခဲ့သည်။ လသားအရွယ်ကတည်းက အတူ နေခဲ့ကြသဖြင့် ကျွန်တော်တို့၏ သံယောဇဉ်ကို ခန့်မှန်းမိမည် ထင်သည်။

ဗွန်ကို အရွယ်ရောက်လာတော့ သတ္တဝါတို့ ဓမ္မတာအရ မိတ်လိုက် ချင်လာသည်။ သုနက္ခတို့၏ တော်သလင်းသဘင်ပွဲကို ဗွန်ကို ကိုယ်တိုင် ကိုယ်ကျ ပါဝင်ဆင်နွှဲချင်လာသည်။ အရပ်ထဲမှာလည်း တော်သလင်း တေးသံများဖြင့် တဝုန်းဝုန်း ဆူညံနေ၏။ ဗွန်ကိုကိုယ်တိုင်လည်း ကီလေသာ ဂီတကို ဆိုညည်းနေပြီ ဒါကို ကျွန်တော် သိ၍ ဗွန်ကိုအတွက် မိတ်လိုက်ဖော်ကို ကူညီရှာဖွေပေးခဲ့ရသည်။

ဗွန်ကိုက ခွေးသိုးကြိုးပြတ် ဖြစ်နေသည်။ ချဉ်ချဉ်တူးတူး မူးလျှင်ပြီး ရော စိတ်ခါတ်များနှင့် ဘတ်လဘိုင် လိုက်နေသော ခွေးမကြီးများကိုပင် မရှောင် ချင်။ အရွယ်အလျောက် စိတ်လှုပ်ရှားနေသည့် ဗွန်ကိုမှာ ကျွန်တော် သူ့လည်ကုပ်ကို ဆွဲထားသည့် ကြားမှပင် အတင်းရုန်းထွက်ကာ နို့ပျဉ်းတွဲကျ နေသော ခွေးမကြီးကို ဟိုနမ်းသည်နမ်း သွားလုပ်သည်။ မီးယပ်ခြောက်ပုံ ပေါက်နေသည့် အိုပယ် ခွေးမကြီးတလည်း ဗွန်ကိုနှင့်တွေ့တော့ ဆပ်ကော့ လပ်ကော့ နိုင်လာသည်။ မလိုက်ဘက်သော သူတို့ စုံတွဲကြားတွင် ကျွန်တော် ဗီလိန်ဝင်လုပ်ခဲ့၏။

ကျွန်တော် ဗွန်ကို့ကို ငေါက်ငမ်းပြီး ခေါ်သည်။ အခေါ်အပြောလောက် တော့ ဗွန်ကို အတော်လေး သဘောပေါက်သည်။ စဉ်းစားကြည့်၊ သားသမီး တစ်ဦးလို မွေးခဲ့သော ဗွန်ကို့အတွက် ဘယ်မိဘမဆို ကိုယ့်သားသမီးကိုတော့ အကောင်းစားလေးနှင့် ရစေချင်သည်။

"ဟွန်း ဘယ်လိုများ ဖြစ်နေလဲ မသိဘူး၊ အငမ်းမရနဲ့ နည်းနည်းလေး တော့ ကျေနပ်ဆောင်ဦးမှပေါ့ကွ"

ကျွန်တော့်စကားကို ဗွန်ကို အတိအကျ နားမလည်သော်လည်း ကျွန် တော်မကြိုက်မှန်းတော့ ဒီကောင် ကောင်းကောင်း သိနေသည်။ ခေါ်ခဲ့ရာ လမ်း တစ်လျှောက် ဟိုကားဘီးသေးပန်း၊ တွေ့ကရာ အုတ်တိုင်သေးနှင့်ပန်းတာမျိုး တွေနှင့် ဗွန်ကိုက သူ့ရင်တွင်းမှ အချစ်ကို ဖွင့်လှစ်ပြသခဲ့ဟန် တူသည်။





ဗွန်ကို၏ ခံစားချက်ကို ကျွန်တော် ကိုယ်ချင်းစာမိသလို လမ်းတစ်နေရာ ၌ ဟုလှပ ခွေးဖြူမလေး တစ်ကောင်နှင့်တွေ့တော့ ဗွန်ကို့ကို လွှတ်ပေးလိုက်သည်။

"ဟော ဟိုမှာ ခွေးဖြူမလေး တွေ့လား ဝေါ့ရဲ့၊ ဟော့ကောင် သွား ဟ"

ကျွန်တော် ခွင့်ပြုချက်ပေးလိုက်၍ ဗွန်ကို လှစ်ခနဲ ပြေးထွက်သွားသည်။ ခွေးဖြူမလေးက အသားအရေ ကိုယ်ခန္ဓာ စိုစိုပြေပြေ တင်းတင်းရင်းရင်း၊ ခွေး ကိုယ်စား ရင်တွင်းခံစားချက်နှင့် ပြောရလျှင်တော့ မျက်လုံးဝေ့ကစားပုံက Sexy ဖြစ်သူဟု ဆိုရမည်။

"ကြည့် ဝေါ့။ ဒါမျိုးကျတော့ တစ်ခါတည်း ပြေးမနမ်းဘူး။ ယောင် ညီလည် လုပ်နေရသေးတယ်"

ကျွန်တော် အားမရသလို ကြည့်တော့ ခွေးဖြူမလေးက ဗွန်ကို သူ့အနီး ရောက်တိုင်း ရှေ့ခနဲ ပြေးသွားလိုက်၊ တစ်ခါ သမင်လည်ပြန် နားရွက်လေး ထောင်ထောင်နှင့် ပြန်လှည့်ကြည့်လိုက် လုပ်နေသည်။

အမယ် ခွေးတောင်မှ အပျိုမဆိုလျှင် မူယာမာယာတော့ များသေးသည်။ ထိုအကောင် ဗွန်ကိုကလည်း နည်းနည်းပါးပါး ခွေးဘာသာစကားဖြင့် ပွတ်သပ် ချွဲယဲရမည်ကို နားမလည်။ သူ့ရည်ရွယ်ချက်အတိုင်း ဒဲ့တိုးဟန်ပြင်တော့ ခွေးဖြူ မလေး စတွန့်ဖြစ်သွား၏။

လိုရင်းတိုရှင်း လုပ်တော့မည့် ဗွန်ကို့အတွက် ကျွန်တော် မျက်နှာပူ သဖြင့် ကွမ်းယာဆိုင်တစ်ဆိုင် ဝင်ကာ ကွမ်းတစ်ယာဝါးရင်း အခြေအနေကို အကဲခတ် စောင့်ကြည့်သည်။ ဗွန်ကိုက ကပ်လိုက်၊ ဟိုဟာမလေးက မူယာ မာယာများလိုက်နှင့် ချာလပတ်လည်နေသည်။

အခြေအနေလေးကတော့ မဆိုး။ ခွေးဖြူမလေးက ခုန်ပေါက်မြူးတူး နေရာမှ လမ်းပေါ်တွင် ကိုယ်နှင့်ပွတ်ကာ တစ်ပတ်လှည့်လိုက်သည်။ ဗွန်ကိုက နမ်းသည်။ ခွေးဖြူမလေးက တွန့်ခနဲ တစ်ခါဖြစ်သွားရင်း ဗွန်ကို့လည်တိုင်ကို လှည့်ပြီး ခပ်ဖွဖွငုံကာ ပြန်လွှတ်လိုက်ပြန်သည်။

ကျွန်တော့် ဆန္ဒပြည့်မည်မှ မကြာသေး၊ ထိုအနီးအနားမှ ဂျာလေသီ ဖြစ်ပုံရတော့တဲ့ ခွေးပြတ်နှစ်ကောင် ရောက်လာကာ ဗွန်ကိုတို့အား မိုက်သွေးတွေကြွနေ ကြသည်။ ကျွန်တော် တွေ့ရာခဲကောက်ပြီး ခွေးလမ်းသရဲတို့အား ထုရသည်



www.burmeseclassic.com

www.burmeseclassic.com

ဘိုက်သည်။ ကျွန်တော့် အပြုအမူကို လမ်းဘေး ကွမ်းယာဆိုင်မှ ဈေးသည်က နားမလည်သလို ကြည့်နေသဖြင့် ကျွန်တော် ရှက်သွား၏။ ဗွန်ဂိုကတော့ ကျွန်တော် သဘောတူသော ခွေးမလေးနှင့် ကမ္ဘာလောက၏ အနူးညွှတ်ဆုံးသော အလှပြခြင်းကို ဖြတ်လျှောက်နေခဲ့ပြီ။

ကျွန်တော် ကွမ်းမကြိုက်သော်လည်း အရှက်ပြေ ဝင်ရောင်း ကွမ်းဝယ်စားခဲ့၏။ အိမ်မှာ မွေးထားတဲ့ ကောင်လေဗျာ စိတ်မချလို့ လိုက်ကြည့်နေရတာဟု ကွမ်းယာသည်အား မလိုအပ်ဘဲ ရှင်းပြနေမိသည်။ ထိုစဉ်မှာပင် လမ်းသွားလမ်းလာ မိန်းမကြီးတစ်ယောက်က ဘယ်လိုမှ အတွဲဖြုတ်၍မရတော့ သော ဗွန်ဂိုတို့စုံတွဲအား ခဲနှင့် သမတော့သည်။ ဗွန်ဂိုတို့မှာ ပြေးမရ လွှားမရနှင့် လည်ချင်း ခံရင်း တဂိန်ဂိန် အော်နေကြရရှာသည်။ ကျွန်တော် ဒေါပွသွား၏။

"ဒီမယ် ဘာလို့ ခဲနဲ့ထုနေရတာလဲ"

"အမြင်မတော်လို့ပေါ့ဟဲ့"

"အမြင်မတော်ရင် ခင်ဗျား ခြင်ထောင် ထောင်ပေးလိုက်ပါလား။ ဒါ သဘာဝပဲ၊ အဲဒါ ကျုပ်ခွေးဗျ။ ကျုပ်ခွေးကို ကျုပ် မိန်းမပေးစားနေတာ"

တစ်ယောက်တစ်ခွန်းပြောရာက မိန်းမကြီးဆီမှ ဆဲသံတွေပါ ပါလာသည်။ ကိုယ့်ထက်ကြီးသူမို့ ကျွန်တော် ပါးစပ်က မဆဲမိသော်လည်း ကြမ်းတမ်းသော စကားလုံးအချို့တော့ ပါသည်။ ဖြတ်သွားဖြတ်လာလူများ ဖြန်ဖြေကြ၍ ရန်ပွဲက ပြီးသွားသည်။ ကျွန်တော် ဗွန်ဂိုကို ခေါ်ပြီး ပြန်ခဲ့သည်။ အမျိုးသမီးကြီးကတော့ ကျေနပ်ပုံ မရသေးဘဲ တတွတ်တွတ် ကျိန်ဆဲရင်း ကျန်ရစ်သည်။

အိမ်ပြန်ရာ လမ်းတစ်လျှောက် ဗွန်ဂိုက ကပ်ဖိုးကပ်ဖဲ့ဖြင့် လိုက်လာသည်။ ကိုယ်ချင်းစာမိပါသည်။ အရွယ်အရ စိတ်ပြောင်းလဲလာသော ခွေးသဘာဝကို နားလည်ခံစားတတ်ဖို့ လိုပါသည်။ အချိန်ရာသီ တွေးကြည့်တော့ တော်သလင်းလရောက်ဖို့ ရက်နည်းနည်းလိုနေသေးသည်။ ဗွန်ဂို နည်းနည်းများ ဆန္ဒစောနေသလားဟု မပြောကြပါနှင့်။ သူတို့ခမျာ တစ်လနှစ်လလောက်ပဲ ရှိတာ ခင်ဗျားတို့ကျတော့ကောဟု ကျွန်တော် ပြန်မေးချင်နေသည်။

ထို့အတွက် ဗွန်ဂိုကို သွားလိုရာသွားခိုင်းပြီး ကျွန်တော် အနောက်က ကြည့်နေလိုက်သည်။ ကျွန်တော် ခွင့်ပြုချက်ရ၍ ဗွန်ဂို ပျော်မြူးသွားသည်။ မာတ်ခံက သူ့အမြီးထဲသို့ စီးဝင်သွားသလို အမြီးလေး တထောင်ထောင် တန်းနှင့်





နှင့် ဗွန်ဂို ပြေးထွက်သွားသည်။

ဘာမှမကြာလိုက်သည့်အချိန်အတွင်း အနံ့ခံကာ ဗွန်ဂို ခြံကြီးတစ်ခြံ၏ ဝင်းတံခါးအောက်မှ လျှိုး၍ တိုးဝင်သွားသည်။ ကျွန်တော် ခြံတံခါးအဝအထိ လိုက်ကြည့် အကဲခတ်တော့ ခြံထဲတွင် ဘိုခွေးမလေး တစ်ကောင်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ဖဲပြားအနီလေး နှစ်ခုကို အမွှေးစုတ်ဖွားတွင် စတိုင်ကျကျ စည်းထားသော ဘိုခွေးမလေးက ဗွန်ဂိုကို တွေ့တော့ သူ့အသံသေးသေးလေးနှင့် ဟောင်သည်။ ဗွန်ဂိုက ဘယ်လောက်ဆူဆူ ဘယ်လောက်ဆဲဆဲ မင်းလုပ်သမျှ ကိုယ်ကျေနပ်နေမယ်ဆိုသော ဟန်မျိုးနှင့် ဘိုခွေးမလေးရှေ့တွင် ငြိမ်သက်နေလေသည်။

ထိုအခိုက် ခြံတွင်းမှ လူတစ်ဦးက ခဲနှင့်ပစ်၍ ဗွန်ဂို ထိတ်လန့်တကြား ကျွန်တော့်ဆီ ပြေးထွက်လာသည်။ အရှည် အရှည် မဖြစ်ချင်၍ ဗွန်ဂိုကို ချော့ကာ ခေါ်ခဲ့သည်။ အခြား သတ္တဝါတော့ မသိ၊ 'မ'စိတ် မွှန်နေသော ခွေးတစ်ကောင်ကို စိတ်ပြောင်းပေးရတာ လွယ်သည်။ ဗွန်ဂို အင်မတန် ကြိုက်သော နို့ဆိုင် ရေခဲချောင်းဝယ်ပြီး ကျွန်တော် သူ့ကို စိတ်ပြောင်းပေးရသည်။

မိုးလည်းချုပ်ပြီ၊ အလင်းအားနည်းသော လမ်းတစ်လျှောက် ကျွန်တော် ဗွန်ဂိုနှင့်အတူ ပြေးလွှားဆော့ကစားရင်း အိမ်ပြန်ခဲ့ကြသည်။ အိမ်ရောက်ရောက်ချင်း ကျွန်တော်က အမေ့ကို ဆိုင်ကူသိမ်းပေးသည်။ ဗွန်ဂို ဆာနေမည်စိုး၍ ဒယ်ရိုးပြုတ်နှင့် ထမင်းနယ်ကျွေးထားသော်လည်း ဗွန်ဂိုက မစားဘဲ ဆိုင်သိမ်းချိန်အထိ စောင့်သည်။

ကျွန်တော်နှင့်အမေ ထမင်းဝိုင်းပြင်တော့မှ ဗွန်ဂိုက သူ့ကိုချကျွေးထားသည့် ပန်းကန်ကို စား၏။ တစ်ခါလာလည်း ငါး၊ တစ်နေ့လာလည်း ငါးဖြစ်နေသည့်အတွက် ကြက်သားလေးဘာလေး ချက်ပါဦးဟု ကျွန်တော် ညည်းသော်လည်း ငါးဖယ်ရိုးလေးနှင့် ထမင်းတစ်ပန်းကန်ကြီး စားရသော ဗွန်ဂိုကတော့ ကျွန်တော့်လို မညည်းရှာ။ ဟင်းမရှိ၍ တွေ့ကရာနှင့် နယ်ဖပ်ကျွေးလည်း စားသည်။ သူ့ခမျာ အရိုးမကိုက်ရသည်မှာလည်း ကြာပြီ။

သည်တစ်ခါ အမေ့အစ်ကို ကျွန်တော့်ဘကြီးရှိရာ လှည်းကူးဘက်သို့ ကျွန်တော်အကြောင်းကိစ္စပေါ်၍ သွားလျှင် ကြက်တစ်ကောင်လောက် ဆွဲခဲ့ဦးမည်ဟု ကျွန်တော် စိတ်ကူးထားသည်။ နယ်ကအမျိုးကိစ္စများ ကြုံတိုင်း အမေ့ကိုယ်စား ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခေါက်တော့ ကိုယ့်အကြံနှင့်ကိုယ်မို့ ကျွန်တော်သွားဖို့ ပြင်သည်။

ခရီးမထွက်ခင်လည်း အမဲတုံးတွေ ပစ်နေ၍ ဖွန်ဂိုကို သတိထားကြ ဖို့ အထပ်ထပ် မှာရသည်။ ကျွန်တော် အထုပ်အပိုးများနှင့် ကားဂိတ်ကို သွား တော့ ဖွန်ဂိုက ဓာတ်တိုင်လေးတိုင်စာလောက် လျှောက်ရသော ကားဂိတ်အထ လိုက်ပို့သည်။

ကားထွက်ခါနီး အိမ်ပြန်ရန် ကျွန်တော် ဖွန်ဂို့ကို အမိန့်ပေးသော်လည်း ဖွန်ဂိုက ကားထွက်သည်အထိ လည်တဆန့်ဆန့်နှင့် ကျန်ခဲ့သည်။ ဖွန်ဂို့ စိတ်မချသဖြင့် သွားတုန်းက တစ်ညအိပ်ခရီးလောက်သာ ဖြစ်သော်လည်း ဆွေမျိုး များနှင့် မတွေ့ရတာကြာ၍ နှစ်ညအိပ် ဖြစ်သွားခဲ့သည်။ အပြန်တွင် ကျွန်တော် ဘကြီးနှင့်အမျိုးများက လက်ဆောင်မျိုးစုံနှင့်အတူ ကြက်တစ်ကောင်ကိုပါ ကျ တုံးပြီး ထည့်ပေးလိုက်၏။

ကျွန်တော် ပြန်ရောက်သည်နှင့် ဖွန်ဂိုက ဝမ်းသာအားရ ဆီးကြို သည်။ မခွဲတမ်း မခွာတမ်း အနားကပ်နေသည်။ ခေါင်းနှင့်ဇော့လိုက် လျှာနှင့် လျက်လိုက်နှင့် ချစ်ခင်မှုကို ပြသည်။ အမေ ပြောသော ဖွန်ဂို့အကြောင်းကြား တော့ ကျွန်တော် မျက်ရည်လည်ရ၏။ ဖွန်ဂိုက ကျွန်တော့်ကို ကားမှတ်တိုင် သွားစောင့်နေကြောင်း၊ ညဆိုလည်း ပြန်မအိပ်ကြောင်း၊ ပြန်မလာသဖြင့် လိုက် ရာမှ တွေ့ရပုံအကြောင်း၊ လစ်တာနှင့် ကျွန်တော် ပြန်လာမည့် ကားဂိတ် သွားမျှော်ကြောင်း၊ ခေါ်မရသဖြင့် ကားဂိတ်သို့ ထမင်းထုပ်ပို့ပြီး သွားကျွေး ကြောင်းများ ပြောပြ၏။ အခုလည်း ဆိုက်ကားနှင့် အတင်းတင်ခေါ်လာပြီး တံခါး ပိတ်ထားရကြောင်း ရှင်းပြတော့ ကျွန်တော် ဖွန်ဂို့ကို ချစ်သည့်စိတ်နှင့် ထွေးပွေ့ထားမိသည်။ ဖွန်ဂိုကို ဆုချမည်ဟု တွေးပြီး ပါလာသော ကြက် ထုတ်လိုက်၏။

"ဟဲ့ သား ကြက်က အရှင်ကြီးလား"

"အို အမေကလည်း အသေပါ၊ အမွှေးတွေသာ မနှုတ်ရသေးတာ"

"အမေ မကိုင်ရဲဘူးနော်"

"သား လုပ်မှာပါ အမေရ"

ကျွန်တော် ထိုကြက်ကို ကိုင်ကာ အမွှေးနုတ်၊ ခုတ်ထစ်နေသည် ဖွန်ဂိုက ထူးထူးဆန်းဆန်းဖြင့် ဟိုနမ်း ဒီနမ်း ရှုစင်းသည်၊ စကိုင်သည်မှ ဟင်းကျ







သည်အထိ ဖွန်ဂို အနားမှ မခွာတော့။ ဟင်းကျက်၍ ထမင်းစားကြတော့ ကြက်ခြေထောက်၊ ခေါင်းများနှင့် ဖွန်ဂိုအတွက် သေချာ နယ်ဖတ်ပြီး ကျွေးခဲ့သည်။ ဖွန်ဂို ခေါင်းမဖော်တမ်း စား၏။ သူ့ဇလုံ ဆေးစရာမလိုအောင် အားပေး၏။ စား ပြီးသည်အထိ သူ့ပါးစပ်သူ လျှာနှင့်သပ်၍ မဆုံးတော့။

ကြက်သား၏ အရသာကို စွဲလန်း နှစ်ခြိုက်သွားပုံရသော ဖွန်ဂိုက တစ်နေ့တော့ ဘယ်က အလစ်သုတ်လာမှန်းမသိသည့် ကြက်တစ်ကောင်ကို ကိုက်ချီလျက် အိမ်သို့ ပြန်လာသည်။ ဖွန်ဂိုက ဂုဏ်ယူဝံ့ကြွားဟန်နှင့် ကိုက်ချီ လာသော ကြက်သေကို ကျွန်တော့်ရှေ့ လာချပေးသည်။ ကျွန်တော် ဖွန်ဂို အတွက် စိုးရိမ်သွားသလို ပတ်ဝန်းကျင်နှင့် ပြဿနာ တက်တော့မှာပဲ ဟူသော အသိနှင့် ထိတ်လန့်သွားခဲ့၏။ ဒီကိစ္စ စောစောစီးစီး ဆုံးမထားမှဖြစ်မည်မို့ ကျွန် တော် တံမြက်စည်း ထယူကာ ရိုက်နှက်ဆုံးမခဲ့သည်။ သူ နားလည်မလည် တော့မသိ နောက်တစ်ခါ ဒါမျိုး လုပ်လျှင် ဒီထက်နာမည်ဟုလည်း ကြိမ်းခဲ့ သေးသည်။ မျက်နှာငယ်နှင့်ဝပ်ပြီး ကျွန်တော် ရိုက်သည်ကို လည်စင်းခံကာ အငြိမ်ဆုံး ညည်းနေသည့် ဖွန်ဂိုကို ကျွန်တော် သနားသွားသည်။

ပိုင်ရှင် ဘယ်သူမှန်းမသိသော ကြက်ကြီးကို ပစ်လိုက်ရမှာလည်း နှမြောစရာ၊ စုံစမ်း၍ ပြန်ပေးလျှင်လည်း ပြဿနာက တက်ဦးမည်မို့ မထူး တတ် ခင်းကာ လက်စတုံး၍ ဟင်းအိုးထဲ ထည့်ခဲ့ရပြန်သည်။ ကျွန်တော်တို့ သားအမိထမင်းစားတော့ အရင်လို လာမျှော်နေသော ဖွန်ဂိုကို မတွေ့ရ။ စားပြီးမှ သူ့အတွက် နယ်ဖတ်ပြီး လိုက်ရှာရ၏။ ခြံထောင့် တစ်နေရာတွင် ခွေခွေ လေး အိပ်နေသော ဖွန်ဂိုရှေ့ ထမင်းဇလုံကို ချပေးသည်။

"ဖွန်ဂို သားကြီး မင်း ကြိုက်တယ်မို့လား စားစမ်း"

ကြက်ခြေထောက်တွေ ခေါင်းတွေ ထိုးထိုးထောင်ထောင် ထွက်နေ သည့် ထမင်းဇလုံကို ဖွန်ဂို ကြောက်ရွံ့သလို ခေါင်းငုံ့သွားသည်။ ကျွန်တော် အတင်းကျွေးသော်လည်း ဖွန်ဂို မစားတော့ပါ။ သာမန်ခွေးထက် အသိဉာဏ် မြင့်သည့် ဖွန်ဂို ကြက်ကို လုံးဝမစားတော့သည်မှာ ယနေ့အထိပင်ဖြစ်သည်။

ယခုတော့ တပူးပူး တတွဲတွဲနှင့် အပြန်အလှန် သံယောဇဉ်ကြီးမား နေထိုင်ခဲ့သည့် ဖွန်ဂိုကို စွန့်လွှတ်ပါမှ လက်ထပ်နိုင်မည်ဟု တွယ်တာတာ အထီး အလင်း ဆိုလာခဲ့ပြီ။ ကျွန်တော့် ရင်တွင်ခိုဝင်နေသော ဖွန်ဂိုအား ယူ နမ်း





www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့သည်၊ ဗွန်ဂီ ကျွန်တော့်ကို မျက်လုံးပင့်ကြည့်၏။

"ဗွန်ဂီရယ် မင်းတို့ရဲ့ အချစ်ဆိုတာ ချစ်ချင်တိုင်း ချစ်ပြီး ကိုယ့်အိမ်ကိုယ် ပြန်လာလို့ ရပေမယ့် ငါတို့ရဲ့ အချစ်က အဲလို မဟုတ်ဘူး၊ ဒါတွေ မင်းနားလည်မှာ မဟုတ်ပေမယ့် နားလည်ပေးပါ ဗွန်ဂီရာ"

ထိုညက ဗွန်ဂီ အိပ်ပျော်ခဲ့သော်လည်း ကျွန်တော် လုံးဝ အိပ်မပျော်ခဲ့ပါ။

■ ■ ■

မင်းမောင်ထံ ပို့သည့်နေ့က ဗွန်ဂီ၏ မျက်လုံးအစုံကို အဝတ်နှင့် စည်းပြီး ဆိုက်ကားကို လှည့်ပတ်နင်းခိုင်း၍ ခေါ်သွားခဲ့ရသည်။ ဗွန်ဂီလည်း ထူးထူးခြားခြား ငြိမ်သက်နေခဲ့၏။ မင်းမောင်ဆီ ရောက်သောအခါမှ ဝန်းကျင်သစ်ကို စူးစမ်းရင်း ဗွန်ဂီ ဂနာမငြိမ် ဖြစ်နေသည်။ ကျွန်တော် ဗွန်ဂီ့အတွက် တစ်လစာ စရိတ်ငွေ တစ်သောင်း ထုတ်ပေးရင်း ဗွန်ဂီအား ကြိုးချည်ထားရန် သေချာမှာရ၏။ ပျောက်မသွားအောင် ဂရုစိုက်ရန် တောင်းပန်ရသည်။

ကျွန်တော် ပြန်ဖို့ ပြင်တော့ ဗွန်ဂီ အတင်းကပ်နေသည်။ အသနားခံသော မျက်ဝန်းများနှင့် တောင်းပန်တိုးလျှိုးသလို ကြည့်၏။ သည့်ပုံစံအတိုင်း ကြာလျှင် ကျွန်တော့်ဆုံးဖြတ်ချက်တွေ ဝေဝါးသွားတော့မည်။ ဗွန်ဂီ၏ အသနားခံသော မျက်ဝန်းများက ကျွန်တော့်ရင်ကို ထိရှနာကျင်စေသည်။ နောက်ဆုံး နှုတ်ဆက်သည့်အနေနှင့် သူ့ကို အသာအယာ ပွတ်သပ်ပေးတော့ ကျွန်တော့် အမြင်တွေ ဝေဝါးနေခဲ့သည်။ သေချာသည်က ကျွန်တော့် မျက်ဝန်းအိမ်မှ ထိန်းမရအောင် ဝေ့ဝဲလာသည့် မျက်ရည်များကြောင့်သာ ဖြစ်မည်။

မင်းမောင်က ဗွန်ဂီ့ကို ပွေ့ချီပြီး အိမ်ထဲ ခေါ်သွင်းသွားခိုက် ကျွန်တော် မပြန်ချင် ပြန်ချင် ပြန်ခဲ့ရသည်။ ထိုနေ့ တစ်နေ့လုံး တစ်ညလုံး ကျွန်တော် နေမထိထိုင်မသာ ဖြစ်နေခဲ့၏။ ညကြီးမိုးချုပ် ခွေးအူသံ ခွေးဟောင်သံ ကြားတိုင်း ဗွန်ဂီများ ပြန်လာလေသလား အတွေးနှင့် ထ,ထကြည့်ရတာ အမော၊ ကျွန်တော်တောင် ဒီလောက်ဖြစ်နေလျှင် ဗွန်ဂီ ဘယ်လိုနေရှာမလဲ တွေးမိတော့ ရင်မှာဆို့လာ၏။

ဤတွင် တစ်ခါက ခွေးနှင့်ပတ်သက်သော အဖြစ်ကို သတိရမိ၏။



ခင်တုန်းမင်း၏ မိဖုရားခေါင်ကြီး မဟာမကျန်းဖြစ်စဉ် ခွေးအူသံ ဟောင်သံ ကြားရသည်ကို နားငြီးသည်ဟု မိန့်သဖြင့် မန္တလေးမှ ခွေးများကို စစ်ကိုင်းဘက်သို့ ပို့ဆောင်စေခဲ့ဖူး၏။ ထိုအဖြစ်ကို ဦးမင်းက စာချိုးခဲ့ဖူးသည်။

ယခုလည်း မိဖုရားခေါင်ကြီး ဖြစ်လာမည့် တွယ်တာ၏အမိန့်နှင့် ဗွန်ဂီကို စစ်ကိုင်းပို့လိုက်ရသလို ကျွန်တော် ခံစားနေရသည်၊ သက်ဦးဆံပိုင် တို့၏ အမိန့်က ခွေးများပေါ်အထိ အာဏာသက်ရောက်သလို အချစ်၏ အမိန့်ကလည်း ဗွန်ဂီ့ကို နှင်ရပ်နှင်နိုင်စွမ်း ရှိနေခဲ့သည်။ ဩော် ကျွန်တော်မှ တွယ်တာ့ကို မစွန့်လွှတ်နိုင်ဘဲလေ။

ဗွန်ဂီ့ကို မဖြစ်မနေ မေ့ထားခဲ့ပြီး တွယ်တာနှင့် လက်ထပ်ဖို့ စီစဉ်ဆောင်ရွက်ခဲ့သည်။ နှစ်ဖက်မိဘ သဘောတူ ခွင့်ပြုပြီးသားမို့ ပြဿနာ မရှိဘဲ အဆင်ပြေပြေ ချောချောမွေ့မွေ့နှင့် မင်္ဂလာကိစ္စ ပြီးမြောက်ခဲ့သည်။ ဗွန်ဂီ မရှိတော့သော သေချာသဖြင့်လည်း ကျွန်တော့်အိမ်ကို တွယ်တာ လိုက်နေခဲ့၏။ အမေ့ဆန္ဒလည်း ပြည့်သလို တွယ်တာလည်း စိတ်ချမ်းသာနေသည်မို့ ဗွန်ဂီ့ကို စွန့်လွှတ်ရကျိုး နပ်သည်ဟုပင် ဆိုရမလို ဖြစ်နေသည်။ မင်္ဂလာဦးညတွင်ပင် တွယ်တာက နှာခေါင်းရှုံ့ရင်း ပြောသည်။

"ဟွန်း မောင့် အိပ်ခန်းကလည်း ခုထိ ခွေးနံ့ ရနေသေးသလိုပဲ"

ဗွန်ဂီအပေါ် အလွမ်းမပြေသေးသည့် ကျွန်တော့်အတွက် တွယ်တာ စကားက ရင်ကို အောင့်သက်သက် ဖြစ်စေသည်။ သို့သော် ညားခါစ ဇနီးမောင်နှံတို့အတွက် မင်္ဂလာဦးကာလမို့ ကျွန်တော့် ဒေါသကို ထိန်းထားရသည်။

"တွယ်တာရယ် သူမှ မရှိတော့တဲ့ဥစ္စာ၊ ဒီလောက်ထိလည်း ဇီဇာကြောင်မနေပါနဲ့"

ကျွန်တော် ဝမ်းနည်းသွားမှန်း သိ၍ တွယ်တာ စကားဖော့ပြီး ကျွန်တော့်ကို နှစ်သိမ့်သည်။

"အလကား စတာပါ မောင်ရယ်၊ တွယ်တာ ခွေးနဲ့ပြိုင်ပြီး မတွယ်တာချင်ပါဘူး"

ညအိပ်ရာဝင်တော့ ကျွန်တော့်ရင်ခွင်ထဲ တိုးဝင်လာသည့် တွယ်တာ့ခေါင်းကို ဗွန်ဂီအမှတ်နှင့် ကျွန်တော် ပွတ်သပ်သည်။ တွယ်တာ၏ ထိုယုယမှုကို သူ့အတွက်ဟု ယုံကြည်စိတ်ချစွာနှင့် မျက်လုံးကလေးများ မှိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ခဏနှင့်စွာ ခံယူ၏။ ကျွန်တော်ကတော့ ဖွန်ဂိုကို သတိရစိတ်နှင့် မျက်ရည်ဝဲမတတ်။

ဆယ်ရက်ဆိုသော အချိန်ကာလက ဖွန်ဂိုနှင့်ကျွန်တော့် ခွဲခွာမှုကို အလွမ်းဆုကြီးကြီးဖြစ်အောင် ဖန်ဆင်းပေးခဲ့သည်လား မသိ။ ဖွန်ဂိုကို ကျွန်တော် အရမ်းတွေ့ချင်နေမိသည်။ တွယ်တာ အလုပ်သွားဖို့ ခြံထဲဆင်း ရေချိုးနေသည်ကို ထိုင်စောင့်ရင်း စိတ်က ဖွန်ဂိုထံ ရောက်နေသည်။ ဖွန်ဂိုနှင့် ကျွန်တော်က စိတ်ချင်းဆက်သွယ်နေသည်လား မပြောတတ်။ မျှော်နေခိုက်မှာပင် ခြံဝမှ အဝေးတကော လျှာတန်းလန်းနှင့် ပြေးဝင်လာသော ဖွန်ဂိုကို တွေ့လိုက်ရသည်။

"ဝုတ် ဝုတ် ဝုတ်"

"ဟာ သားကြီး သား ဖွန်ဂို"

ကျွန်တော် တွယ်တာရှေ့တွင်ပင် ဟန်မဆောင်နိုင်တော့ဘဲ အိမ်ပေါ်မှ ခုန်ဆင်းကာ ဖွန်ဂိုကို ဝမ်းသာအားရ ပြေးဖက်လိုက်သည်။

"ဖွန်ဂို သား သား"

ကြည့်စမ်းပါဦး လျှာတစ်လစ် ကြိုးတန်းလန်းနှင့် ဖွန်ဂို ဘယ်လောက်များ ပင်ပန်းလာရှာမလဲဆိုတာ တွေးရင်း ကျွန်တော် ရင်နင့်နေမိသည်။

"သားကြီး မောလာလား ရေ သောက်မလား ရေ"

ဖွန်ဂိုက ကျွန်တော့်မျက်နှာကို နေရာလပ်မကျန်အောင် သူ့ခေါင်းနှင့် တိုးဝှေ့ ပွတ်သပ်ရင်း တအီအီ ညည်းသည်။

"မောင် ဒါ ဘယ်လိုဖြစ်တာလဲ၊ ဒါတော့ တွယ်တာ လုံးဝ လက်မခံနိုင်ဘူးနော်"

မိဖုရားခေါင်က ကြောက်စိတ် ရွံရှာစိတ်နှင့် အမိန့်တော်မြွက် ထပ်မံချမှတ်၏။ ဖွန်ဂိုကိုလည်း မလိုတမာ အကြည့်နှင့် ကြည့်သည်။

"အေး အေးပါကွာ ခဏလေးပါ တွယ်တာရာ၊ မောင် သူ့ကို နားလည်အောင် ပြောပြပြီး ပြန်ပို့မှာပါ"

"မောင့်ကတိ တည်ပါစေနော်၊ သူ ဒီမှာရှိရင် တွယ်တာ မရှိဘူး ဆိုတာတော့ မောင် သိထားပါ"

အလိုမကျသော စွာတာတာနှင့် တွယ်တာ့ အသံကြောင့် ဖွန်ဂိုက တွယ်တာ့ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်သည်။ ဖွန်ဂို ရင်ထဲ ဘာဖြစ်နေသလဲဆိုတာ ကျွန်တော်မှလွဲ၍ ဘယ်သူမှ နားလည်နိုင်မည် မထင်ပါ။





"ကဲ အလွမ်းသယ်ပြီးရင်လည်း ပြန်ပို့လိုက်တော့ မောင်၊ တွယ်တာ ရင်တုန်လွန်းလို့"

ထိုသို့ တွယ်တာ ပြောသည့် အခိုက်မှာပင် မထင်မှတ်သည်က ရုတ်တရက် ဖြစ်ပေါ်လာသည်။ ဖွန်ဂို ကျွန်တော့်ရင်ခွင်ထဲမှ ရုန်းထွက်၍ တွယ်တာ့ထံ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။ ကျွန်တော် တားသော်လည်း မမီတော့။

"ဟာ ဖွန်ဂို ဖွန်ဂို သား မလုပ်နဲ့ မလုပ်နဲ့နော်"

"ဝေါ်း"

"အမလေး လုပ်ကြပါဦး"

ကျွန်တော်၏ စိုးရိမ်တကြီး အော်သံ၊ ဖွန်ဂို၏ မာန်ဖီသံနှင့် တွယ်တာ၏ အထိတ်တလန့် အော်ဟစ်သံတို့က ဆူညံစွာ ထွက်ပေါ်လာ၏။ ကျွန်တော် နောက်ကိုနောက်မှ ပြေးလိုက်သည်။ တွယ်တာမှာ ကြောက်စိတ်နှင့် ရုပ်ပျက်ဆင်းရဲ ဖြစ်နေခဲ့ပြီ။

"ဟဲ့ခွေး ဟဲ့ခွေး မောင်ရေ လုပ်ပါဦး"

ထိုစဉ် တိုင်ကီအောက်မှ လျှောခနဲ ထွက်လာကာ ပါးပြင်ထောင်ထိုးသော မြွေတစ်ကောင်ကို ကျွန်တော် မြင်လိုက်၏။ မြွေက တွယ်တာ၏ ခြေသလုံးနားသို့ ပါးစပ်အပြဲသားနှင့် ဦးတည်သွားနေသည်ကို ဖွန်ဂိုက ဖွဲခနဲ ဆိုက်လိုက်သည်။

"ဟာ မြွေ မြွေ"

မြွေက အပေါက်၊ ဖွန်ဂိုက အကိုက်၊ တွယ်တာက အလန့်တကြား ခုန်၍ အရှောင် ဖြစ်စဉ် သုံးခု တစ်ချိန်တည်း ဖြစ်ပျက်သွား၏။ ဖွန်ဂိုက မြွေ၏ လည်ကုပ်ကို မလွှတ်တမ်း အမိအရ ခဲထားသည်။ မြွေကလည်း သူ့ ရှိသမျှ အားနှင့် ရုန်းကန်နေဆဲ ဖြစ်သည်။ ထိုမြွေနှင့် ဖွန်ဂို၏တိုက်ပွဲက အချိန်အတော် ကြာသည်။

အလန့်တကြား ဖြစ်စဉ်များကြောင့် သွေးပျက်နေသော တွယ်တာ့ကို ကျွန်တော် ဖေးမထွေးပွေ့ထားရသည်။ ဖွန်ဂိုက မြွေကို အကြိမ်ကြိမ် ကိုက်ရင်း ဆက်များ ခြေထောက်များနှင့်လည်း ကုတ်ခြစ်ဖိနင်း၏။ ကျွန်တော် ဖွန်ဂိုကို ကူညီရန် တုတ်လိုက်ရှာတော့မှ မြွေ အသက်ပျောက်ပြီး ငြိမ်သက်သွားခဲ့သည်။

ဖွန်ဂိုပါးစပ်တစ်ခုလုံး မြွေသွေးများနှင့် ချင်းချင်းနီနေ၏ ခရီးဝေးပြေးလာရ



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် မြွေနှင့်ပါ အသည်းအသန် တိုက်ခိုက်ခဲ့ရသဖြင့် ဖွန်ဂို အမောဖောက်နေပုံရ၏။ ကျွန်တော် ဖွန်ဂို မျက်နှာကို ဆေးကြော သန့်စင်ပေးပြီး ရေတိုက်သည်။ ခုကို အငမ်းမရ သောက်နေသော ဖွန်ဂိုကိုကြည့်ရင်း

"အထင်မလွဲပါနဲ့ တွယ်တာရယ်၊ ဖွန်ဂိုက တွယ်တာ့အသက်ကို ကယ်ခဲ့တာလေ၊ အခု မြင်ပြီမဟုတ်လား"

တွယ်တာ ကျွန်တော်နှင့်ဖွန်ဂိုကို တစ်လှည့်စီ ကြည့်ရင်း မဝံ့မရဲနှင့် ပြောသည်။

"မောင်တို့ရဲ့ သံယောဇဉ်ကို တွယ်တာ နားလည်ပါတယ် မောင်ရယ် ဒါပေမဲ့ တွယ်တာ စိတ်ချမ်းသာအောင် ဒီတစ်ခုတော့ တွယ်တာ့ကို လိုက်လျော ပေးပါမောင် နော် မောင်"

တွယ်တာ ဘာကိုဆိုလိုမှန်း ကျွန်တော်သိ၍ စိတ်မကောင်းခြင်း ကြီးစွာနှင့် ဖွန်ဂိုခေါင်းကို ပုတ်လျက် အိမ်နောက်ဘက်သို့ ခေါ်လာခဲ့၏။ မီးဖိုချောင်ထဲ ဝင်ကာ ကြောင်အိမ်အောက်မှ ဖွန်ဂို၏ ဖုန်တက်နေသော ထမင်းဇလုံကို ထုတ်၍ ဆေးကြောလိုက်သည်။ ထမင်းများများကို ဟင်းများများနှင့် နယ်ဖတ်၍ ကျကျနန ကျွေးမွေးသည်။

"သား လာ ငါ့သား ပင်ပန်းနေပြီ စားလိုက်ဦး"

ဖွန်ဂို အစာစားရတာပင် စိတ်မဖြောင့်ရှာ။ ကျွန်တော် သူ့အနားမှ ပျောက်သွားမှာကို စိုးရိမ်သလိုမျိုး မော့မော့ကြည့်သည်။ ကျွန်တော် သူ့ကိုယ်လုံးကို ပွတ်သပ်ပေးရင်း စိတ်ဖြောင့်ဖြောင့် စားစေ၏။ ကျွန်တော်တို့အနားသို့ တွယ်တာ ရောက်လာသည်။

"မောင် ဖွန်ဂို စားလို့ဝရင် လိုက်ပို့ကြရအောင်၊ တွယ်တာပါ လိုက်ခဲ့မယ်လေ နော် နော်လို့"

သည်တစ်ခါတော့ ဖွန်ဂို့ကို အငှားကားပေါ်သို့ အတင်းအဓမ္မ ကန်ကြောက် တင်ခဲ့ရသည်။ မတတ်သာသည့်အဆုံးမှ ဖွန်ဂို လက်မှိုင်ချကာ ကားပေါ် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။ ကျွန်တော် ဖွန်ဂို့ကို စောင်းငဲ့၍ပင် မကြည့်မိအောင် စိတ်တင်းထားရ၏။ ဖွန်ဂို့ကို မကြည့်သလို တွယ်တာ့ကိုလည်း မကြည့်မိပါ။ သို့သော် တွယ်တာက ကျွန်တော့်လက်ကို ကရုဏာသက်သလို ဆုပ်နယ် ဖျစ်ညှစ်ပေးနေသည်။



မင်းမောင်တို့ အိမ်ရောက်တော့လည်း ဖွန်ဂို့ကို မနည်းဆွဲချရသည်။ ...ကို စောင့်နိုင်းထား၏။ မင်းမောင်ကို အကျိုးအကြောင်း မေးကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ မင်းမောင်၊ ငါ့သားကြီး အိမ်ပြန်ရောက်လာ...ယ်"

"အေးကွာ ငါ မရှိတုန်း ကြိုးကို ကိုက်ဖြတ်ပြီး ထွက်သွားတာ"

မင်းမောင် လက်သို့ ဖွန်ဂို့ကို ပြန်အပ်ရ၏။ မင်းမောင်က လည်ပတ်...ကိုင်၍ ထိန်းချုပ်ထားသည်။ ကျွန်တော် ဖွန်ဂိုခေါင်းကို ပွတ်သပ်ရင်း

"သားကြီး ဒီမှာ လိမ်လိမ်မာမာ နေရမယ်နော်၊ မင်းကိုငါ နေ့တိုင်း ...တွေ့မယ် ကြားလား"

ကျွန်တော် အသံကို မတုန်အောင် မနည်းထိန်းပြောရသည်။ ကျွန်တော် ...ပြောတာကို နားလည်သလို ပြန်မော့ကြည့်နေသော ဖွန်ဂို၏ မျက်လုံး အစုံကို ကျွန်တော် ရင်မဆိုင်နိုင်၍ တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

ကျွန်တော်တို့အဖြစ်ကို တွယ်တာက စိတ်မရှည်သလိုမျိုးနှင့် ဆူ...ာင့်ပြော၏။

"ကဲပါ မောင်ရယ် ဟိုမှာ ကားစောင့်နေရတာ အားနာစရာကြီး ...ကြရအောင်ပါ"

တွယ်တာ ကျွန်တော့်လက်ကိုဆွဲပြီး ကားပေါ် အတင်းတက်ခိုင်းတော့ ...မောင်က ဖွန်ဂို့အား ကြိုးချည်ရန် ဟန်ပြင်သည်။ ဖွန်ဂို တအိအိနှင့် ရှိုက်ငိုသလို ...ပေး၏။ ကျွန်တော် တစ်ချက်လှည့်ကြည့်ပြီး ကားတံခါးကို ပိတ်လိုက်သည်။ ...က ငြိမ့်ခနဲ လျှောထွက်သွား၏။ ဖွန်ဂို၏ တဝုတ်ဝုတ်နှင့် လှမ်းခေါ်သံကို ...ကြားရက်တော့၍ ကျွန်တော် နားနှစ်ဖက်ကို ပိတ်ထားလိုက်သည်။

"ဝုတ် ဝုတ် ဝုတ်"

"ဖွန်ဂို ဖွန်ဂို ဟာ ဟော့ကောင် ဟဲ့ ခွေး ဟာ"

ဆူဆူညံညံ အသံများကို ပိတ်ထားသည့်ကြားမှ ကြားဖြစ်အောင် ...ကြားလိုက်ရသေးသည်။ ကားက တော်တော်လေး အရှိန်ရနေပြီ။ ကျွန်တော် ...သောဇဉ် မကုန်သလို နောက်သို့လှည့်ကြည့်ဖြစ်၏။ မြင်ကွင်းက စိတ်မသက်...ရာ၊ ကျွန်တော်တို့ ကားနောက်သို့ ပြေးလိုက်လာနေသော ဖွန်ဂို့အား ...မောင် မနိုင်မနင်း ကျားကန်၍ ဆွဲခေါ်နေတာ တွေ့ရသည်။ ကျွန်တော်

www.burmeseclassic.com

ခုန်နှာ၍ မဆုံးတော့။ ကျွန်တော့်အကြည့်များကို အဆုံးသတ်ကာ မျက်စိမှိတ်ခုန်း ကုရှင်ပေါ် လျှောချထိုင်လိုက်သည်။ ကျွန်တော် အကြည့်လွှဲလိုက်စဉ်မှာပင် ဗွန်ကိုတ အတင်းဆောင့်ရုန်း ပြေးထွက်လိုက်သဖြင့် ကြိုးပြတ်ပြီး မင်းမောင်မှောက်ရက်လဲ၍ ကျန်ခဲ့သည်။ ဗွန်ကို ကမူးရှူးထိုးနှင့် ပြေးလိုက်လာသည်။ဒါကို ကျွန်တော် မသိလိုက်။

အတွေးထဲတွင် ကျွန်တော်နှင့် ဗွန်ကို ကြိုးစားပမ်းစား ပြိုင်ပွဲဝင်ခဲ့ ပုံများ။ ပြိုင်ပွဲတွင် ဗိုလ်စွဲ၍ ဆုချီးမြှင့်ခံခဲ့ရပုံများကို ပြန်မြင်ယောင်နေမိသည်။ စိတ်မသက်မသာ ဖြစ်လွန်းလှသဖြင့် မှိနေရာမှမတ်မတ် ထိုင်လိုက်၏။ ထိုအခိုက် ကားအေး နောက်ကြည့်မှန်ထဲ လုံးလုံးထွေးထွေး ပုံရိပ်တစ်ခု မြင်လိုက်၍ ကျွန်တော် မျက်လုံးပြူးသွား၏။ မယုံနိုင်သလို မျက်လုံးများကို ပွတ်သပ်၍ ထပ်ကြည့်လိုက်သည်။ ဟုတ်သည် ဒါ ဗွန်ကိုမှ ဗွန်ကို။ ကျွန်တော် ကားပြတင်းမှ ခေါင်းပြူ၍ နောက်သို့ လှည့်ကြည့်မိ၏။

"ဟာ သားကြီးရယ် ဗွန်ကို"

ကျွန်တော့် အမူအရာနှင့် ညည်းတွားသံကြောင့် တွယ်တာက

"ဘာလဲ မောင်"

"ဗွန်ကို ဗွန်ကို ဗွန်ကို မောင်တို့နောက်ကို ပြေးလိုက်လာနေတာ"

"ဟင်"

တွယ်တာလည်း မယုံနိုင်သလို နောက်ကိုလှည့်ကြည့်၏။ ကားကြို ကားကြားမှ အသည်းအသန် ပြေးလိုက်လာသော ဗွန်ကိုကို ကျွန်တော်တို့ နှစ်ယောက်လုံး မြင်နေရသည်။ ဗွန်ကိုသည် ကားပေါ်မှ ထွက်ကြည့်သော ကျွန်တော့်ကို မြင်သွားသည်ထင့် တဝုတ်ဝုတ်နှင့် ရူးရူးရဲရဲ ထိုးဟောင်ရင်း ခြေကုန်သုတ်၍ အားကုန်ပြေးလိုက်လာသည်။

ကားလမ်းပေါ် ရောက်လိုက် ပလက်ဖောင်းပေါ် ရောက်လိုက်နှင့် ကားတွေ လူတွေကို လုံးဝဂရုမထားဘဲ အမောတကော ပြေးလိုက်နေရှာသည်။ လူများကို တိုးဝှေ့တိုက်မိသလို ကားနှင့်တိုက်မိ တိုးမိမတတ် ဖြစ်နေ၍ ကားဟွန်းသံများ ဆူညံစွာ ပေါ်ထွက်လာသည်။ ဗွန်ကိုကတော့ ပြေးမြဲ။

ထိုသို့ ပြေးနေစဉ် လမ်းဖြတ်ကူးသော ဗယာကြော်သည် ကုလားကို ဝင်တိုက်မိ၏။ ကုလားလည်း ဖင်ထိုင်ရက်လဲ မီးဖိုနှင့်တွဲထားသော ဆီအိုးနှင့်



ဗယာကြော်တောလည်း မှောက်၊ ဗွန်ကိုလည်း တလိမ့်ခေါက်ကွေး ပစ်ကျ၊ ကားများလည်း ဘရိတ်အုပ် ဟွန်းတီးနှင့် ဆူညံ ပွက်လောရိုက်ပြီး ရှုပ်ယှက်ခတ်ကုန်သည်။

"ဟာ ဒုက္ခပါပဲ"

ကျွန်တော် ဗွန်ကို့အဖြစ်ကို မကြည့်ရက်တော့သလို ဗွန်ကိုကို လှမ်းကြည့်ရင်း အော်ဟစ် တားမြစ်ရသည်။

"ဗွန်ကို ဗွန်ကို မလိုက်ခဲ့နဲ့၊ မလိုက်နဲ့ ပြန် ပြန်"

ကျွန်တော်တို့အဖြစ်ကို တွယ်တာ ကိုယ်ချင်းစာမိသလို ခံစားမိ၍လားမသိ

"မောင် တွယ်တာ ကားရပ်နိုင်းလိုက်ရမလား"

ကျွန်တော် တွယ်တာကို ဘာမှပြန်မပြောအားပါ။

"ဗွန်ကို မလိုက်ခဲ့နဲ့ ပြန်တော့ ပြန်တော့"

ကျွန်တော့်အသံကို ဗွန်ကို ကြားသွားတော့ ကြောင်အမ်းအမ်းနှင့် တုံ့ခနဲ ရပ်လိုက်သည်။ ထိုအခိုက် ကျွန်တော် မမြင်ချင်ဆုံးသော မြင်ကွင်းကို ပက်ပင်းမြင်လိုက်ရ၏။ နောက်မှ အရှိန်နှင့် မောင်းလာသော ကားက ရုတ်တရက် ရပ်လိုက်သော ဗွန်ကိုကို ဝင်တိုက်ပြီး ဖြတ်ကြိတ်သွားသည်။ ဗွန်ကို၏ နာကျင်စွာ တဂိန်ဂိန် အော်ဟစ်သံ ကျွီခနဲ ကားဘရိတ်အုပ်သံများ ဆူညံသွား သည်။

"ဟာ ဗွန်ကို ကားဆရာ ကားရပ် ကားရပ် ရပ်လိုက်စမ်းပါ"

ကားအရပ် ကျွန်တော် ခုန်အဆင်း သွေးအိုင်ထဲမှ ဗွန်ကို ကုန်းရုန်းထ ကျွန်တော် ဘယ်သူ့ကိုမှ ရှက်မနေနိုင်တော့ အသံကုန် ဟစ်ခေါ်ရင်း ဗွန်ကိုထံ ပြေးသွားမိသည်။

"ဗွန်ကို သားကြီး"

နှာခေါင်းနှင့် ပါးစပ်ထဲမှ သွေးတွေ စီးကျနေသည့် ဗွန်ကိုက လက်ကျန်ခွန်အားများကို စုစည်းရင်း ဒယိမ်းဒယိုင် ခြေလှမ်းများနှင့် ကျွန်တော့်ထံ လှမ်းလာ၏။ ကျွန်တော် ရင်ကွဲမတတ် ဝမ်းနည်းပူဆွေးမှုများနှင့် ဗွန်ကိုထံ ပြေးတက်လိုက်သည်။ ဗွန်ကိုက မောဟိုက်တုန်ယင်စွာနှင့် အကြောများဆွဲရင်း ကျွန်တော့်တို့ကို မျက်မော့ကြည့်သေး၏။ ပြီးမှ ငိုက်ခနဲ ဖက်လည်ကျသွားကာ ထစ်တိုးသက်ရှင်ကျွေးသွားတော့သည်။

www.burmeseclassic.com

"သား သားကြီး ဖွန်ကို"

ကျွန်တော့် မျက်လုံးထဲ ဘာဆို ဘာကိုမှ မမြင်တော့။ ဖွန်ကိုအား ဟစ်ခေါ်တမ်းတရင်း ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။ လမ်းသွားလမ်းလာများနှင့် စပ်စုတတ်သူများ၏ တအံ့တဩ အကြည့်အောက်တွင် ကျွန်တော် အရှက်မရှိစွာ တသိမ့်သိမ့် ငိုနေပါသည်။

"တွယ် တွယ်တာ သိပ်ကို မှားသွားပြီ မောင်ရယ်"

ကျွန်တော့်နား ရောက်လာ ဝင်ထိုင်ပြီး ကျွန်တော်တို့အဖြစ်ကို မချိတင်ကဲ ကြည့်၍ မျက်ရည်ကျရင်း ပြောလိုက်သည့် တွယ်တာ၏ စကားကို ကျွန်တော် စိတ်မဝင်စားတော့ပါ။

"တွယ်တာလေ စောစောကတည်းက ကားရပ်ပြီး ဖွန်ကို့ကို ခေါ်မလို့ပါ၊ အခုတော့ သိပ်နောက်ကျသွားပြီ မောင်ရယ်"

ဖွန်ကိုကား မရှိတော့ချေ။ သို့သော် ကျွန်တော့် အတွေးထဲ ကျွန်တော့်နှလုံးသားထဲမှာ ဖွန်ကို ဘယ်တော့မှ သေမှာမဟုတ်။ အမြဲတစေ လူးလွန့်ရှင်သန်နေမည်မှာ သိပ်ကို သေချာလွန်းနေလေသည်။

■ ■ ■

စိမ်းညို့အုပ်ဆိုင်းနေသော ခြံနောက်ဖေးမှ ပိတောက်ပင်ကြီးအောက်တွင် မြေပုံမို့မို့လေး တစ်ခု ရှိနေပါသည်။ သေသပ်လှပသော မှတ်တိုင်လေး တစ်ခုလည်း စိုက်ထူထားသေးသည်။ မှတ်တိုင်မှာ ရေးထားသည်က ဖွန်ကို တစ်နှစ်နှင့်ငါးလ ၁၆. ၁၁. ၁၁ တွင် ကွယ်လွန်သည်ဟူ၍ ဖြစ်၏။

ထိုမှတ်တိုင်လေးတွင် အစိမ်းရောင် ဖဲပြားနှင့် လုပ်သော ဆုတံဆိပ်တစ်ခု ချိတ်ဆွဲထားသေး၏။ ထိုဆုက ဖွန်ကို အစွမ်းအစနှင့် ရလာခဲ့သော ဆုတံဆိပ်ဖြစ်သည်။ ခွေးအလိမ္မာ ပြိုင်ပွဲတွင် စွမ်းစွမ်းတမံ အရည်အချင်း ပြ၍ ထိုက်တန်စွာ ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ဖွန်ကို၏ လိမ္မာမှုနှင့် တတ်သိနားလည်မှုများကို လူတို့က အသိအမှတ်ပြုထားသည့် ဘွဲ့တံဆိပ်ဆိုလျှင်လည်း မမှားချေ။

ထို့ပြင် ကျွန်တော်တို့ အတူတူ ရိုက်ကူးခဲ့သော ပုံမှ ဖွန်ကို့ပုံကို ခွဲ၍ ကွက်ပြီး ကူးထားသော ဓာတ်ပုံတစ်ပုံကိုလည်း မှန်ပေါင်သွင်း၍ ချိတ်ဆွဲထားသေးသည်။ ဒါ ကျွန်တော် ပေးဆပ်နိုင်သော ဖွန်ကိုအတွက် အမှတ်တရ အလွန်နည်းပါးလှသော ဖြစ်၏။





ထိုမြေပုံ မို့မို့လေးကို ဝိုင်းပတ်၍ နှင်းဆီပင်ပေါက်လေးများကိုလည်း ကျွန်တော် စိုက်ပျိုးပေးနေသည်။ ဖွန်ကို သေသွားသော်လည်း သူ့နာမည်ကို ထင်ရှားစေရန် သင်းပျံ့စွာနှင့် အရှည်တည်တံ့စေချင်သည်က ကျွန်တော့် စေတနာဖြစ်သည်။

လူ့လောကတွင် သေသောသူ ကြာလျှင်မေ့ဟူသည့် စကားရှိသော်လည်း ဖွန်ကိုကတော့ ကျွန်တော့်တစ်သက် မေ့ရက်မည် မဟုတ်ပါ။

■ ■ ■

ထိုအဖြစ်အပျက်နှင့် ပတ်သက်ပြီး ကျွန်တော်နှင့်တွယ်တာပင် ခပ်စိမ်းစိမ်း ဖြစ်သွားခဲ့သည်။ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဟု ကျွန်တော် အပြစ်မတင်ခဲ့ မပြောခဲ့သော်လည်း တွယ်တာက အပြစ်ရှိသူတစ်ယောက်လို ခံစားသွင်းခံစားနေခဲ့ခြင်းဖြစ်သည်။ မနက်တိုင်း ဖွန်ကို မြေပုံမှ ပျိုးပင်များကို ကျွန်တော် ရေလောင်းတာကြည့်ရင်း တွယ်တာလည်း မျက်ရည်ဝဲနေတတ်သည်။

တကယ်လည်း တွယ်တာ့ကို အပြစ်မတင်ရက်ပါ။ လောကကြီးမှာ ဖွန်ကို့ကိုချစ်သလို ချစ်သူများ ရှိသလို မချစ်တတ်သူများလည်း ရှိနေမည်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်ပါသည်။

ခွေးတစ်ကောင်ကြောင့် ပူပူနွေးနွေး အိမ်ထောင်တစ်ခု ပြိုလဲသွားသည်အထိတော့ ကျွန်တော် အဖြစ်ခံမည် မဟုတ်။ လတ်တလော ဖွန်ကို့ အတွက် ကြေကွဲရလွန်းသဖြင့် ကိုယ့်စိတ်ဒဏ်ရာကိုယ်ဖြေရင်း တွယ်တာ့ကို မေ့နေသလို ဖြစ်နေတာလောက်ပဲ ရှိပါသည်။ ဘာပဲပြောပြော ဖွန်ကိုရော တွယ်တာပါ ကျွန်တော် ချစ်သည့်သူများ မဟုတ်လား။ ကျွန်တော့်ကိုချစ်သူနှင့် ကျွန်တော်က ချစ်ရသူများ အားလုံး စိတ်ချမ်းသာစေချင်ပါသည်။

ဖွန်ကိုအပေါ် လွမ်းတာတွေ လျှော့၍ တွယ်တာအပေါ် ဂရုစိုက်မှုတွေ နွေးနွေးထွေးထွေး ပြန်ပေးရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ သို့နှင့် ဖွန်ကို ဆုံးပြီး တစ်ပတ်အကြာတွင် အပေါက်ကလေး ဖောက်ထားသော စက္ကူဘူးပုံးတစ်ပုံးကို ဖဲပြားစည်း၍ တွယ်တာက ကျွန်တော့်ကို ပေးလာ၏။

"ဘာများလဲ တွယ်တာ"

"မောင့်အတွက် လက်ဆောင်လေ"

"လက်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ဟု ဆိုသဖြင့် ကျွန်တော် စိတ်ဝင်စားသွားပြီး ဖဲပြားကြိုးကို ဖြည်၍ ဂျပ်ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။

''ဟင်''

ကျွန်တော် မြင်လိုက်ရသည်က အလွန်ချစ်စရာကောင်းသော ခွေးပေါက်လေးတစ်ကောင် ဖြစ်နေ၏။ ကျွန်တော် ခွေးလေးကို တစ်လှည့် တွယ်တာကို တစ်လှည့် ငေးကြည့်မိ၏။ တွယ်တာ မျက်ဝန်းကို ဖတ်ကြည့်သောအခါ ဘာသာစကားက အင်္ဂလိပ် ရှုံးသုံးစကားနှင့် ပြဌာန်းထားသလို နားမလည်နိုင်အောင် ဖြစ်ရသည်။ တွယ်တာက နှစ်လိုဖွယ် ပြုံးပြရင်း

''မောင့် ခံစားမှုကို အစားထိုး ချေဖျက်ပစ်တာ မဟုတ်ဘူး မောင်၊ တွယ်တာ ကိုယ်တိုင်က ခွေးကို ချစ်တတ်လာတာ၊ အဲဒီခံစားမှုကို မောင် နားလည်ပါတယ်နော်''

တွယ်တာက ဂျပ်ဘူးလေးထဲမှ ခွေးပေါက်လေးကို ပွေ့ယူပြီး ကျွန်တော့်လက်ထဲသို့ ထည့်ပေးသည်။ ငိုရှိုက်သံစွက်ပြီး မျက်ရည်ဝေ့နေသော တွယ်တာ နှင့်အတူ ခွေးပေါက်လေးကိုပါ ထွေးပွေ့ထားလိုက်သည်။ ကျွန်တော်နှင့် တွယ်တာတို့ကြား နားလည်မှုရခဲ့ပြီ။ ဒီနားလည်မှုလေးသာ တစ်ပတ် ဆယ်ရက်လောက် စောခဲ့လျှင်ဟူသော အတွေးများနှင့်. . .။

ပျူး


PUBLISHED BY VIEW



www.burmeseclassic.com

## ကြယ်တွေအတွေးလိုက်ကြွေတဲ့ည

ရင်ထဲမှာ ဟာတာတာ ဖြစ်နေသည်။ ရုတ်တရက် သုတ်ခနဲ ထလိုက်မှ ဗိုက်ခနဲ မူးဝေကာ ချာချာလည်သွားသဖြင့် အိပ်နံရံကို မှီပြီး မှေးနေလိုက်သည်။ အသက်မှန်မှန် ရှူပြီး စိတ်ကို ငြိမ်အောင် ထားလိုက်မှ အမူးပြေသွားသော မျက်လုံးကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်တော့ နောက်ဖေး ရေတိုင်ကီထဲ ရေ ချွဲပြည့်နေသော ဖနီးသည်ကို တွေ့သည်။ ကျွန်တော့်အလုပ်တွေပါ ပူးတွဲလုပ်နေရသော ဖနီးသည်ကို သနားသွားကာ အားနာစိတ် ဖြစ်ရ၏။

ကျွန်တော် ဖျားနေတာ လေးငါးရက်ရှိခဲ့ပြီ။ ဖျားကတည်းက ထမင်းစားဖြစ်တော့ နာလန်ထမှာ ဝမ်းထဲက ပူလောင်ပြီး အစာအာဟာရကို တောင့်တထားသည်။ ဝေဝေ အလုပ် ပြီးသွားပြီ ထင်သည်။ အိမ်ပေါ်တက်ပြီး ကျွန်တော့်နားလာထိုင်သည်။

"ကို နေကောင်းရဲ့လား"

"အင်း အဖျားမရှိတော့ဘူး ဝေ၊ ဒါနဲ့ ဗိုက်ဆာလိုက်တာ ဝေရာ"

"ဝေ ဆန်ပြုတ်လေး ပြန်နွှေးပေးမယ်လေ"





www.burmeseclassic.com

www.burmeseclassic.com

"ဆန်ပြုတ်ကြီး မသောက်ချင်တော့ဘူးကွာ၊ မြူစွမ်ပြုတ်ဖြစ်ဖြစ် ခေါက်ဆွဲပြုတ်ဖြစ်ဖြစ် သောက်ရရင် ကောင်းမှာ"

ကျွန်တော့်စကားကြောင့် ဝေ ခေါင်းအုံးအောက်မှ ပိုက်ဆံအိတ်ကို ဆွဲယူသည်။ ပိုက်ဆံအိတ်ကို ကျွန်တော် မမြင်အောင် ကွယ်ပြီး ဖွင့်ကြည့်နေ၏။ တော်တော်နှင့် ပြန်လှည့်မလာ၊ ကျွန်တော် သဘောပေါက်လိုက်သည်။

"ဘာလဲ ဝေ၊ ပိုက်ဆံ မရှိတော့ဘူးလားဟင်"

"ဟုတ်တယ် ကို၊ သားလေးလည်း ဖျားနေတယ်၊ ကို့ဆီက အဖျားကူးတာပဲဖြစ်မှာ"

"ဟင် ဟုတ်လား ဆေးမတိုက်ဘူးလား"

ဝေထံမှ ဘာစကားသံမှ ထွက်မလာခဲ့ပါ။ ကျွန်တော် အစစအရာရာကို နားလည်သဘောပေါက်သွားသည်။ သားကို အရိပ်တကြည့်ကြည့်နှင့် အချစ်ပိုလွန်းသော ဝေ့မှာ သားလေးအဖျားကျအောင် ဝယ်တိုက်ဖို့ ဆေးတစ်ခွက်စာ ပိုက်ဆံပင် မရှိတော့မှန်း ကျွန်တော် သိလိုက်သည်။ ကျွန်တော်တို့ ဘဝတွေက ဒီလိုပါပဲ မတ်တပ်စာပင် ပိုပိုလျှံလျှံ မရှိကြသဖြင့် အိမ်ထောင်ဦးစီး လေးငါးရက် အလုပ်မဆင်းနိုင်သည်နှင့် ဖြူကာ ပြာကာ ကျသွားတာ ထုံးစံသာဖြစ်နေသည်။

သားကို သိပ်ထားသော အိမ်ရှေ့ခန်းဆီ ထွက်လာခဲ့၏။ အနွေးထည် ဝတ်ပြီး စောင်ပါးလေး ခြုံထားသော သား ကိုယ်ငွေ့ကို စမ်းကြည့်မိသည်။

"အင်း သား ကိုယ်တော်တော်ပူနေတာပါလား"

ကိုယ်အပူရှိန်ကြောင့် သား၏မျက်နှာမှာ နီမြန်းပြီး မျက်ရည်ပူများ စီးကျနေ၏။ ဝေက သားနှစ်ယောက်နှင့်ပတ်သက်လာလျှင် ခံနိုင်ရည်မရှိမှန်း ကျွန်တော် သိသည်။ သားကိုကြည့်လိုက် အဝေးသို့ ငေးရီလိုက်နှင့် ယောက်ယက်ခတ်နေသော ဝေ၏စိတ်အတွေးနှင့် မျက်လုံးအိမ်တွင် မျက်ရည်များ ဝေ့ဝဲနေ၏ ကျွန်တော် သိပါသည်။ ဝေက အောက်နှုတ်ခမ်းအား အပေါ်သွားနှင့် ဖိကိုက်ထားရင်း စိတ်ခံစားမှုကို ထိန်းထားပုံလည်း ရပါသည်။

"ဝေ သားငယ်ကို ဆေးခန်းပြချင်လို့လား"

ဝေက မသိမသာ ခေါင်းညိတ်ပြသည်။ ကျွန်တော်တို့နှစ်ယောက်ကြားတွင် စကားသံများ တစ်ခဏတာမျှ ပျောက်ဆုံးသွား၏။ ကျွန်တော် ပိုက်ဆံထွက်ရှာမှဖြစ်မည်။ ဘယ်လိုရှာမလဲ၊ ဘယ်ကရှာမလဲ၊ လောလောဆယ်တော့ ဘာ





ဘာမှ စဉ်းစား၍မရ၊ ဒီလိုပဲ ဆက်ထိုင်နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်တာ သေချာသည်။ ကျွန်တော်က အိမ်ထောင်ဦးစီး တစ်ယောက် မဟုတ်လား။ မိသားစုရှေ့က မားမားမတ်မတ် ရှိနေရမည့်သူတစ်ယောက်။

"ဘာမှ ပူမနေပါနဲ့ ဝေရယ်၊ ကိုယ် အပြင်သွားလိုက်ဦးမယ်၊ ညနေ သားကြီးကျောင်းကြိုအပြီးတော့ ပြန်ရောက်မှာပါ"

ကျွန်တော် ဝေ၏ သွယ်လျလျ လက်ချောင်းလေးများကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးစကား ပြောလိုက်သည်။ ဘာလုပ်လို့ လုပ်ရမှန်း မသိသေးသော်လည်း လွယ်အိတ်ဆွဲကာ ကျွန်တော် အိမ်ပေါ်မှ ဆင်းခဲ့သည်။

"ကို အိမ်မှာ ဆန်နဲ့ဆီလည်းကုန်နေပြီ"

"အင်း အင်း ကိုယ် အားလုံး စီစဉ်ခဲ့မယ်"

လမ်းပေါ်ရောက်တော့ ဆောင်းလက်ကျန် လေပြူမက ကျွန်တော့်ကို နှုတ်ခတ်ဆော့ကစားသည်။ ဝေနှင့်သားငယ်ရှေ့တွင် စစ်သူကြီးတစ်ယောက်လို ခုံကော့၍ ထွက်လာခဲ့သော်လည်း လမ်းထိပ်မရောက်မီပင် အားငယ်စိတ် ဝင်လာ၏။ ဝပ်ရှော့ရှိရာဘက်သို့ ခြေဦးလှည့်ပြီးမှ နေမကောင်းသည့်ရက်အတွင်း ကြိုတင်ငွေတောင်းသုံးခဲ့သည်ကို သတိရပြီး ခြေလှမ်းတုံ့သွားသည်။ အလုပ်မဆင်းသေးဘဲ ပိုက်ဆံထပ်တောင်းလျှင်တော့ ဝပ်ရှော့ဆရာနှင့် စကားများတော့မည်။

ခိုင်မာသော ဆုံးဖြတ်ချက်နှင့် တိကျသော ရည်ရွယ်ချက်မရှိဘဲ ခြေလှမ်းတွေ တဖြည်းဖြည်း ရှေ့တိုးနေမိ၏။ ခုနေ ပိုက်ဆံတစ်ထပ်လောက် ကောက်ရခဲ့သော် ကောင်းလေစွဟုသာ တောင့်တမိသည်။ ကျွန်တော် ဘာလုပ်ရမလဲ၊ ဘယ်သူ့ဆီသွားပြီး ပိုက်ဆံချေးရမလဲ။ ညီအစ်ကို မောင်နှမတွေဆီ စိတ်ရောက်သွားသော်လည်း သူတို့တွေလည်း မိမိနှင့်အဆင့်အတန်းတူ ပိန်မသာ လိန်မသာများမို့ စကားသာ အဖတ်တင်မည့် အရေး တွေးမိပြီး စိတ်ကူးကို ဖျက်လိုက်ရသည်။ မောင်နှမတွေကို စာရင်းထဲမှ ထုတ်လိုက်တော့ သူငယ်ချင်း များ အလှည့်ရောက်လာသည်။ မိတ်ဆွေများထဲမှ အဆင်ပြေလောက်သူများကို ရွေးထုတ်စဉ်းစားကြည့်မိ၏။

ရုတ်တရက် အတွေးထဲ ပေါ်လာသည်က စိုးတင့် ဖြစ်သည်။ စိုးတင့်သာ ညာရေးမှာလည်း မထူးချွန်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားဘဝနှင့် သူဌေးဖြစ်သွားသော ရှားပါးလူသားတစ်ယောက်ပင် ဖြစ်၏။ ဒါကလည်း သူ၏ခံယူချက်အတိုင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုန် လျှောက်လှမ်းသွားခဲ့တာ ဖြစ်၍ ဘာမှတော့ မဆန်း။ သူက ဘာအလုပ်မှ မလုပ်ဘဲ သူဌေးဖြစ်ချင်သူသာ ဖြစ်သည်။ သူ၏ဘဝအမြင်နှင့် ဒဿနများအတိုင်း ချမ်းသာသည့် မိန်းမတစ်ယောက်ကို အရယူခဲ့ရာမှ သူဌေးဘွဲ့ခံနိုင်သူတစ်ဦး ဖြစ်သွားခဲ့သည်။

"အင်း စိုးတင့်ဆီမှာ ငါးထောင် တစ်သောင်းလောက်ကတော့ ခက်ခဲမှာ မဟုတ်ဘူး"

မျှော်လင့်အားကိုးခြင်းများနှင့် စိုးတင့်ထံ ဦးတည်ရန် ခြေလှမ်းများ ပြင်လိုက်သည်။ ထိုအခိုက် ရှေ့တည့်တည့်မှ လျှောက်လာနေသော သူငယ်ချင်း ထွန်းဝေကို တွေ့လိုက်ရသဖြင့် အတော် ပျော်သွားမိသည်။

"ဟာ သူငယ်ချင်း တွေ့ရတာ ဝမ်းသာလိုက်တာကွာ၊ မင်းတို့ လင်မယားလည်း ငါတို့ အိမ်တောင် အလည်မလာကြတော့ဘူး ဝေက ညည်းသည် မျှော်နေတာကွ"

"ငါတို့ လင်မယား ကွဲသွားပြီ"

ငွေချေး၍ရမလား အတွေးနှင့် အဆင်ပြေအောင် ပြောကာမှ အမင်္ဂလာ သတင်း ကြားလိုက်ရသဖြင့် ကျွန်တော် အကြပ်ရိုက်သွားသည်။ သို့သော် ဆေး၏ အပူနှင့်ဖျားနေသော သားငယ်၏ မျက်နှာကို မြင်ယောင်ပြီး စကားဆက်ပြတ် မသွားအောင် ကြိုးပမ်းမိသည်။

"မင်း စားရေးသောက်ရေး အဆင်မပြေရင် အိမ်ကို လာခဲ့လေကွာ"

"ရတယ် အခု အမေတို့အိမ်မှာပဲ ပြန်နေနေတာလေ"

"ဒါနဲ့ သူငယ်ချင်းရာ ငါလည်း ဖျားနေတာနဲ့ အလုပ်မဆင်းရတာ ကြာပြီ၊ ပိုက်ဆံ တစ်သောင်းလောက် ပါရင် ခဏလှည့်ပါလား"

"ဟာ ငါလည်း အိမ်ထောင်ရေး အဆင်မပြေတာနဲ့ အလုပ်တောင် မလုပ်ဖြစ်ဘူး၊ ခုလည်း ပိုက်ဆံပါမလာပါဘူးကွာ"

ကျွန်တော့်မျက်နှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်ကာ ထူပူသွား၏။ ရှက်လိုက်သည့်ဖြစ်ခြင်း၊ ထွန်းဝေက ထိုမျှသာ ပြောပြီး သူ့လမ်းသူ ဆက်လျှောက်သွားသည်။ မပြောမိသော် ကောင်းလေစွဟု နောင်တရ၏။ ခါးတွင် ဟန်းဖုန်းချိတ်ပြီး အိပ်ကပ်ဖောင်းနေသူက ငွေပါမလာခဲ့တဲ့။ မိတ်ဆွေအပေါင်းအသင်းဆိုသည်တာ လည်း နွမ်းပါးသူတို့အပေါ် ငွေချေးချင်ပုံ မရကြ။ ဟိတ်ကြီး ဟန်ကြီးနှင့် ကား





တစ်စီး ငှားပြီး ပိုက်ဆံလိုက်ချေးလျှင်တော့ ရနိုင်ကောင်းမည် ထင်သည်။

ထွန်းဝေလိုလူ မပြောနှင့် လုပ်ဖော်ကိုင်ဖက်လည်းဖြစ် အလုပ်ရှင်လည်း ဖြစ်သော ဝပ်ရှော့ပိုင်ရှင် ကိုအောင်မင်းကိုပဲ ကြည့်၊ နေမကောင်း၍ အလုပ်မဆင်းနိုင်ကြောင်း သွားပြောပြီး ငွေကြိုတောင်းခဲ့စဉ်က တောင်ပြော မြောက်ပြောနှင့် အင်တင်တင် လုပ်ကာ စကားလွှဲနေခဲ့သေးသည်။

ထိုစဉ်က သူ့ဘော်ဒါတစ်ယောက် ကားတစ်စီးနှင့် ရောက်လာကာ ငွေတစ်သိန်း ခဏလှည့်၏။ သူ ယုံကြည်ချင်သည့် လူကျတော့ နှစ်ခါမပြောရ၊ အကြောင်းရင်းကိုလည်း မမေးဘဲနှင့် အလွယ်တကူ ထုတ်ချေးလိုက်သည်။ ဆိုတ္ထုလ် ပြန်သွားမှ ထပ်ငိုပြသော ကျွန်တော့်အတွက် ကြိုတင်ငွေ တစ်သောင်းကို ဆောင့်ဆောင့်အောင့်အောင့်နှင့် ထုတ်ပေးခဲ့၏။ မျက်နှာကြီးရာ ဟင်းဖတ်ပါ ဆိုသည့် စကားက နေရာတော်တော်များများမှာ မှန်ကန်နေခဲ့သည်၊ ရှက်ဘာက တစ်ကြောင်း စိတ်နာတာက တစ်ကြောင်းတို့ကြောင့် တောင်တောင်အီအီ တွေးရင်း ကျွန်တော် ဆက်လျှောက်လာခဲ့၏။ စိုးတင့်ဆီ သွားဖို့လည်း ထပ်ပြီး အရှက်ကွဲမှာ ကြောက်နေသည်။

အစာအိမ်ထဲ ဘာမှမရှိဘဲ နာလန်ထစမှာ အတော်ဝေးဝေး လမ်းလျှောက်လာရသဖြင့် ညောင်းညာပြီး မောပန်းလာ၏။ အရိပ်ကောင်းသော သစ်ပင်ကို ပတ်ခွေကာ ပြုလုပ်ထားသည့် အုတ်ခုံဝိုင်းတွင် ဝင်ထိုင်လိုက်သည်။ မြို့မ ဈေးကြီးနားသို့ ရောက်နေတာ ကျွန်တော် သတိပြုလိုက်မိ၏။ တဖြည်းဖြည်းနှင့် အချိန်က တရွေ့ရွေ့ ကုန်ဆုံးလာနေသည်။ ခုထိ ငွေရပေါက်ရလမ်းကို ကျွန်တော် စဉ်းစား၍ မရသေး။ စိတ်မော လူမောနှင့် ဘယ်သူများ ပိုက်ဆံအိတ်ကျကျန်ခဲ့လဲ ဟု တွေးပြီး ဖြတ်သွားဖြတ်လာ လူများအား အစုံအဆန် လိုက်ငေးနေမိသည်။ လူတွေမှာ ကျကျန်ခဲ့စရာ ပိုက်ဆံအိတ်တောင် မပါကြတော့ဘူးလား သိ။ ခက်ခဲလွန်းတော့လည်း အချောင်ရချင်စိတ်ကလေးက မသိမသာ ပေါ်လာတတ်ပေမြ။

ဘဝအမောများ ဖိစီးပြီး ပင့်သက်ရှိုက်၍ ငေးငိုင်နေမိစဉ် အနားသို့ လူတစ်ယောက် ဝင်လာထိုင်လိုက်သည်။ ထိုလူက သူ့ဘာသာ ညည်းညူပြောဆိုသလိုမျိုးနှင့် ဈေးထဲသို့ လှမ်းငေးရင်း

"ဟူး အလုပ်သမားကလည်း ရှားလိုက်တာ၊ လိုချင်ပြီဆို မရှာနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

စကားနှင့် လေသံအရ အလုပ်သမား လိုချင်နေမှန်း သိသာနေသဖြင့် မျှော်လင့်ချက်ဖြင့် ဝင်ရောမိသည်။

''နောင်ကြီးက အလုပ်သမား ရှာနေတာလား၊ ဘာအလုပ်လဲ''

ထိုလူက ကျွန်တော့်ပုံစံကို ကြည့်ပြီး အားမနာတော့ဟန်နှင့်

''ခင်ဗျားက အလုပ်သမားကိုး၊ အတော်ပဲဗျာ အလုပ်က သိပ်တော့ မခက်ပါဘူး၊ ရေတွင်းထဲ ကျသွားတဲ့ အိုးတစ်လုံး ပြန်ဆယ်ချင်လို့''

''ဗျာ''

အလုပ်က ဖုတ်သွင်းရထားလို ကွက်တိ ဆိုက်ရောက်လာသော်လည်း ရေတွင်းထဲ ဆင်းရမည်ဆိုတော့ ရေမကူးတတ်သော ကျွန်တော် အတော် ထိတ်လန့်သွား၏။

''ဖြစ်နိုင်ရင် ကူညီပါဗျာ၊ ဘယ်လောက်ဖြစ်ဖြစ် ပေးပါ့မယ်''

ဘယ်လောက်ဖြစ်ဖြစ် ပေးပါ့မယ်ဆိုလာတော့ ကျွန်တော် စိတ်ပါသွားပြန်သည်။ သူများဆီ မျက်နှာအောက်ချပြီး ပိုက်ဆံချေးရတာထက် ဒါက လတ်တလော ပြဿနာများ ပြေလည်သွားစေနိုင်သည့် အခွင့်အရေးတစ်ခု ဖြစ်နေသည်။ သားနှင့်ဝေ့မျက်နှာ မြင်ယောင်ပြီး ကျွန်တော် ဆုံးဖြတ်လိုက်သည်။

''ကျွန်တော် လုပ်မယ်ဗျာ''

''ဒါဆို လိုက်ခဲ့''

ကျွန်တော်တို့ နှစ်ယောက် ဆိုက်ကားတစ်စီးနှင့် ရပ်ကွက်ထဲ ပြန်လှည့်ခဲ့ကြသည်။ ဆိုက်ကားနောက်ခုံမှ ထိုင်လိုက်လာရင်း ကျွန်တော် ရင်တွေတုန်နေ၏။ တချို့ရေတွင်းတွေက အောက်ပိုင်းမှာ အဆိပ်ငွေ့တွေ ဝေ့နေ ဆိုင်းနေတတ်သည်။ ထိုသို့သော တွင်းမျိုးဆင်းဆယ်မိပြီး သေသွားဖူးသည့် ကြားဖူးနားဝ ဖြစ်ရပ်များ ပြန်သတိရပြီး သွေးပျက်နေမိ၏။

သို့သော် ကျွန်တော် ပြန်အလာကို ယုံကြည်စိတ်ချစွာနှင့် သားငယ်နားမှ ထိုင်စောင့်နေမည့် ဝေ့အား တွေးမိတော့ စွန့်စားဖြည့်ဆည်းပေးလိုမှုတွေ ဝင်ရောက်လာရပြန်သည်။

သို့နှင့် ကျွန်တော်တို့ ခြံဝင်းကျယ်ကြီးအတွင်းမှ တိုက်တစ်လုံးဆီ ရောက်လာကြသည်။ အိမ်ပိုင်ရှင် ဖြစ်ဟန်တူသူ ခန့်ခန့်ညားညား လူကြီးက ခရီးရောက်မဆိုက် ဆီးမေး၏။





''ဘယ်လိုလဲ သူက ရေတွင်းထဲ ဆင်းဆယ်မယ့် သူလား''

''ဟုတ်ကဲ့ ဆရာ''

''ကဲ ဒါဆို ရေတွင်းကို အရင်လိုက်ကြည့်ပါဦး မောင်ရင်''

ရေတွင်းရှိရာ အိမ်နောက်ဘက်သို့ ထိုလူကြီးနောက်မှ ကျွန်တော်တို့ လိုက်သွားကြသည်။ ကြေးအိုးလေးကို တိုက်ချွတ်ဆေးကြောရန် ယူလာပြီး ရေတွင်းဘောင်ပေါ် တင်ထားစဉ် တံတောင်ဆစ်နှင့် တိုက်မိပြီး ပြုတ်ကျသွားပုံနှင့် ကြေးအိုး၏ ရာဇဝင်ကိုလည်း ပြောပြကြ၏။ ဘိုးဘွားအမွေအနှစ်ဖြစ်ပြီး အလွန်တန်ဖိုးရှိကြောင်းလည်း သိရ၏။ ကျွန်တော့်ကိုလည်း အလုပ်သမားတစ်ယောက် ဆက်ခစားတစ်ယောက်လို သဘောမထားဘဲ ဧည့်သည်တစ်ယောက်လို အရေးပေး ဆက်ဆံသည်။

ရေတွင်းဆီ ရောက်၍ ငုံ့ကြည့်လိုက်သောအခါမှ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားခဲ့၏။ ခေါင်းပင် မူးသွားသည်။

''ဟာ ရေတွင်းကလည်း အနက်ကြီးပါလား''

''ပေ ခြောက်ဆယ်တည်းပါကွယ်''

''ဘုရား ဘုရား''

ကျွန်တော် ဘုရားတရင်း တွေဝေနေမိသည်။ ရေမကူးတတ်သလို ခြေအောက်အဆိပ်ငွေ့ဆိုတာကလည်း ခြိမ်းခြောက်နေသည်မို့ လှည့်ပြန်ဖို့ စိတ်ကူးလိုက်၏။

''လုပ်ပါ မောင်ရင် မောင်ရင်သာ ဆယ်ပေးမယ်ဆိုရင် ငွေနှစ်သောင်းထိ ပေးဖို့ ရည်ရွယ်ထားပြီးသားပါ''

''ဟင် နှစ်သောင်းတဲ့၊ ဒါ ငါ့အတွက် ထွက်ရပ်လမ်းပဲ''

အိမ်ရှင်က ငွေနှစ်သောင်း ပေးမည်ဟု စည်းရုံးလာ၏။ ဒါဆို ကြေးအိုးက သိန်းချီတန်နေလို့များလား၊ မဆီမဆိုင်တာတွေ တွေးမိသလို ငွေနှစ်သောင်းနှင့် ဖြေရှင်းလို့ရမည့် ပြဿနာများကိုလည်း ချိန်စက်ကြည့်မိသည်။ လောလောဆယ် လိုအပ်နေသော ဆန်၊ ဆီ၊ ဆား ပြဿနာ ပြေလည်သွားမည့်အပြင် သားငယ်ကိုလည်း ဆေးခန်းပို့နိုင်မည်။ ကျွန်တော် စွန့်စားရန် ဆုံးဖြတ်လိုက်သည်။

သို့နှင့် ရေတွင်းကို နောက်တစ်ခါ ငုံ့ကြည့်မိသည်။ ထိုအခါ ကြောက်စိတ်ကြောင့် ကျွန်တော် ကျောချမ်းသွားရပြန်သည်။ မျက်စိမျက်နှာပျက်သွား... ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ဆော့အား အိမ်ရှင်က စူးစမ်းသလိုကြည့်ကာ ထပ်မေးပြန်သည်။

"ဘာဖြစ်လို့လဲ မောင်ရင်"

"ဗျာ ဘာ ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် အောက်ကို ဆင်းဖို့ဆိုရင် တစ်ခုခုစားဦးမှ ဖြစ်မှာ၊ အိမ်က ထွက်လာကတည်းက ဘာမှမစားရသေးဘူး"

"ဖြစ်ပါတယ် မောင်ရင်ရယ် လာ လိုက်ခဲ့"

အိမ်ရှင်က ကျွန်တော့်ကို နောက်ဖေးပေါက်မှ ခေါ်၍ ထမင်းစားခန်းထဲ တစ်ခါထဲ ထိုင်ခိုင်း၏။ သူ့ဇနီးကို အကျိုးအကြောင်း ပြောပြီး ထမင်းပြင်နိုင်းသည်။ ခဏအတွင်းမှာပင် ပူပူနွေးနွေး ထမင်းနှင့်ဟင်းပွဲများ ရောက်လာ၏။ ဝက်သားဟင်း၊ မန်ကျည်းရွက်နှင့် သနပ်ရွက်ချဉ်ရည် ပန်းဂေါ်ပွင့်ကြော်၊ ငပိရည်တို့စရာတို့နှင့် ကောင်းကောင်းမွန်မွန် စေတနာပါပါ ကျွေးကြ၏။ နာလန်ထ ကျွန်တော် ချင့်ချိန်စားဖို့ပင် သတိမရ၊ တစ်နပ်တစ်ပိုးပင် စားမိသည်။ ဝက်သားဟင်း မချက်နိုင်တာ ကြာပြီဖြစ်၍ ဝေ့ကိုပင် သတိရမိသေး၏။

"စားနော် အားမနာနဲ့ ထမင်းထည့်ဦး"

အိမ်ရှင်တို့၏ ဝတ္တရားကျေမှုက ရေတွင်းထဲက အိုးဆယ်ခြင်းကို မဖြစ်မနေ လုပ်ဆောင်ရန် အမိန့်ပေးနေသယောင် ရှိသည်။ သူ့ဆန်စားတော့ ရဲရတော့မည်။ ထမင်းပြီးသွားတော့လည်း အအေးတစ်ခွက် အဆင်သင့် ရောက်လာပြန်သည်။ ကျွန်တော် အားနာသွား၏။

"ကြိုးခိုင်ခိုင် တစ်ချောင်းသာ ရှာထားပေးပါခမျာ"

"အားလုံး အဆင်သင့်ပါပဲ မောင်ရင်"

ကျွန်တော် ငြင်းလို့သင့်တော်မည် မထင်ပါ။ အအေးသောက် ခဏဖြုတ်နားပြီးတော့ အိမ်ထဲက ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြ၏။ ကျွန်တော့်ကို ခေါ်လာသော ပုဂ္ဂိုလ်က လေးပတ်လည် တိုင်ရှည်တစ်ချောင်း ကြိုးတစ်ခွေနှင့် အသင့်စောင့်နေသည်။

ကြိုးတစ်ဖက်စတွင် နှစ်ပေခန့်စီခွာ၍ အထုံးများထုံးသည်။ ဒါကို အိမ်ရှင်တွေက တက်ရဆင်းရလွယ်အောင် ကြိုးကို အားပြုလို့ကောင်းအောင် လုပ်သည်ဟု ထင်နေကြ၏။ တကယ်တော့ ကြားဖူးနားဝနှင့် ကျွန်တော် အချိန်ဆွဲနေခြင်းသာ ဖြစ်သည်။ ကျွန်တော် လုပ်ပုံကိုင်ပုံကိုကြည့်ပြီး အိမ်ရှင်များက အတွေ့အကြုံ ရှိသူတစ်ယောက်ဟု ယုံကြည်သွားကြပုံရသည်။



တကယ်တော့ ကျွန်တော်က ရှော့(တ်)အိပ်ဖော့ဗားနှင့် ဒူးဇစ်ကို တွေ့ချင်သော စက်ပြင်တစ်ယောက်သာ ဖြစ်သည်။ ကမ္ဘာမြေကြီးအား အပေါက်ဖောက်ထားသော တွင်းထဲသို့ ဆင်းကြည့်ရန် ဘယ်သောအခါကမှ စဉ်းစားကြည့်ခဲ့ဖူးသော သူမဟုတ်။ ဒီလို တွင်းထဲဝင်ဖို့ဆိုတာ သေပြီးသည့်နောက်ပိုင်းမှ ကြုံတွေ့ရမည့်ကိစ္စဟုသာ ထင်မြင်ထားခဲ့သည်။

မည်သို့ပင် ဖြစ်စေ အချိန်ဆွဲ လုပ်ဆောင်ခဲ့သော အလုပ်သည်လည်း အချိန်တန်တော့ ပြီးသွားခဲ့၏။ သို့နှင့် လေးပတ်လည်တိုင်ကြီးတွင် ကြိုးတစ်ဖက်ကို ချည်နှောင်လိုက်ပြီး ရေတွင်းနှုတ်ခမ်းပေါ် ကန့်လန့်ဖြတ် တင်လိုက်သည်။ အိမ်ရှင်ကို အားပြုပြီး ရေတွင်းဘောင်ပေါ်တက်၏။ ကြိုးကိုဆွဲ၍ ရေတွင်းနံရံကို ခြေကန်ပြီး တရွေ့ရွေ့ လျှောဆင်းသည်။ ကျွန်တော့်တစ်ကိုယ်လုံး ဘောင်းဘီတိုသာရှိနေသော်လည်း ချွေးစေးတို့ဖြင့် ရွဲနစ်နေ၏။ ကြိုးတွင် ဖုထုံးများ ချည်ထားခြင်းသာ တော်တော့သည်။ ကျွန်တော့်လက်နှစ်ဖက်လုံး တဆတ်ဆတ် တုန်နေ၏။ မေမေအတွက် သားအတွက် ဒီအလုပ်ကို ဆုံးခန်းတိုင်အောင် ကျွန်တော် လုပ်မှ ဖြစ်မည်။

ရေညှိများ ထုတက်နေသဖြင့် တွင်းနံရံကို ကန်ထားသော ခြေထောက်ချော်ထွက်သွားပြန်ရာ ကြိုးကို ခိုထားရင်း ကျွန်တော် တွဲလောင်းကြီး ဖြစ်နေသေးသည်။ ကြိုးကိုလွှဲပြီး နံရံကို ကျားကန်၍ တဖြည်းဖြည်း ဆက်ဆင်းခဲ့၏။ ရေတွင်း၏ အနက်ပိုင်းသို့ ရောက်လေလေ စိုထိုင်းဆက မြင့်မားလာလေလေ ဖြစ်သည်။ ရေဆန်းစွာပင် နံရံမှ အငွေ့ဓာတ်နှင့် ရေ၏ အအေးဓာတ်ကို ပူးတွဲခံစားနေရ၏။ အပေါ်ဘက်ကို မော့ကြည့်တော့ ကောင်းကင်ကို ဘောင်ခတ်ထားသည့် စက်ဝိုင်းအတွင်းမှ အစိတ်အပိုင်းတစ်ခုအဖြစ်သာ မြင်တွေ့ရသည်၊ ထိုအလင်းရောင်နောက်ခံနှင့် အရိပ်မည်းသုံးခုကို တွေ့ရ၏။ အိမ်ရှင်များ ငုံ့ကြည့်ကာ အားပေးနေကြသည်။

"ရောက်တော့မယ် မောင်ရင် ရောက်တော့မယ်"

သူတို့ အားပေးနေသလို ကျွန်တော်လည်း ကျွန်တော့်မိသားစုအတွက် ဖြစ်အောင် လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားပြီးသား ဖြစ်နေပြီ။ ထိုအခိုက်မှာပင် တွင်းရေ မျက်နှာပြင်နှင့် ခြေထောက်ထိတွေ့မှုကို ခံစားလိုက်ရသည်။ ရုတ်တရက်မို့ ဆတ်ခနဲ တုန်သွား၏။ မထူးတော့ပြီမို့ ငုပ်မိသဲတိုင် တက်နိုင်ရှာမှောက်ရင်း ကြိုးကို အားပြု၍ ရေထဲသို့ ဆင်းလိုက်၏။ ကံကောင်းထောက်မသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရတော့မည်။ အောက်ကြမ်းပြင်ကို ခြေထောက်မိသည့်အခါ ရေက ရင်စို့လောက်သာ ရှိနေ၏။ ရှုရှိုက်ရသည့်လေက အောက်သိုးသိုး ညှီစို့စို့ဖြစ်နေသဖြင့် အသိုး မဖြုန်းတော့ဘဲ ကြိုးကို အားပြု၍ ရေအောက်ကြမ်းပြင်အနှံ့ ခြေထောက်နှင့် တရွေ့ရွေ့ စမ်းကာ ရှာဖွေလိုက်သည်။

ရေတွင်းအောက်ခြေ တစ်လျှောက် စမ်း၍ ရှာဖွေရာ တစ်ပတ်မပြည့်မီ ပင် မာကျောသောအရာတစ်ခုကို စမ်းမိ၏။ ထို့ကြောင့် အသက်ဝအောင် ရှူပြီး ထိုမာကျောကျော အရာကို လက်နှင့် ကောက်ယူလိုက်သည်။ ရေပေါ်ပြန်ပေါ်လာ သောအခါ အမှန်တကယ်ပင် ရေးဟောင်းကြေးအိုးတစ်လုံး ဖြစ်နေတာတွေ့ရ၍ ကျွန်တော် အတော် ဝမ်းသာသွားမိသည်။ သို့နှင့် ကြေးအိုးကို အပေါ်ကလူတွေ မြင်အောင် မြှောက်ပြလိုက်၏။ အပေါ်က လူများက ရေငင်သော ကြိုးအလွတ်ကို လျှောချပေးသည်။ ထိုကြိုးတွင် ကြေးအိုးကို ချည်ပေးလိုက်၏။ အိုးကို ဆင်းဆယ် သော အခိက အလုပ်တော့ အောင်မြင်ခဲ့ပြီ။ ကျွန်တော် အပေါ်သို့ ပြန်ရောက်ဖို့ သာ လိုတော့သည်။

ရေထဲတွင် အတော်ကြာ စိမ်နေလိုက်ရသဖြင့် ကျွန်တော် ချမ်းပြီး တုန်တက်လာ၏။ ပြန်ဖျားလျှင် အခက်ဟု တွေးမိပြီး ကြိုးကိုတွဲခိုကာ အပေါ်သို့ ပြန်တက်ရ၏။ ကြိုးမှ ဖုထုံးများကြောင့် ခိုတက်ရတာ လွယ်ကူသော်လည်း လက်အံသေလာမှုက ပြဿနာတစ်ခုဖြစ်လာသည်။ ကျွန်တော်သေလို့ မဖြစ်သေး ပါ။ ကျွန်တော့်ကို ဗဟိုပြု၍ အသက်ဆက်ရမည့် လူသုံးဦး ရှိနေပါသေးသည်။ ထိုလူသားများကို ကာကွယ်စောင့်ရှောက်လိုဇော တစ်ခုတည်းနှင့် ကျွန်တော် အားတင်းကာ ကုပ်ကပ်တွယ်တက်လာခဲ့၏။ တွင်းနှုတ်ခမ်းမှ သစ်သားတန်းကို ခိုမိသောအခါ ကျွန်တော် အားကုန်သွားသည်။ အိမ်ရှင်ဦးလေးကြီးနှင့် ကျွန်တော့် ကို လာခေါ်သူတို့က ဖက်တွယ်ကာ ဆွဲတင်ပေးကြ၏။

မြေကြီးပေါ်သို့ ပြန်ရောက်သောအခါ ကျွန်တော် ပုံရက်လဲသွားခဲ့သည်။ လက်နှင့်ခြေထောက်များလည်း တဆတ်ဆတ် တုန်နေကြ၏။ အိမ်ရှင်များက ကျွန်တော့်အား နွေးထွေးအောင် ဝိုင်းဝန်းပြုစုကြသည်။ ကော်ဖီပူပူကိုလည်း တိုက်၏။ နွေးထွေးမှု ရှိလာသည်နှင့်အမျှ ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်လာသော အခါ ဝမ်းမြောက်ပျော်ရွှင်မှုက ကျွန်တော့်ကို လွှမ်းခြုံသွားခဲ့သည်။ ဝေ၏ လတ် တလော အပူမီးတွေကို ငြိမ်းသတ်ပေးနိုင်တော့မည်မို့ အတိုင်းမသိ ပီတိဖြစ်မိသည်။





အိမ်ရှင်က သူ့ကတိအတိုင်း ငွေနှစ်သောင်း ထုတ်ပေးသောအခါ ကျေးဇူး တင်စကား အထပ်ထပ်ပြောရင်း ကျွန်တော် ခြေကုန်သုတ်၍ အိမ်ပြန်လာခဲ့သည်။ ကျွန်တော် အိမ်ပြန်ရောက်သောအခါ ဝေနှင့်သားကြီးက ထုံးစံအတိုင်း အိမ်ပေါက်ဝ မှ ဆီးကြိုကြသည်။ ကျွန်တော့်မျက်နှာမှ အပြုံးကို အတိအကျ အမိဖွဲ့ယ် သောက်တတ်နေပြီဖြစ်သော ဝေထံ အပြုံးတို့ စီးဆင်းကူးစက်သွား၏။

“စိတ်ပူလိုက်ရတာ ကိုရယ်”

“အဆင်ပြေပါတယ် ဝေရာ၊ သားကြီးကို ဘယ်သူ သွားကြိုလဲ”

“ခေါင်းရင်းအိမ်က မောင်ခင်ချိုကိုပဲ အကူအညီတောင်းရတော့တာ ပေါ့”

“တော်သေးတာပေါ့ ဝေရယ်”

ကျွန်တော်တို့မိသားစု အိမ်ထဲဝင်ထိုင်လိုက်ကြ၏။ သားငယ်က မှိန်းနေ သည်။ ကျွန်တော် မပူတော့ပါ။ လွယ်အိတ်ထဲမှ ငွေနှစ်သောင်းကို ထုတ်၍ ဝေ့ လက်ထဲ အပ်လိုက်၏။ ဝေက ပိုက်ဆံအပြင် ကျွန်တော့်လက်မှ အပွန်းအပဲ့များ ကိုပါ မြင်သွားသည်။

“ဟင် ကို့လက်မှာလည်း ဒဏ်ရာတွေနဲ့ပါလား၊ ပြောပါဦး ကိုရယ် ငွေတွေ ဘယ်လိုလုပ်ပြီး ရှာလာခဲ့တာလဲ ပြောပါဦး ကိုရဲ့”

ဝေ၏ ဂရုတစိုက်အမေးနှင့် အမူအရာကြောင့် ကျွန်တော် ပင်ပန်းခဲ့သမျှ ပြေပျောက်သွားသည်။ သို့နှင့် ကျွန်တော်က ငွေနှစ်သောင်းရလာပုံအား မချွင်း မချန် ပြောပြလိုက်သည်။ ထိုအခါ ဝေ မျက်ရည်ပေါက်ပေါက်ကျအောင် ငို၏။ ဒေသကောင်း မပျောက်ကောင်းဟု မချိတင်ကဲ ပြောသည်။

“ကဲပါ ဝေရယ် အခု ကို ဘာမှဖြစ်တာမှ မဟုတ်ဘဲ၊ သားလေးကို ဆေးခန်းပို့ဖို့ ဆန်ဆီဝယ်ဖို့ ပေးစရာရှိတာတွေ ပေးဖို့ ကွက်တိဖြစ်အောင် သုံးခဲ့ ရမှာနေနဲ့တော့၊ မနက်ဖြန် ကို အလုပ်ဆင်းမှာပဲဟာ”

“အင်းပါ ကိုရယ်၊ ဪ ဒါနဲ့ သားကြီးက ကို့ကို ဝမ်းသာစရာ ပြောဖို့ ရှိနေတယ်တဲ့”

ထိုအခါမှ အနားကပ်ပြီး ပါးစပ်တပြင်ပြင် ဖြစ်နေသော သားကြီးကို သတိပြုမိတော့သည်။ သားက ဝမ်းသာအားရ လေသံနှင့်

“အခု လပတ်စာမေးပွဲမှာ သား ပထမရတယ် ဖေဖေ”



www.burmeseclassic.com

www.burmeseclassic.com

"ဟေ ဟုတ်လား၊ ဟား ဒါမှ ငါ့သားကွ၊ ငါ့သား ဟား ဟား ဟား"

ကျွန်တော် သားကြီးနှင့်မြူးနေစဉ် ဝေက သားငယ်ကို ချီ၍ ဆေးခန်းနှင့် ဈေးသို့ပြေးရှာသည်။ ကျွန်တော် သားကြီးကို ရေချိုးသနပ်ခါးလိမ်းပေးကာ အဝတ်အစားလဲပေးရင်း နောက်နေ့ ဝတ်မည့် ကျောင်းယူနီဖောင်းကို မီးပူတိုက်လိုက်သည်။ ဝေ နည်းနည်းမှ သက်သာပါစေတော့ဟု စေတနာများနှင့်ဖြစ်သော တောက်တိုမယ်ရ အလုပ်များ ကူလုပ်ပေးရင်း မှောင်ရီပျိုးစလောက်တွင် ဝေ မနိုင်မနင်းနှင့် ပြန်လာ၍ ဝိုင်းသယ်ကာ တွဲခေါ်ခဲ့ရသည်။ ဝေ မျက်နှာမကောင်းတာ ရိပ်မိသဖြင့် ကျွန်တော် စိတ်ပူသွား၏။

"ဝေ ဘာဖြစ်တာလဲ သားငယ် အခြေအနေ စိုးရိမ်ရလို့လား"

"သားငယ်က စိတ်မပူရပါဘူး ဆေးပါတိုးပေးလိုက်လို့ တစ်ရက်နှစ်ရက်ဆို ကောင်းသွားမှာ"

"ဒါနဲ့များ ဝေရယ်၊ ဘာလို့ မျက်နှာမကောင်း ဖြစ်နေရတာလဲ"

"ပိုက်ဆံ နှစ်သောင်းက ဆန်ဝယ် ဆီဝယ် ဆေးဖိုးပေး အကြွေးဆပ်နဲ့ တစ်ပြားမှ မကျန်တော့တဲ့အပြင် ဒေါ်နီတို့ဆိုင်မှာ ကြွေးနှစ်ရာ ကျန်ခဲ့သေးတယ် ကိုရဲ့"

"ဒါများကွာ အဆန်းလုပ်လို့"

"ဟုတ်ဖူးလေ ညစာက ထမင်းပဲ ချက်ရသေးတာ ဟင်း မရှိဘူး"

ဝေ မျက်နှာပျက်ရခြင်းအကြောင်းကို သိသွားတော့ ကျွန်တော် သက်ပြင်းချမိ၏။ သားကြီးကလည်း ဗိုက်ကိုပွတ်၍ ဆန္ဒပြနေပြီ။ ကျွန်တော် နောက်ထပ် အရဲစွန့်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ သားကြီး စားမေးပွဲမှာ ပထမရလို့ ဂုဏ်ပြုရမယ်၊ ဘာစားချင်လဲ ပြော"

"ဒါဆို ခေါက်ဆွဲကြော် စားချင်တယ်၊ မစားရတာ ကြာပြီ"

"ဟား သိပ်ရတာပေါ့၊ ခဏပဲစောင့် ဖေဖေ ပြေးဝယ်လိုက်မယ်"

ကျွန်တော်တို့ သားအဖကို ကြည့်ပြီး ဝေက စိတ်ရှုပ်ဟန်နှင့် လက်ကုတ် သတိပေးသည်။ ကျွန်တော် ဝေ့ကို ပြုံးပြလိုက်၏။ တီးတိုးလေသံနှင့်

"ရတယ် ဝေ လျောင်ကီးကို ပြောပြီး အကြွေးနဲ့ဝယ်ခဲ့မယ်"

ကျွန်တော် အားမာန်အပြည့်နှင့် ထရပ်လိုက်၏။ ဝေက ကျွန်တော့်ကို





နှာစွာ လှမ်းကြည့်သည်။ ကျွန်တော့်အိတ်ကပ်ထဲမှ ကျောက်မြောင်း တာ့အား သစ်သို့သွားရန် ကွက်တိကျန်ရှိနေသော အသွားအပြန် ကားခကို သေချာ င် ထုတ်ကြည့်ရသေးသည်။

"ပင်ပန်းလိုက်တာ ကိုရယ်"

"ဘာမှမဝေးပါဘူး ဝေရာ၊ ဝေတို့ သားငယ်ကိုသိပ်ရင်း ထမင်းနူးပြီး စောင့်နေကြ"

အတော် အားကောင်းနေပြီဖြစ်သော ညထဲသို့ ကျွန်တော် တိုးထွက်ခဲ့ သည်။ ရေမကူးတတ်ဘဲ ရေတွင်းထဲ ဆင်းခဲ့ပြီးနောက် ကျွန်တော့်အတွက် ရာသည် အခက်အခဲမရှိတော့သလို ပေါ့ပေါ့ပါးပါး ဖြစ်နေခဲ့ပြီ။

လမ်းထိပ်ရောက်တော့ တိုက်တိုက်ဆိုင်ဆိုင် ရပ်လာသော ဘတ်(စ်) ပေါ် တက်စီးရင်း ကျောက်မြောင်း ရပ်ကွက်ရောက်တော့ ကျွန်တော် ဆင်း ခဲ့၏။

ကျွန်တော် ဝယ်မည့် စားသောက်ဆိုင်လမ်းထဲ ဝင်တော့ အမူးသမား သောက်အချင်းချင်း ဖေးမလျက် ချစ်ကြည်စွာဖြင့် လမ်းလုံးပြည့် လျှောက်လာ ကြ၏။ ပိုက်ဆံတွေ သိပ်ပေါနေ၍ ဖြုန်းနေကြသလား။ ဒါမှမဟုတ် အိမ်က နှင့်သားသမီးများ ဘာဖြစ်ဖြစ် သူတစ်ကိုယ်ကောင်းလျှင် ပြီးရောဆိုသော ကိုယ်ကောင်းသမားလားတော့ ဝေခွဲမရ။

အခုလို မတ်မတ်ပင် မရပ်နိုင်သည့် အဆင့်ရောက်ဖို့ဆိုတာက နှစ်ထောင် ထောင်လောက်မကုန်ဘဲ မရနိုင်ဆိုတာလောက်တော့ ကျွန်တော် သိသည်။

စားသောက်ဆိုင်ထဲ မရောက်ခင်မှာပင် ဆိုင်ထဲမှ လွင့်ပျံလာသော င်းသံကြောင့် ကျွန်တော် ရင်လှိုက်ဖိုမောသွားသည်။

စိတ်လည်းအတူတူ x x သဘောလည်းအတူတူ x x အတွေးတွေလည်း တူတူပဲမို့ x x အသည်းခြင်း ညီညာဆက်လို့ ကြည်ကြည်ဖြူဖြူ အပ်ကြမယ် ယ် x x မောင်ကလည်း အပြုံးနဲ့ဆက်နွယ် x x မေကလည်း မုန်းတစ်သက် က်မရှယ်တယ်"

ထိုသီချင်းသံကြောင့် ဝေတို့သားအမိ မျက်နှာကို ကျွန်တော် မြင်ယောင် သည်။ ခုချိန်ဆိုလျှင် နို့စို့အရွယ် သားငယ်ကို ရင်ခွင်ပိုက်လျက် ထမင်း ကျွန်တော့်ကို မျှော်နေရှာရော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သတ္တိမွေးလိုက်၏။ ဝပ်ရှော့ပိုင်ရှင်အတွက် ခဏခဏ ထပ်ပေးခဲ့ရသဖြင့် ခေါက်ဆွဲဆိုင်ပိုင်ရှင် လျှောင်ကီးနှင့်ကျွန်တော် ရင်းနှီးသည်။ ခေါက်ဆွဲကြော် တစ်ထုပ်လောက်တော့ဖြင့် အကြွေးပေးဖို့ မခက်ခဲဟု ထင်၏။

သတ္တိကို မီးထိုး၍ လျှောက်လာရင်း လျှောင်ကီးဆိုင်နားသို့ပင် ရောက်လာခဲ့သည်။ ကျွန်တော် ဆိုင်ထဲဝင်ရန်ပြင်တော့ ဆိုင်ထောင့် အုတ်ခုံပေါ်တွင် ဖော့ဘူးနှစ်ဘူး ထပ်၍ ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်ရသည်။ ပိုင်ရှင်မဲ့ ထိုအထုပ်လေးက ကျွန်တော့်ကို လာယူလှည့်ပါဟု လက်ယပ်ခေါ်နေသယောင်၊ ဘယ်သူ့ဟာများပါလိမ့်၊ မုန့်ယစ်ရီဝေသူများ မေ့ထား ကျန်ခဲ့သည့် ပါဆယ်ထုပ်သာ ဖြစ်လိမ့်မည်။ ဝန်းကျင်ကို အကဲခတ်၍ ပါဆယ်ထုပ်နား ကပ်သွားလိုက်သည်။ သေချာအောင် အထုပ်ကို နမ်းကြည့်တော့လည်း ခေါက်ဆွဲကြော်နံ့သင်းသင်းက နှာဝသို့ လာကလိ၏။

ကျွန်တော် ထိတ်ခနဲနေအောင် ဝမ်းသာသွားသည်။ ကြည့်စမ်း ကောင်းလိုက်တာ လျှောင်ကီးကို မျက်နှာအောက်ချ ခယမပြောရပါဘဲနှင့် သားစားချင်သည့် ခေါက်ဆွဲကြော်က အသင့်ဖြစ်နေပြီ။ ဖော့ဘူးနှစ်ဘူးဆိုတော့ နှစ်ထုပ်စာပေါ့။ လူသူလေးပါး အရိပ်အခြေကြည့်ရင်း အထုပ်ကို လှစ်ခနဲ ဆွဲယူ၍ ကျွန်တော် ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ရိုးသားမှုများ သေဆုံးသွားသည့် ရင်ခုန်ခြင်းမျိုးနှင့် ကျွန်တော့် ခြေလှမ်းတွေ သွက်လက်နေသည်။ ငါးပါးသီလထဲမှ ခိုးမှုကို ဖောက်ဖျက်ကျူးလွန်မိတာမဟုတ်၊ မေ့ကျန်ခဲ့တာကို ရယူခဲ့ခြင်းသာဟု ကိုယ့်ကိုကိုယ် နှစ်သိမ့်ပေးနေရသည်။

လက်ထဲမှ နင့်နင့်နည်းနည်း ရှိလှသော ခေါက်ဆွဲကြော်ထုပ်များက သွက်လက်သော ခြေလှမ်းတို့အား လောင်စာဖြည့်တင်းပေးနေသလိုလို၊ အားကောင်းသော အမှောင်နှင့် ဖျော့တော့သည့် လမ်းမီးက မရိုးမသား ဖြစ်စဉ်ထင်ရှားအား အကာအကွယ်ပေးထားကြ၏။ ရုတ်တရက် မှောင်ထဲမှ တိုးထွက်လာသော ခွေးတစ်ကောင်က လက်ထဲမှ ပါဆယ်ထုပ်အား လှမ်းဟပ်သည်။ ခွေးကို မျက်ထောင့်မှ ရိပ်ခနဲ မြင်လိုက်သဖြင့် အထုပ်ဆွဲထားသော လက်ကိုမြှောက်လိုက်၍သာ လွတ်သွားခြင်း ဖြစ်၏။ အနည်းငယ် လန့်သွား၍ ဒေါပွကာ ခဲကောက်ပြီး ခွေးကို ထုလိုက်မိသည်။ မွှေးပျံ့ကြိုင်သင်းသည့် ခေါက်ဆွဲကြော်အနံ့က ခွေးကိုပင် မြူဆွယ်ခဲ့သလို ကျွန်တော်လည်း ဗိုက်ဆာလာခဲ့ပြီ။ ဝေနှင့်သားကြီးတို့လည်း





ဆာလှရော့မည်ဟု တွေးကာ မပြေးရုံတမယ် ထိုးဆိုက်လာသော ကားပေါ်သို့ တက်လိုက်သည်။

စောစောက ခွေးပါးစပ်ထဲသို့သာ ပါဆယ်ထုပ် ပါသွားခဲ့လျှင် ကျွန်တော် မတွေးရဲတော့၊ ကားရပ်လျှင်ရပ်ချင်း ခြေကုန်သုတ်လာခဲ့သဖြင့် ကျွန်တော့်အိမ် ဘုပ်ကုပ်လေးကို လှမ်းမြင်ရပြီ။ နောက်ဆုံးခြေလှမ်းများကို အားပါပါ လှမ်းရင်း

"သားရေ ဖေဖေ ပြန်လာပြီ"

အိမ်ပေါ် ခုန်တက်လိုက်သော ကျွန်တော့်ကို တွေ့တွေ့ချင်း လည်တဆန့်ဆန့်ဖြစ်နေသော ဝေတို့သားအမိကို အပြုံးကိုယ်စီနှင့် တွေ့လိုက်ရသဖြင့် ကျွန်တော် စိတ်ချမ်းသာသွား၏။

"ကြာလိုက်တာ ဖေဖေရာ"

"အေးကွာ ဆိုင်မှာ လူတွေများတော့"

မလုံမလဲ စိတ်နှင့် မုသာဝါဒ စကားကို အဆုံးသတ်အောင် မပြောဖြစ်လိုက်။

"ကဲ ကို တစ်ခါထဲ လက်ဆေး အားလုံးအဆင်သင့်ပဲဥစ္စာ"

ကျွန်တော် လက်ဆေးပြီး ထမင်းဝိုင်း ဝင်ထိုင်လိုက်တော့ ဝေနှင့် သားကြီးတို့ မျက်ဝန်းမှာ ဆာလောင်မှုများနှင့် မွတ်သိပ်နေကြသည်။ မစားရတာကြာပြီဖြစ်သော ခေါက်ဆွဲကြော် ဆို၍ သားကြီးက ပါးစပ်တပြင်ပြင်၊ ကြွပ်ကြွပ်အိတ်ထဲမှ ခေါက်ဆွဲကြော် ဖော့ဘူးနှစ်ဘူး ထမင်းစားပွဲပေါ်မှာ နေရာယူထား၏။

"အနံ့လေးက မွှေးနေတာပဲ"

သားကြီးက အားတက်သရော ပြောသည်။ ဝေက သားကြီးကို ကြင်နာစွာ ပြုံးပြလိုက်ရင်း ဖော့ဘူးကို ဖွင့်လိုက်၏။

"ဟင်"

"ဟာ အရိုးတွေနဲ့ အမိုက်တွေ"

ဝေက နောက်ထပ် ဖော့ဘူးကို ထပ်ဖွင့်လိုက်သည်။ အရိုးအရင်းနှင့် စားကြွင်းစားကျန်များကို အမှိုက်သရိုက်များ သဲများနှင့် ရောနှောထည့်ထားခြင်း အတူတူဖြစ်နေသည်။ ဆာလောင်မှုနှင့် သွေးရောင်သမ်းနေသော ဝေနှင့်သားကြီး မျက်နှာမှာ ရုတ်ချည်းဆိုသလို ဖြူဖတ်ဖြူလျော် ဖြစ်သွားကြ၏။ ဝေနှင့်သားကြီး မျက်နှာကို ကျွန်တော် မကြည့်ရဲတော့။ ဆောက်တည်ရာမဲ့ အသွားသွားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ညီမှနဲ့ကာ ဆာချွေးများ ပြန်လာခဲ့၏။ ပထမ ရခဲ့သော သား၏ဆန္ဒ တစ်ဖွဲ့တစ်စွဲ ကိုပင် ဖြစ်မြောက်အောင် ဖြည့်စွမ်းမပေးနိုင်သည့်အတွက် ကျွန်တော် အကြီးအကျယ် အရှက်ရသွားသည်။

ဖခင်တစ်ယောက်၏ နမော်နမဲ့ ဖြည့်ဆည်းမှုကြောင့် ခံစားမှုတွေ ပြောင်းဆန်နေရသည့် သားကြီးကို ကြည့်ရင်း ကျွန်တော် ဝမ်းနည်းကြေကွဲစွာဖြင့် မျက်ရည်ပူများ ထိန်းမနိုင် သိမ်းမနိုင် စီးကျလာခဲ့သည်။

ဆို့နင့်ကြေကွဲမှုနှင့်အတူ မျက်လုံးများ ပြာဝေကာ ကျွန်တော့် တစ်ကိုယ်လုံး တုန်ယင်နေ၏။ ဖြစ်နိုင်လျှင် ကျွန်တော် အရှင်လတ်လတ် ဤနေရာမှ ပျောက်ကွယ်သွားချင်နေမိသည်။ အခြေအနေကို ရိပ်မိသော ဝေက ပိုပြီး ရုပ်ပျက်ဆင်းပျက် ထပ်မဖြစ်အောင် စကားနှင့် ဖော့ကာ ထိန်းပေးရှာသည်။

"သား ဖေဖေက သားကို ကျွေးချင်ဖော့နဲ့ အထုပ်ချင်း မှားယူလာမိတာ အခုချက်ချင်း လမ်းထိပ်က လက်ဖက်သုပ်လေး မေမေ သွားဝယ်ပေးမယ်နော် သား လက်ဖက်သုပ် သားကြိုက်တယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ မေမေ"

အဖတ်ဆယ်မရလောက်အောင် ကျဆုံးတော့မည့် ဖခင်တစ်ယောက်၏ ဂုဏ်သိက္ခာကို ဝေက အတတ်နိုင်ဆုံး ကာကွယ်ပေးခဲ့သည်။ လူတစ်ဖက်သား အကြီးအကျယ် ဒုက္ခရောက်အောင် တကူးတက ပြင်ဆင်၍ နောက်ပြောင်ရတ်သည့် လူတစ်ယောက် သို့မဟုတ် လူတစ်စုအား ကျွန်တော် စက်ဆုပ်စွာ နာကျည်းနေမိ၏။ မျက်ရည်များဖြင့် မွတ်သိပ်နေသော ဝေက

"ဖေကြီး စိတ်မကောင်း မဖြစ်နဲ့နော်၊ သားက ဖေကြီး စေတနာကို နားလည်ပါတယ်၊ ပြီးတော့လေ ဝေ ဖေကြီးကို အရမ်းချစ်တယ် သိလား"

ဆာလောင်နေသော သားကြီးက ကလေးပီပီ ခေါင်းလေးငုံ့ကာ မျက်ရည်သုတ်ရှာသည်။

"သား ငိုနေတာလားဟင်"

"မငိုပါဘူး မေမေရဲ့"

ငိုသံသဲ့သဲ့နှင့် မငိုဘူးဟု ပြောသော သားကို ဝေက တစ်ချက် နမ်းရင်း ခေါင်းကိုပွတ်၍ နှစ်သိမ့်သည်။

"သား ခဏပဲစောင့်၊ လက်ဖက်သုပ် ဝယ်ပြီး မေမေ ချက်ချင်းပြန်လာခဲ့မယ်၊ ဖေကြီး ခဏလေးနော်"





ကျွန်တော့်ပါးမှ မျက်ရည်စတို့ကို ကမန်းကတန်း သုတ်၍ ထွက်သွားသော ဇနီးသည်၏ ကျောပြင်ကိုငေးရင်း ကျွန်တော် ညကို တစ်စစီ ဆုတ်ဖြဲနေမိသည်။

"ဝေ ရယ်"

သား၏ မျက်နှာကို မကြည့်ရဲသဖြင့် အမှိုက်ထုပ်ဖော့ဘူးများကို ယူရင်း အိမ်ရှေ့ဖိနပ်ချွတ်သို့ ထွက်လာခဲ့၏။ ခြံထောင့်မှ အမှိုက်ခြင်းထဲသို့ ဝေဒနာ ဒေါက်ဆွဲကြော်ထုပ်များ ပစ်ထည့်လိုက်သည်။

ထိုအခိုက် ကောင်းကင်မျက်နှာကြက်မှ ကြယ်တွေအထွေးလိုက် ကြွေကျလာတာကို ကျွန်တော် လှမ်းမြင်လိုက်ရလေသည်။


ဗျူး

{မြင်ကွင်းမဂ္ဂဇင်း၊ အမှတ် (၂၀၃)၊ ဩဂုတ်လ၊ ၂၀၁၁ ခုနှစ်}



www.burmeseclassic.com

www.burmeseclassic.com




# ပျူး

## ဣဒ္ဓိတန်ခိုး

www.burmeseclassic.com

www.burmeseclassic.com

## ကူတ္တိတန်နိုး

(၁)

ကျွန်တော် ကောင်းထက်ဇော်ကို အားပါပါနှင့် ထိထိမိမိရှိမည့် လက်သီးများသုံး၍ ကောင်းကောင်းကြီး ထိုးကြိတ်ချင်နေမိသည်။

(၂)

အလုပ်အားရက် တစ်နေ့တွင် ကျွန်တော် သားသမီးများနှင့်အတူ **MRTV-4** အစီအစဉ်များကို ကြည့်ရှုနေခဲ့သည်။ ကာတွန်းအစီအစဉ်ပြီးတော့ သွားမယ် စားမယ် အစီအစဉ် ဆက်၍ လွှင့်ထုတ်ပေးသည်။ ထိုအစီအစဉ်ကို ကောင်းထက်ဇော်ကပဲ အားပါးတရ တင်ဆက်ထားသည်။

ရွှေတောင်ကြားထဲတွင် ဖွင့်လှစ်ထားသော ထိုင်းရိုးရာ စားသောက်ဆိုင်တစ်ဆိုင်နှင့် မိတ်ဆက်ပေးသည်။ သားသားနားနား ဝတ်စားထားသော ကောင်းထက်ဇော်က စားသောက်ဆိုင်ထဲသို့ ကြွားကြွားရွားရွား ဝင်သွားပြီး ဆိုင်၏အပြင်အဆင် အခင်းအကျင်းကို လှည့်ပတ်လေ့လာသည်။

ပြီးတော့ စားပွဲတစ်လုံးမှာ ဟန်ပါပါနှင့် ဝင်ထိုင်[illegible] ချက်ချင်း[illegible] စားပွဲထိုးတစ်ယောက် ရောက်လာကာ ဘာသုံးဆောင်မလဲတဲ့ [illegible]


PUBLISHED BY VIEW
www.burmeseclassic.com

www.burmeseclassic.com

ည်။ ကောင်းထက်ဇော်က ဘာတွေရသလဲ ပြန်မေးတော့ သဘောကောင်းပုံရသော စားပွဲထိုးလေးက သူတို့ဆိုင်မှ စပယ်ရှယ် ဟင်းလျာများကို ကြက်တူရွေးလို့ ရွတ်ပြ၏။ ပြီးတော့ မန်ယူ စာအုပ်ကြီးကိုလည်း ထိုးပေးသည်။ ကောင်းထက်ဇော်က ဟိုလှန် သည်လှန်နှင့် ကြည့်ပြီး အားမနာလျှာမကျိုး ဆိုသလို ဟင်းပွဲလေးပွဲ မှာလိုက်၏။

သိပ်မကြာလိုက်ပါ။ ဟင်းပွဲများ လာချသည်။ ထိုပြကွက်ကို အမြန်ရစ်၍ ပြသဖြင့် စားပွဲထိုးလေးမှာ ချာလီချက်ပလင့် အိုက်တင်ကဲ့သို့ ဆတ်တောက်ဆတ်တောက် ဘောက်ဆတ် ဘောက်ဆတ်နှင့် တစ်ပွဲပြီး တစ်ပွဲ လာချပေးသလိုဖြစ်သွား၏။ ထိုပြကွက်ကို ကြည့်ပြီး ကျွန်တော့် သားသမီးတွေ ရယ်ကြသည်။ ဒီတစ်ခါ ကောင်းထက်ဇော် အထူးပြုမှာလိုက်သည်က ပင်လယ်စာ ဟင်းလျာများဖြစ်နေ၏။ ပြည်ကြီးငါးချိုချဉ်သုပ်၊ ကမာအဆာသွပ်ကြော်၊ ငါးမန်းတောင် ဟင်းချိုနှင့် ပုစွန်ကျားကို ပေါင်းထားသော ဟင်းများဖြစ်၏။

ကောင်းထက်ဇော်က ဟင်းလျာများကိုကြည့်ပြီး 'အင်း မွှေးနေတာပဲ အရသာလည်း ရှိမယ့်ပုံပဲ ဗိုက်တောင်ဆာလာပြီ' ဟု ပြောသည်။ ဟုတ်ပကျွန်တော်တောင် ကြည့်နေရင်းနှင့် သွားရည်ကျလာသည်။

"ဟာ ပုစွန်ကြီးက အကြီးကြီးပဲ၊ အဲဒါ အရုပ်ကြီးလား"

သုံးနှစ်သားလေး ဂူးဂူးက နားမလည်သလို မေးရှာ၏။

"မဟုတ်ဘူး သားလေး အဲဒါ တကယ့် ပုစွန်ကြီး စားလို့ရတယ်"

ကြည့်နေရင်းနှင့်ပင် ကောင်းထက်ဇော်က တစ်မျိုးပြီးတစ်မျိုး မြည်းကြည့်ရင်းနှင့် အပီဆွဲပြနေခဲ့သည်။ စားရင်းသောက်ရင်း တစ်မျိုးစီ၏ အရသာများကို သရုပ်ခွဲပြောပြကာ ချီးမွမ်းခန်း ဖွင့်နေ၏။ ပုစွန်ကျားကြီး စားပြသော အလှည့်ရောက်တော့ နို့ညှာသမီးက

"ဖေဖေ မီးမီးလည်း အဲဒီပုစွန်ကြီး စားချင်တယ်"

ကောင်းထက်ဇော် စားတာငေးရင်း သွားရည်ကျနေသော ကျွန်တော်တံတွေးသည်းသွားခဲ့သည်။ ပုစွန်ကျား၏ တစ်ဆယ်သားဈေးကို မှန်းကြည့်ရင်း ကျွန်တော် သက်ပြင်းချမိသည်။

"သမီးလေးကလည်း ဟိုတလောကပဲ မေမေ ပုစွန်ဘော့ချိတ်လေးတွေ ချက်ကျွေးသေးတယ်လေ"





"ဟွန်း အဲလို သေးသေးလေးတွေ ပြောတာ မဟုတ်ဘူး ခုနက TV မှာပြတဲ့ ပုစွန်ကောင်ကြီးကို ပြောတာ"

သမီးငယ်၏ ဆန္ဒကို ဟာသနှင့် ဖြေသိမ့်ရန် ကျွန်တော် ကြိုးစားကြည့်လိုက်သည်။

"အဲဒါက Export အဲ နိုင်ငံခြားပို့တဲ့ ပုစွန်တွေ၊ သူတို့ရဲ့ ခေါင်းတွေပဲထားခဲ့ပြီး ကိုယ်လုံးတွေက လေယာဉ်ပျံစီးပြီး နိုင်ငံခြားသွားကုန်ကြပြီ ဒီမှာ မရှိတော့ဘူး သမီးရဲ့"

"ဟာ ရှိပါတယ် ဖေဖေရ ဈေးထဲမှာ သားတွေ့ခဲ့သားပဲ"

ဆယ့်ငါးနှစ်သား အရွယ် ရောက်နေပြီဖြစ်သည့် အကြီးကောင် နိုးနိုးကတော့ ကျွန်တော် ဖြီး၍မရ။ ဒီကောင်က တောက်တိုမယ်ရ လိုတာမှန်သမျှ ထဲပြေးဝယ်ပြီး အမေကို ကူနေကျ။ ကျွန်တော် ကလေးများကို မညာရက်တော့။

"ကဲပါကွာ လာမယ့် တနင်္ဂနွေနေ့ကျရင် မိသားစု ဆုံတုန်း ပုစွန်ထုပ်ဟင်း ချက်စားကြမယ် ဟုတ်ပြီလား"

"ဝေး ဟေး ဟေး"

"ပုစွန်ထုပ်ကြီး ချားရတော့မယ် ဟေး ဟေး"

သားသမီးများ အားလုံး၏ ပျော်ရွှင်မှုကိုကြည့်ရင်း ကျွန်တော်လည်း သာပီတိ ဖြစ်မိသည်။ အင်း ဟုတ်တာပေါ့ သူတို့လည်း စားချင်ကြရှာမှာပဲ။ လေ ပုစွန်ထုပ် တစ်နပ်နှင့်တော့ ကျွန်တော့်ဘဝ မွဲမသွားနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ကောင်းထက်ဇော်ကိုတော့ ကျွန်တော် ငြိုးထားလိုက်မိပါသည်။

(၃)

ကျွန်တော့် ဇနီး အစိုး လက်ထဲ ငွေတစ်သောင်း ထည့်ပေးလိုက်၏။ လေးတွေ စားချင်နေတဲ့ ပုစွန်ထုပ်ဟင်းချက်ကျွေးဖို့လည်း အတန်တန် မှာခဲ့သည်။ အစိုးကတော့ အင်တင်တင်။ ကိုယ်မွေးထားတဲ့ သားသမီးတွေပဲ မကျွေးချင် နေပါ့မလားဟုလည်း အထွန့်တက်နေသေး၏။ ကျွန်တော်က ညနေစောစော လာမယ်၊ အားလုံး ပုစွန်ထုပ်ဟင်းနဲ့ ညစာ အတူတူစားကြမယ်တု



www.burmeseclassic.com

www.burmeseclassic.com



မှာပြီး ထွက်လာခဲ့သည်။

တကယ်တော့ တနင်္ဂနွေက ကျွန်တော့် ပုံမှန်နားရက်ဖြစ်၏။ သို့သော် ကလေးတွေကို ကတိပေးထားတာ ရှိနေ၍ မနေ့က အလုပ်ရှင်ထံမှ ကြိုတ တစ်သောင်း ထုတ်ခဲ့သည်။ အလွယ်တကူ ထုတ်ပေးခဲ့သော်လည်း တိကျမှန်ကန် မြန်ဆန်ဆိုသော ဆိုင်းဘုတ်အောက်မှ အမြဲလို ငိုက်နေတတ်သည့် အလုပ်ရှင်က အိုဟာတိုင် ဆင်းခိုင်းခဲ့သည်။

သို့နှင့် တနင်္ဂနွေမှာလည်း အလုပ်တိုက်တွင် ဘဝတူများနှင့် တပျော် တပါး အလုပ်ဆင်းခဲ့ရသည်။ လုပ်ရင်းကိုင်ရင်း ကောင်းထက်ဇော် ပုစွန်ထုပ်နှင့် သားသမီးများ အကြောင်း ပြောပြဖြစ်၏။ အသွေးအရောင်တူသော မိတ်ဆွေများ ထံမှ သံတူကြောင်းကွဲ ဇာတ်လမ်းများ ကြားရသည်။ ဟင်းစားကြီးကြသော ကလေးများကို ညှာရင်း ချဉ်ရည်ဟင်းဆမ်းကာ ငပိရည်အတို့အမြှုပ်နှင့် ထမင်း ပြီးခဲ့ရသော မိဘများ ရှိနေကြ၏။ လင့်ထမင်းချိုင့် သားသမီး ထမင်းချိုင့်များထဲ ဟင်းကို လုပအောင် ထည့်ပေးရင်း ဆီနှင့်ဆားကိုသာ ဟင်းကောင်းလုပ် နယ်ဖတ် စားကြရသော အိမ်ထောင်ရှင်မများကလည်း မရေတွက်နိုင်။

ဗီဒီယို လူကြမ်းတစ်ယောက်နှင့် အိမ်နီးချင်း ဖြစ်သော မိတ်ဆွေကလည်း ရင်နှင့်စရာ မိဘမေတ္တာ ဇာတ်ကွက်ကို ဖောက်သည်ချပြ၏။ ထိုလူကြမ်း ရိုက်ကွင်းတွင် ကျွေးသော ရှူတင် ထမင်းကို အရံဟင်းများနှင့် အဝစားပြီး အမိက အသားဟင်းကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ယူလာကာ သားသမီးများကို ကျွေးကြောင်း ပြန်ပြောပြသည်။

ထိုအခါ တစ်ယောက်က အထွန့်တက်ပြန်၏။ စားနိုင်မှ လုပ်နိုင်မှာ တဲ့ စကားရှိကြောင်း ငယ်ရွယ်သော ကလေးများကို ညှာ၍ ဟင်းဝေပြီး အာဟာ ရ ချို့တဲ့မှုဖြစ်ကာ မိဘက စောစောစီးစီး သေသွားလျှင် လူမမယ် ကလေးများ ပိုပြီး ဒုက္ခမရောက်ပေဘူးလားတဲ့။ အများအမှန်ကို ကိုယ့်အယူအဆနှင့်ကိုင် ငြင်းခုံကြသော်လည်း အဖြေက မထွက်။ ကိုရီးယားကား တရုတ်ကားများထဲကလို မြန်မာတွေလည်း ဟင်းများများ စားနိုင်ကြပါစေဟု ဆုတောင်းရတော့မလို ဖြစ်ရ သည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့အတွက်တော့ ကျွန်တော် ပျော်နေပါသည်။

ဒီနေ့ညစာကို ပုစွန်ထုပ်ဟင်းနှင့် မိသားစု စုံညီ ထမင်းလက်ဆုံ စားရ ရမည် မဟုတ်လား။ မျှော်လင့်ချက်များ တောက်ပလင်းလက်စွာဖြင့် ကျွန်တော်





အိမ်ပြန်ခဲ့၏။

အစိုး ဖွင့်ပေးသော တံခါးမှ ဝင်လာပြီးကတည်းက ကျွန်တော့် နှာခေါင်း ကို တရှုံ့ရှုံ့လုပ်ရင်း အနံ့ခံကြည့်သည်။ ထူးထူးခြားခြား ဘာအနံ့ကိုမှ မရ။ အစိုးက ကြမ်းတိုက်လက်စ သူ့အလုပ်သူ ဆက်လုပ်နေ၏။ ကျွန်တော့်စိတ်ထဲ ဘုမသိ ဖြစ်လာသည်။

"အစိုး အကြီးနှစ်ယောက်ရော"

"ဗီဒီယိုအခွေ သွားအပ်ကြတယ်"

"ဟာ သေချာမှာထားရက်နဲ့ကွာ၊ ဒါဆိုလည်း ထမင်းပြင်တော့ အစိုး သူတို့ ပြန်လာတာနဲ့ စားကြရအောင် ဒါနဲ့ ပုစွန်ထုပ်အနံ့လည်း မရပါလား"

"ဟုတ်တယ် မောင် ဆန်ကုန်နေလို့ ဝယ်လိုက်တာနဲ့"

"ဘာ မင်းပြောတော့ ဆန်က လကုန်ထိ လောက်တယ်ဆို၊ ပုစွန်ထုပ် ဝယ်ချက်ပါလို့ သေချာမှာထားခဲ့တဲ့ဟာကို လုပ်လိုက်ရင် တလွဲချည်းပဲ"

ကျွန်တော် တော်တော်ဒေါသထွက်သွားသဖြင့် လေသံက မာထန်သွား ၏။ အမှတ်သညာကြီးပြီး စကားတတ်လွန်းသော နို့ညှာသမီး၏ အပြောအဆိုနှင့် အရာများကို ကျွန်တော် ခံစားနိုင်မည် မဟုတ်။ ကတိမတည်သော ဖခင် တစ်ယောက်ဟု သားသမီးများက ထင်မြင်သွားမှာကို ကျွန်တော် မလိုလားပါ။ ထို့အတွက် ရှက်ဒေါသက ဇနီးအပေါ် ပုံကျသွားသည်။

"ပြောစမ်းပါဦး ဆန်က အပြည့်ဆို"

"ကိုယ့်မိသားစုအတွက်ပဲ ဆိုရင်တော့ ကွက်တိပဲလေ မောင်ရဲ့၊ ဒါပေမဲ့ ကြားထဲ ဧည့်သည်လာတာ များသွားတယ် မဟုတ်လား"

"ဟာ မင်းက အိမ်ရှင်မလေကွာ၊ လင်ရတာပဲ နှစ်နှစ်ဆယ် ပြည့်တော့ မယ် စနစ်ဖယားနဲ့ ထိန်းသိမ်းရမှာ မင်းအလုပ် မဟုတ်ဘူးလား"

"ဪ မောင့်အမျိုး ဧည့်သည်တွေက မစားမသောက်ဘဲ ပြန်တဲ့လူ ဘယ်သူကော ရှိလို့လာ။ မောင့်ဘကြီးဆို နှစ်ရက်သုံးရက်တောင် နေသွားသေးတဲ့ ဟာ"

"တော် စမ်း အစိုး ငါ အဲဒါတွေ မသိချင်ဘူး။ ငါ လိုချင်တာ ငါ့သား သမီးတွေ ကောင်းကောင်းစားရဖို့ပဲ၊ ဘယ့်နှယ်ကွာ ငါ တစ်ပတ် တစ်ခေါက် စားရတဲ့ငွေ နည်းသလား၊ ထမင်းဝိုင်းကြည့်လိုက်ရင် အာလူးကြော်ချည်းနဲ့ ပဲ



www.burmeseclassic.com

www.burmeseclassic.com

ဘုလားဘင်းနဲ့ ပြီးသွားတာချည်းပဲ''

''ဒါကတော့ ကလေးတွေ ဖျားတာနာတာရှိတယ်၊ အလတ်မက ရှု ကောင်ထွားလာပြီ၊ အဝတ်အစားတွေ မတော်တော့လို့ ဝယ်ပေးရသေးတယ် အရုပ်ထဲက သာရေးနာရေး ရှိတယ်၊ မင်္ဂလာလက်ဖွဲ့အတွက် ကုန်တာရှိတယ် အဲဒါတွေ မောင် ထည့်တွက်သလား''

''ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ တောက် မင်း မဟုတ်တရုတ် ဇာ တွေဘာတွေ ထိုးထိုးနေတာလား''

''ပေါက်ကရတွေ လာပြောမနေနဲ့ ဘာထီမှ မထိုးဘူး''

''ဒါဆို ငါ့ပိုက်ဆံတွေနဲ့ ဘယ်လင်ငယ်ကို သွားပို့နေလဲ''

''မောင် စကားပြောတာ မမိုက်ရိုင်းနဲ့နော်''

ပုစွန်ထုပ်နှင့် အစပြုခဲ့သော ရန်ပွဲက အရှိန်တက်လာသည်။ အခွေအင် ပြီး ပြန်ရောက်လာသော အကြီးနှစ်ယောက်လည်း နေစရာမရှိကြ။ မိဘများ၏ ရန်ပွဲကို မျက်စိပျက်မျက်နှာပျက်နှင့် ငေးနေကြရှာသည်။ အစိုးက ကျွန်တော်၏ မဟုတ်တမ်းတရား စွပ်စွဲမှုကို မခံမရပ်နိုင်စွာ ထရပ်ပြီး ထဘီပြင်ဝတ်သည်။

''အခုချက်ချင်း ဈေးသွားပြီး ပုစွန်ထုပ် သွားဝယ်''

''ပိုက်ဆံသိပ်မကျန်တော့ဘူးလို့ ရှင့်ကို ပြောပြီးပြီလေ''

''ပိုက်ဆံမရှိရင် မင်းနားကပ်ချွတ်ပြီး ပေါင်လိုက်''

''မပေါင်ဘူး ဒါ အမေဆင်ထားတာ ရှင့်လုပ်စာ မဟုတ်ဘူး''

''ဟာ ဒီကောင်မ တော့''

''ဖြန်း''

ဒေါသသည် ဆင်ခြင်တုံတရားကို လျော့ပါးစေ၏။ စကားများရာမှ ဒေါသအင်အား ပိုမိုကြီးထွားလာပြီး ရိုက်နှက်သည့်အဆင့်ထိ အရှိန်မြင့်တက်သွား ခဲ့သည်။

''ဖေဖေ ဖေဖေ မေမေ့ကို မရိုက်ပါနဲ့''

အတော် သိတတ်နေပြီဖြစ်သော သားကြီးနှင့်သမီးလတ်က ကျွန်တော့် အား ဖက်တွယ်ကာ တားနေကြသည်။ ကလေးများ၏ မျက်ရည်စကိုမြင်သော ကျွန်တော် စိတ်ပျော့သွား၏။ မောမောနှင့် ညှော်ခန်းက ဆက်တီတွင် ဝင်ထိုင် လိုက်သည်။ အစိုးက အိပ်ခန်းထဲ ဝင်သွား၏။ စကားနည်းရန်စဲ ဖြစ်အောင်



ရှောင်နေတာပဲ ဖြစ်မည်။ နည်းနည်းသွေးအေးသွားတော့မှ နောင်တ ရလာ သည်။ ကျွန်တော် ဇနီးသည်ကို တစ်ခါမှ မရိုက်ခဲ့ဘူးချေ။ အခု ပုစွန်ထုပ်ကိစ္စ နှင့်ကျမှ ကိုယ်ထိလက်ရောက် ဖြစ်သွား၍ စိတ်မကောင်း ဖြစ်နေမိသည်။

ထိုစဉ်မှာပင် အစိုးက လက်ဆွဲအိတ်တစ်လုံးနှင့် အခန်းထဲမှ ထွက်လာ သည်။ အိမ်က ဆင်းမည့်သဘော။ စိတ်မကောင်းဖြစ်နေသော ကျွန်တော့် ခံစားမှုတွေ အေးခဲသွား၏။ ဒေါသက ပြန်လည် ဆူပွက်လာသည်။

''ဟော့ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပြီး ဆင်းသွားရင် ငါ ဘယ်တော့ မှ လိုက်မခေါ်ဘူးနော် အဲဒါ မြဲမြဲမှတ်''

အစိုးက ရဲပတောင်းခတ်နေသည့် မျက်ဝန်းမှ စီးကျလာသော မျက်ရည် များကို လက်ခုံနှင့်သုတ်ရင်း တက်တစ်ချက် ခေါက်၏။ တစ်ချိန်လုံး အူကြောင် ကြောင် ဖြစ်နေကြသည့် အငယ်နှစ်ကောင်က သူ့အမေ ထဘီစကို အတင်းဆွဲ ထားကြသည်။ အကြီးနှစ်ယောက်ကလည်း သူ့အမေကို ထွက်မသွားရန် တောင်း ပန်နေကြ၏။ အငယ်နှစ်ကောင်ကို ခေါ်သွားရန် ဟန်ပြင်နေသော အစိုးကို ကျွန်တော် ရာဇသံပေးလိုက်သည်။

''ဟော့ ဘာဝင်ငွေမှ မရှိဘဲ ငါ့ကလေးတွေ ခေါ်သွားဖို့ မကြိုးစားနဲ့''

ကျွန်တော့်ကို အတော်ကလေး စိတ်နာသွားဟန်ရှိသော အစိုးက ဒေါသမျက်စောင်းနှင့် တစ်ချက်လှည့်ကြည့်ပြီး ကလေး နှစ်ယောက်လက်ကို ဆွဲဖြုတ်၍ တိုက်ပေါ်မှ ပြေးဆင်းသွားသည်။ ကျွန်တော်က အစိုးကြားအောင် တိုက်ခန်းတံခါးကို ဒိုင်းခနဲ နေအောင် ဆောင့်ပိတ်လိုက်သည်။ စိတ်မော လူမော နှင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့ ခြောက်နှစ်သမီး ခြူးခြူးက ကျွန်တော့် ပေါင်ကို ပါးအပ်ရင်း တအီအီ ငိုရှာသည်။ သုံးနှစ်သား ဂူးဂူးက ပိတ်ထားသော အိမ်တံခါးကို ခြေစုံကန်၍ ထိန်းမရအောင် ငိုသည်။ အလတ်မက မောင်ငယ်ကို ချော့ရင်း သူပါ ရောငိုနေသည်။ အကြီးကောင်က မငိုသော်လည်း မျက်ရည်ဝဲနေ၏။

ကျွန်တော် အစိုး ဘယ်ကိုသွားမလဲဆိုတာ အတတ်သိပါသည်။ ဒီည အဖို့ သူ့အစ်ကိုအိမ်မှာ တစ်ညအိပ်ပြီး မနက်ဖြန် မနက်စောစော ကားနှင့် အေရှုပင် ပြန်မည်။ မအူပင်မှ ကျွန်တော့် ယောက္ခမအိမ်က လွဲ၍ သူ့မှာ ပြေးစရာ မြေမရှိ။



www.burmeseclassic.com

www.burmeseclassic.com

ပုံစံမျိုးစုံနှင့် ငိုနေကြသော သားသမီးများကိုကြည့်ရင်း ကျွန်တော် စိတ်မကောင်းဖြစ်မိတာတော့ အမှန်။ သို့သော် ကျွန်တော် ရှာဖွေပေးသမျှက ခလောက်မင မဟုတ်။ ဒါတောင် ငွေပိုငွေလျှံလေး နည်းနည်းပါးပါးရအောင် မစုဆောင်းနိုင်သည့် အစိုးအပေါ် စိတ်ခုသည်။ ရင်ထဲ တနုံ့နုံ့နေအောင် ခံစားရသည်။

အငယ်ဆုံးလေး ငိုရတာ မောပြီး အစ်မလက်ပေါ်မှာ အိပ်ပျော်သွားခဲ့သည်။ အစိုး ချက်ထားခဲ့သော ငါးစင်ရိုင်းဟင်းနှင့်ပင် ကျွန်တော်တို့မိသားစု ထမင်းစားလိုက်ကြသည်။ အိမ်ထောင်သက် ဆယ့်ရှစ်နှစ်ကျော်ကျော် ကာလအတွင်း အစိုး မပါသော ပထမဆုံး ထမင်းဝိုင်းလည်း ဖြစ်၏။

"ပုစွန်ထုပ်ကြီး စားမယ်လို့ မပြောတော့ပါဘူး ဖေဖေရယ်၊ သမီး ပုစွန်ထုပ် စားမယ်ပြောလို့ မေမေ အိမ်က ထွက်သွားရတာ ဟီး ဟီး"

နို့သွာသမီးလေး စကားကြောင့် ကျွန်တော် မခံစားနိုင်အောင် ဖြစ်သွားခဲ့သည်။ အားလုံး ငိုချင်ရက်လက်တို့ ဖြစ်သွားကြ၏။ စိတ်မသက်မသာနှင့် ထမင်းဝိုင်းက ဆိတ်ငြိမ်စွာ လက်စသတ်သွားသည်။

ထမင်းစားပြီး ကျောင်းစာလုပ်သူလုပ် တီဗီကြည့်သူကြည့်နှင့် ကျွန်တော်တို့အိမ်လေးတွင် စကားသံများ တိတ်ဆိတ်နေသည်။ ဆယ်နာရီကျော်တော့ ကလေးများအားလုံး အိပ်ရာဝင်သွားကြသည်။ ကျွန်တော်လည်း အိပ်ခန်းထဲဝင်လာခဲ့၏။ အငယ်ဆုံးသား ဂူးဂူးတစ်ယောက်သာ ရှိနေတော့သော ကျွန်တော့်အိပ်ရာကိုကြည့်ပြီး ရင်ထဲ ဟာတာတာဖြစ်ရသည်။

သားငယ် ဘေးတွင် ဝင်လှဲလိုက်ရင်း အတွေးတွေ ဂယောက်ဂယက်နှင့် ကျွန်တော် ဆောက်တည်ရာမရ ဖြစ်နေမိ၏။ ခဏအကြာမှာပင် သူ့အမေ ရင်ခွင်ထဲ အမြဲလို ခေါင်းခွေ့အိပ်တတ်သော ဂူးဂူး ဂျိကျကာ ထငိုပြန်သည်။ နို့ပြတ်နေပြီ ဖြစ်သော်လည်း ဒီကောင့်အကျင့်က သူ့အမေ ရင်ဘတ်ထဲ လက်ထည့်၍ အိပ်နေကျ။ ဂူးဂူးလက်ကို ကျွန်တော့်ရင်ဘတ်ထဲ ဆွဲထည့်အိပ်ခိုင်းတော့ ကုပ်ခြစ်တွန်းထိုးရင်း ချော့မရအောင် ငိုပြန်သည်။ အထိအတွေ့ခြင်းက ကွာနေသည် မဟုတ်လား။ ဒီကိစ္စက အစားထိုး၍မရ။ အိုဗာတင်းဖျော်တိုက်ပြီး ဟိုချော့သည်ချော့နှင့် ဆယ့်နှစ်နာရီကျော်မှ ဂူးဂူး မောမောနှင့် အိပ်ပျော်သွားသည်။ ကျွန်တော် အကြီးအကျယ် ထိတ်လန့်သွားခဲ့၏။





"ဘုရား ဘုရား ဒီလိုသာ နေ့ဆက်ရက်ဆက်ဆိုရင်တော့ ဒုက္ခပါပဲ"

အငယ်ကောင် အိပ်သွားတော့ တစ်ဖက်ခန်းမှ ကလေးသုံးယောက်အခြေအနေ ပြေးကြည့်ရပြန်၏။ နို့သွာမ ချူးချူးကတော့ မျက်ရည်စီးကြောင်းလေးဝင် ခြောက်ကပ်၍ ခြေပစ်လက်ပစ် အိပ်ပျော်နေပြီ။ ဒိုးဒိုးနှင့် ဖြိုးဖြိုးကတော့ ကျွန်တော့်ခြေသံကြားမှ အိပ်ချင်ယောင်ဆောင်နေပုံရ၏။ ပိတ်ထားသော မျက်ခွံလေးများက တဆတ်ဆတ် တုန်နေသည်။ မျက်ခမ်းထောင့်တွေမှာ အသစ်တစ်ဖန် ပြန်လည်ခိုတွယ်နေသည့် မျက်ရည်ဥများက ကြွေကျလုမတတ်။

"ကြော် သူတို့လေးတွေ မအိပ်နိုင်ရှာကြသေးဘဲကိုး"

အစိုး ထွက်သွားတာ နှစ်ဆယ့်လေးနာရီ မပြည့်သေး ကျွန်တော့်ရှေ့ရေးကို တွေး၍ ရင်လေးသွား၏။ ထင်ထားသည်ထက် ပိုမိုနက်ရှိုင်းသည့် အိမ်ထောင်ရေး အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ကျွန်တော် လက်တွေ့သိရှိလာခဲ့ရသည်။ အငယ်ကောင့်ဘေးမှာ ဝင်ခွေလိုက်ရသော်လည်း ကျွန်တော် အိပ်မပျော်ခဲ့ပါ။

ကောင်းထက်ဇော်နှင့် ပုစွန်ထုပ်ကို ကျွန်တော် အကြီးအကျယ် စိတ်နာသွားခဲ့၏။

(၄)

အိမ်ထောင်ဦးစီးနှင့် အိမ်ရှင်မ တာဝန်ကို ပူးတွဲယူလိုက်ရသော ကျွန်တော်၏ ပထမဆုံးနေ့သစ်သည် ဖုတ်ပူမီးတိုက်နှင့် ဒရောသောပါးနိုင်လွန်းနေသည်။ အစိုး မရှိတာကို မမေ့အောင် ညကတည်းက နှိုးစက်ပေးထား၍ မနက်ငါးနာရီတွင် ကျွန်တော် ရှုးကြောင်မူးကြောင်နှင့် နိုးလာ၏။ အိပ်ရေးပျက်ထားသော စပ်ဖျင်းဖျင်း မျက်လုံးများနှင့် မီးဖိုချောင်သို့ ဝင်ခဲ့ရသည်။ ညက ထမင်းမစားနိုင်ကြသဖြင့် ထမင်းကြမ်းတွေ အများကြီး ဖြစ်နေသည့်အတွက် ထမင်းကြော်ကြော်လိုက်သည်။ ထမင်းကြော်ကျက်တော့ ကြက်ဥလေးလုံး မွှေကြော်သည်။

ဒိုးဒိုးနှင့်ဖြိုးဖြိုးတို့ နိုးလာပြီး ရေမိုးချိုးကာ ကျောပိုးအိတ်တို့ ပြင်ဆင်နေကြ၏။ ကျွန်တော် ထမင်းကြော်များ ခူးခပ်ပြင်ဆင်ပေးခဲ့ပြီး အငယ်နှစ်ယောက်ကို နှိုး၍ ကိုယ်လက်သုတ်သင် ပေးရသည်။ အငယ်နှစ်ယောက်တို့ ထမင်းဝိုင်းရောက်လာတော့ တို့ကနန်း ဆိတ်ကနန်းသာ စားနေကြတာကို သတိပြုမိ



www.burmeseclassic.com

www.burmeseclassic.com

သူတို့ အမေ ကြော်သော ထမင်းကြော်နှင့်ကြက်ဥကျတော့ အလုအယက် ထပ်တောင်းကြ အချင်းချင်း လုကြနှင့် အားပေးခဲ့ကြတာ ကျွန်တော် မှတ်မိသည်။

ကျွန်တော် ကြော်သည့် ထမင်းကျတော့ အပင်းဆို့နေရသလို အမူအရာမျိုးနှင့် တာဝန်ကျေ စားနေကြ၏။

"ဖေဖေ သမီး ထမင်းမကုန်ကော့ဘူး"

"ထားခဲ့ ထားခဲ့ အဝတ်အစားလဲကြ ကျောင်းကားလာတော့မယ်"

ကျွန်တော် ပေါင်းအိုးနှင့် ထမင်းတည်ဖို့ ကြိုးစားရင်း အလုပ်ရှုပ်နေရာသို့ သားကြီး ရောက်လာပြီး ပြဿနာတစ်ခုကို တင်ပြပြန်သည်။

"မနေ့က အင်္ကျီက ချွေးစော်နံနေပြီ ဖေဖေ၊ လျှော်ပြီးသားတွေကလည်း မီးပူမတိုက်ရသေးဘူး"

"အေးပါ သားရယ် ဖေဖေ တိုက်ထားလိုက်မယ်၊ ဒီနေ့တော့ အဟောင်းပဲ ပြန်ဝတ်သွားလိုက်"

၁၅ နှစ်သား လူပျိုပေါက် ဒိုးဒိုး ရှုံ့မဲ့မဲ့နှင့် ကျောင်းသွားရမှာကို မကျေမချမ်း ဖြစ်သွားပုံရ၏။ သို့သော် ဖအေကိုတော့ ဘာမှမပြော။ စုစုအောင်အောင့်နှင့် ထွက်သွားသည်။ ထမင်းအိုးတည်ထားစဉ် အငယ်ကောင် အီအီးပါပြီ ဟု ပြောလာ၍ နောက်ဖေးအိုးယူပြီး တည်ထားခဲ့ရ၏။ ခုထိ ကျွန်တော် ဗိုက် မဖြည့်ရသေး။ လူက အမောဖောက်ချင်နေပြီ။ သားငယ်ကိစ္စပြီးတော့ နောက်ဖေး အိုးသွန်ဖို့နှင့် ဂူးဂူးကို ဖင်ဆေးပေးဖို့ ရေချိုးခန်းထဲ ဝင်ခဲ့ရသည်။

ဒိုးဒိုးနှင့်ဖြိုးဖြိုး ယူနီဖောင်းအပြည့်အစုံနှင့် လာနှုတ်ဆက်သည်။ ကျွန်တော် အငယ်ကောင်ကို သန့်စင်ပေးနေရင်းမှ စကားပြန်ပြောရသည်။

"ဖေဖေ သမီးတို့ သွားတော့မယ်၊ နေ့လယ်ထမင်းဘူး ဘယ်သူ လုပ်မလဲ"

"စိတ်အေး လက်အေးသွား ဖေဖေ လာပို့ပေးမယ်"

"ဟုတ်"

ရေချိုးခန်းထဲမှ ထွက်လာပြီး မီးဖိုခန်းပြန်ဝင်သည်။ ရေခဲသေတ္တာထဲမှာ ဘဲဥလေးလုံးတွေ့၍ ဘဲဥချဉ်ရည်ဟင်းချက်ရန် စဉ်းစားမိသည်။ မီးဖိုချောင်ထဲ ထမင်းစားဖို့ကလွှဲပြီး အရောက်အပေါက် သိပ်မရှိသော ကျွန်တော် ဟင်းချက်ဖို့ ကြိုးစားရင်း ရှုးချင်လာသည်။






သည့်ပုံစံအတိုင်းဆိုလျှင်တော့ မဖြစ်။ ချူးချူးကို နေ့ခင်းကျောင်းဆိုး ရမည့်ကိစ္စ၊ အကြီးနှစ်ယောက်အတွက် ထမင်းချိုင့်ကိစ္စအပြင် အငယ်တောင် ဖိုတွန်လေးကို တစ်ယောက်ထဲ ထားခဲ့လို့က မဖြစ်နိုင်သလို ကျွန်တော်ကလည်း အလုပ်သွားရဦးမည်။ ကျွန်တော် ချက်ချင်း လက်ငင်းဆိုသလို သေချင်စိတ် ပေါက်သွား၏။ ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် ကျွန်တော့်အစ်မ၏ သမီးလေးကို တိုက်အောက်ရှိဖုန်းမှ အကျိုးအကြောင်းပြောကာ လှမ်းခေါ်ရသည်။ တူမလေး မိနိုင် ရောက်မလာမချင်း ကျွန်တော် အပြင်ထွက်လို့ရမှာ မဟုတ်သည့်အတူတူ ကျောင်းယူနီဖောင်းများ ရှာဖွေကာ မီးပူတိုက် ရပြန်သည်။ မီးပူတိုက်ရတာ အဆင်ပြေသော်လည်း အဝတ်အစားတွေကို ခေါက်တော့ အချိုးမကျ ပုံပျက်ပန်း ပျက် ဖြစ်နေ၏။ ဘယ်လိုမှ ကြိုးစားမရတော့သည့်အဆုံး ဖြစ်သလို ခေါက်ပြီး ရုပ်ထားလိုက်သည်။

အလုပ်သို့ ဖုန်းဆက်ပြီး နည်းနည်းနောက်ကျမည်ဆိုသည့် အကြောင်း ထုမ်းပြီး သံတော်ဦးတင်ရသေးသည်။ မိနိုင် ရောက်လာတော့ ဆယ့်တစ်နာရီ ထိုးတော့မည်။ အကြီးနှစ်ယောက်အတွက် ထမင်းပို့ဖို့ ချိုင့်များ ပြင်ဆင်သည်။ ဟင်းကိုတော့ ကြုံရာဝယ်ထည့်သွားမည် စိတ်ကူး၏။

မိနိုင်ကို ဟင်းချက်ထားရန်မှာပြီး အပြင်ထွက်ဖို့ ပြင်တော့ ချူးချူးက ရေသန့်ဘူးကုန်နေပြီဟု သတင်းပေးသည်။ ဟူး အိမ်အလုပ်ဆိုတာလည်း တကယ် မလွယ်ပါလားဟု ကျွန်တော် သဘောပေါက်သွား၏။ တိုက်လှေကားမှ ဆင်းလာ ရင်း ရေသန့်ယဉ်ကျေးမှုပေါ်ပေါက်လာမှ ဘုံဘိုင်က ရေကို ဘယ်သူမှ မသောက် ကြတော့တာ ဘာဖြစ်လို့များပါလိမ့်ဟု တွေးမိသည်။ မြေညီထပ်နေသူများအဖို့ အကြောင်းမဟုတ်သော်လည်း ကျွန်တော်တို့လို ငါးလွှာနှင့်အထက် နေသူများ အတွက် ရေသန့်ဘူးကြီးတစ်ဘူး တိုက်ခန်းထဲ ရောက်လာဖို့ဆိုတာက ဒုလ္လဘ ဆို ဖြစ်နေသည်။ ဒီပြဿနာတွေကို အစိုး ဘယ်လိုဖြေရှင်းခဲ့သည်မသိ။ ကျွန်တော့် အဖို့တော့ ခေါင်းစားစရာကိစ္စများ ဖြစ်နေခဲ့သည်။

ပို့တာမပို့တာ သူတို့အလုပ် မှာထားဖို့က ကိုယ့်အလုပ်ဟု ခံယူကာ ရေသန့်အေးဂျင့်တွင် တိုက်နံပါတ်၊ အခန်းနံပါတ် ဝင်ပြောခဲ့ရသေးသည်။ ထို့နောက် ထမင်းဆိုင်ဝင်ကာ ဟင်းနှစ်ပွဲဝယ်၍ ကျောင်းသို့ အချိန်မီပြေးပို့ရ၏။ ဦးအောင် မိမ်ကိုအပြေးပြန်ကာ ချူးချူးကို ရပ်ကွက်ထဲက ကျောင်းသို့ ပို့ပေးရပြန်သည်။




www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲရောက်တော့ ဆယ့်နှစ်နာရီခွဲနေပြီ။ ကျွန်တော် အမောဆို့နေပြီ။ ရောက် ရောက်ချင်း ဆိုသလို ထမင်းချိုင့် ဖွင့်စားနေသော ကျွန်တော့်အား လုပ်ဖော် ကိုင်ဖက်များက ဝိုင်းပြီး မေးကြ၏။ ကျွန်တော် အကြောင်းစုံကို မချွင်းမချန် ပြောပြလိုက်သည်။

"ဟား မင်းတို့ရဲ့ ပုစွန်ထုပ်နဲ့စတဲ့ ဇာတ်လမ်းက ပွဲကြမ်းလှချီလား" ဟု သုံးသပ်ကြ၏။ ကျွန်တော်လည်း အိမ်ပြန်ဖို့ပင် ကြောက်နေခဲ့ပြီ။ အခြေအနေအရ အလုပ်များကို အိမ်ယူသွားပြီး လုပ်မှဖြစ်တော့မည်မို့ အလုပ်ရှင်အား ပြောပြခွင့် တောင်းရသည်။ တစ်ရက်လျှင် မျက်နှာဖုံးဒီဇိုင်းနှစ်ခု အပြီးအပ်ရန် သဘောတူညီ ချက်ဖြင့် အိမ်မှာပဲ အလုပ်ဆင်းခွင့်ရခဲ့၍သာ တော်တော့သည်။

(၃)

ကျွန်တော် ကွန်ပျူတာရှေ့ထိုင်ရင်း မျက်နှာဖုံး ပုံကြမ်းများကို ကာလာ သွင်းနေ၏။ မနက်ပိုင်း ကျောင်းပို့ ထမင်းပို့ ဗာဟီရ ကိစ္စများပြီး၍ အလုပ်ထိုင်နေ ရှိသေး ဂူးဂူးက ဂျီတွန်ပြန်သည်။ ကျွန်တော့် ပုဆိုးစကို ဆွဲကာ သူ့အမေကို ပြန်ခေါ်ပေးဖို့ ပူဆာလာသည်။

"ဖေဖေ မေကြီးကို ပြန်ခေါ်ပေး"

ကျွန်တော် တော်တော် စိတ်ရှုပ်သွားသည်။ ဂူးဂူးကို ဘယ်လိုနှစ်သိမ့် ချော့မော့ရမှန်း မသိ။ ဘာမှမသိနားမလည်သေးသော ကလေးကို ဆူပူကြိမ်းမောင်း ရိုက်နှက်ဖို့ မလိုအပ်မှန်း ကျွန်တော် သိသည်။ သို့နှင့် ကစားစရာမျိုးစုံ ချပေးပြီး အာရုံပြောင်းထားလိုက်သည်။ ကလေး ငြိမ်ကာစမှာပင် မိနိုင် အသံထွက်လာ၏။

"လေးလေးရေ ဒီမှာ သမီး အဝတ်လျှော်နေလို့ ဟင်းအိုးကြည့်လိုက်ပါ ဦး။ တူးနံ့ထွက်နေပြီ"

ကျွန်တော် ယောက်ျားတန်မဲ့ ဟစ်၍ ဟစ်၍သာ ငိုလိုက်ချင်စိတ် ပေါက်သွားခဲ့သည်။ အိမ်မှုကိစ္စတွေက ပြီးပဲ မပြီးနိုင်တော့ ကျွန်တော်ဟင်းအိုးကို ရေထည့် ၍ မွှေပေးပြီး အငွေ့တထောင်းထောင်း ထွက်နေတာကို ငူငူကြီး ထိုင်ကြည့်နေ မိ၏။ အိမ်အလုပ်များကြောင့် မိမိအလုပ် ထိခိုက်လာလျှင် ကျွန်တော် မတွေးရဲတော့။ ဟင်းအိုးပွက်ပွက်ဆူနေပြီမို့ ဂတ်(စ်)မီးဖိုကို ပိတ်လိုက်ပြီး ကွန်ပျူတာ





ရှေ့ ပြန်ရောက်သွား၏။ မောက်(စ်)ကို တစ်ချက် နှိပ်လိုက်သာ ထိရ တို့ရသေးခင်မှာပင် ဖုန်းလာ၍ထင်သည်။ တိုက်အောက်မှ ဖုန်းပိုင်ရှင်က ခေါ်းလောင်းကြိုးဆွဲ ကာ သတိပေးသည်။ ကျွန်တော် တိုက်အောက်ကို အမောတကော ပြေးဆင်းရ ပြန်၏။

အလုပ်ရှင် လှမ်းကြိမ်းတာများလား တွေးပူကာ မဝံ့မရဲနှင့် ဖုန်းကိုင်လိုက် ပြန်သည်။ အလုပ်ရှင်ထံမှ မဟုတ်သော်လည်း ကြားရသော သတင်းစကား ကြောင့် ခေါင်းမီးတောက်သွားသည်။ ချူးချူး ကျောင်းမှာချော်လဲပြီး ခေါင်းပေါက် သွားသည်တဲ့။ အဝတ်အစားလဲပြီး ကျောင်းသို့ ကမန်းကတန်း ပြေးရသည်။ ကလေးကို အရေးပေါ် ပြုစုပေးထားသော်လည်း ဒေါက်တာက နက်သဖြင့် အတန်း ခွင့်ပြုချက်နှင့် ပြန်ခေါ်လာပြီး ဆေးခန်းပြသည်။ ဆရာဝန်က ဒဏ်ရာကို ချုပ်ပြီး သောက်ဆေးများ ပေးလိုက်သည်။ ချူးချူးကို အိမ်ပြန်ခေါ်လာခဲ့ သော်လည်း ကျွန်တော် အလုပ်လုပ်ဖို့ အာရုံစူးစိုက်၍ မရတော့။ ဒီအတိုင်းသာဆို လျှင် အကွပ်မဲ့ကြမ်းလို ပရမ်းပတာ ဖြစ်ပြီး ဘဝရပ်တည်ရေးကိုပါ အနှောင့်အယှက် ဖြစ်လာတော့မည်။ ကျွန်တော် အစိုးကို တမ်းတမ်းတတ သတိရမိ၏။ နောင်တ များလည်း တစ်နင့်တစ်ပိုး ရနေခဲ့ပြီ ဖြစ်သည်။

ခုပဲကြည့် မိနိုင်လည်း ချာလပတ်ရမ်း၊ ကျွန်တော်လည်း ယားရှပင် ပုတ်အား။ ဒီကြားထဲ စားရေးသောက်ရေးကလည်း အဆင်မပြေ၊ မိနိုင် မတတ် တတ်နှင့် ချက်ထားသော ထမင်းဟင်းများကို ကလေးများ ခံတွင်းမလိုက်ကြ။ အစားကြီးသော ဒိုးဒိုးပင် တစ်ပန်းကန်အပြင် ပိုမထည့်တော့။ ကြည့်စမ်း အစိုး ထွက်သွားတာမှ သုံးရက်သာ ရှိသေးသော်လည်း အိမ်မှာ အဆင်မပြေမှုများက နှင့်ဒေးဆိုသလို ဖြစ်နေခဲ့ပြီ။

"ကဲပါကွာ မနက်ဖြန်ကျရင် သားနဲ့သမီးတို့ အားလုံး ထမင်းကောင်း ဟင်းကောင်း စားစေရမယ် ဟုတ်ပြီလား"

ဒီတစ်ခါတော့ အပြောနှင့် ညီစေရန် အထူးဂရုစိုက်စီစဉ်ရ၏။ အစိုး နှင့်က ခင်မင်ရင်းစွဲရှိခဲ့သော ခြောက်လွှာမှ မသဖင်ကို အကူအညီတောင်းကာ ကလေးတွေ ကြိုက်သော ဝက်သားတုတ်ထိုးဟင်း ချက်ခိုင်းရသည်။ မသဖင်က ဟင်းချက်ကောင်းသလို မြှောက်ပြောလျှင်လည်း ပြောမှန်းမသိဘဲ အလွန်သဘော ကောင်းကာ အောက်ခြေသိမ်းကအစ အကုန်လုပ်ပေးသွားခဲ့သည်။ ကျောင်းသိမ်းချိန်

www.burmeseclassic.com



ဆလေးမှာ ကလေးတွေ ကောင်းကောင်းစားရတော့မည်မှန်းသိပြီး ဝမ်းသာနေကြသည်။

ထိုအခိုက်မှာပင် ဘဲ(လ်)မြည်သံကြောင့် တံခါးဖွင့်ပေးလိုက်တော့ ကျွန်တော့်အစ်ကို မိသားစုကို အထိတ်တလန့် တွေ့လိုက်ရသည်။ အချိန်က ကိုးနာရီထိုးမထိုးသေးသဖြင့် သူတို့တွေ ထမင်းစားပြီးမှ ပြန်ကြတော့မည်ဆိုတာ သေချာသည်။ ကွက်တိ အလည်ရောက်လာသည့် အစ်ကိုတို့ မိသားစုကို စိတ်ထဲမှ ကျိန်ဆဲနေမိသည်။

ကျွန်တော့် သားသမီးအတွက် မသဇင် ချက်ပေးသည့် ဝက်သားတုတ်ထိုးနှင့်တော့ သူတို့ကို မကျွေးနိုင်ပါ။ ကျွန်တော့် ကလေးတွေ ထမင်းစားမျှော်နေတာ ငါးရက်ရှိပြီ မဟုတ်လား။ အစ်ကို မိသားစုငါးယောက်ကို နေရာထိုင်ခင်းပေးပြီး အိမ်နောက်ဖေးဝင်ကာ မိနိုင်နှင့် တိုးတိုးကြိတ်ကြိတ် ဆွေးနွေးရသည်။ မိနိုင် အကြံပေးသလိုပင် ငါးမြစ်ချင်း ငါးဆယ်သားနှင့် ပဲနီလေး ဟင်းချိုချက်ရန် ဈေးသို့ ပြေးနိုင်းရ၏။ မိနိုင် ဈေးသို့သွားစဉ် ထမင်းတစ်အိုး ထပ်တည်ထားလိုက်သည်။

ဧည့်သည်လာတော့လည်း ဧည့်ထောက်ခံစကား ပြောနေရသည်။ အစ်ကိုနှင့်သူ့ဇနီးက မိစိုးကို မေးကြသဖြင့် အကျိုးအကြောင်း အစုံအလင်ကို ရှင်းပြရသေးသည်။ အစ်ကိုတို့က ကျွန်တော့်ကို ဝိုင်းသနားကြသလို သူတို့လည်း ကောင်းထက်ဇော်၏ သွားမယ် စားမယ် အစီအစဉ်ကို သပိတ်မှောက်ကြောင်း မိသားတစ်စုလုံး နှစ်ထောင်ဖိုးလောက်နှင့် လောက်ငအောင် မျှတစားနေရသည့် အချိန်မှာ သောင်းကျော်တန် အစားအစာမျိုးစုံကို တစ်ယောက်တည်း သုံးလေးပွဲ စားပြနေပုံကို ကြည့်ပြီး အကုသိုလ်ဖြစ်ကြောင်း ထောက်ခံပြောဆိုကြသည်။ ထိုအစီအစဉ်ကို သူတို့လည်း မနှစ်သက်ကြောင်း ကန့်ကွက်ပြောဆိုပြီး အစိုးရကို လိုက်ခေါ်ရန်လည်း တိုက်တွန်းကြ၏။ ကျွန်တော်လည်း ထိုကိစ္စကို စဉ်းစားမိတာ နှစ်ရက်လောက် ရှိနေပြီ။ ဘယ်တော့မှ လိုက်မခေါ်ဘူးဟူသော ကိုယ့်စကားနှင့် ကိုယ် ပိတ်မိနေသဖြင့် လိုက်ခေါ်ဖို့ကို ရှက်နေတာဖြစ်သည်။

ဆယ်နာရီကျော်တော့ စကားဝိုင်းကို ခဏနားပြီး မီးဖိုချောင်ကို ချက်တင်ဝင်ရပြန်သည်။ ထိုအခါမှ သည်းထိတ်ရင်ဖို ဆန်းသောပြကွက် အစပြုလာခဲ့သည်။ ချူးချူးနှင့် ဖြိုးဖြိုးက ဝက်သားတုတ်ထိုးဟင်းအိုးကို မျက်စောင်းထိုးပြီး ဗိုက်ဆာနေပြီဟု ပြောလာကြ၏။ ကျွန်တော် အကျပ်ရိုက်သွားသည်။

"ဒုက္ခပါပဲ ဧည့်သည်တွေကို အရင်ကျွေးလိုက်ဦးမယ်လေ၊ ခဏလေး စောင့်ကြပါဦး သမီးတို့ရယ် နော်"

ကလေးတွေကို နှစ်သိမ့်ပြီး မိနိုင်၏ လက်ရာကျက်ခါစ ငါးမြစ်ချင်းဆီကျန်ရေကျန်နှင့် ပဲနီလေးဟင်းတို့ကို အစ်ကိုတို့မိသားစုအတွက် ချပြီး ထမင်းကျွေးရသည်။ ဧည့်သည်များ၏ ထမင်းဝိုင်းကို မျက်နှာငယ်လေးနှင့် ငေးနေကြသော သားသမီးတွေကို မြင်တော့ ဝမ်းနည်းကြေကွဲလွန်းသဖြင့် စိတ်နောက်ချင်သလိုပင် ဖြစ်လာသည်။ စားသောက်ပြီးသည်နှင့် ဧည့်သည်တွေ ပြန်ကြပါစေဟု သာ ကြိတ်ပြီး ဆုတောင်းနေမိ၏။

ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လေ့ဖြစ်ထ မရှိသော လောက သဘာဝကြောင့်လား ဘာသာရေး ယုံကြည်မှု အားနည်းနေတာကြောင့်လား မပြောတတ် ကျွန်တော် ဆုတောင်းက မပြည့်ခဲ့။ စားသောက်ပြီးသွားသော ဧည့်သည်များက ဆေးလိပ်ဖွာသူဖွာ၊ ထမင်းလုံး စီရင်း အညောင်းဆန့်သူက ဆန့်၊ တွေ့သမျှ အခွေထည့်ပြီး ဗီဒီယိုကြည့်သူက ကြည့်နှင့် စိတ်ထက်သလို အနားယူနေကြ၏။

ကျွန်တော်လည်း ဧည့်သည်တွေကို ထားခဲ့ပြီး နောက်ဖေးသို့ ခဏ ရှောင်ခဲ့သည်။ သည်မှာပဲ အကြီးကောင် နိုးနိုး ဦးဆောင်ကာ ဆန္ဒပြမှုကို ကြုံတွေ့ရသည်။

"ဖေဖေ သားတို့ ဗိုက်ဆာတာ အူကိုလိပ်နေပြီ"

ကျွန်တော် မတားရက်တော့ပါ။ သို့နှင့်

"ကဲ ကဲ ဒါဆိုလည်း အငယ်တွေပါ ခေါ်ပြီး မီးဖိုထဲမှာပဲ တိတ်တိတ်လေး စားကြ သွား သွား"

နိုးနိုးနှင့်ဖြိုးဖြိုး မီးဖိုချောင်သို့ ဝမ်းသာအားရနှင့် ပြေးဝင်သွားကြပြီး ထမင်း လေးပန်းကန် ခူးကာ ဝက်သားတုတ်ထိုးဟင်းနှင့် အကျအန နယ်ဖတ်ပြီး အငမ်းမရ စားကြသည်။ သူတို့လေးတွေ အားပါးတရ စားကြတာကို ကြည့်ပြီး ကျွန်တော် ခံစားရသော ကြည်နူးမှုက ချာကျင်မပြည့်ခဲ့။ သိတတ်နေပြီဖြစ်သော နိုးနိုးက

"ဟဲ့ ဖြိုးဖြိုး နင့်ဝက်သားတုံးကြီးက ထမင်းပုံအောက်က ခေါင်းပြူ ထော်ကြာ တစ်ယောက်ယောက် ဝင်လာမှဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ကိုကြီးရယ် စားရတာလည်း မြိုမကျတော့ပါဘူး မေမေရှိရင် သိပ်ကောင်းမှာနော်"

ကိုယ့်ထမင်းကိုယ် နိုးကြောင်နိုးဝှက် စားနေကြရသော သားတို့သမီးတို့ စကားကြောင့် ကြည်နူးမှုလက်ကျန်လေးပင် အားပျော့ပျက်ပျယ်သွားတော့ ကြေကွဲမှုက အုံနှင့်ကျင်းနှင့် နေရာယူလာသည်။

အပတ်မလည်သော နေ့ရက်များ ရှည်ကြာလာသည်နှင့်အမျှ ကလေးတွေကိစ္စက တစ်ဖက် လာသမျှ ညှော်သည် ညှော်ခံရတာကတစ်မျိုး၊ ရပ်ရေးရွာရေး အလှူခံများ ညှော်ထောက်ခံရသည်က တစ်ဖုံနှင့် ထိုရက်များအတွင်း ကျွန်တော် အလုပ်မလုပ်နိုင်တော့။ ထိုအထဲ အလုပ်ရှင်ကလည်း တဂျီဂျီနှင့် လူလွှတ်ခေါ်ပြန်သည်။ ရောက်လာသူကို အခက်အခဲများ ရှင်းပြကာ နောက်အပတ်ထဲတွင် နှစ်ဆတိုး ကြိုးစားပေးပါမည်ဟူသော ကတိကိုသာ လှူကြဲပါးလိုက်ရ၏။ အလုပ်ရှင်က ကျွန်တော့်လက်ရာ ဒီဇိုင်းများကို စွဲစွဲလန်းလန်း နှစ်သက်နေ၍သာ ကျွန်တော် အလုပ်မပြုတ်ခဲ့ခြင်းဖြစ်သည်။

ဒီကြားထဲ ဂျီကောင် ဂူးဂူးက သူ့အမေကို လွမ်းလို့လားမသိ ကောက်ကာငင်ကာ ဖျားပြန်သည်။ ချူးချူး ခေါင်းမှ ဒဏ်ရာ ချုပ်ရိုးဖြည်ရင်း တစ်လက်တည်း ဆေးခန်းခေါ်သွားရသည်။ များပြားလှသည့် တာဝန်နှင့်အပူများကြောင့် မိတ်၏ ရပ်တည်မှုနှင့် လင်မယားတို့၏ တာဝန်ခွဲဝေ စောင့်ရှောက်ပေးမှုများအပေါ် ကျွန်တော် နားလည်သည်ထက် နားလည်လာရသည်။

ဂူးဂူး ဖျားတာကို ပြုစု ဂျီကျတာကို နှစ်သိမ့်၊ ချူးချူး ညှော်မမိအောင် ဂရုစိုက်နေရတော့ အကြီးနှစ်ယောက် ကျောင်းတက်ဖို့ အလျဉ်မီအောင် လုပ်မပေးနိုင်တော့သဖြင့် ခွင့်စာကို ကျောင်းကားနှင့်သာ လက်ဆင့်ကမ်းလိုက်ရ၏။ ဂူးဂူးလေး ဆေးရှိန်နှင့်မှိန်းပြီး အိပ်ပျော်သွားတော့မှ အချိန်လုပြီး ကျွန်တော် အလုပ်ထိုင်ရသည်။ အလုပ်ကို စိတ်ဖြောင့်ဖြောင့်နှင့် အာရုံစိုက်၍ မရသဖြင့် လက်ရာက စိတ်တိုင်းမကျ ဖြစ်နေသည်။ လက်ရှိအနေအထားကို ကြံကြံဖန် ရင်ဆိုင်ဖို့ ခွန်အားများ ကျွန်တော့်တွင် မရှိတော့ကြောင်း နားလည်သဘောပေါက်သွားသည်။ မာနတွေ အရှက်တွေ သိက္ခာတွေ ဘေးချိတ်ပြီး ချစ်ဖနီး အိုးကို လိုက်ခေါ်ရလျှင် ကောင်းမလားဟု တွေးတော့မိသည်။

"အား အမလေး လုပ်ကြပါဦး မကြီးမိနိုင်ရေ"





နောက်ဖေးဘက်ဆီမှ သမီးကြီး ဖြိုးဖြိုး၏ အလန့်တကြား အော်ဟစ်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ကျွန်တော် ပူပန်စိတ်များနှင့် အမောတကော ပြေးဝင်သွားခဲ့သည်။ ရေချိုးခန်းထဲမှ သမီးနှင့်မိနိုင်အသံကို ဂူးဂူးဝါးဝါး ကြားနေရသော်လည်း တံခါးပိတ်ထားတော့ ဘာဖြစ်နေမှန်း မသိဘဲ ပိုပြီး စိတ်ပူသွားသည်။

"ဟဲ့ သမီးနဲ့မိနိုင် ဘာတွေဖြစ်နေကြတာလဲ တံခါးဖွင့်စမ်း"

အထဲက အသံများ တိုးညင်းသွားသော်လည်း တံခါးက ပွင့်မလာသဖြင့် ကျွန်တော် တံခါးကို တဝုန်းဝုန်း ထု၏။ ထိုအခါမှ မိနိုင်၏ အသံစာစာကို ကြားရသည်။

"ဘာမှမဖြစ်ဘူး လေးလေး၊ ရေဘုံဘိုင်ထဲက တီကောင် ထွက်လာလို့ ဖြိုးဖြိုး လန့်အော်တာ၊ သမီးတို့ ရေချိုးနေတာ ပြီးရင် ထွက်လာခဲ့မယ်"

"ဪ တီကောင်တွေ့တာများဟယ် အလန့်တကြား အော်ရသလား ဒီမှာဖြင့် လန့်လို့ သေတော့မယ်၊ ငါ့လည်း သနားကြပါဦးဟ"

ကျွန်တော် စိတ်ပေါက်ပေါက်နှင့်ပြောဆိုပြီး အလုပ်ပြန်ထိုင် လုပ်နေလိုက်သည်။ ထိုအခါမှ စိတ်ကူးထဲက အရောင်တွေနှင့် တခြားစီဖြစ်နေသော ပုံတွေကို သတိပြုမိပြီး အရောင်များ ပြန်ပြင်ရသည်။ နည်းနည်းတော့ စိတ်တိုင်းကျသွား၏။ အလုပ်တစ်ခုပြီးသွား၍ ခဏနားရန် ကွန်ပျူတာ ပိတ်လိုက်သောအခါ **desktop background** တွင် ဖနီးသည် အစိုး၏ပုံ ပေါ်လာ၏။ ကျွန်တော် ရုတ်တရက် ကြောင်ပြီး ငေးကြည့်နေမိသည်။ ကျွန်တော် တင်ထားသည့်ပုံက နေပြည်တော် ရေပန်းဥယျာဉ်၏ အလှမြင်ကွင်းသာ ဖြစ်သည်။ ဒါ အကြီးကောင် ဒိုးဒိုး၏ လက်ချက်ပင် ဖြစ်ရမည်။ ကျွန်တော် ရုတ်တရက် လှည့်ကြည့်လိုက်တော့ အိပ်ခန်းဝမှ ဒိုးဒိုး၏ မျက်နှာတစ်ခြမ်း ဖြတ်ခနဲ ပျောက်ကွယ်သွားတာ တွေ့ရသည်။

ဪ သားကြီးက သူ့အမေပုံတင်ပြီး အသံတိတ်ဆန္ဒပြကာ တောင်းဆိုနေပြီဖြစ်ကြောင်း ကျွန်တော် ရိပ်မိလိုက်၏။ ကွန်ပျူတာထဲမှ အစိုးက ကျွန်တော့်ကို ရှင်းရှင်းသန့်သန့် ပြုံးပြနေသည်။ တကယ်တမ်း ဝန်ခံရလျှင် ကျွန်တော် အစိုးကို နင့်နင့်ပိုးပိုး လွမ်းနေမိပြီ။ ဆယ့်ရှစ်နှစ် အတူနေလာသော သံယောဇဉ်နှင့် နှင်နှင်ဘာကာ မြတ်နိုးမိ၍ လက်ထပ်ပေါင်းဖော်ခဲ့သော ချစ်ဖနီး၏ ကောင်းကွက်များကို ပြန်မြင်ယောင်ကာ ပြောမပြတတ်အောင်ပင် လွမ်းဆွတ်တသ သတိရနေမိ၏။ ကျွန်တော် အစိုးပုံကို ငေးကာ ဘယ်လောက်ထိ ကြာအောင် လွှင့်မျောနေသည်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မငုံမရဲနှင့် အနားကပ်လာသော တူမလေး မိနိုင်ကိုမြင်မှ ကွန်ပျူတာကို ခိတ်လိုက်ရင်း အရှက်ပြေ ရယ်ပြလိုက်သည်။ မိနိုင်မှာ ပြောစရာတစ်ခုခု ရှိနေပုံ ရသည်။

"ဘာလဲ သမီး ဈေးသွားမလို့လား"

"အဲ ဟို မဟုတ်ဘူး လေးလေး။ အောက်ထပ်က စတိုးဆိုင်တင်ဒါ ပိုက်ဆံတစ်ထောင်လောက် ပေးပါဦး သမီး ဝယ်စရာရှိလို့"

"ဘာဝယ်မှာလဲ သမီး"

"ဟို ဟိုဒင်း အထုပ်"

"ဘာအထုပ်လဲ ရှင်းရှင်းပြောစမ်းပါ မိနိုင်ရာ"

"ဟိုလေ ဟို လေဒီဖြစ်ဖြစ် အီဗာ ဖြစ်ဖြစ်ပေါ့"

မိနိုင်အဖြေကြောင့် ကျွန်တော် မျက်နှာပူသွားသည်။ မိနိုင်က ဆယ်တန်း အောင်ပြီး တက္ကသိုလ်တက်ဖို့ စောင့်နေသူတစ်ယောက်။ သူ့မှာဒီလိုကိစ္စရှိနေတာ မဆန်း။ မတတ်သာလို့သာ ဦးလေးကို လာပြောနေတာဖြစ်၍ ကျွန်တော် ဘာ ရှာ သက်သွားသည်။ ကိုယ်ခေါ်ထားမှတော့ အစစအရာရာ ကိုယ့်တာဝန် ဖြစ်သည်။ ကျွန်တော်ပေးသော တစ်ထောင်တန်ကိုယူပြီးတာတောင် မိနိုင်ထ ထွက်မသွားသေး။ ကျွန်တော် နည်းနည်းစိတ်ရှုပ်သွားပြီး ဘုကြည့်ကြည့်ကာ

"ဝယ်စရာရှိတာ သွားဝယ်လေ၊ ညည်းကိစ္စ အတွက်ပြုဖို့"

"သမီးအတွက် မဟုတ်ဘူး လေးလေး၊ ညီမလေး ဖြိုးအတွက် သူ အပျိုဖြစ်နေပြီ"

ကြားလိုက်ရသော စကားကြောင့် ကျွန်တော့်တစ်ကိုယ်လုံး တောင့် တင်းပြီး ထူပူသွား၏။ သမီးအသက်ကို ပြန်တွက်ကြည့်မိသည်။ ဟုတ်မှ ဟုတ်ပါ့ မလား။

"မိနိုင် ဟုတ်ကော ဟုတ်ရဲ့လား။ ဖြိုးက ခုမှ ဆယ့်သုံးနှစ်လောက် ရှိသေးတာ"

"ဟုတ်တယ် လေးလေး စောစောက ရေချိုးခန်းထဲမှာဖြစ်တာ အမှတ် မထင်ဆိုတော့ သူ တော်တော် လန့်သွားတာ လေးလေးရဲ့"

တီကောင်တွေ့လို့ လန့်အော်တာ ဟူသော ဖြစ်ရပ်၏ သရုပ်မှန်ကို ခုမှ သိလိုက်ရသဖြင့် ကျွန်တော် အလန့်တကြား ဖြစ်သွားသည်။ အကျိုးအကြောင်း





သေးရအောင်လည်း ဖအေနှင့်သမီးမို့ ဘယ်ကဘယ်လို စပြောရမှန်းမသိ။ သမီးဘာ တော ဖအေကို မခွင်းမချန် ပြောရဲပါ့မလား။ ကျွန်တော် ဘာလုပ်ရမှန်းမသိတော့။

"အေး အေး သေချာတယ်ဆိုလည်း သမီးပဲ ညီမလေးကို ဂရုစိုက်ပေး လိုက်ပါကွာ၊ အတွေ့အကြုံသစ်ဆိုတော့ အားငယ်ပြီး ကြောက်စိတ်နဲ့ သွေးလန့် သွားရင် မကောင်းဘူး"

"ဟုတ်ကဲ့ပါ လေးလေးရဲ့"

မိနိုင် တိုက်တံခါးဖွင့်ပြီး အောက်သို့ ပြေးဆင်းသွားသည်။ ကျွန်တော့် ရင်ခုန်မှုက ရပ်မသွား။ ဆယ့်သုံးလေးနှစ်လောက်မှာ ဒီကိစ္စ ပေါ်တတ်တာသိ သော်လည်း ကျွန်တော့်သမီးကို ကလေးဟုသာ ထင်နေမိခဲ့သည်။ ခုတော့ ဖွား သမီးကို ကျွန်တော် အရမ်းသနားသွား၏။ ဒီလိုအချိန်မှာ သူ့အမေ ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး မိခင်ရင်ငွေ့ကို ခံယူကာ မိခင်၏ အားပေးနှစ်သိမ့်မှုဖြင့် နွေးထွေးနေ စေချင်သည်။

အရွယ်အလျောက် ပြောင်းလဲပွင့်သစ်လာသည့်ပန်းကို မိခင်က သန့်စင် မှုထောင်နည်းများ ပေးသင့်သည်။ သမီးများအတွက် အမေသည် မရှိလို့မဖြစ် ကြောင်း ထိုဖြစ်စဉ်က သင်ခန်းစာပေးသဖြင့် ကျွန်တော် မျက်ရည်ဝဲလာခဲ့သည်။ သမီးလေး လက်ရှိအခြေအနေကို ရင်ဆိုင်ရဲအောင် ကျွန်တော် ဘယ်လိုအားပေး ရမလဲ။ မဖြစ်တော့ သမီးအတွက် သို့မဟုတ် သားသမီးများ အားလုံးအတွက် သို့မဟုတ် ကျွန်တော်တို့ မိသားစု၏ဘဝများအတွက် ဥမကွဲသိုက်မပျက် လမ်းစဉ် သည်သာ အကောင်းဆုံးဖြစ်ကြောင်း ချွင်းချက်မရှိ ကျွန်တော် လက်ခံလိုက်မိသည်။

ညဦးပိုင်းတွင် မိသားစု ဝိုင်းဖွဲ့ထိုင်ရင်း ဂိုက်ကျနေသော အဖျားသက်သာခါစ ဖွားလေးအား တစ်ယောက် တစ်လှည့်ဆိုသလို ချော့မြူနေကြရသည်။ ကြာတော့ အားလုံး စိတ်မရှည်နိုင်ကြတော့ချေ။

"အဲဒါ ပြောတာပေါ့ ဖေဖေရဲ့၊ မေမေ ရှိတုန်းကဆို အားလုံး အဆင်ပြေ တယ်"

ဒိုးဒိုးက ပွင့်ပွင့်လင်းလင်း လမ်းဖွင့်ပေးလိုက်သောအခါ ကျန်ကလေးများ ပါ ရှေ့ဆောင်နွားလား နောက်သို့ ဖြောင့်ဖြောင့်ပါအောင် လိုက်လာကြသည်။

"ဟုတ်တယ် တကယ်ဆို ဖေဖေက မေမေ့ကို လိုက်ခေါ်သင့်သား သမီးတို့ အရမ်းအားငယ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးက ရှက်သွေးကြောင့် ရဲနေသည့် မျက်နှာနွမ်းနွမ်းလေးနှင့် ထော ပြောလိုက်တော့ အငယ်မ ချူးချူးပါ ဝင်ပါလာသည်။

"ချူးချူးလည်း မေကြီး မရှိရင် မနေတတ်ဘူး"

ဥမယ် စာမပြောက်သေးသော ရင်သွေးတို့အတွက် အသိုက်အမြုံသည်လည်းကောင်း၊ မိခင်သည်လည်းကောင်း ရှိကိုရှိနေရမည်မှာ သဘာဝသော ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် သိလျက်နှင့် မသိချင်ယောင်ဆောင်ပြီး ကြိတ်မှိတ် တင်းခံနေခဲ့ရသည့် မှန်းကျပ်မှုအစိုင်အခဲကြီးကို ဖယ်ထုတ်ပစ်ချင်လှပြီ။ မိသား တစ်ခုလုံး၏ အလိုချင် အတောင့်တဆုံးသော အရာကို ဖြည့်ဆည်းပေးဖို့ ကျွန်တော် ဘာကြောင့်များ မစွမ်းဆောင်နိုင်ခဲ့ပါသနည်း။ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို လွမ်းဆွတ်တသမှုများ ဝန်းရံ၍ ကျွန်တော် ချမှတ်လိုက်ပါသည်။

"ကဲ သားတို့သမီးတို့ မနက်လင်းတာနဲ့ အစောဆုံး ထွက်မယ့် မီးရထား မီရာ ကားနဲ့ မေမေကြီးဆီ လိုက်သွားကြမယ်"

"ဟယ် ဖေဖေ တကယ်လား"

"ဝေး မေကြီးဆီ သွားမယ်တဲ့"

"ဝမ်းသာလိုက်တာ ဖေဖေရယ်"

"တားက မေမေ့ချိုကြီးကို လွမ်းနေတာ"

"ဟား ဟား ဟား ဟား ဟား"

(၆)

နေ့သစ်က အားမာန်အပြည့်နှင့် လင်းလက်နေ၏။ ကောင်းကင်ပြာကြီးက အကြင်နာတရားအပြည့်နှင့် ကမ္ဘာမြေကို အုပ်မိုးပေးထားသည်။ ထိုကောင်းကင်ပြာအောက်တွင် မိနိုင် အပါအဝင် ကျွန်တော်နှင့်ကလေးများ ခရီးထွက်လာခဲ့ကြသည်။ ကားနှင့်မအူပင်အထိ မအူပင်မှ စက်လှေနှင့် တစ်နာရီခရီး အဆုံးတွင် ကျွန်တော့် ယောက္ခမများ၏ ရွာကို ခပ်ပြုံးပြုံး လှမ်းမြင်ရသည်။

မွေးကတည်းက တိုက်ခန်းကျဉ်းမှာ ကြီးပြင်းခဲ့ရသော ကလေးများအဖို့ တော့ မြင်ကွင်းသစ်များနှင့် လောကကြီးသည် အဆန်းတကျယ် လှပနေသည်။ မွေးမြူသည့် ကောက်သစ်ရနံ့က လေပြည်ထဲတွင် ယီးလေးခိုကာ တလွင့်လွင့်





ပျံ့နေသည်။ ကန်သင်းရိုးတစ်လျှောက် အစီအရီပေါက်နေသည့် ထိကရုန်းပင်များကို ထိတို့ ဆော့ကစားရင်း ကလေးများ ခုန်ပေါက်ပျော်မြူးနေကြ၏။ ရွာလမ်းခုံလေးအတိုင်း အပြေးပြိုင်ကြသောအခါ တထောင်းထောင်း ထလာသော ဖုန်မှုန့်များ လေသယ်ရာနောက် လွင့်ပါသွားသည်ကိုက ကြည့်၍ကောင်းနေသည်။ တိုက်တာနှင့် ကားလမ်းကိုသာ မြင်ဖူးကြသော ကလေးများ အတွက်တော့ ဆိုဖွယ်ရာမရှိလောက်အောင်ပင် လွတ်လပ်မှုထဲ စီးမြောလိုက်ပါနေကြ၏။

ဆယ်နှစ်အတွင်း နှစ်ခေါက်သာ ရောက်ဖူး၍ ရွာလေးကို ကောင်းကောင်း ကြင် မမှတ်မိချင်တော့။ သို့သော် အိမ်နံပါတ်နှင့် လမ်းနာမည်မရှိ၊ ရွာထဲက အဖိုးမြတို့အိမ် ဘယ်အိမ်လဲဆိုတာနှင့်ပင် အစိုး ရှိရာသို့ တန်းတန်းမတ်မတ် ရောက်လာခဲ့သည်။

မေမေ၊ မေကြီး၊ အမေရေ ဆိုသော ကလေးများ၏ အသံပြိုင်က ချုတ်ငယ်များ လှုပ်ရမ်းသွားသည်အထိ ကျယ်လောင်လှသည်။

ခြေတံရှည်တဲအိမ်ရှေ့တွင် ထင်းပေါက်နေသော အစိုးကိုတွေ့တော့ ကလေးများက ဝမ်းသာအားရ ဟစ်အော်ကာ ပြေးဝင်ပြီး သူတို့အမေကို အားပါး တရ ဖက်ထားကြသည်။

"ဟယ် သားတို့ သမီးတို့"

ရင်ခွင်ပျောက် သားသမီးများနှင့် မိခင်၏ ဆုံဆည်းမှုသည် ဝမ်းသာ ကြည်နူးမှုများနှင့် နွေးထွေးသက်ဝင်နေ၏။ တွေ့လျှင်တွေ့ခြင်း မိနိုင်လက်မှ သားငယ်ကို အငမ်းမရ ဆွဲယူချီပိုးပြီး အမောတကော နမ်းရှုပ်နေသည့် အစိုး၏ပုံရိပ်သည် လွန်ခဲ့သော ဆယ့်ကိုးနှစ်တာ ကာလ သမီးရည်းစားဘဝကဲ့သို့ပင် ကျွန်တော့် မျက်စိထဲတွင် လန်းဆန်းလတ်ဆတ်နေသည်။

သားတွေ သမီးတွေ ဝိုင်းဝန်းဖက်နမ်းကြသဖြင့် ကြည်နူးဝမ်းသာစွာ မျက်ရည်ဝေ့နေရှာသော အစိုးထံပါးသို့ နောက်ဆုံး အခစားရောက်သူမှာ ကျွန်တော် သာဖြစ်သည်။

"မေကြီးကို အရမ်းလွမ်းလို့ ချူးတို့ လိုက်လာတာ မေမေ ပြန်လိုက်ခဲ့ မယ်နော်"

"ဟုတ်တယ် မေမေ မရှိလို့ မဖြစ်ဘူး"

"ဟုတ်ဖူး ချိုချို မရှိလို့ မဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



``ဟား ဟား ဟား ဟား''

ဝမ်းသာပျော်ရွှင်ဆူညံသံများကြောင့် ယောက္ခမစုံတွဲ ထွက်လာ[illegible] မြေးများကို ဖက်လှဲတကင်း ကြိုဆိုပြီး အငယ်လေးများနှင့် ခုမှ မိတ်ဆက်[illegible]သည်။ မိဘများနှင့်သားသမီးများကိုကြည့်ပြီး အစိုးက ကျွန်တော့်ကို သတိ[illegible] လှည့်ကြည့်၏။ ရုတ်တရက်တော့ ဘာမှမပြောဖြစ်။ ခဏကြာမှ

"မောင့်ကို စိုး တောင်းပန်ပါတယ် မောင်ရယ်၊ ဒီပွဲမှာ စိုး ရှုံးပါတယ်"

"မဟုတ်တာ စိုးရာ၊ မောင်က စိုးကို တောင်းပန်ဖို့ လာခဲ့တာ၊ တ[illegible] မှားခဲ့တာက မောင်ပါ၊ မိန်းမသားဆိုတာ ဝင်ငွေမရှာရလို့ မှီခိုနေရတာဆို[illegible] အိမ်ထောင်တစ်ခုအပေါ် တာဝန်ယူနိုင်မှုက ငွေရှာရတဲ့ မောင်တို့ယောကျ်ား[illegible] တွေထက် ပိုပြီး လေးနက်ကျယ်ပြန့်လွန်းပါတယ် စိုးရယ်''

ကျွန်တော် အစိုးနားကပ်ပြီး နွေးထွေးစွာ လက်လေးကို ဆုပ်ကိုင်[illegible] ၏။

"ကဲ မင်းတို့နှစ်ယောက်လည်း နောက်မှ အလွမ်းသယ်ကြ၊ ငါ့မြေး[illegible] ဆာလာကြမှာပေါ့၊ စားဖို့သောက်ဖို့ ဝိုင်းကူလုပ်လိုက်ကြရအောင်''

■ ■ ■

ရွာညကို မကြုံဘူးသော ကလေးတွေ မပြောနှင့် ကျွန်တော်သည်[illegible] လျှင် လက်ဖက်သုပ်တစ်ပွဲနှင့် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း လရောင်၏ [illegible] ဆောင်မှုနောက် ကောက်ကောက်ပါအောင် လိုက်ပါနစ်မြောနေမိ၏။

ကလေးများ၏ အဘိုးဖြစ်သူက ဘယ်က ဘယ်လိုရှာလာမှန်းမသိ[illegible] ငါးများကို မီးကင်ပြီး ကောက်ညှင်းပေါင်းနှင့် အိပ်ခါနီး အဆာပြေအဖြစ် ချ[illegible] နေသည်။ အဘွားလုပ်သူက မမြင်မစမ်းနှင့် သီကုံးထားသော ခရေကုံးများ[illegible] မိန်းကလေး သုံးယောက် တစ်ယောက်ကို တစ်ယောက် ပန်ပေးရင်း ပျော်[illegible] ကြသည်။

"ဘာပဲပြောပြော ကျုပ်တော့ တကယ့်ကိုဝမ်းသာတယ်၊ ဘယ့်[illegible] တော် သူတို့လင်မယား ကတောက်ကဆဖြစ်မှပဲ ကျုပ်မှာ ကျုပ်မြေး[illegible] တွေ့ခွင့်ရတော့တာလေ၊ ပြော မပြောချင်တော့ပါဘူး''

ယောက္ခမကြီး၏ ဗျစ်တောက်ဗျစ်တောက် စကားသံကို နားခံ[illegible]



ကျွန်တော်နှင့်အစိုး ကြည်ကြည်နူးနူး ပြုံးဖြစ်သွားသည်။

"ငါးကင်က ကောင်းလွန်းလို့ ဒိုးနတ်တောင် မြောင်းထဲ ရောက်သွား ပြီ''

အစားမက်သော ဒိုးဒိုး၏ ဥဒါန်းကျူးရင့်သံကြောင့် ကျွန်တော်တို့လင် မယား ဟက်ဟက်ပက်ပက် ရယ်လိုက်မိကြ၏။ ဆယ်ရက်ခန့်အတွင်း ကျွန်တော် အထမဆုံး ရယ်မိခြင်းလည်းဖြစ်သည်။ လရောင်၏ ညှို့ငင်ဖမ်းစားမှုအောက်တွင်ပင် ကျွန်တော့်ဒူးပေါ်သို့ အစိုးက မေးတင်ရင်း ပြုံးနေသည်။

"ကလေးတွေရော အဖေတို့ရော အရမ်းပျော်နေကြတယ်နော်''

"ဟုတ်တယ် စိုး၊ မောင်လည်း ဒီကနေ ပြန်တောင် မပြန်ချင်တော့ဘူး''

ဘယ်ဖြစ်မလဲ မောင်ရဲ့ ကလေးတွေ ပညာရေးက ရှိသေးတယ် မဟုတ် လားဟု ပြောဖို့ အစိုး ကိုယ်တိုင် မေ့လျော့နေပုံရပါသည်။ ခဏကြာတော့ အဘိုး ဖြစ်သူက ချူးချူးနှင့်ဂူးဂူးကို လက်ဆွဲခေါ်ထုတ်လာရင်း လရောင်ဖြာ ကျရှိသော အိမ်ရှေ့က မြေတလင်းတွင် သဲပုံအိမ် ဆောက်ပေးနေသည်။ ကလေးတွေကော အဘိုးဖြစ်သူကိုပါ အိပ်ကြရအောင်ဟု ခေါ်တာတောင် မရတော့။

ထိုညက ကောင်းကင်တွင် ထိန်ထိန်လင်းလျက်ရှိသည့် လမင်းကို ကျွန်တော်နှင့်အစိုး ပြိုင်တူမော့ကြည့်ရင်း ညတစ်ည၏ အနှစ်သာရကို ထုတ်ယူ အသုံးဖြစ်ခဲ့လေသည်။

ဈေး



www.burmeseclassic.com

www.burmeseclassic.com

# ပျား

အမွေ



www.burmeseclassic.com

www.burmeseclassic.com



နောင်တတွေကို အိပ်မက်တစ်ခုလို ပိုင်ဆိုင်ခွင့်ရပြီးတဲ့နောက် ကျွန်တော် နေရာထိုင်ခင်း အသစ်တစ်ခုကို ပြောင်းခဲ့ရပါတယ်။ အဲဒီနေရာ ထိုင်ခင်းအသစ်က လည်း ကျွန်တော့် တိုက်လိုပါပဲ၊ ခမ်းနားသလား မမေးနဲ့ ခမ်းနားသလို လူဝင် လူထွက်ကလည်း အရမ်းများတယ်၊ ကျွန်တော်တောင် ရောက်ခါစက သီးသန့် ခန်းမရလို့ သုံးယောက်တွဲခန်းမှာ နှစ်ရက်နေခဲ့ရသေးတာ။

ကျွန်တော် ရောက်နေတာ ဟိုတယ်တစ်ခုလို့များ ထင်သွားကြသလား။ ဟိုတယ် မဟုတ်ပေမယ့် ဟိုတယ်လောက်နီးနီး ကြီးကျယ်ခမ်းနားထည်ဝါနေတဲ့ ဗွဲ့လီက ဆေးရုံကြီး တစ်ရုံပေါ်မှာပါ။ ဆေးရုံကို ရောက်လာရတဲ့ အကြောင်းက တော့ ကျွန်တော့်ရဲ့ ပေပေတေတေ နေထိုင်တတ်တဲ့ အကျင့်ကြောင့် ဆိုပါတော့။ ကျွန်တော်က အနုပညာတွေကို တခုတ်တရ ဖန်တီးနေတဲ့ ပန်းချီဆရာကိုး။

အိမ်ထောင်မရှိသေးတဲ့သူပီပီ အသောက်အစားကလည်း အတော်ပက် ပက်ခဲ့တာ၊ ဒီတော့ အဆုတ်နဲ့အသည်းမှာ ဒဏ်ရာအနာတရဖြစ်ပြီး ခုလိုရောက် လာရတာ။ လက်ချိုးရေတွက်လို့ရတဲ့ လက်ဖျားငွေသီးတဲ့ ပန်းချီဆရာတွေထဲမှာ ကျွန်တော်လည်း ပါခဲ့တာပေါ့။ ဆရာကြီး ဦးလွန်းကြွယ်၊ ဆရာ မင်းဝေအောင် တို့နဲ့ မတိမ်းမယိမ်း ကပ်လိုက်ပြီး အရှေ့တောင် အာရှ ပန်းချီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခဲ့ကြတာ ကျွန်တော့် ဘဏ်စာရင်းထဲမှာ ဒေါ်လာတွေ ယူရှိတွေဆိုတာ ပလုပ်ပွဲလို့။

ဒီလို ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက် သုံးယောက်ရဲ့ အခန့်ညားနေရတော့ ကျွန်တော့် လက်ကတုံး တောင်ဝှေး တပည့်လေး စိန်ဝင်း မကျေနပ်ဘူး။ ရှယ်ခန်းသီးသန့် အထူးခန်းမရလို့ တက်တစ်ခေါက်ခေါက်နဲ့။ ဒါပေမဲ့ ကျွန်တော် ပျော်ပါတယ်။ အခန်းဖော် လူနာနှစ်ယောက်ရဲ့ ဘဝကို မြင်ခွင့် တွေ့ခွင့်ရတာကိုး။ တစ်ယောက်က အမှည့်လွန်ကြွေလုဆဲဆဲ ဘကြီးတစ်ယောက်။ နာမည်က ဦးဘခင်၊ ဦးဘခင် အသက် ဘယ်လောက်လဲဆိုတာ ဆရာဝန်ကြီး ရောင်း(န်)လှည့်တဲ့အခါမှ သိခဲ့ရတယ်။

အထူးကုဆရာဝန်ကြီးက စစ်ဆေးစမ်းသပ်ပြီးတော့ အလွှာပ သလွှာပ စကားပြောသေးတယ်။ ဒါကလည်း အထူးကု ဆေးရုံတွေကပြန်ပေးနေတဲ့ အခ ဝန်ဆောင်မှုလေးတစ်ခုပေါ့။ ကျွန်တော် ပျင်းပျင်းရှိတာနဲ့ ကိုယ့်ဆီမရောက်ခင် သူတို့ရဲ့ အလွှာပ အင်တာဗျူးကို နားစွင့်မိပါတယ်။

"အဘ မကြာခင် ထူထူထောင်ထောင် ပြန်ဖြစ်လာမှာပါ"

"ကောင်းပါလေ့ ဆရာဝန်ကြီးရယ်၊ အဘ အင်တာနက် ဂိမ်းမှာမဆော့ ရ သေးတာတွေ အများကြီး ကျန်နေသေးတာကလား"

"ဟား ဟား ဟား ဆော့ရဦးမှာ ဆော့ရဦးမှာ မပူပါနဲ့ ဟင်း တစ် အဘသာ ဆေးလိပ်နဲ့အရက်ကို စွဲစွဲမြဲမြဲ မသောက်ခဲ့ရင် အသက်ရှစ်ဆယ်လောက် ထိတော့ အသာလေး နေသွားရမှာ"

"ဟာ ဒါဆို သိပ်နောက်ကျသွားပြီ ဆရာ"

"ခင်ဗျာ ဘာဖြစ်လို့လဲ အဘ"

"ခုပဲ ကျုပ်အသက်က ၈၃ နှစ် ရှိသွားပြီလေ"

"ဗျာ"

ဆရာဝန်ကြီး ပါးစပ်ပိတ်သွားသလို နောက်တော်ပါးက နာပ်တွေလည်း တခွိခွိနဲ့ ဖြစ်ကုန်ကြရော။ ဒီတော့မှ ကျွန်တော်လည်း အဲဒီအဘရဲ့ အသက် တိတိကျကျ သိလိုက်ရတာ။ နည်းနည်း ရှက်သွားတဲ့ ဆရာဝန်ကြီး ကျွန်တော့် ဘက်လှည့်လာတယ်။ ထုံးစံအတိုင်း အပေါ်ယံစစ်ဆေးမှုတွေ လုပ်ကိုင်ပေးတယ်။ ကျွန်တော့်ကိုလည်း ဆရာဝန်ကြီးက အလွှာပ သလွှာပ ပြောပါတယ်။ ဆီးသွား





သွား သလိပ်အပြင် အသားစ စစ်ဆေးမှု အဖြေတွေရမှ ထိရောက်တဲ့ ကုသမှု ပေးနိုင်မှာဖြစ်ကြောင်းလည်း ရှင်းပြတယ်။

"အခု ဓာတ်မှန် ရိုက်ပြီအရ အသည်းမှာ နည်းနည်းထိထားတာ တွေ့ ရလို့ လိုအပ်တဲ့ ထရီမင့်(န်)တွေ ပေးထားပါတယ်၊ တစ်ခုတော့ ရှိတယ်၊ အရက်ကိုတော့ လုံးဝမှီဝဲလို့မရဘူး"

"အဟဲ ဟုတ်ကဲ့ပါ ဆရာ"

"အရင်က လစ်မစ် ဘယ်လောက်ရှိလဲ"

"တစ်လုံးလား တစ်လုံးခွဲလား မသိတော့ပါဘူး ဆရာ"

"ဟား များလှချီလား ဒီကဆင်းသွားရင် ပြန်မသောက်မှ ဖြစ်မှာနော် အသက်က သုံးဆယ်ဆိုတော့ လိမ်လိမ်မာမာ နေရင် နောက်ထပ် နှစ်ငါးဆယ် လောက်ခံတယ်"

"ဟုတ်ကဲ့"

ဆရာဝန်ကြီးနဲ့အဖွဲ့ ထွက်သွားတာ စောင့်ကြည့်ပြီး အဘ ဦးဘခင်က ကျွန်တော့်ကို စကားစတယ်။

"အလကားပြောတာ မောင်ရင်၊ အဲဒီ ဆရာဝန်ကြီးလည်း သောက်မှ သောက်ပဲ၊ အဘလည်း ဒုန်းပေကတ်သပ် သောက်ခဲ့တာ၊ ရှစ်ဆယ်ကျော်နေပြီ မှ ဆေးရုံကို တစ်ခါပဲ ရောက်သေးတယ်"

"အဟား ဟုတ်ရဲ့လား အဘ"

"ဟုတ်မှ ဟုတ်ကွာ သောက်ပြီးရင် မစားဘဲတော့ မနေနဲ့ပေါ့ ဒါဆို ပြီးကောပဲ"

"ဟုတ်ကဲ့ အဘ၊ ဒါနဲ့ အဘက ဘာရောဂါလဲ"

"ဘာရောဂါမှ မရှိပေါင်ကွာ၊ ချော်လဲပြီး အရိုးအက်သွားတာကို ဆေးကြီး ချဲ့ကျယ်လုပ်နေကြတာ၊ နှလုံးမကောင်းဘူး၊ သွေးကြောဘာဖြစ်တယ်နဲ့ စုံအောင် လျှောက်ပြောနေတာပါ"

"အင်း အာဂ အဘပါပဲလား"

နောက်တစ်ယောက်ကတော့ ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိမှာပါ။ သောလောဆယ် ခွဲခန်းက ပြန်ရောက်ခါစမို့ အောက်စီဂျင်တွေပေး သွေးသွင်း နဲ့ စကားမပြောနိုင်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီမှာ ကျွန်တော် တစ်ပတ် သောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ နေရမယ် ထင်တယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ချစ်သူ လရောင်ဖွေး ရောက်လာတယ်။ သူနဲ့ကျွန်တော်က နှစ်ဖက်မိဘခွင့်ပြုထားပြီးသား ချစ်သူတွေ။ ခုလို ချစ်သူ ရောက်လာတော့လည်း တစ်ယောက်တည်း သီးသန့်ခန်းမှာဆို သိပ်ကောင်းမှာပဲလို့ တွေးမိပြန်ရော။ အဟင်း လူ့စိတ်ဆိုတာ အဲသလိုပဲ ဂနာငြိမ်တာ မဟုတ်ဘူး။

ချစ်သူက ကျွန်တော့် ကျန်းမာရေးအတွက် စိတ်ပူရှာတယ်။ ဆရာဝန်တောင် မသိသေးတဲ့ ရောဂါအခြေအနေကို တတွတ်တွတ် မေးလို့ကို မဆုံးဘူး။ အမှန်အတိုင်း ပြောပြတာတောင် မယုံသင်္ကာနဲ့၊ ပြီးတော့ ဆေးရုံက သင်းရင်ဆိုတဲ့ ကာလကို မျှော်မှန်းပြီး အမြန်ဆုံး လက်ထပ်ဖို့ လက်ထပ်ပြီးရင် ကျင့်သုံးမယ့် စည်းကမ်းကလနားတွေပါ ပြဋ္ဌာန်းပြီး ကြည်နူးစရာကောင်းလိုက်ပုံများ။

ကျွန်တော့်ဘဝကလည်း ဆေးရုံရောက်မှ ချစ်သူနဲ့အေးအေးလူလူ တွေ့ခွင့်ရသလို ဖြစ်နေတယ်။ အရင်တုန်းကဆို အလုပ်ခန်းထဲက ထွက်ကို မထွက်တာ။ ထွက်ပြီဟေ့ဆိုလည်း ပန်းချီပြခန်းနဲ့ ပြပွဲတွေဆီပဲ ရောက်တာ၊ ပြီးရင် အပေါင်းအသင်းတွေ စုံတော့ ထုံးစံအတိုင်း သောက်ပွဲတွေ ကျင်းပနေရတာနဲ့တင် အချိန်ကုန်တယ်။ မိုက်ကယ်အိန်ဂျလိုကအစ ဗင်းဆင့်ဗင်ဂိုး အလယ် ပီကာဆိုအဆုံး အလုံးကြီးကြီးတွေသုံးပြီး တစ်ဖက်နဲ့တစ်ဖက် ပစ်ပေါက် တိုက်ခိုက်ရတာကို အတော် အာတွေ့ခဲ့ကြတာကလား။ ပြောရင်းဆိုရင်း သူငယ်ချင်း ရောင်းရင်းတွေနဲ့ အယ်ကိုဟော ကိုတောင် လွမ်းသေးတော့။

ဒီလိုနဲ့ နောက်ရက်မှာ သီးသန့်ခန်းတစ်ခန်း လွတ်သွားလို့ ကျွန်တော် ရွှေ့ခဲ့ရတယ်။ အရင်နေသွားတဲ့သူက အသေထွက်လား အရှင်ထွက်လား မသိပေမယ့် စိတ်သန့်သန့်နဲ့ပဲ ပြောင်းခဲ့တယ်။ အဖေနဲ့အမေရယ် ချစ်သူရယ် တညည်ကျော်စိန်ဝင်းရယ် သူတို့အားလုံးရဲ့ ဂရုတစိုက် ပြုစုမှုအောက်မှာ ကျွန်တော် ဇိမ်တွေ့နေခဲ့တယ်။ နောက်ဆုံး ညအိပ်စောင့်ဖို့ ကျန်တာက စိန်ဝင်း ပဲ။ ဆေးရုံ ရောက်တာတောင် ဆက်မိုက်ချင်သေးတဲ့ ကျွန်တော်က စိန်ဝင်းကို ကျီတိုက်ပြီး အရက်ဝယ်ခိုင်းတယ်၊ ညနက်ပိုင်းမှာ သူနာပြုမလေး ဆေးလာတိုက်ပြီးသွားတာနဲ့ ဝယ်ထားတဲ့ အရက်ကို ခိုးပြီးကစ်ကြရော။

ဘယ်ပြောကောင်းမလဲ အရက်တစ်ပိုင်းမကုန်ခင် အကြောတွေအဲ့ အမြှုပ်တစီစီနဲ့ တက်ပြီး ကျွန်တော် သတိလစ်သွားရော။ ပုဂ္ဂလိက ဆေးရုံတွေက





ချွတ်လပ်တယ်လေ။ သီးသန့်ခန်းဆိုတော့ ပိုပြီးကဲလို့ကောင်းတာပေါ့။ အဲသလို ဆဲခဲ့တဲ့ အကျိုးကျေးဇူးနဲ့ ကျွန်တော် နှစ်ရက်တိတိ သတိမေ့နေခဲ့သေးတာ။

အဲသလို မြောနေတဲ့ အချိန်မှာ ငရဲပြည်ကိုတောင် တစ်ညအိပ် နှစ်ရက် အလည်အပတ် ရောက်ခဲ့သေးတယ်။ မဟာအဝီစိ ငရဲမှာ စကြဝဠာတည်သရွေ့ ကျွန်နေရတဲ့ နိုင်ငံ့ခေါင်းဆောင် တချို့တောင် တွေ့ရလို့ အံ့သြမိသေးရဲ့၊ တခြား သူတွေ ဟုတ်ပါရိုးလား၊ ဟစ်တလာ၊ မုဆိုလိုနီ၊ ထရူးမင်း၊ လီနင်၊ မိုရှေဒါယန် နဲ့ မော်စီတုံးတို့ပေါ့။ တော်တော် အကုသိုလ်ကြီးတဲ့လူတွေပဲ၊ သူတို့က ကျွန်တော့် ကို အတင်းဆွဲခေါ်ထားကြသေးတာ။ ကျွန်တော်က ငရဲမင်းကို တစ်ပိုင်းပေးပါမယ် ဆိုပြီး ကတိပေးလို့သာ ပြန်ထွက်လာနိုင်ခဲ့တာ။ ကျွန်တော် လူ့ပြည်ပြန်ရောက်လို့ စိတ်နဲ့လူနဲ့လည်း ပြန်ကပ်သွားရော စိုးရိမ်တကြီး ဝိုင်းအုံကြည့်နေကြတဲ့ ဆွေမျိုး တွေကို အကုန်တွေ့လိုက်ရတာပဲ။

အဖေနဲ့အမေဆိုတာ မျက်ရည်ပိုးပိုးပေါက်ပေါက်ကို ကျလို့၊ ဘာလို့ ဒီလောက်တောင် စိုးရိမ်နေကြသလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့မရဘူး။ ဆရာဝန်နဲ့ နာ့(စ်)တွေဆိုတာလည်း ခဏ ခဏ လာကြရဲ့။ ကျွန်တော့် တစ်ကိုယ် လုံးလည်း ပိုက်တွေ ရှုပ်ယှက်ခတ်နေတာများ မြင်လို့တောင် မကောင်းဘူး။ ဆရာဝန်တွေလည်း ဝိုင်းအုံနေတဲ့ ဆွေမျိုးတွေကို တောင်းတောင်းပန်ပန်နဲ့ ဖယ်ခိုင်း ပြီး လိုအပ်သမျှကို စမ်းသပ်ကုသကြတယ်။ အားလုံးပြီးသွားတော့ အဖေ အမေနဲ့ လရောင်ဖွေးတို့က တစ်ချက်လွတ် အမိန့်ချတယ်။ စိန်ဝင်းနဲ့ လွတ်ထားလို့ ဖြစ်တော့ဘူးပေါ့။ သူတို့သုံးယောက် အလှည့်ကျ စောင့်ကြမယ် ဘာမယ် ဖြစ်ကုန်ရော။ အင်း ကျွန်တော်ကလည်း ကျွန်တော်ပဲကိုး လွတ်ကဲတဲ့ကောင်း

ဒီလိုနဲ့ ကြပ်ကြပ်မတ်မတ် သုံးရက်လောက် ကုသပြီးတဲ့အခါမှာတော့ ကျွန်တော့်ကိုယ်ပေါ်က ပိုက်တွေ ပြုတ်ကုန်တယ်။ ဒါဆို အခြေအနေ ကောင်းပြီ ပေါ့။ ကျွန်တော် ဝမ်းသာသွားတယ် မသေနိုင်တော့ဘူးဆိုပြီး ပျော်နေတာ သာမဲ့ အဖေတို့နဲ့ လရောင်ဖွေးရဲ့ မျက်နှာတွေက မကောင်းဘူး။ ဆရာဝန်လာ ပြီးရင်လည်း လိုက်သွားကြတာ တသီတတန်းကြီး၊ ကျွန်တော့်ကိုတော့ ဘာမှ မပြောကြဘူး။ ကျွန်တော်လည်း အမှတ်တမဲ့ပဲ၊ နေလို့ထိုင်လို့က အရမ်းကောင်း နေတာကိုး။

အဲ နောက်နှစ်ရက်လောက်ကြာတော့ ကျွန်တော် ဆေးရုံက ဆင်းခွင့်

www.burmeseclassic.com



ခဲ့တယ်။ ပျော်လိုက်တာဆိုတာများ မပြောနဲ့တော့။ ကျွန်တော်နဲ့အတူ တစ်ရက်တည်း ဆေးရုံတက်ခဲ့တဲ့လူတွေနဲ့ အဘ ဦးဘခင်တော့ ဘယ်လိုနေမယ် မသိဘူး ကျွန်တော်ကတော့ ရောဂါပျောက်လို့ ဆင်းခွင့်ရခဲ့ပြီ။

"ခင်ဗျား အိမ်မှာကောင်းကောင်း အနားယူလိုက်ရင် အားလုံး အဆင်ပြေသွားမှာပါ"

ဆရာဝန်ရဲ့ အာမခံ အားပေးစကားက ကျွန်တော့်အဖို့တော့ လူပြည်မှာ ဆက်လက် ကခွင့်လိုင်စင် ရလိုက်သလိုပါပဲ။ အဲဒါနဲ့ လရောင်ဖွေးရယ် စိန်ဝင်းရယ် ကျွန်တော်ရယ် အိမ်က ကားနဲ့ပဲ ဆေးရုံက ဆင်းခဲ့ကြတယ်။

အဲ အိမ်ရောက်မှ အံ့ဩရတာက မထင်မှတ်ဘဲ ဆွေတွေမျိုးတွေ အကုန်ရောက်နေကြတာလေ။ ဦးလေးနှစ်ယောက်ရဲ့ သူတို့ ဇနီးတွေ တူတွေ တစ်ယောက်မကျန်ကို ရောက်နေကြတာ၊ မျက်နှာပေးတွေကလည်း အားလုံး ဆင်တူ။ ခုတင်ပေါ် လှဲနေတဲ့ ကျွန်တော့်ကို ရုံသွင်းပြထားတဲ့ သနားစရာ သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေကြတာ။ ကြာတော့ ကျွန်တော် မနေတတ်တော့ဘူး။ နှင်ထုတ်ရမှာကလည်း အခက် အားလုံးက ကျွန်တော့်ကို အထိတကြည့်ကြည့်နဲ့။

ချောင်းလေး တစ်ချက် မဟန့်လိုက်နဲ့ ထွေးခံကိုင်ထားတဲ့ ဦးလေးတယ် အနားကို သုတ်ခနဲဆို ရောက်ချလာရော၊ အလေးအပေါ့သွားဖို့ဆိုလည်း တွဲခေါ်သွားမယ့်လူက မရှား။ ကျွန်တော့် လှုပ်ရှားမှု မှန်သမျှ မျက်ခြေမပြတ် အကဲခတ်နေကြတယ်။ ဒီထဲမှာ ကျွန်တော့်ခေါင်းကို ဆီလိမ်းပြီး ခေါင်းဖြီးပေးနေတဲ့ လရောင်ဖွေးက မျက်နှာအပျက်ဆုံး။

"မောင် နေရထိုင်ရ သက်သာရဲ့လားဟင်"

"သက်သာပါတယ် ဖွေးရယ်၊ နေပါဦး ဖွေးတို့ အမူအရာတွေက တစ်မျိုးပဲ၊ မောင့်ကို ဘာဖြစ်လို့ ဒီလောက်တောင် ဝိုင်းပြီး ဂရုစိုက်နေကြတာလဲ"

အဲသလို မေးလိုက်မှ ဖွေးက ကျွန်တော့်လက်တစ်ဖက်ကို ယုယုယယ ဆုပ်ကိုင်လိုက်ရင်း ဝေ့ဝဲနေတဲ့ မျက်ရည်တွေ လူမမြင်အောင် ထိန်းသိမ်းဖို့ ခေါင်းငုံ့ပစ်လိုက်တယ်။ အဖေက သုတ်ခနဲ ထပြီး ကျွန်တော့်ကို ကျောပေးလိုက်တယ်။ ကျွန်တော် မသင်္ကာတော့ဘူး။ အခန်းထဲမှာ ရှိတဲ့လူတွေရဲ့ မျက်နှာတွေကို တစ်ယောက်ချင်း အကဲခတ်ကြည့်တယ်။ ဘယ်သူမှ ကျွန်တော်နဲ့ မျက်လုံးချင်း ဆိုင်ကြဘူး။ အကြည့်လွှဲတဲ့သူကလွှဲ၊ ခေါင်းငုံ့တဲ့သူကငုံ့နဲ့ ဒီတော့မှ ကျွန်တော် ကိစ္စတစ်ခုကို သတိရသွားလို့

"နေပါဦး ဖွေးရဲ့ ဟိုတစ်နေ့က အသားစ စစ်တဲ့အဖြေက ဘာတဲ့လဲ၊ ဆရာဝန်က ဘာပြောသွားလို့လဲ"

ဖွေးက ဘာတစ်ခုမှ ပြောမထွက်တော့သလို ကျွန်တော့် ရင်ဘတ်ပေါ် ခေါင်းငုံ့ပြီး ရှိုက်ကြီးတငင် ငိုပါလေရော။

"ဟဲ့ သမီး ဖွေး အို သားရှေ့မှာ ဒုက္ခပါပဲ"

အမေက ကျွန်တော် မသိစေချင်တဲ့ အကြောင်းအရာတစ်ခုကို ဖုံးဖိထားစေချင်သလိုမျိုးနဲ့ ဖွေးကို ဟန့်တားတယ်။ အဘိုးက ပုတီးစိပ်ရင်း ခေါင်းတရမ်းရမ်းနဲ့။

"ပွင့်ပွင့်လင်းလင်း ပြောပါ မေမေ၊ မေမေတို့ သားကို တစ်ခုခု ထိမ်ချန်ထားကြသလိုပဲ၊ သား အားလုံးကို သိချင်တယ်၊ အဲလို သိထားမှလည်း ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားလို့ ရမှာ"

ငိုမဲ့မဲ့ မျက်နှာနဲ့ မေမေ ခေါင်းငုံ့သွားတယ်။ ကျွန်တော် သည်းမခံနိုင်တော့ဘူး။ အားလုံးကို ကျွန်တော် ပတ်ရမ်းပစ်လိုက်ချင်တယ်။ ဦးလေးတွေ အဒေါ်တွေနဲ့ တူတွေကို အော်ဟစ်ပြီး မေးပစ်လိုက်တယ်။

"ခင်ဗျားတို့ ဘာတွေသိထားလဲ၊ ကျွန်တော့်ကို အမှန်အတိုင်း ပြောကြစမ်းပါ"

ကျွန်တော့်မေးခွန်းကို အားလုံးက မျက်နှာလွှဲပြီး ရှောင်ကြတယ်။ အဖေ တစ်ယောက်ပဲ အနားကပ်လာပြီး

"သား ဘာစားချင်လဲဟင်"

ကြည့် မဆီမဆိုင် မေးလာတဲ့ အဖေ့ရဲ့မေးခွန်းက မျှော်လင့်ချက်မဲ့နေတဲ့ လူတစ်ယောက်ကို မေးတဲ့ အမေးမျိုးမှန်း သိသာနေတယ်။ အဖေ့ မေးခွန်းကို ပြန်ဖြေဖို့ မလိုအပ်ဘူးဆိုတာ အားလုံးလည်း သိမှာပါ။ ကျွန်တော် လတ်တလော လုပ်ချင်နေတာက ဖွေးနဲ့နှစ်ယောက်တည်း ပြောချင်နေတယ်။ ဖွေးကိုလည်း မေးစရာ ရှိနေတယ်။

"သားနဲ့ဖွေး နှစ်ယောက်တည်း စကားပြောချင်တယ်၊ အားလုံး ခဏလောက် အပြင်ထွက်ပေးကြပါ"









www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးတွေ အားလုံးရဲ့ အမူအရာတွေက ကောင်းခန်းရောက်နေတဲ့ ရုပ်ရှင်ကြည့်နေတုန်း မဖြစ်မနေ အပေါ့ထသွားရသလိုမျိုး ဖြစ်နေကြတယ်၊ ဘယ်သူမှ ထသွားချင်ပုံ မရဘူး။ အဖေနဲ့အမေ ဦးဆောင်ပြီး ထလိုက်ကြတော့မှပဲ ကျန်တဲ့သူတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။ ဒါတောင် ဦးလေးငယ်က

"ငါ့တူလေး လိုတာရှိရင် ဦးလေးကို လှမ်းခေါ်လိုက်နော်၊ ဘာမှ အားနာစရာ မလိုဘူး သိလား"

ကျွန်တော် ပန်းချီကျောင်းပြီးခါစ ဘာမှဖြစ်မလာသေးတဲ့ အချိန်မှာ အဲဒီ ဦးလေးဆီ ပိုက်ဆံလေး သုံးရာလောက် သွားချေးတုန်းက ပစ်ပစ်ခါခါ ပြောခဲ့တဲ့ စကားတွေ ပြန်ကြားယောင်မိလို့ စိတ်အချဉ်ပေါက်သွားတယ်။

"အဲဒါဆို လေးလေး ဝင့်ကျော် ဒီဆီးအိုးလေး တစ်လက်စတည်း ယူပြီး သွန်ပေးပါလား"

ဦးလေးငယ် မျက်နှာပျက်သွားပေမယ့် နှုတ်ကတော့ ချိုဆဲပါပဲ။

"ရတယ် သားလေး ရတယ်"

ဆီးအိုးသွန်ခိုင်းတာတောင် သိန်းတစ်ထောင်ဆု ပေါက်သလို အမူအရာမျိုးနဲ့ ဂန်ဖလား ကိုင်ပြီး ထွက်သွားတဲ့ ဦးလေးငယ်ကိုကြည့်ပြီး တော်တော်တရားရမိတယ်။ ကျွန်တော့်ဘေးပတ်လည်မှာ ပျာပျာသလဲ ဝိုင်းနေတဲ့ ဆွေရင်းမျိုးဆက် အကုန်လုံး ထွက်သွားတော့မှ ဖွေးကို ကျွန်တော် ချော့မေးရတယ်။

"မောင့်ကို ဖွေး ဘယ်တုန်းကမှ မညာခဲ့ဘူးနော်၊ ဆရာဝန်က ဘာပြောခဲ့လို့လဲ"

"မောင်ရယ်"

ဖွေးက လက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ မွတ်သိပ်မှုမျိုးနဲ့ ကျွန်တော့်ကို တင်းတင်းကြပ်ကြပ် ဖက်ရင်း ငိုရှာတယ်။

"ဖွေး မောင့်ကို တကယ်ချစ်တယ်ဆိုရင် အမှန်အတိုင်းပြော၊ ဘယ်လို အခြေအနေမျိုးဖြစ်ဖြစ် မောင် ခံနိုင်ရည် ရှိပါတယ်"

ဖွေးက ကြေကွဲမှုအပြည့်အသိပ် စီခြယ်ထားတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို မော့ကြည့်တယ်။ စကားပြောဖို့ အရှိန်ယူနေသလိုမျိုး နှုတ်ခမ်းလေးတွေတောင် တဆတ်ဆတ်တုန်လို့။

"ပြောပါ ဖွေးရယ်"





"မောင် မောင့်ကိုလေ"

စကားစ ပြတ်သွားတဲ့ ဖွေးကို ကျွန်တော် အဆက်မပြတ် ဖိအားပေးနေရတယ်။ တိုက်တွန်းပေးနေရတယ်။

"မောင့် မောင့်ကိုလေ အလွန် အလွန်ဆုံး သုံး သုံးလပဲ နေ နေရတော့မယ်တဲ့"

"ဟင် ဘာ ဘာဖြစ်လို့လဲ ဖွေး ဘာရောဂါမို့လဲ"

"ကင် ကင်ဆာတဲ့ မောင်၊ အသည်းကင်ဆာ တဲ့၊ ရောဂါက ကျွမ်းနေပြီတဲ့၊ တခြား ကိုယ်တွင်းအင်္ဂါတွေကိုလည်း ပျံ့နေပြီတဲ့"

ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားတယ်။ ဖွေးနဲ့ကျွန်တော့်အမျိုးတွေအားလုံး ဘာလို့ ဒီလိုတွေ ဖြစ်နေရသလဲဆိုတာ ကျွန်တော် ကောင်းကောင်း သဘောပေါက်သွားတယ်။ ခံနိုင်ရည် ရှိပါတယ်လို့ ကျွန်တော် ပြောခဲ့ပေမယ့် တကယ်တမ်းကျတော့ လုံးဝ မခံစားနိုင်မှန်း ကျွန်တော့်ကိုယ်ကျွန်တော် သိနေတယ်။

အပြင်းစား ကြောက်ရွံ့မှုတွေနဲ့ သိပ်သည်းဆများလွန်းတဲ့ ဝမ်းနည်းကြေကွဲမှုတွေကြောင့် ကျွန်တော် အိပ်ရာထက်မှာ ဖုံးဖုံးလဲသွားခဲ့တယ်။

"သိပ်မကြာခင် ငါ သေတော့မှာမို့လို့ ဆွေမျိုးတွေ အကုန်လုံး ငါ့ဘေးမှာ ဝိုင်းနေကြတာကိုး"

ကျွန်တော်လုံးဝ စကားမပြောဖြစ်တော့ဘူး။ ကျွန်တော် နေလို့ထိုင်လို့ ကောင်းလာက်အောင် တုန်လှုပ်နေမိတယ်။ သေမယ့် အချိန်ကို ကြိုသိနေရတဲ့ လူတစ်ယောက်ရဲ့ ခံစားမှုက သိပ်ကိုဆိုးဝါးလွန်းတယ်၊ ပြောရရင် သေမိန့်ကျတဲ့ အကျဉ်းသားတစ်ယောက်လိုမျိုး ဖြစ်နေရတာ။

ဘာပဲဖြစ်ဖြစ် ကံဖန်တွေးကြည့်ရင် သေမယ့်နေ့ ကြိုသိထားတော့လည်း ကြိုတင်ပြင်ဆင်ခွင့် ရသေးတာပေါ့လို့ ကံကြမ္မာကို ကတ်တီးကတ်ဖဲ့ကျေနပ်မှုတင်ရသေးတယ်။ ကျွန်တော်ကမှ နေမယ်ဆိုရင် လူ့လောကမှာ သုံးလလောက်နေဖို့ အချိန်ရသေးတယ်။ ခုပဲကြည့် ဂျပန်နိုင်ငံ ဆန်ဒေမြို့ မီယာဂီမှာ ဆိုင်းသိတာစကေး ၈.၉ ရှိတဲ့ ငလျင်ကြီး လှုပ်ခဲ့တာကြောင့် နာရီပိုင်း မိနစ်ပိုင်းအတွင်းမှာ လူပေါင်း သိန်းသောင်းချီပြီး သေကြရတယ်။ လူတွေဟာ မိမိတို့ပစ္စည်းတွေရော ဆုံးရှုံးကြရတယ်။ ကဲ ဘယ်သူများ ကြိုသိနေကြလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ နူကလီးယား စက်ရုံတွေ ထပေါက်လို့ လေထဲမှာ အဆိပ်ငွေ့တွေ ပျံ့နှံ့နေမှာကို စိုးရိမ်နေရသေးတယ်။

လူတိုင်း တစ်ဝကြီး အလကားပဲတင်း ရှုရှိုက်ခွင့်ရနေတဲ့ လေကိုတောင် ရှုဖို့က ခပ်ရှုံ့ရှုံ့ရယ်။

အဲဒီတော့ ဘာပဲပြောပြော သေမယ်ဆိုတာကို သုံးလလောက် ကြို သိနေတဲ့ ကျွန်တော်က စောစောက ဂျပန်လူမျိုးတွေထက်စာရင် ပိုပြီးကံကောင်းတယ်လို့ မဆိုနိုင်ဘူးလား။ ကဲ ထားတော့

ဆင်းရဲချို့တဲ့ခဲ့တဲ့ ဘဝမှာ အနုပညာနဲ့ ဘဝကို အံတုနေတုန်းက တစ်ခါမှ အလည်မလာဘူးတဲ့ ဆွေမျိုးတွေဟာ ခုကျတော့ နှင်ချရင်တောင် ပြန်မယ်မထင်ပါဘူး။ သူတို့ ဘာလို့ တွယ်ကပ်ပြီး ဝိုင်းအုံနေကြတာလဲ။ ရှင်းရှင်းလေးပါ။ ကျွန်တော် ပိုင်ဆိုင်ထားတဲ့ စည်းစိမ်တွေက နည်းမှမနည်းဘဲကိုး ဒါတွေကို မျှော်လင့်ပြီး ကျွန်တော့်ကို တောက်တဲ့လို တွယ်ကပ်နေကြတာ။

သူတို့အတွေးတွေ မှားတယ်လို့လည်း မဆိုသာဘူးလေ။ သေမယ့်လူ တစ်ယောက်ဟာ မိမွေးတိုင်း ဖမွေးတိုင်း ပြန်ရုံကလွဲပြီး ဘာကိုမှ ယူသွားနိုင်မှာမှ မဟုတ်တာ။ ဒီတော့ ဆွေမျိုးတွေက ကျွန်တော့် ပိုင်ဆိုင်မှုတွေ ခွဲဝေယူဖို့ အပြင်းအထန် ပြိုင်ဆိုင်နေကြပြီ။ ကျွန်တော့်ကို လိုတာထက်ပိုပြီး ဂရုစိုက်ပြနေကြတာများ အမြင်ကတ်စရာတောင် ကောင်းသေး။

စိတ်ဓာတ် ချွတ်ခြုံကျလို့ ပုံရက်လဲနေတဲ့ ကျွန်တော့်ကို စားချိန်တန်စား သောက်ချိန်တန်သောက်ဖို့ အချိန်မှန် ရေပတ်တိုက်ပေးဖို့ အပေါ့သွားချင်ရင် ဆီးအိုးတော့ပေးဖို့ အလေးသွားချင်ရင် အိမ်သာထဲ ထိုင်စောင့်ဖို့အထိ မပျက်မကွက်နဲ့ကို အမှတ်ကောင်းကောင်းရဖို့ ပြိုင်ဆိုင်နေကြတာပါ။

ကျွန်တော့်ရဲ့ မျက်နှာသာပေးမှုက သူတို့ဘဝတွေကို အကြီးအကျယ် ပြောင်းလွဲသွားစေနိုင်တဲ့ အစွမ်းရှိနေတာကိုး။ ဆွေမျိုးတွေလိုပဲ ဖွေးကလည်း ကျွန်တော့်အနားက မခွာပါဘူး။ နှစ်ရှူဝ ကျွန်တော့်ကို အနီးကပ်ပြုစုရင်း ထွေ့ထွေ့ ငိုနေတတ်တယ်။ ဒီလိုနဲ့ သုံးရက်လောက် ကိုယ့်စိတ်ကိုယ်နိုင်အောင် ထိန်းပြီး မဖြစ်မနေ ကြုံတွေ့ရတော့မယ့် သေခြင်းတရားကို အသာတကြည် လက်ခံဖို့ စိတ်ပိုင်းဖြတ်ပြီးတဲ့အခါမှာ တည်ငြိမ်မှုတစ်ခုကို တည်ဆောက်လာနိုင်ခဲ့ပါတယ်။

ဒီတော့ လုပ်သင့်လုပ်ထိုက်တာတွေကို ခေါင်းအေးအေးနဲ့ တွေးလာနိုင်ခဲ့တယ်။ ကျွန်တော့် ပိုင်ဆိုင်မှု အဝဝကို စာရင်းဇယားနဲ့ ချရေးကြည့်တော့ သိန်းငါးထောင်လောက်ရှိနေတယ်။ ဒါ ငွေသားချည်းပဲ။ ဘဏ်မှာရှိတာနဲ့ အိမ်မှာရှိတာကို မြန်မာငွေနဲ့ ဖလှယ်ထားတာ။ ဒါတွေ ဘယ်သူ့ကို ဘယ်လောက်ပေးခဲ့ရင် ကောင်းမလဲ။

ရယ်စရာတော့ ကောင်းသား။ ထုံးတမ်းစဉ်လာအရဆိုရင် မိဘကပဲ သားသမီးကို အမွေပေးရတာ မဟုတ်လား။ ခုတော့ ကပြောင်းကပြန် သားက မိဘနဲ့ဆွေမျိုးအသိုင်းအဝိုင်းကို အမွေပြန်ပေးရမယ့်အဖြစ်။ တစ်ခုတော့ ရှိတယ် ကျွန်တော့်အလုပ်ကို အမွေပေးခဲ့လို့ မရဘူး။ စက်ရုံလည်းမဟုတ် အလုပ်ရုံလည်း မဟုတ်တော့ မြင်သာထင်သာ မရှိတဲ့ ကျွန်တော့်အလုပ်ကို ပေးခဲ့လို့လည်း မရဘူး။ ဒီကြားထဲကမှ လိုချင်တဲ့သူ ရှိသေးရင် ဦးနှောက်ဖောက်ထုတ်ပြီး လက်ကိုသာ ဖြတ်ယူတော့လို့ ပြောရမယ့်ကိန်းပဲ။

ဘာဆိုဘာမှ သယ်မသွားနိုင်မယ့်အတူတူ ဒါနကိုပဲ တမလွန် ရိက္ခာအဖြစ် ထုပ်ယူသွားဖို့ပဲ ရှိတော့တာပေါ့။ ကုသိုလ်ရမယ့် လှူနည်းမျိုးနဲ့ပဲ လှူသွားချင်တယ်။ အတူနေတဲ့ အဘိုး၊ အဖေနဲ့အမေ၊ ခုမှရောက်လာတဲ့ ဆွေမျိုးသားချင်းတစ်စုကို အကုန်ပေးရင်တော့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာနဲ့ ညီတယ်လို့ ပြောရမှာပဲ။ ဒါပေမဲ့ ကျွန်တော့် တမလွန်ဘဝအတွက် အထောက်အပံ့ဖြစ် မဖြစ်က သိပ်မသေချာဘူး။

ဒါနဲ့ ဘယ်သူတွေ ဘယ်လိုလှူခဲ့သလဲဆိုတာ ကြားဖူးနားဝ ရှိသလောက် ပြန်စဉ်းစားကြည့်ရတယ်။ ဒါနအရာမှာ ပါရမီရင့်ရင့်နဲ့ အောင်လံထူခဲ့တဲ့ ဝေဿန္တရာမင်းကြီး ဘာတွေလှူခဲ့သလဲ။ ရှိသမျှ စည်းစိမ်ကို လှူတယ်။ ဆင်ဖြူတော်ကိုပါ လှူလို့ တိုင်းပြည်က ငြိုငြင်ပြီး နှင်ထုတ်ခံရတယ်။ နောက်ဆုံး သားနဲ့သမီးကိုပါ လှူပစ်ခဲ့တယ်။ အသွေးအသား အလှူခံတဲ့လူရှိတောင် လှူခဲ့ဦးမလို့တဲ့။

ဟုတ်ပြီ ကျွန်တော်လည်း ကင်ဆာဆဲလ်တွေ သိမ်းပိုက်မထားသေးတဲ့ အစိတ်အပိုင်းမှန်သမျှ လှူခဲ့မယ်။ နှလုံးက ကောင်းမကောင်း သိပ်မသေချာပေမယ့် ကောင်းရင် ထုတ်ယူဖို့ လှူထားခဲ့မယ်။ ပြီးတော့ ကျွန်တော့်မျက်စိတွေ အတော်ကောင်းနေသေးတာပဲ မဟုတ်လား။ ဒီတော့ ကျွန်တော့် ခန္ဓာကိုယ်တခြေ နဲ့မျက်စိ လှူထားခဲ့လို့ ရပြီ။ တိုက်တာခြံမြေ ကားနဲ့ ပိုက်ဆံတွေကို ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



လှူခဲ့ဖို့ပဲ လိုတော့တယ်။

ဒီတော့ ဘီ(လ်)ဂိတ်ရဲ့ အလှူတွေကို သတိရသွားပြန်ရော။ ဘီ(လ်)ဂိတ် ဆိုတာ မိုက်ခရိုဆော့(ဖ်)ကို တည်ထောင်ပြီး စက္ကန့်တိုင်းမှာ ဝင်ငွေ လေးဒေါ်လာ ရနေတဲ့ ကွန်ပျူတာ ပညာရှင် အမေရိကန်နိုင်ငံသား သူဌေးကြီး၊ သူပိုင်ဆိုင်တဲ့ ငွေကြေးအရပ်ရပ်ကို အားအားယားယား ရှိနေတဲ့လူများက စေ့စေ့စပ်စပ် တွက်ချက် ကြည့်သတဲ့။ တွက်နည်းကလည်း အဆန်းရယ် လနဲ့ကမ္ဘာ ဘယ်လောက်ဝေး သလဲဆိုတာ ကျွန်တော်တော့ အသေအချာ မသိဘူး။ တွက်တဲ့လူတွေကတော့ သိလို့ တွက်သွားကြတာ ပထမဆုံး ဘီ(လ်)ဂိတ်ပိုင်တဲ့ ပိုက်ဆံတွေကို ဒေါ်လာ တစ်ရာတန်တွေ အဖြစ် အကုန်ပြောင်းပစ်လိုက်ကြတယ်။ ပိုက်ဆံတစ်ရွက်နဲ့ တစ်ရွက်ကိုတော့ တေ့ဆက်လေးတွေ ဆက်လိုက်ကြတယ်။ ပြီးတော့ လကမ္ဘာကို သွားမယ့် အာကာသယာဉ် တစ်စီးမှာ ချိတ်ပေးလိုက်ကြရော။ ဒီလိုနဲ့ အာကာသ ယာဉ်က ဘီ(လ်)ဂိတ်ရဲ့ ပိုက်ဆံတွေကို ဆွဲယူသွားလိုက်တာ လနဲ့ကမ္ဘာ အသွား အပြန် ခရီး ခြောက်ခေါက်ပြည့်မှပဲ ဘီ(လ်)ဂိတ်ရဲ့ ပိုက်ဆံတွေ ကုန်သွားသတဲ့။ တကယ်ပဲ ပိုက်ဆံတွေကို အာကာသယာဉ်မှာ ချိတ်ပေးလိုက်တယ်လို့ ထင်မနေနဲ့ဦး သင်္ချာနည်းနဲ့ တွက်ချက်တာကို ဥပမာ ပေးပြီး တင်စားလိုက်တာ

ကိုင်း ချမ်းသာပုံများ အံ့ဩကုန်နိုင်ဖွယ်ဆိုသလိုပဲ အဲဒီ သူဌေးကြီး ဘာတွေကို ဘယ်လိုလှူသလဲ။ ကျွန်တော်တို့ဆီကို နာဂစ်ဝင်မွှေတုန်းက ရက် မဆိုင်းဘဲ ချက်ချင်းဆိုသလို ဒေါ်လာတစ်သန်း ပေးပို့ လှူဒါန်းခဲ့သေးတယ်။ ဒါပေမဲ့ သူ အာရုံအရောက်ဆုံးက အေအိုင်ဒီအက်(စ်) ရောဂါ တိုက်ဖျက်ရေး အဲဒီ ဝေဒနာ ခံစားနေရတဲ့ ကမ္ဘာတစ်ဝှမ်းက လူသားတွေကိုပဲ။ ဒီတော့ ဘီ(လ်) ဂိတ်က အဲဒီကဏ္ဍမှာပဲ ဒေါ်လာသန်းငါးရာပုံအောလှူပစ်တယ်။ ပြီးတော့ သူတို့ လင်မယားနှစ်ယောက်လုံး ကမ္ဘာလှည့်ပြီး ဆော်ဩတယ်။ ဒီတော့ ချမ်းသာ တဲ့သူဌေးတွေလည်း သဒ္ဓါပေါက်ပြီး ဝင်ပါလာကြတယ်။ ကဲ ဘယ်လောက်များ ကုသိုလ်ရလိုက်မလဲ။

ကျွန်တော်လည်း ဘီ(လ်)ဂိတ်ကို အားကျတယ်။ ဒီတော့ ဦးလှထွဋ် ကင်ဆာဖောင်ဒေးရှင်းလိုမျိုး ဖောင်ဒေးရှင်းတစ်ခု တူထောင်ခဲ့မယ်။ ကျွန်တော့် သန်းတစ်ထောင် မတည်ပြီးတော့ပေါ့။ ကျွန်တော်က ကင်ဆာနဲ့ သေမယ့်အကောင် ဆိုပေမယ့် ဘီ(လ်)ဂိတ်လိုပဲ အေ့(ဒ်)ဝေဒနာရှင်တွေအတွက်ပေါ့။ ဟုတ်ပြီ ဒါဆို





ကုသိုလ်တော်တော် ရမှာဗျာ။

အင်း နောက်ထပ် အလှူပေးရာမှာ ရက်ရောတဲ့ လူတစ်ယောက် ရှိသေးတယ်။ သူက အမျိုးသမီးတစ်ယောက်ပါ။ ပုပုသေးသေး မျက်လုံးပြာပြာနဲ့ ခရစ်ယာန်သီလရှင်တစ်ပါး၊ အိန္ဒိယ နိုင်ငံသားတွေက အမေလို့ ချစ်စနိုးခေါ်ကြတဲ့ မာသာထရီဆာ ပေါ့။ သူ့ရဲ့ စွန့်လွှတ်စွန့်စား လှူဒါန်းမှုတွေကလည်း အံ့မခန်းပါပဲ။ လူ့အသိုင်းအဝိုင်းက ပစ်ပယ်ထားတဲ့ အနူတွေကို ပြုစုတယ်။ မိဘမဲ့ကလေးတွေ ကို စောင့်ရှောက်တယ်။ သူ့ကို အသိအမှတ်ပြုတဲ့အနေနဲ့ ပုပ်ရဟန်းမင်းကြီးက မာသာထရီဆာ စီးဖို့ကားတစ်စီး လက်ဆောင်ပေးခဲ့တယ်။ ထရီဆာက မစီးဘဲနဲ့ ရောင်းပစ်ပြီး ရလာတဲ့ ငွေနဲ့ သူ့ရဲ့မိဘမဲ့ ကလေးတွေအတွက် လိုအပ်တဲ့ ရိက္ခာတွေပဲ ဝယ်ခဲ့သတဲ့။ ဘယ်လောက် ရက်ရောသလဲ လေးစားစရာကြီး။

ဒါတင်ကမလား သက်ရှိထင်ရှားဘဝမှာပဲ နိုဘယ်ဆုကြီး ရခဲ့သေးတယ် လေ။ ငြိမ်းချမ်းရေး နိုဘယ်ဆုကြီးပေါ့။ ဆုချီးမြှင့်တဲ့အဖွဲ့က တက်ရောက်ဆုယူဖို့ ဖိတ်ကြားတယ်။ ထရီဆာက ပိုက်ဆံဘယ်လောက် ရမှာလဲပဲ မေးတာ။ သူ့ အတွက် မဟုတ်ဘူး။ ဆာလောင်နေတဲ့ မိဘမဲ့ ကလေးတွေအတွက် အာဟာရ နဲ့ အနူတွေအတွက် ဆေးဝယ်ပြီးတော့ ပြောသေးတယ်။ နိုဘယ်ဆုပေးပွဲအတွက် အခမ်းအနား လုပ်မနေဘဲ အခမ်းအနားလုပ်လို့ ကုန်ကျမှာတွေကိုပါ သူ့ကိုပေး ပါလားလို့တောင် ပြောခဲ့သေးတာ အာဂပုဂ္ဂိုလ်ပဲ၊ အမေလို့ ခေါ်ထိုက်တယ်။

ကျွန်တော် မာသာထရီဆာကိုလည်း လေးစားတယ်။ ဒီတော့ မြန်မာ ပြည်က မိဘမဲ့ဂေဟာတွေ စာရင်းကောက်ပြီး အားလုံးအတွက် သိန်းတစ်ထောင် လှူထားလိုက်မယ်။ ဒါလည်း တော်တော် ကုသိုလ်ရမယ် ထင်တယ်။ တော်တော် လေးတော့ ဟုတ်သွားပြီ။

မျက်လုံးနဲ့နှလုံး လှူမယ်၊ အေ့(ဒ်)တိုက်ဖျက်ရေးအတွက် မတည်ငွေ သိန်းတစ်ထောင်၊ မိဘမဲ့ကလေးများအတွက် သိန်းတစ်ထောင်၊ အဲ ပြီးတော့ တစ်နိုင်ငံလုံးက ဘိုးဘွားရိပ်သာတွေအတွက် သိန်းတစ်ထောင်၊ ဟုတ်ပြီဗျာ သိန်းသုံးထောင်တော့ တကယ့်ကို အကျိုးရှိရှိ ဖြစ်သွားပြီ၊ နှစ်ထောင်ပဲ ကျန်တော့ တယ်။ ဒါကိုတော့ ဆွေမျိုးတွေအတွက် ထားလိုက်ရင်ကောင်းမယ်။ ဒီလိုဆိုတော့ တော့ အဘိုးကစပြီး တူ တူမတွေအထိ ဆွေစဉ်မျိုးဆက် ယောကျ်ားမိန်းမ ခွဲဝေဖို့ စာရင်းပြုစုရပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သေခါနီး လူမမာဆိုပေမယ့် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်နဲ့ အားပြတ်ပြီး အိပ်ရာထဲ လဲနေတာ မဟုတ်တော့ ကိုယ်တိုင်ပဲ စာရွက်တွေ တစ်ပုံတစ်ပင်နဲ့ အလုပ်ရှုပ်နေရော။ ဒါကို တပည့်ကျော် စိန်ဝင်းက မကြည့်ရက်ဘူး မလုပ်ပါနဲ့ ကောင်းကောင်းနားပါလို့ တားတယ်။ ကျွန်တော်က နားလို့မဖြစ်တဲ့ အကြောင်း၊ အချိန်သိပ်မရှိတော့တာမို့ မသေခင် ရယ်စရာကောင်းတဲ့ အမွေခွဲ ပေးဖို့ကိစ္စ စီစဉ်ရမှာဖြစ်တဲ့အကြောင်းတွေ ရှင်းပြတယ်။ ဒီတော့ စိန်ဝင်းက

"ဆရာ ဘယ်သူ့ကို အမွေပေးခဲ့ချင်တာလဲ"

"ဟ ငါ့မှာ မိန်းမလည်း မရှိဘူး၊ သားထောက် သမီးခံလည်း မရှိဘူး ငါ ဘယ်လောက်ချမ်းသာတယ်ဆိုတာ မင်းလည်းအသိ၊ ပြီးတော့ ငါကလွဲရင် ငါ့မိဘကစပြီး တစ်ဆွေလုံးတစ်မျိုးလုံး မပြေလည်တာလည်း မင်းသိနေတာပဲ ဒီတော့ ငါ မသေခင် သူတို့တွေကို ဘယ်သူ့ဘယ်လောက်ပေးခဲ့ရမယ်ဆိုတာ စီစဉ်ခဲ့ရမှာ"

"ဒါဆိုရင် အရမ်းကာရော မဆုံးဖြတ်နဲ့ ဆရာ၊ အရင်က ဆရာ့အပေါ် ဘယ်သူများ ကောင်းခဲ့လို့လဲ၊ ခုမှ အဘိုးကစပြီး တစ်မျိုးလုံး လာပြီး ယုယနေကြ တာ ဆရာ နည်းနည်းတော့ တီးခေါက်ကြည့်ဦးနော်"

စိန်ဝင်း ပေးတဲ့အကြံက နည်းလမ်းကျနေတော့ ကျွန်တော် စိတ်ဝင်စား သွားတယ်။ ဟုတ်တယ် ဘယ်သူက ကျွန်တော့်အပေါ် ဘယ်လောက်ကောင်း သလဲဆိုတာ သိထားရင် အမွေခွဲဝေမှုမှာ ပိုပြီး အထောက်အကူဖြစ်နိုင်တယ်လေ ဒါပေမဲ့ ခက်နေတာက ကျွန်တော့်အပေါ် ဘယ်သူ ဘယ်လိုကောင်းတယ်ဆိုတာ ကို ကျွန်တော် ဘယ်လိုသိနိုင်မလဲဆိုတဲ့ကိစ္စပဲ။

ဒါကိုလည်း စိန်ဝင်းကပဲ အကြံပေးပါတယ်။ တစ်ခါက မင်းသားကြီး ကျော်ဟိန်း သရုပ်ဆောင်ခဲ့တဲ့ ဗီဒီယိုဇာတ်ကားထဲက အတိုင်းပါပဲ။ အဲဒီနည်းက အလုပ်ဖြစ်မယ်ထင်လို့ ကျွန်တော်လည်း သဘောတူခဲ့ပါတယ်။ ပိပိရိရိ သေသေ သပ်သပ်ဖြစ်အောင် အစီအစဉ်တွေကို အသေးစိပ် ညှိနှိုင်းခဲ့ကြတယ်။ အတင်း ဒီကိစ္စ ကျွန်တော် အိုက်တင်ကောင်းမှ ဖြစ်မှာ။

ဒီလိုနဲ့ စိန်ဝင်း အကြံပေးတဲ့အတိုင်း ကျွန်တော် အိပ်ရာထဲမှာ မျောတင် ဆောင်နေရတယ်။ စိန်ဝင်းဆိုတဲ့ကောင်ကလည်း တကယ့်ကို အကွက်စေ့အောင် သူ စီစဉ်ထားတဲ့အတိုင်း ဆရာဝန်ပြေးပင့်တယ်။ အဲဒီအခိုက်အတန့်မှာ ခံစားရတာ



က ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရတာပါပဲ။ မျက်စိဖွင့်ကြည့်ရင်လည်း အစီ အစဉ်တွေ ပျက်သွားမှာစိုးလို့ အထိအတွေ့နဲ့ အသံကိုပဲ နားစွင့်နေရတာ ကျွန်တော့် လက်ကို အလုအယက်ကိုင်ပြီး အူလှိုက်သည်းလှိုက် ငိုနေလိုက်ကြတာများ ဂင်းနစ်စံချိန်မှာ မှတ်တမ်းဝင်အောင် အကြာဆုံး အငိုပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေကြ သလား မှတ်ရတယ်။

ကျွန်တော့်လက်ကိုလည်း တစ်ယောက်ပြီးတစ်ယောက် လုပြီး အတင်း ဆွဲယူ လုပ်ရမ်းနေတာများ ကျိုးကျေလုမတတ်ဘဲ။ စိန်ဝင်းနဲ့ ဆရာဝန်လုပ်မယ့်သူ မြန်မြန်လာပါတော့လို့ ဆုတောင်းယူရတဲ့အထိပဲ။ ဒီကြားထဲ တစ်ယောက်ယောက် က ရင်ဘတ်ကို ထုပြီး ငိုလိုက်လို့ အသံထွက် မအော်မိအောင် မနည်းထိန်းထား ရသေးတာ။ တော်ပါသေးရဲ့ ကျွန်တော့် တစ်ကိုယ်လုံး တစ်စစီပြုတ်မထွက်ခင်မှာ စိန်ဝင်းနဲ့ဆရာဝန် လုပ်မယ့်သူ ရောက်လာသံကြားလိုက်ရလို့။

ဆရာဝန် ရောက်လာတာတောင် ကျွန်တော့်နားမှာ ဝိုင်းအုံနေတဲ့ ဆွေမျိုးတွေ တုတ်တုတ်မှ မလှုပ်တဲ့ပုံပဲ။ စိန်ဝင်းနဲ့ ဆရာဝန်ဆိုသူ ပြောတဲ့စကား အရ သိလိုက်ရပါတယ်။

"ကဲဗျာ ခင်ဗျားတို့ ခုလို ဝိုင်းအုံမနေနဲ့လေ၊ လူနာခမျာ မွန်းရှာမှာပေါ့ တဆိတ်လောက် ဖယ်ပေးကြပါဦး"

"ဟုတ်ပါရဲ့ဗျာ ဆရာ ဆေးကုလို့ရအောင် အားလုံးအပြင်ထွက်ပေး ကြပါ"

တိုက်တိုက်တွန်းတွန်း မောင်းထုတ်မှပဲ ပေတိပေကပ်နဲ့ မထွက်ချင် ထွက်ချင် ထွက်သွားကြပုံပါပဲ။ အဲဒီမှာ ဆရာဝန်က

"ကျွန်တော့်ကို ကူဖို့ တစ်ယောက်တော့ နေခဲ့ပေးပါ"

ဆရာဝန်ရဲ့ တောင်းဆိုသံကို ကြားရတယ်။ ဒီမှာတင် ဟိုကောင် စိန်ဝင်း နေပေးလိုက် ဆိုတဲ့ အသံကို အားလုံးက ဝိုင်းပြောကြတယ်။ မူလစီစဉ် ထားတာကလည်း စိန်ဝင်းပဲ နေခဲ့ဖို့ပါ။ အခုတော့ ဆွေမျိုးတွေရဲ့ သဘောထား အမှန်ကို နည်းနည်းမြည်းစမ်းခွင့် ရသွားတာပေါ့။ လူပိုတွေ အကုန်ထွက်သွားတော့ နဲ့ စိန်ဝင်းက တံခါးပိတ်ပြီး လော့(ခ်)ပါ ချလိုက်ပုံပါပဲ။ ဒီတော့မှ ကျွန်တော်လည်း မျက်လုံးကို ခပ်မှေးမှေး ဖွင့်ကြည့်ရဲတော့တာ။

"ဆရာ ဆရာထလို့ ရပြီ၊ အခု ခေါ်လာတာ ကျွန်တော့် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်သန်းသဲ စိစဉ်ထားတဲ့အတိုင်း ကျွန်တော်တို့ ဆက်လုပ်လိုက်ရအောင်''

''ဩော် အေး အေး ဒါနဲ့ ဒီက ကိုမြင့်သန်းကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ''

အဲဒီနောက်မှာတော့ မြင့်သန်းနဲ့စိန်ဝင်း ပူးပေါင်းပြီး အစီအစဉ်ရဲ့ ဒုတိယပိုင်းကို ဆက်လှုပ်ရှားကြတယ်။ ပိုက်တစ်ချောင်းကို ကျွန်တော့်ဗိုက်အောက်နားမှာ တိပ်ပလာစတာနဲ့ ကပ်တယ်။ ပုလင်းတစ်လုံးထဲ ရေနွေးကြမ်း နည်းနည်းထည့်ပြီး အဲဒီပိုက်အဝ တစ်ဖက်ကို စွပ်ထားလိုက်တယ်။ ဆီးပုလင်းသဘောမျိုး အင်ထုထားတာပေါ့။ နောက်တစ်ခါ ထွေးခံထဲ ကွမ်းတံတွေး နည်းနည်း ထွေးထည့်လိုက်သေးတယ်။ လောလောဆယ် ပြင်ဆင်မှုတော့ ပြီးပြီ။

သုံးယောက်သား အပြန်အလှန် ခေါင်းညိတ်ပြရင်း နောက်တစ်ဆင့်ကို တက်လိုက်ကြတော့တယ်လေ။ ဒီအဆင့်မှာတော့ စိန်ဝင်းက အခရာပါ။ သူ့ရဲ့ အကယ်ဒမီရှော့(တ်)အသံကို နားဆင်ရင်း မပြုံးမိအောင် သတိထားနေရတော့တာပေါ့။

''အီး ဟီး ဟီး ဟီး ကိုယ်ကျိုးနည်းပါပေ့လား။ ဆရာရဲ့ အဟီး ဟီး''

အပြင်က လူတွေလည်း စိန်ဝင်းအသံကြောင့် မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားကြမှာပါပဲ။ ဆရာဝန် ဆိုသူက ဆေးအိတ်ကိုဆွဲ တံခါးဖွင့်ပြီး ခေါင်းငိုက်စိုက်နဲ့ ထွက်သွားတယ်။ အဖေ အမေနဲ့ ဖွေးတို့ကလည်း ဆရာဝန်ကို ထွက်လာလာခြင်း ပျာပျာသလဲ မေးကြတယ်။

''ဆရာ သား သားလေး''

''ဒေါက်တာ မောင့်အခြေအနေ ဘယ်လိုလဲဟင်''

မြင့်သန်းက ခေါင်းလေး တဝေ့ဝေ့ ရမ်းပြီး အခန်းထဲက ထွက်သွားတာနဲ့ အားလုံး ကဆုန်စိုင်းပြီး အထဲဝင်လာကြရော။ ကျွန်တော့်ခုတင်ဘေးမှာ အပြည့်အသိပ် တန်းစီရပ်လိုက်ရင်း

''သား နေသာရဲ့လား''

''မောင် ဖွေးလေ ဖွေးကို မြင်လားဟင်''

''ဖြစ်မှဖြစ်ရလေ ငါ့တူရယ်''

''လေးလေး''



အို အသံတွေကို စုံနေတာပဲ။ ဒီတော့ ကျွန်တော် မျက်လုံးဖွင့်ပြီး ဝေ့ဝဲကြည့်လိုက်တယ်။ ပြီးတော့ ချောင်းလေးဆိုးချင်ယောင် ဆောင်ပြီး ငုံထားတဲ့ ဆီးဖျော်ရည်ကို အသာလေး စီးကျသွားအောင် ထွေးထုတ်လိုက်တယ်။ ဖက်လေးတောင် လည်ကျသွားလိုက်သေးတယ်။ အိုက်တင်က အပီပဲ။ အားလုံးရဲ့ အမြင်မှာ ချောင်းနဲ့အတူ တစ်ခါထဲ အသက်ပါပါသွားပြီ ထင်ကြတာပေါ့။

''အမလေး သား သားလေး သားရေ လုပ်ကြပါဦးတော့''

''မောင် မောင်ရေ မောင် ဖွေးကိုတစ်ယောက်ထဲ ထားခဲ့ပြီလား မောင်ရဲ့''

''ငါ့မြေးရယ် စီနီယာအရဆို အဘိုးက အရင်ကိုးရမှာလေ ခုတော့ကွာ''

ငိုသံတွေ ကျွတ်ကျွတ်ညံသွားလိုက်တာများ နားကွဲမတတ်ပါဘဲ။ အဲဒီမှာ စိတ်မရှည်တော့သလိုမျိုး လေသံနဲ့ အဖေက ဝင်ဟန့်လိုက်တယ်။

''ဟဲ့ တော်ကြစမ်း နမိတ်မရှိ နမာမရှိ ကျက်သရေမရှိ ငိုမနေကြနဲ့ သားလေး တကယ်ဆုံးသွားတာကော ဟုတ်ရဲ့လား စမ်းကြည့်ကြပါဦးဟ''

အဖေ့စကားကြောင့် ဟန်ဆောင်ငိုသံတွေ ခဏရပ်သွားကြတယ်။

''ဟိုကောင် အသက်ရှူသေးရဲ့လား။ နှာဝကို အသာစမ်းကြည့်ကြပါဦး''

''ဟာ အဖေ လာစမ်းပါလား သား ကြောက်တယ်ဗျ''

ဒါက ကျွန်တော့်ဘကြီးနဲ့ သူ့သား ကျွန်တော့်တူတို့ရဲ့ အပြန်အလှန် ပြောစကားတွေပါ။

''ဟယ် နှင်တို့ကလည်း သေ မသေဖြင့် မသေချာသေးဘဲ ကြောက်တာတာ အရင်ကိုး။ ဖယ် ငါစမ်းကြည့်မယ်''

ဒါ အမေ့အသံပါ။ ကျွန်တော့်နားကို အမေ ရောက်လာပြီ။ ကျွန်တော် အသက်အောင့်ထားလိုက်တယ်။ အမေ့လက် နှာဝကို ရောက်လာတာ ကျွန်တော် အလိုလို သိတယ်၊ အတတ်နိုင်ဆုံး အသက်မရှူဖြစ်အောင် ထိန်းရင်း သေချင်ယောင် ဆောင်နေလိုက်ရတယ်။ ပင်ပန်းလိုက်တာမှ မပြောပါနဲ့တော့။

''ကိုကျော်ခင် တော့်သား အသက်မရှူတော့ဘူးတော့''

''ဟေ''

အဖေနဲ့အမေရဲ့ အတည်ပြုစကားကြောင့် ကျန်တဲ့သူတွေ အားနိုင်စင်ရသွားသလို အားပါးတရ ငိုလိုက်ကြတာ ဆိုတာများ ဝက်ဝက်ကွဲသွားသည်။

www.burmeseclassic.com



လရောင်ဖွေးက ကျွန်တော့်လက်မောင်းပေါ် မျက်နှာအပ်ပြီး ငိုတယ်။ ခဏကြာ တော့ ငိုသံတွေ လျော့သွားသလိုပဲ။ တီးတိုးလေသံလေးနဲ့ ပြောလိုက်တဲ့ စကား တစ်ခွန်းကို ကျွန်တော် ကြားဖြစ်အောင် ကြားလိုက်မိသေးတယ်။

"ဗီရိုသော့တွေက ခေါင်းအုံးအောက်မှာ"

အဲဒီနောက်မှာတော့ အထိအတွေ့အရ ခေါင်းအုံးအောက်က သော့ တွဲနှိုက်ယူသွားပြီဆိုတာ သိရပါတယ်။ ဒီမှာတင်

"ဟိုကောင် အဲဒါ ဘာလုပ်တာလဲ"

"ဟာ အစ်ကိုကြီးကလည်း ကျွန်တော်တို့ နာရေးကိစ္စ စီစဉ်ရမယ်လေ ဘယ်မှာလဲ ပိုက်ဆံ၊ ပိုက်ဆံရှိမှ အရာရာ အဆင်ပြေမှာ"

အဲဒါက အဖေနဲ့ဘကြီးရဲ့ အသံပါ။ အဲဒီနောက်မှာတော့ အားလုံး တစ်ယောက်တစ်ပေါက် ထောက်ခံသံနဲ့အတူ ကျွန်တော့်ကို ထားခဲ့ပြီး အားလုံး ထွက်သွားကြတယ်။ အဲဒီတော့မှ ကျွန်တော်လည်း အသက်ဝဝ ရှူခွင့်ရတော့တယ်။ အဲဒီအချိန် ကျွန်တော့်ဘေးမှာ ရှိနေတာ စိန်ဝင်း တစ်ယောက်ထဲပါ။ ကျွန်တော် အမျိုးတွေအကြောင်း ကျွန်တော် တော်တော်လေး သိလိုက်ရပါပြီ။

ကျွန်တော် စိန်ဝင်းကို မချိပြုံး ပြုံးပြလိုက်ရတယ်။ အပြင်မှာ ဘယ်လို ဖြစ်ပျက်နေသလဲဆိုတာ ကျွန်တော် အိပ်ခန်းတံခါးကို ကွယ်ပြီး ချောင်းကြည့် တယ်။ အင်း ကျွန်တော့် တစ်အိမ်လုံး ဖရိုဖရဲ ဖြစ်နေပြီ။ ဗီရိုတွေ အားလုံး ဟင်းလင်းပွင့်နေကြပြီ။ မြင်မြင်သမျှ ပိုက်ဆံနဲ့ လက်ဝတ်လက်စားတွေ အပြင် အဖိုးတန်တာ မှန်သမျှ စိတ်ကြိုက်ရှာဖွေသိမ်းဆည်းနေကြတယ်။ အလုအယက် နဲ့ ရန်ဖြစ်ကြတော့မယ့်ဆဲဆဲပါ။

"ကဲ ဆရာ မြင်ပြီ မဟုတ်လား၊ ဆရာသာ တကယ်သေသွားရင် ဆရာ့အလောင်း မြေကျဖို့တောင် မလွယ်ဘူး"

"အေးကွာ မထင်မိဘူး၊ ခုလို သိရအောင် အကြံပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

ကျွန်တော် စိန်ဝင်းကို အားပြုပြီး အပြင်ထွက်လာခဲ့ပါတယ်။ ကျွန်တော် တို့ စမ်းသပ်မှုပြီးသွားပြီ။ မြင်နေ တွေ့နေရတာတွေ အားလုံးကို ကျွန်တော် မခံစားနိုင်တော့ဘူး။ ဒါနဲ့ ပေါက်ကွဲမှုသံစဉ် အမြင့်ဆုံးနှုန်းနဲ့ ကျွန်တော် ကြိမ်း အော်ပစ်လိုက်မိပါတယ်။





"ဒါ ဘယ်လိုဖြစ်နေကြတာလဲ၊ ကျွန်တော် မသေသေးပါဘူး အားလုံး ရပ်လိုက်ကြပါတော့"

အလုအယက် ရှာဖွေနေတဲ့ မျက်လုံးတွေ ကျွန်တော့်ဘက် လှည့်လာ ပြီး အထိတ်တလန့် အမူအရာတွေနဲ့ အားလုံး ခဏတော့ ငြိမ်သက်သွားကြတယ်။ ပထမ သက်ဝင်လှုပ်ရှားလာတာ လရောင်ဖွေးပါ။ သူ ကိုင်ထားတဲ့ တစ်ထောင် တန်ငွေစက္ကူထုပ်ကို အသာပစ်ချပြီး ကျွန်တော့်ဆီ ပြေးလာတယ်။

"မောင် မောင် ဘာမှမဖြစ်ဘူးနော်၊ ဝမ်းသာလိုက်တာ မောင်ရယ်"

အဲဒီတော့မှ ကျန်တဲ့လူတွေလည်း လုပ်လက်စ အလုပ်တွေ ခဏနားပြီး ကျွန်တော့်နား ဝိုင်းလာကြပြန်ရော။ မသေသေးတဲ့အတွက် ဝမ်းသာစကားတွေ ဖောက်လောရိုက်အောင် ပြောကြပြန်တယ်။ အံ့ရော ဆိုပါတော့၊ ဒီတော့ ကျွန်တော် လည်းရာဇသံ ပေးပြီး မာရှယ်လော ထုတ်လိုက်ရတယ်။

"အခု ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ၊ ကျွန်တော် မသေသေးဘူး ဘယ့်နှယ်ဗျာ မြင်မကောင်း ရှုမကောင်း"

ဖွေးနဲ့ဆွေမျိုးတွေဆီက ဘာသံမှ ထွက်မလာတော့ဘူး။

"အခု အိမ်မှာတွေ့တဲ့ ပိုက်ဆံဆိုတာ ဘာမှရှိသေးတာ မဟုတ်ဘူး စိတ်ချ ကျွန်တော်က သေလူ၊ ရှိသမျှကို အကျိုးရှိအောင် ခွဲဝေပေးခဲ့မှာ၊ တစ်ခု တော့ ပြောထားမယ်၊ ကျွန်တော် မျက်စိနောက်အောင် မလုပ်နဲ့၊ ကျန်နေသေးတဲ့ အချိန်လေးကို စိတ်ချမ်းချမ်းသာသာနဲ့ နေသွားပါရစေ၊ ဒါပါပဲ၊ ကဲ စိန်ဝင်းက အဖေနဲ့ကူပြီး ရှိသမျှ ပိုက်ဆံတွေ အကုန်ပြန်သိမ်းလိုက်"

ရှည်ရှည်ဝေးဝေး စကားတွေပြောလိုက်ရလို့ မောသွားဟန်နဲ့ ကျွန်တော် အိပ်ခန်းထဲ ပြန်ဝင်လိုက်တယ်။ ဖွေးက ဖေးမရင်း အိပ်ရာပေါ် အသာအရာတက် စေတယ်။

"ဖွေး ဖွေးလည်း ပင်ပန်းလှပါပြီ၊ အိမ်ပြန်ပြီး နားလိုက်ပါတော့၊ မောင် လည်း ခေါင်းအေးအေးထားပြီး စီစဉ်စရာ ရှိတာလေးတွေ စီစဉ်ချင်လို့ပါ"

အဲဒီအချိန်ကစပြီး ကျွန်တော့် အိပ်ခန်းထဲ ဘယ်သူ့ကိုမှ အဝင်မခံတော့ ဘူး၊ တပည့်ကျော် စိန်ဝင်းရယ်၊ ရှေ့နေတစ်ယောက်ရယ် ခေါ်ပြီး ကျွန်တော့်ရဲ့ အိမ်ခန်းနဲ့ အမွေခန်းကို ပြတ်ပြတ်သားသား ခန့်ခွဲစီမံကြတယ်ဆိုပါတော့။ အစစ အရာရာ စီစဉ်ပြီးသွားတော့ ဖွေးနဲ့ဆွေမျိုးတွေ အကုန်ခေါ်ပြီး ကျွန်တော့်ရဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းကို ကြေညာရပါတယ်။

ကျွန်တော်က ရုပ်အလောင်းကို သင်္ဂြိုလ်ဖို့ အသုဘစရိတ် သိန်းနှစ်ဆယ် ချန်ထားတာကလွဲပြီး ပိုင်ဆိုင်သမျှ အရပ်ရပ်ကို လှူဒါန်းခဲ့တဲ့အကြောင်း ရှင်းပြလိုက်တော့ အားလုံး ဒေါသပုန်ထကုန်ကြပါရော။ သူတို့ ဒေါပွမယ်ဆိုလည်း ပွချင်စရာပါပဲ။

ကျွန်တော်က လက်ရှိတိုက်နဲ့ကားကို သာသနာတော် တည့်တံ့ပြန့်ပွားဖို့ ရည်စူးပြီး ပဓာန နာယက ဆရာတော်အဖြစ် ဦးသုမင်္ဂလကို ဦးထိပ်ထားပြီး ဓမ္မရိပ်သာအဖြစ် လှူဒါန်းခဲ့တာကိုး။

တစ်ခါ အေ့(ဒ်)ဝေဒနာရှင်တွေ စောင့်ရှောက်ရေး ရံပုံငွေအတွက် သိန်းတစ်ထောင်၊ မိဘမဲ့ကလေးတွေအတွက် သိန်းတစ်ထောင်၊ ဘိုးဘွားတွေ စောင့်ရှောက်ရေးအတွက် သိန်းတစ်ထောင်၊ နောက်ထပ် ခိုးကိုးရာမဲ့ အမျိုးသမီးတွေအတွက်သိန်းတစ်ထောင် လှူဒါန်းထားတယ်လို့ ရှင်းပြလိုက်တော့ အဖေအစ တက်ခေါက်တယ်။

"အဟမ်း ကျန်ငွေ သိန်းတစ်ထောင်ကိုတော့"

အဲဒီ စကားကိုတော့ အားလုံးစိတ်ဝင်စားသွားကြသလို မျက်ဝန်းတွေ အရောင်လက်ကုန်တယ်။

"တို့တွေ အားလုံးကို ခွဲဝေပေးခဲ့မယ်ပေါ့ ဟုတ်လား မောင်မင်းခေါင်"

ကျွန်တော့် ဦးလေးတစ်ယောက်က အားတက်သရော ဝင်မေးပါတယ်။ ကျွန်တော်က ခေါင်းလေး အသာရမ်းပြီး လေအေးလေးနဲ့ ဖြေလိုက်တယ်။

"အဲဒီ သိန်းတစ်ထောင်ကိုတော့ မင်းခေါင်ဖောင်ဒေးရှင်း ဆိုတဲ့နာမည်နဲ့ ပညာတော်ပြီး ငွေကြေးချို့တဲ့သူတွေ ထွန်းပေါက်စေဖို့အတွက် ပညာရေး အထောက်အကူပြု ရန်ပုံငွေ တစ်ရပ် ထူထောင်လိုက်ပါတယ်"

အဘိုးကစပြီး မကျေနပ်တဲ့အကြောင်း ထုတ်ဖော်ပြောဆို ကန့်ကွက်လာတယ်။

"ငါ့မြေး မင်းရှိတဲ့ ငွေလည်း ကုန်ပြီဆိုတော့ မလွန်ဘူးလားကွာ အဘိုးတို့မှာ နေစရာမရှိ စားစရာမရှိနဲ့ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"အဘိုး အဘိုးအတွက် ကျွန်တော် အကောင်းဆုံး စီစဉ်ပေးထားခဲ့ပါတယ်"





"ဟေ ဟုတ်လား ငွေ ငွေသား ဘယ်လောက်"

"ငွေသားတော့ မဟုတ်ပါဘူး၊ ဒီတိုက်ကြီးဟာ မကြာခင်မှာ ဓမ္မရိပ်သာကြီးအဖြစ် ဖွံ့ဖြိုးစည်ပင်လာတော့မှာပါ၊ အဘိုးက ဒီဓမ္မရိပ်သာရဲ့ အုပ်ချုပ်သူလူကြီးအဖြစ် တာဝန်ယူရမှာလေ၊ အဘိုးရဲ့ နောက်ဆုံးအချိန်အတွက် ဓမ္မကို အားထုတ်နိုင်သလို စားရေးသောက်ရေးလည်း လုံးဝ မပူရတော့ဘူးပေါ့"

"ဟေ"

"အဲဒါ အဆင်ပြေသားပဲ အဖေရ၊ ဒီဓမ္မရိပ်သာမှာ လူကြီးဆိုတာကော နည်းသလား ဒါနဲ့ သား"

အဖေက သူ့အဖေအတွက် စီစဉ်ပေးထားတာကို ထောက်ခံလိုက်ပြီး သူတို့ လင်မယားအတွက်လည်း ဘယ်လိုလုပ်ပေးခဲ့မလဲဆိုတာ သိချင်သလိုမျိုး စကားစလာလို့ ကျွန်တော့်ရဲ့ ကျေးဇူးဆပ် အစီအစဉ်ကို ချပြလိုက်ပါတယ်။

"ဒီဘဝ ဒီခန္ဓာ ဒီရုပ် နောက်ဆုံးအသုတ်ဖြစ်ဖို့ အဖေနဲ့အမေ့ကို သာသနာ့ဘောင် သွတ်သွင်းပေးခဲ့ပါ့မယ်"

"ဟင်"

"ဘာ"

ကျွန်တော့်စကားကြောင့်တော့ အဖေနဲ့အမေ အကြီးအကျယ် တုန်လှုပ်သွားပုံပါပဲ။

"သပိတ်တစ်လုံး ဖန်းတစ်ချပ်နဲ့ ဘဝကို ဖြတ်သန်းရတာ ပြဿနာ မဟုတ်ဘူး ငါ့သား၊ အိုမင်းမစွမ်း ဖြစ်လာတဲ့အချိန်အတွက် ကျန်းမာရေးစရိတ်လေးတောင် ချန်ပေးမထားခဲ့ဘူးလား"

"အဲဒီအတွက်လည်း မပူပါနဲ့အဖေ၊ ပြခန်းတင်ထားတဲ့ ကျွန်တော့် ပန်းချီကား နှစ်ဆယ် ရှိပါသေးတယ်၊ အဲဒါ အဖေနဲ့အမေ့အတွက်ပါ၊ အဲဒီကားတွေ ရောင်းရငွေက ထိုင်းအထိသွားပြီး ဆေးကုလို့ ရတယ်၊ အဖေတို့နာမည်တွေနဲ့ အကုန်လွှဲထားခဲ့ပြီးပါပြီ"

အဖေက အမေ့ကို လှည့်ကြည့်ပြီး ခေါင်းကြီးငုံ့သွားတယ်။ ကျွန်တော်လည်း ဘေးက လရောင်ဖွေးကို ဖေးမပြုံးပြပြီး ပန်းချီကားတစ်ချပ် လက်ဆောင်ပေးလိုက်တယ်။ ဖွေးလည်း မျက်နှာမကောင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်က ဖွေးကို သိန်းနှစ်ရာကျော်လောက် ပေးခဲ့တဲ့ သဘောပါ။ ဒါဟာ ရှားပါးလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရှေးပန်းချီကျော် တစ်ယောက်ရဲ့ ပန်းချီကားလေ။ ဒီပန်းချီကား ဖွေးလက်ထဲ ရောက်နေတာသာ ပန်းချီမှုဆိုးတွေ သိသွားရင် ဖွေး ငွေရပြီပေါ့။ ဒါ ချစ်သူအတွက် နောက်ဆုံး လက်ဆောင်ပဲ ဆိုပါတော့။

အိမ်မှာလက်ကျန်အဖြစ် ရှိနေတဲ့ ပိုက်ဆံတွေနဲ့ အတွင်းပစ္စည်းတွေကိုတော့ ဆွေမျိုးတစ်သိုက်ကို ခွဲဝေပေးလိုက်ပါတယ်။ အဲဒီနောက်မှာ ကျွန်တော့် အိမ်လည်း လူရှင်းသွားတယ်။ ကျွန်တော့်ပိုင်ဆိုင်မှု အားလုံးလည်း ပြောင်တလင်း ခါသွားခဲ့ပါပြီ။ အခုပဲ ဒီတိုက်ကြီးကို မေ့ရိပ်သာအဖြစ် လှူလို့ ရေစက်ချတာများ တောင် နာပြီးသွားပြီ။ မှတ်မှတ်ရရ ကျွန်တော် ဆေးရုံပေါ်က ဆင်းလာပြီး တစ်လပြည့်တဲ့နေ့ပါပဲ။

ကျွန်တော် အခန်းတစ်နေရာမှာ ငုတ်တုပ်ထိုင်ရင်း သေမင်းတံခါး ခေါက်သံကို အေးအေးဆေးဆေး နားစွင့်နေခဲ့တယ်။ ဘာပိုင်ဆိုင်မှုမှ မရှိတော့တဲ့ လူတစ်ယောက်အနေနဲ့ ထူးထူးဆန်းဆန်း စိတ်တွေ ငြိမ်းချမ်းနေတာ အံ့ဩစရာပါပဲ။ ကျွန်တော် မျှော်နေတာ သေမင်း။ ရောက်လာတာက စိန်ဝင်းပါ။ အမောတကော နဲ့ ပြူးပြူးပျာပျာပါပဲ။

“ဟေ့ကောင် စိန်ဝင်း ဘာဖြစ်လာတာလဲ”

“သွားပြီ ဆရာ သွားပြီ”

“ဘယ်သူ သွားတာလဲကွ”

“ဆရာနဲ့အတူ ဆေးရုံတက်ခဲ့တဲ့ တစ်ဖက်ခန်းက လူနာလေ၊ သူ့နာမည် က လည်း ကိုမင်းခေါင်ပဲ တဲ့၊ အခု သူ ဆုံးသွားပြီ”

“အေးလေ သူ ဆုံးတာ ဘာဖြစ်လဲ”

“ဘာဖြစ်ရမလဲ နာမည်တူတဲ့လူချင်း ဆေးစစ်ချက် အဖြေစာရွက် မှားသွားတာတဲ့”

“ဘာ ဒါ ဒါ ဒါဆို”

“ဟုတ်တယ် ဆရာ့မှာ ကင်ဆာမရှိဘူး၊ ဘာရောဂါမှ မရှိဘူးတဲ့ ဆရာရဲ့”

“ဟား ဝမ်း ဝမ်းသာလိုက်တာ စိန်ဝင်းရာ၊ ငါ ငါ မသေတော့ဘူးပေါ့ ဟုတ်လား”

“ဟုတ်တယ် ဆရာ နာမည်တူတစ်ယောက်က ကြွသွားပြီ”





ကျွန်တော့်ကံကြမ္မာက ရမ်းရမ်းကားကားနဲ့ ဆန်းပြားလွန်းနေတယ်။ အသည်းကင်ဆာနဲ့ သေတော့မယ်ဆိုလို့ ရှိသမျှ စည်းစိမ်ပုံအောလှူခဲ့ပြီးမှ မသေတော့ဘူးတဲ့။ ကဲ ဘယ်လိုလုပ်ကြမလဲ၊ ဘာမှမတတ်နိုင်တော့ဘူးလေ။ မေ့ရိပ်သာ အဖြစ် ပြောင်းလဲသွားပြီဖြစ်တဲ့ ကျွန်တော့်တိုက်ကြီးပေါ်က စိန်ဝင်းကို အဖော်ပြုပြီး ဆင်းရုံပဲ ရှိတော့တာပေါ့။

အခုတော့ သိန်းထောင်ကျော် ချမ်းသာကြွယ်ဝတဲ့ အာဆီယံကျော် ပန်းချီဆရာကြီး မင်းခေါင် တစ်ယောက် စိန်ဝင်းရဲ့ ယာတဲလေးမှာ ခိုကပ်နေရတယ် ဆိုရင် ယုံကြမှာတောင် မဟုတ်ဘူး။ ဒါပေမဲ့ တကယ်ပါ ကျွန်တော့်ရဲ့ ပဉ္စလက် ဆန်တဲ့ ဘဝဇာတ်လမ်းက ဂျာနယ်စာမျက်နှာတွေပေါ်မှာ ဟိုးလေးတကျော်ပဲ။ ဒါကြောင့် ကျွန်တော် တစ်ယောက်ယောက်ကို မျှော်နေမိတယ်။ ဘာမှမရှိတော့တဲ့ ဘဝမှာ အားပေးစကား ပြောမယ့်လူတစ်ယောက်ကို မျှော်နေမိတယ်ဆိုပါတော့။ အင်း ဒါပေမဲ့ ဘယ်သူမှ ပေါ်မလာခဲ့ပါဘူး။ အေးချမ်းတဲ့ ယာတောအလယ်က အနားယူနေတဲ့ ကျွန်တော့်ဘေးမှာ စိန်ဝင်းတစ်ယောက်ပဲ ရှိပါတော့တယ်။

“ကဲ ဆရာ ဆရာ့သတင်းလည်း ကြားရော ဘယ်ဆွေမျိုးကများ သတင်းလာမေးဖော်ရသလဲ”

“အေးကွာ အမျိုးတွေ မလာတာ ထားပါတော့၊ ငါ့အပေါ် သိပ်ချစ်ပါတယ်ဆိုတဲ့ ငါ့ချစ်သူ လရောင်ဖွေးကို ငါမျှော်နေမိတာ”

“အင်း အဲဒါ အမြတ်ပေါ့ ဆရာရယ်၊ ဆရာ့ဘေးနားက လူတွေ အကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်ရတာပေါ့၊ အရင်တုန်းက ဆရာပန်းချီ ကျောင်းတက်ပြီး မွဲနေတဲ့အချိန် ဆရာ့အမျိုးတွေ အားလုံး ဆရာ့ကို ပစ်ပယ်ထား ခဲ့တာလေ”

“ပြောမနေပါနဲ့တော့ကွာ”

“မပြောလို့ ဖြစ်မလား ဆရာရဲ့၊ ဒီပညာနဲ့ပဲ ဆရာ အောင်မြင်လာတော့ ဝိုင်းဝိုင်းလည် လာကပ်ကြတာပဲ မဟုတ်လား၊ ဟော ခုတလော ဆရာ့မှာ ဘာမှ မရှိတော့မှန်းလည်းသိရော ရှောင်သွားကြပြန်တာပဲ မဟုတ်လား”

“အမှန်တွေချည်းပါပဲ စိန်ဝင်းရာ”

“ဒါပေမဲ့ ဆရာရဲ့ ချမ်းသာကြွယ်ဝမှုဟာ ဆရာဖန်တီးတဲ့ ပန်းချီကား တွေက တစ်ဆင့် ဖြစ်လာတယ်ဆိုတာ သူတို့မသိကြလို့ပါ။ ဆရာသာ ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်ရေးရင် အရင်ဘဝ ခဏလေးနဲ့ ပြန်ရလာမှာပါ အားမငယ်ပါနဲ့ ဆရာ"

စိန်ဝင်းရဲ့ အားပေးစကားကြောင့် ကျွန်တော် ပြုံးလိုက်မိပါတယ်။ ကျွန်တော် စိတ်ဆင်းရဲနေလိမ့်မယ်လို့ ထင်နေတာကိုး။ တကယ်တော့ ကျွန်တော် အခုအချိန်းကို စိတ်ချမ်းသာပြီး ငြိမ်းအေးမှုတွေ ခံစားနေရတာပါ။

"စိန်ဝင်း မင်းက ငါ့ကို စိတ်ဆင်းရဲနေတယ်လို့ ထင်နေတာကိုး။ မဟုတ်ဘူး စိန်ဝင်း အခု ငါ အကြီးအကျယ် စိတ်ချမ်းသာနေတာ၊ ငါတို့မှာ ငါ့ရဲ့ စရိတ် သိန်းနှစ်ဆယ် ရှိသေးတယ်လေ၊ ငါ့အပေါ် စိတ်ထားမပြောင်းတဲ့ မင်း အတွက် ဆယ်သိန်းယူလိုက်၊ ကျန်တဲ့ငွေနဲ့ တို့တွေ စားသောက်ပြီး ပန်းချီ တွေ ငါပြန်ရေးမယ်၊ ဒါပေမဲ့ ရလာတဲ့ငွေကို လူချမ်းသာမှုအတွက် မသုံးတော့ ဘူး၊ စိတ်ချမ်းသာမှုအတွက်ပဲ လှူပစ်မယ်၊ လှူဖို့အတွက်ပဲ ပန်းချီရေးတော့မယ် စိန်ဝင်း"

"ဟား ကောင်းလိုက်တာ ဆရာရယ်၊ ဒါမှ ဆရာ့တမလွန်ဘဝအတွက် စစ်မှန်တဲ့ ရိက္ခာထုပ်ဖြစ်မှာ၊ အဲဒါ အမှန်မြတ်ဆုံး ဓမ္မအမွေပဲ ဒါန မျိုးစေ့"

ဂေါ်ဖီ ဆလပ်နဲ့ မုန့်ညင်း စိုက်ခင်းတွေကို ဖြတ်သန်းတိုးဝှေ့လာတဲ့ လေပြည်လေညင်းက စိမ့်နေအောင် အေးမြနေတယ်။ အပြင်မှာ အေးစိမ့်နေသလို ကျွန်တော့် ရင်ထဲမှာလည်း ငြိမ်းချမ်းနေပါတယ်။ ကျွန်တော့် အတွေးထဲမှာ ဘာဝန်ထုပ်ဝန်ပိုးမှ မရှိတော့ပါဘူး။ ပကတိ ပေါ့ပါးလန်းဆန်းပြီး တအား ငြိမ်းချမ်းနေတယ်။ အနာဂတ်လမ်းက တကယ့်ကို ဖြောင့်ဖြောင့်တန်းတန်း ထင်းထင်းကြီး ဖြစ်နေခဲ့ပါပြီ။

ကျွန်တော်ဟာ ဘီ(လ်)ဂိတ် မဟုတ်သလို မာသာထရီဆာလည်း မဟုတ်ပါဘူး။ ဒီလိုပဲ ဘီ(လ်)ဂိတ်နဲ့ မာသာထရီဆာတို့ဟာလည်း ဗုဒ္ဓဘာသာဝင် တွေ မဟုတ်ကြပါဘူး။ ဒါပေမဲ့ သူတို့လုပ်ရပ်တွေက ဗုဒ္ဓတရားတော်နဲ့ ညီပြီး ကိုယ်ကျိုးမဖက်ဘဲ အများအတွက် ပေးဆပ်သွားကြတဲ့ တကယ့် လူသူတော်ကောင်း တွေပါ။ ကျွန်တော် သူတို့ကို တကယ်ပဲ လေးစားအားကျမိပါတယ်။

ဒါန ဒီတားဂျင့်(န်)သုံးပြီး လျှော်ဖွပ်လိုက်ရင် စိတ်မှာ စွန်းထင်းကပ်ငြိ နေတဲ့ ကိလေသာ အညစ်အကြေးတွေ ကင်းစင်သွားလိမ့်မယ် ထင်ပါရဲ့။

ပျိုး



PUBLISHED BY VIEW

# ပျိုး

## ကြာပွတ်တစ်ချောင်းရဲ့ကျမ်းစာ



www.burmeseclassic.com

www.burmeseclassic.com

# ကြာပွတ်တစ်ချောင်းရဲ့ကျမ်းစာ

အနားသတ်မဲ့ ကောင်းကင်ပြင်က ပြာလွင်ကြည်လှဲ့လျက် အဆုံးအစမရှိ ပြန့်ပြော ကျယ်ဝန်းလွန်းလှသည်။ ထိုကောင်းကင်မှ တိမ်တို့အား သိကြားမင်းက ထွန်ယက် ဆော့ကစားထားလေသည်လား မသိ။ မွစာကျဲကာ ထုထည်မဲ့နေ၏။ တိမ်နှင့်ပင်လယ် ထိစပ်ရာ ကျောက်ဆောင်ထက်ဆီမှ စင်ရော် တစ်အုပ်ထိုးထွက် ပျံသန်းလာပြီး ရေပြင်ထက် ဆင်းသက်ပျော်မြူးနေကြသည်။

ဘာသာဘာဝ အစာရှာကြရင်း ယောက်ယက်ခတ် လှုပ်ရှားနေပုံက ကြည့်၍ပင် ကောင်းသေး၏။ အပြာရောင် ကောင်းကင် အစိမ်းရောင် အုန်းတောအဝါရောင် သဲပြင်တို့နှင့် သဘာဝ ပန်းချီကားကလည်း ရှုမငြီးချင်စရာ၊ စင်ရော်ငှက်တို့ အော်မြည်သံ တဂီးဂီး လှိုင်းရိုက်သံ တဝုန်းဝုန်းတို့ကလည်း ရှခင်းကို ပိုမိုအသက်ဝင်အောင် ပံ့ပိုးပေးနေသလို ရှိသည်။

ရေလှိုင်းများ စည်းချက်ညီညီ ရိုက်ပုတ်လျက်ရှိသော သဲသောင်ပြင်အဆုံးတွင် ရွာကလေးတစ်ရွာ ရှိသည်။ သောင်စပ်တွင် အရွယ်စုံလှေများ ဆိုက်ကပ်ထားသော်လည်း တံငါဖြင့် အသက်မမွေးဘဲ ရွာသားအားလုံး၏ အဓိက အသက်မွေးဝမ်းကျောင်းမှုမှာ ပုလဲငုပ်ခြင်းသာ ဖြစ်သည်။

ဖြူလွလွ ဝါကျင့်ကျင့် သဲသောင်စပ်နှင့် ရွာလေးအတွင်း [illegible]



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com

အမှိုက်များ မရှိသလို ခေတ်ပေါ် လူ့အသုံးအဆောင် ပစ္စည်းများလည်း မရှိချေ။ ဂလိုဘယ်လိုက်ဇေးရှင်း စက်ဝန်းထဲမှ ကင်းလွတ်နေသော ရွာကလေးပင် ဖြစ်ပုံရ၏။

ထိုရွာထဲတွင် ယောကျ်ားမှန်သမျှ စွပ်ကျယ်နှင့် နံငယ်ပိုင်းသာသာ ပုဆိုးကို ဖက်ဆင်ကြပြီး အမျိုးသမီးများက ထဘီရင်လျားနှင့်သာ တွေ့ရသည်က များ၏။

ကလေးယောကျ်ားလေး အများစုက ကိုယ်လုံးတီးနှင့် ပြေးလွှားဆော့ကစားနေတတ်ပြီး ငါးနှစ်ကျော်သော မိန်းမလေးများကိုမူ အရှက်လုံအောင် ဖုံရုံလေး ဝတ်စားပေးထားသည်။

ဆယ်နှစ်ဝန်းကျင်မှသာ ရှင်မီးအင်္ကျီ ညစ်ထပ်ထပ် အရောင်လွှင့်ဆေးပြယ် စကပ်တို့,ဂါဝန်ဖို့ရှိဖားယားနှင့် အလှဆင်ပေးထား၏။

ထိုရွာတွင် ရွာလူကြီး ရှိသော်လည်း နတ်ဆရာက အဓိပတိ ဖြစ်၏။ စာပေမတတ်ကြသည့်အထဲ ရှေးရိုးစွဲ၊ ခေတ်နောက်ကျ ကျန်ခဲ့သည့် နတ်ဆရာ၏ ဆုံးမမှုအောက်တွင် အမှုအခင်း အနည်းဆုံးနှင့် နေထိုင်ခဲ့ကြသည့် လူ့အသိုက်အဝန်းတစ်ခုသာ ဖြစ်သည်။ ရွာသားများက ပုလဲငုပ်,ငှက်သိုက်ရှာ, ငါးစည်ပေါင်းရှာနှင့် ပင်ပင်ပန်းပန်း အသက်ကိုရင်း၍ လုပ်ကိုင်ကြရသလို ရွာသူများက လှေလှော်ကာ အဖော်လိုက်ပေးရင်း ပင်လယ်သတ္တဝါများကို မိသားစု စားလောက်ရုံသာ ဖမ်းဆီးကြသည်။

ဒီရွာကလေးဆီသို့ မြို့မှ ကုန်သည်စက်လှေ နှစ်စီးသုံးစီးခန့် တစ်လနှစ်လလျှင် တစ်ကြိမ်လောက် လာရောက်လေ့ရှိ၏။ စက်လှေပေါ်တွင် ဆန်ဆီဆား ငရုတ် စသော အဓိက စားသောက်ကုန်နှင့် အဝတ်အထည်များ စောင်များ ပေါ်လာလေ့ ရှိသည်။ ဒီရွာမှာ ပိုက်ဆံဟု ခေါ်သော ငွေကြေးကို မသုံးကြဘဲ ကုန်သည်ချင်း တိုက်ရိုက်ဖလှယ်သည့် စနစ်ကိုသာ အဓိက အသုံးပြု၏။ ရွာလူထု၏ ပိုက်ဆံသည် ပုလဲ၊ ငှက်သိုက်နှင့် ငါးစည်ပေါင်းတို့သာ ဖြစ်သည်။

ကုန်သည်များက အဖိုးတန်ပုလဲနှင့် ပင်လယ်ထွက် ရတနာများကို ေပါစား အဝတ်အစား၊ အရည်အသွေး ညံ့ဖျင်းသော စားသောက်ကုန်များနှင့် တန်ဖိုးသင့်၍ လဲလှယ်ယူကြသည်။

မတရားအမြတ်ထုတ် ဂုတ်သွေးစုပ်နေမှန်း သိသူတချို့ ရှိသော်လည်း





ကိုယ်တိုင် မြိတ်မြို့သို့တက်၍ ပစ္စည်းများရောင်းချရန် ကြံ့ခိုင်လုံလောက်သည့် အင်ဂျင်တပ် စက်လှေမရှိသဖြင့် ထုံးစံအတိုင်း မဖြစ်ညစ်ကျယ် ပေးသမျှနှင့်သာ လဲလှယ်ပြီး ရောင့်ရဲနေကြရသည်။

လောကပါလ တရား၏ ကရုဏာ လက်ဆောင်ဟုပဲဆိုဆို၊ သဘာဝတရားနှင့် လိုက်လျောညီထွေ နေထိုင်နိုင်စွမ်းသော မျိုးရိုးဗီဇဟုပဲ ပြောပြော အများစုက ကျန်းမာရေး ကောင်းကြ၍သာ တော်တော့၏။ မွဲခြောက်ခြောက် ဆံပင်နှင့် နေလောင်ထားသော အသားအရေပိုင်ရှင်၊ ထိုရွာသားများကတော့ ရေအိုင်ကွက်မှ ဖားသူငယ်ကဲ့သို့ အတိတ် အနာဂတ်မတွေးဘဲ ပျော်မွေ့နေကြလေသည်။

ဘဏ်မရှိ၊ စာသင်ကျောင်းမရှိ၊ ကာရာအိုကေမရှိ၊ ရဲစခန်းမရှိ၊ နိုက်ကလပ်မရှိ၊ ဆေးရုံမရှိသည့် ထိုရွာလေးတွင် နတ်ဆရာနှင့်အပြိုင် တန်ခိုးထွားသူတစ်ဦးတော့ ရှိနေပါသည်။ သူက ရှစ်တန်းလောက်ထိ ကျောင်းနေဖူးပြီး မြို့က ကိုယ်ပိုင်ဆေးခန်း တစ်ခုတွင် အလုပ်လုပ်ခဲ့ဖူးသော အင်္ဂလိပ်စာ လေးငါးဆယ်လုံးလောက် ပြောဆိုနိုင်စွမ်းရှိသည့် အောင်တင့် ဆိုသူ ဖြစ်၏။

ဆရာဝန်ယောင်ယောင် ကျန်းမာရေးမှူးယောင်ယောင်နှင့် ရောက်လာပြီး စတည်းချနေထိုင်ရင်း လုပ်စားလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒပင် မနည်းတော့။ ဘယ်ရွာသူ ဘယ်ရွာသားဖြစ်ဖြစ် အကိုက်အခဲပျောက်ဆေး တိုက်ပြီး မိုးရေထိုးပေးသည်နှင့်ပင် မူလကတည်းက ကိုယ်ခံအားကောင်းသော ရွာသားများ ကျန်းမာချမ်းသာသွားကြသဖြင့် အခြောက်တိုက် နာမည်ကြီးကာ တန်ခိုးထွားလာသူလည်း ဖြစ်သည်။

သူက လည်လည်ပတ်ပတ်ရှိသော ရွာခံချာတိတ်တစ်ယောက်အား ကျောသပ် တပည့်မွေးရင်း ရွာသူရွာသားတို့အကြောင်း နောကျေအောင် သိထားသူလည်း ဖြစ်၏။ ကြားဖူးနားဝနှင့် အဖြစ်များသော ရောဂါအကြောင်း အတော်အတန် နှံ့စပ်သူဖြစ်၍ စာမတတ်သော ရွာသားများကို ညာဝါးနိုင်ခြင်းမှာလည်း မဆန်းလှပေ။ သူ၏ ကုထုံးများထဲမှ တစ်ရွာလုံး ပြောမဆုံးအောင် သတင်းထွက် ဖြစ်ခဲ့ရသော အဖြစ်တစ်ခုကိုပဲ ကြည့်ပါဦး။

အသက် ၇၀ ကျော်အရွယ် ဒေါ်ဖွားအုံ ဆိုသူ မုဆိုးမကြီးတစ်ယောက် ကျုံ့ထိုးနေ၍ ဒေါက်တာရမ်းကု အောင်တင့်ထံ လာပြဖူးသည်။ အောင်တင့်က



www.burmeseclassic.com

www.burmeseclassic.com

ကျို့ထိုးနေသည်မှာ တစ်ရက်လောက်ရှိပြီဖြစ်၍ ဒေါ်ဖွားအုံမှာ စကားပင် ကောင်းကောင်း မပြောနိုင်တော့။

ထိုကျို့ထိုးသော ရောဂါကို အောင်တင့် ကုသပုံက နားကြပ်နှင့်စမ်းသပ်ပြီး မလိုအပ်ဘဲ သွေးပေါင်ချိန်၏။ အရေးအပါဆုံး စစ်ဆေးမှုအနေနှင့် ဒေါ်ဖွားအုံ၏ ဝမ်းဗိုက်ကို အချိန်အတော်ကြာ စမ်းသပ်သည်။ ပြီးမှ နားကြပ်ကို နားမှချွတ်၍ လည်ဂုပ်တွင် ပြောင်းချိတ်လိုက်ရင်း

"အဘွားမှာ ကိုယ်ဝန်ရှိနေတာ"ဟု ပိုင်ပိုင်နိုင်နိုင် ပြောသည်။

အသက်(၇၀)ကျော်ပြီဖြစ်သော ဒေါ်ဖွားအုံမှာ ရှက်လွန်းလှသဖြင့် သူလင်သားဆုံးတာ ကြာလှပြီဖြစ်သည့်အပြင် သွေးဆုံးတာလည်း ကြာလှပြီ ဖြစ်ကြောင်း ပြောကာ ရှိုက်ကြီးတငင် ငိုသည်။

ဒေါ်ဖွားအုံကို လိုက်ပို့သော ချွေးမ ဖြစ်သူကလည်း မကျေမနပ်နှင့် အောင်တင့်အား ရန်တွေ့၏။ အောင်တင့်က အပြုံးမပျက်။

"ဆန္ဒမစောပါနဲ့ဗျာ၊ အဘွားမှာ ကိုယ်ဝန်ရှိတာ မဖြစ်နိုင်ဘူးဆိုတာ မှန်ပေမယ့် အခု ကျို့ထိုးပျောက်သွားပြီ မဟုတ်လား"

ထိုအခါမှ ချွေးမနှင့်ဒေါ်ဖွားအုံ ကိုယ်တိုင် ကျို့ထိုးပျောက်သွားတာကို သတိပြုမိပြီး ဝမ်းသာသွားကြ၏။ အောင်တင့်က သူ့ကုထုံးကို ဤသို့ရှင်းပြသေးသည်။

"အမှန်တော့ ကျို့ထိုးတာ ပျောက်အောင်လုပ်ဖို့ဆိုတာက အထိတ်တလန့် ဖြစ်အောင်လုပ်ရင်လုပ်၊ ဒါမှမဟုတ် အကြီးအကျယ် အံ့သြဝမ်းသာသွားအောင် လုပ်ရတာ၊ စိတ်ခံစားမှုကို ပြောင်းပေးလိုက်တာပေါ့၊ အခု အဘွားမှာ ကိုယ်ဝန်ရှိတယ်ဆိုတော့ သိပ်ကို အထိတ်တလန့် ဖြစ်မသွားဘူးလား"

"ဖြစ်သွားတာပေါ့ ဟဲ့"

"အဲဒီ ထိတ်လန့်မှုကပဲ ကျို့ထိုးတာကို ပျောက်သွားစေခဲ့တာပေါ့ အဘွားမှာ ဘာကိုယ်ဝန်မှ မရှိပါဘူး၊ ရောဂါလည်း ပျောက်သွားပြီ"

ဒေါ်ဖွားအုံနှင့် ချွေးမဖြစ်သူတို့ သဘောကျ ကျေနပ်သွားကာ အညှော်အသွေး ခပ်ညှံ့ညှံ့ ပုလဲတစ်လုံးကို ဆေးဖိုးအဖြစ် ပေးသွားခဲ့၏။ သို့ဖြစ်၍ ဒီရွာလေးမှာတော့ ပုလဲ အသုံးပြု တန်ဖိုးဖြတ်ခြင်းသည်လည်း ထိရောက်သော ငွေကြေးဖလှယ်မှု စံနှုန်းတစ်ခုသာ ဖြစ်သည်။





ဒေါ်ဖွားအုံ ကျို့ထိုးတာ ပျောက်သွားသည့်အကြောင်း တစ်ယောက်တအစ တစ်ရာဆိုသလို ရယ်စရာအဖြစ် ပြောနေကြသော်လည်း ပရိယာယ် မာယာ သုံး၍ ကုသပေးတတ်သော အောင်တင့်က နာမည်ကြီးသွားခဲ့၏။

တကယ်တော့ အောင်တင့်က ရွာလူထု၏ အသိဉာဏ်နည်းပါးမှုနှင့် ခေတ်နောက်ကျ ကျန်ရစ်မှုကို အခွင့်ကောင်းယူကာ ဘနဖူးသိုက်တူးနေသော တစ်ကိုယ်ကောင်းသမား တစ်ဦးသာဖြစ်သည်။ ဘာမှ မရလျှင် ဘယ်သူ့ကိုမှ ကုမပေးဘဲ အိမ်တိုင်ရာရောက် လိုက်ကုပေးသည့်အခါများမှာ ပို၍ သရဲမရဲစီးလေ့ ရှိသည်။ ပုလဲ မရလျှင် ငှက်သိုက်လောက်တော့ အရယူသည်။ နောက်ဆုံး ဘာမှမရှိလျှင်တောင်မှ အလှချိတ်ထားသော ငါးမန်းစွယ် ဖြစ်ဖြစ် ဖြုတ်ယူသွားတတ်သည့် လူစားမျိုး ဖြစ်သည်။

ထိုရွာလေး၏ အစွန်အဖျား၊ ကျွန်းပေါ်မှ တောင်ကုန်းလေးနှင့် ထိစပ်နေသော နေရာတွင် တဲအိမ်လေးငါးလုံးခန့် ရှိ၏။ ထိုလေးငါးလုံးမှ ကလေးအရွယ်စုံအား စာရင်းကောက်လိုက်လျှင် ဆယ့်ငါးယောက် ရှိသည်။ သူတို့၏ လူနေမှုပုံစံအရ ဘယ်သူမှ အလကား နေလို့မရသဖြင့် ကလေးများအားလုံး တောင်ကုန်းလေးပေါ်မှ တောအုပ်ထဲဝင်ကာ ထင်းချိုးထင်းကောက် လုပ်ကြရသည်။

ထိုသို့ ထင်းကောက်ထွက်ရင်း နီတာ ဆိုသော ကလေးတစ်ယောက် တောထဲတွင် ကင်းမြီးကောက် အထိုးခံရပြီး အဆိပ်မိလာခဲ့၏။ ထော့နင်း ထော့နင်းနှင့် ပြန်လာသော ကလေးက ညအရောက်မှာ အဖျားတက်လာသည်။ ကင်းမြီးကောက် ထိုးမိသော ဒဏ်ရာမှာလည်း ရောင်ကိုင်းလာ၏။ ထုံးစံအတိုင်း အဆိပ်ဖြေရွက်၊ ကြိတ်မှန်ရွက်တို့ အုံကာ ဆေးမြီးတိုနှင့် ကုသည်။ သက်သာမလာခဲ့။

အမြဲလို ရွှင်လန်းတက်ကြွနေတတ်သော သားလေး နီတာ၏ မျက်နှာမှာ မြင်ရက်စရာ မရှိလောက်ပင် ဖျော့တော့ ဖြူလျော် ညှိုးချုံးလာခဲ့သည်။ သားသမီးဖြစ်တော့ မိဘများ ဖြစ်သူ မာဒီနှင့် မယ်တို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြ၏။ ကွမ်းရွက်ပြုတ်ရည်နှင့်ငန်းဆေး တိုက်သော်လည်း အစွမ်းအာ မကျ။ မာဒီနှင့်မယ်အတွက် နီတာက တစ်ဦးတည်းသောသား ဖြစ်၍ စိတ်ဓာတ်ဝင်စင် အဖြစ်မခံနိုင်ကြဘဲ သောကများနှင့် အပူလုံးကြွနေကြ၏။

ကျန်းမာရေးအသိကလည်း မကြွယ်ဝကြသဖြင့် မပြုတတ်သဲ

www.burmeseclassic.com



ထိုင်ကြည့်နေကြရသည်။ သား၏အဖြစ်ကို ကြည့်ပြီး မိခင်ဖြစ်သူ မယံ မခံစားနိုင်တော့

"မာဒီ နင့်ကလေးကို ဆရာပင့်ပြီး ပြမှကောင်းမနော်၊ အဖျားသာကြီး အနာက ရောင်ကိုင်းနဲ့ ငါ စိတ်ပူသတော့"

"အေး အဖျားမကျတာ ကင်းမြီးကောက် အဆိပ်ကြောင့်ပဲ ဖြစ်မယ် တို့မှာရှိတဲ့ ပုလဲ အဖြုန်းလေးတွေနဲ့ပဲ ဆာရာ ပင့်ကြည့်ကြတာပေါ့"

မာဒီက ပြောပြောဆိုဆိုနှင့် ထင်းရှူးသေတ္တာ အစုတ်လေးကို ဖွင့်ပြီး ပုလဲကို ထုတ်ယူကာ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အပြင်မှာ လသာနေသဖြင့် ရွာလမ်းကို အတိုင်းသား မြင်နေရသော်လည်း မာဒီ့ရင်ထဲမှာတော့ တိမ်ညိုဆိုင်း၍ အုံ့မှိုင်းနေ၏။

မာဒီ သွက်လက်သော ခြေလှမ်းများနှင့် ဆရာအောင်တင့် အိမ်သို့ ဦးတည်ခဲ့သည်။ အတော်လှမ်းသော ခရီးအကွာအဝေးကို အပြေးအလွှား လာခဲ့သဖြင့် အောင်တင့်အိမ်ရောက်တော့ မာဒီ ဟောဟဲလိုက်နေ၏။ ဆရာအောင်တင့်အိမ် ဆေးခန်းက တံခါးတွေ အကုန်ပိတ်ထားသော်လည်း အထဲမှ မီးရောင်ကို လှမ်းမြင်နေရသေး၍ အသံကုန်ဟစ်ခေါ်မိသည်။

"ဆရာ ဆရာအောင်တင့် ဗျို့ဆရာကြီး ငါ မာဒီပါ၊ ငါ့ကလေး ဖျားနေလို့ လိုက်ကြည့်ပေးပါ"

ထိုအချိန်တွင် အောင်တင့်က တပည့်ကျော် ရာသီးကို နှိပ်နှိုင်းပြီး စိမ်ယူနေသည်။ မာဒီ အော်ခေါ်သံကို ကြားတော့ ရာသီးအား လက်ခါပြလိုက်၏။ လေသံတိုးတိုးနှင့် ပြောသေးသည်။

"ဟေ့ကောင် ရာသီး၊ မာဒီရဲ့ ပုလဲက အဖြုန်းတွေ၊ တစ်နေ့ကလည်း အဲဒါတွေနဲ့ ဆေးလာဝယ်သေးတယ်၊ သုံးမရတဲ့ဟာတွေအတွက် အချိန်ကုန်ခံလို့ မဖြစ်ဘူး၊ ငါ မရှိဘူးလို့သာ ပြောလိုက်"

"အေး အေး ဆရာ၊ ငါ ပြောလိုက်မယ်"

ရာသီးက အောင်တင့် အမိန့်အတိုင်း တံခါးကို အသာလှပ်၍ ဆရာ မရှိကြောင်း ပြော၏။ မာဒီက မယုံသလို အိမ်တွင်းသို့ မျက်လုံးဝေ့ကြည့်ရင်း

"ရာသီး ငါ့သား အဖျားကြီးနေလို့ ဆရာ့ကို ခေါ်ပေးပါ၊ လုပ်ပါကွာ ငါ့ကို ကူညီပါ"





"ရော့ မာဒီရယ်၊ မရှိလို့ ဆိုနေတဲ့ဟာကို သွား သွား"

"မဟုတ်ပါဘူးကွာ၊ ငါ့မှာ ဆေးဖိုး ပုလဲတွေ ပါပါတယ်ကွ လုပ်ပါ"

"နင့်ပုလဲ အဖြုန်း ဘာလုပ်မှာတုံး၊ သွားချီ ဆို သွား သွားတော့"

တံခါးက ဝုန်းခနဲ ပြန်ပိတ်သွားသည်။ မာဒီ့ရင်ထဲ မီးလောင်မြိုက်သလို အပူလှိုင်းတွေ ဟုန်းဟုန်းတောက်သွား၏။ ဝေဒနာ ခံစားနေရသော သားငယ်၏ ရုပ်သွင်နှင့် ပရိဒေဝ တောက်လောင်နေသော မယံ၏ မျက်နှာကို မြင်ယောင်ပြီး သောက လှိုင်းတံပိုးက ရင်ခွင်အနှံ့ ပြင်းပြင်းထန်ထန် ရိုက်ခတ်သည်။

တံခါးကြားမှ မြင်ရသော မီးရောင်ပင် ဖျတ်ခနဲ ပျောက်သွား၏။ သူ သိပါသည်။ ဆရာအောင်တင့် အထဲမှာရှိနေမှန်း သူ ကောင်းကောင်း သိ၏။ သူ့ပုလဲများ အရည်အသွေး မကောင်းသဖြင့် တမင်တကာ လိုက်မကြည့်မှန်း သိနေ၍ ပိုပြီး ခံစားရသည်။

အပြန်လမ်းသည် မူလအကွာအဝေးအတိုင်းပင် ဖြစ်သော်လည်း ပင်ပန်းကြီးစွာ လျှောက်လှမ်းနေရသည်ဟု ထင်မိသည်။ ခြေလှမ်းတိုင်းက လေးလံနေ၏။ သားလေး ဒီထက်ပိုပြီး အဖျားကြီးလာလျှင် ဒုက္ခဟု တွေးမိ၍သာ အိမ်သို့ ပြန်လာခြင်း ဖြစ်သည်။

သူ အိမ်ပေါ်တက်လိုက်သည်နှင့် မျှော်လင့်ချက် မျက်ဝန်းဖြင့် တဖျတ်ဖျတ် လှုပ်ခါနေသော ဇနီးသည် မယံကို တွေ့ရသည်။

"မာဒီ ကြာရန်ကော၊ ဆရာ ဆရာ ပါလာတယ် မဟုတ်လား"

"အေးကွာ တောင်ပိုင်းကို လူနာသွားကြည့်တာ ပြန်မလာသေးလို့တဲ့"

"အိုး ဒုက္ခကြီးပါဘိ သား အဖျားမကျဘူး၊ နင်တစ်ခုခု ကြည့်လုပ်ဦး"

"လောလောဆယ် ကွမ်းရွက်ပြုတ်ရည်သာ နာနာတိုက်ရော့ဟေ့"

"ဒုက္ခပါပဲဟာ"

မယံက မျှော်လင့်ချက်မဲ့သွားသလို အော်ဟစ်ငိုသည်။ ဇနီး၏ ငိုရှိုက်သံကို မကြားရအောင် ပင်လယ်ထဲ ဆင်းပြီး ရေငုပ်နေလိုက်ချင်သည်။ ဒီအတိုင်း ထိုင်ကြည့်နေရမည့်အစား တစ်ခုခု လုပ်နေတာ ပိုကောင်းမည်ဟု တွေးမိပြီး ရေနွေးတည်သည်။ ကြိတ်မှန်ရွက်ကို ထုထောင်း၍ ထိုအရည်ဖြင့် အနာတို့ကို လိမ်းကာ အရွက်ဖတ်များနှင့် အုံလိုက်၏။

မယံကတော့ သား၏ လက်လေးကို ဆုပ်ကိုင်လိုက်၊ ဆံပင်လေး သပ်

www.burmeseclassic.com



တင်လိုက်၊ နဖူးလေးစမ်းလိုက်နှင့် သောကကို ဖြေဖျောက်နေရှာသည်။ အချိုး ဆိုသော မာကြောက်ကြောက် လက်တစ်ဖက်သည် သားလေး၏ ကိုယ်ခန္ဓာအား လှုပ်ခတ်ကိုင်စယ်နေမှန်း ရင်နင့်စွာ လှမ်းမြင်နေရသည်။

ထိုညက မာဒီနှင့်မယံ သားကို စောင့်ကြည့်ကာ တစ်ယောက်တို့ တစ်ယောက် နှစ်သိမ့်ရင်းဖြင့် မိုးစင်စင်လင်းခဲ့သည်။ သားငယ် ကိုယ်ပူချိုးသွား သော်လည်း ကယောင်ကတမ်း ဖြစ်နေ၏။ ငန်းဖမ်းတာပဲ ဖြစ်မည်ထင်သည် တသိမ့်သိမ့် ရှိုက်ငိုနေသော မယံကို လက်တို့ခေါ်ထုတ်၍ ဆရာ ဘာကြောင့် လိုက်မလာတာလည်းဆိုတာ သေချာရှင်းပြရသည်။

ဆရာအောင်တင့်ထံမှ စေတနာ မေတ္တာကို မည်သည့်ပိုက်ကွန်နှင့်မှ အုပ်ဖမ်း၍ မရကြောင်း မယံ သိသွားသောအခါ ရှိုက်၍ ရှိုက်၍ ငိုရှာသည်။ မာဒီက ဒီနေ့ သူ ရေငုပ်ဆင်းမည်ဖြစ်ကြောင်း ဆရာအောင်တင့် ကြိုက်သည့် ပုလဲမျိုး ရှာဖွေယူခဲ့မည် ဖြစ်ကြောင်း အထပ်ထပ် ကတိပေးကာ ကြိုးနှင့် တွဲသီ ထားသော ဓားမြှောင်ကို ခါးတွင် ချည်ပြီး ထွက်လာခဲ့၏။

ကောင်းကင်နှင့် ပင်လယ်ကြီးက ခါတိုင်းလိုပင် ပြာလွင်လျက်၊ စင်ရော် တို့လည်း အုပ်ဖွဲ့ပျံသန်းမြဲ၊ ရေဇလာတွင် အစာရှာမြဲဖြစ်၍ အားလုံး အရင်အတိုင်း ပဲ ရှိနေသည်။ သားလေး နီတာကိုလည်း အရင်အတိုင်းပင် လန်းလန်းရွှင်ရွှင်နှင့် သူ မြင်ချင်လှသည်။ သားအသက်ကို ကယ်နိုင်မည့်သူမှာ အောင်တင့်သာ ရှိ၏။ အောင်တင့် အိမ်ကိုလိုက်ပြီး သားကို လာကြည့်နိုင်အောင် ပုလဲနှင့် မှ ရတော့မည်။

ထို့ကြောင့် အောင်တင့် ကြိုက်သော ပုလဲကို ရအောင် ရှာမည်ဟု စိတ်ပိုင်းဖြတ်ပြီး သူ၏ လှေငယ်ကို လှော်ခတ်၍ ပင်လယ်ပြင်ထဲ တန်းထွက်လာ ခဲ့သည်။

မာယာများလှသော ပင်လယ်ကြီးသည် နတ်ဆရာ၏ ကျိန်စာမိထား သလို ငြိမ်သက်တိတ်ဆိတ်နေ၏။ သူ၏ လှော်တက် ရေနှင့် ထိခတ်သံမှလွဲ၍ ဘာကိုမှ မကြားရ။ တံလျှပ်များ တလက်လက် ထနေသော ဘော်ငွေရောင် ပင်လယ်ပြင်သည် ထဘီသိမ်းမနိုင်သော အပျိုမ တစ်ယောက်လို လွန့်လွန့်လူး လူးနေသည်။

ဘဝပေးအသိအရ မုတ်ကောင်များ အများဆုံးရှိတတ်သည့် နေရာသွင်





လှေကို ကျောက်ချလိုက်၏။ မျက်စိတစ်ကမ်းအတွင်း ကျောက်ဆောင်ကြီးများက ရေအောက်မှ ဘွားခနဲ ပေါ်လာသော နဂါးကြီးများကဲ့သို့ မာန်ဝင့်နေကြသည်။ ပင်လယ်ပြင်သို့ အဖော်မပါဘဲ တစ်ကိုယ်တည်း ရေငုပ်ထွက်ခြင်းမှာ အန္တရာယ် အလွန်များကြောင်း မာဒီ ကောင်းကောင်းသိသည်။ သို့သော် မာဒီမှာ ဇောကပ် နေသည်။ သား၏အသက်ကို ကယ်တင်နိုင်ဖို့ ဘယ်လောက်ပင် အန္တရာယ်များစေ ဦးတော့ သူ စွန့်စားမည်မှာ ကေန်မုချဖြစ်၏။

လှေကို အားပြု၍ သူ ရေထဲသို့ ဆင်းလိုက်သည်။ လှေနံရံကို တွယ် ထားရင်း အသက်ကို ဝအောင်ရှူလိုက်၏။ အဆုတ်ထဲ လုံလောက်သော လေကို အပြည့်သွင်းပြီးသည်နှင့် လက်လွှတ်ပြီး ရေထဲသို့ ဦးစိုက်ကျွမ်းပြန် ထိုးဆင်းလိုက် သည်။

အသက်အောင့်ထားရင်း ရေကိုယက်၍ ပင်လယ်ကြမ်းပြင်ဆီသို့နက် သည်ထက် နက်အောင် ကူးခပ်ဆင်းသွားလိုက်၏။ ပြာလဲ့ကြည်လင်နေသော ရေပြင်ကမ္ဘာတွင် သက်ရှိရေသတ္တဝါမျိုးစုံတို့ ဘာသာဘာဝ သွားလာလှုပ်ရှားနေ ကြသည်။

ငါးအုပ်များနှင့် ငါးလိပ်စွန်တစ်ကောင်ကို ရှောင်တိမ်း၍ ပင်လယ်ကြမ်း ပြင်နှင့် ကျောက်ဆောင်များဆီသို့ အသေးစိပ် စူးစမ်းကြည့်လိုက်သည်။ သန္တာ ကျောက်တန်းတစ်ခုအနီးတွင် မုတ်ကောင် သုံးလေးကောင်ကို တွေ့လိုက်ရ၍ အားတက်သွားသည်။ အနီးဆုံး တစ်ကောင်ကို ဆွဲယူပြီး ဓားမြှောင်နှင့် ကလန့်ပြီး ဟကြည့်လိုက်သည်။ လက်သန်းထိပ်ခန့်ရှိသော ပြောင်ပြောင်လက်လက် ပုလဲ တစ်လုံး တွေ့ရသဖြင့် နိုက်ယူလိုက်၏။

ပုလဲက သိပ်မကြီးသော်လည်း ညီညာလုံးဝန်းပြီး အရည်လဲ့နေသည်။ ပုလဲကို ပါးစပ်ထဲ နှုတ်ခမ်းတော့ကာ စုတ်ယူသိမ်းလိုက်၏။ နောက်ထပ် မုတ်ကောင် တစ်ကောင်ကို လှမ်းယူလိုက်ချိန်မှာ ဆက်လက်ငုပ်နေနိုင်စွမ်း နည်းနေပြီဆိုတာ သူ သိလိုက်သည်။

သို့နှင့် မုတ်ကောင်ကို အပါယူ၍ ပင်လယ်ကြမ်းပြင်အား ခြေစုံတန်ကာ အပေါ်သို့ တစ်ရှိန်ထိုးတက်လိုက်သည်။ နားနှစ်ဖက်လုံး အူလာပြီး အဆုတ်များ ပေါက်ကွဲထွက်လုမတတ် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ရေပေါ်သို့ အသော့ကြီး ကူးခပ်တက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ ရေပေါ်တိုးအထွက်တွင် လေကို အငမ်းမရ ရှူရှိုက်လိုက်သည်။ ကိုယ်ဖော့ထားပြီး လှေကို လှည့်ပတ်ရှာသည်။ မြင်လွှာအပြောင်းအလဲတွင် မျက်စိတို့ ဝေသီနေ၏။ အားသည့်လက်တစ်ဖက်နှင့် မျက်လုံးကို ပွတ်သပ်ကြည့်မှ ခပ်လှမ်းလှမ်းမှ လှေကိုမြင်သည်။

အားအင်တို့ မကုန်ခမ်းမီ လှေဆီ ကူးခပ်နေပြန်၏။ လှေနံရံကို တွယ်မိမှ သက်ပြင်းချဖြစ်သည်။ မုတ်ကောင်ကို လှေပေါ်ပစ်တင်ရင်း လူပါ လှေပေါ် ပြန်တက်လိုက်၏။ အမောဖြေပြီးမှ ငုံလာခဲ့သော ပုလဲကို ထွေးထုတ်ကြည့်မိသည်။

အလုံးသေးသော်လည်း အရည်က ပထမတန်းမို့ မာဒီ စိတ်ချမ်းသာသွား၏။ ဒီတစ်ခါတော့ လှေဝမ်းထဲမှ မုတ်ကောင်၏ အလှည့်ပင်ဖြစ်သည်။ ဓားမြှောင်နှင့်ကလန့်ပြီး မုတ်ကောင်ကို ဟလိုက်သည်။ မာဒီ မျက်လုံးများ ပြာဝေသွားသည်။ သူ မြင်လိုက်ရသည်က အခွံခွာပြီးသား အရွယ်တော် ကွမ်းသီးလုံးခန့်ရှိသည့် ပုလဲကြီး။ မုတ်ခွံကို ကမန်းကတန်း ဆွဲလှန်ပြီး ပုလဲလုံးကို အလောတကြီး နှိုက်ယူလိုက်၏။ တကယ့် ပထမတန်းစား ပုလဲကြီးတစ်လုံး ဖြစ်နေ၍ မာဒီ အတိုင်းမသိ ပျော်မြူးသွားသည်။

ပင်လယ်ကြီးကို ကန်တော့လိုက်ရင်း ပင်လယ်စောင့် နတ်မင်းအား ကျေးဇူးတင်စကား ပြောမိ၏။ သူ့တစ်သက်နှင့်တစ်ကိုယ် ဤမျှအရည်အသွေး ကောင်းသည့် ပုလဲကို မရဘူးခဲ့သလို မြင်လည်းမမြင်ဘူးခဲ့ချေ။ ငွေရောင်တဖိတ်ဖိတ် လက်နေသော ပုလဲကြီးကို သူ ကြည့်မဝ ဖြစ်နေသည်။ ဝမ်းသာပျော်မြူး စိတ်ကို မထိန်းနိုင်တော့သဖြင့် လက်ရုန်းဆန့်တန်းကာ အသံနက်ကြီးဖြင့် ဟေးခနဲ အော်လိုက်မိသည်။

မာဒီ၏ အိမ်ပြန်ခရီးကို စင်ရော်တွေ ထောင်သောင်းမက ဆီးကြိုနှုတ်ဆက်ကြ၏။ သောင်စပ်တွင် လှေဆိုက်ပြီးသည်နှင့် မာဒီ အိမ်အရောက် ခြေကုန် သုတ်သည်။ အိမ်သို့အရောက်တွင် သားငယ်ကို ဖက်အိပ်နေသော မယံတို့ တွေ့ရသည်။ မာဒီ စိတ်ပူသွားပြီး

''မယံ ငါ့သား ငါ့သား''

မာဒီ အသံကို ကြားလိုက်သော မယံ အလျင်စလို လူးလဲကာ ထ လာ၏။

''ငါ့သား နေကောင်းရဲ့လား မယံ''





''အေး သက်သာတယ်၊ သိပ်မဖျားတော့ဘူး၊ ဒဏ်ရာကတော့ ရောင်နေတုံး၊ ဒါနဲ့ နင် အဆင်ပြေလား၊ ပုလဲ ရလား''

''ရခဲ့သော်ကော၊ ဒီမှာကြည့် ငါတို့ ချမ်းသာပြီ မယံ''

မာဒီက သူရလာသော ပုလဲနှစ်လုံးကို ဝံ့ကြွားစွာဖြင့် ထုတ်ပြ၏။ မယံသာမက သား နီတာပါ ထလာပြီး ဝိုင်းကြည့်ကြသည်။ မိသားတစ်စုလုံး ဝမ်းသာလုံးဆို့ပြီး အပျော်တွေ ကူးစက်ကုန်၏။ သားငယ်လေးထံမှ အသံထွက်လာသဖြင့် မာဒီနှင့်မယံ အားတက်ရွှင်လန်းသွားကြသည်။ ထိုညက မိသားစုအားလုံး ကောင်းကောင်းပင် အိပ်မပျော်ခဲ့ကြချေ။

အဆီတဝင်းဝင်း အိပ်မက်နှင့် မိုးစင်စင် မလင်းမီပင် ထိုသတင်းက အင်တာနက်တင်မထားပါဘဲ တစ်ရွာလုံး သိသွားကြ၏။ အားကျသူ၊ ချီးကျူးသူ၊ မနာလိုသူ၊ လောဘကို ကုန်းပိုး၍ လာကြည့်သူများနှင့် မာဒီတို့ အိမ်ကလေး စည်ကားနေသည်။

ဒီတစ်သက် ချမ်းသာပြီဟု ထင်ကြေးပေးသူပေး၊ ဈေးလာရောင်းသည့် စက်လှေနှင့်မြိတ်ထိ လိုက်သွားပြီး ကိုယ်တိုင်ရောင်းလျှင် ပိုပြီးဈေးကောင်းရနိုင်သည်ဟု အကြံပေးသူကပေး၏။ ပင်လယ်စောင့်နတ်က မျက်နှာလိုက်တယ်ဟု ဝေဖန်သူက ဝေဖန်သည်။ အချုပ်ဆိုရသော် မာဒီ၏ ပုလဲနှစ်လုံးအား တစ်ရွာလုံးက လိုချင်တပ်မက် လောဘတက်ကုန်ကြသည်။

မာဒီက ပုလဲအသေးက သားကိုဆေးကုပေးဖို့ဖြစ်ပြီး အကြီးက မိသားစု နေရေးအတွက်ဟု ခွဲတမ်းချထားသည်။ အများသူငါ ဝိုင်းဝန်းအကြံပေးကြသလို မြိတ်ထိလိုက်သွားပြီး ရောင်းချရင် ထိုက်ထိုက်တန်တန် ရနိုင်သည်ဟူသော အတွေးက မာဒီတို့ လင်မယား၏ လောဘကို မီးထိုးပေးလျက်ရှိ၏။ သို့သော် မွေးကတည်းက ဒီကျွန်းဝန်းကျင်မှလွဲ၍ ဘယ်ကိုမှ သွားဖူးသူများ မဟုတ်သဖြင့် မဝံ့မရဲလည်း ဖြစ်နေကြသည်။

ပို၍ထူးခြားသည်က ထိုပုလဲများအား ရသောအချိန်မှစ၍ နီတာ၏ ကင်းကိုက်ဝေဒနာ သက်သာလာသည်။ ဆေးမြီးတိုတွေကြောင့် သက်သာတာလား၊ ပုလဲကြောင့် သက်သာလာတာလား ဆိုတာတော့ သူတို့ဉာဏ်ဖြင့် ခွဲခြား၍ မရ။ နီတာလေး အဖျားလုံးဝ ကျသွားသည်။ ဒဏ်ရာကတော့ ရောင်နေဆဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မာဒီ နှင့်သား အတော် ကောင်းလာပြီဟ"

"အေး သက်သာလည်း အရှင်းပျောက်အောင် ကုတာပေါ့ဟာ၊ သား အတွက်လည်း စိတ်ချရတာပဲ၊ ပြီးတော့ တို့မှာလည်း ပုလဲကောင်း ရှိနေပြီပဲ တာ၊ ဆရာပင့်လို့ ရပါပြီဟ"

မာဒီနှင့်မယ်ယံ ထိုသို့ တိုင်ပင်နေစဉ် ရာသီးထံမှ သတင်းစုံကြားရသော အောင်တင့်မှာလည်း အများနည်းတူ လောဘဇောတိုက်လျက် ရှိ၏။ ထိုပုလဲကို မြို့တက်ပြီး ရောင်းချမည်ဟုလည်း သတင်းများ ထွက်ပေါ်နေရာ သူ မရလိုက်မှာ အလွန်စိုးထိတ်ပြီး ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် လက်ရသိမ်းပိုက်နိုင်ရေးအတွက် ဥာဏ်နီ ဥာဏ်နက်တို့ ဖြန့်ကျက်ပြီး စဉ်းစားခန်းထုတ်နေသည်။

မာဒီ့သား၏ ဒဏ်ရာကလည်း သက်သာ အဖျားကလည်း ကျသွားပြီ ဆိုတော့ ဆေးဆရာအနေနှင့် ဝင်ဖို့က အခက်တွေ့နေသည်။ လူနာရှင်ကလည်း လာမပင့်တော့ချေ။ သို့သော် အောင်တင့် ဆိုတာ ဘနဖူးသိုက်တူးပြီး စီးပွားရှာ ဖို့ လူဖြစ်လာခဲ့သူဖြစ်၍ ပက်ပက်စက်စက် အကြံကောင်းတစ်ခုကို ရလိုက်ပြီး မျက်နှာတစ်ပြင်လုံး သကာရည်ဖုံးသွားလေသည်။

မကြာခင် အချိန်အတွင်းမှာပင် အောင်တင့်နှင့်ရာသီးတို့ ဆရာတပည့် နှစ်ယောက် မာဒီတို့ ကဲနန်းသို့ တက်ညီလက်ညီ တက်သွားကြသည်။

ဆရာအောင်တင့်ကိုယ်တိုင် အိမ်သို့ရောက်လာသည်ဆိုတော့ မာဒီ နှင့်မယ်ယံတို့လင်မယား နှစ်ယောက် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ပြီး တရိုတသေ ခရီးဦးကြိုဆိုကြသည်။

အောင်တင့်က ခရီးရောက်မဆိုင်းပင် မာဒီ လာပင့်သည့်ညက လူနာ ကြည့်လိုက်သွားရင်း ခရီးလွန်နေ၍ မလာနိုင်ပုံ၊ နောက်ရက်တွေမှာလည်း လူနာ တွေ များလွန်းလို့ မအားပုံ၊ စိတ်ပူလွန်း၍ ခုလို လိုက်လာရပုံတွေကို ရှန်းရှန်းဝေ အောင် စီကာပတ်ကုံး ပြောပြလိုက်တော့ မာဒီတို့ လင်မယား အသည်းခိုက်အောင် အကြိုက်တွေ့ပြီး ကျေးဇူးတွေ တင်ကုန်ကြသည်။

အောင်တင့်က ဒဏ်ရာကို ဖန်ရည်ဆေးကာ တင်ချာထည့်ပြီး ပတ်တီး စည်းပေးလိုက်၏။ ပြီးတော့ လူပိန်းတွေ အထင်ကြီးအောင် နားကြပ်နှင့်ထောက် စမ်း၊ မျက်လုံးဖြံကြည့်၊ လျှာထုတ်ခိုင်းနှင့် တတ်သမျှ မှတ်သမျှ စုံနေအောင် လုပ်သည်။





ဆရာကိုယ်တိုင် ကိုယ်ဖိရင်ဖိ ကုသပေးနေတာ မြင်ရတော့ မိဘနှစ်ပါး လုံး ပီတိတွေ ဝေဖြာပြီး သားအတွက် စိတ်အေးသွားကြသည်။ ဒီတော့မှ အောင်တင့်၏ ပညာခန်း စသည်။

"အင်း အခြေအနေက သိပ်မဆိုးသေးပါဘူး၊ ဒါပေမဲ့ ပေါ့လို့ မရဘူး နော်၊ ကင်းမြီးကောက် အဆိပ်ဆိုတာ အခုလို ငုပ်သွားပြီးမှ နောက်တစ်ခါ ပြန် ပေါ်လာလို့ကတော့ သိပ်ကို ကြောက်စရာကောင်းတယ်၊ ကျုပ်လည်း ကယ်နိုင် မှာ မဟုတ်ဘူး"

မသိနားမလည်သူကို ဖြဲချောက်ကာ ခွင်ဆင်လိုက်၍ မာဒီရော မယ်ယံပါ အထိတ်တလန့်နှင့် မျက်လုံးကလယ် ကလယ် ဖြစ်ကုန်သည်။ ရာသီးကတော့ အောင်တင့် ပြောသမျှ မှတ်သားကာ ဉာဏ်ကောင်းလှသော ဆရာသမားပါ ကလားဟု အထင်တကြီးဖြစ်နေလေ၏။

"ဆရာ ငါ့ ငါ့သားကို ကယ်ပါ ဆရာ"

"စိတ်မပူပါနဲ့ အခု ဆရာဆေးတစ်ခွက် တိုက်ခဲ့မယ်၊ အခြေအနေ စောင့်ကြည့်၊ မသက်သာရင် ချက်ချင်းလာခေါ် ဟုတ်ပြီလား"

"အေး အေး ကောင်းသလိုသာလုပ်၊ ကျေးဇူးမမေ့တတ်ဘူး အဲဒါ ယုံ"

သို့နှင့် နီတာလေး အသည်းအသန် ငြင်းဆန်သည့်ကြားမှ အတင်းချုပ် ၍ အောင်တင့်ကိုယ်တိုင် ဖော်စပ်ထားသည့် ဆေးကို ဝင်အောင်တိုက်၏။ ဆူဝေ မောက်ဖြိုးသော လောဘစိတ်ဖြင့် အောင်တင့် တိုက်လိုက်သော ဆေးထဲတွင် အဆိပ်ဖြစ်စေသည့် အရာအချို့ တစ်စွန်းတစ်စ ပါသွားခဲ့သည်ဆိုတာကိုတော့ အောင်တင့်မှလွဲပြီး ဘယ်သူမှမသိကြ။

အောင်တင့် အိမ်ပြန်ပြီး အချိန်အခါကို စောင့်နေ၏။ လောဘနှင့် လုပ်ခဲ့ပြီးမှ ပြန်တွေးပြီး သွေးပျက်လာသဖြင့် မီးတောက်အရက်နှင့် ကြောက်စိတ် ကို ငြိမ်းသတ်နေရသည်။ လိပ်ပြာမလုံဖြစ်မှုအား လောဘက အနိုင်ယူသွားသော အခါ သူ့ကိုယ်သူ မှန်သည်ဟု အထင်ရောက်သွား၏။

"အို ဒီလို ကလေးတစ်ယောက် လောကက ပျောက်သွားသော်ငြား သူ့ဒုက္ခတွေ စောစောငြိမ်းသွားတာပေါ့၊ ဟစ်တလာဆို ဂျူးလူမျိုး သန်းချီ များစွာကို အဆိပ်ငွေ့ပေးပြီး သတ်ခဲ့သေးတာ၊ ငါ့မှာ ကြင်နာသနားမည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးရှိနေလို့သာ ဒင်းတို့ သက်ဆိုးရှည်နေတာ ကံကောင်းတယ်မှတ်''

သောကနှင့် ကြောက်စိတ်ကို ဖြေသိမ့်ရန် သောက်ခဲ့သည့် မီးတောက်တစ်ဝက်လင်းက လက်ကျန် ကြင်နာသနားစိတ်ကိုပါ အမြစ်ဖြတ် ချေမှုန်းသွားခဲ့၏။ ရိုသေစေ ခံစားမှုနှင့် ငိုက်မေ့သွားသောအခါ အားလုံးမေ့ပျောက်သွားတော့သည်။

ထိုအချိန်တွင် နီတာလေးမှာတော့ တဖြည်းဖြည်း ဝေဒနာတိုးကာ အခြေအနေ ဆိုးလာခဲ့သည်။ ပင်လယ်ကို ဖြတ်သန်းဝေ့ဝဲလာသော ဆားနံ့သင်းသင်းနှင့် ခါးသက်သက်လေရိုင်းက မာဒီတို့ တဲနန်းကို သိမ့်သိမ့်တုန်အောင် ခါရမ်းသွားခဲ့သည်။

နီတာလေး ချွေးသီးချွေးပေါက် ကျကာ လူးလိမ့်နေရှာ၏။ သူ့တော့အောက်က သင်ဖြူးဖျာသည် ရေခဲပြင်လို အေးစက်ထုံကျင်နေသလို သူ ခံစားလိုက်ရသည်။ နီတာ နှုတ်ဖျားမှ ညည်းသံသဲ့သဲ့ ထွက်လာ၏။ သား၏ ညည်းသံကို မယံ ကြားတော့ လူးလဲထလာသည်။

နီတာက အေးစက်ခြောက်ကပ်လျက်ရှိသည့် နှုတ်ခမ်းအစုံကို နွေးထွေးလာစေရန် လျှာဖြင့် သပ်တင်၍ စွတ်စိုစေသော်လည်း မူးယစ်တုန်ယင်နေသော ခံစားမှုက သူ့တစ်ကိုယ်လုံးကို တုန်ခါနေစေသည်။

''မေ မေကြီး ဖေကြီး''

မယံ စိုးရိမ်တကြီးနှင့် လင်သားကို နိုး၏။

''မာဒီ မာဒီ ထပါဦး။ သားလေး ဘာဖြစ်လဲ မသိဘူး၊ အဖျားကြီးပြီး ရမ်းအော်နေတယ်''

စူးနစ်သော မယံ၏ အသံကြောင့် မာဒီ ထိတ်ထိတ်ပြာပြာနှင့် ထလာပြီး သားကို ထွေးပွေ့သည်။

''သား သား နီတာ သားလေး''

သား၏ ဝမ်းဗိုက်တစ်ပြင်လုံး မာကျောတောင့်တင်းနေပြီး တစ်ကိုယ်လုံးရှိ အကြောများ တဆတ်ဆတ် တုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်နေသည်။ သား၏ ကိုယ်တွင်းမှ အဆက်မပြတ် တုန်ခါမှုက မာဒီ့ထံသို့ပင် ကူးစက်စီးဆင်းလာခဲ့သည်။ သားငယ် ခံစားနေရမှုကို မကြည့်ရက်တော့သဖြင့်

''မဖြစ်ဘူး မယံ၊ ငါ ခုချက်ချင်း ဆရာ့ကို ပြေးခေါ်မှဖြစ်မယ်''

မာဒီက ပင်လယ်ပြင်တွင်းမှ သားကောင်နောက်သို့ လိုက်သော ကျား







မင်း တစ်ကောင်၏ အလျင်မျိုးနှင့် ပြေးထွက်သွားသည်။ ဒါ အောင်တင့် မျှော်လင့်စောင့်စားနေသော အချိန်အခါပင် ဖြစ်သည်။ မာဒီ ထွက်သွားပြီး တွင်းတစ်ယာညက်ခန့် အကြာတွင် မာဒီနှင့်အတူ အောင်တင့်၊ ရာသီးတို့ ပါလာခဲ့သည်။

ရောက်လျှင်ရောက်ချင်း အောင်တင့်က နီတာ့အား ကပျာကယာ ဆေးတစ်ခွက် ဖျော်စပ်၍ တိုက်၏။ ထိုဆေးသည် အောင်တင့်၏ ဆန္ဒ၊ အောင်တင့်၏ မျှော်လင့်ချက်တို့အား လက်ပန်းပေါက် ထခပ်နိုင်သည့် ဆေးဖြစ်သည်။ ရှင်းရှင်းပြောရလျှင်တော့ အဆိပ်ဖြေဆေးဟု ဆိုကြပါစို့။

သူ့ပယောဂကြောင့် ဖြစ်လာသော ရောဂါအကြောင်း သူ အသိဆုံးမို့ အဆင်သင့်ယူလာသော ဖြေဆေးကို တိုက်လိုက်ခြင်းသာ ဖြစ်သည်။ အနာနှင့်ဆေး တည့်အောင်ပေးခဲ့သည်မို့ ဘာမှမကြာသည့် အချိန်တိုအတွင်းမှာပင် နီတာလေး မောဟိုက်တုန်ယင်နေရာမှ တဖြည်းဖြည်း သက်ပြင်းများ မှုတ်ထုတ်ကာ မျက်လုံးများ မှိတ်၍ မိန်းမောငြိမ်သက်သွားသည်။

ဆရာအောင်တင့် ဆေးနှင့် အခြေအနေ ကောင်းသွားသော သားကို ကြည့်ကာ မယံ ခြေမကိုင်မိ လက်မကိုင်မိနှင့် အသက်ရှူရန်ပင် မေ့နေသည်။ မယံက ပါးပြင်ပေါ်မှ မျက်ရည်စတို့ကို ကမန်းကတန်း သုတ်ပြီး အောင်တင့်အား ထိုင်ကန်တော့တော့၏။ အောင်တင့် ဆင်လာသော ခွင်ကတော့ အကွက်ဝင်လာခဲ့လေပြီ။

''ဆရာ့ကျေးဇူး ငါမမေ့၊ ငါ ကန်တော့မယ်နော် ဆရာ''

''ကိစ္စမရှိပါဘူးဟာ ဒီလိုပဲပေါ့၊ ဝေဒနာဖြစ်လာပြီဆိုရင် အနည်းနဲ့အများခံကြရတာပဲ၊ ဒါပေမဲ့ ငါ တစ်ယောက်လုံး ရှိနေတာပဲဟာ၊ သိပ်လည်း စိုးရိမ်မနေပါနဲ့''

ဟန်နှင့်ပန်နှင့်သာ ပြောလိုက်ရသော်လည်း အောင်တင့် စိတ်ထင့်နေ၏။ ဖြေဆေးတိုက်ရမည့်အချိန်က နည်းနည်းနောက်ကျသွားတာ သူ သိနေ၍ ဖြစ်သည်။ သို့သော် ပေးထားသည့် အဆိပ်ထက်စာလျှင် ဖြေဆေးက ပိုအားကောင်းနေသည်မို့ ဘာမှမဖြစ်တန်ပါဘူးဟု ဖြေတွေး တွေးနေမိ၏။ နီတာလေး နေကောင်းသွားပြီ ဆိုသည်နှင့် ပုလဲကြီး သူ ပိုင်တော့မည်မို့ ဘဝင်လေဟပ်လျှက် ရင်ခုန်ဖြန့်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ညသည် အားအမှောင်ထဲတွင် ချွတ်ချုံကြနေဆဲ။ တစ်ရွာလုံးလိုလို အိပ်မောကျနေကြပြီဟု ထင်ရ၏။ ထိုအချိန်တွင် မာဒီတို့ ရွာလေးရှိရာ ကျွန်းကို ဖတ်ိုပြု၍ လွန်စွာအား ကောင်းသော လောဘဆိုင်ကလုံး မုန်တိုင်းကြီးက တစ်ရွာလုံးကို ပတ်မွှေတိုက် ခတ်ရန် ဖြစ်တည်ပေါ်ပေါက်လာသည်ကို မည်သူမျှ မရိပ်မိ မသိရှိလိုက်ကြ။

ညှောင်းညာ ကိုက်ခဲစ ပြုနေပြီဖြစ်သော ညထဲမှ ညကို ထုတ်ယူ၍ ညလူနှစ်ယောက် မာဒီတို့ တဲနားသို့ ချဉ်းနင်းခြောင်းမြောင်း နိုဝင်လာသည်။ ကျူထရံ ယဲ့ယဲ့လေးနှင့် အရှက်လုံရုံမျှသာ ဖုံးကာထားသော အိမ်အဝင်ဝကို ကြည့်ရင်း ရုပ်ဖျက်ထားသော ညလူနှစ်ယောက် အချင်းချင်းလက်တို့လိုက်ကြ၏။

ညလူတို့ အိမ်ပေါ်သို့ ချွတ်နင်း တက်ရောက်၍ ဓာတ်မီး အသေးတစ်လက် အကူအညီနှင့် ရှာဖွေရေးလုပ်ငန်း စကြသည်။ သူတို့ မာဒီရလာသော ပုလဲနှစ်လုံးကို ရလိုဇောနှင့် အသည်းအသန် ရှာဖွေကြ၏။ ရုပ်ဖျက်ထားပုံကို ထောက်ခြင်းဖြင့် အိမ်ရှင်မာဒီနှင့် သိနေသူများသာ ဖြစ်နိုင်သည်။ တကယ်တော့ တစ်ရွာလုံးပေါင်းမှ လူလေးငါးရာသာ ရှိသော ဒီကျွန်းပေါ်တွင် အချင်းချင်း မသိသူဟူ၍ မရှိကြ။

ထို့အတွက် ရုပ်ဖျက်လာကြခြင်းပင် ဖြစ်၏။ ထိုသူနှစ်ဦးက ရာသီဥတု အရက်တိုက် အစ်အောက်မေးမြန်းရာမှ အောင်တင့်က နီတာကို ဆေးကုပေးပြီး ပုလဲများအား မောင်ပိုင်စီးရန် ကြံနေကြောင်း သိခဲ့ရသဖြင့် အောင်တင့် လက်ထဲ မပါမီ လက်ဦးမှု ရယူရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။

ဓာတ်မီးရောင်အောက်မှ မြူတ်စဖြင်းတောင်း ပစ္စည်းမျိုးစုံကို လှန်လှော ရှာဖွေသော်လည်း အလိုရှိရာ ပုလဲကို မတွေ့ကြရ။ အချိန်ကြာလာသည်နှင့်အမျှ စိုးရိမ်စိတ်လွန်ကဲပြီး ဇောချွေးတို့ ပျံလာ၏။ အိမ်နောက်ဖေးဘက်တွင် ထင်းရှူး သေတ္တာအစုတ်တစ်လုံး တွေ့၍ အပြေးအလွှား ဖွင့်ကြည့်ကြရာမှ အသံမြည်ပြီး အိမ်ရှင်မာဒီ နိုးသွားခဲ့သည်။

မာဒီက ရေနံမီးခွက်ကို ထွန်းလိုက်သဖြင့် ညလူတို့ မတတ်သာဘဲ ပြောင်ပင် ရင်ဆိုင်လိုက်ရသည်။

"ဟင် နင် နင်တို့ ဘာကောင်လဲ၊ ဘယ်သူလဲ လာကြပါဦးဗျို့၊ သူခိုး သူခိုး ဓားပြ ဓားပြ"





မာဒီ၏ အသံနက်ကြီးကြောင့် မယံနှင့်နီတာသာမက တဲနီးနားချင်းတို့ပါ နိုးသွားပြီး အခြေအနေက ကမ္ဘာပျက်သလို ဆူညံရှုပ်ထွေးသွားသည်။

"သူခိုးဗျို့ သူခိုး သူခိုး လာကြပါဦးဗျို့"

မာဒီက ဗျို့ဟစ် ခေါ်နေသဖြင့် အရေးမလှမှန်း သိသွားသော ညလူတို့ နီးရာ ဝါးဆစ်ပိုင်း ကောက်ယူ၍ မာဒီ့အား ရိုက်နှက်လှဲသိပ်ကာ ထွက်ပြေးသွားကြသည်။ တဲနီးချင်းတို့ ဝိုင်းလာသောအခါ ညလူတို့အား ပျပျမျှသာ မြင်လိုက်ကြရသည်။

သို့နှင့် အရိုက်ခံရပြီး သတိလစ်သွားသော မာဒီ့ကိုသာ ဝိုင်းဝန်းနှာနှပ် ပြုစုကြရ၏။ အဖိုးထိုက် အဖိုးတန် ပုလဲကြောင့် အကုသိုလ် အကျိုးဆက်တွေ ဖြစ်လာရကြောင်း ဝိုင်းဝန်းခန့်မှန်း ပြောဆိုကြ၍ မာဒီနှင့်မယံပါ ဟုတ်နိုးနိုးတွေးပြီး စိတ်လေးသွားကြသည်။

ရိက္ခာထောက် ကုန်သည်စက်လှေ ရောက်လာသောအခါတွင်လည်း မာဒီ၏ ပုလဲကြီးအကြောင်း သတင်းရပြီး မတန်မရာ ဈေးနှင့်အပိုင်စီးရန် အားထုတ်ကြပြန်သည်။ သို့နှင့် မာဒီတို့အိမ်မှာ လူဝင်လူထွက် မစဲတော့။ မာဒီနှင့်မယံတို့က ပုလဲကိစ္စမတွေးအားဘဲ တစ်နေ့ရှာ တစ်နေ့စားနှင့် အခြေအနေ မတည်ငြိမ်သေးသည့် သားကိစ္စကိုသာ ပို၍ အာရုံရောက်နေ၏။

"မာဒီ ဆရာ့ကို အကျိုးအကြောင်း ပြောပြီး ပင့်ခဲ့ဦး၊ ဒါမှမဟုတ် ဆရာ မအားရင် သောက်ဆေးတောင်းခဲ့"

"အေး အေး ငါ သွားပင့်မယ်"

မာဒီ စိတ်လေးလေးနှင့် ရွာထဲထွက်လာခဲ့ပြန်သည်။ ရွာလမ်းတစ်လျှောက် မြင်သမျှ တွေ့သမျှ လုံမတို့က မာဒီအား အရောတဝင် နှုတ်ဆက်ကြ၏။ ခင်ခင်မင်မင် စကားပြောကြ၏။ ပုလဲကြီးကို မြင်ဖူးချင်ကြောင်း စကားစကြသည်။ ဒီလုံမတွေ အခုမှ အတင်းကာရော ဖော်ရွေပြနေတာ ပုလဲကြီးကြောင့်ဆိုတာ မာဒီ သိသည်။

ဒီကျွန်းကို ဖတ်ိုပြုနေသော လောဘမုန်တိုင်းက အားပျော့ပျက်ပြယ် သွားခြင်း မရှိသေး။ အတွင်းလှိုက်၍ ဝေ့ဝဲတိုက်ခတ်နေဆဲ။ အကြမ်းဖက် လုယက်မှု ကြိုးပမ်းမှု၊ မတန်မရာဈေးနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ဖို့ ကြိုးစားမှုတွေ ကြုံလာရသဖြင့် ဒီပုလဲက ကျိန်စာများပါလာသလားဟုပင် ခပ်ရွံ့ရွံ့ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒိုက်စိုက်ဒိုက်စိုက် လျှောက်လာသော မာဒီကို ဖိုးမြဲ လှမ်းမြင်လိုက်သည်။ ဖိုးမြဲလည်း လောဘသား တစ်ယောက်ဖြစ်၍ ပုလဲကို အချောင်လိုချင်နေသူတစ်ယောက်သာ ဖြစ်သည်။ ဖိုးမြဲအိမ်ထဲမှ ပြေးထွက်လာသည်။

ထိုအခိုက်မှာ လေက ဒလဟော တိုက်ခတ်လာသည်။ မနက်က ထွက်ပြူခဲ့သော နေရောင်လည်း တိမ်ကြားထဲ နစ်မြုပ်ပျောက်ကွယ်သွား၏။ သက်ရင့်အုန်းလက်များ တဖျောင်းဖျောင်းနှင့် ပင်ယံထက်မှ ခုန်ချလာကြသည်။ တကယ့်မုန်တိုင်း ဝင်လာတာများလား။

ဖိုးမြဲ မာဒီနား ရောက်လာ၏။ လေက သယ်ဆောင်လာသော သဲများကြောင့် ဝန်းကျင်ကို ပီပြင်စွာ မမြင်ရတော့။

"ဟေ့ကောင် မုန်တိုင်းဝင်မှာ၊ ငါ့အိမ်မှာ ခဏဝင်နား လာ လာ"

ဖိုးမြဲက မာဒီအား သူ့အိမ်ထဲ အတင်းဆွဲခေါ်သွင်းခဲ့သည်။ ဖိုးမြဲက ဇော် ကြိုက်သူ အကြံသမား။ မာဒီအား အကြံပေးနှစ်သိမ့်သလိုနှင့် အပေါင်းရဲ့ဆွဲ စည်းရုံးဖို့ ပြင်ဆင်သည်။

သူ့ခယ်မကို မျက်စိမှိတ်ပြပြီး မာဒီအား မေးငေါ့ညွှန်ပြရင်း

"ဟဲ့ မခမ်း ဒီမယ် မာဒီ စိတ်ညစ်လာသကော ဝတ္ထုသောက်ဖို့ အရက်ပြင်ခဲ့"

"ဟာ ဖိုးမြဲ ငါ မသောက်"

"လုပ်စမ်းပါကွာ မင်းက ဒီရွာမှာ သူဌေးဖြစ်နေပြီပဲဟာ၊ ဘယ်သူ့ကြောက်နေရမှာလဲ၊ သောက်စမ်းပါကွာ၊ စိတ်ညစ်တာတွေ ပျောက်သွားမှာ"

ဖိုးမြဲက အတင်းတိုက်၏။ တစ်ခါမှ အရက်မသောက်ဘူးသော ဓား တစ်ယောက် ဖိုးမြဲတိုက်သည့် အရည်များ မျိုချမိလိုက်၍ လည်ချောင်းတစ်လျှောက်လုံး ပူနွေးရှိန်းမြသွားပြီး တစ်ကိုယ်လုံး ပေါ့ပါးကာ အညောင်းအညာများပင် ပြေပျောက်သွားသလို ခံစားလိုက်ရသည်။

"အဟင်း ကောင်းသားကွာ"

"ကောင်းရင် သောက်၊ ငါ့မှာ အများကြီးရယ်၊ ဒါနဲ့ မင့်သား ဓား မကောင်းဖြစ်နေတယ်ဆို"

"အေး"

"တစ်ညကလည်း သူ့နိုးဝင်သေးတယ် မဟုတ်လား"





"ဟုတ်ပ ခုတလော ဘာတွေဖြစ်နေမှန်းကို မသိတော့တာ"

ဖိုးမြဲက အလာပ သလာပ ပြောရင်း မာဒီခွက်ထဲ အရက်ကို ဖြည့်ပေး၏။ မာဒီ သောက်ကောင်းကောင်းနှင့် ခွက်ဆင့်ချနေမိသည်။

"မှတ်ထား မာဒီ၊ ရတနာဆိုတာလည်း ထိုက်မှခံစားခွင့် ရှိတာ၊ ကိုယ်က ကံနိမ့်နေရင် ရတနာက အပူပေးတတ်တယ်ကွ"

"အေး ဟုတ်ကော ဟုတ်နေပြီလား မသိ"

"ဒီတော့ ကံကိုပြောင်းပစ်ရမယ်၊ မယားရဲ့ဇာတာ ညံ့ရင်လည်း လင်ကို ထိခိုက်တာပဲ၊ မယ် ကံလည်းမကောင်းလို့ ဖြစ်မယ်"

"ငါ ဘာလုပ်ရမလဲ"

"မိန်းမ ထပ်ယူပြီး ကံကိုပြောင်းပစ်လိုက်"

"ဟေ"

ဖိုးမြဲက ခယ်မနှင့်ပေးစားပြီး ပုလဲကိုသိမ်းမည့် သူ့အကြံကို မူးသွပ်မိုက်မဲစွာ မဖြစ်မနေ အကောင်အထည် ဖော်သည်။ မူးနေသော မာဒီအား ခယ်မနှင့် လွှတ်ပေး၏။ ဖိုးမြဲ ညွှန်ပြရာ အခန်းသို့ မာဒီ ယိုင်နဲ့နဲ့ဖြင့် ဝင်သွားသည်။ နံရံကို လက်တစ်ဖက်နှင့် အားယူထောက်၍ အခန်းကို ဝေ့ဝဲကြည့်လိုက်သော အခါ သူ့ရင်ခွင်တစ်ခုလုံး ရှန်းရင်းဆန်ခတ် ဖြစ်သွား၏။ နှုတ်ခမ်းအပါး မျက်လုံးအကြည်၊ ကိုယ်ပေါ်တွင် ဆင်မြန်းထားသည့် အဝတ်လွှာပါးမှ တစ်ဆင့် သူမ၏ အလှတရားကို ဝိုးတဝါး လှမ်းမြင်နေရသည်။

သူမ ဘယ်သူလဲ ဝေခွဲမရခင် ကိုယ်ခန္ဓာကို တစ်ပတ်လှည့်၍ သူမက သံစဉ်တစ်ခု ညည်းကာ မွေ့ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ သူမ မွေ့ရာပေါ် ထိုင်နေပုံကို ကြည့်ဦးမလား၊ သိမ်းကျုံးဆွဲငင်နိုင်တဲ့အလှ၊ သူ့အပြင် ဘယ်သူမှ မရှိနိုင်ဘူး၊ ခြုံလွှာလေးဆွဲပြီး ခြုံလိုက်ပုံက အမလေး တကယ်ထဲ သောက်ကျိုးနဲ့။

မာဒီ လူစိတ်ပျောက်လုဆဲဆဲတွင် ရှန်းရင်းဆန်ခတ် တွန်းထိုးပြီးလဲသံတို့ ထွက်ပေါ်လာသည်။

တဲပေါ်အတင်းလာသော မယ်အား ဖိုးမြဲ တားဆီးရာမှ မူးနေသော ဖိုးမြဲ လွင့်ထွက်လဲကျသွားသော အသံများဖြစ်၏။ အခန်းထဲထိ ဖွတ်ဝင်လာသော မယ်မှာ မာဒီနှင့်မခမ်းတို့ အဖြစ်ကို ပက်ပင်းမြင်သွားသည်။

"မာဒီ နင် ဒီမှာ ဘာလာလုပ်နေတာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် မယံ"

"ငါ နင့်ကို သားအတွက် ဆရာပင့်ခိုင်းလိုက်တာကို နင်က ဒီမှာ"

"မဟုတ် မဟုတ် မယံ၊ ငါ ဘာမှမသိ"

"သားလေး အသည်းအသန် ဖြစ်နေပြီ၊ ငါ့မှာနင့်ကို တစ်ရွာလုံး ပတ်ရှာနေရတာ တွေ့မယ်တွေ့တော့၊ တောက် နင် ရက်စက်တယ်"

"ဟာ မယံ မယံ မဟုတ် မဟုတ်ဘူးနော်"

မယံက မာဒီနှင့်မခမ်းအား စိတ်နာကြည့်နှင့် အံကြိတ်ကြည့်ကာ ချာခနဲလှည့်၍ ထွက်ပြေးသွားသည်။

"မယံ မယံ"

မယံကို ခေါ်မရတော့ မခမ်းနှင့်ဖိုးမြဲကို မာဒီက ဘုကြည့်ကြည့်ပြီး မယံနောက်သို့ ပြေးလိုက်သွားသည်။ ရှေ့မှ ပြေးနေသော မယံတစ်ယောက် မျက်ရည်လည်ရွဲ ရှိုက်ငိုသလို မာဒီလည်း မချိတင်ကဲနှင့် နောက်မှလိုက်၏။

သူ့ရင်တွင် ပူလောင်ပြင်းပြမှုများနှင့် မျက်လုံးများပါ ပြာဝေလာသည်။ အသိတရား သဲ့သဲ့မျှ ဆုပ်ကိုင်မိချိန်တွင် သဲပူပူနှင်း၍ သားဆီ အပြေးပြန်လာနေမိပြီ။ မယံ သူ့အပေါ် ဘယ်အထိအောင်တောင် နာကျည်းသွားလေသည် မသိ၊ လောလောဆယ်မှာတော့ မယံကို ရှင်းပြအသနားခံဖို့ထက် သားကို တွေ့လိုဇောက ပိုထက်သန်နေသည်။

တဖြည်းဖြည်း အိမ်နားနီးလာ၏။ မယံ အိမ်ပေါ်တက်သွားတာ ချလှမ်းမြင်နေရသည်။ မာဒီ ပြေးနှုန်းကို အရှိန်တင်လိုက်၏။ သူ အိမ်နားအရောက် တွင်ပင် မယံ၏ အသံကို စူးစူးဝါးဝါး ကြားလိုက်ရသည်။

"သား သား အမလေး သားရဲ့ အဖြစ်ဆိုးလှချီလား"

ဗြောင်းဆန်သွားသော ရင်အစုံနှင့် မာဒီ အိမ်ပေါ် ခုန်တက်လိုက်သည်။ သားအပေါ် ဒမှောက်ငိုနေသော မယံအား ရင်နာစရာ မြင်တွေ့လိုက်ရသည်။ မာဒီ သားဘေးနား ဒူးထောက်ပြီး ကိုင်တွယ်စမ်းသပ်ကြည့်လိုက်၏။ အေးစက်တောင့်တင်းသော အထိအတွေ့ကို ခံစားမိလိုက်ရသည့်အခိုက် ကမ္ဘာလောက တစ်ခုလုံး လွင့်စင်ပေါက်ကွဲသလို ခံစားနေရသည်။

"သား သားလေးရယ်"

"သားရေ သားရဲ့အမေကို ခွဲသွားပြီလား သားရဲ့"





သားက မထူးနိုင်တော့။ တမလွန်သို့ ခရီးထွက်သွားသည်မှာ အတော်ပင် ကြာနေလောက်ပြီ။ ဖြစ်နိုင်သည်က သူ ဖိုးမြဲတိုက်သည့် အရက်ကို စသောက်သည့်အချိန်လောက်ပင် ဖြစ်မည်။

မာဒီ လုံးဝ မခံစားနိုင်တော့သလို ရူးသွပ်စွာ၊ အိမ်လယ်မှာ မဒမတိုင်ကို မာဒီ ခေါင်းနှင့်ဝင်ဆောင့်ပြီး ငိုသည်။ ဟစ်၍ဟစ်၍ ငိုသည်။ ရင်ဘတ်ကို ထု၍ ငိုသည်။ ဤတွင် အင်္ကျီအိတ်ကပ်ထဲထည့်ပြီး အပိတ်ချုပ်၍ သိမ်းထားသော ပုလဲနှစ်လုံးကို စမ်းမိ၏။

ထိုအခါမှ မာဒီ ပိုပြီးပေါက်ကွဲသွားသည်။ ဒီပုလဲတွေ ကြိုးဟ်မှု၍ ဒီလို အကုသိုလ်တွေ ဆိုက်ရတာဟု သူ ယူဆ၏။ ခဏအတွင်းမှာပင် မာဒီ ပုံစံက စိတ်ဖောက်ပြန်သွားသည့် သူရူးတစ်ယောက်လို ဖြစ်သွားသည်။ ဒါ ရတနာမဟုတ် ကျိန်စာသာ ဖြစ်သည်။ သူ့သား နီတာ၏ အသက်ကို နုတ်ယူဖို့ ရောက်လာသော ကျိန်စာသင့်ပုလဲများကို သူ တန်ပြန်လက်စားချေမည်။ ဒီကမ္ဘာလောကက ဘယ်လူသားကိုမှ ဒုက္ခမပေးနိုင်အောင် မူလနေရာသို့ ပြန်ပို့ပစ်မည်။

ရူးသွပ်သော ခြေလှမ်းများနှင့် ပြေးအထွက်တွင် ဆရာအောင်တင့်ကို အရှိန်နှင့် ဝင်တိုက်မိ၍ အောင်တင့် ပက်လက်လန် လဲကျကျန်ရစ်၏။

"ဟေ့ကောင် ဆေးဖိုး ပုလဲပေးဦးလေ"

"ပုလဲ ဟုတ်လား လိုချင်ရင် ရေငုပ်ပြီးရှာ"

မာဒီက ဒေါသအမျက်ချောင်းချောင်း ထွက်နေသည့်လေသံနှင့် မာမာထန်ထန်ပြောပြီး မရပ်မနား ပြေးထွက်သွားသည်။ ထိုသို့ မရပ်မနား ပြေးသွားရင်း နှုတ်မှလည်း မနားတမ်း အော်ဟစ်သွားသေး၏။

"ပုလဲဆိုးတွေ ကျိန်စာသင့်တဲ့ ပုလဲတွေ အကုန်လွှင့်ပစ်မယ်ဟေ့"

ထိုအော်သံကြောင့် ကြားကြားသမျှ လောကသား အားလုံး မာဒီနောက်သို့ ပြေးလိုက်သွားကြပြန်သည်။ လူဦးရေ လေးငါးရာလောက်သာ ရှိသော ရွာလေးအတွင်း ဤသို့ အုတ်အော်သောင်းတင်း စီတန်းလှည့်လည် ပြေးလွှားမှုမျိုး တစ်ခါမှ မကြုံစဖူး။

မာဒီ၏ အော်သံကို မကြားသော်လည်း ပြေးလွှားနေသော လူအုပ်ကြီး နောက် ဘုမသိ ဘမသိ ပြေးလိုက်လာသူများလည်း ရှိ၏။ နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com

ရွာထဲက ဘုစုခရုပါမကျန် တစ်ရွာလုံးနီးပါး မာဒီ့နောက်သို့ လိုက်သလိုဖြစ်သွားကြ၏။

မာဒီက ဘယ်သူ့ကိုမှ ဂရုမစိုက်။ သောင်စပ်နှင့်အနီးဆုံး ကျောက်ဆောင်ကျောက်တန်းပေါ်တွင် ပြေးလွှားလျက် နောက်မှ လူအုပ်ကလည်း ထပ်ချပ်မကွာ လိုက်မြဲ။ ကျောက်ဆောင်အဆုံး ပင်လယ်အစပ် အရောက်တွင် အကျီအိတ်ကပ်ကို ဆွဲဖြုတ်ပြီး ပုလဲနှစ်လုံးကို ထုတ်လိုက်သည်။

လက်ထဲတွင် ပါလာသော ပုလဲများအား ရွံရှာမုန်းတီးစွာ စိုက်ကြည့်ရင်း မာဒီ မျက်ရည်များ တွေတွေကျလာသည်။ ထို့နောက်မှာတော့ သူရူးတစ်ယောက်လို အော်ဟစ်ရင်း

"ကဲ သွားစမ်းကွာ"

ပုလဲနှစ်လုံး မာဒီ့လက်မှ လေဟုန်စီးကာ ပြေးထွက်သွားကြ၏။ နောက်မှလိုက်လာသော ရွာသူရွာသားများ ပါးစပ်မှ ဟင်ခနဲ ဟာခနဲ အသံများ စီစီညံညံ ထွက်ပေါ်လာသည်။

လေဟုန်စီးရင်း အတောင်ညှောင်းသွားသည့် ပုလဲနှစ်လုံး ပင်လယ်ထဲသို့ ဆင်း၍ ပြုတ်ကျသွားသည်။

"ဟာ မာဒီ ဒီကောင် တကယ်လွှင့်ပစ်တယ်"

"ငုပ် ဆင်းငုပ်"

"ဟေ့ မြန်မြန် ငုပ်ကြ"

ခဏအတွင်းမှာပင် ကျောက်ဆောင်ပေါ်မှ ရွာသားများ တစ်ယောက်ပြီး တစ်ယောက် ပင်လယ်ထဲ ဒိုင်ဗင်ပစ်ဆင်းကုန်ကြ၏။ မာဒီ ထိုလူများကို ရွှဲသွင် မျက်ဝန်းများနှင့် ကြည့်ရင်း ဟားတိုက်ရယ်မောလိုက်သည်။ ကျောက်ဆောင်ပေါ်တွင် ယောကျ်ားသားဆို၍ မာဒီ တစ်ယောက်သာ ရှိ၏။ ကျန်တာက အမျိုးသမီးများနှင့် ကလေးများပင်ဖြစ်သည်။

လူသားတို့ ပိုးမွေးသလို မွေးလာသည့် လောဘတရားများ ပုလဲနှင့်အတူ ပင်လယ်ပြင်အတွင်း စုံးစုံးမြုပ်သွားခဲ့လေပြီ။

■ ■ ■

အခု ဖော်ပြခဲ့တဲ့ ဝတ္ထုတိုလေးက ဂျွန်စတိုင်းဘက်ရဲ့ **The Pearl** ဆိုတဲ့ ဝတ္ထုကို အခြေခံပြီး ရေးထားတဲ့ ဇာတ်လမ်းလေးပါ။

ဂျွန်စတိုင်းဘက်ကို အခြေခံတယ်ဆိုလို့ မူရင်းဝတ္ထုကို ဖတ်တယ်လို့ မထင်လိုက်ပါနဲ့ဦး။

ကျွန်တော် တကယ်တမ်း ဖတ်မိတာက အဲဒီဝတ္ထုအကြောင်းကို စာရေးဆရာမ ဂျူး ရေးထားတဲ့ ဆောင်းပါးကို ဖတ်မိရာက ကျွန်တော့်စိတ်ကူးနဲ့ ဆင့်ပွားဖန်တီးပြီး ဝတ္ထုတို ရေးဖြစ်ခဲ့တာပါ။

ဘာပဲဖြစ်ဖြစ် အဲဒီဆောင်းပါးလေးကို ဖတ်ခွင့်ရတဲ့အတွက် ဆရာမဂျူးကို အထူးကျေးဇူးတင်ပါတယ်။

ဂျူး






www.burmeseclassic.com

www.burmeseclassic.com

# ပျား

## တစ်ပွေ့စာ



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com



ညသြင့်ကပ်၏ လွမ်းမြမြ တေးသံနှင့်အတူ မစိုမပို နှင်းငွေ့တို့ ဆုတ်ခွာစပြုပြီး နွေရာသီကို ချက်ကြိုးဖြတ်ခဲ့သော နွေသစ်များစခဲ့ပြီ။ နေရာတချို့တွင် ခရမ်းပြာရင့်ရင့်နှင့် ဝါဖျော့ဖျော့ တောပန်းလေးများ တဝါးဝါးသမ်း၍ ငိုက်မြည်းနေကြသည်။

နွေသစ်ဦး၏ နံနက်နေခြည်နုနုသည်ပင်လျှင် အရှေ့ပြားကို အပ်နှင့်ဆွသကဲ့သို့ စူးရှရှ စပ်ဖျင်းဖျင်း ဖြစ်နေ၏။ သို့သော် ခပ်လှမ်းလှမ်းမှ ရွာဦးစေတီတော်လေးကတော့ ထုံသက်န်းဖွေးဖွေးနှင့် တင့်တယ်သပ္ပာယ်ကာ ကြည်ညိုဖွယ်ကောင်းနေလေသည်။

ထိုစေတီစောင်းတန်းလေးမှ သက်ကြီးပိုင်း ဘုရားဖူး နှစ်ယောက် ဆင်းလာကြ၏။ ကျွန်တော် သူတို့ဆင်းအလာကို မျှော်နေခြင်းဖြစ်သည်။ ခဏအကြာ ဘုရားဖူးများ ကျွန်တော့်ကို ကျော်ဖြတ်ကာ ရွာဆီသို့ ဦးတည်ပြန်သွားကြသည်။

ကျွန်တော် သက်မတစ်ခုကို ချရင်း အပင်ကို ကွယ်ပြီး ထိုင်စောင့်နေသော ပန်းအိအား လက်ကမ်း၍ ကျွန်တော် ဆွဲထူလိုက်သည်။

"လာ ပန်းအိ ဘုရားပေါ်မှာ လူရှင်းသွားပြီ"

"ဟိုလူကြီးနှစ်ယောက်ပဲလား"

"အင်း ဒီရက်ထဲ သူတို့ကြောင့်သာ ငါတို့တွေ"



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှဆက်မပြောနိုင်သလို စကားစ ဖြတ်ရင်း ပန်းအိနှင့် စေတီပေါ်သို့ စောင်းတန်းလေးအတိုင်း တက်ခဲ့ကြ၏။ ရင်ပြင်တော်ပေါ် ရောက်တော့ ပူပူလောင်လောင် ကျောက်ပြားများအပေါ် ခုန်ဆွခုန်ဆွ ခြေထောက်ဖြတ်လျှောက်ခဲ့ရသော်လည်း ခြေဖဝါးအပူက ဝမ်းအပူကို မမီနိုင်အောင် ခံစားနေရသည်။

လေအဝှေ့တွင် စေတီတော်ဆီမှ ဆည်းလည်းသံ တလွင်လွင်တို့ သာယာနာပျော်ဖွယ် ကြားရသည်။ စေတီ၏အရိပ်ခို၍ နှစ်ယောက်သား ဘုရားဝတ်ပြု လိုက်ကြ၏။ နောက်ဆုံးအကြိမ် ဦးချပြီးသောအခါ ဆည်းလည်းသံများ တိတ်ဆိတ် သွားပြန်သည်။

ကျွန်တော် စေတီတော်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။ ဇနီးဖြစ်သူ ပန်းအိက ကျွန်တော့်နံဘေးတွင် ပုံ့ပုံ့လေး ထိုင်လျက် ငေးရီနေ၏။ စေတီတွင် ကပ်လှူပူဇော်ထားသော ဆွမ်းများသည် နေအပူရှိန်ကြောင့် အပေါ်ယံတွင် ခြောက်သွေ့တင်းမာနေခဲ့ပြီ။

"အရှင်ဘုရား တပည့်တော်တို့ အသက်ရှင်ရပ်တည်မှုအတွက် ဤဆွမ်းတော်ပွဲကို စွန့်တော်မူပါဘုရား"

ကျွန်တော် စိတ်ထဲမှ တီးတိုးရေရွတ် ခွင့်တောင်းကာ ကပ်လှူထားသော ဆွမ်းများကို စွန့်ယူလိုက်သည်။ အရည်ပျော်စပြုနေသည့် ထန်းလျက်ခဲအချို့နှင့် ထမင်းများကို အသင့်ပါလာသော အင်ဖက်ပေါ်တွင် အညီအမျှ ခွဲပြီး ပုံလိုက်၏။ ပြီးမှ ပန်းအိဘက်သို့ တစ်ပုံကို ညင်သာစွာ တိုးပေးလိုက်သည်။

"စားလေ ပန်းအိ"

"ချစ်တိုး ငါတို့လင်မယားလည်း ဒီသံသရာဝဋ်ဆင်းရဲက ဘယ်တော့များမှ ကျွတ်မလဲမသိဘူးနော်"

စေတီတစ်ဖက်ရှိ အပင်အိုကြီး၏ နီကျင်ညိုမှိုင်းပြီး ထိုးထွက်နေသော အကိုင်းအခက်များကိုကြည့်ရင်း ပန်းအိ တွေတွေငေးငေး ပြောသည်။ ထိုအခြောကြောင့် စားလက်စ ထမင်းပင် မျိုမကျချင်တော့။ ကျွန်တော် ကရုဏာသက်စွာသလို ပန်းအိကို ကြည့်မိသည်။

တခဏမင်သက်မိသော်လည်း အသက်ရှင်ရပ်တည်ရေးအတွက် နေလောင်ကာ အပေါ်ယံ တင်းနေသော ထမင်းကို ဦးပုည၏ ရေသည်ပြဇာတ်ထဲမှ ရေသည်မိန်းမ စကားကဲ့သို့ လည်ချောင်းကို မြေလှန် ဂလုံဆန့်အောင် စုံကန်လို့ မျှောချပြီးနောက် ပန်းအိက ဆို့ဆို့နင့်နင့် လေသံဖြင့် ပြော၏။

"ငါလေ ဘဝဆက်တိုင်း ဆက်တိုင်း ဒီလို ဝဋ်ဒုက္ခမျိုးနဲ့ လူမဖြစ်ပါရစေနဲ့လို့ အမြဲ ဆုတောင်းတယ် သိလား"

ပန်းအိ ပါးပြင်ထက်၌ စီးကျလာသော မျက်ရည်စတို့ကို ကျွန်တော် မသုတ်ပေးဖြစ်။ ဘဝကို ကြေကွဲတာလား မကျေနပ်တာလားဟု ကိုယ့်ကိုကိုယ် ဝေခွဲမရခင် ပန်းအိ လက်တစ်ဖက်ကို ဆွဲ၍ ဆတ်ခနဲ ထဖြစ်သည်။ စေတီထက်မှ ဆည်းလည်းသံသည်လည်း နွေ၏ပူပြင်းလောင်မြိုက်သော အရှိန်ကြောင့် သေဆုံးခဲ့ပြီ ထင်သည်။

ပိုမိုကျယ်ပြန့်စွာ ဝင့်ထည်လာသော နံနက်ခင်း၏ နေရောင်အောက်တွင် ကျွန်တော်တို့၏ ကမျောက်ကချောက် ဘဝလေး ပူပြင်းလောင်ကျွမ်းသွားမှာကို စိုးထိတ်ရင်း ကျွန်တော် ပန်းအိကို ကတိတစ်ခု ပေးဖြစ်သည်။

"ပန်းအိ ငါ ကတိပေးတယ်၊ ငါ ဆုံးဖြတ်ပြီးပြီ၊ ငါ ဒီရွာက ထွက်ပြီး တစ်နှစ်ပြည့်တဲ့နေ့မှာ နင့်ဆီပြန်လာခဲ့မယ်၊ အဲဒီအခါကျရင် နင် သိပ်ဝတ်ချင်တဲ့ အဝတ်အစားတွေအပြင် နင် သိပ်ကို လိုချင်နေတဲ့ ရွှေတိုရွှေစတွေ တစ်ခုခုရတဲ့အထိ ငါရှာပြီး ပြန်လာခဲ့မယ် သိလား"

"မဖြစ်နိုင်တာဘဲ ချစ်တိုးရယ်"

"ဘာလဲ ငါ့ကို မယုံလို့လား"

"မယုံတာတော့ မဟုတ်ဘူးပေါ့ဟယ်၊ အေးလေ ဘာပဲဖြစ်ဖြစ် နင် ဆန္ဒရှိမယ်ဆိုရင် နင် အဆင်ပြေပါစေလို့ ငါ ဆုတောင်းပါတယ် ချစ်တိုးရယ်"

ပန်းအိအသံ တိုးညင်းသွားရာမှ မျက်ဝန်းအိမ်တွင် သိပ်ငယ်မူ စွတ်လျက် မျက်ရည်များ ရစ်ဝဲပြည့်လျှံလာသည်။ ကျွန်တော် ပန်းအိကို လက်တွဲရင်း ဘုရားရင်ပြင်တော်ထက်မှ ပြန်ဆင်းလာခဲ့ကြ၏။ စောင်းတန်းထဲရောက်တော့ ပန်းအိထံမှ ရှိုက်သံထွက်လာသည်။ ကျွန်တော် ဘာမှမပြောတော့ဘဲ ပန်းအိကို ထွေးဖွေ့ထားလိုက်သည်။ နက်ရှိုင်းသော်လည်း နားလည်ရလွယ်ကူသော ကြေကွဲမှုများနှင့် ကျွန်တော်တို့နှစ်ဦးစလုံး၏ ရင်တွင် အရောင်အသွေး တူညီစွာ စီးဆင်းနေခဲ့ပြီ ထင်သည်။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် မလွယ်ကူကြောင်း ကျွန်တော် သိပါသည်။ ရေစီးကမ်းပြိုလိုက်နေသော မျှော်လင့်ချက်နှင့် ကျွန်တော် အားတင်းတောင့်ထားနိုင်သော်လည်း မိန်းမသားဖြစ်သည့် ပန်းအိကတော့ အများနည်းတူ ဝတ်ချင်စားချင် လှချင်ရှာလိမ့်မည်။

သွားသွားလာလာ ဝတ်ဝတ်စားစားနှင့် အမျိုးသမီးများကို မြင်တိုင်း "ဪ သူတို့လေးတွေကျတော့ ကံကောင်းလိုက်တာ"ဟု ပန်းအိ တိုးတိုးယဲ့ယဲ့ ငြီးပြောပြောတိုင်း ကျွန်တော့်ရင်ထဲတွင် ထိထိရှရှ ခံစားနေရသည်။ ကျွန်တော် ဆုံးဖြတ်ခဲ့သည့်အတိုင်း ထိုနေ့ညသည် ကျွန်တော့်အတွက် နှုတ်ဆက်ည ဖြစ်လေ၏။

ခပ်ကျဲကျဲ ခနီဖတ်တို့ကြားမှ လရောင်သည် တစိမ့်စိမ့် ကြွေလျက် ကျွန်တော်တို့ဘဝ၏ မပြည့်စုံမှုကို မီးမောင်းထိုးပြနေသကဲ့သို့ ရှိသည်။ ဖယောင်းမီး အလင်း၌ ပုံ့ပုံ့လေး ထိုင်နေသော ပန်းအိမှာ ရွက်ကြမ်းရေချိုဟု ဆိုသော်လည်း ဆလပ်ရွက်တစ်စည်း အပျိုဖော်ဝင်သလို လတ်ဆတ်လန်းစွင့်စွာ ထွားထွား စေ့ စေ့ပွင့်နေသည့် ပန်းအိ၏ ခန္ဓာဗေဒအတွက် လိုက်ဖက်တင့်တယ်သော အဝတ် အစားလည်း မရှိပြန်ရှာ။

တစ်ခါတစ်ရံ ဆောင်းနှင်းဖွေးသော ညများ၌ ကျွန်တော်က ပလိန်းတီး တစ်လုံး၊ နက်စ်ကဖီး တစ်ခွက်နှင့် PENT HOUSE မဂ္ဂဇင်းတစ်စောင်ကို လွမ်းမောတတ်သလို ပန်းအိက သက္ကလပ်စောင်တစ်ထည်၊ လက်ဖက်သုပ် တစ်ပွဲနှင့် တီဗီတစ်လုံးကို လွမ်းမောနေတတ်ပြန်သည်။

ရိုးမြေကျ ပေါင်းသင်းခဲ့သော ဆင်းရဲခြင်းတွေက တဖိတ်ဖိတ် အရောင် လက်၍သာလာသည်။ ပန်းအိ တမ်းတမှုက အရာမထင်ခဲ့။ ပန်းအိအပေါ် သနား ကရုဏာပိုမိတိုင်း နေဝင်မီးငြိမ်း အနမ်းများနှင့် ဘဝကို တခဏ ချွေးသိပ်အေးမြစေသော်လည်း ကျွန်တော်တို့နှစ်ဦးတွင် လရောင်ကို အရည်ဖျော်သောက်ရန် မွှေစရာ ဇွန်းမရှိ။ မြေပြင်၏ အဂတိလိုက်စားမှုကို ကာကွယ်ရန် ဖျာတစ်ချပ်မရှိ ညနှင့်ညကို ပိုင်းခြားရန် နာရီလက်တံမရှိ၊ အဆီပိတ်နေသော မိတ်ဆွေများ ကိုရီးယားဇာတ်လမ်းတွဲမရှိ၊ CHIVAS REGAL မရှိ၊ LED မရှိ၊ ရှိဇင်ဘက်၏ ပန်းချီကားမရှိ၊ REVLON အလှကုန်မရှိ၊ GSM မရှိ၊ လေးဖြူမရှိ၊ ကျားပေါက်မရှိ အိန္ဒြာကျော်ဇင် မရှိ၊ မုန်းတီးမှု စံသွေမှု မနာလိုမှုများလည်း မရှိ၊ ဘာဆို ဘာမှမရှိပါ။





သို့သော် မရှိခြင်းများစွာတော့ ကျွန်တော်တို့တွင် အပြည့်အဝ ရှိနေခဲ့ ပါသည်။ ထုံးစံအတိုင်း အကြင်နာအငွေ့နှင့် နွေးထွေးမှုပေးရင်း တပ်မက်မှုစောင်ကို ရစ်ပတ်ကာ ညထဲမှ လကို ထုတ်ယူပစ်ခဲ့ကြလေသည်။

■ ■ ■

ကျွန်တော် ရွာမှစထွက်မည့်နေ့က ပန်းအိ ကျွန်တော့်ကို ဖက်လျက် ဆို့ဆို့နင့်နင့် ငိုသည်။

"နင် စိတ်အားထက်သန်နေလို့သာ သွားခိုင်းရတာ ငါ အရမ်းဝမ်းနည်း တယ် သိလား"

အနာဂတ်မဲ့ ဝင်သက်ထွက်သက်များ ထွားထွားဝေဝေ ပွင့်လျက် ကျွန် တော် ပန်းအိကို နှုတ်ဆက်ဖြစ်သည်။

"တိတ်ပါတော့ ပန်းအိရယ်၊ နင် ရွာမှာ အလွန်ဆုံး ဒုက္ခခံရလှ တစ်နှစ်ပေါ့၊ စိတ်ချဟာ ငါတို့ဘဝ တစ်ခုခုပြောင်းလဲအောင်လုပ်ဖို့ ငါ သွားမှာ"

"ငါ မျှော်နေမယ်နော်"

စီးကျလာသည့် မျက်ရည်စများအား ပန်းအိ လက်ဖမိုးနှင့် သုတ်ရင်း ကျွန်တော့်ကို ပြော၏။ ဆင်တူရိုးမှား ကြေကွဲမှုများက လစ်ဟာလွန်းသော ရင်တွင် တင်းကျပ်ဆို့နင့်စေသည်။

လေရူးကြောင့် ကြွေခဲ့သော ရွှေဝါရောင် သစ်ရွက်များက မြေပြင်အနှံ့ အတုံးအရုံး သေဆုံးနေကြသည်။ ပန်းအိ နင်နင့်ပိုးပိုးလေး တစ်ချက်ရှိုက်ငင်ပြီး တောင်ပေါ်စေတီမှ ဆည်းလည်းသံက ကျွန်တော့်နားထဲသို့ လေနှင့်အတူ တိုးတိုး သဲ့သဲ့ စီးဝင်လာသည်။ ကျွန်တော်က ပန်းအိ၏နဖူးစကို ယုယုယယ နမ်းလိုက် သည်။

အသိတရားတွေကို ကျွန်တော် မနားတမ်း ဆွဲဆန့်နေရသည်။ စိတ်က ပန်းအိဆီ ဝေ့ဝဲနေဆဲ။ ကျောခိုင်းရင်း နောက်ပြန်လက်ပြသွားသော ပန်းအိကို ကျွန်တော် မျက်စိကင်မရာနှင့် ရိုက်ယူရင်း နှလုံးသား အယ်(လ်)ဘမ်တွင် သိမ်း ဆည်းထားလိုက်သည်။

ဘုရင့်နောင် ဖောင်ဖျက်သလို နောက်မတွန့်တမ်း ထွက်လာခဲ့သော ကျွန်တော် မြို့မကျ တောမကျ နှစ်နံ့စပ်အရပ်ဒေသတစ်ခုသို့ ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာသည် ဝိုက်မြည်းချင်စရာကောင်းလောက်အောင် မှုန်မှိုင်းရီဝေနေသည်။ ရင်ထဲမှာ မောပန်းနွမ်းလျလာ၏။ သို့သော် ပန်းအိအတွက်ဆိုသော အသိနှင့် စိတ်ကို တွန်းအားပေးထားရသည်။

မသိလျှင်မေး မစင်လျှင်ဆေး ဟူသော စကားနှင့်အညီ ရွာမှာ ကပ္ပိယကြီး ပြောလိုက်သည့် စကားအတိုင်း သူဌေးဦးအောင်ဝင်း ဆိုသူကို တွေ့သမျှလူ လတ်တို့မေးရင်း စုံစမ်းရသည်။ ထိုမြို့ ထိုရွာ၌ သူဌေး ဦးအောင်ဝင်းကို လူတော်တော်များများ သိပုံရ၏။

လိပ်စာသိရုံမက ဖနီးသည်ခရီးသွားတိုင်း သူဌေးဦးအောင်ဝင်းက အိမ်ပြင်ထွက်ကာ ညမွှေးပန်းရနံ့တို့ကို တရှိုက်မက်မက် ဆုပ်ယူစားသုံးတတ်သည်တဲ့ ဆိုသည်။ အခုလည်း သူဌေး ဦးအောင်ဝင်း အိမ်တွင်မရှိ၍ ကျွန်တော့်အနေအထားက ဦးအောင်ဝင်း ပြန်အလာကို တည်းခိုခန်းမှ အခန့်သား စောင့်နေနိုင်ခွင့်မရှိမှန်း ကိုယ့်ဘာသာကိုယ် သေချာစွာ သိနေသည်။

ဝတ်မွတ်ခြင်းနှင့် လောင်ကျွမ်းနေသော ဘဝက ငြိမ်းခြောက်နေ၍ ကျွန်တော် ဆုံးဖြတ်ချက် တစ်ခုကို နိုင်နိုင်မာမာ ချလိုက်၏။ ကြားဖူးနားဝ မှီသမျှနှင့် ပန်းအိ အခါခါ ပူဆာဖူးသော အရာများက ကျွန်တော့်နားထဲတွင် ပဲ့တင်ထပ်လျက်ရှိသည်။

မရွာသောမိုးကို မျှော်ကိုးနေမည့်အစား တွေ့ရာကန် ရေဆင်းစိမ်လိုက်တာမှ အေးမြခြင်းကို အဆောတလျင် ခံစားခွင့်ရလိမ့်မည်။ ပန်းအိအတွက် တစ်ခုခုတော့ မဖြစ်ဖြစ်အောင် လုပ်မည်ဟူသော ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ဘေးကို ရှေ့နောက်ဝဲယာ အကဲခတ်ရင်း ကျွန်တော် ဦးအောင်ဝင်း၏ ခြံကြီးနားသို့ ကပ်လိုက်သည်။

တစ်ချိန်တည်းတွင် ပန်းအိအစ်ကို ကျွန်တော်၏ယောက်ဖဖြစ်သူ မျက်နှာကို ပြန်သတိရမိသည်။ ယောက်ဖဖြစ်သူက ဖောက်ထွင်းမှုတစ်ခုနှင့် အခု ထောင်ထဲရောက်နေပြီ။ သူ့ရှိစဉ်က ဘာရယ်မဟုတ် အချိန်အားလျှင်အားသလို သော့ဖွင့်နည်း၊ သော့ဖျက်နည်းများ ကျွန်တော့်ကို ပြခဲ့၍ ကျွန်တော်လည်း သိတန်သလောက် သိနေသည်။ ယခု ထိုအတတ်ပညာက လက်ယပ်ခေါ်နေသလို ရှိ၏။

လရောင်သည် အမှောင်ထဲသို့ တဖြုတ်ဖြုတ် ကြွေကျလျက်ရှိ၏။ အမှောင်နှင့် အကုသိုလ်သည် ဟာမိုနီဖြစ်လျက် ဦးနှောက်ကို လွှမ်းသွားသော





အခါ မကောင်းမှု စိတ်ဓာတ်ခွန်အား ဖွံ့ဖြိုးလာသည်။ ခွေးလေခွေးလွင့်များသင် အိပ်တန်းတက်လျက် ရှိ၍ ညထဲတွင် တိတ်ဆိတ်ခြင်းက ကြွက်ကြွက်ညံအောင် ကြွေကျနေ၏။

ကျွန်တော် ညထဲသို့ တိုးဝင်ပါတော့မည်။ ညသည် လရောင်နှင့် လူးလျက် တုံနိဘာဝေ ထမင်းကြမ်းခဲလို အေးစက်တောင့်တင်းနေသည်။ ကျွန်တော် ဦးအောင်ဝင်း၏ ခြံထဲသို့ ပုဆိုးခါးတောင်းကျိုက်ပြီး ခြံဝင်းစည်းရိုးကို ခွကျော်၍ ဝင်ရောက်လိုက်သည်။ ကုသိုလ်ကံက ပေးမသဖြင့် ကွဲနေသော ပြတင်းမှန်တစ်ချပ်မှ လက်လျှို၍ မင်းတုန်းကို ဖွင့်ကာ ပြတင်းမှတစ်ဆင့် အိမ်ထဲသို့ ကျွန်တော် ရောက်ခဲ့၏။

ညအိပ်မီးအလင်းနှင့် အိမ်အနေအထားကို စူးစမ်းပြီး အခန်းတစ်ခုသို့ အဖြတ် ဖွင့်ဟလျက်ရှိသည့် အခန်းတစ်ခုအတွင်းသို့ ကျွန်တော် ဝင်ရောက်မိချိန်တွင် ကပိုကရိုချည်နှောင်ထားသော ခြင်ထောင်တစ်ခုမှ ပင်ပန်းမှုဖြင့် လောင်ကျွမ်းသည့် ဟောက်သံများ လျှံကျနေသံ ကြားရသည်။

ရိုးတိုးရိပ်တိတ် ကောက်ကြောင်းအရ အိမ်ဖော်ဖြစ်ဟန်တူသော ရွက်ကြမ်းရေကျို အမျိုးသမီးတစ်ဦး၏ လွတ်လပ်စွာ ခြေပစ်လက်ပစ် အပန်းဖြေအိပ်စက်မှုအတွက် ကျွန်တော် အရမ်းကျေနပ်သွားသည်။ တကယ့် အခွင့်အရေးရမှုတစ်ခုပင် ဖြစ်၏။

ဒူးနှစ်လုံးထောင်ကာ စိတ်လွတ်လက်လွတ် အိပ်ပျော်နေသော အိမ်ဖော်အမျိုးသမီး၏ သဏ္ဌာန်ကို အားလုံးနားလည်ကြလိမ့်မည် ထင်သည်။ သို့သော် ကျွန်တော်၏ ဦးတည်ချက်များ လမ်းလွဲသွား၍ မဖြစ်ပါ။ ဒီအထိ ကျူးကျော်ဝင်ရောက်လာမိသည့် အဓိက ရည်မှန်းချက်မှာ သေချာသည်။ ကျွန်တော့်အတွက် အရေးကြီးဆုံးမှာ ပန်းအိသာ ဖြစ်သည်။

ပန်းအိ တစ်ဘဝလုံး ပူဆာခဲ့သမျှ လုံလောက်စွာ ရရှိနိုင်မည့် အခွင့်အရေးမျိုး ကျွန်တော် ရရှိနေပြီ မဟုတ်လား။ အိမ်ရှင်များ မရှိသလို အိမ်ဖော်လည်း အိပ်နေပြီ ဖြစ်၍ အိမ်ကြီးအတွင်း စိမ်ပြေနပြေ လှည့်ပတ်ပြီး အဖိုးတန်ပစ္စည်းများ ရှာဖွေနေမိသည်။

အိမ်၏ တိတ်ဆိတ်ငြိမ်သက်မှုကို မှန်းဆကြည့်ရုံဖြင့် ဤအိမ်တွင် စောစောက အမျိုးသမီးတစ်ယောက်သာ ရှိလိမ့်မည်။ တစ်ခန်းဝင် တစ်ခန်းထွက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်၌ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရင်း ကျွန်တော် ရင်တွေခုန်လာသည်။

အလင်းအားနည်းသော နေရာ၌ပင် တဖိတ်ဖိတ်လက်နေသည့် ခန့်ခန့်ညားညား အသုံးအဆောင်များကို ကျွန်တော် ခပ်ရေးရေး မြင်နေရသည်။ အိစက်နေသော ဆိုဖာကြီးများ ပြောင်လက်၍ အကွက်ထနေသော ကျွန်းဗီရိုကြီးများ၊ မှန်စားပွဲကြီးနှင့် ထမင်းစားခန်း၊ လူတစ်ရပ်မကသော ရေခဲသေတ္တာ၊ အဟား စုံလို့ စုံလို့။

သို့သော် ကျွန်တော် တစ်ပိုင်တစ်နိုင် သယ်နိုင်မည့် ထုထည်သေးသေးနှင့် တန်ဖိုးကြီးပစ္စည်းများကို ရှာဖွေရန် ဆုံးဖြတ်ပြီးသား ဖြစ်၏။ ခန်းနားသော ဧကြီလမ်းတစ်လျှောက် တွေ့သမျှအခန်း ဝင်ကြည့်ခဲ့သည်မှာ တစ်ခန်းမှ စိတ်တိုင်းမကျသေး။ တန်ဖိုးကြီးပစ္စည်း အများဆုံး ထားရှိနိုင်မည့် အိပ်ခန်းတစ်ခန်းကို ကျွန်တော် ဝင်လိုက်သည်။

လုပစွာ တောင့်တင်း အိစက်လျက် ရှိသည့် ခုတင်ကြီးမှာ ထိရက်စရာမရှိ။ ပိုးသားများပေါ်တွင် ပန်းပွင့်ကြီးများ ထိုးထားသော ခေါင်းအုံး၊ မွေ့ရာနှင့် စောင်များကိုကြည့်ရင်း ပန်းအိကိုပင် သတိရလိုက်မိသေး၏။ ခုတင်၏ ညာဘက်တွင် မှန်တင်ခုံကြီး ရှိ၏။ ကြီးမားကြည်လင်သော မှန်ကြီးတွင် ပေါ်လာသည့် ကျွန်တော့်ရုပ်သွင်က မှုန်ဝါးနေသည်။

ထိုမှန်တင်ခုံပေါ်တွင် ပန်းအိ တမ်းတမ်းတတ တောင့်တခဲ့ဖူးသော အလှပြင်ပစ္စည်းများ တစ်ပုံတစ်ပင် ရှိနေသည်။ မှန်တင်ခုံဘေးတွင် တံခါးသုံးပေါက်ပါသော ဗီရိုကြီးကို တွေ့ရသည်။ ကျွန်တော် ဖွင့်ကြည့်လိုက်တော့ အဖိုးတန် အမျိုးသမီး အဝတ်အစားများတွေ၌ နိုင်သလောက်တော့ ယူဦးမှပဟု တွေးရင်း အစုံနှစ်ဆယ်လောက် ထုတ်ယူဖြစ်၏။

ထိုမှတစ်ဆင့် ခုတင်ခြေရင်းဘက် ကြည့်မိတော့ ခန့်မှန်း (၂၉)လက်မ အရွယ်ရှိသော တီဗီကြီးကို တွေ့ပြန်သည်။ ဒါကြီးသာ ရှိလျှင် အိန္ဒြာတို့ မိုးဟောင်တို့ မိုးယုတို့ သင်ဇာတို့နှင့် ကျွန်တော် ညိမ့်နေမည်။ ပန်းအိကတော့ ဘောဟောင်ကျွန်းတို့ လီမင်ဟိုတို့နှင့် နှပ်နေနိုင်သည်။

သို့သော် ဒါကြီးက ကျွန်တော် တစ်ယောက်တည်း သယ်ပိုးဖို့ မလွယ်၍ လိုချင်စိတ်ကို ဖိသိပ်မျိုချရသည်။ စောစောက ပန်းအိအတွက် စိတ်ကြိုက်ရွေးချယ်ထားသော ပစ္စည်းများကို ခုတင်ပေါ် စုပုံတင်ထားလိုက်ပြီး တစ်ဖက်ခန်း





သို့ ကူးပြီး တံခါးဖွင့်ကြည့်သည်။

တံခါးက ဖွင့်မရ။ သို့သော် ကိစ္စမရှိ။ တံခါးတွင် တပ်ထားသော စတီးဘုလုံးလေး၏ လည်တိုင်နှင့်ကပ်လျက် အပေါက်လေးကို ကျွန်တော် သံချောင်းလေးဖြင့်ထိုးပြီး ထုတ်လိုက်၏။ ဘုသီးလေးအလယ်၌ ချထားသော သော့တစ်ပွေ့စာက ဖြောင်းခနဲ တက်လာသည်။

အိုကေ တံခါးပွင့်သွားပြီ။ ကျွန်တော် အဓိက ရည်ရွယ်သော လက်ဝတ်ရတနာပစ္စည်းများနှင့် ငွေများသည် သော့ခတ်ထားသော သည်အခန်းတွင် သေချာပေါက် ရှိမည်ဟု ကျွန်တော် ယုံကြည်နေသည်။ ကျွန်တော် မီးခလုတ်တစ်ခုကို ဖွင့်ကြည့်တော့ ဖိတ်ဖိတ်တောက်လျက် ကနုတ်ပန်းပုံဖော်ထားသော ထိုင်ခုံကြီးများ အရည်လဲ့ ကျွန်းကွက်ပေါ်နေသော စားပွဲ၊ ကြီးမားသော မှန်ရှိုးကေ့(စ်)များအပြင် သံဗီရိုကြီးများလည်း တွေ့ရ၏။

စားပွဲပေါ်တွင် ပွင့်လျက်သား မဂ္ဂဇင်းစာအုပ်များ၊ မဖောက်ရသေးသော မြဟာသ်ာတစ်ထုပ်၊ ကြေးအညိုတက်နေသော မှုန်ပျပျ မီးတိုင်၊ လေဒီဂါဂါ၏ ပေါင်တံဖွေးဖွေး နံရံကပ်ကြော်ငြာ၊ မာဘိုရိုအတိုအစ၊ အငွေ့မပြယ်သေးသော ချီးဗတ်ရီကာ ပုလင်း အဟာ့ လုံလောက်ပြီ။

ကျွန်တော် အရင်ဆုံး တွေ့ထိမိသည်မှာ သံဗီရိုကြီးများပင် ဖြစ်၏။ ဗီရိုရှိ အံဆွဲမှန်သမျှ၏ သော့တွေကို တစ်ခုပြီးတစ်ခု လိုက်ဖွင့်ကြည့်သည်။ ဗီရိုအတွင်း အံဆွဲကို ဖွင့်ကြည့်မှ ကျွန်တော့်ဘဝတစ်ခုလုံးကို လင်းလက်သွားအောင် ပြောင်းလဲပစ်နိုင်သည့် ရတနာပစ္စည်းများက တဝင်းဝင်း တလက်လက်။

ထင်မှတ်မထားသော ကံကောင်းမှုသည် ကျွန်တော့်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ကျွန်တော့် ကံကောင်းမှုက သူဌေးအတွက်တော့ ကံဆိုးမှုပင် ဖြစ်၏။ ကျွန်တော့်ရင်တွေ တလုပ်လုပ် ခုန်နေသည်။ အလိုရမ္မက်ဖြင့် လေးလံလွန်းသော ကျွန်တော့်ခန္ဓာကိုယ်မှ ချွေးသီးချွေးပေါက်တို့ အလုအယက် ကြွေကျသည်။

ကြည့်စမ်းပါဦး။ ဆင်တွေ ခြသေ့်တွေ စိန်ရွှေရတနာတွေ၊ ကျွန်တော် အချိန်ဆွဲမနေနိုင်တော့။ အခန်းထဲ အဆင်သင့်တွေ့ရသော လက်ဆွဲအိတ်တစ်လုံးကို ဖြည့် တွေ့သမျှ ရတနာနှင့် ငွေစက္ကူထုပ်များကို သွဲ့ကာ ကြီးထည့်လိုက်သည်။ ဘူးလုလုနှင့် ထည့်ထားသော နာရီ၊ ရွှေရောင်လက်နေသော မျက်မှန် ကော်ထိုင်



www.burmeseclassic.com

www.burmeseclassic.com

ဗုန်းနှင့် ထုထည်သေးမွှားသော MP4 လို လျှပ်စစ်ပစ္စည်းများလည်း မမောနိုင် မပမ်းနိုင် ကောက်ယူထည့်သိုမိသည်။

ရင်ထဲတွင် လောဘ ဒေါသ မောဟတို့နှင့် ဆင်ယင်ခြယ်သထားသဖြင့် ကျွန်တော်၏ ကိုယ်ကျင့်တရားမှာ အရှက်တရားကင်းမဲ့စွာပင် အလှကြွယ် လန်း ဆန်းနေသည်။

ထိုအခိုက် ဆူဆူညံညံအသံများကို ရုတ်တရက် ကြားလိုက်ရသည်။ ထိတ်လန့်လွန်းသဖြင့် ရင်ထဲက နှလုံးခုန်ထွက်သွားမလားဟုပင် ထင်လိုက်မိ သည်။ ဘာဖြစ်မှန်း တွေး၍မရ၊ ရဲတွေများ ဝိုင်းလာတာလား၊ ရပ်ကွက်လူကြီး ကျွန်တော့်ကို ဖမ်းဖို့လား၊ တုန်တုန်ယင်ယင် ခြေလှမ်းများဖြင့် ပြတင်းနားသို့ တိုးကပ်ကာ အပြင်သို့ ချောင်းကြည့်လိုက်သည်။

"ဟင် မီး မီးတွေ လောင်နေတာပါလား"

ဆူညံအော်ဟစ်သံတွေလည်း ပိုမိုကျယ်လောင်လာခဲ့ပြီ။ ကံများ ကောင်း ချင်တော့ အထုပ်ထမ်း၍ ထွက်ပြေးမည့် ကျွန်တော့်အတွက် မီးက အချိန်ကိုကိုက်ပြီး လောင်ပေးနေပြန်သည်။ တစ်ဖက်အိမ်တွင် လောင်နေသည့် မီးက ဒီအိမ်ကို အချိန်မရွေး ကူးလာနိုင်သည်။

အပြင်ဘက်မှ အော်ဟစ်ဆူညံသံများနှင့်အတူ အိမ်တွင်းရှိ အိမ်ဖော်အမျိုး သမီး၏ ကယောက်ကယက်နိုင်လွန်းသော ခြေသံများကိုလည်း ကျွန်တော် ကြား နေရသည်။ တံခါးဟပြီး အသာအကဲခတ်ကြည့်တော့ ဘုရားခန်းထဲ ပြေးဝင်သွား သော အမျိုးသမီး၏ နောက်ကျောကို တွေ့လိုက်ရသည်။

ကျွန်တော်အပြင်ထွက်ရန် ပြင်တော့ အခန်းတစ်ခုအတွင်းမှ သေတ္တာ တစ်လုံးကို မနိုင်မနင်း ထမ်းကာ ထွက်လာသော အမျိုးသမီးကိုမြင်လိုက်ရပြန် သည်။ သေတ္တာကို စင်္ကြံလမ်းတွင် ချပြီးနောက် အခန်းထဲ ထပ်ဝင်သွားပြန်၏။ သူ အဝင်အထွက် လုပ်နေ၍ ကျွန်တော်လည်း အခြေအနေကို စောင့်ကြည့်နေ ရသည်။ သူက တော်တော်နှင့် ထွက်မလာ။ ကျွန်တော်လည်း ဇောချွေးပြန်လာ၏။ အိမ်နံရံများသို့ တဖျစ်ဖျစ် ကူးစက်လောင်ကျွမ်းလာသော မီး၏အပူရှိန်ကို ကျွန်တော် တုန်လှုပ်စွာ ခံစားနေရပြီ။ မထူးသည့်အဆုံး အခန်းပြင်ကို ထွက်လိုက်သည်။ အိမ်ဖော်အမျိုးသမီးကို မတွေ့။ ဖွင့်ဟလျက်ရှိသည့် အခန်းကို ကျွန်တော် ခေါင်း ပြူကြည့်လိုက်သည်။ ရန်ကုန်သမျှ ပစ္စည်းများအား တရကြမ်းနင်းကန် ထည့်နေသည့်





အိမ်ဖော်အမျိုးသမီး၏ မျက်နှာသည်လည်း ယခုအချိန်တွင် လောဘဇောဖြင့် ကျွန်တော့်လိုပင် နီမြန်းစွတ်စိုနေလိမ့်မည် ထင်သည်။

တခဏအတွင်းမှာပင်' သေတ္တာနှစ်လုံးနှင့် ကျောပိုးအိတ်တစ်လုံးကို လွယ်ကာ အမျိုးသမီးက ကျွန်တော်ထင်သည့်အတိုင်း ပြေးထွက်သွား၏။ ရှင်းပါ သည်။ သူသည်လည်း ရလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ရယူသွား ခဲ့လေပြီ။

ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ တစ်ဖက်ခန်း ခုတင်ပေါ် စုပုံထားခဲ့သည့် ပစ္စည်းများကို ထိုမွေ့ရာခင်းနှင့်ပင် ပေါင်းစုချည်နှောင်ပြီး ပခုံးပေါ် ထမ်း၍ ရတနာလက်ဆွဲအိတ်ကို ဆွဲကာ အခန်းထဲမှ ထွက်လိုက်သည်။

စဉ်းစားကြည့်၊ ယခုအချိန်သည် ကျွန်တော့်အတွက် ဘာအန္တရာယ်မှ မရှိနိုင်တော့သည့် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။ ပန်းအိနှင့်ကျွန်တော့်ဘဝ သေချာပေါက် ချမ်းသာတော့မည်။

တစ်ဘဝ သာယာမှုနှင့်လဲလှယ်ရန် ကျွန်တော့်ပခုံးထက်တွင် ထမ်းလာ သော အထုပ်မှာ လောဘတို့ဖြင့် ပြည့်ဖောင်းလေးလံလွန်းလေသည်။ ဘယ် လောက်ပင် လေးလံစေဦးတော့ ကျွန်တော့်အတွက် မြူနှင်းပွင့်လေးများ ပခုံးထက် မှာ ပျံသန်းနေသလို ခံစားနေရ၏။

ကျွန်တော် ဘုရားခန်းရှေ့မှ ဖြတ်ထွက်ချိန်တွင် ဘုရားစင်၌ ပဒေသာပင် သီးကာ လှူဒါန်းပူဇော်ထားသော ငွေစက္ကူများပင် မီးအရှိန်ကြောင့် အနားစတို့ ကျွမ်းစပြုနေပြီ။ ရုတ်တရက် ဘုရားခန်းထဲမှာ ကလေးငယ်တစ်ယောက်၏ ဂုဏ်ဂုဏ် ဝါးဝါး အော်ငိုသံကြောင့် ကျွန်တော့် သွားလက်စ ခြေလှမ်းတို့ တွန့်ဆုတ်သွားခဲ့ သည်။

သေချာသည် ဒါဟာ ကလေးငိုသံမှ ကလေးငိုသံအစစ်၊ ဆန်းပြားလှ သော အသံတစ်ခုကြောင့် ကျွန်တော် ဘုရားခန်းတွင်းသို့ ခေါင်းပြူပြီး မျက်လုံး ဝေ့ကြည့်သည်။ ကြည့်စမ်း လူ့လောကသို့ ရောက်ခဲ့သည်မှာ အလွန်ဆုံးရှိလှ တစ်နှစ်ကျော်ခန့်လောက်သာ ရှိဦးမည့် ကလေးက ဘုရားခန်းထောင့်ရှိ တွန်းလှည်း ပုခက်ပေါ်တွင် လူးလွန့်ကာ တွန့်လိမ်ကောက်ကွေးလျက် အော်ဟစ်ငိုယိုနေသည်။

အို ဒါ ဟိုမိန်းမ ထားသွားတာ သေချာသည်။ ကျွန်တော် ဘာလုပ် သင့်ပါသလဲ။ အိမ်ဖော်အမျိုးသမီး ဆိုသူက သူလိုရာပစ္စည်းများကြီး သယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အား ဘုရားခန်းတွင် ထားကာ ကိုယ်လွတ်ရုန်းသွားခဲ့လေပြီ။ မီးအရှိန်သည် အိမ်နံရံများ တဖျစ်ဖျစ်မြည်သည်အထိ ပူလောင်လာနေသည်။ ဆက်ကြောင်းနေရာများမှ မီးခိုးတို့ စိမ့်ဝင်လာနေ၏။

ဒီကလေးကို ငါ မကယ်ရင် ဒုက္ခပဲဟု တွေးမိရင်း ရုတ်တရက် အထုပ်ကိုချ၍ ကလေးကို ပြေးပွေ့လိုက်သည်။ ကလေးက ချက်ချင်း ကျွန်တော့်ရင်ခွင်တွင် အငိုတိတ်၏။ နှစ်သက်စရာကောင်းသော တိုက်ဆိုင်မှုကြောင့် ကျွန်တော် ကလေး၏ ပါးဖွေးဖွေးကို တစ်ချက် နမ်းလိုက်သည်။

အသိက ချက်ချင်းပြန်ဝင်သလို ချထားသော အထုပ်ကြီးနှင့် လက်ဆွဲအိတ်က ကျွန်တော့်ကို လက်ယပ်ခေါ်နေသလို ခံစားနေရ၏။ ဟုတ်သည် အထုပ်ထဲတွင် ကျွန်တော်နှင့်ပန်းအိ ဘဝကို အကြီးအကျယ် ပြောင်းလဲပစ်နိုင်စွမ်းသော အဖိုးတန် ရတနာများရှိသည်။ ဒီကလေးက ဒုက္ခမျိုးဆက်ကလေးသာ ဖြစ်၏။

ကျွန်တော် ကလေးကို ချက်ချင်းဆိုသလို ကောက်ကာငင်ကာ ပုခက်အတွင်း ပြန်ထည့်လိုက်တော့ ကလေးက စူးစူးဝါးဝါး ငိုပြန်သည်။ အချိန်မရှိတော့။ ကျွန်တော် အထုပ်ကြီးကို ပြန်ထမ်းပြီး လက်ဆွဲအိတ်ကို ပြန်ဆွဲ၏။ ရှင်းသည် ဒီလို အခွင့်အရေးမျိုး ကျွန်တော့်တစ်သက် နှစ်ခါပြန် မရနိုင်မှန်း ကျွန်တော် သိ၏။

ကျွန်တော့်ဘဝအတွက်၊ ပြီးတော့ ပန်းအိဘဝအတွက် ခြေကုန်သုတ်ခဲ့သည်မှာ အိမ်တံခါးဝအထိ ရောက်ခဲ့ပြီ။ ကလေး၏ငိုသံက မီးတောင်တစ်ခုလုံးမှ ဖြာထွက်လွင့်စင်လာသော အပိုင်းအစများလို ကျွန်တော့်၏ရင်သို့ လာရောက်ထိမှန်ဆဲ။

မီးက အရှိန်ပြင်းသထက် ပြင်းလာနေပြီ။ တစ်ဖက်အိမ်မှ အမိုးများ လွင့်ထွက်လာသံ၊ ထုတ်တန်းများပြုတ်ကျသံတို့ကို အတိုင်းသား ကြားနေရသည်။ ကျွန်တော် အိမ်ပြင်ရောက်ဖို့ ခြေနှစ်လှမ်းလောက်သာ လှမ်းဖို့လိုတော့၏။ အပြင်ရောက်သည်နှင့် ကျွန်တော်နှင့်ပန်းအိအတွက် ပြီးပြည့်စုံသော ပန်းခင်းကြီး တစ်ခင်း စောင့်ကြိုနေမည်ဆိုတာ ကျွန်တော် အတတ်သိနေခဲ့သည်။

သို့သော် ခြေနှစ်လှမ်းအလိုရောက်မှ ခြေထောက်က တွန့်ဆုတ်ကာ ဘုရားခန်းဆီသို့ သမင်လည်ပြန် လှမ်းကြည့်မိသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်းသည် တစ်ကန့်စီပိုင်းခြားလျက် ပန်းအိမျက်နှာတစ်ဖက်၊ ကလေးမျက်နှာတစ်ဖက်နှင့် ကျွန်တော့်ကို အနေးပြရုပ်ရှင်ပြကွက်များလို ချောက်လှန့်နေခဲ့၏။

လောဘ ဒေါသ တပ်မက်မှုနှင့် ပြည့်ဖြိုးမောက်လျှံနေသော ပန်းအိမျက်နှာ၊ တစ်ခါ ဘာတစ်ခုမှ သိဟန် မတူသော အပြစ်ကင်းစင်လွန်းလှသည့် ကလေး၏မျက်နှာ။

ပင်လုံးကျွတ် ဝေနေသော ပန်းရနံ့နှင့်အတူ ကဗျာငှက်ကလေးတစ်ကောင် ကျွန်တော့်ရင်တွင်းသို့ တိုးဝင်နားခိုလာသည်။ မီးက နံရံတစ်ဖက်ကို စွဲ၍ ရဲရဲတောက် အရှိန်နှင့် လောင်စာမှန်သမျှ ဝါးမြိုရန် အောင်စည်သံ တဒြိမ့်ဒြိမ့်ဖြင့် လိုမ့်ဝင်လာသည်။

ကျွန်တော် ဘုန်းခနဲ အထုပ်ကြီးကို ပစ်ချလိုက်သည်။ အိပ်ရာခင်းစကို ဖြည်၍ အထဲမှ ပန်းအိကြိုက်သော ပစ္စည်းများကို ခါထုတ်ရင်း အနီးတွင်ရှိသော ရေသန့်ဘူးကြီးကို အဖုံးဖွင့်ကာ အိပ်ရာခင်းစအနှံ့ ရွှဲရွှဲစိုအောင် လောင်းလိုက်၏။ အခြေအနေက စက္ကန့်နှင့်အမျှ အရေးကြီးနေခဲ့သည်။

ချက်ချင်းဆိုသလို ကလေးရှိရာ အခန်းကို ကျွန်တော် ပြေးသွားသည်။ အပူရှိန်နှင့် မီးခိုးငွေ့များကြောင့် ချောင်းတဟွပ်ဟွပ် ဆိုးရင်း ငိုနေရှာသော ကလေးငယ်ကို ကျွန်တော် အိပ်ရာခင်းစနှင့်ပတ်ကာ နှစ်လိုစဖွယ် ရင်ခွင်ပိုက်ထွေးလိုက်သည်။

ပြီးမှ ပူလောင်နေသော ကြမ်းခင်းများကို အံတင်းတင်းကြိတ်ရင်း ဖြတ်ကျော်လိုက်သည်။ ပြီးသွားပြီ။ အလျံငြီးငြီး တောက်လောင်နေသော မီးက ကျွန်တော်နှင့် ကလေးအတွက် ခပ်ဝေးဝေးလေး ကျောခိုင်းခဲ့ပြီးပြီ။

ကျွန်တော်၏ ခြေလှမ်းများ သွက်လက်ချက်ချာနေပါသည်။ ရင်ခွင်တွင်းမှ ကလေးငယ်သည် ကျွန်တော့်ရင်ဘတ်မှ အင်္ကျီစကို လက်နှင့်ဆုပ်ကာ ငြိမ်သက်နေခဲ့၏။ ကျွန်တော့်ရင်တွင်းမှ မီးအပုံတစ်ရာလည်း အေးမြလန်းဆန်းသွားသည်။ ကျွန်တော် ခိုးကြောင်ခိုးဝှက်နှင့် ဘယ်သူ့ကိုမှလည်း ကြောက်နေစရာ မလိုတော့။ ကျွန်တော် ရင်ကော့၍ လျှောက်ပါမည်။

❧





www.burmeseclassic.com

www.burmeseclassic.com

# ပျါး

## လူနှင့်အိမ်ရာ



www.burmeseclassic.com

www.burmeseclassic.com

## လူနှင့်အိမ်ရာ

(၁)

ကျွန်တော် စာကလေးတစ်ကောင် ဖြစ်ချင်ပါသည်။

(၂)

တစ်နေ့က မနက်စာ ထမင်းကြော်စားအပြီး သွားကြားထိုးရင်း ကျွန်တော် ပျင်းပျင်းနှင့် ပတ်ဝန်းကျင်ကို ငေးမောရန် ဝရန်တာလေးဆီသို့ ထွက်ခဲ့သည်။ ဝရန်တာတွင် အပြားကြီးကြီး မြက်ပင်စိမ်းအပြတ်များ ပြန့်ကျဲနေ၍ ကျွန်တော် ဒေါပွသွား၏။ ဘယ်ကောင်များ လက်ကမြင်းပြီး ငါ့ဝရန်တာမှာ တမင်သက်သက် လာပစ်သလဲပေါ့။ တွေ့လို့ကတော့ အသေပဲဟု မာန်တင်းထားလိုက်ပြီး ထို မြက်ပင်ပြတ်များကို ရှင်းလင်းလိုက်သည်။

ဟောဗျာ နောက်တစ်နေ့ကျတော့လည်း ထိုမြက်ပင်အပြတ်များက ကျွန်တော် ဝရန်တာ ထွက်တော့ လျှောင်ပြောင်စွာ ဆီးကြိုနေပြန်သည်။ ကျွန်တော် ဒေါသက ငယ်ထိပ်အထိ ဆောင့်တက်လာသည်။ မဖြစ်တော့ ဒီကိစ္စက လုံးဝကို စောင့်ဖမ်းမှ ဖြစ်တော့မည်။ ဒေါသနှင့်ပင် မြက်အမှိုက်များကို သိမ်း



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com



ဆည်းလိုက်ရပြန်သည်။ ဟင်း တွေ့မယ် မနက်ဖြန် မနက်ဖြန်...။

မနက်မိုးလင်းကတည်းက စိတ်က ဝရန်တာဆီ ရောက်နေသည်။ မေမေ လုပ်ပေးသော ဆီချက်နှင့် ကော်ဖီတစ်ခွက်သောက်ပြီး ဝရန်တာဆီ မြင်ရသော ပြတင်းပေါက်မှ တစ်ဆင့် ချောင်းကြည့်နေလိုက်၏။ ရေက်နှစ်ကောင် လာနားပြီး ထယ်ပျံ နာရီဝက်ကျော်သည်အထိ ဘာမှမထူးခြား။ ခဏကြာမှ စာပုတီး ငှက်လေး လာနားသည်။ အမယ် သူ့နှုတ်သီးမှ မြက်ပြားပင်တစ်ပင် ကိုက်လို့ ကျွန်တော် အသက်ပင် မရှူဝံ့တော့ဘဲ အာရုံစိုက်နေလိုက်သည်။ ကြိုပ်တုစလောင်းကို သွယ်တန်းထားသော ဝါယာကြိုးအနက်ကြီးက ရှည်နေသဖြင့် ကျွန်တော်တို့က မြင်သလိုလိမ်ခေါက်ပြီး အိမ်တံစက်မြိတ်မှာ ချည်ထားတာရှိ၏။

ထိုဝါယာကြိုးများကြား၌ စာပုတီးငှက်လေးက မြက်ပင်ကို ခက်ရာခက်ဆစ် လာတင်သည်။ မြက်ပင်က ချောကျ၏။ ငှက်ကလေး ပျံသွားသည်။ ခဏကြာ နောက်တစ်ပင်ကိုက်ကာ လာတင်ပြန်သည်။ မြက်ပင်ကလည်း ချောကျသွားပြန်၏။ ငှက်ကလေး တစ်ခါပျံသွားပြန်သည်။

ထိုသို့ လာတင်လိုက် ပြုတ်ကျလိုက် ပျံသွားလိုက်နှင့် ကြာတော့ ကြည့်နေရင်းက ကျွန်တော် ငှက်ကလေးကို သနားလာသည်။ ကျွန်တော် တွေးကြည့်၍လည်း ရ၏။ သူ အသိုက်လုပ်ချင်တာကိုး။ သူ့ကို သနားပြီး သူ တင်၍ရအောင် ဝါယာကြိုးများကြား၌ ကြွပ်ကြွပ်ကြိုးများကို နွယ်ယှက်ပြီး သူ ပြန်မလာခင် ချည်ပေးထားလိုက်ကာ စောစောက အောက်သို့ ကျနေသော မြက်ပင်များကိုလည်း ကျွန်တော် သေချာစွာ ဟင်မွှေးထားလိုက်ပါသည်။

စာပုတီးလေး မြက်တစ်ပင်နှင့် ထပ်ရောက်လာသည်။ မြက်ပင်ကို သူ တင်ကြည့်ပြန်၏။ ရသွားပြီ။ ရအောင်လည်း ကျွန်တော် သေသေချာချာ လုပ်ပေးထားတာကိုး။ ကျွန်တော် ထင်ပါသည်။ သူ ပျော်သွားပုံပေါ်၏။ သွက်သွက်ကလေး ပျံသွားလိုက်၊ သွက်သွက်ကလေး မြက်ပင်လာတင်လိုက်နှင့် သူ့ ခမျာ မမောနိုင် မပန်းနိုင် လုပ်နေရှာသည်။

သူအလုပ်ပျက်မည်ဆိုး၍ ကျွန်တော်တောင် အိမ်ပြင်မထွက်ဘဲ အိမ်ထဲမှာ တိတ်တိတ်လေး နေလိုက်သည်။ ကျွန်တော့်အမေကိုလည်း ဘယ်သူမှ အိမ်အပြင်မထွက်ဖို့ အကျိုးအကြောင်း ပြောပြီး မှာရသေးသည်။ ညနေစောင်းတော့ မြက်ပင်အပြားတွေရော အရှည်တွေရော စုံလွင်လှသည့် မြက်စိမ်းများဖြင့်





ဖွဲ့စည်းသော အသိုက်က စိမ်းလန်းစွာ ပြီးဆုံးသွားခဲ့သည်။

သူ့အစား ကျွန်တော်ပင် ရင်မောသွားသည်။ အလို ကျွန်တော်က ပြီးပြီအထင်နှင့် ပြောမိသည်။ သူက အသိုက်မှထွက်ကာ တစ်ခါပျံသွားပြန်သည်။ မြက်များထပ်သယ်ဦးမည်ဟု ကျွန်တော် တွေးမိသည်။ တကယ်တမ်း သူ ပြန်လာတော့ ကျွန်တော် အထင်နှင့်အမြင် တက်တက်စင်အောင် လွဲသွား၏။ ကြည့်စမ်း သူ့မှာ သူ့အဖော် ဇနီးမယားနှင့်အတူ အသိုက်ကို ပြန်လာခြင်း ဖြစ်သည်။ သူ၏ဇနီးမယားဟု ကျွန်တော် အပိုင်ပြောခြင်းမှာ သူ့ဇနီးသည်က ကိုယ်ဝန် အရင့်အမာကြီး လွယ်ထားရသောကြောင့် ဖြစ်၏။

စာပုတီးလေးက အသိုက်ကိုတစ်ခါကြည့်ပြီး တစ်ဖန် သူ၏ ဇနီးသည် ဘက်လှည့်ကာ ပကျစ်ပကျစ်ဖြင့် ရှင်းပြနေပုံရ၏။ သူတို့ဘာသာစကားကို ကျွန်တော် နားမလည်သော်လည်း သဘောတော့ ပေါက်ခဲ့ပါသည်။ သူ့ဇနီး မီးဖွားဖို့အတွက် အချိန်မီအသိုက်ကို ကြိုးစားပန်းစား ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် တွေးကောင်းတုံး သူတို့ဇနီးမောင်နှံ အသိုက်စိမ်းလေးထဲ ဝင်သွားသည်။ ပြီးသွားပြီဟု ကျွန်တော် စဉ်းစားတုံး အသိုက်မှ နှစ်ကောင်စလုံး ပြန်ထွက်လာကာ အဝေးတစ်နေရာသို့ ပြိုင်တူပျံသန်းသွားကြသည်။ ညမိုးချုပ်သည်အထိ ပြန်မလာကြတော့။

အိမ်တက်မင်္ဂလာ မလုပ်ရသေးလို့ဘဲ မနေတာလား။ အသိုက်စိမ်းလေးမှ မနေသေးတာလားဟု ညအိပ်ရာဝင်သည်အထိ အိပ်ရာထဲတွင် ကျွန်တော် တွေးမိသည်။

မနက်မိုးလင်းလင်းချင်းလည်း စာပုတီးမောင်နှံကို မျှော်ကြည့်သည်။ ကျွန်တော် မျှော်လင့်သည့်အတိုင်း သူတို့ဇနီးမောင်နှံ အသိုက်တွင် လာနေကြပြီ။ ဝင်လိုက်ထွက်လိုက် အစာရှာလိုက် ပြန်အိပ်လိုက်နှင့် သူတို့ကိုကြည့်ရင်း ကျွန်တော် လည်း ကြည်နူးနေသည်။

သုံးရက်လောက်ကြာတော့ အသိုက်လုပ်ထားသော မြက်စိမ်းများက ခြောက်သွေ့နွမ်းကာ ရွှေအိုရောင် အသိုက်ကလေး ဖြစ်လာသည်။ ကျွန်တော် လည်း စိတ်ချလက်ချဖြင့် သူတို့ကို အချိန်ပေးပြီး စောင့်မကြည့်နိုင်တော့။ ကိုယ့် အလုပ်ကိုယ်လုပ်နေရင်း သူတို့၏ ငယ်သံပါအောင် အော်သောအသံ[illegible] ကျွန်တော် ထိတ်လန့်တကြား ထွက်ကြည့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာတော့ လင်မယားနှစ်ကောင် အဆင်မသင့်လို့ ရန်ဖြစ်တာများလားပေါ့။ တကယ်တမ်းတော့ ကျွန်တော် ထင်သလို မဟုတ်ပါ။

စာကလေးများက စာပုတီးလင်မယားကို အနိုင်ကျင့်ကာ အသိုက်လာလုကြခြင်း ဖြစ်သည်။ ဒီလိုမျိုး မတရားလို့ကတော့ ဘယ်ရမလဲ။ ကျွန်တော် စာကလေးများကို ချောက်လန့်၍ တိုက်ခိုက်လိုက်သည်။ စာကလေးများ ထပျံသွားကြ၏။ ကျွန်တော်လည်း ကိုယ့်ကိစ္စကိုယ်လုပ်ဖို့ အိမ်ထဲ ပြန်ဝင်သည်။ ခဏကြာတော့ အသိုက်လာလုကြပြန်သည်။

ကျွန်တော်က ဝင်ကူလိုက်၊ စာကလေးတွေ ထပျံသွားလိုက်၊ တစ်ခါ အသိုက်ပြန်လာလုကြနှင့် တစ်နေကုန် ပြောင်းဆန်နေတော့၏။ ကြာတော့ ကျွန်တော်လည်း လက်ပန်းကျလာသည်။ ဖြစ်ချင်ရာဖြစ်ပါစေဟု သဘောထားရင်း လွှတ်ပေးထားလိုက်သည်။

ထင်သည့်အတိုင်း နောက်တစ်ရက် မနက်လင်းလင်းခြင်း အသိုက်ကို ကျွန်တော် သွားကြည့်တော့ စာပုတီးကလေးများ မရှိတော့။ စွာတာ စွာတာ အသံနှင့် စာကလေး အထီးကိုသာ တွေ့ရ၏။ ကျွန်တော် ရှုံ့ရှာမုန်းတီးစွာနှင့် သူ့ကိုစိုက်ကြည့်နေတုံး သူ့အဖော် စာကလေးမက ကိုယ်ဝန်ကြီးနှင့် ရောက်လာသည်။

ဩော် သူလည်း ဇနီးမယားကို ယုယကြင်နာသူပါလားဟု ဖြေတွေးတွေးရင်း ကျွန်တော် စာကလေးထီးကို ခွင့်လွှတ်ခြင်းနှင့်အတူ ကရုဏာသက်မိသလို ကြည့်ဖြစ်၏။ သေသေချာချာ ကြည့်မှ စာကလေးအထီး၏ ထိပ်တွင် နည်းနည်းပင် အမွေးပြောင်စပြုနေသည်ကို သတိထားမိသည်။ အို ဟုတ်တာပေါ့။ သူ့ခမျာ အသက်အရွယ်လေး ရနေပြီဆိုတော့ ဘယ်လိုလုပ်ပြီး အိမ်ဆောက်နိုင်ပါ့မလဲဟု စာနာတွေး တွေးမိပြန်သည်။

သိပ်မကြာလိုက်သည့် ရက်များအတွင်း ပကျိပကျိနှင့် စာပေါက်ကလေးများ အသံကြားရသည်။ အဖေ ဖြစ်သူ စာထီးကြီးက ထွက်လိုက် ဝင်လိုက်နှင့် အစာရှာသည်။ အမေဖြစ်သူ စာကလေးမကတော့ အိမ်စောင့်နေဟန်တူ၏။ ကျွန်တော် ကိုယ်တိုင်လည်း သူတို့မိသားစုဘဝ အသက်ရှင် ရပ်တည်ရေးအတွက် ဖြိုဟ်တုစလောင်းကြိုးမှတစ်ဆင့် အသိုက်ဆီသို့ ချိတက်လာသော ပုရွက်ဆိတ် အနီကောင်တွေကို အင်းဆက်ကေလာနှင့် ဖျန်းပေးသည်။ ထိုသို့မလုပ်လျှင်





စာကလေးပေါက်များကို ပုရွက်ဆိတ်နီများက ဝိုင်းအုံကိုက်ခဲမှာ သေချာသည်။

စပရေးတွေ နေ့ရက်ဆက် ဖျန်းပေးရင်းနှင့် နှုတ်ခမ်းဝါဝါ စာပေါက်ကလေးများ အသိုက်မှ ခုန်ပေါက်ထွက်လာလိုက်၊ ပြန်ဝင်လိုက် လုပ်နေသည်ကို ကျွန်တော် ကြည်နူးစွာ မြင်တွေ့နေရသည်။ အဖေ အမေဖြစ်သူ စာကလေးနှစ်ကောင်ကလည်း နေ့စဉ် စိတ်ချလက်ချ ကလေးငယ်များကို ထားပြီး အစာရှာထွက်ကြမြဲ ဖြစ်သည်။

ကျွန်တော် မေ့မေ့ပျောက်ပျောက်နှင့် တစ်ပတ်လောက်နေပြီး ပြန်ကြည့်ဖြစ်တော့ စာကလေးအမေကို ညနေစောင်းသည်အထိ မတွေ့ရတော့။ စာထီးကြီးကတော့ ဆည်းဆာ၏ နောက်ခံအလှနှင့်အတူ အသိုက်ရှိရာသို့ ပျံသန်းလာ၏။ ဩော် သူ့ရင်သွေးတွေကိုတော့ သူသိသားပဲဟု ကျွန်တော် တွေးမဆုံးခင် အသိုက်မှ စာကလေးမလေးတစ်ကောင် ထွက်လာသည်။

အလို ကျွန်တော် သတိထား မကြည့်ဖြစ်ခဲ့သည့် ရက်များအတွင်း စာကလေးပေါက်လေးတွေက အလှသွေးကြွယ်သည့် အပျိုစင် စာမလေးတောင် ဖြစ်နေပါပေါ့လား။ သို့သော် ထူးဆန်းသည်မှာ အပျိုစင် စာမလေးကို အသိုက်ဝ အနီးတွင် တစ်ကောင်တည်း တွေ့နေရခြင်း ဖြစ်သည်။ သူ့မောင်နှမ ဖြစ်သူများ၏ အသံကို တစ်စွန်းတစ်စမှ မကြားရ၊ ဘယ်လိုအကြောင်းအရာကြောင့်မှန်း မသိသော်လည်း စာပျိုမတစ်ကောင်တည်း ရှိနေတာတော့ သေချာသည်။

စာပျိုမလေးက စောစောက သူ့အဖေ စာထီးကြီးကို ထွက်ကြိုသည်။ စာထီးကြီးက ဝရန်တာ သံပန်းတိုင်မှာ နားခိုရင်း ခုန်စွ ခုန်စွနှင့် စာပျိုမလေးနား ကပ်သည်။ အဖေနှင့် သမီးအဖြစ်ကို ကြည့်ရင်း ကျွန်တော် ကြည်နူး၍ မဆုံးခင် စာထီးကြီးက စာပျိုမလေး၏ ကျောပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်သည်။ ဘုရား ဘုရား ကျွန်တော့်နှုတ်က ပြောမထွက်ရဲသော စကားလုံးများကို သူတို့နှစ်ကောင်က စာစီကုံးကြလေသည်။

ကြည့်စမ်း ဒါဆို သူ့သမီး ဘယ်ဟုတ်ပါ့မလဲ။ အငယ်အနှောင်းဆင် ဖြစ်မည်။ ထိုကိစ္စကြောင့် သားသမီးများလည်း မရှိတော့။ ဇနီးကြီးလည်း အိမ်မှ နှင်ချလိုက်တာ ဖြစ်နိုင်သည်။ ဒါဆို ဒီစာပျိုမလေးကလည်း ထိပ်တောင်ခြောင် နေပြီဖြစ်သည့် အဘိုးကြီးကို ဘာကြောင့်များ လက်ခံလဲဟု ကျွန်တော် တွေးမိ သည်။ စပွန်ဆာယဉ်ကျေးမှုလည်း မဖြစ်နိုင်၊ သေချာတာတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းကြီးမှာ အိမ်တစ်ဆောင် ပိုင်ပိုင်နိုင်နိုင် ရှိနေခြင်းပဲ ဖြစ်သည်။

ကျွန်တော်လည်း ကျွန်တော့်ချစ်သူ ခိုင်နှင့် လက်ထပ်ပြီးလျှင် နေရန် အိမ်ကလေးတစ်လုံးတော့ ပိုင်ဆိုင်ချင်ပါသည်။ ခက်တာက အခုအထိ ကျွန်တော့်မှာ အိမ်ဝယ်ကလေး တစ်လုံးကိုပင် ဝယ်နိုင်သော အခြေအနေ ရှိမနေခြင်း ဖြစ်သည်။ ကျွန်တော် စာကလေးတစ်ကောင် ဖြစ်လျှင်လည်း အကောင်းသား။

■ ■ ■

(၃)

ရန်ကုန်သည် ကျွန်တော် လူမှန်းသိတတ်စအရွယ် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်နှင့် လုံးဝ ခြားနားသွားခဲ့လေပြီ။ ဆယ်စုနှစ် နှစ်ခုစာအား ဖြတ်သန်းရင်း ခန်းနားကြီးကျယ်စွာ သန့်မာထွားကျိုင်းလာခဲ့သည်။

ရန်ကုန်မြို့၏ မြင်ကွင်းကို မြစ်တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းကပဲကြည့်ကြည့် အပေါ်စီးကပဲကြည့်ကြည့် အပြိုင်းအရိုင်းထနေသော တိုက်တာများ ဟိုတယ်များ၊ တာဝါဟု ခေါ်သော အထပ်မြင့်အဆောက်အဦးကြီးများနှင့် ရှုမဆုံးအောင် မြင်တွေ့ရမှာ အသေအချာပင် ဖြစ်သည်။

တစ်ခေတ်တစ်ခါ မြေပိုင်ဆိုင်သူတို့ ရွှေသီးသောခေတ်ကို အားလုံး အမှတ်ရနေကြဦးမည် ထင်သည်။ ကန်ထရိုက်စနစ်ကြောင့် တဲတွေ၊ ပျဉ်ထောင်အိမ်တွေနှင့်နေသူတွေ ချက်ချင်းဆိုသလို တိုက်ပေါ်ရောက်ကုန်သည်။ ကျူးကျော်နေထိုင်သူတွေလည်း ဒဂုံ (တောင်/မြောက်) ရွှေပြည်သာ၊ လှိုင်သာယာ၊ ပုလဲမြို့ အစရှိသော တိုးချဲ့မြို့သစ်များဆီ ရောက်ကာ မြေကွက်များ ပိုင်ဆိုင်ခဲ့ကြသည်။

ရန်ကုန်သမိုင်းကို သိမှီသူတွေ ပြောပြချက်အရ ၁၉ ဆ၁ ၁၉ လ ခေတ်တွင် ရန်ကုန်လူဦးရေ ပေါက်ကွဲခဲ့သေးသည်ဟု ဆိုသည်။ ပြည်တွင်းစစ်ကြောင့် အနယ်နယ်အရပ်ရပ်မှ စစ်ပြေးဒုက္ခသည်တွေ ရန်ကုန်သို့ စုပြုံရောက်လာကာ နီးစပ်ရာ၌ ဖြစ်သလို နေထိုင်ရင်း ကျူးကျော် ရပ်ကွက်ကြီးတွေ ဖြစ်ပေါ်လာခဲ့သည်။

ထို့အတွက် အစိုးရက တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ အစရှိသော ရပ်ကွက်ကြီးများအား ဖော်ထုတ်ပြီး စစ်ပြေးများကို နေရာချပေးခဲ့



PUBLISHED BY VIEW



သည်။ တစ်ဖန် ကမ္ဘာ့အေး မဟာပါသနလိုဏ်ဂူတော်ကြီး ဆောက်လုပ်သည့်အခါ စေတနာနှင့်ကုသိုလ်ယူကာ လုပ်အားဒါန ပေးခဲ့သောသူများကိုလည်း မြောက်ဥက္ကလာ၌ပင် မြေကွက်များ ချပေးခဲ့ပြန်သည်။

ထားတော့ ဒါတွေက ပြီးခဲ့တာတွေ၊ ယခုအခါတော့ စီးပွားရေးစနစ်တွေ ပြောင်းလဲလာသည်နှင့်အမျှ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း အရှိန်အဟုန်ကြီးထွားလာသည်။ နေရာတိုင်း နေရာတိုင်း အပြိုင်းအရိုင်းဖြစ်လာသော သားသမီး အဆောက်အဦးတွေကိုကြည့်ရင်း မေမေ ရန်ကုန်သည် သန္ဓေတားဆေးသောက်ဖို့ မေ့လျော့လေသလားဟု ကျွန်တော် တွေးထင်မိသည်။

ထိုမျှလောက်အထိ များပြားလှသော အဆောက်အဦးများအကြားမှ ရန်ကင်းတိုက်ခန်းကျဉ်းကျဉ်းလေးတွင် ကျွန်တော်တို့ တစ်မျိုးလုံး ကျပ်သိပ်ထိုးနေရသည့်ဘဝကို ကျွန်တော် ရင်နှင့်နေချင်သည်။ အရေးထဲ ကျွန်တော့်ချစ်သူ ခိုင်နှင့် လက်ထပ်ရမည့်ကိစ္စက ခေါင်းထဲဝင်လာသည်။ အိမ်တစ်ဆောင် မီးတစ်ပြောင်ထားဖို့က ဘယ်လိုမှမဖြစ်နိုင်သေး။ မတတ်နိုင်သည့်အဆုံးတော့ အချစ်ကို သက်တမ်းထပ်မြှင့်ရန်တွေးရင်း ကျွန်တော် အိပ်ရာဝင်လိုက်သည်။

■ ■ ■

(၄)

ရုံးပိတ်ရက်မို့ထင်သည်။ ဗိုလ်ချုပ်ပန်းခြံထဲတွင် အပန်းဖြေသူများနှင့် စည်ကားနေ၏။ ရှင်းသန့်သော ဝန်းကျင်နှင့် သင်းပျံ့သော ပန်းရနံ့လေညင်းကို ရှူရှိုက်ရင်း ကြည်နူးပြီးပျော်နေသူတွေမှာ လက်ညှိုးထိုးမလွဲ တွေ့နေရသည်။ ချစ်သူစုံတွဲများက ဆိတ်ငြိမ်သောနေရာတွေကို ဘိုးဘွားပိုင်မြေလို အမိအရ သိမ်းပိုက်ထားကြသည်။

ထိုအထဲတွင် ကျွန်တော်နှင့်ခိုင်လည်း ပါဝင်ချင်ပါသည်။ သို့သော် နေရာလွတ်နယ်မြေကို မတွေ့။ အရိပ်ကောင်းသော ခုံတန်းလျားရှိသော အကာအကွယ်ကောင်းသော နေရာတိုင်းတွင် စုံတွဲတွေက ပြည့်နေသည်။ ဘယ်အချိန်ကတည်းကများ အလုပ်ပျက်ခံပြီး နေရာလာဦးထားသည်မသိ။

ထို့အတွက် နယ်မြေသစ်ကို ရှာဖွေတွေ့ရှိခဲ့သော ကိုလံဘတ်ကို ကျွန်တော်တို့ ချစ်သူစုံတွဲများ ကျေးဇူးမတင်နိုင်ပါ။ ချစ်သူစုံတွဲများအဖို့ ကမ္ဘာ့မြေသည်



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ကျဉ်းမြောင်းနေသောကြောင့် ဖြစ်၏။ အချို့ချစ်သူ စုံတွဲများကတော့ မြွေပါးကင်းပါး မကြောက်စတမ်း ခြုံနွယ်ပိတ်ပေါင်း ထူပိန်းလွန်းသော နေရာသို့ ခက်ခက်ခဲခဲ ချိတက်သွားကြ၏။ မနေနိုင် မထိုင်နိုင် အရှက်ကြောဖြတ်ထားသော စုံတွဲတချို့ကတော့ ထီးတစ်လက် ဖွင့်ကာပြီး အလုပ်ရှုပ်ကြသည်။

ကြာတော့ နေရာရှာရင်း ကျွန်တော်နှင့်နိုင်လည်း လက်ပန်းကျချင်လာသည်။ ကိုယ့်ထက် ဗီရိယကောင်းသူတွေကို ဦးညွှတ်ရသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တကယ်တမ်းလည်း ကျွန်တော်တို့နိုင်ငံတွင် ချစ်သူစုံတွဲများအတွက် နေရာဒေသက အတော်လေး ရှား၏။ ကိုယ်ချင်းစာကြည့်စေချင်သည်။ ချစ်သူတွေပဲ လက်ကလေးကိုင်ကြည့်၊ ပါးကလေးနမ်းကြည့်ချင်လိမ့်မည်။ လင်မယား မဟုတ်သေးတော့ ကိုယ့်အိမ်ခန်းထဲ ဆွဲသွင်း၍လည်း မဖြစ်နိုင်။ တည်းခိုခန်းတွေ အခကြေးငွေပေးပြီး သွားဖို့ကလည်း အမြင်မတော်။ မိန်းကလေးခမျာ အသားလွတ် သိက္ခာကျဦးမည်။

နိုင်ငံရပ်ခြားနှင့်များ ကွာပုံ။ ဟိုမှာက ကိုယ့်ချစ်သူအချင်းချင်း လမ်းမပေါ် ဖက်ရင်း ပြောင်ပင် Kiss ပေးလိုက်ကြသည်။ ဘယ်သူကမှ လှည့်မကြည့်သလို ဘယ်သူကမှလည်း ဂရုမစိုက်၊ ပေါ်လိုက်သည့်နေရာလွတ်။ ပေါ်လိုက်သည့် နယ်မြေ။

ကျွန်တော်နှင့်နိုင် နေရာရှာရင်း စိတ်လျှော့လုခဲခဲ ကံကောင်းထောက်မစွာ သစ်ရိပ်ကောင်းကောင်း ချုံပုတ်အကွယ်တစ်နေရာမှ စုံတွဲတစ်တွဲက ထပြန်ပြင်သည်။ ယောကျ်ားလေးဖြစ်သူက ခေါက်ထီးလေးကို ပိတ်ပြီး ထီးကလေး ခေါက်၊ မိန်းကလေးဖြစ်သူက ထဘီပြန်ပြင်ဝတ်ရင်း ဖုတ်ဖက်ခါသည်။ ကျွန်တော် ဝမ်းသာအားရ နေရာယူရန်ပြင်တော့ နိုင်က ရှက်သလို ကျွန်တော့်လက်ကို ဆွဲရင်း တား၏။

"မောင် ဘယ်လိုဖြစ်နေတာလဲ၊ ရှက်စရာကွာ"

"ဟာ သူများတွေ နေရာဝင်ဦးသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ဒီမှာ ခြေတိုအောင် ရှာနေရတာ ညောင်းလှပြီ"

ကျွန်တော် မရှက်စတမ်း ထိုနေရာလေးကိုသွားတော့ စောစောက စုံတွဲက ကျွန်တော်တို့နှစ်ယောက်ကို ကိုယ်ချင်းစာသလို တစ်ချက်ဝေ့ကြည့်ပြီး မြန်မြန်လေး နေရာဖယ်ကွာပေး၏။ ကျေးဇူးတင်လိုက်သည်ဖြစ်ခြင်း၊ ဘာရှက်စရာ





လိုသလဲ။ ဒါဟာ သဘာဝတရားပင် ဖြစ်သည်။

နေရာလေး တစ်နေရာရတော့ အဆင်သင့်၊ ဆောင်လာသည့် ပလတ်စတစ်စလေးကို 'နိုင်' ဖင်နေရာချဖို့ ခင်းပေးလိုက်သည်။ ယောကျ်ားလေးဖြစ်သူ ကျွန်တော်က ကိုယ့်ဖိနပ်ကိုယ် ဖင်ခုထိုင်သည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လူရှင်းမရှင်း မျက်လုံးဝေ့ဝိုက်ပြီး ဟိုကြည့်သည်ကြည့် လုပ်ရပြန်သည်။

မကြည့်၍လည်းမဖြစ်၊ အလုပ်မရှိ အလုပ်ရှာကာ ပန်းခြံထဲ အတွဲချောင်းမည့်သူများ၏ ရန်ကလည်း ရှောင်ရသေးသည်။ ချစ်ခြင်းရန့်နှင့် အမှောင်မှာ သောင်တင်နေတုံး ကံအကြောင်းမလှလျှင် ဗီဒီယို CD ထဲ မင်းသား မင်းသမီးလည်း ဖြစ်သွားနိုင်သေးသည်။

ကျွန်တော့်ချစ်သူ နိုင်၏ ကိုယ်သင်းနံ့က လရောင်ခြည်လို သင်းပျံ့နေလိမ့်မည် ထင်သည်။ ကျွန်တော် ဖင်နေရာရွှေ့ရင်း နိုင် အနား တိုးကပ်လိုက်၏။ နိုင်က မသိမသာ ကျွန်တော့်ပေါင်ကို သူ့လက်နှင့်ကုတ်ကာ သတိပေးသည်။ ကျွန်တော် အာရုံစိုက်နားစွင့်ရင်းကြည့်တော့ သစ်ရွက်ကြွေများအား ဖိနင်းသံ ကြားရ၏။ တစ်ဖက်သစ်ပင်အကွယ်မှ လေးဖက်ထောက်လျက် အတွဲချောင်းရန် ကျွန်တော်တို့ဆီ ဦးတည်လာနေသော သူနှစ်ယောက်။

သခါးရဆိုတာ ဘယ်နေရာမှ မမြဲမှန်း ကျွန်တော် သဘောပေါက်သွား၏။ ကျွန်တော်နှင့်နိုင် နောက်ဆုံး ခံတပ်တစ်ခုလုံးကို ဆုတ်ခွာပေးလိုက်ရပြန်သည်။ စိတ်ဓာတ်ကတော့ အငိုက်တွင် မေးချိတ်သွား၏။

"ကဲပါ မောင်ရယ်၊ ပြောစရာရှိတာ ပြောရအောင်၊ ဘယ်နေရာဖြစ်ဖြစ် ထိုင်လိုက်ကြရအောင်"

မထူးသည့်အဆုံး စားသောက်ဆိုင်တစ်ခုဝင်ပြီး အအေးနှစ်ခွက်မှာကာ နိုင်နှင့် ထိုင်ဖြစ်သည်။

"မောင် နိုင်တို့ လက်ထပ်ကြရအောင်"

ကျွန်တော် နိုင့်ကို ဘာမှမပြောဘဲ သက်ပြင်းတစ်ခုချတော့ နိုင်က စားပွဲပေါ် တင်ထားသည့် ကျွန်တော့်လက်ကို အားပေးသလို ဆုပ်ကိုင်ညှစ်ပြ သည်။

"ဘာလဲ မောင်က နေစရာအိမ်အတွက် ခေါင်းခဲနေတာ မဟုတ်လား"

"အင်း အဲဒါကို မောင်လည်း စဉ်းစားမရဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သောက်လက်စ အအေးခွက်ကို ငွတ်ခနဲ တစ်ငြိုက်တည်း မြို့ချပစ်လိုက်၏။

"အေးလေ မောင်ကသာ ခုထိ စဉ်းစားကောင်းနေ၊ နိုင့်ဖေဖေနဲ့မေမေကဖြင့် နိုင့်ကို တိုက်ခန်းဝယ်ရောင်းလုပ်တဲ့ ကိုအောင်စိုးနဲ့ ပေးစားဖို့ စီစဉ်နေပြီ"

"ဘာ ဘာပြောတယ်၊ အဲဒီကောင်အကြောင်း နိုင့်အဖေနဲ့အမေက ဘယ်လောက်သိလို့လဲ၊ လူကြည့်တော့ ကုတ်ကုတ်ကုတ်ကုတ်နဲ့ ကုတ်ကမြင်းကွ၊ သိရဲ့လား"

"အဲဒါတွေ သူတို့မသိဘူး မောင်၊ သူတို့သိတာက ကိုအောင်စိုးရဲ့ ချမ်းသာကြွယ်ဝမှုကိုပဲ မောင်"

နိုင် ပြောရင်း မျက်ရည်ဝဲတော့ အနာပေါ်တုတ်ပြတ်ကျသလို ကျွန်တော် ဆတ်ဆတ်ခါသွားသည်။ တစ်ချိန်တည်းတွင် နိုင်၏ ကိုယ်ခန္ဓာထက်ရှိ ကြွရွနေသော အလှကို ကျွန်တော် မျက်လုံးနှင့် ခိုးနမ်းနေရသည့်ဘဝကို ကြေကွဲချင်လာသည်။

"မောင် တစ်ခုမေးမယ် နိုင်၊ မောင်နဲ့နိုင် လက်ထပ်ရင် နိုင့်မိဘတွေဘက်က သဘောတူမယ်တော့ မောင် မထင်ဘူး"

"ကျိန်းသေတယ် မောင်၊ ဒါပေမဲ့ နိုင် လိုအပ်နေတာက မောင့်ဘက်က သေချာမှု တစ်ခုတည်းပါ"

ထိုစကားတစ်ခွန်းက ယောကျ်ားဆိုသော မာနကို ကျွန်တော့်ရင်ဘတ်ထဲအထိ မှီမောက်ကြွတက်လာစေသည်။ ကျွန်တော် ချက်ချင်းဆိုသလို ထရပ်ပြီး နိုင့်လက်ကိုပါ ဖျတ်ခနဲ ဆွဲထူလိုက်သည်။

"ရှုပ်တယ်ကွာ၊ ခုအချိန်ကစပြီး နိုင် အိမ်မပြန်နဲ့တော့၊ ဒီနေ့ပဲ မောင်နဲ့ နိုင် လက်ထပ်မယ်"

ဩော် ခုခေတ်ကြီးထဲက အသိတရား ခေါင်းပါးလိုက်သည့် စုံတွဲဟု ဘယ်သူကများ ကဲ့ရဲ့ချင်ပါသေးသနည်း။ စဉ်းစားကြည့် ချစ်သူ၏ နုညက်ဝင်းအိနေသော ကိုယ်ခန္ဓာသယံဇာတများအား ဟိုအကောင် အောင်စိုးဆီ ပုံအပ်ရတာထက်စာလျှင် ဘဝကိုဖြစ်သလို ရုန်းကန်ချင်စိတ်က ကျွန်တော့်ရင်ထဲ၌ အစုလိုက်အပြုံလိုက် တိုးဝင်စီးဆင်းလာသည်။

"မောင် တကယ်ပြောတာနော်၊ ပြီးတော့ နိုင်တို့ ဘယ်မှာနေဖို့ စိတ်ကူး





လဲ"

"လောလောဆယ်တော့ မောင့်အိမ်မှာပဲ နိုင် လိုက်နေလေ၊ တဖြည်းဖြည်း ငွေစုပြီးတော့မှ မောင်တို့အိမ်ငှားနေဖို့ စီစဉ်ကြတာပေါ့"

မခံချင်စိတ်နှင့် အရဲစွန့်၍သော ကျွန်တော် ဆုံးဖြတ်လိုက်ရသည်။ အိမ်မှာက ကျွန်တော့်အစ်ကိုကြီး သိန်းရွှေကြည်တို့ လင်မယားနှင့် ကလေးသုံးယောက်၊ အစ်ကိုလတ် မြင့်ဝင်းတို့ စုံတွဲနှင့် ကလေးနှစ်ယောက်၊ ပြီးတော့ အဖေ၊ အမေနှင့် ညီမလေးအပြင် ကျွန်တော့်အဘိုးက တကုတ်ကုတ်ရှိသေးသည်။

ဒါကိုသိလျက်နှင့် ကျွန်တော်နှင့်နိုင် တရားရုံးတက်ကာ ဖွတ်ပင်လက်မှတ်ထိုး လက်ထပ်ဖြစ်ခဲ့သည်။ အသိသက်သေအဖြစ် ကူညီခဲ့သော ကျွန်တော့်မိတ်ဆွေ ကိုကျော်ဝင်းနှင့် မအိချိုကို (၁၉)လမ်းတွင် ကြေးအိုးကျွေးလိုက်သည်။

ညနေအိမ်ပြန်ရောက်တော့ အရင်ဦးဆုံး အဖေနှင့်အမေကို နိုင့်အား ကျွန်တော် ခိုးယူပြီး လက်ထပ်ခဲ့ကြောင်း အသေးစိတ်ရှင်းပြသည်။ ကျွန်တော် ပြောသမျှ နားထောင်ရင်း အမေ မချိပြုံး ပြုံးနေသည်ကို နိုင် သိသွားမှာ စိုးရိမ်သော်လည်း အဖေကတော့ ရေရေရာရာ ဘာတစ်ခုမှ တွေးမိဟန်မပေါ်ဘဲ ခေါင်းတညိတ်ညိတ်ဖြင့် ကျွန်တော်နှင့်နိုင်ကို ဆီးကြိုသည်။

"အေးကွာ ကောင်းတာပေါ့၊ အဖေတို့မိသားစု ပိုပြီး စုံစုံလင်လင် စည်းစည်းလုံးလုံး ရှိသွားတာပေါ့"

ကျွန်တော်၏ အပြန်အလှန်စကားသံများကြောင့် အိမ်အပြင်ကရော အိမ်အတွင်းမှာကော အလျှိုလျှိုပြေးထွက်လာကြသည့် ကလေးများကိုကြည့်ရင်း နိုင် တွန့်ဆုတ်သွားပုံရ၏။ သိန်းရွှေကြည်သား အလတ်ကောင်က ခွေးတလုံးလုံး နှင့် ကျွန်တော့်ဘေးဝင်ထိုင်ပြီး နိုင့်ကို လက်ညှိုးထိုးကာ မေးသည်။

"ဟာ ဦးငယ်ကလည်း သားတို့ကစားဖို့ ကစားစရာ ဝယ်လာတယ်ထင်ကြီး အခု မိန်းမကြီးတစ်ယောက် ဝယ်လာတာလား"

"ဟ အဲဒါ သားတို့ ကစားဖို့မဟုတ်ဘူး"

ကျွန်တော် ယောင်ရမ်းကာ ပြီးပြီးရော ဖြေတော့ ဒီကောင်က အ... တက်ပြန်သည်။

"ဒါဆို ဘာလုပ်ဖို့လဲ"

"ဦးငယ် ကစားဖို့ အဲ ဟုတ်ပါဘူး ဟိုဟာ တို့တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ကလေးတွေ ရှုပ်ရှုပ်ယှက်ယှက် သွားစမ်း၊ အိမ်အပြင်မှာ သွားကစားကြ"

အမေ ငေါက်လိုက်မှ ကလေးတွေ အိမ်အပြင်သို့ ပြေးထွက်သွားကြသည်။ နားမလည်သေးသည့် တစ်နှစ်ကျော်အရွယ် ကျော်မြင့်ဝင်းက နိုင့် ပေါင်ပေါ် ကုတ်ကပ်တက်ကာ ရှုံးပေါက်ချသည်။

"ဟာ ဒုက္ခပါပဲ၊ ဒီကလေးနှယ်"

ကျွန်တော် နိုင်ပေါင်ပေါ်က ကလေးကို ဖယ်ရင်း ညည်းတော့ နိုင်က အားနာပြုံးပြုံးကာ ထဘီကိုခါရင်း ပြောရှာသည်။

"ကိစ္စမရှိပါဘူး မောင်ရဲ့၊ ကလေးပဲဟာ ဘယ်သိမှာလဲ"

ကိစ္စမရှိပါဘူးဟုသာ ဆိုသည်။ နိုင့်မျက်နှာ သိပ်မကောင်းမှန်းတော့ ကျွန်တော် သိ၏။ သည်လောက်ထိများလှသည့် လူတွေထဲ နိုင် အနေရကျပ်မှာ သေချာလှသည်။ ညမိုးမချုပ်မချင်း အိမ်ဘေးက ခြံဝင်းလေးထဲတွင် နိုင်နှင့် ကျွန်တော် ပလပ်စတစ် ခုံပုလေးတစ်လုံးစီနှင့် ထိုင်ဖြစ်ကြသည်။

ပန်းရုံများဆီမှ ပရစ်သံများ ကြားရသည်အထိ ကျွန်တော် နိုင့်ကို နှစ်သိမ့်ချော့မော့ရင်း ပေကပ်ပြီး ထိုင်နေခဲ့၏။ ညဉ့်အတော်နက်တော့ ခြင်ကိုက်သည့်ဒဏ်ကို နိုင် မခံနိုင်တော့သလို တဖျပ်ဖျပ်ရိုက်ပြီး ခါနေသည်။ ကျွန်တော်တို့ အိပ်ဖို့နေရာ စဉ်းစားသည်။ ရန်ကင်းတိုက်သစ်ဟု ခေါ်သော တိုက်ခန်းများက နဂိုဖွဲ့စည်းကတည်းက အိပ်ခန်းနှစ်ခန်းသာ ပါသည်။

ထိုအိပ်ခန်းနှစ်ခန်းကို ကျွန်တော့်ထက်အရင် အိမ်ထောင်ကျသော သိန်းရွှေကြည်နှင့် မြင့်ဝင်းတို့မိသားစုက အပိုင်ဆွဲထားကြသည်။ အိမ်ရှေ့ဧည့်ခန်း ဘုရားစင်နား အဘိုးအိပ်၍ အဖေအမေနှင့် ညီမလေးလည်း ထိုဧည့်ခန်းပိုင်းအတွင်း၌ပင် အိပ်ကြရသည်။

ထိုသောအခါ ကျွန်တော်နှင့်နိုင်က အော်တိုမတ်တစ် မီးဖိုချောင်ဘက် ရောက်သွားကြသည်။ အစီအစဉ်မရှိဘဲ ရုတ်တရက် လက်ထပ်ခဲ့သဖြင့် မွေ့ရာ အခန်းအနားလည်း မရှိ။

"လာပါ နိုင်ရယ်၊ လတ်တလော အခြေအနေအရတော့ ဖျာခင်းပြီး ဖြစ်သလို အိပ်တာပေါ့၊ နိုင်ကော အိပ်တတ်ပါ့မလားဟင်"

ကျွန်တော် နိုင့်အတွက် စိတ်မကောင်းသော်လည်း ဘာမှမတတ်နိုင်။





နိုင်ကတော့ ကျွန်တော်၏ အားနာမှုနှင့် တစ်ခါပြန်၍ စိတ်ကျဉ်းကျပ်မှုကို နှစ်သိမ့်သလို ပြုံးကာ ခေါင်းညိတ်ပြရှာသည်။

"နိုင်က မောင့်ကိုချစ်တယ်လေ မောင်ရဲ့"

နားနှင့်မနာ ဖဝါးနှင့်နာစေချင်ပါသည်။ သိကြသည့်အတိုင်း မင်္ဂလာဦးည၏ ဧသွားသားဆူဝေမှုကို အားလုံး နားလည်နိုင်ကြလိမ့်မည် ထင်သည်။ ကျွန်တော့် ရင်ထဲသို့ မေးတွယ်နိုဝင်လာသော နိုင့်ပခုံးသားလေးကို ဖက်မည့်ဟန် ပြင်ရုံရှိသေး အဘိုးက ချောင်းတဟွတ်ဟွတ် ထဆိုးသည်။

"မောင် နေဦးကွာ"

နိုင်က ရုက်စနိုး ကျွန်တော့်လက်ကို ဖယ်ချာတော့ စားကာနီးသောက်ကာနီး အဆီနှင့်တဝင်းဝင်း ဟင်းခွက် ရုတ်တရက် မှောက်ကျသွားသလို ကျွန်တော် နှမြောတွန့်တိုစွာ လျှာသပ်တင်ဖြစ်သည်။ နားလည်ပါ။ ဆာလောင်မှုအတွက် နောက်ထပ် ဟင်းတစ်ခွက် ထပ်ချက်ရန် ကျွန်တော် လုံ့လစိုက်ထုတ်ရသည်။

အဘိုးချောင်းသံ တိတ်သွား၏။ နိုင့် ဂုတ်ပိုးလေးပေါ်သို့ ဝဲကျနေသော ဆံစများကို ကျွန်တော် တယုတယ သပ်တင်လိုက်သည်။ အပျိုစင်တစ်ယောက်၏ ဝတ်မှုန်တွေက ကျွန်တော့်နှာခေါင်းထဲအထိ တိုးဝင်ကာ သင်းပျံ့ကြိုင်လှိုင်နေသည်။ ဘာပြောကောင်းမလဲ ရင်တွေခုန်လိုက်တာမှ အရမ်းဟမ်းဟမ်း။

အချစ်အတွက် ရင်ခုန်သည်။ အတွေ့အကြုံနည်းသူတစ်ယောက် အဖို့ ဘယ်နေရာက တာစထွက်ရ ကောင်းမလဲဟု တွေးရင်း ရင်ခုန်သည်။ လွတ်လပ်မှုမရှိသော နေရာထိုင်ခင်းအတွက် ကျိုးကန်းတောင်းမှောက် နိုးကြောင် နိုဒှက် မျက်လုံးဝေ့ကစားရသည်မှာလည်း ရင်ခုန်စရာကောင်းသည်။

ပန်းကလေးရေ မင်းနဲ့ငါဟာ ဘဝတူတွေပေါ့။ ကြွေချိန်တန်ရင် ကြွေကြရမယ့်အတူတူဟု ကဗျာဆန်ဆန် ကျွန်တော် တွေးရှမဆုံးခင် ဘာမှကြာလိုက်သည့်အချိန်အတွင်း အဖေက ခြေသံတရှပ်ရှပ်နှင့် ကျွန်တော်တို့ရှိရာ မီးဖိုဆောင်မှ ဖြတ်လျက် အိမ်သာဘက်သို့သွားသည်။

"တောက် သေစမ်းကွာ"

"အို မောင်ကလည်း ဘာဖြစ်နေမှန်းကို မသိဘူး"

တကယ်တမ်း ကျွန်တော် ဘာဖြစ်နေသည်ကို နိုင်းညွှန်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

အရောင်အသွေးတူစွာ စီးဆင်းနေသော သိင်္ဂါရ ရေစီးချောင်းတွင် ကျွန်တော်နှင့် နိုင် လန်းဆန်းကြည်နူးစွာ ကူးခတ်နေချင်သည်။ ညနှင့်ည၏ အလက်ာကို ထုတ်ယူရင်း မွှေးရနံ့တစ်အုံတစ်ခဲဖြင့် ခပ်ရဲရဲ ပွင့်ချင်ကြသည်။ သို့သော် အခေ အိမ်သာမှ ပြန်ထွက်လာသည်အထိ အံကြိတ်ပြီး စောင့်ရသည်။

တောက်. . တတိယဟင်းတစ်ခွက်ကို ချက်ဖို့ကျတော့ ကျွန်တော့် လုံ့လက ဖွတ်တရွတ်နိုင်လာသည်။

"မထူးပါဘူးကွာ၊ ဟိုအကောင် မြင့်ဝင်းတို့ကို အခန်းက ဖယ်နိုင်းပြီး နေရာလဲအိပ်ဖို့ သွားပြောမယ်"

"အို မောင်ကလည်း ဘယ်ကောင်းမလဲ၊ နိုင့်မျက်နှာ ဘယ်မှာသွားထားရမလဲ၊ နိုင် ရှက်တယ် မောင်ရဲ့"

ခြင်ထောင်စကိုင်ပြီး ထွက်တော့ ကျွန်တော့်လက်ကို နိုင်ဆွဲထားသဖြင့် စိတ်လျှော့လိုက်ရသည်။ ကိုယ်ချင်းစာကြည့်ပါ၊ သိန်းရွှေကြည်သား အငယ်ကောင် အီအီးပါချ၍ ဆေးရတာတစ်မျိုး၊ မီးဖိုစင်ပေါ် ကြွက်တိုးကာ အိုးတွေမြည်တာအာ တစ်ဖုံ၊ အလိုက်မသိ ဆေးလိပ်ထဖွာသော မြင့်ဝင်း၏ မီးခြစ်က တခြစ်ခြစ် မပြောလိုက်ချင်ပါ။ ဘယ်လို သတ္တဝါတွေမှန်းကို မသိ။

"မဖြစ်ဘူး နိုင်၊ မောင်တို့ အိမ်ငှားဖို့ အမြန်စီစဉ်မှ ဖြစ်မယ်"

ကျွန်တော် ဝုတ်တုပ်ထိုင်ကာ ဒေါသနှင့် ပြောတော့ နိုင်က သက်မ ချရင်း လေသံထွက်ရုံ တိုးတိုးလေး ပြောရှာ၏။

"မောင့်သဘောလေ၊ လတ်တလောတော့ နိုင့်မှာ ပါလာတဲ့ ဆွဲကြိုး လေး ရောင်းလိုက်နော်"

ကျွန်တော့်အပေါ် အလိုက်သိလွန်းသော နိုင့်မျက်နှာလေးကို ကြည့်ရင်း ကျွန်တော်သနားသွားသည်။ ဖြူဖွေးနုညက်သော နိုင့် ပါးပြင်ထက်မှ အနီရောင် သွေးကြောမျှင်တန်းလေးကို ကျွန်တော် ယုယစွာ နမ်းဖို့ပြင်တော့ မြင့်ဝင်းသား အလတ်ကောင်က အိပ်မက်မှ ကယောင်ချောက်ချား ထအော်သည်။

"မေကြီးရေ လုပ်ပါဦး အီးဟီးဟီး"

ရုတ်တရက်မို့ ကျွန်တော်နှင့်နိုင် တုန်တက်သွားကြ၏။ ပြီးမှ ရင်ထုမနာ နှင့် အခန်းအနားကို တခဏ ရှုပ်သိမ်းလိုက်ရပြန်သည်။

ကဲ ဘယ်လိုလုပ်ပြီး သည်အိမ်တွင် အချစ်၏ သာယာနူးညံ့သော





လိုက်မောမှုကို ဖန်တီးတည်ဆောက်ခွင့် ရမည်နည်း။ သို့သော် ကျွန်တော်အာ လက်မလျှော့နိုင်။ ရင်တဖိုဖိုနှင့် စောင့်ကြည့်ရမည့် ဇာတ်သိမ်းအတွက် ဖွဲ၊ လုံ့လနှင့် ဝီရိယကို အိပ်စတင်းရှင်း ဆွဲရသည်။

တစ်နာရီ. . ။

နှစ်နာရီ. . ။

သုံးနာရီပင် အနည်းငယ် စွန်းခဲ့ပြီ၊ တစ်အိမ်လုံး ငြိမ်ချက်သားကောင်းပြီး ဟောက်သံများပင် ဝေဝေဆာဆာ ဖူးပွင့်လာပြီ။ အိုကေ ရနံ့လှိုင်သင်းသော ပန်းတစ်ပွင့်၏ ပွင့်ချပ်ကလေးကို ကျွန်တော် ဖွင့်လှစ်ခွင့်ရမည်။

"ဩကာသ ဩကာသ ဩကာသ ကာယကံ. ."

မျှော်လင့်မထားဘဲ အဘိုး၏ အသံဝါဝါကြီးက ပေါ်ထွက်လာပြန်သည်။ ကြည့်စမ်း ကာယကံတဲ့၊ နိုင်ကတော့ ဘာကိုတွေးမိသည်မသိ နူးညံ့မွတ်သိပ်နေသောမျက်နှာ အရောင်ပြောင်းကာ တခစ်ခစ် ထရယ်သည်။

"အဲဒါပဲ မောင်ရေ၊ အိမ်တစ်လုံးရဲ့ တန်ဖိုးဆိုတာ"

"အေးနော် အဲဒါကြောင့်လည်း ပန်းခြံတွေထဲမှာ စုံတွဲတွေ ပြည့်နေတာကိုး"

ပြောပြီး ကျွန်တော်နှင့်နိုင် တိုင်ပင်မထားဘဲ အသံထွက်အောင် ရယ်ဖြစ်ကြ၏။ မထူးတော့၊ မကြာခင် အမေ အိပ်ရာက နိုးတော့မည်။ ပြီးလျှင် ရေအိမ် တစ်ခါဝင်ဦးမည်။ တစ်ခါ အဘိုးက မျက်နှာထသစ်လျှင် တအေ့အေ့နှင့် ဖျို့သံကြီး ကြားရဦးမည်။ ကံကြမ္မာ၏ခွဲတမ်းကို ကျေနပ်စွာခံယူရင်း နိုင်နှင့်ကျွန်တော် ဖြူစင်စွာ အိပ်စက်ဖြစ်လေသည်။

■ ■ ■

ကျွန်တော်တို့နှစ်ဦး အိမ်ရှာဖို့ ကြိုးစားတော့ အိမ်ပွဲစားဆိုသူက မပါလို့ မဖြစ်။ ဘယ်အိမ်၊ ဘယ်ဈေး၊ အပျောက် ဘယ်လောက်၊ ခြောက်လ သို့မဟုတ် တစ်နှစ်စာချုပ်၊ ဘယ်နေရာ ဘယ်ဒေသဆိုသည်ကို သူတို့မှ နှံ့နှံ့စပ်စပ် သိသည်။ အိမ်ပွဲစား ပီသလွန်းသော အဒေါ်ကြီးက အရပ်ထဲလှည့်ကာ သူတို့ခေါ်ထားသော အိမ်သုံးလေးအိမ် လိုက်ပြသည်။

တစ်လစာ ငှားရမ်းခ ခြောက်သောင်းမှ ရှစ်သောင်းအထိ ရှိသော အိမ်များပင် ဖြစ်၏။ အနိမ့်ဆုံး ခြောက်လစာ စာချုပ်ရမည်ဆိုသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တင်လာခနှင့်ပေါင်းလျှင် ခုနစ်လစာ ရှိမှ အိမ်ငှားရ၍ရမည်။ ကျွန်တော်နှင့်နိုင်က ထိုမျှအထိ မတတ်နိုင်။ ချက်စရာ၊ ပြုတ်စရာ မီးဖိုချောင်ပစ္စည်းမှအစ မဖြစ်မနေ ခေါင်းအုံး၊ စောင်၊ ခြင်ထောင် အစရှိသဖြင့် ဝယ်ရဦးမည်ဖြစ်၍ ပြသမျှ အိမ်များကို လက်လျှော့လိုက်ရသည်။ ကြာတော့ ပွဲစားလုပ်သူ အမျိုးသမီးကြီး စိတ်တို လာဟန်တူသည်။ လေသံခပ်တင်းတင်းနှင့် ကျွန်တော်တို့ကို ပြော၏။

"ရှင်တို့ပြောတဲ့ ငွေလောက်နဲ့ဆို တောင်ဒဂုံတောင် ခြောက်လ စာချုပ်နဲ့ မရနိုင်ဘူး"

တောင်ဒဂုံတောင် မရနိုင်ဆို၍ နိုင့်မျက်နှာလေး မသိမသာ ရှုံ့တွသွား၏။ အရာရာပြီးပြည့်စုံစွာ နေလာရသည့် နိုင့်အတွက် သံယောဇဉ်တွေ သောက်သောက်လဲ ယိုစိမ့်နေသော မျက်နှာမျိုးနှင့် ကျွန်တော် နိုင့်ကို ချော့ရသည်။

"အေးလေ နိုင် စိတ်တိုင်းမကျသေးရင်လည်း မောင်တို့ နောက်ထပ် နေရာတွေ စုံစမ်းကြသေးတာပေါ့"

ပြောမည့်သာ ပြောလိုက်ရသည်။ ကျွန်တော်တို့တွင် ရှိသော ငွေလောက်နှင့် ဘယ်ကန်ထရိုက်တိုက်ခန်းမှ ငှားရမ်း၍မရနိုင်မှန်းလည်း ကျွန်တော် အတတ်သိသည်။

သည်တစ်ည ကျွန်တော်တို့အိမ်တွင် ဖြတ်သန်းရမည့် ဘဝကိုလည်း စိုးရွံ့ထိတ်လန့်လာသည်။ ရှိသမျှ ဉာဏ်ကို ထုတ်ပြီး ပြာပြာသလဲ စဉ်းစားလိုက်ရ၏။

"ဒီလို လုပ်မယ်ကွာ၊ မောင်တို့ အိမ်ငှားမရခင် ကာလအတွင်း မောင့် သူငယ်ချင်း အောင်ဝင်းဆီ အကူအညီတောင်းပြီး ခဏသွားနေကြရအောင်"

ကျွန်တော့်လက်ကို ချိတ်ဆွဲပြီး လမ်းလျှောက်နေရာမှ နိုင် မျက်လုံးလေး လှန်ကာ ကျွန်တော့်ကို ကြည့်သည်။

"ဖြစ်ပါ့မလား မောင်ရဲ့၊ သူ့မှာလည်း သူ့မိသားစုရှိဦးမှာပဲဥစ္စာ"

"ဟာ အဲဒါတော့ မစိုးရိမ်နဲ့၊ ဒီကောင်က လူပျိုကြီး၊ သူ ရှိစုမဲ့စု ငွေလေးနဲ့ အိမ်ငှားပြီး တစ်ယောက်တည်း ပန်းချီဆွဲနေတဲ့ကောင်"

နှစ်ယောက်သား အားကိုးတကြီး လက်ချင်းတင်းတင်းဆုပ်ကိုင်ကာ ရန်ကင်းဘက်ရှိ ကျောက်ကုန်း ကုန်းပေါ်တက်၍ မိုးကောင်းဘုရားဝင်းထဲ လေဆွဲစွာ ဝင်ခဲ့ကြသည်။ ဆည်းဆာ၏ထွက်သက်တွင် ပုရဝဏ်ဝရှိ ထန်းပင်ကြား၌



ဖြတ်လျှက် လိမ္မော်ရောင်အလင်းက တန်ဆောင်းတောတန်းဆီ နိဝင်မှေးစက်အောသည်။

ကျွန်တော်တို့နှစ်ဦး စောင်းတန်းတစ်ခု၌ဝင်၍ အေးငြိမ်းစွာ ဘုရားဝတ်ပြုလိုက်ကြသည်။ ဘာကြောင့်မှန်းမသိ ရင်ထဲတွင် လှိုက်မောစို့တက်လာသည်။ ကျွန်တော် နိုင့်ကိုကြည့်တော့ နိုင်က မျက်ရည်လေး တဝေ့ဝေ့နှင့်. . .။

■ ■ ■

မြင်သာ ဆိုသောနေရာကိုရောက်ဖို့ လိုင်းကားအား ခြေသလုံးတောင့် အောင် စီးလိုက်ကြရသည်။ ကျွန်တော်ကတော့ ကိစ္စမရှိ၊ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့သော နိုင့်အတွက်တော့ ငရဲခန်းဝင်ရသလို ခံစားနေရမည် ထင်သည်။

အောင်ဝင်းဆီရောက်သောအခါ ထရံကာ ဓနိမိုး တဲအိမ်ကလေး ဖြစ်သော်လည်း ယာယီနားခိုရမည့်နေရာလေးဖြစ်၍ နိုင် စိတ်ချမ်းသာသွားပုံရသည်။ ရောက်ရောက်ချင်း နေရာထိုင်ခင်းပေးကာ အောင်ဝင်းက ဆီးကြိုသည်။

"လာကြကွာ၊ ထိုင်ကြ၊ မင်းတို့ရောက်လာတော့ ငါလည်း အဖော်ရတာပေါ့၊ ဘာမှမပူနဲ့၊ ငါက အပေါင်းအသင်း ရောင်းရင်းတွေလာသမျှ နေ့ရှည်လည် ညဉ့်ခံနေကျကွ"

အလိုက်တသိ ဖော်ရွေလွန်းသော အောင်ဝင်းကြောင့် နိုင်ပြုံးရင်း ကျွန်တော့်ကို ကြည့်တော့ ကျွန်တော်က နိုင့်လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး ဖျစ်ညှစ်လိုက်သည်။ ဒီတစ်ညတော့ အဟုတ်ဟုတ် ဆိုသည့်သဘော။

"ကဲ မင်းတို့လည်း စောစောစီးစီး စားသောက်ပြီး အနားယူကြတော့၊ နောက်ဖေး မီးဖိုချောင်မှာ ငါးခြောက်ဖုတ်ရယ်၊ ရေတ်သီးကြော်ရယ်၊ ပဲဟင်းချိုရယ် အဆင်သင့်ပဲ၊ ပဲဟင်းလေးကိုတော့ ငါ ပြန်နွှေးပေးမယ်"

"အို နိုင်တို့လုပ်ပါ့မယ် ကိုအောင်ဝင်းရဲ့"

"ရတယ် ရတယ်၊ ညည်းတို့နှစ်ယောက် အေးအေးသက်သာ နေကြပါ"

နိုင် ပျာပျာသလဲ ပြောသော်လည်း အောင်ဝင်းက မီးဖိုချောင်ထဲ အရင် ဦးအောင်ဝင်သွားသည်။ ကျွန်တော်နှင့်နိုင်က စိတ်ကြည်သော အကြည့်များ ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရင်ခုန်ခြင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

ချွေးချနေမိသည်။ ခဏကြာတော့ အောင်ဝင်းက အသံပေးကာ နောက်ဖေးမှ ပြန်ထွက်လာသည်။

``ကဲ အားလုံး အဆင်သင့်ပဲဟေ့၊ စားပြီး အနားယူကြ၊ ငါကတော့ အိမ်ရှေ့မှာ ထွက်အိပ်မယ်''

မောင်မင်းကြီးသား ကျန်းခန့်သာလို့ မာပါစေဟု အောင်ဝင်းကို ကျွန်တော် အထပ်ထပ် ဆုတောင်းပေးလိုက်သည်။ ဝမ်းထဲဟာနေ၍လား မသိ၊ အောင်ဝင်း စီစဉ်ပေးသော ဟင်းက ချိုမြိန်နေသည်။ ကျွန်တော် ထားဦး၊ နိုင်ပင် ထမင်းနှစ်ပန်းကန်မောက်မောက်ကို ဖြုတ်ခနဲ ကုန်သည်။

စားပြီးပြီးချင်း အောင်ဝင်း နေရာချပေးသော အိပ်ခန်းလေးထဲ ဝင်ကြသည်။ ကုက္ကိုပင်၊ သရက်ပင်များကြား ငုတ်လျှိုးနေသော အိမ်လေးမို့လား မသိ၊ အခန်းတွင်းမှာ အေးနေသည်။ တစ်ဦးတည်းနေခဲ့သူမို့ ထင်သည်။ အောင်ဝင်း၏ အိပ်ရာနှင့် ခြင်ထောင်အနံ့က ညှီစို့စို့ အောက်သိုးသိုးအပြင် ဆေးပေါ့လိပ်နံ့ကလည်း စွဲနေသေး၏။

သို့သော် ကိစ္စမရှိ၊ အဓိက အရေးကြီးဆုံးသော အကြောင်းမှာ နိုင်၏ ကိုယ်သင်းနံ့လေးနှင့် ထိုအနံ့ဆိုးများကို ကာကွယ်ဖုံးဖိရန်အတွက် ကျွန်တော် နိဒါန်းစချင်နေခြင်း ဖြစ်သည်။ ကျွန်တော် နိုင့်နား ကပ်တော့ နိုင်က အားတုံ့အားနာ ဟန်နှင့် တွန်းဖယ်ရင်း

"တစ်နေကုန် လျှောက်သွားနေရတာ နိုင့်တစ်ကိုယ်လုံး ချွေးတွေနဲ့ စေးနေပြီ၊ နိုင် ရေချိုးချင်သေးတယ်ကွာ"

ဆံပင်ကို အပေါ်လန်ကာ ကလစ်နှင့်ညှပ်ရင်း နိုင်ပြောသည်။ ကြည့်စမ်း ကျွန်တော်၏ နိဒါန်းအစ စစ်ချီရာလမ်းကြောင်းကို နိုင်က ပန်းပွင့်ပေါင်းများစွာ ခင်းပေးချင်ပါသတဲ့။

"နိုင့်သဘောလေ၊ အကြာကြီးတော့ မချိုးနဲ့၊ တော်ကြာ အအေးမိနေဦးမယ်"

နိုင် ရေချိုးမည်ဆိုမှ ပတ်ဝန်းကျင်ကို ကျွန်တော် သတိပြုမိသည်။ နောက်ဖေးတွင် အိမ်နားကပ်လျက် ဆေးကြောစရာ စဉ့်အိုးမှလွဲပြီး ရေချိုးခန်းက မရှိ။ တစ်ခြံနှင့်တစ်ခြံ ပူးကပ်စွာ ဆောက်ထားသော အိမ်များ၏နောက်ဘက်၌ အများသုံး ရေကန်လေး တွေ့ရသည်။ ထဘီရင်လျားနှင့် သဘက်ကို ပခုံးပေါ်





တင်ကာ ထွက်လာသော နိုင်၏ ဝင်းဝါအိညက်သည့် ရင်ညွန့်ကိုကြည့်ရင်း ကျွန်တော် နှမြောတွန့်တိုလာသည်။ တစ်ဦးတစ်ယောက် မြင်သွားမှဖြင့်

"မောင် လိုက်ခဲ့မယ်လေ"

"အို ကိစ္စမရှိပါဘူး မောင်ရဲ့၊ ရေချိုးကန်နားမှာ မောင် စောင့်နေတော့ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာပေါ့၊ နိုင် ချိုးရဲပါတယ်"

ရေချိုးကန်သို့ တစ်လှမ်းချင်း လျှောက်လှမ်းနေသော နိုင်၏အလှက လရောင်မပါဘဲ ကျွန်တော့် မျက်စိထဲတွင် လင်းလက်နေသည်။ ဘယ်လိုပြောရမလဲ၊ နွေခေါင်ခေါင် အာခေါင်ခြောက်၍ ရေငတ်နေတုံး အရည်ရွှန်းမည့်သည့် ဖရဲသီး တစ်စိတ်ကို တဂွမ်းဂွမ်း ဝါးလိုက်သလိုမျိုး ချိုမြိန်ပါသည်။

ဟိုးအဝေးဆီက လမ်းမီးတိုင်အလင်းနှင့် ကန်ရေကို နိုင် ခပ်ချိုးနေပုံလေးက ကျွန်တော်တို့နှစ်ဦး၏ ပတ်သက်မှုအတိုင်းအတာကို ဘိသိတ်သွန်းပေးနေသလို ရှိ၏၊ နိုင် ရေချိုးပြီး ပြန်လာတော့ နိုင့် လက်ကလေးကို လွှတ်ထွက်သွားမည့်အလား တင်းတင်းဆုပ်ကာ ဆွဲခေါ်ခဲ့သည်။

မှန်တင်ခုံမရှိသော အိပ်ခန်းအတွင်း နိုင့်ဆံပင်တွေ လှကြောင်း၊ နိုင့်နဖူးလေး လှကြောင်း၊ နိုင့်မျက်ဝန်းလေး လှကြောင်း၊ နိုင့်နှာတံချွန်ချွန်လေး နိုင့်နှုတ်ခမ်း၊ နိုင့်မေးစေ့၊ နိုင့်လည်ပင်း၊ နိုင့်ရင်ညွန့်၊ နိုင့်ရင်ညွန့်ရဲ့ဟိုဟာ အရောက် ကျွန်တော့်ပါးစပ်ကို နိုင်က လက်ချောင်းဖြူဖြူလေးတွေနှင့် ပိတ်ကာ တိုးတိုး သက်သာရယ်သည်။

ဒီဂျီဆပ်ပြာနံ့သင်းသော နိုင့် အရေပြား ဇရိယာတော်တော်များများကို သဘက်နှင့် ဖွဖွလေး ကျွန်တော် ရေသုတ်ပေးဖြစ်သည်။ ကျွန်တော် အချိန်ဆွဲမနေနိုင်တော့။ နိုင်၏ပင်ကိုယ် ပါရမီဒါနမျိုးစေ့လေးများ ဖြန့်ခင်းထားသော လွင်ပြင်ကို ကျွန်တော် ဖြတ်လျှောက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက် အောင်ဝင်းရေ အောင်ဝင်းရေဟု အော်ခေါ်သံကို ကြားရသည်။ သွားပြီ ခလေသမျှ သဲရေကျရပြန်သည်။ ခြေသံမှ တစ်ယောက်တည်း မဟုတ်။

"ဟာ စိန်လင်းနဲ့စိန်တိုးတို့ပါလား၊ အချိန်မတော်ကွာ"

အောင်ဝင်းက တံခါးဖွင့်သံနှင့်အတူ သူ့ဆော်ဒါတွေကို [illegible]

ကျွန်တော်နှင့်နိုင်လည်း အခြေအနေအရ ငုတ်တုပ်ထထိုင်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



''ဘာကိစ္စလဲကွ မင်းတို့ဟာက''

''ဟ တိုးတိုးပြောပါကွ၊ ငါတို့ ဒီမှာ လာနပ်တာ''

''ဟာကွာ ဒီမှာတော့ မဖြစ်ဘူး၊ ညှော်သည့်တွေ ရောက်နေတယ်''

''လုပ်ပါကွာ၊ ငါတို့မှာလည်း ဒီည ဘိပျောက်နေလို့''

ဖွတ်အတင်းအဓမ္မ တိုးဝင်လာသော သူငယ်ချင်းများအတွက် အောင်ဝင်းက အားတုံ့အားနာနှင့် ခွင့်ပြုလိုက်ရသည်။ ကျွန်တော် နိုင့်ကို အသာထားပြီး ထွက်ကြည့်တော့ ပုရိသဓာတ်ခံကို မလွတ်တန်း ဆုပ်ကိုင်ထားသည့် လူနှစ်ယောက်နှင့် အပေါ်စား ရေမွှေးနံ့ ကြိုင်နေသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

''ကဲကွာ အောင်ဝင်း၊ အချိန်မရှိတော့ဘူး၊ ငါတို့ အခန်းထဲ ဝင်မယ်နော်''

စိန်လင်းဆိုသူက ရမ္မက်ဖော ဖောနေသော နီကျင်ကျင်မျက်နှာနှင့် အမျိုးသမီးကို လက်ဆွဲကိုင်ပြီး ပြောသည်။

''ဟ အထဲမှာ ညှော်သည့်တွေရှိတယ်ကွ၊ မင်းတို့ညှော်ခန်းမှာပဲ အိပ်လိုက်''

အောင်ဝင်းက အားနာသလို ကျွန်တော်တို့ရှိရာ အိပ်ခန်းဘက်ကိုကြည့်ရင်း တားထားရှာသည်။ ကျွန်တော် နိုင့်ကိုဆွဲပြီး အောင်ဝင်းတို့ရှိရာ ညှော်ခန်းဘက် ထွက်လိုက်သည်။

''ရတယ် အောင်ဝင်း၊ ငါနဲ့နိုင် ပြန်မယ်''

ကျွန်တော်ဒါပဲပြောပြီး ချက်ချင်းဆိုသလို နိုင့်လက်ကို ဆွဲကာ ပြန်ခဲ့သည်။ နိုင်ကတော့ ဘာမှမသိ၊ ကျွန်တော် ပြောသလိုပင် အောင်ဝင်း၏ သူငယ်ချင်းများ မိန်းမခိုးလာသည်ဟုပင် ယုံကြည်နေပုံရ၏။

■ ■ ■

အပြန်လမ်းတစ်လျှောက် နိုင်က နွမ်းလျသလို ကျွန်တော့် ပခုံးထက်သို့ ခေါင်းကလေး မှေးတင်ကာ လိုက်လာသည်။ ညဉ့်နက်ပြီမို့ တွေ့သမျှကားတားသော်လည်း ကားက တော်ရုံနှင့် ငှားမရ၊ နိုင်နှင့်ကျွန်တော် အကြာကြီး ရပ်နေရအောင်လည်း မသင့်တော်။ ရှားပါးလှသော ဖြတ်သွားဖြတ်လာ မုန့်ဖက်ထုပ်သည် တစ်ဦးကို စုံစမ်းမေးမြန်းကြည့်သည်။

''ညီလေး ဒီနေရာနားမှာ မိုးလင်းအထိ ဖွင့်တာများ တစ်ခုခု မရှိဘူးလား''

''ရှိတယ်''

ရှိတယ်ဆို၍ ကျွန်တော်နှင့်နိုင် ပျော်သွား၏။

''အဲဒါ ဘာလဲဟင်''

''ရဲစခန်း''

''မြတ်စွာဘုရား''

ပြောပြီးပြီးချင်း ဆက်ထွက်သွားသော မုန့်ဖက်ထုပ်သည်ကို ကြည့်ပြီး ကျွန်တော် ကျိန်ဆဲလိုက်မိ၏။ နိုင်က မျှော်လင့်ချက်မဲ့သလို ပလက်ဖောင်းစပ်မှာ ရှိုရှိုလေးထိုင်သည်။ တော်သေးသည် အချိန်မတော် ကုန်စိမ်းကြိုသော ကားတင်စီးနှင့် ကားတစ်တန် ခြေလျင်တစ်လှည့်နှင့် နိုင်ကော ကျွန်တော် အိမ်ပြန်ရောက်၏။ အိမ်ပြန်ရောက်တော့ မိုးလင်းနေပြီ။ အဘိုး၏ အသံဝါဝါကိစ္စကြီးလည်း ပြီးပြီ၊ ထို့အတွက် ရင်ခုန်သံတွေ ခဝါချပြီး ကျွန်တော်နှင့်နိုင် ကိလေသာကို ကျောသင်ရင်သပ်လုပ်ရုံဖြင့် ဖြူစင်စွာ အိပ်စက်ခဲ့ကြသည်။

တုံးခနဲ အိပ်ပျော်ရုံရှိသေး အမေက ဟင်းချက်ဖို့ပြင်တော့ ကျုံးရှုန်း ထကြရပြန်သည်။ ညက နိုင့်မိဘတွေ အိမ်ကိုလာ သောင်းကျန်းသွားကြောင်း ကျွန်တော်နှင့် နိုင့်ကိစ္စကို လုံးဝ သဘောမတူကြောင်း၊ နိုင့်ကို သမီးအဖြစ်က အမွေပြတ်စွန့်လွှတ်ကြောင်းတွေ အမေပြောတော့ နိုင် ပြုံးနေသော်လည်း မျက်ရည်ဝဲနေ၏။

နိုင့်ကို နှစ်သိမ့်ရင်း နံနက်စာအတွက် အိမ်တွင်ဝယ်ထားသော မုန့်ဟင်းခါး စားဖြစ်သည်။ နိုင် အနေမကျုံ့စေရန် စားပြီးပြီးခြင်းပင် အိမ်ရှာထွက်ခဲ့ကြ၏ ကိုယ်နေချင်သည့် အနေအထားနှင့် ရှိနေသောငွေက မဖြစ်နိုင်သည့်မှလွဲပြီး ဘာ တစ်ခုမှ ထူးခြားမလာ။ ရေသန့်ဘူးတစ်ဘူးဖြင့် နေပူထဲတွင် လမ်းတကာ [illegible] ကြည့်နေရသောကြောင့် ကြာတော့ ဝမ်းက ဟာလာသည်။

အပြင်ဆိုင်တွင် စားဖို့ကလည်း ငွေကို ချွေတာနေရသည်။ [illegible] နေ့လယ်စာအတွက် အိမ်သို့တစ်ခါ ပြန်ခဲ့ကြသည်။ မိဘမေတ္တာ [illegible] ရေမြေလိုက်ပြီး အရောင်ပြောင်းတတ်သည်လားမသိ၊ အိမ်တွင် [illegible] ပွဲပိုးနိုင်သော သိန်းရွှေကြည်တို့မိသားစုက ခွင်ကျယ်ကျယ် [illegible] တော် နေရာတကာ ကပ်ဖွဲ၍ မပြောချင်။ စားသောက်[illegible]







www.burmeseclassic.com

www.burmeseclassic.com



ရည်ဟင်းနှင့် ဘဲဥကြော် ကျွန်တော်တို့စားရလျှင် သိန်းရွှေကြည်တို့အတွက်တော့ ငါးကြော်တစ်ပန်းကန် ကြောင်အိမ်ထဲမှာ အမေက ဖွက်ပေးထားသည်။ ဒါကို သိလျှက်နှင့် နိုင် ငြိမ်ခံတော့ ကျွန်တော် နိုင့်ကို သနားသည်။

ကြာလျှင်တော့ဖြစ်မည် မထင်။ လက်ရှိငွေနှင့် အိမ်ငှား၍မရမှန်း သိသည်။ နိုင်တစ်ယောက်တည်း အိမ်မှာထားခဲ့ရမှာ စိတ်မချသဖြင့် ကျွန်တော် အလုပ်ပြန်မဆင်းဖြစ်သေး။ စဉ်းစားရပြီ။ ဟုတ်တာ မဟုတ်တာ အပထား ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ခပ်ရဲရဲပင် ချလိုက်သည်။

ရင်းနှီးသည့် နိုင့်သူငယ်ချင်းမ တစ်ယောက်ဆီမှာ နိုင် အကူအညီတောင်းပြီး တစ်ပတ်တန်သည် နှစ်ပတ်တန်သည် သွားနေရန် နိုင့်ကို ပြောပြသည်။ ထိုရက်အတွင်း တိုက်ခန်းတစ်ခန်း (သို့) အခန်းငှားရန် ကျွန်တော် ရသမျှနည်းဖြင့် ငွေရှာဖို့ဖြစ်သည်။

ကျွန်တော် စိတ်ကျဉ်းကျပ်မည် စိုး၍သာ နိုင် ခေါင်းညိတ်ရှာသည်။ အထုပ်ကလေးပိုက်ပြီး နိုင့်သူငယ်ချင်းဆီရောက်တော့ နိုင် မျက်ရည်လေး တစ်ဝေ့ဝေ့နှင့် ပြန်ခါနီး ကျွန်တော့်ကို အိမ်ပေါက်ဝအထိလိုက်ကာ တတွတ်တွတ် မှာမဆုံးတော့။

"မောင် မြန်မြန်ရှာကွာ၊ နိုင် တစ်ယောက်တည်းနေရတာ အားငယ်တယ်၊ ပြီးတော့ နေ့တိုင်း နိုင့်ကို မောင် လာတွေ့နော်"

"နိုင်ကလည်းကွာ၊ သီတာ တစ်ယောက်လုံး ရှိနေတာပဲဥစ္စာ"

■ ■ ■

ရန်ကုန်လို လူဦးရေ ထူထပ်လှသော မြို့တော်တွင် တော်ရုံတန်ရုံငွေနှင့် အိမ်ငှားဖို့ရန် မလွယ်ကူ။ ခြေသလုံးအိမ်တိုင်ဘဝဖြင့် ကောင်းကင်နှင့်မြေကြီးကို လိုသလို ဖက်တွယ်ထားသော မောင်ကီးဆိုသူ သူရူးတစ်ယောက်ကတော့ မိုးသည်းထန်စွာ ရွာသွန်းသောနေ့တွင် အေးစက်တောင့်လျက် အသက်ပျောက်ခဲ့သည်ကို ကျွန်တော် တုန်လှုပ်စွာ မြင်တွေ့ခဲ့ရဖူးသည်။

ကျွန်တော် ဦးနှောက်ကို တစ်ကန့်စီခြားပြီး စဉ်းစားကြည့်သည်။ ဟုတ်ပြီ။ ကျွန်တော့်အလုပ်ရှင် ဝပ်ရှော့ပိုင်ရှင် ကိုအောင်မင်းက ကန်ထရိုက်တိုက်ခန်းနှစ်ခန်းတောင် အပိုရှိသူဖြစ်၏။ ကျွန်တော် အရဲစွန့်ပြီး ကိုအောင်မင်းဆီသွားကာ အကူအညီ တောင်းကြည့်သည်။ ကျွန်တော်နှင့် နိုင့်အတွက် အငှားခန်းခ





တစ်လချင်းဆီ ရှင်းပေးမည့်အကြောင်း ပြောတော့ ကိုအောင်မင်းက ခိုးခနဲ ရယ်ရင်း

"ဟင်း ဟင်း ငါ့အခန်းမှာ လာထားရင် ငါ့မိန်းမပဲပေါ့ ဟဲ ဟဲ"

ရုတ်တရက် ကျွန်တော့်ဒေါသကို မထိန်းနိုင်ဘဲ အုန်းခနဲအားနှင့် ဆွဲထိုးပစ်လိုက်သည်။ ကိုအောင်မင်းလည်း ရှောင်ချိန်မရလိုက်၊ ထိုင်နေသော ခုံနှင့်အတူ ပက်လက်လန်ကာ ကျ၏။ ပြီးမှ အသားတဆတ်ဆတ် တုန်နေမှုနှင့်အတူ အခန်းပြင်ပြန်ထွက်ရင်း အခန်းတံခါးကို 'ဒိုင်းခနဲ' နေအောင် သိမ်းကျုံးကန်ပစ်ခဲ့သည်။ အလုပ်ပြုတ်ကာမှ ပြုတ်ရော၊ နောက်သလိုပြောင်သလို ပြောခဲ့သော ကိုအောင်မင်းစကားက ကျွန်တော့်ရင်ကို စူးနင့်နာကျင်စေခဲ့သည်။

နိုင့်ကို ကတိပေးပြီး ရက်သတ္တပတ်ကြာသည်အထိ ကျွန်တော့်ဘက်က ဘာမှမသေချာခဲ့။ အလုပ်လည်း ပြုတ်ခဲ့ပြီမို့ ဝင်ငွေထပ်ဆောင်းကာ အိမ်ငှားဖို့လည်း မဖြစ်နိုင်တော့။ မသေချာခြင်းများစွာထဲမှ အသေချာ အရေရာဆုံးမှာ နိုင့်အား သူ၏မိဘများထံ ကျွန်တော် အထပ်ထပ်တောင်းပန်ပြီး ပြန်ပို့ရန်ကိစ္စဖြစ်၏။

လင်မယားအရာ မမြောက်သေးသော နိုင်၏ အပျိုစင်ဘဝလေးကို နိုင့်မိဘများ နားလည်အောင် ကျွန်တော် အသေအလဲ ရှင်းပြမည်ဟု ဆုံးဖြတ်သည်။ ထိုကိစ္စ နိုင်နားလည်အောင် ရှင်းပြနိုင်ရန် တစ်လမ်းလုံး စကားလုံးသုလုရွေးရသည်။

ကိုယ့်အတွေးနှင့်ကိုယ်တော့ ဟုတ်နေ၏။ နိုင်ဆီသွားရာ လမ်းအလျှောက် ခြေလှမ်းတိုင်း ပေါ့ပါးလွတ်လပ်နေသည်။ ပုစွန်ဆီရောင်တိမ်ညှာနေဝင်၏ အရောင်အသွေးက ကျွန်တော်၏ အနာဂတ်ကို လှပစွာ ကြိုဆိုနေသလို ရှိသည်။

အဝေးက လှမ်းမြင်လိုက်ကတည်းက နိုင်ရှိရာ ပျဉ်ထောင်အိမ်[illegible] မှာ မိုးငွေ့နှင့် ပြာရီညို့မှိုင်းနေသည်။ အိမ်နံဘေးဘက် ပြတင်းတံခါးတွင် [illegible] ရှိုက်သံသဲ့သဲ့နှင့် နိုင်က ကျွန်တော့်ကို လက်ယပ်ခေါ်သည်။ ကျွန်တော် [illegible] တုန်လိုက်တာ။

အလောတကြီး အိမ်ရှေ့ခန်းကို ကျွန်တော် [illegible] ကလည်း အိမ်ခန်းထဲမှ ငိုသံနှင့်အတူ ပြေးထွက်လာသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ဖက်ကို အရင်ဆုံး ဆွဲကိုင်လှုပ်ရမ်းပြီး မေးမိသည်။

"နိုင် နိုင် ဘာဖြစ်သလဲ"

နိုင် ဘာတစ်ခုမှ မပြောနိုင်သေးသလို ကျွန်တော့် ရင်ဘတ်က အတို့ကို ဆုပ်ချေလျက် ဝမ်းပန်းတနည်း ကလေးတစ်ယောက်လို အသံထွက်ငိုနေသော နိုင့်ကိုကြည့်ရင်း ကျွန်တော် တုန်လှုပ်လာသည်။ ခုလိုမျိုး တအီးအီး အသံထွက်ကာ နိုင် ငိုတာ ကျွန်တော် တစ်ခါမှ မတွေ့ဘူးပါ။

"နိုင် ဘာဖြစ်သလဲ ပြောကွာ၊ မောင်အရမ်း ရင်တွေတုန်တယ်"

ကျွန်တော် နိုင့်ကို တင်းတင်းကျပ်ကျပ် ရင်ခွင်ထဲ ထွေးပွေ့မေးမှ နိုင် *အထစ်ထစ် အငေါ့ငေါ့နှင့် ဖြေသည်။*

"သီတာ အပြင်သွားတုံး သီတာရဲ့အစ်ကို မြင့်မောင်ဆိုတဲ့ လူကြီးလေ၊ နိုင့်ကို စော်ကားလိုက်တာ"

"ဘာ အခု အဲဒီကောင် ဘယ်မှာလဲ"

ကျွန်တော် ဒေါသနှင့် ဝုန်းခနဲ ပေါက်ကွဲကာ အိပ်ခန်းတွင်း ဝင်ရှာရန် ဟန်ပြင်တော့ နိုင်က ကျွန်တော့်လက်ကို ဆွဲသည်။

"သူ မရှိတော့ဘူး။ အပြင်ထွက်သွားတယ်၊ မောင် နိုင့်ကိုသနားရင် စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ မောင်ရယ်၊ နိုင် တောင်းပန်ပါတယ်"

ဒူးထောက်ကာ ကျွန်တော့်ပေါင်တစ်ဖက်ကို ပါးနှင့်အပ်လျက် တောင်းပန် ငိုရှိုက်နေသော နိုင့်ကို ကျွန်တော် သူ့ပခုံးမှ ညင်ညင်သာသာ ဆွဲထူ ဖေးမရသည်။

"နိုင် ဒီနေရာကနေ အခုချက်ချင်း ပြန်ချင်ပြီ၊ နော် မောင်နော်"

နိုင့်အရှက် နိုင့်သိက္ခာအတွက် ကျွန်တော် ဒေါသကို မြိုချလိုက်တော့ မျက်ရည်တစ်ပေါက်ပေါက် ယိုစီးကျလာသည်။ လူတစ်ဦးတစ်ယောက်၏ အရှက်သိက္ခာနှင့် ဘဝကို လုံခြုံအောင် ထိန်းသိမ်းနိုင်ရန် အိမ်ကလေးတစ်လုံးတော့ လိုသည်ဟူသော ကျွန်တော့်စိတ်ကူးနှင့် မျှော်လင့်ချက်တို့က မျက်ရည်စီးကြောင်းများထဲတွင် မှုန်ဝါးသွားခဲ့သည်။

လူတစ်ဦးတစ်ယောက်၏ ဘဝကိုပျက်အောင်၊ အရှက်သိက္ခာ ပြန်ဆယ်၍မရအောင် ဝါးမြိုခဲ့တာလည်း အကာအကွယ်ရှိသော ထိုအိပ်ခန်းတစ်ခန်းမှာပဲ ဖြစ်သည်။



PUBLISHED BY VIEW



ကျွန်တော့်အတွက် လတ်တလော အိမ်လိုသလား မလိုသလား ဝေခွဲ၍ မရသော်လည်း နိုင့်ဘဝ နိုင့်ဂုဏ်သိက္ခာအတွက် ကျွန်တော့်ဘဝနှင့်ထပ်ကာ လုံခြုံစွာ ကာရံပေးဖို့မှတစ်ပါး အခြားမရှိနိုင်တော့။

ဗျူး



PUBLISHED BY VIEW

www.burmeseclassic.com